www.burmeseclassic.com

ဒေါက်တာမြင့်ဦး (ကျိုပီ)

ကိန္နရီ ကိန္နရာစာစဉ် (၁)

# အမေရိကားရောက် ဒေါက်တာကျိုပီ

စီစဉ်သူ-မြို့တော်ထွန်းရည်



BURMESE CLASSIC .com

အမျိုးချစ်သောစိတ်ဓာတ်ကိုအရင်းခံသည့်
မြန်မာပညာသင်တစ်ဦး၏ အမေရိကန်ပြည်ထောင်စုတွင်
ခံစားသိရှိလာသောသဘောထားအမြင်များကို
ခရီးသွားဆောင်းပါးအသွင်ဖြင့် တင်ဆက်ထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# အမေရိကားရောက်

# ဒေါက်တာဂျီပီ



ဒေါက်တာမြင့်ဦး (ဂျီပီ)

**Visiting Lecturer**

**University of North Carolina,**

**Chapel Hill, NC. USA.**

အမျိုးချစ်သောစိတ်ဓာတ်ကိုအရင်းခံသည့်

မြန်မာပညာသင်တစ်ဦး၏

အမေရိကန်ပြည်ထောင်စုတွင်

ခံစားသိရှိလာသောသဘောထားအမြင်များကို

ခရီးသွားဆောင်းပါးအသွင်ဖြင့်

တင်ဆက်ထားပါသည်။

စရဏမဂ္ဂဇင်းနှင့် လင်းရောင်ခြည်မဂ္ဂဇင်းတို့တွင်ဖော်ပြပါရှိပြီးသော အခန်းဆက်ခရီးသွားဆောင်းပါးများကို ပေါင်းစုတင်ပြထားခြင်းဖြစ်ပါသည်။ သွက်လက်ပြီး တမူထူးခြားသော ရေးဟန်ကိုရှုစားမြင်တွေ့ကြရမည်။

www.burmeseclassic.com

www.burmeseclassic.com



- အမေရိကားရဲ့ဆေးရုံ၊ဆေးခန်း၊ဆရာဝန်တွေအကြောင်း
- အမေရိကားမှာယာဉ်မောင်းလိုင်စင်ဘယ်လိုဖြေဆိုရသလဲ
- နေဖို့အပါ့မင့်အခန်းကိုဘယ်လိုငှားပြီးရှာဖွေမလဲ
- ဘယ်လိုအလုပ်တွေကိုမြန်မာတွေလုပ်နေရသလဲ။
- သန့်စင်ခန်းဝင်ပြီးရင်လက်ကိုတော့ရေဆေးပါရဲ့ ဟိုနေရာကျတော့တစ်သျှူးကလေးတွေနဲ့တဲ့ ကြာရင်ဗရင်ဂျီနာပေါက်မှာစိုးရတယ်တဲ့။ အမှိုက်ဘယ်လိုပစ်ရသလဲ အသုဘဘယ်လိုချရသလဲကအစ
- ကျွန်းပင်တွေ မပေါက်လို့ပရိဘောဂတွေကို ထင်းရှူးသားနဲ့ပဲလုပ်ကြရရှာတယ် (သနားတယ်)
- အကောင်းလွန်လွန်းတော့ မကောင်းတာတွေဖြစ်လာတတ်တယ်တဲ့

**မြန်မာပြည်တော်ပြန်တစ်ယောက်ရဲ့**

**အတွေ့အကြုံတွေကို ဖွင့်ချထားတယ်**

**အမေရိကားကို သွားနေဖို့စိတ်ကူးယဉ်နေသူများ . . .**

**ပညာတော်သင်ခရီးသွားဖို့ပြင်ဆင်နေသူများ**

**ကိုယ့်စရိတ်နဲ့ကိုယ်ကျောင်းသွားတက်ဖို့ကြိုးစားနေသူများ**

**ညီလာခံဝပ်ရှော့အဖိတ်ခံလိုက်ရလို့ခေတ္တခဏသွားရောက်ဖို့စီစဉ်နေသူများ**

# မလွတ်တမ်းဖတ်ရှုရမယ့်စာအုပ်

## ကိုယ်နဲ့တစ်ပါတည်း အမေရိကားကိုယူဆောင်သွားရမယ့်စာအုပ်။

**လူနေမှုစနစ်တစ်ရပ်ကို အရွှန်း၊ အသော့၊ ဟာသလေးတွေနဲ့ကလိထားတဲ့**
**ခရီးသွားဆောင်းပါးပေါင်းစု စာအုပ်တစ်အုပ်ဖြစ်ပါတယ်။**



www.burmeseclassic.com

www.burmeseclassic.com





အမေရိကန် ကွန်ဂရက်လွှတ်တော် ကက်ပီတိုအဆောက်အဦးရှေ့မှ ဒေါက်တာ ဂျီပီ

BURMESE CLASSIC .com



သမ္မတအိမ်ဖြူတော်ရှေ့မှ ဒေါက်တာဂျီပီနှင့် မြန်မာအချို့



www.burmeseclassic.com

www.burmeseclassic.com



# ကျေးဇူးတင်လွှာ

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှကူညီပံ့ပိုးပေးရှာသော ချစ်ဇနီးသည် ပြုံးကို အထူးပဲကျေးဇူးတင်ရှိပါတယ်။ ထပ်လောင်းကျေးဇူးတင်ရှိရတဲ့သူတွေကတော့ စာရေးဆရာ၊ သတင်းစာဆရာ မြို့တော်ထွန်းရည်၊ စရဏမဂ္ဂဇင်းရဲ့ အယ်ဒီတာချုပ်ဒေါက်တာခင်မောင်ချစ်၊ လင်းရောင်ခြည်မဂ္ဂဇင်းရဲ့ စာပေတာဝန်ခံ အမေရိကန်စင်တာမှ ကိုထင်အောင်ကျော်၊ အားပေးတုန့်ပြန်စာများပေးပို့ကြပါကုန်သော စရဏ စာဖတ်ပရိသတ်များ၊ လင်းရောင်ခြည် စာဖတ်ပရိသတ်များအားလုံးကိုအထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်ခင်ဗျား။



www.burmeseclassic.com

www.burmeseclassic.com

အမေရိကားရောက် ဒေါက်တာဂျီပီ





www.burmeseclassic.com

www.burmeseclassic.com


# မာတိကာ

စာမျက်နှာ

၁။ ဖလော်ရီဒါပြည်နယ်၊ အော်လင်းဒိုးမြို့၊ ကမ္ဘာ့မိသားစုဆရာဝန်ညီလာခံ၊ ၁၇
ဒစ်စနေလင်းနှင့် ယူနီဗာဆယ်စတူဒီယိုကြီး။

၂။ ဟမ်းဖရေးပညာသင်ဆုနှင့် ယူကျိုးမြို့ကအော်ရီဂွန်တက္ကသိုလ်။ ၂၇

၃။ ဆန်ဖရန်စစ္စကိုမြို့မှမြန်မာဆရာဝန်များ၊ မြောက်ကယ်ရိုလိုင်းနားတက္ကသိုလ်မိတ်ဆက်။ ၃၅

၄။ ယူအန်စီတက္ကသိုလ်ကျောင်းသားဘဝ၊ ဝါရှင်တန်မိတ်ဆက်။ ၄၅

၅။ ဟာရီကိန်းမုန်တိုင်း၊ အမေရိကားရဲ့လမ်းမပေါ်မှာ၊ ယာဉ်မောင်းလိုင်စင်၊ ကားပါကင်။ ၅၅

၆။ နာရီရွှေ့ခြင်း၊ ဓါတ်ဆီဆိုင်၊ နိုင်းချင်ရာနိုင်းလို့ရတဲ့အမေရိကန်ပုလိပ်၊ ၆၅
တက္ကစီမောင်းသမားဘိုလူလိမ်၊ ဂျိုပီနဲ့ယာဉ်တိုက်မှု၊ ရှီကာဂိုကတန်ဆောင်တိုင်ပွဲ၊
ဘောဘီရှားဝါးပါတီ။

၇။ ဂျော်ဂျီယာပြည်နယ်၊ အတ္တလန်တာမြို့၊ သမ္မတဂျင်မီကာတာနဲ့ဒေါက်တာဂျိုပီတို့ ၇၅
တွေ့ဆုံခြင်း၊ စီဒီစီ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနကြီး၊
စီအန်အန်မှာရုပ်မြင်သံကြားလွှင့်နေတဲ့ဒေါက်တာဂျိုပီ၊
ဆိုင်ကလိုရားမားလှည့်ပတ်ပန်းချီကား။

၈။ စတုန်းမောင်းတိန်း၊ မာတင်လူသာကင်း၊မဟတ္တမဂန္ဒီတို့နှင့်တွေ့ဆုံခြင်း။ ၈၅
ကိုကာကိုလာစက်ရုံ၊ ကျေးလက်ဆေးခန်းသို့တစ်ခေါက်။
ဂျာမေဆန်အင်းကမုန့်ကြာခွက်၊ အမေရိကားမှာနံမယ်ကြီးနေတဲ့
ရန်ကုန်ဂဏန်းဖက်ထုပ်ကျော်၊ စီးလာညှော်ရိပ်သာ။


www.burmeseclassic.com

www.burmeseclassic.com



၉။ ဝေါလ်မတ်စတိုးဆိုင်ကြီး။ ရတနာတွေနဲ့ဒေါက်တာကျိုပီ၊ ဘာပဲဝယ်ဝယ်တစ်ဒေါ်လာ၊ ၉၇
စပ်ဆေး မရောင်းရတဲ့ဆေးဆိုင်၊ ပေါချောင်ကောင်းဈေး။ အိမ်ဆိုင်ဆိုတာ၊
ကိုးဒင်းလင်း မြန်မာ့လက်ရာအရောင်းဆိုင်။
၁၀။ မဂ္ဂင်ရှစ်ပါးတရားတော်၊ အမေရိကန်ဒီမိုကရက်တစ်ပါတီအတွက် ၁၀၉
ဒုတိယသမ္မတလောင်းအဖြစ် အရွေးခံလိုက်ရတဲ့ ဒေါက်တာကျိုပီ၊
အရပ်လက်သည် ဒေါ်ခွေးမ၊ ရပ်သာဖို့ဆေးရုံကြီးပေါ်မှာ။
၁၁။ အရေးပေါ်ခန်းထဲကလူနာ၊ ကိုယ်ပိုင်ဆေးခန်းထဲကဒေါက်တာကျိုပီ၊ ဆရာဝန်ပင့်လို့၊ ၁၂၁
တိုက်ပွဲဆရာဝန်ကြီးဒေါက်တာကျိုပီ၊ ဗီဒီယိုကွန်ဖရင့်။
၁၂။ ဟာလိုဝီးပွဲတော်နဲ့ပျော်ပျော်။ နယူးရောက်ကဟက်ပီးနယူးရီးယား။ ၁၃၅
၁၃။ ကျေးဇူးတော်နေ့။ အမေနေ့။ အဖေနေ့။ ဗယ်လန်တိုင်းဒေး။ ယောက္ခမနေ့။ ၁၄၅
ယောက္ခထီးနေ့။ ရှမ်းဘုန်းကြီးရဲ့မေတ္တာစာ။
၁၄။ အမှိုက်ပစ်မယ်၊ အမှိုက်ပုံမယ်။ အဟောင်းပလောင်းတွေပစ်မယ်။ ရှုရှုးပေါက်နည်း။ ၁၅၅
အီအီးပါနည်း။ ကားသချိုင်းဆိုတာ။
၁၅။ အမေရိကားကအသုဘ။ သမ္မတရေဂင်ရဲ့နိုင်ငံတော်ဈာပနကို ၁၆၅
ကိုယ်တိုင်တက်ရောက်နေတဲ့ ဒေါက်တာကျိုပီ။
၁၆။ စွမ်းရည်ပြည့်ဆည်းတစ်နှစ်တာခရီး– (လင်းရောင်ခြည်မဂ္ဂဇင်းမှ)။ ၁၇၇



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာမြင့်ဦး (ဂျီပီ)

# ကိုယ်တိုင်ရေးတဲ့အမှာစာ

ပိပိပြင်ပြင် စာရေးလေ့မရှိတဲ့ကျွန်တော်ဟာ ဆရာတက္ကသိုလ်ဘုန်းနိုင်တို့၊ ဆရာမြတ်ထန်တို့၊ ဆရာသော်တာဆွေတို့ရဲ့ စာပေတွေကိုတော့စွဲလန်းခဲ့ဖူးတာအမှန်ပါ။ ကိုယ့်ချစ်သူနဲ့ ရည်းစားစာတွေ အပြန်အလှန်ရေးခဲ့ကြတဲ့အချိန်တုံးကဆိုရင်..။ ကိုယ်စွဲလန်းခဲ့တဲ့စာရေးဆရာတွေရဲ့ ရေးဟန်လေးတွေကိုယူယူပြီး ရည်းစားစာထဲမှထည့်ထည့်ရေးတတ်လေ့တော့ အရင်ဆုံးစတင်ချီးကြူး(ခိုက်)သွားရတဲ့သူကတော့ ကိုယ့်ရဲ့ချစ်သူရည်းစားပါပေပဲ။ ချစ်သူကသူ့နာမည်နဲ့လိုက်အောင်ကို လက်ခံရယူလိုက်တဲ့ မေတ္တာစာတွေကိုဖတ်ပြီးရင်အမြဲပြုံးပြုံးသွားရပါသတဲ့။ ပညာရေးတက္ကသိုလ်မှာ မြန်မာစာပေကိုလေ့လာလိုက်စားနေတဲ့ ကျောင်းသူတစ်ယောက်ကိုရည်းစားထားပြီး. သူ့ထက်သာအောင်နဲ့ပြရေးပြနိုင်ပြီဆိုမှတော့ခိုက်ပြီပေါ့ဗျာ။ ခိုက်ပြီးပြီဆိုလို့ ညားပြီလည်းဆိုပါလေရော။ အနမ်းအချော၊ အရွှန်းအသော၊ အလွမ်းအနော့..လေးတွေဟာစာရွက်တွေပေါ်ကနေကွယ်ပျောက်ကုန်ရပြီ။ လက်တွေ့ဘဝထဲကို ရောက်ရှိလို့သွားရပါသတဲ့ဗျာ။ အဲတစ်ခုတော့ရှိတယ်။ ကိန္နရီချောင်းခြား ခရီးဝေးသွားတဲ့အခါမျိုးတွေကျပြီဆိုရင်တော့၊ ဒီစာပေတွေဟာပြန်လည်အသက်ဝင်ရှင်သန်လာရမြဲပါပဲ..တဲ့။

ပထမဆုံးနိုင်ငံခြားခရီးဖြစ်တဲ့ စင်္ကာပူကိုသွားရခါနီးမှာ..။ စင်္ကာပူအကြောင်းရေးသားထားတဲ့ စာအုပ်စာပေတွေ၊ ခရီးသွားဆောင်းပါးတွေကိုလိုက်လံဝယ်ယူဖတ်ရှုခဲ့ရဖူးပါတယ်။ နောက်ပိုင်း ဘန်ကောက်၊ ဟောင်ကောင်၊ မလေးရှား၊ အိန္ဒိယ၊ ခရီးစဉ်တွေကို ခြေဆန့်လာနိုင်ခဲ့ပေမယ့်လည်း ခရီးသွားဆောင်းပါးတွေရေးဖြစ်လာ လိမ့်မယ်လို့စိတ်ကူးထဲတောင်မထည့်နိုင်ခဲ့သေးပါဘူး။ အမေရိကားက ပညာတော်သင်ခရီးပြန်ရောက်လာတဲ့အခါမှာတော့ မြန်မာနိုင်ငံဆရာဝန်အသင်းကြီးရဲ့ ကိုယ်ပိုင်လစဉ်ထုတ် စရဏမဂ္ဂဇင်းကြီးကထွက်ရှိလို့နေပါပြီ။ အယ်ဒီတာချုပ် ဒေါက်တာခင်မောင်ချစ်က အမေရိကားရဲ့အတွေ့အကြုံတွေကို စရဏမဂ္ဂဇင်းကြီးမှာခရီးသွားဆောင်းပါးအနေနဲ့ စာမျက်နှာပေါ်တင်ပေးဖို့တောင်းဆိုလာပါတော့တယ်။ ခရီးသွားဆောင်းပါးတွေကိုကိုယ်တိုင်ဖတ်ခဲ့ဖူးတာက၊ လေဆိပ်တွေအကြောင်း။ ပြတိုက်ကြီးတွေအကြောင်း။ လမ်းခရီးတွေအကြောင်းလောက်ကိုသာတွေ့ရှိဖတ်ရှုခဲ့ရဖူးတာကလား။ ကိုယ့်အလှည့်ကျတော့ လူမျိုးတစ်မျိုးရဲ့ လူမှုဓလေ့စရိုက်ကို ဖော်ထုတ်တဲ့ဟန်လေးနဲ့ရေးဖို့ စိတ်ကူးပေါ်လာခဲ့မိပါတယ်။ နေ့စဉ်မှတ်တမ်း ဒိုင်ယာရီများရေးလေ့ရေးထရှိတဲ့ ကျွန်တော့်အဖို့၊ အချက်အလက်ရှာဖွေစုဆောင်းရတာက မခက်ခဲလှပါဘူး။ ကိုယ်တိုင်ခရီးသွားဆောင်းပါးရေးဖို့အခွင့်ပေါ်လာတဲ့အခါမှာတော့ (ကိုယ့်ရဲ့ရည်းစားစာရေးနေကျ) စရိုက်အတိုင်း ရွှတ်တာနောက်တာလေးတွေ ရွှန်းတာဖောက်တာလေးတွေကိုထည့်ထည့်ပြီး စရိုက်မတူတဲ့လူမျိုးတစ်မျိုးကို ကိုယ့်လူမျိုးစရိုက်နဲ့ယှဉ်ယှဉ်ပြီးရေးဖြစ်လာရတာဖြစ်ပါတယ်။ ဆောင်းပါး(ပုံပြင်) ရေးနေစဉ်စာဖတ်ပရိသတ်များရဲ့အားပေးခြင်းကို တခဲနက်ရရှိလိုက်ရတဲ့အတွက်၊ မဆုံးသေးတဲ့ပုံပြင်တွေကိုပဲ စာအုပ်ထုတ်ဝေပေးဖို့ တောင်းဆိုမှုတွေလည်းရှိလာပါတယ်။ အဆုံးသတ်ရေးသားဦးမယ်လို့စိတ်ကူးမိပါသော်လည်း၊



www.burmeseclassic.com

www.burmeseclassic.com

## အမေရိကားရောက် ဒေါက်တာဂျိုပီ

အပတ်စဉ်ထုတ်ဂျာနယ်တွေကတောင်းဆိုလာတဲ့ အင်တာဗျူးတွေ၊ ဆေးပညာဆောင်းပါးတွေကို ရေးသားပေးနေရတဲ့အတွက်ကြောင့် ခရီးသွားဆောင်းပါးကိုခေတ္တဘေးဖယ်ထားမိသလိုဖြစ်ခဲ့ရပါတယ်။ အခုတော့စရဏရဲ့တတင်ပြီးခဲ့တဲ့ခရီးသွားဆောင်းပါးတွေကိုပြန်လည်စုစည်းပြီး၊ လင်းရောင်ခြည်မဂ္ဂဇင်း 2004-III/ No.166 မှာဖော်ပြထားပြီးဖြစ်တဲ့ "စွမ်းရည်ဖြည့်ဆည်း တစ်နှစ်တာခရီး" ဆောင်းပါးနဲ့ နိဂုံးချုပ်ပေးနိုင်ဖို့စိတ်ကူးရရှိမိလာတဲ့အတွက် အမေရိကားခရီးသွားဆောင်းပါးပေါင်းချုပ်ကို စာအုပ်အသွင်နဲ့တင်ဆက်ပေးနိုင်ခဲ့ပါပြီ။ ခရီးသွားဆောင်းပါးတွေကိုဖတ်ရှုရင်း ဒေါက်တာဂျိုပီနှင့် အတူ အမေရိကန်တခွင်ခရီးစဉ်ကို အဖော်အဖြစ်လိုက်ပါပေးနိုင်လိမ့်မယ်လို့ယုံကြည်မိပါသဖြင့် ချစ်စွာသော စာဖတ် ပရိသတ်များအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဦးစွာနိဒါန်းစကားဆိုလိုက်ပါရစေခင်ဗျား။

**စာဖတ်ပရိသတ်များကို အစဉ်လေးစားလျက် ‐**

ဒေါက်တာမြင့်ဦး (ဂျိုပီ)

ဝင်းဆေးကုခန်း

အမှတ် ၄၄၊ ဆဒ္ဒန်လမ်း၊ အလုံ၊ ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာမြင့်ဦး (ဂိုပီ)

# ကိုယ်ရေးအကျဉ်း

၁၉၅၄ ခုနှစ် ဓနုဖြူမြို့တွင် အဘ ဦးထွန်းခင်–အမိ ဒေါ်သန်းညွန့်တို့မှဖွားသန့်စင်သည်။ ရန်ကုန်မြို့ မြို့မအမျိုးသားအထက်တန်းကျောင်းတွင်စတင်ပညာသင်ယူသည်။

၁၉၇၁ ခုနှစ်တွင် အခြေခံပညာအထက်တန်းစာမေးပွဲကို နှစ်ဘာသာဂုဏ်ထူး (သင်္ချာ–၁၀၀၊ ရူပဗေဒ–၁၀၀) ဖြင့်အောင်မြင်သည်။

၁၉၇၉ ခုနှစ်တွင် ဆေးတက္ကသိုလ် (၁) မှ ဆေးပညာဘွဲ့ရရှိသည်။

၁၉၈၀ မှ ယနေ့ထိတိုင်အောင် ကိုယ်ပိုင်ဆေးကုခန်း တောက်လျှောက်ဖွင့်လျက်ရှိသည်။

၂၀၀၃ ခုနှစ်တွင်အမေရိကန်နိုင်ငံမှချီးမြှင့်သော ဟူးဘတ်ဟမ်းဖရေး (Hubert Humphrey Fellowship) ပညာသင်ဆုကိုရရှိခဲ့သည်။

- ဂျာနယ်များတွင်ကျန်းမာရေးဆိုင်ရာအင်တာဗျူးများ၊ ဆောင်းပါးများရေးသားလျက်ရှိနေပါသည်။
- မြန်မာ–အမေရိကန်နှစ်နိုင်ငံ ပညာရေး၊ယဉ်ကျေးမှု၊လူမှုရေး၊ကျန်းမာရေးဆိုင်ရာများအပြန်အလှန်ဖလှယ်ရေးအတွက် (Myanmar-United States Friendship Exchange: MUSFEX) အစီအစဉ်များကို စေတနာ့ဝန်ထမ်း ဆောင်ရွက်လျက်ရှိနေပါသည်။
- မြောက်ကယ်ရိုလိုင်းနားပြည်နယ်ရှိ Medicine & Beyond အဖွဲ့ကြီး၏ အတွင်းရေးမှူးတာဝန်ကို လက်ရှိဆောင်ရွက်လျက်နေဆဲဖြစ်ပါသည်။
- University of Oregon နှင့် University of North Carolina at Chapel Hill တို့တွင်ခေါင်းဆောင် မှုသင်တန်းများနှင့် (Public Health Policy and Administration) ဘာသာရပ်များကိုတစ်နှစ်ကြာ ဆည်းပူးလေ့လာခဲ့သည်။
- University of North Carolina တွင် Visiting Lecturer အဖြစ်လည်းကောင်း၊ Rutherford Hospital တွင် Visiting Physician အဖြစ်လည်းကောင်း အသိအမှတ်ပြုခံထားရဆဲဖြစ်လျက် အခါအားလျော်စွာသွားရောက်၍ သင်တန်းပို့ချမှုများ၊ ဟောပြောဆွေးနွေးမှုများကိုပြုလုပ်နေဆဲဖြစ်သည်။
- အမေရိကန်ပြည်သူ့ကျန်းမာရေးအဖွဲ့ကြီး (APHA) နှင့် အမေရိကန်မိသားစုဆရာဝန်များအကယ်ဒမီ (AAFP) တို့၏အဖွဲ့ဝင်ဖြစ်သည်။
- ၂၀၀၆ ခုနှစ်တွင် Institute of International Education (Washington) မှချီးမြှင့်သော (Alumni Impact Award) ဆုကိုမြန်မာနိုင်ငံသားထဲမှပထမဆုံးရရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



- အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန (State Alumni Organization) မှ (Alumnus of the Month: Dec-2005) ဆုကိုရရှိခဲ့သည်။

ဇနီးသည် ဒေါ်ပြုံးပြုံးကြည် (B.E.d) နှင့် သမီးကြီး ပွင့်ဦးမွန် (B.E–Electronics; MPA-1)၊ သမီးငယ် ဒေါက်တာအိမွန်ဦး (MBBS) တို့နှင့်အတူ ရန်ကုန်မြို့ ကြည့်မြင်တိုင်တွင် နေထိုင်လျက်ရှိပါသည်။

ဒေါက်တာကျိုဒ်အကြောင်း တစ်စေ့တစ်စောင်းဖော်ပြချက်အချို့ကို ယူအင်စီတက္ကသိုလ်ကြီး၏ အင်တာနက်စာမျက်နှာ http://hhh.unc.edu/archives နှင့် www.musfex.org မှာလည်းဖတ်ရှုကြည့်နိုင်ပါကြောင်း။



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာမြင့်ဦး (ဂျီပီ)



# စီစဉ်သူပြောတဲ့စကား

ဂျီပီကြီးရဲ့စာအုပ်နဲ့ပတ်သက်ပြီး ဂျီပီကြီးက "မြို့တော်ကြီး တစ်ခုခုပြောဗျာ" လို့ ဆိုလာပါတယ်။ ဒီတော့ တတ်သိပညာမနေသာဆိုသလို ပြောပြပါ့မယ်။ ဂျီပီကြီးနဲ့ကျွန်တော် သိခဲ့ကြတာကြာပါပြီ။ ဂျီပီကြီး အမေရိကားမသွားခင် ဆရာဝန်ငယ်ဘဝကတည်းက သိခဲ့ကြတာပါ။ သူ့ဆေးခန်းက အလုံနဲ့ကြည့်မြင်တိုင်နယ်နိမိတ် ကွင်းချောင်းလို့ခေါ်တဲ့ မြောင်းကြီးခြားနေတဲ့နေရာလေးမှာ ဆေးခန်းဖွင့်လာကတည်းက သိလာကြတာပါ။ သူစာရေးတာကိုတော့ ကျွန်တော်မသိပါ။ သူက ပြောလည်း မပြောပါ။ တစ်နေ့တော့ ဆေးခန်းမှာ လူနာတွေများနေတဲ့အချိန် စောင့်ဆိုင်းရင်း စားပွဲပေါ်က စရဏက ဆေးပညာမဂ္ဂဇင်းကို ကောက်ဖတ်လိုက်မိပါတယ်။ ဒီတော့မှ သူ့လက်ရာကိုမြည်းကြည့်ခွင့်ရပါတယ်။ ဟင်းမွှေတဲ့ယောက်မက ဟင်းရဲ့အရသာကို မသိနိုင်သလို ဂျီပီကြီးက သူရေးတဲ့စာ ကောင်းမကောင်းကို သူကိုယ်တိုင်မသိပါဘူး။ ကျွန်တော့်လို မြည်းကြည့်တဲ့လူ အရသာခံတတ်တဲ့လူမှ ဒီစာရဲ့အရသာကို သိတာပါ။ သူ့ကို ဒီဆောင်းပါးတွေစုပြီး စာဖတ်ပရိသတ်လက်ထဲ ထည့်ဖို့ ပြောခဲ့ပါတယ်။ ဒါပေမယ့် သူလက်မခံခဲ့ပါဘူး။ သူ့စာတွေက တန်းမဝင်ဘူးလို့ ပြောပါတယ်။ နောက်ပိုင်း ကျန်းမာရေးဂျာနယ် တစ်စောင်ဖြစ်တဲ့ အာယုဒီဃမှာ သူနဲ့ကျွန်တော် အမေးအဖြေ အင်တာဗျူးဆောင်းပါးတွေ အပတ်စဉ် ရေးခဲ့ပါတယ်။ ကျွန်တော်နဲ့ အင်တာဗျူးတဲ့ ဆရာဝန်ကြီးတွေထဲမှာလည်း သူနဲ့အလွန်ရင်းနှီးတဲ့ ဒေါက်တာ ဦးကျော်ဇေယျ (အသည်းအထူးကုဆရာဝန်ကြီး)က သူ့ဆောင်းပါးပေါင်းချုပ်စာအုပ်ကို စလုပ်ပါတယ်။ ဂျီပီရဲ့ဆောင်းပါးတွေကိုလည်း ထုတ်ဖို့ပြောပါတယ်။ ဒါပေမယ့် သူစိတ်ဝင်စားမှုမရှိခဲ့ပါဘူး။ ဒေါက်တာကျော်ဇေယျသာ စာအုပ်နှစ်အုပ် ထုတ်ဖြစ်သွားပါတယ်။ နောက်ဆုံးတော့ ကျွန်တော်က ဂျီပီကြီးရဲ့အညာကို ကိုင်လိုက်ပါတယ်။ အဓိကဖြစ်တဲ့ ဂျီပီကြီးရဲ့ ပါရမီဖြည့်ဘက် ဇနီးသည် ဆရာမဒေါ်ပြုံးကို တိုက်တွန်းတဲ့အခါမှသာ ဒီစာအုပ်လေး ဖြစ်ပေါ်လာတာပါ။ဒါကြောင့် ဒီစာအုပ်နဲ့ပတ်သက်လို့ အကောင်းပြောချင်ရင် ကျေးဇူးတင်ချင်ရင်တော့ ဆရာမဒေါ်ပြုံးကိုသာ ပြောရမှာဖြစ်ပြီး အပြစ်တင်မယ်ဆိုရင်တော့ မြို့တော်ကြီးလို့ ခေါ်တဲ့ စီစဉ်သူ ကျွန်တော့်ကိုပဲ အပြစ်တင်ပါလို့ပြောကြားရင်း


**စီစဉ်သူ**
**မြို့တော်ထွန်းရှည်**
**သတင်းစာဆရာ၊ စာရေးဆရာ**
**ပင်တိုင်ဆောင်းပါးရှင်**



www.burmeseclassic.com

www.burmeseclassic.com







**The Department of Public Policy**


*cordially invites you to join us for the*

***University of North Carolina at Chapel Hill***
***2004 Hubert H. Humphrey Fellows***
***Graduation Ceremony and Luncheon***






*Thursday, April 22, 2004*
*11:00 AM*
*Redbud Room, Friday Center*





*Speakers:*
*Chancellor James Moeser*
*Interim Dean Richard Soloway (Arts & Sciences)*

*RSVP to Julia Nichols by Wednesday, April 14, 2004*
*jrnichol@email.unc.edu*
*(919) 962-1600*









www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အမေရိကားရောက်ဒေါက်တာဂျီပီပုံပြင် – ၁

(The Story of Dr. Gee Pee in America)

Narrator: ပုံပြောသူ။
ဒေါက်တာမြင့်ဦး (အလုံ)

(စရဏမဂ္ဂဇင်း။ အတွဲ–၁။ အမှတ်–၈။ ဖေဖော်ဝါရီလ–၂၀၀၅။ တွင်ဖော်ပြပါရှိပြီး)။

၁။ ဖလော်ရီဒါပြည်နယ်၊ အော်လင်းဒိုးမြို့။
ကမ္ဘာ့မိသားစုဆရာဝန်ညီလာခံ။
ဒစ်စနေလင်းနှင့် ယူနီဗာဆယ်စတူဒီယိုကြီး။



www.burmeseclassic.com

www.burmeseclassic.com

# ဒေါက်တာမြင့်ဦး (ဂျီပီ)

ပုံပြောခင် အမေရိကားဆိုတာဘာကြီးလဲလို့ အထူးတလည်ရှင်းလင်းဖို့ လိုမယ်မထင်ပေမယ့် ဒေါက်တာဂျီပီဆိုတာကိုတော့ နည်းနည်း မိတ်ဆက်ပေးပါရစေ။ ရန်ကုန် ဆင်ခြေဖုံးက သူ့ရဲ့ဆေးခန်းမှာ (General Practitioner) ဂျင်နရယ်ပရက်တစ်ရှင်းနား (ဂျီပီ) ဆိုပြီး ဂုဏ်ယူဝံ့ကြွားစွာဆိုင်းဘုတ် ချိတ်လို့ ကိုယ်ပိုင်ဆေးခန်းတောက်လျှောက်ဖွင့်နေတဲ့ဂျီပီဆရာဝန်ကလေးတစ်ယောက်ကိုရည်ညွှန်းပါတယ်။ (ရန်ကုန်မြို့ တစ်ဖက်ကမ်း။ တွံတေး ဒလ၊ ကြည့်မြင်တိုင် သုံးမွင့်ဆိုင်ရွှေတြိဂံရွာစဉ်တစ်လျှောက်မှာ တကိုယ်တော်နယ် လှည့်ဆေးကုနေတဲ့ **Mobile Clinic** လို့ခေါ်တဲ့ယာယီဆေးခန်းလေးတစ်ခုက သူ့မှာရှိနေသေးတယ်လေ။ တစ်ရွာဝင်တစ်ရွာထွက် လမ်းတစ်ကာလျှောက်ဆေးကုသတဲ့အခါမှာ ဟောဒီက ဆရာဝန် လို့သူက မအော်ပေမယ့်၊ သူ့ရဲ့ အတက်ရှိကျေ့စ်မှာတော့ ဒေါက်တာဂျီပီလို့ စာတန်းက ထိုးထားလိုက်ပါသေးသတဲ့)။ အဲ့သလောက် ဂျီပီဆိုတဲ့ဂုဏ်ထူးဝိသေသကိုသူကမက်မောတာ။ သူ ကိုယ်သူဂျီပီလို့ ခံယူထားပေမယ့် သူမိတ်ဆွေဂျီပီတွေကသူတို့ကိုယ်သူတို့ အထွေထွေရောဂါအထူးကု ဆိုပြီးအမည်တတ်တာကိုတော့ သူက ဘဝင်မကျလှပါဘူးတဲ့။ စဉ်းစားကြည့်လေ၊ ဘာလဲအထွေထွေ ရောဂါဆိုတာ။ နှလုံးရောဂါတို့၊ မျက်စေ့ရောဂါတို့၊ အစာအိမ်ရောဂါတို့နဲ့ ဘယ်လိုကွာတာတဲ့လဲ။ အထွေထွေကြီးက ဘာရောဂါလဲလို့မေးလာ ကြရင်သူတို့ဘယ်လိုဖြေမလဲလေ။ သူတို့ပဲပြောတယ်မို့လား။ ဂျီပီဆိုတာ မိသားစုဆရာဝန်ပါတဲ့။ လူနာသာမက၊ လူနာ့မိသားစုကိုပါ Holistic Care လွှမ်းခြုံ ကုသ ပေးရတာဆို။ ဒါဆိုလည်း တစ်ကိုယ်လုံးနေရာ လပ်မကျန် အထူးကုသည် လို့ ကြေငြာလိုက်ရောပေါ့ တဲ့။ ခေတ်နဲ့စနစ်နဲ့အညီမိသားစုဆရာဝန် Family Physician လို့ပြောင်းခေါ်တာကိုသူကကြိုက်တာ။ GP Society ဆိုတာကိုတောင်အထွေထွေရောဂါကုဆရာဝန်များအဖွဲ့လို့ မြန်မာလိုပြန်ဆိုလိုက်တာကို သူကဘဝင်ကျလှတာ မဟုတ်ပါဘူးတဲ့။ အထွေထွေ ဆိုတာကြီးကို ဖျောက်ဖျက်ပစ်ချင်နေတာ။ သူ ခံယူချက်က အဲ့သလို။ (General- ဂျင်နရယ်ဆိုတာကို သူ့ကိုယ်သူစစ်ဗိုလ်ချုပ်ကြီးလို့များ အဓိပ္ပာယ် ပြန်စေချင်နေတယ်နဲ့တူပါရဲ့ဗျာ)။

ဒါထက်. အမေရိကားရောက်ဒေါက်တာဂျီပီပုံပြင်ကိုစတင်ရရင်ဖြင့် ဒီလို၊ ဒီလိုပါ။

ဟို းရှေးရှေးတုံ းက _ တဲ့ _ ။

၂၀၀၃ ခုနှစ်ဆီက မြန်မာနိုင်ငံဆရာဝန်အသင်း အထွေထွေရောဂါကုဆရာဝန်ညီလာခံကြီးမှာ စာတမ်း တစ်ခု ဖတ်ကြားတင်သွင်းသွားတာကို အမှတ်ရနေမိပါသေးတယ်။ အဲဒီစာတမ်းမှာ ကိုယ်ပိုင် ဆေးခန်းဖွင့်နေကြတဲ့ ဂျီပီဆရာဝန်တွေရဲ့ ဘဝသရုပ်မှန်ကိုဓာတ်ပုံတွေနဲ့ဝေဝေဆာဆာဖော်ကျူးထားပြီး ပုံပြောတဲ့ ဟန်ပန်ကလေးနဲ့ ဟိုး–ရှေး–ရှေး–တုံး–က (Once Upon A Time ) လို့အစချီကာ ဖတ်ကြားတင်ဆက်သွားတဲ့ (The Story of Dr. Gee Pee ) စာတမ်းကလေးပဲဖြစ်ပါတယ်။စာတမ်းပြီးခုံးလျှင်



www.burmeseclassic.com

www.burmeseclassic.com



ပြီးဆုံးခြင်း ပရိသတ်ထဲမှ ခွဲစိတ်ကုဆရာဝန်ကြီး၊ အငြိမ်းစားပါမောက္ခ ဒေါက်တာ ဦးအောင်ခင်က စာတမ်းရှင်ကို ချီးမွမ်းစကားဆိုရာမှာ, မိမိတစ်သက်တာမှာ ယခုလိုအာဝဇ္ဇန်းရွှင်ရွှင်ဖြင့် ဂျီပီဆရာဝန်များ၏ဘဝကို မှင်သက်အားကျသွားလောက်အောင် (ရွှေမန်းတင်မောင်ရှုံးရလောက်အောင်) တင်ပြသွားပုံများကို မိမိတစ်ခါမျှမတွေ့ဖူးခဲ့ရကြောင်း ဖွင့်ဟဝန်ခံသွားခဲ့ပါတယ်။ အဲ . အခုန မိတ်ဆက်ပေးလိုက်တဲ့ ဒေါက်တာ ဂျီပီဟာ၊ ဒီဂျီပီပုံပြင်စာတမ်းလေးကိုအခြေခံပြီး၊ ဘဝတူဂျီပီဆရာဝန်များတိုးတက်မြင့်မားရေးအတွက် စီမံချက်တစ်ခုရေးဆွဲလိုက်ပါသတဲ့လေ။ အဲဒီစီမံချက်ကို အမေရိကန်ကွန်ဂရက်က နှစ်စဉ်ချီးမြှင့်နေတဲ့ (Hubert Humphrey Fellowship) စွမ်းရည်မြှင့်တင်ပညာသင်ဆုကြီးအတွက် ရန်ကုန်မြို့ အမေရိကန်စင်တာကနေတဆင့် ဝါရှင်တန်မြို့ကိုလျှောက်ထားတင်သွင်းလိုက်ပါတော့တယ်။ နိုင်ငံတကာမှ လျှောက်လွှာတင်ထားသူသုံးထောင်ကျော်အနက်မှ ထူးခြားစွာရွေးချယ်ခြင်းခံလိုက်ရပြီး ဒေါက်တာဂျီပီတစ်ယောက် အမေရိကားတက္ကသိုလ်မှာ တစ်နှစ်ကျော်ကြာ ပညာတော်သင်ဘဝနဲ့ရောက်ရှိသွားပါလေတော့သတဲ့ကွယ်။ သူပြန်လာပြီးသုံးလပင်မပြည့်ခင်မှာ ကမ္ဘာ့ဂျီပီ (မိသားစုဆရာဝန်များ)အဖွဲ့ကြီး– ဝမ်ကာ (Wonca)ရဲ့ ငွေကြေးထောက်ပံ့မှုဆု (Bursary Award ) ကိုထပ်မံရရှိလိုက်ပြန်လို့ဖလော်ရီဒါပြည်နယ် အော်လင်းဒိုး မြို့မှာကျင်းပတဲ့ ၁၇ ကြိမ်မြောက် ဝမ်ကာညီလာခံကြီးကို ဒုတိယအကြိမ်အမေရိကားခရီးစဉ်အဖြစ် တက်ရောက်ခွင့်ကြုံခဲ့ရပြန်သတဲ့လေ။ ဒုတိယအကြိမ်ခရီးစဉ်မှာ သူ မူလပညာသင်ကြားခဲ့တဲ့ မြောက်ကယ်ရို လိုင်းနားတက္ကသိုလ်ကြီးက ဖိတ်မန္တကပြုလာပြန်တဲ့အတွက်၊ အဆိုပါတက္ကသိုလ်ကြီးမှာ ဧည့်ကထိက (Visiting Lecturer) အဖြစ် တစ်လကြာ၊ တာဝန်ထမ်းဆောင်ခွင့်ရရှိလိုက်ပါသေးတော့တယ်။ အမေရိကားကိုနှစ်ကျော့ပြန်ရောက်ရှိခဲ့ရတဲ့ ဒေါက်တာ ဂျီပီတစ်ယောက်ရဲ့ စွမ်းဆောင်ချက်တွေ၊ အတွေ့အကြုံတွေ၊ အောင်မြင်မှုတွေ ခံစားချက်တွေကို မျှဝေခံစားပေးနိုင်ဖို့ရာအတွက်၊ မူလဒေါက်တာ ဂျီပီပုံပြင်စာတန်းလေးရဲ့အခန်းဆက်အဖြစ် စာဖတ်ပရိသတ်ကြီးကိုတင်ပြသွားမည်ဖြစ်ပါကြောင်း။

အမေရိကားရောက်ဒေါက်တာဂျီပီပုံပြင်နိဒါန်းကို့ ဒုတိယခရီးစဉ်မှာသူတက်ရောက်ခဲ့တဲ့ ဝမ်ကာညီလာခံနဲ့ စတင်လိုက်ကြရအောင်။ ပုံပြင်ကလေးကိုနားဆင်တော်မူကြပါကုန်လို့။

အဲ့ _ သလို နဲ့ ဒေါက်တာဂျီပီဟာ _ _ _

## ဝမ်ကာညီလာခံမှ တစ်ဦးတည်းသောမြန်မာဂျီပီ

ဒေါက်တာဂျီပီတစ်ယောက်ချပ်ပယ်ဟေးမြို့ မြောက်ကယ်ရိုလိုင်းနားတက္ကသိုလ် (University of North Carolina at Chapel Hill) မှာပညာသင်ဘဝရှိနေစဉ်မှာ အချိန်ရတိုင်းအင်တာနက်မှ ဂူးဂဲအတွင်းဝင်ရောက် မွှေနှောက်လေ့ရှိပါတယ်၊ တစ်ကြိမ်မှာကမ္ဘာ့မိသားစုဆရာဝန်အဖွဲ့ကြီး (WONCA: World Organization of National Colleges, Academies and Associations of General Practitioners/ Family Physicians) အကြောင်းကိုသူစိတ်ဝင်စားစွာသွားတွေ့လိုက်တဲ့အတွက် အဖွဲ့ကြီးကို အီးမေးလ်နဲ့ဆက်သွယ်ပါလေရော။ အဖွဲ့ရဲ့အမှုဆောင်အရာရှိချုပ်၊စီအီးအိုမှာ သူတစ်ခါကစက်ာပူမှာ မိတ်ဆက်ခဲ့ဖူးတဲ့ ပါမောက္ခဒေါက်တာ အဲဖရက်လောဖြစ်နေတဲ့အတွက်၊ သူ့ထံမှ အကြံဉာဏ်



www.burmeseclassic.com

www.burmeseclassic.com



တောင်းခံလိုက်ပါတော့တယ်။ ၂၀၀၄ခုနှစ်အောက်တို ဘာလမှာ ဖလော်ရီဒါပြည်နယ်အော်လင်းဒိုးမြို့မှာ ဘရက်ကြိမ်မြောက်(သုံးနှစ်တစ်ခါကျင်းပတဲ့) ဝမ်ကာညီ လာခံကျင်းပမှာဖြစ်ပြီးဖွံ့ဖြိုးဆဲနိုင်ငံများမှ ဂျီပီဆရာဝန်တွေအတွက်စားရိတ်ထောက်ပံ့တဲ့ (Bursary Award) အစီအစဉ်ကိုလျှောက်ထားဖို့အကြံပေးပါလေတယ်။ ဒီသတင်းကိုချက်ချင်းပဲ ရန်ကုန်တွေ–ကုအဖွဲ့ကြီးမှ ရောင်းရင်းများလျှောက်ထားနိုင်ရန်အကြောင်းကြားပေးလိုက်ပြီး၊ သူကိုယ်တိုင်လည်းလျှောက်ထားဖို့ ပြင်ဆင်ပါလေတော့တယ်။ ဂျီပီကိုယ်တိုင်က ဝမ်ကာအဖွဲ့ဝင်မဟုတ်သေးတဲ့အတွက် ညီလာခံကိုကမ့ကထပြုတဲ့ အမေရိကန်မိသားစုဆရာဝန် အကယ်ဒမီ (American Academy of Family Physicians:AAFP)ကို ဦးစွာ အဖွဲ့ဝင်ဖြစ်ဖို့လျှောက်ထားရပြန်ပါတယ်။ သူညီလာခံတက်ရောက်နိုင်ရေးအတွက်မြောက်အမေရိက ဗမာဆရာဝန်များအသင်း (Burmese Medical Association of North America: BMA-NA) ကထောက်ခံပေးလိုက်တဲ့အတွက် နောက်ဆုံးမှာတော့ (Congratulation Letter) ရရှိသွားပြီးအမေရိကားသို့ ဒုတိယခရီးစဉ်အဖြစ် စားရိတ်ငြိမ်းသွားရောက်ခွင့်ရရှိသွားပါလေတော့သတည်းပေါ့။ အဆိုပါဘာဆရီဆုကိုတစ်ကမ္ဘာလုံးမှလျှောက်ထားသူနှစ်ရာကျော်အနက်၊ ၉၃ဦး ရရှိတဲ့အထဲမှာသူပါသွားတာဖြစ်ပါတယ်။ ဒေါက်တာဂျီပီကတော့မြန်မာနိုင်ငံမှတစ်ဦးတည်းသောတက်ရောက်ခဲ့ရသူဖြစ်သွားရသည်ပေါ့လေ။

## ဖလော်ရီဒါပြည်နယ်၊ အော်လင်းဒိုးမြို့

အော်လင်းဒိုးလေဆိပ်မှ အင်တာနေရှင်နယ်ဒရိုက်ဗ်လမ်းမကြီးအတိုင်း လမ်းဘေးတလျှောက်တွင် လဲကျနေသောသစ်ပင်အချို့၊ ပြိုလဲနေသောကြော်ငြာဆိုင်းဘုတ်အချို့က လွန်ခဲ့သောလက တိုက်ခတ်သွားသော ဟာရီကိန်းမုန်တိုင်းလေးခု၏ပြင်းထန်မှုတစ်စိတ်တစ်ဒေသကိုဖေါ်ညွှန်းနေပါသည်။ ဖလော်ရီဒါပြည်နယ်မှာ နေရောင်ခြည်ကောင်းစွာရရှိသဖြင့် (Sunshine State) ဟုတင်စားခေါ်ကြသည်။ ဒီနှစ်တွင်တော့ သဘာဝဘေးအန္တရာယ်ဟာရီကိန်းကိုမလွန်ဆန်နိုင်ခဲ့ကြပါပေ။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်ဆောင်နေဆဲ။ ပြည်နယ်သစ်ပင်ဟုသတ်မှတ်ထားသည့်တော်ဝင်အုန်းပင်ပုံစံမျိုး Cabbage Palm ပင်များက အော်လင်းဒိုးမြို့ကို အပျက်အစီးများကြားမှ အလှဆင်နေဆဲ။ ယူနီဗာဆယ်ဘူးလစ်ဘတ် လမ်းပေါ်မှ ဒေါက်တာဂျီပီ တည်းခိုရမည့် (Country Inn & Suites) ဟိုတယ်ကို ရောက်ပါလေပြီ။ ကြယ်သုံးပွင့် ဟိုတယ်ဖြစ်သဖြင့် သူဝါရင်တန်မှာတည်းခိုခဲ့ရသည့် ကြယ်ငါးပွင့် (Sofitel Hotel) လောက်မသားနား။ မခမ်းနားလှဟုထင်လိုက်ရသည်။ နောက်ပိုင်းမှ အစားအသောက်ရော၊ အခန်းတွင်းအပြင်အဆင်ပါ ဆိုဖီတဲထက်သာနေသည်ကို သူသိလိုက်ရသည်။ အခန်းတွင်းမီနီဘားမှ ကြိုက်တာနှိုက်ယူ၊ Complimentary အလကားပေးထားသည်။တီဗီချန်နယ် ၅၉ လိုင်းဖွင့်လို့ရသည်။ ဆိုဖီတယ်တုံးက ဟိုတယ်ခက တစ်ည ဒေါ်လာ ၁၉၅။ မီနီဘားထဲကဘယ်ဟာကိုပဲထိလိုက်၊ ထိလိုက်–ဒေါ်လာ့။ ဒီဟိုတယ်ရဲ့ဈေးနှုန်းကျတော့ တစ်ညမှ ၉၅ ဒေါ်လာတဲ့။ ဒီလိုဟိုတယ်တွေမှာကိုယ့် ပိုက်ဆံနဲ့ကိုယ်တည်းလိုက်လို့ကတော့ အင်း ငါးညဆိုရင် မြောက်သွားမည်ဖြစ်ခြင်း။ နာမည်ကျော်အပန်းဖြေစရာ ဒစ္စနီ လင်း (Disney Land) ကြီးရှိနေသဖြင့်လည်း ကမ္ဘာလှည့်တို့ဖြင့် စည်ကားရာမြို့ကြီးတစ်မြို့လည်းဖြစ်နေပါသည်။ ညီလာခံတက်မည့်ဆရာဝန်တော်တော်များများက ကြိုတောင်ကြိုခဲ့ဒစ္စနီလင်းကြီး

www.burmeseclassic.com



သို့ သူတို့ မိသားစုပါခေါ်ဆောင်လာကြသည်ကိုတွေ့ရပါသည်။ တတ်လည်းတတ်နိုင်ကြသည့်ကိုး။ ဟိုတယ်ရောက်တော့ ခပ်သုတ်သုတ်လေး (Check-In)လုပ်။ သော့ယူ။ သော့ဆိုလို့၊တယ်လီဖုံးကဒ်လို လုံခြုံရေးကတ်ပြားလေးကို သော့ပေါက်ထဲထိုးထဲ့။မီးစိမ်းလင်းလာမှ တံခါးလက်ကိုင်ကိုဆွဲဖွင့်ရတာ။ အခန်းထဲပစ္စည်းချပြီး မီနီဘားထဲက ကိုလာတစ်ဗူးကိုမန်းကတန်းနှိုက်။ ပြီးတော့ ညီလာခံခန်းမဆီသို့ ပြေးရသည်။ အခမဲ့ လွန်းပျံရှုပ်တယ်ဘတ်စကားနှင့် ယွန်းရသည်ပေါ့။

## ဘီဇီခုနယ်ဆင်က ဒေါက်တာဂျီပီ

အောက်တိုဘာ၁၃မှ၁၇ရက်အထိငါးရက်ကြာညီလာခံကျင်းပရာ အော်ရိန်းကောင်တီကွန်ဗင်းရှင်း စင်တာ (Orange County Convention Center) အဆောက်အဦးကြီးကား ကြီးကျယ်ခမ်းနားလှပါဘိ။ အမေရိကန်တနိုင်ငံလုံး၌ ဒုတိယအကြီးဆုံးခန်းမကြီးအဖြစ်ကျော်ကြားပြီး၊ အဆောက်အဦချည်း စတုရန်းပေ ၂.၁ သန်းရှိသည်။ အခန်းအနားများပြုလုပ်လေ့ရှိရာ မြောက်ဖက်အဆောက်အဟောင်းက ၁.၁ သန်းစတုရန်း ပေရှိသည်။ အနီးပါတ်ဝန်းကျင် ဟိုတယ်များမှာအခန်းပေါင်း၈၀၀၀ကျော်ရှိသည်။ အရင်ဆုံးလုပ်ရမည် ကမှတ်ပုံတင်ရေးနှင့် Bursary Award မှငွေကြေးထုတ်ယူရမည့်အစီအစဉ်ဖြစ်သည်။ အီးမေးလ်ဖြင့်ကြို တင်အဆက်အသွယ်ချိတ်ထားသည့်မစ္စ တယ်ရီစမောလေးကိုရှာရသည်။ စမောလေး ဆို၍စိတ်ကူးထဲမှာ သွယ်သွယ်ပျောင်းပျောင်းလေးမှန်းဆထားရာတကယ်တန်းကျ။ အယ်တုံဝတုတ်ကြီး။ အသက်က၂၁ နှစ်ပဲ ရှိသေးသည်။မတတ်နိုင်၊သူနဲ့တွဲပြီး ဓါတ်ပုံရိုက်လိုက်ရသေးသည်။ သူစစ်ဆေးပြီးမှ ဒေါ်လာငါးရာထုတ်လို့ရမှာကိုး။ မနှစ်ကဒေါက်တာခိုင်စိုးဝင်းဆီကို နောက်ပြီးပို့လိုက်သည့် အမေရိကန် လေဒီဆိုသည့် ဓာတ်ပုံကိုသွားသတိရမိသည်။ ဘောင်းဘီဇစ်ကိုခက်ခက်ခဲခဲ မနည်းဆွဲစိနေရသည့် အမေရိကန်ဝတုတ်မပုံ။ Obesity ဆိုတဲ့အဝလွန်ရောဂါကသူတို့ကိုနှိပ်စက်နေပြီလေ။ ဒေါ်လာထုတ်ပြီး ဝမ်ကာအထိမ်းအမှတ် ကျောပိုးအိပ်နှင့်ပေးသမျှထည့်ယူရသည်။ စင်ပိုစီယမ် ၆၆ခု၊ဝပ်ရှော့ ၁၁၃ခု၊ စာတန်းဖတ်ပွဲချည်း ၆၀၀၊ပိုစတာပေါင်း ၄၇၅၊ဆက်ရှင်ပေါင်းက ၇၅၀ကျော်။ စာတန်းချည်းပဲက ၁၃၀၀ကျော်။ တက်ရောက် သူပေါင်းက၉၀၀၀ ကျော်။ ဆေးကုမ္ပဏီပြခန်းပေါင်းက၄၀၀ကျော်။ ကဲ ညီလာခံဘယ်လောက်ကြီးသလဲ မှန်းသာကြည့်ပေတော့။ အစီအစဉ်တွေကိုကိုယ်ကြိုက်တာတေးမှတ်ပြီး ခန်းမ ၂၅ခုမှာ အချိန်ခွဲတက်ရသည်။ ဝမ်ကာ–စီအီးအို ဒေါက်တာလောနဲ့ညနေဖွင့်ပွဲအစီအစဉ်ကျမ တွေ့ရတော့မည်။ ဖွင့်ပွဲခမ်းမ ဆောင်ကြီးကား လူကိုးထောင်ကျော်ဆန့် အကျယ်ကြီးမို့စင်မြင့်ပေါ်မှ မိန့်ခွန်းပြောသည်များကိုကိုယ့် နီးစပ်ရာပိတ်ကားပေါ်မှာကြည့်ရသည်။ဝမ်ကာထိပ်တန်းပုဂ္ဂိုလ်များနှင့် အေအေအက်ဖ်ပီအထင်ကရ ပုဂ္ဂိုလ်များကိုမိတ်ဆက်ပေးပြီး အော်ခက်စထြာတီးဝိုင်းကဩည့်ခံပြန်သည်။ မိန့်ခွန်းတွေ၊နှုတ်ဆက်စကား တွေအသီးသီးပြောကြပြီး ကီးနုတ်စပီကာ (Keynote Speaker) အဖြစ်၊ ဒေါက်တာဖရန့်စစ်ကောလင်း၏ စာတမ်း Genomics and the Family Physician: Realizing the potential ဖြင့်အခမ်းအနားရုတ်သိမ်းပါသည်။ သူ့စာတန်းနိဂုံးအနှစ်ချုပ်ကို သူကိုယ်တိုင်ရေးစပ်သီကုံး သည့်သီချင်းဖြင့် ဂီတာကိုကိုယ်တိုင် တီးခတ်ကာတင်ဆက်သွားသည်မှာပရိတ်သတ်စွဲမက်သွားရသည်။ အခမ်းအနားအပြီး၊ တက်ရောက်သူများ၏နိုင်ငံတော်အလံများထားရာစင်မြင့်သို့ သွား၍ ကိုယ့်နိုင်ငံ

www.burmeseclassic.com

## ဒေါက်တာမြင့်ဦး (ဂျီပီ)

အလံကိုရှာဖွေရာ မြန်မာနိုင်ငံတော်အလံကိုငါးငါးစွင့်စွင့်တွေ့ရပါလေပြီ။ တစ်ဦးတည်းသော တက်ရောက်လာသူဖြစ်ပေမင့် ကိုယ့်နိုင်ငံတော်အလံကို တွေ့တော့မနေသာ။ ဦးညွှတ်၍အလေးပြုလိုက်မိလိုက်ပါသည်။ ကင်မရာများစုပြုံရောက်လာပြီး လုယက်ရိုက်ကြနေလေတော့ သုံးမိနစ်လောက်ဆက်ပြီး ဦးညွှတ်ထားလိုက်ရသည်။ ရိုက်ကြစမ်း။ အဲဒါဗမာကွ။ ဟိုတယ်တွေကိုပို့လွှတ်နေတဲ့ ညဘက်ဝမ်ကာတီဗီချန်နယ်မှာ တစ်ဦးတည်းကိုယ်စားလှယ်ဘားမားဆိုတာပါလာလေတော့ ကိုယ့်ကိုယ်ကိုဂုဏ်ယူလို့မဆုံး။ တွေ့ကြပြီမှတ်လား။ ဗမာပြည်ကဂျီပီကွ။ နောက်တစ်နေ့ Rural Practice around the world စင်ပိုစီယမ်မှာကျေးလက်ဆေးခန်း အတွေ့အကြုံတွေကို ဆယ်မိနစ်စီပြောကြဖို့ဖိတ်ခေါ်တော့ ဘာရမလဲ။ ဒေါက်တာဂျီပီလည်းပြောမှာပေါ့။ တချိန်က The Story of Dr. Gee Pee ကို အကျဉ်းချုံ့ပြီးပြန်ပြောလိုက်တယ်လေ။ ဗမာဂျီပီဆိုတာ၊ အင်အားမရှိပေမယ်ကြယ်ငါးပွင့် အဆင့်မှီ Five Star Doctor ဆိုတာကိုတော့မင်းတို့သိစေရမယ်။ ဂျာမနီကမိသားစုဆေးပညာတက္ကသိုလ် ပါမောက္ခကြီးကမြန်မာဂျီပီများကိုချီးကျူးစကားဆိုလာကာ ညနေဘက်ဒင်နာကျွေးပါရစေဆိုပြီး ဖိတ်ကြားပြန်တယ်လေ။ (ရန်ကုန်ကသူငယ်ချင်းတို့ရေ၊ မင်းတို့အတွက်ပါပိုစားခဲ့မယ်ဟေ့။)

အဲ့ ... သလိုနဲ့ ဒေါက်တာဂျီပီဟာ ...

## ဆေးပြခန်းထဲမှ စီအမ်အီး စာမေးပွဲငယ်များ

ဆေးကုမ္ပဏီများကလည်း ဆေးဝါးများသာမက ဘော့ပင်ဖေါင်တိန်များမှအစီအရွှမ်မျိုးစုံ၊ ဒစ်ဂျစ်တယ် နာရီများ၊ ရေဗူးများ၊ ကျောပိုးအိတ်များ၊ ကွန်ပြူတာသုံး မိနီမောက်စ်များ၊ Palmtop software များ၊ ယူ အက်စ်ဘီ Jump drive များ၊ ဂလူကိုမီတာများ၊ နားတွင်းကြည့် Otoscope များလက်ဆောင်ပေး၍ လည်းကောင်း၊ ဆရာဝန်များကို မုန့်မျိုးစုံကျွေး၍လည်းကောင်းကြော်ငြာနေကြသည်။ ပြခန်းတစ်ခုအတွင်း သေနတ်ပုံအိုတိုစကုတ် အဆန်းလေးတစ်ခုကို ကောက်ကိုင်လိုက်ရာ၊ လေဒီချောလေးတစ်ယောက်ရောက်ရှိလာပြီး ညီလာခံက မိမိအားပေးထားသော အိပ်စပိုကဒ်ကိုပြသရန်တောင်းခံပါသည်။ ကဒ်ကို ပြခန်းမှစက်အတွင်း စစ်ဆေးအတည်ပြုပြီးမှ သူနှင့် ဆေးဝါးမိတ်ဆက်ဆွေးနွေးရပါသည်။ သူနဲ့အတူ ဖန်ပေါင်းချောင်လိုက်ခေါင်းလေးထဲဝင်၍ ဆေးဝါးသုတေသနတွေ့ရှိချက်များပြသနေသည့် ဗီဒီယို Screen လေးခုကိုလိုက် ကြည့်ရပါသည်။ ပြန်အထွက်မှာတော့ ကွန်ပြူတာပေါ်မှမေးခွန်းများကို စခရင်ပေါ်မှာလက်တို့ အသကခံ ၍ဖြေခိုင်းပြီးမှ၊ အိုတိုစကုတ်ကိုလက်ဆောင်ပေးလိုက်ပါတော့သည်။ ပုံစံအသစ်အဆန်းလေးဖြစ်၍ ရန်ကုန်မှာဆိုရင် မြန်မာငွေတစ်သိန်းပေး၍ ဝယ်မရနိုင်ပါ။ ကိုယ့်ဆရာ နားရောဂါအထူးကုကြီးကိုသတိရပြီး လက်ဆောင်ပေးလိုလာ၍ နောက်တစ်ခုထပ်ရအုံးမလားလို့မေးလိုက်ရာ၊ နောက်တစ်ခါထပ်ဖြေခိုင်းပါသည်။ ဒီတစ်ခါမှာတော့ လေဒီပါပြောင်းသွားပြီး မေးခွန်းကလည်းအသစ်ဖြစ်သွားသဖြင့် မနည်းမှန်အောင် ကြိုးစားပြီး ဖြေလိုက်ရသည်။ ကိစ္စမရှိ၊ နောက်လေဒီတစ်ယောက်နှင့်ပင် ဖန်ပေါင်းချောင်ကလေးထဲမှာ တန်နေပါပြီ။ (ဆရာရေ၊ နောက်လေဒီက ဆရာ့ကိုယ်စားနော်။) လေဒီတို့က ပြီးမှသူတို့ကိုယ်သူတို့ မိတ်ဆက်ပါသည်။ အလဲ့လဲ့၊ သူတို့က အမ်ဒီဆရာဝန်တွေပဲ။ တော်သေးရဲ့ကိုယ်ဖြေတာ ၉၈ မှန်နေလို့၊ ဘယ်ရမလဲ သိ

www.burmeseclassic.com



တယ်မို့လား၊ ကိုယ်ကမြန်မာပြည်က ဂျီပီလေ။ စီအမ်အီးစာမေးပွဲငယ်များက အမေရိကားလိုင်စင်ရ ဆရာဝန်များကို ခရက်ဒစ် (ဆရာဝန်လိုင်စင်သက်တမ်းတိုးရန်လိုအပ်သည့်ရမှတ်) များ ဖြည့်ဆည်းပေးပါသည်။ ညီလာခံတစ်လျှောက်လုံးကိုယ်တက်ခဲ့သည့်သင်တန်းများအတွက်စီအမ်အီး ခရက်ဒစ်ကို ၂၄.၇၅ မှတ်အထိပေးထားပါသည်။ ပြခန်းများမှာအညောင်းပြေအနှိပ်ခန်းများ (တခြားမထင်လိုက်ပါနဲ့တကယ့်အနှိပ် Message စစ်စစ်ပါ၊ ခတ်ပုံပါပူးတွဲထည့်ပေးထားပါတယ်။) စီအမ်အီးကဖေးများ။ AAFP Marketplace မှာ အမှတ်တရပစ္စည်းအရောင်းခန်း။ Electronic Health Record လို့ခေါ်တဲ့ စက်ကျူမဲ့ဆေးမှတ်တမ်းစနစ်၊ လက်တွေ့တစ်ခါထည်း လက်ထပ်သင်ပေးလိုက်တဲ့ hands-on training ပြခန်းတွေ၊ သုံးရက်လေ့လာလို့မကုန်။ အိမ်သယ်စရာပစ္စည်းစုံ၊ မနိုင်နင်းအောင်ပါပင်။ ပြခန်းများမှာညောင်းလာတော့ ဆိုင်ဘာကဖေးကနေ အိမ်ကိုအီးမေးလ်ပို့ရပြန်တယ်။ အွန်လိုင်းက ဝမ်ကာသတင်းတွေဖတ်ရပြန်တယ်။ ဒီမှာလည်း ကိုယ့်ရဲ့အိုင်စပိုကဒ်ကို စက်ထဲ Swipe လုပ်ပြီးမှ ကွန်ပျူတာကိုဖွင့်လို့ရတယ်လေ။ ဒီလိုကဖေးမျိုး ခြောက်နေရာပေးထားပါတယ်။ ဝမ်ကာစက္ကူတေးရိယက် ပြခန်းမှာ ပါမောက္ခအဲဖရက်နဲ့ ချိန်းထားပြီးဖြစ်လို့ မြန်မာနိုင်ငံဆရာဝန်အသင်းရဲ့ GP Society ကြီးကို ဝမ်ကာအဖွဲ့ဝင်ဖြစ်ရေးအတွက် ဆွေးနွေးကြရသည်။ အဖွဲ့ဝင်ကြေးများကို ကိုယ်က စိုက်ထုတ်သွင်းပေးခဲ့ပြီးဝမ်ကာနဲ့ဆက်သွယ်ရေးလုပ်ငန်းစတင်လိုက်ပါသည်။ ၂၀၀၇ခုနှစ်မှာ စင်္ကာပူမှာပြုလုပ်မယ့် ၁၈ ကြိမ်မြောက် ဝမ်ကာညီလာခံကြီးကို မြန်မာဂျီပီတွေ အဖွဲ့လိုက်တက်ရောက်နိုင်ဖို့ အဆိုပြုခဲ့ပါတယ်။ သူ့အားလည်းမြန်မာ ပြည်နောက်ထပ်လာရောက်ပါရန် ဖိတ်ခေါ်လိုက်ပါသည်။ ၁၉၇၂ခုနှစ်က အဖွဲ့ဝင် ၁၈ နိုင်ငံဖြင့် စတင်ခဲ့သော ဝမ်ကာအဖွဲ့ကြီးမှာ ယခုအခါ နိုင်ငံပေါင်း ၇၉ နိုင်ငံမှ မိသားစုဆရာဝန် အဖွဲ့ပေါင်း ၉၇ ဖွဲ့ ရှိလာပြီး၊ ဂျီပီဆရာဝန်ပေါင်း ၂ သိန်းကျော်ကို ကိုယ်စားပြုနေပြီဖြစ်ပါသည်။ ဒေသဆိုင်ရာ အဖွဲ့ခွဲပေါင်း ခြောက်ခုကိုဖွဲ့ထားနိုင်ပါပြီ။ အဖွဲ့ကြီး၏ မျှော်မှန်းချက်က၊ ဂျီပီဆရာဝန်များ၊ မိသားစုဆရာဝန်များရဲ့ထက်မြက်တဲ့အရည်အသွေးစွမ်းပကားတွေနဲ့ ကမ္ဘာ့ပြည်သူများရဲ့ဘဝအခြေအနေတိုးတက်မြင့်မားအောင်ဖန်တီးရေးဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် အဓိကပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

## ယူနီဗာဆယ်စတူဒီယို

ညနေပိုင်းမှာ၊ ဝင်ကြေးဒေါ်လာ ၅၀ တန် ယူနီဗာဆယ်အော်လင်းဒိုးစတူဒီယိုကြီးကို လည်ပတ်ခွင့်ပေးပါတယ်။ မြို့တစ်မြို့လောက်စာကြီးတဲ့ စတူဒီယိုကြီးထဲမှာ လည်ပတ်စရာမကုန်နိုင်အောင်ဖြစ်ရတယ်။ Shrek 4-D ပြကွက်မှာ ဖလော်ရီဒါကိုမွှေသွားတဲ့ ဟာရီကိန်းမုန်တိုင်းအတုတစ်ခုကိုဖန်တီးပြသပါတယ်။ ပရိသတ်ရှေ့မှာ ချက်ချင်းမိုးတွေရွာ၊ လေတွေတိုက်၊ လျှပ်စစ်မိုးကြိုးတွေပစ်ချလိုက်တာ ရှေ့ကသစ်ပင်ကြီး နှစ်ခြမ်းကွဲကျသွားပါတယ်။ ပရိသတ်ထဲကိုလေတွေတိုက် မိုးပေါက်တွေလွင့်လာလို့ ခေါင်းပုပြီးကြည့်နေကြရတယ်။ အစာစားနေတဲ့ငှားကြီးက လေထဲလွင့်ပါသွားပါပြီ၊ မိုးရေထဲမှာမိုးကြိုးပစ်လို့ မီးတွေလောင်နေပြန်ပါပြီ။ အဲ့သည်လို အသံနဲ့ရုပ်ကိုစက်မှုစွမ်းပကားနဲ့ဖန်တီးပြတယ်၊ ဒါကြောင့်လည်း ကမ္ဘာ ကျော်တာကိုး။ ဒါတင်ဘယ်ကဦးမလဲ၊ Jaws ဆိုတဲ့စတူဒီယိုထဲမှာ ပရိသတ်ကိုငါးမန်းထုတဲ့



www.burmeseclassic.com

www.burmeseclassic.com

## ဒေါက်တာမြင့်ဦး (ဂျီပီ)

ပင်လယ်ထဲ မော်တော်နဲ့ခေါ်သွားပြီးငါးမန်းတွေနဲ့သဲထိတ်ရင်တဖိုဖိုဖြစ်အောင်လုပ်ပြတယ်လေ။ နောက်တစ်နေရာ Earthquake the big one မှာကျတော့ဆန်ဖရန်စစ္စကိုဘေးဘရစ်ဂျ်နှစ်ထပ်တံတားကြီးပေါ်မှာဖြတ်မောင်းသွားတဲ့ ရထားပေါ်မှာရှိနေတဲ့ပရိသတ်ကို၊ မြေငလျင်လှုပ်လာပြီး၊ တံတားကြီးကကျိုးကျ၊ မီးရထားတွဲကြီးက ထောင်ပြီးအပေါ်ကိုတက်သွား၊ အပေါ်တံတားကနေပြုတ်ကျလာတဲ့ ဓာတ်ဆီဘောက်ဆာကားက၊ မီးရထားတွဲနားကိုကပ်ကျလာပြီးမီးကလောင်။ ပင်လယ်ထဲကရေတွေရထားတွဲထဲကိုစီးဝင်လာ။ ဒေါက်တာဂျီပီမှာ ကိုယ့်ရှေ့ထိုင်ခုံနောက်မှီကိုလက်နဲ့မနဲဆုတ်ကိုင်ထားလိုက်ရတယ်။ ကဲ။ ဒီ့ထက်ရင်ဖိုချင်ရင်တော့ အီဂျစ်က မာမီရဲ့ကျိန်စာ Revenge of the mummy ဆိုတဲ့ စတူဒီယိုခန်းကိုခါးမှာခါးပတ်ပတ်ပြီး ရထားလေးနဲ့ သာစီးဝင်သွားပေတော့။ ပရိသတ်ရဲ့ကြောက်လန့်တကြား အော်ဟစ်သံတွေကိုကြားကြရပါလိမ့်မယ်။ ရင်ဖိုဘွယ်ရာပြကွက်တွေကိုမပင်ခင်၊ ကိုယ့်ပိုက်ဆံအိပ်တို့၊ လွယ်အိပ်တို့ကို စာကြည့်တိုက်ထဲကစာအုပ်စင်တွေလိုထောင်ထားတဲ့ အံဆွဲအိမ်သေးသေးလေးတွေထဲမှာထားခဲ့ရတယ်။ အံဆွဲနံပါတ်ကိုမှတ်ပြီး၊ ရှေ့က စက်ပေါ်မှာကိုယ့်လက်ဗွေကိုတင်လိုက်ရတယ်။ ပြပွဲတွေလှည့်ပတ်ကြည့်ရှုပြီးလို့ကိုယ့်ပစ္စည်းကို ပြန်ယူချင်ပြီဆိုရင်အံဆွဲနံပါတ် မှာကိုယ့်လက်ဗွေကိုပြန်တင်လိုက်ပြီးဖွင့်ယူရတယ်။ ဘယ်လောက်နိပ်သလဲ။ ဘယ်သူမှခိုးလို့မှားယူလို့မရတော့ဘူးပေါ့။ ဂျီပီတို့မြို့က သူ့ဘကြီးရဲ့အလှူမှာအဲ့သလိုနည်းနဲ့ခြေဗွေနှိပ်ပြီး ဖိနပ်သိမ်းခိုင်းထားရရင်ဘယ်လောက်များကောင်းလိုက်မလဲလို့။ ည၁၁နာရီခွဲနေပြီ စုံလင်အောင်နေရာက မနှံ့သေးဘူး။ စင်မြင့်တစ်ခုမှာ Blues Brothers ညီအစ်ကိုတွေ ကပြသီဆိုဖျော်ဖြေနေတာတွေ့တော့ ကိုဂျီပီလည်း တတ်တဲ့ပညာ၊ မနေသာ။ သူတို့လောက်တော့ ကိုယ်လဲလှုပ်တတ်သည်ပေါ့။ ကြည့်ဖူးကြတယ်မဟုတ်လား။

## ဥတ်ဘိုဒီတော လမ်းလျှောက်ပွဲ

မြန်မာပြည်ကဆရာဝန်ညီလာခံလိုပဲအားကစားပွဲလည်းပါတယ်။ ကိုဂျီပီကတော့ သိတယ်မဟုတ်လား၊ ဂျော့ဂင်လို့ခေါ်တဲ့လမ်းပဲလျှောက်တတ်တယ်လေ။ Epcot ဆိုတဲ့ ကမ္ဘာ့ရွာကန်တော်ကြီးကိုပတ်လျှောက်ရမှာ။ ပြေးမယ့်သူတွေကိုဖိနပ်ကြိုးမှာ Timer တိုင်မာ တတ်ပေးလိုက်တယ်။ အသက်၅၀ကျော် အုပ်စုမှာဝင်ပြေးဖို့ တိုင်မာချည်လိုက်ပြီးတာထွက်လာပါပြီ။ ရန်ကုန်မှာတုန်းကလို ကန်တော်ကြီးအမှတ်နဲ့ ပြေးနေလိုက်တယ်။ ပထမတိုင်မာစခန်းက အီဂျစ်ရွာ။ ပီရမစ်ပုံစံ စားသောက်ဆိုင်တွေနဲ့ကုလားအုပ်တွေက ကြိုဆိုနေကြတယ်။ လမ်းလျှောက်သူတစ်ချို့က အဲဒီမှာ ဘရိတ်ဖတ်ဝင်စားနေကြလိုက်သေးတယ်။ ဂျီပီကတော့ ဆက်ပြေးအုံးမယ်လေ။ လမ်းဘေးကကွန်ပျူတာမှာ ကိုယ့်ဖိနပ်ကတိုင်မာစံချိန်ကိုပြသနေတယ်။ အခုမှ သုံးမိနစ်နဲ့ငါးစက္ကန့်။ နောက်တစ်ရွာရောက်ပါပြီ။ မောရိုကို။ နတ်ရုပ်ကြီးတွေလို အဆောက်အဦကြီးတွေနဲ့။ လှိုင်ဂူတွေကိုလည်းဖြတ်ပြေးရသေးတယ်။ မီးမှိန်မှိန်လေးတွေထွန်းထားတယ်။ သူလည်းစားသောက်ဆိုင်ပဲ။ မက္ကစီကို။ အာဖရိက။ ကိုရီးယား။ ရွာတွေအများကြီး။ ရွာတိုင်းမှာ တိုင်မာတွေက ကိုယ့်ကို ခရီးခိုးမပြေးရအောင် ချက်ကင်လုပ်နေကြတယ်လေ။ ဂျပန်ရွာရောက်တော့ ဂေရှားမယ်လေးတွေနဲ့တွေ့ရပြီ။ ဟောဟဲ၊ဟောဟဲ။ ရွာပေါင်းစုံကိုဖြတ်ပြီး ဒီလိုနဲ့ပန်းဝင်ကာနီးကျမှ တရုတ်မလေးတွေက ထွက်ကြိုပြီး သံပုရာရည်တိုက်ကြတယ်။ တော်သော်



www.burmeseclassic.com

www.burmeseclassic.com



များများလည်း ပန်းမဝင်ခင်ပြုတ်ကျကျန်ရစ်ခဲ့ကုန်ကြပြီ။ လူတစ်ထောင်ကျော်ဝင်ပြိုင်တာ ကိုကျိုပီက အမှတ်စဉ် ၆၈ နဲ့ ပန်းဝင်လာပါပြီ။ ပထမရသူနဲ့ ဆယ်မိနစ်ကျော်ကွာခြားသွားတယ်။ ပန်းဝင်သူပထမ ၆၀၀ ကိုပေးတဲ့ နှစ်သိမ့်ဆု–တီရှပ်နဲ့ပဲ ကျေနပ်လိုက်ရပါတယ်။ ရွာသူတွေနဲ့ငြိပြီးကျန်ရစ်ခဲ့တဲ့သူတွေနဲ့စာရင်တော့ တော်သေးတာပေါ့။

အဲ့ – သလိုနဲ့ ဒေါက်တာကျိုပီဟာ

ဒီလ ဒေါက်တာကျိုပီပုံပြင်လေးကို အမေရိကားခရီးစဉ်ရဲ့ နောက်ဆုံးပိုင်းလေးနဲ့ ဇာတ်လမ်းဖွင့်လိုက်ရပေမယ့်၊ နောက်လကျရင်တော့ ဒေါက်တာကျိုပီရဲ့ အမေရိကားခရီးစဉ်အစနဲ့၊ သူတက်ရောက်ခဲ့တဲ့ တက္ကသိုလ်တွေအကြောင်း ဆက်လက်နားထောင်ကြပေဦးနော်။ ကိုင်းပုံပြင်လေးကို ခဏနားကြဦးစို့ရဲ့။ ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



# အမေရိကားရောက်ဒေါက်တာဂျီပီပုံပြင် – ၂

(The Story of Dr. Gee Pee in America)

Narrator: ပုံပြောသူ။
ဒေါက်တာမြင့်ဦး (အလုံ)

(စရဏမဂ္ဂဇင်း။ အတွဲ-၁။ အမှတ်-၉။ မတ်လ-၂၀၀၅။ တွင်ဖော်ပြပါရှိပြီး)။

၂။ ဟမ်းဖရေးပညာသင်ဆုနှင့် ယူဂျီးမြို့ကအော်ရီဂွန်တက္ကသိုလ်။



www.burmeseclassic.com

www.burmeseclassic.com

## ဒေါက်တာမြင့်ဦး (ဂျီပီ)

ယခင်လတုံးက ဒေါက်တာဂျီပီရဲ့ အမေရိကား ရောက်ပုံပြင်ကို သူတက်ရောက်ခဲ့ရတဲ့ ကမ္ဘာ့ဂျီပီ (ဝမ်ကာ)ညီလာခံကြီးနဲ့ စတင်လိုက်ရပါတယ်။ တကယ်တော့ အဲဒါက သူ့ရဲ့ အမေရိကား ခရီးစဉ် နောက်ဆုံးပိုင်းက ဇာတ်လမ်းကလေးတစ်ပုဒ်ပါ။ သူ့ ပုံပြင်ဟာ ရန်ကုန်တုံးက ဂျီပီညီလာခံ တစ်ခုမှာ၊ သူပြောခဲ့သလိုပါပဲ၊ဘယ်တော့မှ ဆုံးမှာမဟုတ်ပါဘူးတဲ့။ ဂျီပီတွေအကြောင်းပြောရရင် မြန်မာနိုင်ငံမှာ ဂျီပီ ကောလိပ်ကြီး၊ (GP College or Family Practice College of Medicine) ဆိုတာ ပေါ်ပေါက်လာတဲ့အထိ ဂျီပီတွေရဲ့ ကြိုးပမ်းမှုတွေကို ပြောပြရမှာကိုး။ ဂျီပီကောလိပ်ဆိုတဲ့ စိတ်ကူးယဉ်အိပ်မက်ကလေးကို ၁၉၉၆ ခုလောက်ဆီက၊ ထိုစဉ်က ဂျီပီဆက်ရှင် (GP Section) ရဲ့ အတွင်းရေးမှူးလည်းဖြစ်၊ အဖွဲ့ကြီးကို စတင်တည်ထောင်စဉ်က Founding Member အဖြစ်လည်း ပါဝင်ခဲ့တဲ့၊ ယူနီဆက်–ဗီကျေး ခေါ် ဒေါက်တာကျော်ဝင်း (ယခု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ တာဝန်နဲ့ ခေတ္တအင်ဒိုနီးရှားရောက်နေသူ) ကစခဲ့တာပါ။ ဆရာဝန်ညီလာခံကြီးတစ်ခုမှာ သူ့ရဲ့စိတ်ကူးလေးကို I Had A Dream ဆိုတဲ့ စာတမ်းကလေးတစ်ခုဖန်တီးပြီးစတင်လာခဲ့သူပါ။ ဒါကိုအားကျပြီး ကျွန်ုပ်တို့ရဲ့ဇာတ်လိုက်ကြီး ဒေါက်တာဂျီပီဟာလည်း၊ ဆရာဒေါက်တာကျော် ဝင်းဆီမှာတပည့်ခံပြီး၊ စာတမ်းရေးနည်းတွေသင်၊ ပရိသတ်ရှေ့တင်ပြပုံတင်ပြနည်း (The Art of Presentation) တွေသင်ယူ၊ ဂျီပီကောလိပ်ကြီး တစ်ချိန်ချိန်မှာ ပေါ်ပေါက်လာရေးအတွက်၊ ကို ကျော်ဝင်းကိုအားကျပြီး ဆက်လက်ကြိုးပမ်းလိုက်တာ၊ သူအမေရိကားမှာ ပညာသင်ခွင့်ရရှိခဲ့တဲ့ အချိန်မှာလည်း မြန်မာ့ဂျီပီတွေရဲ့ဘဝကို ကမ္ဘာကသိအောင် ကြိုးစားခဲ့ရှာပါတယ်။ ဒီလမှာ သူ့ရဲ့ ယူဂျီးန် (Eugene) မြို့က အတွေ့အကြုံလေးတွေကိုပြောပြရဦးမယ်။

အဲ့ သလိုနဲ့ အမေရိကားရောက် ဒေါက်တာဂျီပီဟာ

သူ အခုရရှိလိုက်တဲ့ Hubert Humphrey Fellowship ပညာသင်ဆုကြီးရဲ့ ထူးခြားချက်ကတော့ Pre-academic training လို့ခေါ်တဲ့ အကြိုသင်တန်းကို အရင်တက်ရောက်ခွင့်ပေးခြင်းပါဘဲ။ အကြိုသင်တန်းကို အခြားတက္ကသိုလ်တစ်ခုမှာအရင်ပေးတက်တယ်လေ။ သူအဓိကတက်ရောက်ရမှာက အမေရိကတိုက်အရှေ့ဘက်ခြမ်းမှာရှိတဲ့ Chapel Hill လို့ခေါ်တဲ့ မြို့ကမြောက်ကယ် ရိုလိုင်းနားတက္ကသိုလ် - University of North Carolina (UNC) ။ အခု အကြိုသင်တန်းသင်တန်း တက်နေတာက နိုင်ငံအနောက်ဘက်ခြမ်း Eugene မြို့မှာရှိတဲ့ University of Oregon (UO) တက္ကသိုလ်။ ဟိုးအဝေးကြီး။ အရှေ့နဲ့အနောက်၊မိုင် ၃၀၀၀ ကျော်ဝေးပြီး ဒေသစံတော်ချိန် ၃နာရီ ကွာခြားတယ်လေ။ အတွေ့အကြုံနှစ်ခုရအောင်လို့တဲ့။ဘယ်လောက် ကောင်းလိုက်တဲ့အစီအစဉ်လည်းလို့။ ရန်ကုန်ကထွက်တော့ ထိုင်းအဲယားဝေး။ ဘန်ကောက်၊ တိုကျို၊ ဆန်ဖရန်စစ္စကို၊ ယူဂျီးန်အထိက ယူနိုက်တက်အဲယားလိုင်း။ ဘန်ကောက်ကနေ လေယာဉ်စီးချိန်ချည်းပဲ နာရီ ၂၀ ကျော်ကြာတယ်။ လမ်းမှာ International Date

www.burmeseclassic.com



Line ကိုဖြတ်ရလို့ အချိန်တစ်ရက်ပျောက်သွားရတယ်။ ဆန်ဖရန်စစ္စကို လေဆိပ်က ကျိုပီ့အတွက် ပြည်ဝင်လေဆိပ်မို့လို့၊ လူဝင်မှုအစစ်အဆေးခံရတယ်။ ခရီးသည်အားလုံး လုံခြုံရေးပေါင်းမိုးအောက်ကို ဖြတ်ရတယ်။ အထုပ်အပိုးတွေကို အိပ်စရေးနဲ့ကြည့်တဲ့ ကိရိယာထဲသွင်းလိုက်ပြီး သူတို့မသင်္ကာရင် ဖွင့်ပြရသေးတယ်။ (ကျိုပီ့ဇနီးသည်၊ နောက်ပိုင်းမှာ လိုက်လာတဲ့အခါကျတော့၊ အထုပ်တွေကို စစ်တဲ့အချိန်မှာ အနားမှာ ပိုင်ရှင်မရှိလေတော့၊ သူ့အထုပ်တွေရဲ့ သော့ခလောက်ကိုဖွင့်မရတာနဲ့ ဘားနဲ့ခွံပြီး ဖွင့်ဖါက်စစ်ဆေးသွားတယ်တဲ့လေ။ ပြီးမှ ဒီလိုလုပ်လိုက်ရတာ ဝမ်းနည်းကြောင်း အထုပ်ထဲမှာ၊ စာရွက်လေးညှပ်ထဲ့ပေးထားတယ်။ လုပ်ပုံများ ကြည့်ပါဦး)။ မအူမလည် ကျိုပီသမျှလည်း လုံခြုံရေး ပေါင်းမိုးအောက်ကိုဖြတ်စဉ်မှာ၊ အချက်ပေးသံမြည်လာလို့၊ သီးသန့်နေရာလေးကိုခေါ်သွားပြီး၊ နှိုက်ချွတ်ရှာခံရတယ်။ လက်နှစ်ဘက်ကို ဆန့်တန်းပေးထားရတယ်။ ရှူးဘိနပ်ကို ချွတ်ပေးရတယ်။ သူတို့ကျေနပ်ပြီဆိုမှ၊ လူဝင်မှုမှာ လက်ဗွေနှိပ်ပေးခဲ့ရပါသေးတယ်။ ဒါနဲ့ပဲ၊ ယူကျီးန်လေယာဉ် မမီတော့ဘူးပေါ့။ နောက်လေယာဉ်ခရီးစဉ်တစ်ခုကို စီစဉ်ပေးပေမယ့်၊ ပေါ့လန်မြို့ကတစ်ဆင့်ဆိုတော့၊ မူလရောက်ရမယ့်အချိန်ထက် ၂ နာရီခွဲကြာတော့မယ်။ ယူကျီးန်မှာကြိုရှာနေမယ့် သင်တန်းမှူး ဟိုဒိန်းဆီဖုံးဆက်ရဦးမယ်ပေါ့။ ရန်ကုန်မှာလို တယ်လီဖုံးရုံနားမှာ ပိုက်ဆံကောက်တဲ့ ကောင်မလေး တွေကိုလည်းမတွေ့။ ဤနေရာတွင်အကြွေထည့်ပါလို့တော့ စာရေးထားတယ်။ အဲဒါမှဂွ။ ဒေါ်လာ အကြွေကပါမလာချေဘူး။ ဘယ်မှာအမ်းရမှန်းလဲမသိ။ အနီးအနားကို ဟိုကြည့်ဒီကြည့်လုပ်နေလိုက်တော့၊ သားသည်မိခင်တစ်ယောက်ရောက်လာပြီး ဘာကူညီရမလဲလို့လာမေးပါတယ်။ အများသုံးဖုန်း အသုံးပြုပုံပြုနည်းကို သူ့အကြွေစေ့တွေနဲ့ ကူညီပြသသွားပါတော့တယ်။ ပထမဆုံးသင်ယူလိုက်ရတဲ့ အမေရိကားကစွမ်းရည်ပါပဲ။

## ဟူးဘတ်ဟမ်းဖရေး စွမ်းရည်မြှင့်တင်ပညာသင်ဆု (Hubert Humphrey Fellowship)

ဒီဆုဟာ အာဖရိက၊ အာရှ၊ လက်တင်အမေရိက၊ကာရစ်ဘီယံဒေသ၊ အရှေ့အလယ်ပိုင်းနဲ့ ယူရေးရှားတို့မှာရှိတဲ့နိုင်ငံတွေက၊ အလယ်အလတ်ရောက်နေတဲ့ ပညာရှင်တွေကို အမေရိကားက အထင်ကရ တက္ကသိုလ်ကြီးတွေမှာ ခေါ်ပြီး တစ်နှစ်တာ စွမ်းရည်မြှင့်တင်ရေးသင်တန်း (Professional enhancement training) တွေပေး၊ ခေါင်းဆောင်မှု သင်တန်း (Leadership Training) တွေပေး၊ သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ်အလိုက် ကိုယ်တိုင်ရွေးချယ်နိုင်တဲ့ အဖွဲ့အစည်း (Affiliated Organization) အသီးသီးမှာ အလုပ်သင်တာဝန်တွေပေး၊ စီမံချက်တွေမှာ ကိုယ်တိုင်ပါဝင်လုပ်ဆောင် ခွင့်တွေပေးထားတဲ့ သင်တန်းမျိုးဖြစ်ပါတယ်။ သက်ဆိုင်ရာပညာရပ်နယ်ပယ်က ပညာရှင်အချင်းချင်း အသိပညာဖလှယ်ခြင်း၊ အဆက်အသွယ်ရယူခြင်း၊ အမေရိကန်ပြည်သူများနှင့် နှစ်ဦးနှစ်ဖက်ရေရှည် အကျိုးဖြစ်ထွန်းစေမည့် မိတ်ဖက်များတည်ဆောက်နိုင်စေ ရန်ရည်ရွယ်လျက် အမေရိကန်နိုင်ငံခြား ရေးဝန်ကြီးဌာန၊ ပညာရေးနှင့်ယဉ်ကျေးမှုရေးရာဗျူရိုမှ အကောင်အထည်ဖော်နေသော အစီအစဉ် တစ်ရပ်ဖြစ်ပါသည်။ ၁၉၇၈ ခုနှစ်က စတင်ခဲ့ပြီး၊ ကွယ်လွန်သူ ဒုတိယသမ္မတနဲ့ဆီးနိတ်အမတ်ဖြစ်ခဲ့သူ၊ ဟူးဘတ်အိပ်ချ်၊ ဟမ်းဖရေးကို ဂုဏ်ပြုတဲ့ အနေနဲ့ ကွန်ဂရက်ကပေးတဲ့ငွေတွေကို ဝါရှင်တန်မှာရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com

## ဒေါက်တာမြင့်ဦး (ဂျီပီ)

အပြည်ပြည်ဆိုင်ရာပညာရေးအဖွဲ့ကြီး (Institute of International Education )က သုံးစွဲပေးနေတာဖြစ်ပါတယ်။ ဘစ်နှစ်ကို ဆုပေါင်း တစ်ရာကျော်ချီးမြှင့်နေကြဖြစ်ရာ၊ မြန်မာနိုင်ငံက ၂၀၀၄ ခုနှစ်အထိဆိုရင်ဒေါက်တာဂျီပီ အပါအဝင် ၃၂ ဦးရရှိပြီးနေပါပြီဖြစ်ပါတယ်။ အလားအလာရှိသောပညာရှင်များအား နိုင်ငံတကာအဆင့်မီ ခေါင်းဆောင်များဖြစ်အောင် ပြေတောင်မြှောက်ပေးသော အစီအစဉ်လည်းဖြစ်ပါသည်။ အရွေးခံရတဲ့ပုဂ္ဂိုလ်တွေကို နိုင်ငံကိုယ်စားပြု လူထုခေါင်းဆောင်များအဖြစ် အသိအမှတ်ပြုပေးထားပြီး၊ သူတို့ နိုင်ငံကခေါင်းဆောင်တွေနဲ့တွေ့ဆုံဆွေးနွေးခွင့်တွေရရှိပါတယ်။ ဖာက်လိုက်ကြီး ဂျီပီဆိုရင် သမ္မတဟောင်း ဂျင်မီကာတာတို့၊ ဒီမိုကရက်တစ် ပါတီ သမ္မတလောင်း ဒေါက်တာ ဟားဝဒ် ဒီးန်တို့စတဲ့ အထင်ကရခေါင်းဆောင်တွေနဲ့ ဂျီပီကိုစွတွေ ဆွေးနွေးဖြစ်ခဲ့ပါသေးတယ်။ ဒါတွေကို နောက်ပိုင်းအခန်းဆက်တွေမှာဖေါ်ပြပေးပါ့မယ်။

အဲ့သလိုနဲ့ ဒေါက်တာဂျီပီဟာ

## ယူနီဗာစီတီ အော်ရီဂွန် (ယူအို)

ယူအိုမှာ အကြိုသင်တန်းတက်စဉ်၊ အမေရိကားသုံးအင်္ဂလိပ်စကားအစ၊ အမေရိကားယဉ်ကျေးမှုကွန်ပျူတာသင်တန်းများ၊ ဘဏ်စာရင်းဖွင့်ပုံ၊ငွေထုတ်ပုံ၊ အစီရင်ခံစာရေးနည်း၊ စီမံကိန်းရေးဆွဲနည်း၊



အော်ရီဂွန် အော်ခက်စထရာ ဇာတ်ရုံရှေ့ အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com



သတင်းဆောင်းပါးရေးနည်း၊ လူထုမိန့်ခွန်းပြောနည်း၊ သူတို့နိုင်ငံရဲ့ဥပဒေ၊ ရဲအမှုဖွင့်နည်း၊ ဆေးရုံဆေးခန်းပြနည်း စသည်ဖြင့် ထောင့်ပေါင်းစုံအောင်သင်ကြားပေးပါသည်။ ပင်မတက္ကသိုလ်ရောက်ရင် ကိုယ်တိုင်ရေးရတော့မယ့် ကိုယ်ပိုင်စီမံကိန်းကို အကြိုလေ့ကျင့်ပေးပါသည်။ တက္ကသိုလ်စာကြည့်တိုက်က အမေရိကားတခွင်ရှိ တက္ကသိုလ်အားလုံးကို အွန်လိုင်းချိတ် ထားတဲ့အတွက် တစ်ခြားတက္ကသိုလ်များက စာအုပ်များကိုလည်း အင်တာနက်သုံးပြီးကြည့်လို့၊ ငှားလို့ရပါတယ်။ ကျောင်းအားရက်ပတ်နှင့် ညအချိန်များမှာ အသုံးပြုဖို့ လက်တော့ကွန်ပျူတာနှင့် ဒစ်ဂျစ်တယ်ဗီဒီယိုကင်မရာများကို အခမဲ့ငှားခွင့်ရှိပါတယ်၊ ၆ ပတ်သင်တန်းမှာ တစ်နေ့ ဘူဖေး ၃ ကြိမ်ကျွေးပြီး အပတ်စဉ်အားရက်မှာ အလည်အပတ်လည်းပို့ပေးပါသေးသည်။ ကျောင်းဆောင်တွေက ဆင်တူတွေဖြစ်နေလေတော့၊ တစ်နေ့ မနက် စောစောထပြီးလမ်းလျှောက်လိုက်တာ ကိုယ့်အဆောင်ကို ပြန်ရှာမရဖြစ်နေလို့ အတန်းတောင် နောက်ကျခဲ့ရပါသေးတယ်။ သူတို့ ရိုးရာ ဘေ့စ်ဘော အားကစားပြိုင်ပွဲ၊ အမေရိကန်ဖွတ်ဘော လို့ခေါ်တဲ့ သပြေသီးလို ဘောလုံးရှည်ရှည်ကို ဝိုင်းလုရကစားရတဲ့အားကစားပြိုင်ပွဲတွေ၊ အော်ရီဂွန်အော်ခက်စတြာ တီးဝိုင်းဧည့်ခံဖျော်ဖြေပွဲ၊ Willamette မြစ်ကမ်းဥယျာဉ်နဲ့ ပစိဖိတ်ကမ်းခြေ၊ အော်ရီဂွန်အလယ်ပိုင်းက Sister Mountain, Cascade Mountain စတဲ့ဒေသတွင်းကတောင်တွေ၊ တောတွေနဲ့ နှစ်ပေါင်း ၆၁၀၀ ကမီးတောင်ဟောင်း၊ စုံလင်အောင်လည်ပတ်ကြရပါသည်။ ဒီအကြိုသင်တန်းမှာ နိုင်ငံ ၁၅ နိုင်ငံက သင်တန်းသား ၁၈ ဦးနှင့်တွေ့ဆုံရင်းနှီးခွင့်ရရှိလိုက်သည်။ သင်တန်းအတူတူတက်နေတဲ့ ပီရူးနိုင်ငံသူ စစ်စီးလီယာရဲ့ မွေးနေ့မှာ သူ့ရိုးရာအကကို ဂါဝန်တကားကားနဲ့ ကိုယ်တိုင် ကပြသွားပြီး၊ ဟက်ပီဘတ်ဒေးတူးယူ သီချင်းကို နိုင်ငံအလိုက် နမ်းစတော့ Nonstop ကိုယ့်ဘာသာနဲ့ကိုယ် သီဆိုပေးကြဖို့စီစဉ်တော့၊ ကိုယ့်ရှေ့မှာ စီနီဂေါ၊ တူနီးရှား၊ ဟေတီ၊ ကမ္ဘောဒီးယား၊ တရုတ်တို့က ဆို သွားပြီး၊ မြန်မာအလှည့်ကျလို့ မိုင်ယမ်းမား Myanmar လို့လဲ အော်လိုက်ပါလေရော၊ ဂျီပီကလည်း ဘာရမလဲ၊ မြန်မာလို လျှပ်တပြက်ဆိုချလိုက်ပါတော့တယ်။ ဟက်ပီဘတ်ဒေသီချင်းအလိုက်နဲ့ " ပျော်ရွှင်မွေးနေ့ စစ်စီးလီယာ၊ ပျော်ရွှင်မွေး_ နေ့ကျင်းပတာ၊ စစ်စီလီယာမွေး_ နေ့ပွဲ_ကြီးမှာ၊ အားလုံးဝိုင်းကာ_ နမ်း_မယ်။

နမ်းမယ်ဆိုတဲ့ အဓိပ္ပာယ်များသိသွားလို့ကတော့ စစ်စီးလီယာတစ်ယောက် ဂျီပီ့ကိုဘယ်လိုများ တုံ့ပြန်လေမည်မသိ။ ။ အဟီ။

## ဘေ့စ်ဘောကစားပြိုင်ပွဲ

အမေရိကန်ရိုးရာ ဘေ့စ်ဘောပွဲကိုလိုက်မပြခင် စာသင်ခန်းထဲမှာ အရင်ရှင်းပြပါတယ်။ လေးထောင့်ပုံကွင်းရဲ့ထောင့်မှာ တင်းနစ်ဘောကို တုတ်နဲ့ရိုက်ပြီး ပတ်ပြေးရတဲ့ အသင်းနှစ်သင်း ယှဉ်ပြိုင်ကစားရတဲ့ပွဲဖြစ်ပါတယ်။ တစ်ဘက်အသင်းကဘောလုံးပစ်ပေးပြီး ရိုက်တဲ့အသင်းက ပတ်ပြေးရမှာဖြစ်ပါတယ်၊ အမှတ်ပေးစည်းမျဉ်းတွေ၊ ဘေ့စ်ဘောအီဒီယံတွေရှင်းပြပေမယ့် ကိုယ်နဲ့ မရင်းနှီးလို့ သိပ်မရှင်းလှပါဘူး။ မြို့နယ်အဆင့်ကျင်းပတဲ့ကွင်းက သုဝဏ္ဏအားကစားကွင်းလောက် ကြီးပါတယ်၊ အဲယားကွန်းနဲ့မှန်ခန်းထဲကကနေကြည့်ရတဲ့နေရာမှာ ဂျီပီတို့အဖွဲ့ကို နေရာချထား

www.burmeseclassic.com




အမေရိကန် ဘေ့စ်ဘောအားကစားပွဲ

ပေးပါတယ်။ အပေါ်ထပ် စားသောက်ခန်းကအစားအစာတွေကိုမှာစားလို့ရပါတယ်။

ကစားပွဲမစခင်မှာ သူတို့နိုင်ငံတော်အလံကို တီးဝိုင်းကနိုင်ငံတော်သီချင်းနဲ့အတူ အလေးပြုကြရပါတယ်။ အသင်းနှစ်သင်း နေရာလဲချိန်မှာ ကြော်ငြာကဝင်ပါသေးတယ်။ ကွင်းထဲကို မော်ဒယ်တွေဝင်လာပြီး သီဆိုကပြ ကြော်ငြာကြတာပါ။ ကန်ပစ္စည်းတွေကို ပရိသတ်ထဲ လေမှုတ်စက် အမြောက်နဲ့ပစ်ပေးပါတယ်။ ဟစ်ပွဲဂိန်းသွားရင် တီးဝိုင်းက ရင်ဖိုစရာ တီးလုံးတွေပေါ်ထွက်လာလို့ ဘယ်သူအမှတ်ရမှန်းမသိပေမယ့် ကိုယ်လဲထခုန်ပြီးအားပေးမိတာပါဘဲ။ ပြိုင်ပွဲ နှစ်သင်းက Oregon Duck နဲ့ Durham Bull ဖြစ်လို့၊ ဘဲအသင်းကအမှတ်ရရင် ပွဲကြည့်စင်အထက်မှာရှိတဲ့ ဘဲရုပ်ကြီးက ခြေထောက်ယက်ကန်ယက်ကန်နဲ့ လှုပ်ရှားပြီး တဂတ်ဂတ်နဲ့ မြည်ပါတယ်။ နွားသိုးကြီးကနိုင်တဲ့အခါ နွားရုပ်ကြီးကဟဘူးဘူးနဲ့ နှာခေါင်းက၊ လေတွေကို မှုတ်ထုတ်ပါလေရောတဲ့တယ်။ ညဉ့်နာရီလောက်ကတည်းက သရေကျနေတဲ့ပွဲကို ဟစ်ပွဲပြီး တစ်ပွဲ ဆက်ကစားလိုက်တာ၊ ၁၁နာရီထိုးကာနီးမှ အော်ရီဂွန် ဒတ်က ကပ်ပြီးနိုင်သွားပါတော့တယ်။

## မွေးစားမိသားစု (Host Family)

အမေရိကား လွတ်လပ်ရေးနေ့ (ဇူလိုင် ၄ ရက်) နဲ့ အားလပ်ရက်တွေမှာတော့ အမေရိကားမိသားစု တစ်စုအိမ်မှာ အနေခိုင်းပြီး သူတို့စရိုက်နဲ့ ကိုယ့်စရိုက်ကို ဖလှယ်ကြရသည်ပေါ့။ မီးရထားစာရေးကြီး၊ သမီးပျိုနှစ်ယောက်နဲ့ အတူနေတဲ့ Mr.Dirk Anderson ရဲ့ အိမ်ကိုသွား နေရတယ်။ ကုန်တိုက်တွေမှာ ဈေးဝယ်လိုက်ပို့ပေးပြီး မြို့စွန်က တောင်ပေါ်ကိုလည်းလိုက်ပို့ပေးပါတယ်။ ညနေစာသူတို့အိမ်မှာ ချက်စားကြမယ်ဆိုတော့ သူတို့အစာနဲ့ကိုယ့်အစာ အပြိုင်ကျွေးရတော့မယ်လေ။ သူတို့က



www.burmeseclassic.com

www.burmeseclassic.com



ချိစ်တွေ မလိုင်တွေပါတဲ့ ဟင်းရွက်သုတ်နဲ့ ပေါင်မုန့်ကိုပြင်ကြတယ်၊ ကိုယ်ကလည်းဘာရမလဲ။ အုန်းထမင်းနဲ့ ကြက်သားဟင်းကို ချက်ပြရတော့တာပေါ့။ ကြက်သွန်နီကို ပါးပါးလှီးပြီး ဆီသတ်လိုက်တာ၊ ညှော်နံ့မခံနိုင်ကြရှာလေတော့ အိမ်ပြင်ထွက် ရှောင်နေကြတယ်။ အုန်းသီးခြစ်ဖို့ရာကမလွယ်လေတော့ ကုန်တိုက်ကဝယ်လာတဲ့ စည်သွတ်အုန်းနို့ကို သုံးရတာပေါ့။စားကြပြီဆိုတော့၊ ဘာပြောကောင်းမလဲ၊ ကိုကိုနတ်ရိုက်စ်၊ ကိုကိုနတ်ရိုက်စ် နဲ့ လွေးလိုက်ကြတာ။ ရန်ကုန်ကယူလာတဲ့ ကုလားလေး ဟင်းမွှေးမဆလာ ထည့်ချက်တာတောင် သူတို့အဖို့တော့တရှူးရှူးတရှဲရှဲနဲ့ပေါ့။ ကြက်သွန်ချဉ် ပူစီနာထဲ ရှမ်းငရုတ်သာ ထည့်လိုက်လို့ကတော့၊ ဘယ်လိုများ ငံ့ကာလွေး ကြလေမည်မသိ။ (သူတို့မှာက သားတွေ မြေးတွေနဲ့ Extended Family အဖြစ်နဲ့ ပျော်ပျော်ပါးပါး နေလေ့မရှိကြလေတော့ ဘယ်လိုလုပ်သားမြေးတွေနဲ့ ဘယ်ညာတွေးကြရနိုင်မှာလဲလေ)။

နောက်တနေ့မှာ တော်တော်ရင်းနှီးသွားကြပြီဖြစ်လို့ စင်သီးရာနဲ့ ထရီဇာ သမီးငယ်နှစ်ယောက်က ဂျီပီကို ဆံပင်ညှပ်ပေးပါရစေဆိုပြီး တောင်းဆိုလာတယ်။ ကိုယ်ကလဲ ညှင်းသိုးသိုးဖြစ်နေပြီဖြစ်လို့ ညီမလေးတွေက အကိုကြီးကိုပြုစုတာပဲဆိုပြီး လက်ခံလိုက်မိတယ်လေ။ စက်ကိရိယာတွေယူလာပြီး တစ်ခေါင်းလုံးကိုညှပ်ပါလေပြီ။ လျှပ်စစ်စက်ကပ်ကျေးကို ဦးခွံကနေ တစ်လက်မ ခွါချိန်ထားပြီး ညှပ်ချလိုက်တာ စင်သီ' ရာ နဲ့ ထရီ' ဇာ တို့ရဲ့ "ရာဇာ" ကေ လို့ ခေါ်မလားပဲ၊ ဂျီပီခမျာ ဘုန်းကြီး လူထွက်လိုလို၊ လွတ်ငြိမ်းချမ်းသာခွင့် ရလာတဲ့လူလိုလိုနဲ့ ကိုယ့်မွေးစားညီမများရဲ့ ကြည်စားတာကို ခံလိုက်ရရှာပါတယ်။ အဆောင်ပြန်မပို့ခင်နေ့မှာ မြန်မာတိုက်ပုံနဲ့ ခေါင်းပေါင်းကိုကြိုက်လှချည်ရဲ့ဆိုလို့အဖေကြီး Mr. Dirk Anderson ကို မနက်ကတည်းက ဝတ်ဆင်ပေးထားလိုက်ရတာ။ အဆောင်ရောက်တော့မှပဲ မနည်းချွတ်ယူထားလိုက်ရပေတော့တယ်။ ဒါတောင်အင်တင်တင်လုပ်နေသေးလို့ ရွှေတိဂုံဘုရားက ဝယ်လာတဲ့ အိုးစည်လေးနဲ့ ချွင်ချွင် လင်းကွင်းလေးကို လက်ဆောင်ပေးပြီးချွေးသိတ်လိုက်ရပါသေးတယ်။ (အော် မြန်မာမှုကိုမြတ်နိုးရှာတဲ့ ဒတ်အင်ဒါဆင်ရယ့်)

## ကန်ထရိုင်းပတ်ဘလစ်ဟောက်စ် စားသောက်ဆိုင်ကြီး

ကျောင်းအားရက်တစ်ရက်မှာ သင်တန်းကဆရာတစ်ယောက်နဲ့သိကျွမ်းတဲ့ မြန်မာမိသားစုတစ်စုအိမ်ကိုရောက်ရှိသွားပါတယ်။ သူတို့က ယူဂျီးန်မှာ ဂျပန်အစာ ဆူရှီး ဆိုင် ၃ ဆိုင်ဖွင့်ထားပါတယ်။ ဆူရှီး ဆိုတာက ထမင်းကို ဗနီဂါအချဉ်ရည်နဲ့နယ်ပြီး ကြိတ်ထားတဲ့ပင်လယ်ရေမှော် ခြောက်ပြားနဲ့လိပ်၊ အထဲမှာ ဌာပနာအဖြစ် ထောပတ်သီး၊ သခွားသီး၊ ကျူးနာငါး၊ ဆာလမွန်ငါး၊ ငါးရှဉ့်၊ ကဏန်း၊ ပုဇွန်၊ မုံလာဥနီ၊ သခွါးသီး စတာလေးတွေ တစ်မျိုးမျိုးထည့်ပြီး၊ ကောက်ညှင်းခြေထောက် အပိုင်းလေးတွေလို အလိပ်ကလေးတွေဖြစ်အောင်လုပ်ထားတဲ့ အစာဖြစ်ပါတယ်။အမေရိကားမှာ မြန်မာလူမျိုးတော်တော်များများရဲ့ အလုပ်ဖြစ်နေကြပါတယ်။ ဝါဆိုလပြည့်ဖြစ်နေလို့ သူတို့က ယူဂျီးန်မြို့နဲ့ မိုင် ၁၀၀လောက်ဝေး တဲ့ ပေါ့လန်မြို့က သီရိမင်္ဂလာ မြန်မာဘုန်းတော်ကြီးကျောင်းကိုကားနဲ့ လိုက်ပို့ပေးပါတယ်။ ကနေဒါနိုင်ငံနဲ့နီးနေလို့ ဗန်ကူးဗါးမြို့က မြန်မာတွေလည်း ဝါဆိုသင်္ကန်းလာကပ်တာကိုတွေ့ရပါတယ်။ အပြန်မှာ ဆေးလမ်မြို့ကိုဖြတ်ရမှာမို့၊ ရန်ကုန် အမေရိကန်စာကြည့်တိုက်က မေရီ



www.burmeseclassic.com

www.burmeseclassic.com

## ဒေါက်တာမြင့်ဦး (ဂျီပီ)

အယ်လင်ကန်ထရီမင်းရဲ့ ညီမ ဆူဇန်ကန်ထရီးမင်း ဖွင့်လှစ်ထားတဲ့ စားသောက်ဆိုင်ကို ဝင်ကြဖို့ စီစဉ်ကြပါတယ်။ ဆိုင်ကဝင်းသေးသေးမှာဖွင့်ထားပေမယ့် ငါးမွေးကန်လေးတွေ၊ ကျောက်ဆောင်လေးတွေနဲ့ သပ်သပ်ရပ်ရပ်ရှိလှ ပါတယ်။ ဆိုင်ထဲရောက်တော့ ဆူဇန်တို့လင်မယားက ခရီးဦးကြိုပြုပြီး ပြင်ပလေသာစားသောက်စားပွဲမှာ နေရာချထားပေးပါတယ်။စားပွဲမှာ ဂျီပီနဲ့အတူ ညှော်သည်အဖြစ် လိုက်ပို့ပေးတဲ့ မြန်မာလင်မယားရယ်၊ သူတို့သား ၁၁ နှစ်အရွယ်ရယ်၊ ဆူဇန်တို့လင်မယားရယ် အားလုံးခြောက်ယောက် ထိုင်ကြပါတယ်။ စားပွဲထိုးက သောက်ရေလာချပေးပြီး ဆူဇန်က စားချင်ရာမှာစားဖို့ မင်းနျူး စာရင်းချပေးပြီးညှော်ခံပါတယ်။ ကိုယ်က ညှော်သည်ဆိုတော့ မြန်မာပီပီ ကိုယ်တိုင်မှာရမှာကို အားနာနေတာနဲ့ ဘာမှမမှာ ဖြစ်ပါဘူး။ ဆူဇန်ကတော့မှာပြီး ကိုယ့်ရှေ့မှာ အားရပါးရ အားမနာ တမ်းဝါးမျိုနေပါပြီ။ ဆူဇန့်ယောကျ်ားက ဂစ်တာတီးပြီး သီချင်းဆိုပြနေပြန်သေးတယ်။ မြန်မာလင်မယားက ''ဆရာ၊ မှာတော့လေ'' ဆိုပြီး နောက်နေပြန်ပါသေးတယ်။ ပြန်ကာနီးမှာ ရန်ကုန်က ယူလာတဲ့ ကျောက်စီပန်းချီကား ၂ ချပ်ကို စားသောက်ဆိုင်မှာ ချိတ်ဆွဲထားဖို့ လက်ဆောင်ပေးလိုက်တော့ သူတို့စားသောက်ဆိုင်ရဲ့ တီရှပ်တစ်ထည်စီကို လက်ဆောင်ပြန်ပေးကြပါတယ်။ အမေရိကန်ယဉ်ကျေးမှုအရ ဘာစားမလဲဆိုတာ နှစ်ခါပြန်မေးရိုးထုံးစံမရှိလေတော့ စားသောက်ဆိုင်ကြီးထဲမှာ ဆိုင်ရှင်ကိုယ်တိုင်ကညှော်ခံနေပေမယ့်လည်း ကိုရွှေဂျီပီခမျာ ရေသောက်ပြီးပြန်ခဲ့ရရှာပါသတဲ့လေ။ (ကဲ့ ကိုယ်ရွှေမြန်မာတို့ရှေ့ အမေရိကားများရောက်ခဲ့လို့ရှိရင်၊ သူများကညှော်ခံလိုက်တာကို သိပ်လက်နှေးနေလို့မရဘူးဆိုတာတွေ့ခဲ့ရပြီနော်– ကိုယ့်များ ဒီလိုအခွင့်အရေးမျိုးကြုံကြိုက်လာခဲ့လို့ကတော့ အားမနာတမ်း မှာသာမှာပြစ်လိုက်ကြသီလား)။

အဲ့သလို နဲ့ ဒေါက်တာဂျီပီဟာ ...

ပုံပြောရတာ လေသိပ်ရှည်သွားပြီဖြစ်လို့ နောက်လကျမှပဲ ဆန်ဖရန်စစ္စကိုတို့ နယူးရောက်တို့ အကြောင်းဆက်တော့မယ်။ ရှေ့လကျမှ ဆက်နားထောင်ပေတော့။ အခုတော့

ကိုင်းပုံပြင်လေးကို ခဏ နားကြဦးစို့ရဲ့။ ။

❑❑❑



www.burmeseclassic.com

www.burmeseclassic.com



# အမေရိကားရောက်ဒေါက်တာဂျီပီပုံပြင် – ၃

(The Story of Dr. Gee Pee in America)

Narrator: ပုံပြောသူ။
ဒေါက်တာမြင့်ဦး (အလုံ)

(စရဏမဂ္ဂဇင်း။ အတွဲ–၁။ အမှတ်–၁၀။ မေလ–၂၀၀၅။ တွင်ဖော်ပြပါရှိပြီး)။

၃။ ဆန်ဖရန်စစ္စကိုမြို့မှမြန်မာဆရာဝန်များ။ မြောက်ကယ်ရိုလိုင်းနားတက္ကသိုလ်မိတ်ဆက်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလတော့ အမေရိကားရောက် ဂျီပီပုံပြင်ကို ဆန်ဖရန်စစ္စကို ခရီးစဉ်နဲ့ ဆက်လိုက်ကြရအောင်။ အဲ့သလို ့ နဲ့ ဒေါက်တာဂျီပီဟာ ့

## ဆန်ဖရန်စစ္စကိုတံတားများ

သူ့ခမျာ ကံကောင်းနေပြန်တော့ ဆန်ဖရန်စစ္စကို ကိုနှစ်ကျော့ပြန်တောင်ရောက်သွားခဲ့ရပါသတဲ့။ ပထမအကြိမ်က အကြောင်းကိုအရင်ပြောပြမယ်။ အော်ရီဂွန်တက္ကသိုလ်မှာရှိနေတုံး ဆန်ဖရန်စစ္စကိုနားက ပလယ်စီတန်မြို့မှာ ဆေးခန်းဖွင့်တဲ့ ဆေး (၁) ၇၉ ခု ဘွဲ့ရ သူငယ်ချင်း ဒေါက်တာဒေးဗစ်ဇော်လင်းက၊ ဂျီပို့ကို စားရိတ်ခံဘိတ်ကြားလာတယ်လေ။ ကျောင်းအားရက်မှာ သွားလည်ရတာပေါ့။ အီးမေးလ်ကနေ လေယာဉ်လက်မှတ်ကိုတွဲပြီးပို့ပေးလိုက်တာ။ လေဆိပ်မှာ ကိုယ့်ပတ်စပို့ပြပြီး အီးတစ်ကက်နဲ့လေယာဉ်တက်စီးရုံပဲ။ SF Bay Area လို့ခေါ်တဲ့ နေရာတွေကို အလည်ပို့ပေးရှာတယ်။ ကမ္ဘာကျော် ဂိုးလ်ဒင်းဂိတ်တံတားကြီးနဲ့ ဘေးဘရစ်ဂျ်လို့ခေါ်တဲ့ နှစ်ထပ်တံတားကြီးကိုလည်း ကျော်ဖြတ်ခဲ့ရတယ်။ ဂိုးလ်ဒင်းဂိတ်တံတားက Suspension ကြိုးတံတားအမျိုးအစားဖြစ်ပြီး ပေပေါင်း ၈၉၈၁ ပေ ရှည်ပါတယ်။ တံတားပေါ်မှာ ၆ လမ်းသွား ကားလမ်းမကြီးက ပြူးနေလို့ ကားတွေက ဥဒဟိုပါပဲ။ တံတားဖြတ်ခကား တစ်စီးကို အသွား ၅ ဒေါ်လာပေးရတယ်။ အပြန်ကျပေးစရာမလိုဘူး။ ဘေးဘရစ်ဂျ်ကြီးကတော့ ၄.၃၅ မိုင်ရှည်လျားပြီး ဆန်ဖရန်စစ္စကိုမြို့ကိုအရှေ့နဲ့ အနောက်၊ ယားဘားဗျူးနားကျွန်း၊ အုတ်ကလန်ကျွန်းတို့နဲ့ ဆက်သွယ်ပေးထားပါတယ်။ တံတားနှစ်ထပ်ပေါ်မှာ တစ်နေ့ကို မော်တော်ယာဉ်အစီးပေါင်း ၂သိန်း ၈ သောင်းကျော်ဖြတ်နေပါသတဲ့။ ၁၉၈၉ ခုနှစ်က လိုမာပရီတာ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်ဆီးခဲ့ရတဲ့ တံတားဖြစ်ပါတယ်။ (ဂျီပီပုံပြင်–၁ တုံးကပြောပြသွားတဲ့ ဖလော်ရီဒါယူနီဗာဆယ် စတူဒီယိုထဲမှာ ငလျင်အတုပြုလုပ်ပြပြီး တံတားနှစ်ထပ်ကို ချိုးပြတာလေ၊ မီးရထားတွဲကြီးပေါ်မှာလေ၊ မှတ်မိပြီလား။ အဲဒီတံတား။ အဲဒီတံတား။) အခုတော့ ငလျင်ဒဏ်ခံနိုင်အောင် ပြန်လည်ပြုပြင်ပြီးသွားပါပြီ။

## တံငါဆိပ်ကမ်းနဲ့စားသောက်ဆော်ဒီ

Fisherman Wharf လို့ခေါ်တဲ့ တံငါဆိပ်ကမ်း ရပ်ကွက်က ညနေဘက်ဖျော်ဖြေမှုလေးတွေက စိတ်ဝင်စားဖို့ကောင်းလှပါတယ်။ အရင်ဆုံး Star Buck ကော်ဖီဆိုင်ကိုဝင်ကြတယ်။ လက်ခုတ် ၃ ချက်တီးပြီး၊ဆူပါမှာသလိုမှာပေးမယ့်စားပွဲထိုးတွေမရှိဘူး။ ဝမ်းတီး၊တူးကော်၊ပေါ့ကျ ဆိုတဲ့အသံတွေ ဝေလာဝေး။ ဒေးဗစ်က ကောင်တာမှာတန်းစီ ငွေရှင်းပြီးတော့ စက္ကူခွက် ၂ ခွက် ယူလာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ခွက်ကိုကိုယ်ကိုင်ပြီး ကော်ဖီဘုံဘိုင်ကနေ ကိုယ်လိုသလောက်ဖွင့်ထဲ့ရတာ။ နို့ကျ တော့ နို့မှုန့်အထုပ်ကပဲဖြစ်ဖြစ်၊ နို့စိမ်းကရားက ဖြစ်ဖြစ်ကိုယ်ကြိုက်တာထဲ့လို့ရတယ်။ သကြား ထုပ်ကလေး တွေကို၊ ကော်ဖီဘုံဘိုင်ဘေးမှာချပေးထားတယ်။ နှစ်ထုပ် ဖေါက်ထည့်ပြီး မြည်းကြည့်တော့၊ အမလေး။ ခါးတူးနေတာပဲ။ ဒါနဲ့ နောက်နှစ်ထုပ်ထပ်ဖေါက်ထည့်လိုက်တယ်။ နောက်က တန်းစီနေတဲ့လူက နည်းနည်းစူးစမ်းကြည့်၊ ကြည့်လာပြီ။ ကော်ဖီက ခါးနေသေးတာပဲ။ နောက်ထပ် သုံးထုပ် ထပ်ဖေါက် ထည့်ပြီး မွှေနေလေတော့ တဆိုင်လုံးကပြူးပြီးဝိုင်းကြည့်ကုန်ပြီ။ ဒေးဗစ်လည်း ရှက်တယ်ထင်ပါရဲ့။ ခပ်လှမ်းလှမ်းကိုခွာသွားပြီ။ ဒါနဲ့ ကိုယ်ရှိန်သပ်ပြီး ဖေါက်ပြီးသား သကြားထုပ် စက္ကူတွေကို အမှိုက်ပုံး ထဲကိုထည့်၊ ကော်ဖီခွက်ကိုင်ပြီး စတိုင်နဲ့မလိုင်နဲ့ ဆိုင်ပြင်ထွက်မယ် အလုပ်မှာ၊ ဝန်ထမ်းက အဝကနေ တားပါလေပြီ။ ဒုက္ခပဲ။ သကြားထုပ်ဖိုးတွေများ ထပ်ပေးရဦးမလားမသိပါဘူး။ အရည်ပါတဲ့ ဗူးတွေခွက် တွေကို အဖုံးမပါဘဲ အပြင်ကို မသယ်ရဘူးလို့ပြောတာပါ။ ဒါ သူတို့ဆီက စည်းကမ်းပဲ။ ခုန နေရာ ကို လက်ညှိုးထိုးပြပြီး ကော်ဖီခွက်ကို အဖုံးပြန်စွပ်ခိုင်းနေပါတယ်။ အပြင်မှာကိုင်ရင်း လှုပ်ရင်၊ဖိတ်ပြီး ဟိုစင်ဒီစင်မဖြစ်အောင်လို့ပါတဲ့။ အော် စည်းကမ်း စည်းကမ်း။ ဒါနဲ့ပြန်ပြီး၊ အဖုံးပြန်စွပ်ပြီး၊ စုပ်ပိုက်တပ်ခဲ့ရတယ်။ အပြင်ရောက်တော့ ဒေးဗစ်က၊ ဒီကလူတွေက စတားဘတ်ကော်ဖီကို သကြားမပါပဲ ဒီတိုင်းသောက်ကြတာကွ၊ မင်း သောက်နိုင်အောင် လေ့ကျင့်ထားတဲ့။ အော်၊ သိပါပြီ၊ တော်ပါပြီ၊ နိုင်ငံကျော် ဆခါးဘတ်၊ အဲ့ စတားဘတ်ရယ်။ ။

**(စည်းကမ်းဆိုလို့ အမေရိကားမှာ မော်တော်ကားစီးရင် ဒရိုင်ဘာရယ်၊ ရှေ့ခန်းထိုင်တဲ့ သူရယ်၊ ထိုင်ခုံခါးပတ် Seat Belt ကြိုးကို ပုခုံးပေါ်ကနေကျော်ယူပြီး၊ တစ်ဖက်ခါးမှာ၊ ကလစ် (Click) ခနဲမြည်အောင်တပ်ပြီးမှစီးခွင့်ရှိတယ်။ ဟိုင်းဝေးလမ်းမကြီးတွေမှာ Click it or Ticket ! ဆိုတဲ့ သတိပေးဆိုင်းဘုတ်တွေရေးထားတယ်။ ခါးပတ်တပ်မစီးရင် ဒဏ်ကြေးလက်မှတ် (Ticket) အဖြတ်ခံရမယ်လို့ သတိပေးရေးထားတာပါ)။**

ကမ်းနားစပ်တလျှောက်၊ လမ်းဘေးဝဲယာမှာ ဈေးတန်းရှည်ကြီးနဲ့၊ တီးဝိုင်းငယ်များနဲ့၊ သီဆိုငြည့်ခံမှုမျိုးစုံပါဘဲ။ ရန်ကုန်တန်ဆောင်တိုင်ပွဲကျနေတာပဲ။လမ်းဘေးမှာ စက်ရုပ်ဂြိုလ်သား နဲ့ တွဲပြီး ဓာတ်ပုံရိုက်ဖြစ်လိုက်သေးတယ်။ လူကဂြိုလ်သားဝတ်စုံဝတ်ပြီး စက်ရုပ်လိုလှုပ်ရှားပြတာပါ။ တံ တားအမှတ် ၃၉ ကနေ သဲသောင်ကမ်းစပ်ကိုဆင်းပြီး လူတွေနဲ့ယဉ်ပါးနေတဲ့ ပင်လယ်ဖျံ Sea Lions တွေနဲ့တွဲပြီး ဓာတ်ပုံရိုက်ကြသူတွေလည်းတပုံကြီးပါပဲ။ ညပိုင်းကျတော့ တလမ်းလုံး ကြိတ် ကြိတ်တိုးစည်ကားနေပါပြီ။ စားသောက်ဆိုင်တွေရဲ့ အပြင်အဆင်တွေကိုကြည့်ပါဦး။ လျှောင်လှုပ်လို့ပြိုကျ ပျက်ဆီးနေတဲ့ ကယီးကယိုင် အဆောက်အဦပုံစံ အဝဖေါ်ထားတဲ့အဝင်ဝကနေ၊ အထဲမှာ ယိုင်လဲနေတဲ့ တိုင်လုံးကြီးတွေကြားမှာ စားသောက်စားပွဲတွေချ။ ပြီးတော့ အရောင်းပစ္စည်း အခင်းအကျင်းတွေ ဆင်ယင်။ နောက်တစ်ဆိုင်ကျပြန်တော့၊ ကျေးငှက်သာရကာတွေ ရှိတဲ့ မြိုင်သာယာလေးထဲကို ဖြတ်ဝင်သွားပြီး အထဲက သစ်တောအုပ်ကြီးထဲမှာ၊ လှုပ်ရှားနေတဲ့ ဆင်တွေ၊ မျောက်တွေကြားက၊ မီးမှိန်မှိန်စားသောက်စားပွဲတွေမှာ ဝင်ထိုင်ပြီးစားရတာ။ စားသောက်နေတုံး စားပွဲနားကိုဆင်လိပ်ပြာ ကြီးတွေကဖြတ်ပျံသွားလိုက်သေးတယ်။ တောမြိုင်ကြီးရဲ့ အသံဗလံတွေကိုလည်း ခံစားခိုင်းထားတယ်။



www.burmeseclassic.com

www.burmeseclassic.com




ကြဲကြဲဖန်ဖန်ကို ဆိုင်တွေကိုခင်းကျင်းပြင်ဆင်ထားလိုက်ကြတာလေ။

## အမေရိကားရဲ့အကောက်အကွေ့ဆုံးလမ်း

ကယ်လီဖိုးနီးယား၊ ဆန်ဖရန်စစ္စကိုရဲ့ နောက်ထပ်စိတ်ဝင်စားစရာတစ်နေရာကတော့ Lombard Street လို့ခေါ်တဲ့ အမေရိကားမှာ အကောက်အကွေ့ဆုံးလမ်းမကြီး Crookedest Street ပါပဲ။ ဗစ်တိုးရီးယန်းရပ်ကွက်က တောင်ကုန်းပေါ် အိမ်တွေကြားထဲကနေ လမ်းစောက်စောက်တွေအတိုင်း မြွေလိမ်မြွေကောက်၊ အတိမ်းအစောင်း၊ အကွေ့အကောက်တွေနဲ့ အောက်ရောက်အောင် ကားမောင်းဆင်းရတာ အသဲတဖိုဖို ရင်တလှပ်လှပ်ပါပဲ။ ကမ္ဘာလှည့်ခရီးသည်တွေနဲ့ စည်ကားတဲ့ နေရာတစ်ခုပေပဲပေါ့။

## မိသားစုဆရာဝန် ပေါင်းစုဆေးခန်း (Group Family Practice)



တစ်ခါသုံး စက္ကူအင်္ကျီဝတ်၍ အစမ်းသပ်ခံနေသော အမျိုးသမီးလူနာ

သူငယ်ချင်း ၆ ယောက်ပေါင်းပြီး ကိုယ်ပိုင်ဆေးခန်းဖွင့်ထားကြတယ်တဲ့။ ရန်ကုန်မှာတုံးကသူ့နံမယ်ကဒေါက်တာ ဇော်လင်း။ အခုတော့ ဒေါက်တာဒေးဗစ်ချီး David Chee, MD ဖြစ်နေပြီ။ အမေရိကားရောက်နေတာ ၁၀ နှစ်ကျော်ပြီ။ အမေရိကန်ဆေးကုလိုင်စင်စာမေးပွဲ USMLE: United States Medical Licensure Examination ဖြေဆိုအောင်မြင်ပြီး၊ မိသားစုဆေးပညာ အလုပ်သင် Residency ၃ နှစ်ဆင်းခဲ့ရသေးတယ်။ အမေရိကားမှာ ကိုယ်ပိုင်ဆရာဝန်ဆိုတော့ လူချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



စာရင်းဝင်ပြီပေါ့။ သူတို့ဆီမှာ တစ်ယောက်ထဲထိုင်တဲ့ Solo Practice ဆေးခန်းကရှားသွားပြီ။ ဆေးခန်းဖွင့်ဖို့က စည်းကမ်းချက်တွေကများလှတယ်။ နေရာထိုင်ခင်းကအစ၊ လူနာမှတ်တမ်း၊ ပစ္စည်းကိရိယာ၊ ကျွမ်းကျင်ဝန်ထမ်း၊ ကျန်းမာရေးအာမခံ၊ လူနာစစ်ဆေးမှု၊ ကုသမှု၊ ပညာပေးအစီအစဉ်၊ လူနာညွှန်းပို့မှု၊ အားလုံးကို သတ်မှတ်စည်းကမ်းနဲ့အညီ လုပ်ရတယ်။ တခုခု လစ်ဟင်းသွားလို့ကတော့ လူနာ သို့မဟုတ် ရှေ့နေတွေက တရားစွဲ (Sue) လုပ်ဖို့ အဆင်သင့်ပဲလေ။ ဆရာဝန်ကဆေးမလိုက်လို့ပါတဲ့၊ လူနာကကံမကောင်းရှာလို့ပါလို့ဆိုပြီး ခွင့်လွှတ်တတ်တဲ့လူက ဘယ်ရှိမှာတုံး။ လျော်ကြေးပေးလိုက်ရလို့ကတော့ တစ်သက်စာရှာထားတာလေးတွေ ပြောင်ဖို့သာပြင်ပေတော့။ ဆရာဝန်တွေခမျာ ဆေးကုလိုင်စင်သက်တမ်းတိုးဖို့အတွက် စီအမ်အီးသင်တန်းတွေ လိုက်တက်နေရပြီး ရမှတ် ခရက်ဒစ်တွေကို စုရတယ်။ ခုနှစ်နှစ်တစ်ခါ စာမေးပွဲကြီးလည်း ပြန်ဖြေရသေးတယ်။ ပလက်စင်တန်မြို့က သူ့ဆေးခန်းရောက်တော့ ညနေ ၄နာရီ ထိုးတော့မယ်။ မြန်မာပြည်က ဂျီပီ ပဂေးကြီးလာတယ်ဆိုတော့ ဝန်ထမ်းတွေက ထွက် ကြိုကြတယ်။ သူတို့ဆီက ဆေးခန်းအများစု က မနက် ၈နာရီ က၊ နေ့လည်၁၂ နာရီနဲ့ ညနေ ၁ နာရီက ၅ နာရီ ဖွင့်ကြတာ။ ပြမယ့်လူနာက ကြိုတင် စာရင်းပေးထားရပြီး ၁၀ မိနစ်လောက် စောလာရင်ရပြီ။ စောင့်စရာမလိုတော့ဘူး။ လူနာက စမ်းသပ်ခန်းထဲမှာ ကြိုတင်ရောက်နေရတယ်။ အမျိုးသမီးလူနာ စမ်းသပ်မယ်ဆိုရင် အဝတ်တွေ အကုန်ချွတ်ပြီး တစ်ခါသုံးစက္ကူအင်္ကျီကို ဝတ်ပြီးစောင့်နေရတယ်။ အကြောတက်လွန်းလို့ အကြောဆေးထိုးပေးပါဆိုတဲ့ လူနာမျိုးတွေ၊ ဆေးနာနာထိုးမှ ဆေးကောင်းတယ်လို့ဆိုတဲ့ လူနာတွေ၊ မတွေ့ခဲ့ရပါဘူး။ ဆေးဖိုးဝါးခ


တစ်ခါသုံးစက္ကူ အခင်းခင်းထားသော လူနာစမ်းသပ်ခုတင်

ဘယ်လိုပေးရသလဲ၊ သိချင်ကြမှာပေါ့နော်။ လူနာစာရင်းသွင်းပြီးတာနဲ့ "သင့်မှာ ငွေပေးချေရန် တာဝန်ရှိသည်" လို့ နံရံမှာ စာကပ်ထားတယ်။ ဆေးဖိုးကို ဆရာဝန်ညွှန်ကြားတဲ့ ဆေးဆိုင်အတိုင်း Pharmacy မှာဆေးသွားယူပြီးရင် အဲဒီမှာ တခါထဲငွေပေးချေရတယ်။ ဝါးခကတော့ လူနာအိတ်ကပ်ထဲက တချို့ပေးရပြီး ကျန်ခပ်များများကို Medicare တို့ Medicaid တို့လို့ခေါ်တဲ့ ကျန်းမာရေးအာမခံစနစ်တွေဆီကို ဆရာဝန်တွေက Bill တင်ပြီးတောင်းရတယ်။ လူနာက ငွေသိပ်စိုက်ထုပ်စရာတော့ မလိုတော့ဘူးပေါ့။ အကြွေးက အာမခံကုမ္ပဏီတွေဆီကို ရောက်သွားတယ်လေ။ တော်တော်တော့ရှုပ်တာပဲ။ ဆရာဝန်က လူနာတစ်ယောက်ကို ၁၅ မိနစ် ကနေ၊ ၁နာရီလောက်အထိ အချိန်ပေးဆွေးနွေး



www.burmeseclassic.com

www.burmeseclassic.com






ဆေးခန်းနှင့် ဆေးရုံသုံး အရေးပေါ် **Advance Life Support** လူနာတင်ယာဉ်

တယ်။ တနေ့ကြည့်မယ့် လူနာကို သတ်မှတ်ထားပြီးဖြစ်တယ်။ ဆရာဝန်တစ်ယောက်ဟာ တနေကုန်မှ လူနာ ၃၀-၃၅၊ ဒါအလွန်ဆုံးပဲ။ ဂျီပီတို့နိုင်ငံက ညည့်နက်သန်းခေါင်အထိ တနေ့ကိုလူနာ ၂၀၀ လောက်ကြည့်ပြီး၊ လူနာတစ်ယောက်ကို နှစ်မိနစ် နှုန်းလောက် ကြည့်နေတဲ့ အထူးကုဆရာကြီးတွေကို သူတို့က သိပ်ဝေဖန်တာပဲ။ ဒေးဗစ်က ဆေးခန်းထဲကိုလိုက်ပြပါတယ်။ ဆေးခန်းဆိုပေမယ့် ဆေးရုံတစ်ရုံလား အောက်မေ့ရတယ်။ ကျယ်လွန်းလို့။ လူနာစမ်းသပ်ခန်းချည်းပဲ ၉ ခန်း ရှိတယ်။ စောင့်ဆိုင်းခန်းက ၂ ခန်း၊ ပညာပေးခန်း ၁ ခန်း၊ အီးစီဂျီ ခန်း ၂ ခန်း၊ ဓာတ်ခွဲခန်း ၂ ခန်း၊ အသေးစားခွဲစိတ်ခန်း ၂ ခန်း၊ လူနာမှတ်တမ်းသိမ်းဆည်းခန်း၊ ဆေးဝါးသိုလှောင်ခန်း၊ စုံနေအောင်ပါပဲ။ ဆေးရုံတင်ရမယ့် လူနာတွေကို ပလုမ်းမကာမ်းက ပုဂ္ဂလိကဆေးရုံနဲ့ ချိတ်ထားပြီး ညွှန်းပို့ရတယ်။ သူ့လူနာကို အဲဒီဆေးရုံမှာ လိုက်ကြည့်ရင်၊ ပိုက်ဆံက ရလိုက်သေးတယ်။ ဆေးရုံဖက်ကိုလိုက်ပြတော့ ဆေးခန်းတစ်ခုက အရေးပေါ်ပို့လာတဲ့ လူနာတစ်ယောက်ကို ဟယ်လီကော်ပတာနဲ့ သယ်သွားတာ တွေ့ လိုက်ရပါတယ်။ သူတို့ဆေးခန်းကိုကြည့်ပြီး ရန်ကုန်က ဂျီပီ ဆေးခန်းနဲ့ယှဉ်ပိတော့ နဲနဲတော့ အားငယ်စိတ် ဝင်လာမိသလားပဲ။ ဒီ ဒါပေမယ့် ကိုဂျီပီရဲ့ တာဝန်က ဘဝတူ မြန်မာဂျီပီတွေကို မြှင့်တင်ဖို့မဟုတ်ပါလား။ အမေရိကားမှာ ရသလောက် လေ့လာသွားပြီး ဟို ပြန်ရောက်တော့ အတွေ့အကြုံတွေ ရှင်းပြ ဝေငှရမှာပေါ့။ ဂျီပီတို့တတွေ ကြိုးစားကြရဦးမယ်လေ။

အဲ့ သလိုနဲ့ ဒေါက်တာဂျီပီဟာ .

## ဆေးမကုသော မြန်မာဆရာဝန်များ

ဒေးဗစ်တို့လို ဆေးကုတဲ့ မြန်မာဆရာဝန်တွေအများကြီးရှိသလို အခြေနေအရပ်ရပ်ကြောင့် တခြား အလုပ်အကိုင်ကိုလုပ်နေရတဲ့ အမေရိကားရောက်မြန်မာ ဆရာဝန်တွေလည်းတပုံကြီးပါ။ ရေ



www.burmeseclassic.com

www.burmeseclassic.com



ကြည်ရာမြက်နုရာ ထွက်လာကြပေမယ့် အဆင်ပြေသလိုစခန်းသွားကြရတယ် မဟုတ်ပါလား။ ကိုယ့်နိုင်ငံတွင်းမှာတောင့်သေးမကျကြဘဲ၊ ကန်ထရိုက်လုပ်တဲ့ ဆရာဝန်တွေ၊ ပုံနှိပ်တိုက်ဖွင့်သူ၊ ရွှေဆိုင်ဖွင့်၊ ကားဝယ်ရောင်း၊ ကုမ္ပဏီထောင်၊ သင်္ဘောထောင်၊ ဆန်စက်တည်။ ရှိသေးတာပဲလေ။ ပြီးတော့ သူတို့ဝင်ငွေတွေက ဆရာဝန်တွေထက်တောင်စားသာကြသေးတယ်မဟုတ်လား။ ဒီလိုပဲ အမေရိကားမှာလည်း မှန့်တိုက်ဖွင့်တဲ့ ဆရာဝန်၊ ကားဝပ်ရှော့ထောင်၊ ဆူရှီးဆိုင်ဖွင့်၊ ဓာတ်မှန်ရိုက်၊ ကုမ္ပဏီမှာလုပ်၊ ရေဒီယိုစတေရှင်မှာလုပ်၊ အိမ်ရောင်းအိမ်ဝယ်၊ မြေရောင်း မြေဝယ်လုပ်တဲ့ဆရာဝန် စုံလို့ပါပဲ။ သူတို့ထဲမှာလဲ ဆရာဝန်ထက်ချမ်းသာတဲ့ လူတွေရှိပါတယ်။ သူ့နိုင်ငံနဲ့ သူ့ဝင်ငွေပေါ့နော်။

## ၅၉ ဆေး(၁) သူငယ်ချင်းတစ်စုတွေ့ဆုံပွဲ

မနက်ဖြန်အော်ရီဂွန်ကိုပြန်ရတော့မယ်ဆိုတော့၊ ညဖက် ဒေးဗစ်အိမ်မှာ ဆေး(၁) ၅၉ ခုဘွဲ့ရ ဆန် ဖရန်ရောက် သူငယ်ချင်းတစ်စုတွေ့ဆုံကြပါတယ်။ ပါတီအသေးစားလေးဆိုတော့ အမေရိကန်ထုံးစံအတိုင်း ဧည့်သည်တွေက ကိုယ့်အိမ်က စားစရာတွေ၊ ယမကာတွေ မျိုးစုံအောင်ယူဆောင်လာကြရတယ်။ အားလုံး ၁၀ ယောက် တက်ရောက်လာတယ်။ ကျိုပီ့ကိုလည်းလက်ဆောင်တွေ ပေးပေါ့။ ကျိုပီ့ကိုဝိုင်းမေးကြတယ်။ နင်က မြန်မာပြည်မှာကျောင်းပြီးကတည်းက ကျိုပီပဲထိုင်ပြီး ကျိုပီဘဝနဲ့ ဘယ်လိုတယ်ပုံများ အမေရိကားကို ရောက်လာရတာလဲတဲ့လေ။ ကျိုပီရခဲ့တဲ့ ပညာသင်ဆုရဲ့ထူးခြားပုံကို ပြောဆိုရှင်းပြပေးရတယ်။ ကာရာအိုကေတွေဆိုပြီးကြတော့၊ ဒေးဗစ်အိမ်က စောင်းကောက်ကြီးကို ကျိုပီကကြိုးညှိပါလေပြီ။ မြန်မာပြည်အလွမ်းပြေ၊ နှင်းပျောက်တဲ့နွေ၊ ဆိုတီးလေးကို ဝိုင်းပြီးဩဘာပေးလိုက်ကြတာ။ ဒါတင်ဘယ်ကဦးမလဲ။ ကျိုပီကိုယ်တိုင်ဆောင်ယူလာတဲ့ ဝါးပုလွေလေးနဲ့၊ တောမြိုင်ခြေလယ်သီချင်းလေးကို ကြွပြလိုက်တာ၊ ဒစ်ဂျစ်တယ်ကင်မရာတွေနဲ့ ဝိုင်းရိုက်ကြပြီး "အမေရိကားရောက်ဒေါက်တာကျိုပီတစ်ယောက် ပုလွေမှုတ်နေပုံ" ဆိုပြီး ၅၉ ဆေး(၁) ဝက်ဘ်ဆိုက်မှာတင်ပြီး ကြော်ငြာကြတယ်လေ။ ကိုကျိုပီ ပုလွေမှုတ်တာ လူတကာသိကုန်ပါပြီ။ (စောင်းတီးတာတော့၊ မကြော်ငြာကြဘူးဟင်း။) ။

## အမေရိကန်ပြည်သူ့ကျန်းမာရေးအသင်းကြီး (American Public Health Association-APHA) ညီလာခံ

၁၃၁ကြိမ်မြောက် အမေရိကန်ပြည်သူ့ကျန်းမာရေးအသင်းကြီးရဲ့ နှစ်ပါတ်လည်ညီလာခံကို ဆန်ဖ ရန်စစ္စကိုမြို့ရဲ့ မော်စကိုးနီ စင်တာမှာ နိုဝင်ဘာလလယ်မှာကျင်းပခဲ့ပါတယ်။ ဒီလိုနဲ့ပဲ ကိုကျိုပီဟာ နောက်တစ်ကျော့ပြန် ဆန်ဖရန်ကို ဒုတိယအကြိမ်ရောက်ခဲ့ရပြန်တယ်။ ဒီတခါ စားရိတ် အတွက် သူ့အစီအစဉ်က ဒေါ်လာ ၂၀၀၀ ထုတ်ပေးတယ်လေ။ ဒီငွေတွေကို သူ့စွမ်းရည်မြှင့်တင်ရေးစီမံချက်မှာ သုံးရမှာပါ။ မကုန်ရင် ပြန်အပ်ရမှာမို့(ကုန်ရင်ထပ်တောင်းလို့ရတယ်)ဆန်ဖရန်ကို နောက်တစ်ကျော့ ထွက်ခဲ့ရပြန်ပါပြီ။ အရင်တခါရောက်တုံးက စိတ်ကြိုက်နေရာလေးဖြစ်တဲ့ တံငါတံတားရပ်ကွက်က Radisson ဟိုတယ်မှာတည်းခိုကြတယ်။ ကျန်းမာရေးနဲ့ပတ်သက်တဲ့ အိမ်နီးနိုင်ငံက ကျန်းမာရေးဦးစီး

www.burmeseclassic.com



ညွှန်ချုပ်ကြီးရယ်၊ ဥရောပနိုင်ငံက ဆေးရုံအုပ်ကြီးရယ် ဂျီပီနဲ့အတူ ပါလာကြတယ်။ ဂျီပီက အရင် ရောက်ဖူးပြီးပြီဆိုတော့ ဆရာကြီးဖြစ်နေပြီလေ။ ကေဘယ်ကားစီးနည်းတွေ၊ လိုင်းကားစီးနည်းတွေ၊ BART (Bay Area Rapid Transit) ရထားစီးနည်းတွေ ဂျီပီကသင်ပေးနေရပါပြီ။ (မှတ်သား လောက်အောင် စတားဘတ်ကော်ဖီ သောက်ခိုင်းလိုက်ရဦးမယ်။) ညီလာခံကို ကမ္ဘာအနှံ့အပြားက ကိုယ်စားလှယ် တစ်သောင်းကျော်တက် ရောက်ကြပါတယ်။ ဖလော်ရီဒါမှာ ဂျီပီတက်ရောက်ခဲ့တဲ့ ဝမ်ကာညီလာခံလိုပဲ ကြီးကျယ်ခမ်းနားလှပါတယ်။ ဒါ့ကြောင့်သိပ်လေကြောမရှည်တော့ပါဘူးနော်။ ကွာခြားချက်ကတော့ ပြည်သူ့ကျန်းမာရေး Public Health နဲ့ ပိုမိုပါတ်သက်တယ်လို့ပဲ မှတ်ထား လိုက်ကြပါတော့။

## အမေရိကန်ရောက်မြန်မာဆရာဝန်များအသင်း
## (Myanmar Medical Association-North America)

အဲ့ ဒါတော့နဲနဲလေးရှည်ရလိမ့်မယ်။

ဘီအမ်အေ–အင်န်အေလို့ခေါ်တဲ့ အမေရိကားရောက်မြန်မာဆရာဝန်များစုပြီးဖွဲ့ထားတဲ့ အသင်းမှာ အသင်းဝင် ၅၀၀ ကျော်ရှိပါတယ်။ တခြားကယ်လီဖိုးနီးယားပြည်နယ် မြန်မာဆရာဝန် အသင်း ဆိုတာရှိသေးပေမယ့် ဘီအမ်အေ–အင်န်အေက ဂျီပီ သိသလောက်အကြီးဆုံးလို့ ပဲယူဆရပါ တယ်။ ကနေဒါနိုင်ငံက မြန်မာဆရာဝန်တွေလည်း အဖွဲ့ဝင်အဖြစ်ပါဝင်ကြပါတယ်။ တစ်နှစ်တခါ ညီလာခံ ကျင်းပရာမှာ ၂၀၀၃ ဩဂုတ်လမှာ ၁၃ ကြိမ်မြောက်ညီလာခံကို နယူးရောက်မြို့ ဟေလ် တန် တိုင်းမ်စကွဲ ဟိုတယ်ကြီးမှာ ကျင်းပခဲ့ပါတယ်။ အသင်းဥက္ကဋ္ဌ ဒေါက်တာသန်းဝင်းက ဂျီပီကို စားရိတ်ခံပြီး ဖိတ်ကြားလာလို့ အော်ရီဂွန်ကနေ၊ သူ့ရဲ့ ပင်မတက္ကသိုလ် ယူအင်န်စီကိုအသွားမှာ နယူးရောက်ကို ရောက်ခဲ့ရပါလေပြီ။ ဆရာသန်းဝင်းက လေဆိပ်မှာလာကြိုပြီး၊ လမ်းမှာ ကုလသမဂ္ဂ အဆောက်အဦတို့၊ ဝေါလ်စထရိ Wall Street လမ်းမကြီးတို့၊ Broad Way လမ်းမကြီးတို့၊ အကြမ်းဖက်တိုက်ခိုက်ခံခဲ့ရတဲ့ ဝေါလ်ထရိတ်စင်တာနေရာ Ground Zero တို့ကို လှည့်ပတ်ပြသပါတယ်။ ညနေဖက်မှာ Statin Island စတာတင်ကျွန်းကိုလိုက်ပို့ရင်း အမေရိကားရဲ့ လွတ်လပ်မှုပြယုဂ် Statue of Liberty လစ်ဘာတီရုပ်တုကြီးကိုတွေ့ခဲ့ရပါလေပြီ။ ပြီးမှ ညီလာခံကျင်းပမယ့် တိုင်းမ်စကွဲ ကိုလာကြတယ်။ နောက်တနေ့စာတမ်းဖတ်ပွဲမှာ မြန်မာဂျီပီတွေရဲ့ ကြိုးပမ်းမှုတွေကိုတင်ပြပေးဖို့ တောင်းဆိုလာတဲ့အတွက် အော်ရီဂွန်တက္ကသိုလ်တုံးက ပြင်ဆင်လာတဲ့ The Role of GPs in Primary Health Care စာတမ်းကို ဂျီပီလှုပ်ရှားမှုဓာတ်ပုံများ၊ Video Script များနဲ့ ဝေဝေဆာဆာ တင်သွင်းလိုက်ပါတယ်။ မြန်မာဂျီပီတွေရဲ့ အခြေအနေမှန်ကို သိရှိသွားကြလို့၊ သူတို့အဖွဲ့က မြန်မာဂျီပီ တွေကို အပြည်ပြည်ဆိုင်ရာညီလာခံတွေ တက်ရောက်နိုင်ရေးနဲ့၊ အမေရိကန် ဆေးပညာဂျာနယ်တွေ ပေးပို့နိုင်ရေးအတွက်အကူအညီတွေပေးဖို့ကမ်းလှမ်းဆွေးနွေးမှု စတင်လာပါတော့တယ်။ ညဖက်၊ ဂျင်ဖေါင်းစားရိပ်မြုံမှာ မြန်မာ ဆရာဝန် ၅၀၀ ကျော်တက်ရောက်တဲ့ ညစာစားပွဲကိုစည်စည်ကားကား ကျင်းပခဲ့ကြပါတယ်။ ဓါသနာက မနေနိုင်လေတော့ ဖတ်လိုက်ကြီး ဒေါက်တာကိုပီလည်း ဒေါက်တာတံ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ရဲ့တီး ဝိုင်းနဲ့တွဲဖက်ပြီး အပျိုကြီးမမ သီချင်းကို ကိုယ်ကလေးလှုပ်ကာ၊ ခါးကလေးရမ်းကာ သီဆိုလေပြီပေါ့။ ဆရာဝန်မမ အပျိုကြီးများရဲ့ ဒေါ်လာဆုချပြီး တခဲနက်အားပေးမှုကိုရရှိသွားပြန်ပါလေပြီ။ နောက်ထပ်တစ်ပုဒ်ဆိုပါဦးလို့ ဆိုလာပြန်လေတော့၊ အင်း . ဘာများဆိုရပါ့မလေလဲ။အရင်ရန်ကုန်တုံးက အိပ်ချ်အိုင်ဗွီ ဝပ်ရှော့တစ်ခုမှာသီဆိုခဲ့ဘူးတဲ့၊ အဆိုတော် ဆုံသင်းပါရ် ရဲ့ ဒန်ဒီးဒီးဟားဒီး။ ဒန်ဒီးဒီးဟားဒီးဟေး အလိုက်၊ ကိုယ်တိုင်စာသားဖျက်ပြီး သီကုံးထားတဲ့ "ကွန်ဒွန်သုံးမှ ဖြစ်မယ်ကွယ်" ဆိုတဲ့ သီချင်းကို ဆရာဝန်ပရိသတ်ကြီးရှေ့မှာ ဆိုချပြလိုက်ပါတော့တယ်။ ဒီ တစ်ခါမှာတော့ မမအပျိုကြီးများ ခေါင်းပုကုန်ကြလေပြီကော။ ကျိုပီရဲ့သတင်းတွေကို သူတို့ဘီအမ်အေအင်န်အေရဲ့ နယူးစ်လက်တာမှာ ထည့်သွင်းဖော်ပြကြတယ်လေ။

အဲ့ သလိုနဲ့ပဲ ဒေါက်တာကျိုပီဟာ

## မြောက်ကာရိုလိုင်းနားတက္ကသိုလ် ယူအင်န်စီ (University of North Carolina)

နယူးရောက်ညီလာခံပြီးတာနဲ့ မြောက်ကရိုလိုင်းနားပြည်နယ်၊ ချပ်ပယ်ဟေးလ်မြို့ကို လေယာဉ်စီးပြန်တယ်။ တမြို့လုံး တက္ကသိုလ်ပရဝုဏ်ချည်းပဲမို့ တက္ကသိုလ်မြို့တော်လို့ပြောရင်ရတယ်။ ယူအင်န်စီလို့ခေါ်တဲ့ မြောက်ကရိုလိုင်းနား တက္ကသိုလ်ကြီးမှာ ၁၀ လကြာအောင် Post Grad သင်တန်းတွေတက်ရဦးမယ်လေ။ ဩဂုတ်လကဒီဇင်ဘာအထိ Fall နဲ့ ဇန်နဝါရီကမေအထိ Spring ။ ဆယ်မယ်စတာ Semester ၂ခုမှာ စာသင်ရမှာ။ ကိုယ့်လုပ်ငန်းနဲ့ကိုက်မယ်ထင်တဲ့၊ နိုင်ငံတကာကျန်းမာရေးစနစ်နှိုင်းယှဉ်ချက်(International Comparative Health System )၊ ကျန်းမာရေးမူဝါဒစိစစ်ခြင်း (Health Policy Analysis)၊ ကပ်ရောဂါဗေဒ(Epidemiology)၊ ဆရာဝန်လုပ်ငန်းထိန်းကွပ်ခြင်း (Physicians Practice Management)၊ ကျန်းမာရေးစီမံခန့်ခွဲမှု

(Health Administration)၊ နှင့် ကျန်းမာရေးဘောဂဗေ (Health Economics)၊ တို့ကို ကိုယ့် စိတ်ကြိုက်ရွေးချယ်ပြီး ပြည်သူ့ကျန်းမာရေးသင်တန်းကျောင်းကြီး School of Public Health မှာ သင်ယူခဲ့ရပါတယ်။ ကျောင်းလခတွေကို ဟမ်းဖရေးအစီအစဉ်က သွင်းပေးပါတယ်။ လက်တော့ကွန်ပြူတာဝယ်ဖို့ ဒေါ်လာ ၅၀၀၊ စာအုပ်ဖိုး ၇၅၀၊နဲ့ လစဉ် အခန်းငှား၊ နေထိုင်စားသောက်ဖို့ ထောက်ပံ့ငွေ တွေကို Bank of America ဘဏ်မှာ Visa Card နဲ့ Checking Account ဖွင့်ပြီး သပ်သပ်သွင်းပေးထားပါသေးတယ်။ ငွေပေးချေရင် စက္ကူ ပိုက်ဆံတွေ ပေးစရာမလိုတော့ပဲ၊ ဗီဇာကတ်ကလေးနဲ့ ပေးချေတတ်နေပြီလေ။ ဒီကျောင်းတော်ကြီးက အမေရိကားမှာ Johns Hopkins ပြီးရင် အဆင့် ဒုတိယ ချိတ်ထားပါတယ်။ တစ်ချိန်ထဲမှာ ဟမ်းဖရေးအစီအစဉ်ရဲ့ တစ်ပတ်တစ်ခါ ခေါင်းဆောင်မှု ဆွေးနွေးပွဲလေးတွေကိုလည်းတက်ရပြန်ပါတယ်။ ဒီအစီအစဉ်ရဲ့ အဓိကကျောရိုးဖြစ်တဲ့ Professional Development and Affiliation လို့ခေါ်တဲ့ ပညာရပ်ပေါင်းကူးအဖွဲ့အစည်းကို ကိုယ့်ဖာသာကိုယ်ရှာရဦးမယ်လေ။

ယူအင်န်စီမှာ ဟမ်းဖရေးမောင်ပေါက်ကျိုင်း ၁၀ ယောက်ရှိပါတယ်။လို့။ ၄င်း-တို့-မှာလို့ အိုမန်နိုင်ငံက ကျန်းမာရေးဦးစီး ညွှန်ကြားရေးမှူးချုပ်ကြီး မစ္စတာအလီအယ်လ် ဟတ်ဆီ။



www.burmeseclassic.com

www.burmeseclassic.com

## ဒေါက်တာမြင့်ဦး (ဂျီပီ)

ဂျော်ဒန်နိုင်ငံက စာရင်းကိုင်ရုံး အမှုဆောင်အရာရှိချုပ် မစ္စ ရှဂ္ဂီဖျူထရိုစ်။ ဥရုဂွေး ကသေးရုံးအုပ်ကြီး မစ္စ ဒယ်နီရဲလာ။ ပါလက်စတိုင်းက ဂျေရုဆလင်ရေပေးဝေရေး ညွှန်ကြားရေးမှူး မစ္စတာ ဖါးရာ့ဂျ်။ ပါကစ္စတန် လူသားအရင်းမြစ် ဒုတိယဝန်ကြီး မစ္စတာ နာစီယာ။ အာမေးနီးယားနိုင်ငံ ယူရေးရှား ဖေါင်ဒေးရှင်း အစီအစဉ်ရဲ့ ညှိနှိုင်းရေးမှူး မစ္စတာ ဖါ့ဇ်ကန်။ မက္ကစီကိုနိုင်ငံ ဗဟိုဆက်သွယ်ရေးရုံး အကြံပေးအရာရှိ မစ္စအင်ဒရီယားနား။ တောင်ကိုရီးယားနိုင်ငံ အလုပ်သမား ဝန်ကြီးဌာန သတင်းထုတ်ပြန်ရေး ညွှန်ကြားရေးမှူး မစ္စဆွန်ဂီပါတ်။ သီရိလင်္ကာနိုင်ငံက ထုတ်ကုန် မြှင့်တင်ရေး ဥပဒေအရာရှိချုပ် မစ္စချန်ဒြာနီ. နဲ့. မြန်မာနိုင်ငံက ကိုယ်တော်ချောလေး ဒေါက်တာ ကို–ဂျီ–ပီ။ (တို့.– ဖြစ်–ပါ–တယ့်.လို့)။ ။ကဲ့ အဲ့သလို မိတ်ဆက်ပေးလိုက်တော့ ကိုရွှေဂျီပီ ကို အထင်ကြီးမသွားကြပေဘူးလား။ ဆရာဝန်ဆိုလို့ ဂျီပီ တစ်ယောက်ထဲ ပဲပါတာနော့။

အဲ့ သလိုနဲ့ ဒေါက်တာဂျီပီဟာ –

ရှေ့လကျရင် ဟမ်းဖရေး မောင်ပေါက်ကျိုင်းတို့ဘယ်လို စခန်းသွားကြတယ်ဆိုတာတွေ၊ ဘယ်လိုစကားတွေ မေးပါများလို့ ဘယ်ပုံစကားတွေရကုန်ကြသလဲဆိုတာတွေ။ ဘယ်တွေကို သွားပါ များလို့ ဘယ်တွေကိုများ ခရီးပေါက်ခဲ့ကြသလဲဆိုတာတွေ။ ဂျီပီတစ်ယောက် ဘယ်လိုမအိပ်မနေ (အသက်ရှည်အောင်) ကြိုးစားခဲ့ရသလဲဆိုတာတွေကို ဆက်လက်၊ဆက်လက် ရှိုး အဲ ပြောပြဦး မယ်နော်။ စောင့်ပြီးတော့သာ နားထောင်ကြပေတော့။

❑❑❑



www.burmeseclassic.com

www.burmeseclassic.com



# အမေရိကားရောက်ဒေါက်တာဂျီပီပုံပြင် – ၄

(The Story of Dr. Gee Pee in America)

Narrator: ပုံပြောသူ။
ဒေါက်တာမြင့်ဦး (အလုံ)

(စရဏမဂ္ဂဇင်း။ အတွဲ–၁။ အမှတ်–၁၁။ ဇွန်လ–၂၀၀၅။ တွင်ဖော်ပြပါရှိပြီး)။

၄။ ယူအန်နီစီတက္ကသိုလ်ကျောင်းသားဘဝ။ ဝါရှင်တန်မိတ်ဆက်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဂျီပီဟာ ပါတ်ဝန်းကျင်အသစ်၊ နိုင်ငံသစ်မှာ ကြည်နူးပီတိ အဆန်းအသစ်တွေနဲ့ ချည်း ကြုံတွေ့နေရတာ ၂လတောင်ကျော်လာပြီဆိုတော့ သူ့မိခင်မြေကို လွမ်းစပြုပါလေပြီ။

အဲ့ _ သလိုနဲ့ ဒေါက်တာဂျီပီဟာ_

## ရှမ်းဘိုက်ပုံနဲ့ ကချင်လုံချည်

ယူအင်နစ်စီ တက္ကသိုလ်ကြီးရောက်စမှာ ဂရင်းဗွီးတာဝါ (Granvilles Tower) လို့ခေါ်တဲ့ တက္ကသိုလ် ဧည့်ရိပ်သာမှာ ယာယီစတည်းချရတယ်။ ဧည့်ရိပ်သာဆိုပေမယ့် တနေ့နေခ၊ ၄၅ ဒေါ်လာ ပေးရတယ်၊ ကိုယ့်ဖါသာကိုယ် ဝယ်ခြမ်းစားသောက်ရပါသေးတယ်။(အကြိုတက္ကသိုလ် အော်ရီဂွန်တုံး ကနဲ့ကွာပ့ါ)။ တစ်ဖက်အဆောင် အောက်ထပ်မှာဖွင့်ထားတဲ့ တရုတ်စားသောက်ဆိုင်က ဟင်း မျိုးစုံ (ဘူဖေးကို၊ဆိုင်မှာအဝစားရင် ၉၅ ဒေါ်လာပေးရမှာမို့) တပေါင်ကို ၃၅ ဒေါ်လာပေးပြီး ကိုယ့် အခန်းထဲကိုပါဆယ်သယ်ယူစားသောက်ရှာပါတယ်၊ ကျောင်းမှာ ကွန်ပျူတာသုံးတာ သိပ်မကျွမ်းကျင် သေးလေတော့၊ ဂျီပီ့အတွက် ကွန်ပြူတာဆရာမကို သီးသန့်ငှားထားပေးပါတယ်။ နာမည်က မစ္စ မော်နီကာတဲ့။ အရပ်က ၅ ပေ ၁၀ လက်မ။ အသက်က ၂၅ နှစ်။ နှုတ်ခမ်းက ထော်ထော်။ အမေရိကန်နီးဂရိုးမ။(အမေရိကားဆိုပြီး ဘိုအဖြူတွေကြီးမအောက်မေ့လိုက်ပါနဲ့အုံး။ နိုင်ငံလူဦးရေ ၂၈၀ သန်းမှာ ဟစ်စပန်းနစ်၊လက်တီနို၊နီးဂရိုးအမည်းတွေက ၃၅ သန်းလောက်ရှိပါတယ်။အများစုက ဂျီပီရောက်နေတဲ့တောင်ပိုင်းမှာနေကြတယ်။) မော်နီကာကသူမရဲ့ အောက်နှုတ်ခမ်းမှာ ငွေရောင် ကွင်းလေးကို စတိုင်အဖြစ် ဖေါက်ပြီးတပ် (ပန်)ထားတယ်။ ဂျင်းဘောင်းဘီကို ခါးပေါ်အောင်ဝတ်ထားတော့ ခါးမည်းမည်းမှာ လိပ်ပြာပုံဆေးမင်ကြောင်ရုပ်က အထင်းသားပေါ်နေတော့တာပေါ့။သူ့ခမျာ ဂျီပီ့ကို ကူညီချင်ရှာလွန်းလို့ ဂျီပီသွားလေရာ အပေါ်လိုက်ပေးတတ်တယ်။ ယူအင်စီမှာ ဟမ်းဖရေးသင်တန်း သားတွေစုံပြီဖြစ်လို့၊ (ကျောင်း ဆောင်တွေမှာကလည်း နေရာလပ်မရှိတော့ပြီဖြစ်လို့၊) ကိုယ့်ဖါသာကိုယ် လပေးအခန်းငှားနေ ကြဖို့၊ အပါ့တ်မင့် အရှာထွက်ကြရပြီလေ။ ကျောင်းအရှိန်နဲ့မို့ ကျောင်းနားနီးလေ၊ အခန်းခက ဈေးကြီးလေပါပဲ။ ၄ ရက်လောက်ရှာပြီးပေမယ့် ဈေးသက်သာတဲ့ အခန်းကမရသေးဘူး။ ရှာလို့ တွေ့သမျှက တစ်ထောင် ဝန်းကျင်တွေချည်းဖြစ်နေတယ်၊ ပါလက်စတိုင်းသားနဲ့ အာမေးနီးယမ်း တို့ကတော့ နှစ်ယောက်ခန်းကို ရှယ်ယာ လုပ်နေလိုက်ကြလို့၊ အဆင်ပြေသွားကြပြီ၊ ကိုယ်နဲ့ ရှယ်လုပ်ဖို့က သီရိလင်္ကာ ကုလားမ။ ပြီးတော့ တောင်ကိုရီးယားမ။ ဒါပဲကျန်တယ်။ (ဒါတွေနဲ့တော့ မရှယ်လိုက် ပါရစေနဲ့ဗျာ)။ အို မဖြစ်သေးပါဘူး။ ဂျီပီကိုယ်တိုင်ကလဲ သူ့ဇနီးကို ခေါ်ယူဦးမယ်လို့မှန်းထားလေတော့၊ သီးသန့်အခန်းရမှ ဖြစ်မှာပါလေ။ အခန်းတွေလျှောက်ကြည့်ပြီး စိတ်ပျက်လက်ပျက်နဲ့၊ တစ်ညနေခင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းရှေ့လူစည်ကားတဲ့ ဖရန်ကလင်လမ်းမကြီးထောင့်က အုတ်ခုံမှာ မော်နီကာနဲ့အတူ ထွက်ထိုင်နေလိုက်ကြတယ်။ ''ဟေး၊ ခင်ဗျား မြန်မာပြည်ကလာတဲ့သူလား'' တဲ့။ ထားဝယ်သံဝဲဝဲနဲ့။ ချပ်ပယ်ဟေးမှာ ပထမဦးဆုံး ရွှေမြန်မာကိုတွေ့ရပါလေပြီ။ သူ့ရဲ့ ကယ်မရီကားကိုလမ်းဘေး ထိုးရပ်လိုက်ပြီး မေးလာပါတယ်။ ဂျီပီ့ကိုလဲကြည့်ပါဦး၊ ဝတ်စားထားတာက ရှမ်းတိုက်ပုံနဲ့၊ ကချင်လုံချည်နဲ့။ နံဘေးမှာ ကမ္ဘောဇလွယ်အိပ်ကို လွယ်ထားလိုက်သေးတယ် ဆိုတော့။ ဒီဂိုက်ကိုကြည့်ပြီး မြန်မာဆိုတာ တန်းသိတော့တာပေါ့။ ဒါနဲ့ သူကမိတ်ဆက်လာပြီး နဘေးက ကပ္ပလီမကိုလည်းစူးစိုက်ကြည့်တယ်။ မိတ်ဆက်လာသူ (ထားဝယ်သား)ကို အခန်းဝိုင်းရှာပေးဖို့ အကူအညီတောင်းကြည့်ရပါတော့တယ်။ သူက ဒီအမည်းမပါ ပါလာမှာလားတဲ့။ ဟာ၊ နိုး၊နိုး။ မဟုတ်ရပါဘူး၊ မဟုတ်ဘူး။ အကြောင်းစုံကိုရှင်းပြရတယ်။ ကံကောင်းချင်တော့ သူကလည်းတကိုယ်တည်းသမား။ ဒါနဲ့ ကိုရွှေထားဝယ်သားက သူနဲ့ပေါင်းနေဖို့ဖိတ်ခေါ်ပါလေတော့တယ်။ ဒီလူငယ်က စားသောက်ဆိုင်မှာ စားဖိုမှူး Chief Cook လုပ်ပြီး၊ တစ်ပတ် ၄ ရက် ကွန်ပြူတာကျောင်းကို ပြေးတက်လိုက်သေးတယ်ဆိုပဲ။ အတူနေဖို့နဲ့ စားစရိတ်ကို တစ်ဝက်စီစိုက်ကြ ဖို့ ကမ်းလှမ်းလာလေတော့ ဂျီပီခမျာ ဘယ်မှာ ငြင်းဆန်နိုင်တော့မှာလဲ။ နောက်တစ်နေ့က စပြီး ပြောင်းရွှေ့လိုက်ပါသွားပါလေတော့သတဲ့ကွယ်။ (ချပ်ပယ်ဟေးမြို့မှာ မြန်မာလူမျိုး ၅၀ လောက်နေ ထိုင်ကြပြီး အများစုက ပညာအရည်အချင်း အားနည်းရှာကြပါတယ်။ သူတို့က ယူအင်စီမှာ House Keeping (သန့်ရှင်းရေး) အလုပ်လုပ်ကြတာ နာမယ်ကောင်းရနေကြပြီ။ တချို့ကျတော့ ဆူရှီးလိပ်ကြ တယ်။ အမေရိကန်လက်တီနိုတွေနဲ့ မက်စီကန် အမည်းတချို့ဆိုရင် အလုပ်တောင်မလုပ်ကြပဲ ဟုမ်းမလက်စ် Homeless ဆိုတဲ့စာတန်း ကလေးချိတ်လို့ လမ်းဆုံမှာတောင်း စားနေကြတာတပုံကြီးပါပဲ။ (အဲသလို အိုးအိမ်မဲ့တွေ၊ အမေရိကန်တစ်နိုင်ငံလုံးမှာ ၃၅ သန်း လောက်နဲ့၊ ကျန်းမာရေး အာမခံငွေမသွင်းနိုင်ရှာတဲ့သူတွေက ၄၃ သန်းကျော်ရှိပါတယ်တဲ့)။ တို့ မြန်မာတွေကသူတို့တွေလို ဟုတ်ဖူး။ တွေ့လား။ ကိုယ့်ကိုယ်ကိုအားကိုးတတ်ကြတယ်။ ဘယ်တော့ မှလက်ဖြန့်မတောင်းဘူး။ ဂျီပီသကောင့်သားကတော့ ပညာသင်ဆုနဲ့လာပြီး၊ ဆရာဝန်လည်း ဖြစ်ပြန်ဆိုတော့၊ မြန်မာလူငယ်တွေ က ဆရာတင်ကြတော့တာပေါ့လေ။ တကယ့်ကိုဆရာကြီးပါပဲ။ သူတို့ရဲ့ကျန်းမာရေးကိစ္စတွေ အကြံပေးရတာနဲ့။ သူတို့အတွက် ရုံးကိစ္စတချို့တလေမှာ၊ လူမှုဆက်သွယ်ရေးစကားပြန်လုပ်ပေးရတာနဲ့၊ အပ္ပိုင့်မင့်ကို လက်ကိုမလည်ရအောင်ပါပဲလေ။) ဂျီပီ နေရမယ့် Ridgewood Apartment ဆိုတာက ဂျီပီတက်နေတဲ့ကျောင်းနဲ့ဆိုရင်၊ လမ်းလျှောက်သွားရင် မိနစ်လေးဆယ်လောက်လျှောက်ရတယ်။ ဘတ်စကားက ချပ်ပယ်ဟေး တစ်မြို့လုံးအခမဲ့စီးစနစ်။ စနေ၊တနင်္ဂနွေမှာ ဘတ်စကားမပြေးဘူး။ ကိစ္စမရှိ။ ထားဝယ်သားမှာကားရှိ နေတာပဲ။ သူ့ကားက တစ်လကိုဒေါ်လာ ၅၀၀ ပေးနဲ့ လပေး အကြွေးဝယ်ထားတာတဲ့။ မြန်မာတွေအားလုံး ကိုယ်ပိုင်ကား (တချို့က အကြွေးကား) တစ်စီးစီတော့ အနည်းဆုံးပိုင်ကြတာချည်းပါပဲ။ ရှမ်းတိုက်ပုံ၊ ကချင်လုံချည်တန်ဆိုးနဲ့ အခန်းရှာလို့ရသွားပြီဆိုတော့၊ နောက်တစ်နေ့ ဒါလေးကိုပဲ မြတ်မြတ်နိုးနိုး၊ ကျော့ကျော့ ကလေးဝတ်သွားပြီး၊ ဟမ်းဖရေး ဆယ်မယ် နာတက်ဖို့ရောက်ရှိလာခဲ့ရပါတယ်။ ဘိုတွေနဲ့ ဟမ်းဖရေး အပေါင်းက ရှမ်းအကျီကို တော်တော် သဘောကျကြပါတယ်။ လုံချည်ကျတော့ ဘယ်လိုပဲရှင်းပြရှင်းပြ၊



www.burmeseclassic.com

www.burmeseclassic.com

## ဒေါက်တာမြင့်ဦး (ဂျီပီ)

Sarong ပါလို့ပြောပြော၊ Tie around ပါလို့ ဆိုပြီး ရှေ့မှာ ချည်ပြ၊ စီးပြလည်း နားမကဝင်။ အားလုံးကဝိုင်းပြီး Skirt စကပ်လို့ပဲလို့သမုတ်နေကြလေတော့ ကိုဂျီပီခမျာ၊ နောက်နေ့ကစပြီး ဘိုလိုပဲဝတ်၍ ကျောင်းတက်ရပါလေတော့ သတဲ့ကွယ်။ (နေပေ့စေဦး၊ ဒင်းတို့ကို အခွင့်သာမှ နောက်တစ်ခါပုဆိုးထပ်ဝတ်ပြပြီး ရှင်းပြလိုက်ဦး မယ် . . တဲ့။)

## Daily Tar Heel သတင်းစာထဲက ဂျီပီ

အဲသလိုနဲ့ တစ်နေ့မှာ ...

ယူအင်စီကျောင်းသားသမဂ္ဂရဲ့ SEAIA လို့ခေါ်တဲ့ South East Asia Interest Association အဖွဲ့က၊ မြန်မာပြည်က ကျောင်းသားတစ်ယောက် ရောက်ရှိနေတဲ့သတင်းရရှိသွားပါလေရော။ ဒါနဲ့ ဂျီပီ့ကို သူတို့အသင်းမှာ ဟောပြောဖို့ဖိတ်ပါလေပြီ။ (An Exotic Land: Myanmar) သာစွဌာနီ၊ မြန်မာပြည်ဆိုတဲ့ခေါင်းစဉ်နဲ့ ဟောပြောဖို့သဘောတူလိုက်ပါတယ်။ ဟောပြောပွဲနေ့။ အားပါးပါး။ အားရစရာကြီး။ ပရိသတ်က Murphy's Hall ခန်းမကြီးကိုလျှံပြီး။ အပြင်ဘက်ကိုတောင် ရောက်နေကြပါပြီကော။ လူ ၇၀၀ ကျော်ရှိပါလိမ့်မယ်။ ဒီအခွင့်အရေးကို ဘယ်လက်လွှတ်ခံလို့ဖြစ်မတုံး။ ဂျီပီ့ထုံးစံအတိုင်း (Once upon a time) ဟိုးရှေးရှေးတုံးက လို့အစချီပြီး၊ မြန်မာပြည် ပုံပြင်ကိုစလိုက်ပါတယ်။ (တော်တော့်ကိုပုံပြောချင်ရာတယ်)။ "မြန်" ဆိုတာ Quick ကွ။ "မာ" ဆိုတာ Strong ကွ ဆိုပြီး လက်သီးလက်မောင်းတွေတန်းပြနေပြန်ပြီ၊ ဒီတစ်ခါ၊ သူတို့သိတဲ့ စကပ်ဆိုတာ ဂျီပီတို့ဝတ်တဲ့ ပုဆိုးနဲ့တခြားစီပဲဆိုတာ၊ ပုဆိုးချည်နည်းတွေ ခါးတောင်းကျိုက်နည်းတွေ ကုန်စင်အောင် စိတ်မကြေပွဲသရုပ်ပြလို့နေပြန်ပါပြီ။(မနိုင်တော့ဘူး)။ ကျိုက်ထီးရိုးစေတီတော်ကို အနီးကပ်ပုံနဲ့ပြတော့၊ ကိုယ်တော်ချောတို့ဆီက အမေးဖင်း၊အမေးဖင်း ဆိုတဲ့ အသံတွေထွက်လာတယ်။ မြန်မာနိုင်ငံက ထင်ရှားတဲ့ ပုဂ္ဂိုလ်များဆိုပြီး ဓာတ်ပုံတွေထိုးပြတော့ သူတို့အကုန်သိကြသားပဲ။ ဒါနဲ့ ဒါ နောက်ထပ်ထင်ရှားလာမယ့်ပုဂ္ဂိုလ်ဆိုပြီး ဂျီပီ့ပုံကိုထိုးပြတော့ ဝိုင်းရယ်ပြီးသြဘာပေးကြပါတယ်။ (လက်ခုတ်သံများ။)။ ဒီလိုနဲ့ပဲ ဆွဲယူသွားလိုက်တာ ဂျီပီတွေရဲ့ဘဝကို မှန်းပါလေပြီ။ မြန်မာဂျီပီဆိုတာ၊ မာဆယ်ကြွက်သားမရှိပါပဲ၊ မာရသွန်ပြေး နေရရှာတာ (အရိုးပဒေသာပြေးနေတဲ့ ကာတွန်းရုပ်ကိုပြတယ်)။ အင်အားမရှိပေမယ့် ကြယ်ငါးပွင့်အဆင့်မှီ ဖိုက်စတားဒေါက်တာတွေဖြစ်ကြပါတယ် ဘာညာကွိကွနဲ့ပေါ့။ စပါယ်ရှယ်လစ်မ ဟုတ်ပေမယ့် (ကိုးဆယ့်ခြောက်ပါး)လူနာတွေကို ရှိတဲ့ဆေးဝါးနဲ့ကုသပေးနေရတာတွေ၊ (ဆေးခန်းလာတဲ့လူနာပုံတွေကိုပြတယ်)၊ ပိုက်ဆံမရှိတဲ့လူနာတွေကို မေတ္တာနဲ့၊ စေတနာနဲ့ အိပ်ကစိုက်ထုတ်ပြီး ကုသပေးနေကြတာတွေ၊ (ဆေးခန်းနာမယ်တွေကအစ၊ မြင့်မေတ္တာတို့ နိုင်စေတနာတို့ စတဲ့နာမယ်တွေပေးထားကြတာ မဟုတ်ပါလား)၊ အမျိုးသားကာကွယ်ဆေးတိုက်နေ့တို့၊ လူထုကျန်းမာရေးစောင့်ရှောက်မှုတို့စတာတွေမှာ တက်တက်ကြွကြွ ပါဝင်လှုပ်ရှားကြတာတွေ၊ ဂျီပီလှုပ်ရှားမှုသက်သေသာ က ဓာတ်ပုံ၊ဗီဒီယိုတွေနဲ့ ချယ်သပြနေပြန်ပါပြီ၊ ဟုတ်တယ်လေ။ သူတို့တစ်တွေက ထိုင်းတို့၊ ကမ္ဘောဒီးယားတို့လောက်ကိုမှ အရှေ့အာရှထင်နေကြတာကလား။ အခုတော့ သိကြပြီမဟုတ်လား မြန်မာဆိုတာ။ ပြီးတော့ မြန်မာဂျီပီ ဆိုတာ။ ဟောပြောပွဲပြီးတော့၊ သတင်းထောက်



www.burmeseclassic.com

www.burmeseclassic.com



တွေကဝိုင်းပြီး ဖျူးကြတော့တာပေါ့။ နောက်တစ်နေ့ မြို့နယ်ထုတ် Daily Tar Heel သတင်းစာမှာ Myanmar GP talks on health issue ဆိုပြီးပါလာလေတော့ တစ်မြို့လုံးကျော်လို့သွားပြီပေါ့။(ဒါ တောင်သူက ခါးတောင်းမြှောင်အောင်ကျိုက်ပြတာကျတော့ ပါမလာဘူးလို့ဆိုနေလိုက်ပါသေးရဲ့။)

## ခွေးကြီးနဲ့မွေးစားမိသားစု

အော်ရီဂွန်တုံးကလိုပဲ၊ မွေးစားမိသားစုထားပေးပါတယ်။ အသက် ၇၀ ကျော် ဆရာဝန်ကြီး Joanna Daldoff and Fred Daldoff တို့လင်မယား နဲ့၊ အမွေးပွ Reenie Daldoff လို့ခေါ်တဲ့ ခွေးကြီး တစ်ကောင်မိသားစု ။ သူတို့သားသမီးအရင်းတွေက တစ်မြို့တစ်ရွာမှာ နေကြပြီး သူတို့ (နှစ်ယောက်နဲ့တစ်ကောင်)က ၁၀ကေကျော်ကျယ်တဲ့ ဒါးလ်ဒေါ့ဖ် ဝင်းခြံကြီးအကြီးကြီးထဲမှာ၊ ငါးကန် ကြီးကြီး၊ ရေကူးကန်ကြီးကြီး၊ မြင်းစီးလေ့ကျင့်တဲ့ကွင်းနဲ့၊ ၂၀၀၄ ခုထုတ် Jaguar ကား ကြီး တစ် ယောက်တစ်စီးစီနဲ့။ ဂျီပီ့ကိုတစ်နှစ်ပတ်လုံး ယာယီအမျိုးတော်စပ်ပေးကြပေဦးမယ်။ ခြံဝင်းတံခါးကို ကားပေါ်က ရီမုတ်ခလုတ်နဲ့ဖွင့်ပိတ်လုပ်လို့တယ်။ တံခါးစောင့်မထား၊ အိမ်ဖော်မထား။ ပန်းကန် ခွက်ယောက်တွေကိုစက်နဲ့ဆေးတယ်။ သန့်ရှင်းရေးကို ဝန်ဆောင်ကုမ္ပဏီက လာလုပ်ပေးရတယ်။ ဝင်းခြံထဲကမြက်တွေကျတော့၊ မြက်ရိတ်စက်ကားကို ကိုယ်တိုင်မောင်းပြီး ရိတ်ကြရတယ်။ ဒါသူတို့ဆီ က သူဌေးတွေထုံးစံပဲ။ ခွေးကြီးကသူတို့အပေါ် သစ္စာရှိလွန်းလို့၊ သူတို့သားသမီး အရင်းတွေထက် တောင်ပိုချစ်ရပါသတဲ့။ အပေါ်ထပ်ကသီးသန့်ခန်းမှာ ကုတင်နဲ့သိပ်ရတယ်။ ဘယ်လောက်ချစ်သလဲဆို ရင်၊ သူတို့လင်မယား အန်တာတိကတိုက် Antartica ရေခဲပြင်ကို ဥပတ်ကြာ ခရီးထွက်တဲ့အချိန်မှာ၊ ခွေးကြီးအတွက် ကစားဖော်ခွေးမကို နာရီနဲ့ငှား ပေးထားခဲ့ရတယ်။ ကျွေးမွေး၊ သန့်ရှင်းရေးလုပ်ပေးဖို့ နဲ့ သခင့်အလွမ်းပြေ ဗွီဒီယိုတွေပြပေးဖို့ ခွေးစောင့်ရှောက်တဲ့ကုမ္ပဏီကိုအပ်ထားခဲ့တဲ့အတွက်၊ ဝန်ထမ်း တွေက သူ့အချိန်နဲ့သူလာပြီး လုပ်ပေးကြရတယ်။ ကျောင်းအားရက်တွေမှာ ဒါးလ်ဒေါ့ဖ်လင်မယားက ဂျီပီ့ကို လာခေါ်ပြီး၊ မြင်းစီးသင်ပေးလိုက်၊ မျူဇီယံတွေလိုက်ပို့လိုက်၊ ကျန်းမာရေးဌာနတွေလိုက်ပြ၊ စားသောက် ဆိုင်တွေမှာကျွေးလိုက်နဲ့။ Farmer Market လို့ခေါ်တဲ့ ခြံထွက်တွေရောင်းချတဲ့ အခွန်လွတ် ဈေးလိုနေရာတွေ၊ Flea Market လို့ခေါ်တဲ့သားငါးဈေးတွေ၊ Country Festival လို့ခေါ်တဲ့ ကျေးလက် ဈေးပွဲတော်တွေ အကုန်ရောက်ခဲ့တာပေါ့။ ဂျီပီကတော့ မြန်မာနိုင်ငံအကြောင်းတွေ ပြောပြရတယ်လေ။ နှင်းတွေကျတဲ့အခါမှာဝတ်ဖို့ အမွေးပွအင်္ကျီတွေ၊ လက်အိပ်တွေ၊ ခြေစောင်တွေ၊ လေမှုတ်မွေ့ယာတွေ၊ (ဖနီးသယ်ရောက်လာခဲ့ရင် ဝတ်ဖို့အင်္ကျီတွေပါ) လာပေးထားပါလေရဲ့။ သူတို့ပိတ်ဆွေတွေကို မိတ်ဆက်ပေးရင် ဂျီပီ့ကို ဒါးလ်ဒေါ့ဖ် ဆိုတဲ့ မိသားစုနာမည်လေး နောက်ကထပ်ထည့်ပြီး အခု တော့ဂျီပီဒါးလ်ဒေါ့ဖ် ဖြစ်နေရပါပြီ။ ဂျီပီဒါးလ်ဒေါ့ဖ်ဟာ (အော်ရီဂွန်တုံးက ဆံပင်ညှပ်ရှုတ်လိုက်တဲ့ မွေးစား ညီအမ စင်သီယာနဲ့ ထရီဇာ တို့ကိုယ်စား) ခွေးမ ကြီး ရီးနီဒါးလ်ဒေါ့ဖ်ကို ညီမလေးအဖြစ် အမျိုးတော်ပေးရပါဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com

## ဒေါက်တာမြင့်ဦး (ဂျီပီ)



ဝါရှင်တန်တွေ့ဆုံပွဲတက်ရောက်နေသော ဒေါက်တာဂျီပီ

### စာသင်ခန်းထဲမှာ ကျောင်းသားနဲ့ဆရာ

ယူအင်စီက စာသင်ခန်းတွေအားလုံးဟာ အသံလုံ၊တံခါးပိတ်တွေချည်းပဲ။ မြန်မာပြည်မှာ ဝိုက် ဘုတ်တွေသုံးနေကြပေမယ်၊ သူတို့ကတော့ ဘလက်ဘုတ်တွေသုံးတုံးပါပဲ။ ဝိုက်ဘုတ်လိုချင်ရင် မျက်နှာကျက်ပေါ်ကနေ ဆွဲချရတယ် ။ မာတီမီဒီယာ ပိတ်ကားကိုလည်းဒီလိုပဲဆွဲချရတယ်။ မျက်နှာကျက်မှာ ပရိုဂျက်ကာတွေတတ်ထားသေးတယ်။ တခန်းလုံးကိုမီးအရောင် မှိန်စုံဖန်တီးလို့ရ တယ်။ ဆရာက စာသင်ခန်းထဲကိုကြိုရောက်နေရတယ်။ သူသင်မယ့်သင်ခန်းစာကို စာသင်ခန်း ကကွန်ပြူတာမှာ ကြိုပြီးပြင်ဆင်ရတယ်။ ကျောင်းသားတယောက်ဝင်လာတိုင်း ဆရာက How are you doing? ဆိုပြီး နှုတ်ဆက်တယ်။ ဂျီပီတို့ဆီမှာလို ဆရာဝင်လာမှ မတ်ရပ်ထပြီးကြိုဆိုတာတို့၊ မင်္ဂလာပါဆရာမတို့ မရှိကြပါဘူး။ စာသင်နေရင်းကနေ အပြင်ထွက်(ခွင့်ပန်စရာမလိုတဲ့ အပေါ့အပါးသွား)တာကို ခွင့်ပြုထား တယ်။ ဆရာရှေ့ကဖြတ်တော့ ခေါင်းငုံ့တဲ့သူ၊ လက်နောက်ပစ်တဲ့သူဆိုလို့ ဂျီပီတစ်ယောက်ကလွဲလို့ ဘယ်သူမှမရှိ။ ဘောင်းဘီတိုနဲ့စာသင်တဲ့ဆရာ၊ ပါမောက္ခကိုလဲတွေ့ရတတ်တယ်။ စားပွဲပေါ်စကပ်နဲ့ တက်ထိုင်ပြီးသင်တဲ့ ကထိကဆရာမလည်း ရှိတတ်တယ်။ ကော်ဖီကြိုက်တတ်တဲ့ လူမျိုးဆိုတော့၊ ကော်ဖီခွက်ကိုင်ပြီး စာသင်လေ့ရှိကြပါတယ်။ ကျောင်းသားကလည်း စာသင်ရင်းစားချင်ရာစား။ ဝါးချင်ရာဝါးနေတတ်တယ်။ သူတို့က စာသင်တယ်လို့မပြောဘူး။ ကျောင်းသားနဲ့ ဆွေးနွေးတယ်တဲ့။ အသိ ဖလှယ်တယ်တဲ့။ မေးမြန်းချင်တယ်၊ ဝင်ပြောချင်တယ်ဆိုရင်တော့ ကိုယ့်လက်ဝါးကိုမြင့်မြင့်ထောင်ပြီး ဆရာမြင်အောင် အရင်ပြရတယ်။ ဂျီပီကတပြီး ပရော်ဖက်ဆာကြီးခင်ဗျာဆို စလိုက်တာ အားလုံးက ထူးဆန်းနေတယ်။ သူတို့က ဟေး-မိုက်ကယ်၊ ဟိုင်း-သူဇန် ဆိုပြီး ဆရာတွေကို နာမည်ခေါ် ဆွေးနွေး နေကြတာကလား။ ဂျီပီမှာကသူတို့လို ဆရာ့ကိုနာမည် ဘယ်တပ်ခေါ်ဝံ့မှာတုံး။ ဆွေးနွေးမှုလုပ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ဆရာနဲ့တပည့်မ၊ ကုလားထိုင်မှာ မျက်နှာချင်းဆိုင်ထိုင်ပြီး ခြေထောက်ချင်း၊ ဒူးချင်း၊ တွန်းကန်၊ အားစမ်းကြတဲ့ မြင်ကွင်းကိုလည်းတွေ့ခဲ့ရပါသေးတယ်။ ဆွေးနွေးမယ့်သင်ခန်းစာအတွက် ကြိုတင်ဖတ်ရမှာတွေကို ကျောင်းသားတွေဆီကို အီးမေးနဲ့ကြိုပြီး အသိပေးထားကြတယ်။ လေ့ကျင့်ခန်းတွေကို အဖွဲ့လိုက်ဖြစ်စေ တစ်ဦးချင်းဖြစ်စေ၊ တစ်ပတ်အတွင်း ဆရာ့ဆီကို အီးမေးလ်ကနေ ပြန်ပို့ပေးရတယ်။ နောက်တစ်ပတ် သင်ခန်းစာအစမှာ ရမှတ်တွေနဲ့ ရှင်းလင်းချက်တွေကို ဆရာက နေပြန်လုပ်ပေးလေ့ရှိတယ်။အဲ့ဒါ ကလာ့စ်ဝပ် Classwork ပဲ။ ဆရာ့ကို ဆန်းစစ်ဝေဖန်မှုတွေ လုပ်ရမယ့် စာရွက်ကလေးတွေကို သင်ခန်းစာပြီးရင် ကျောင်းသားကဖြည့်ပေးရပြီး ဘာသာရပ်ဌာနမှူးဆီပို့ပေးရတယ်။ တနေ့၊ ကလာ့စ်ဝပ် ပေးပို့ရာမှာ ဂျီပီက စာရဲ့အောက်ဆုံးမှာ မြန်မာပြည်က ထုံးစံအတိုင်း ရိုသေကျိုးနွံစွာဖြင့် Yours Obediently ဆိုပြီး တလေးတစားရေးပေးလိုက်ပါတယ်။ နောက်တစ်နေ့မှာ ဆရာက ဂျီပီ့ကိုခေါ်တွေ့ပါတော့တယ်။ သူ့ကိုယ်သူအပြစ်ရှိ တဲ့လူ တစ်ယောက်လိုသဘောထားပြီး၊ ဆရာက ဂျီပီ့ကိုတောင်းပန်နေတယ်။ နောက်ကိုဒီလိုဘယ်တော့မှ မရေးပါနဲ့တဲ့။ သူက ဘုရင်မဟုတ်ပါဘူးတဲ့။ သူ့ကိုလေးစားစရာမလိုဘူးတဲ့။ တန်းတူရည်တူသဘောထားပါတဲ့။သူတို့ကသာ ကျောင်းသားတွေကိုလေးစားရပါတယ်သတဲ့လေ။ (တစ်မျိုးချည်းပဲနော်)။

## ဝါရှင်တန် ဟမ်းဗရေး ပေါင်းစုပွဲ

(ဝါရှင်တန်ကိုမသွားခင် ဖနီးသည်ခေါ်ယူရေးအတွက် ကျန်းမာရေးအာမခံငွေကိုဘဏ်မှာ အရင် သွင်းပေးခဲ့ရတယ်။ ၆ လစာငွေသွင်းပြီး ဗီဇာရရှိရေးနဲ့၊စာရွက်စာတန်းတွေအရင်လုပ်ခဲ့ရတယ်။ အောက်တိုဘာ ၁၉ ကနေ ၂၃ အထိ အမေရိကန် တက္ကသိုလ်ပေါင်းစုံမှာ ရောက်ရှိနေကြတဲ့ ကမ္ဘာ အနှံ့က ဟမ်းဖရေးပညာသင် ၁၃၅ ယောက်စလုံး ဝါရှင်တန်မှာ တွေ့ဆုံကြမယ်လေ။ ယူအင်စီက ၁ဝယောက်စုပြီး ဘဲလ်တီမော ဝါရှင်တန် အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီးကို ရောက်ခဲ့ပါပြီ။ လေဆိပ်ကနေ တက္ကစီငှားပြီး၊ ပေါင်းစုပွဲလုပ်မယ့် ဝါရှင်တန်မြို့လယ်ခေါင်က Wyndom ဟိုတယ်ကို လာကြတယ်။ဝါရှင်တန်ဆိုတာက မန္တလေးမြို့လိုပဲ လေးပြင်လေးရပ်ပိုင်းထားတဲ့ မြို့တော်ကြီးဖြစ်ပါတယ်။ အနောက် မြောက်ပြင်၊ အရှေ့မြောက်ပြင်၊ အနောက်တောင်ပြင်နဲ့ အရှေ့တောင်ပြင် ဆိုပြီး ကပ်ပီတော်အဆောက် အဦကြီးကိုအလယ်မှာထားပြီး စနစ်တကျတည်ထောင်ထားတဲ့ အမေရိကန်နိုင်ငံရဲ့ မြို့တော်ကြီးပါပဲ။ လမ်းတွေကလည်း အေ၊ဘီ၊စီ၊ဒီ


ဝါရှင်တန်မှ လင်ကွန်းအမှတ်တရရုပ်ထု





www.burmeseclassic.com

www.burmeseclassic.com





ယူအင်စီ စာသင်ခန်းတစ်ခု

ထွေကနေ ၁ လမ်း ၂ လမ်းစသဖြင့်ပေါ့။ မန္တလေးမှာလို ဘယ်လမ်းနဲ့ဘယ်လမ်းကြားဆို ရှာရတာပိုလွယ်ပါတယ်။ (ဒါရှင်တန်မြို့အကြောင်း ပြောရရင် ဒီပဂ္ဂဒင်း ဟာနောက်တစ်လကာပါသွားဦးမှာမို့ ဒီလောက်နဲ့ပဲ ကျေနပ်ပေးပါနော်။ တော်ကြာ၊ တော်တော်လေးရှည်တဲ့ ကျိုပီဆိုပြီး အယ်ဒီတာချုပ်ကြီးကစာမျက်နှာတွေ နုတ်ပြစ် နေမှာဆိုးလို့ပါ)။ နေ့လည်ပိုင်းမှာ အိမ်ဖြူတော် White House နဲ့ ကပ်ပီတော် Capitol Building အဆောက်အဦး ကြီးကိုသည်ပတ်ကြည့်ရတယ်။ ဟိုတယ်မှာ တစ်ခန်းကိုနှစ်ယောက်တည်း ကြုံရမှာဆိုတော့ Cote d'Ivoire ကို့ဒ်ဗွါ၊ (အိုင်ဗရီကို့စ်)နိုင်ငံ က ရောင်တော်ဆန် Yao Nguessan ဆိုတဲ့ မည်းမည်းတိပ်ပြောင်ပြောင်၊ ဥပဒေပညာရှင်ကြီးက ကျိုပီနဲ့ အတူတစ်ခန်းထဲ ပေါင်းနေဖို့အဆိုပြုလာပြန်ပါတယ်။ (ကျိုပီ ကအမည်းကြိုက်၊ အမည်းနိုက် ထင်ပါရဲ့)။ ဒုတိယနေ့မှာ လွှတ်တော် အဆောက်အဦထဲက Ronald Reagan Building ခန်းမကြီးမှာ လက်ထောက်ပညာရေးဝန်ကြီးက ညစာစားပွဲနှင့်ဧည့်ခံပါတယ်။ မြန်မာနိုင်ငံက သံအမတ်ကြီးကိုယ်စား သံမှူး ဦးရဲထွန်းမြတ် တက်ရောက်လာပြီး နှုတ်ဆက်အားပေးသွားပါတယ်။ သက်ဆိုင်ရာ ဘာသာရပ် နယ်ပယ်အလိုက်၊ ဌာနအသီးသီးကိုလေ့လာဖို့ကျတော့ ကျန်းမာရေးနဲ့ပါတ်သက် တဲ့သူတွေက အမေရိကန် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအေဂျင်စီ U.S Agency for International Development (USAID) ကိုသွားရောက်ကြရပါတယ်။

## ပက်ဆင်ဂျီ မြေအောက်ရထား

ယူအက်စ်အေအိုင်ဒီ ကိုသွားဖို့ မြေအောက်ရထားစီးရမှာမို့လို့ ဟိုတယ်ကနေ Foggy Bottom ဘူတာအထိ လမ်းလျှောက်ခဲ့ကြတယ်။( ပေ ၂၃၀ ရှည်တဲ့ကမ္ဘာ့အနောက်ခြမ်းရဲ့ အရှည်ဆုံး ရွေ့လျားစက်လှေခါးကြီးဟာ အဲဒီဝါရှင်တန် မြေအောက်ရထားလိုင်းက Wheaton Station ဆိုတဲ့ဘူ

www.burmeseclassic.com



တာမှာရှိတယ်လို့ဆိုပါတယ်)။ ရထားလိုင်း ၅ လိုင်းကမနက် ၅နာရီခွဲကနေ ည ၁၂ နာရီထိ ပြေးဆွဲပေးနေတယ်။ ပထမဆုံး အနီရောင်လိုင်းကိုစီးပြီး Metro Center မက်ထရိုစင်တာ ဘူတာမှာ ဆင်း။ နောက်တစ်ရောင် လိမ္မော်ကိုပြောင်းစီးရတယ်။ ပြီးမှ ဒူးပွန့်စက်ဝိုင်း Dupont Circle လို့ ခေါ်တဲ့ဘူတာကနေ လမ်းလျှောက်ပြန်တယ်။ မြေအောက်ထဲကိုအက်စကာလေတာနဲ့ဆင်းသွားပြီး အောက်ရောက်တော့လမ်းညွှန်မြေပုံကြည့်၊ ကျသင့်ငွေဘယ်လောက်လဲဆိုတာ နံရန်ကပ်ပိုစ တာမှာရှာ၊ ပြီးမှ လက်မှတ်ရောင်းစက်မှာ ငွေစက္ကူ ဒါမှမဟုတ် အကြွေတွေကိုထိုးထဲ့ရင်၊ ရထား လက်မှတ်ထွက်လာလိမ့်မယ်။ ပြန်အမ်းတဲ့ငွေကို အောက်ကခွက်မှာနှိုက်ယူရတယ်။ မှားသွားရင် မှားသွားလို့ပါဆိုတဲ့အပေါက်ထဲကို လက်မှတ်ပြန်ထဲ့ပြီးပြင်ယူလို့ရသေးတယ်။ ငွေလိုနေသေးရင် ဒီလက်မှတ်ကိုပဲ ငွေဖြည့်စီးလို့ရ သေးတယ်။ တစ်နေ့စာ၊ တစ်ပတ်စာဝယ်ထားလို့ရတယ်။ ဒီရထားလက်မှတ်နဲ့ (လက်မှတ်ထဲမှာ ငွေလုံလောက်နေသေးရင်) သူ့သတ်မှတ်ချိန်အတွင်းမှာ ဘတ်စကားတက်စီးလို့ရသေးတယ်၊ ရထားလက်မှတ်ကို လူဝင်ပေါက်က စက်ထဲသွင်းလိုက်ရင် အကာအဆီး ဆုံလည်ကပွင့်သွားပြီး အထဲကိုဝင်လို့ရပြီ။ ကျော်တက်မဲ့သူ၊ ငုံ့ဝင်မယ့်သူ မရှိပါဘူး။ ဒီလိုပဲ လိုရာခရီးရောက်လို့ ဘူတာကထွက်တော့မယ်ဆိုရင် အဲဒီလက်မှတ်ကိုအထွက်ပေါက်က စက်မှာပြန်ထဲ့၊ ဆုံလည်အတားက ပွင့်လာ၊ အပြင်ထွက်တော့ပေါ့။ လက်မှတ်ထဲက ငွေက၊ ကုန်နေပြီဆိုရင် လက်မှတ်က ပြန်ထွက်လာမှာ မဟုတ်တော့ဘူးလေ။ ရထားကတွယ်စီးလို့လဲမရ၊ ခုန်ချလို့လဲမရ။ ဈေးသယ်တွေလည်း မဝင်ရ။ ရထားထွက်ပြီဆိုရင်တံခါးကအလိုအလျောက်ပိတ်သွားပြီ။ ဘူတာထဲမှာ ရော့ပင်းစင်တာတွေထားပေးထားပါတယ်။

အဲ့ သလိုနဲ့ ဒေါက်တာဂျီပီဟာ့

နောက်လမှာ ချီကာဂိုမြို့ရဲ့ တန်ဆောင်တိုင်ပွဲနဲ့ အမေရိကန်ရဲ့ဆောင်းရာသီ စနိုးတွေ၊ ဆီးနှင်းတွေ ကြားထဲမှာ ကိုရွှေဂျီပီတစ်ယောက် ဘယ်လိုတွေကြုံခဲ့ရသလဲဆိုတာတွေ၊ အတ္တလန်တာမြို့ရောက် သွားတဲ့အတွေ့အကြုံတွေပါပေါင်းပြီး ဆက်လက်လေကြောရှည်ပြပါလိမ့်မယ်။ အဲဒီလေရှည်ရှည်ကိုပဲ နားထောင်ချင်ကြတယ်မဟုတ်လား။(ရှူးတိုးတိုး။ ဟိုမှာဂျီပီ့မိန်းမရောက်လာပြီနော့။ ဒေါက်တာဂျီပီ မျက်စေ့တစ်ဘက်မှိတ်ပြနေတယ်။)

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



# အမေရိကားရောက်ဒေါက်တာဂျီပီပုံပြင် – ၅

(The Story of Dr. GeePee in America)

Narrator: ပုံပြောသူ။
ဒေါက်တာမြင့်ဦး (အလုံ)

(စရဏမဂ္ဂဇင်း။ အတွဲ – ၂။ အမှတ် – ၁။ ဇူလိုင်လ – ၂၀၀၅။ တွင်ဖော်ပြပါရှိပြီး)။

၅။ ဟာရီကိန်းမုန်တိုင်း။ အမေရိကားရဲ့လမ်းမပေါ်မှာ။ ယာဉ်မောင်းလိုင်စင်။ ကားပါကင်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဂျီပီ ပုံပြင်ပြောလာတာ အမှတ်စဉ် ၅ ထောင်ရောက်လာပြီ။ ဒီလတော့ယူအင်စီ တက္ကသိုလ်ကျောင်းတော်ကြီး ရုတ်တရက်ပိတ်လိုက်ရတဲ့သတင်းနဲ့စ လိုက်ကြရအောင်။

(အဲ့သလိုမျိုးရုတ်တရက်ကျောင်းပိတ်တာ ဂျီပီခမျာ ၃ ခါတောင် ကြုံခဲ့ရပါတယ်တဲ့)။

## ဟာရီကိန်းအစ်ဇဘယ် (Hurricane Isabel)

စက်တင်ဘာ ၁၈ ရက်နေ့မှာ မြောက်ကရိုလိုင်းနားကို ဟာရီကိန်းမုန်တိုင်းကြီးမွှေပါလေတော့တယ်။ ၃ ရက်ကြိုပြီး တီဗီမှာ ကြေညာထားလို့အစားအစာတွေကြိုဝယ်ကြ၊ ရေတွေသိုလှောင်ကြ လုပ်ကြရတယ်။ (အရင် ၂ နှစ်လောက်တုံးကမုန်တိုင်းဒဏ်ကြောင့်လျှပ်စစ်မီးတွေ ၃ ရက်လောက် ပျက်ခဲ့ဘူးတယ်လို့ပြောကြတာကိုး)။ ကုန်ပစ္စည်းတွေဈေးတက်ကုန်တာတွေ မတွေ့ရပါဘူး။ ဆိုင်တွေကလည်းညည့်နက်တဲ့အထိအချိန်ပိုရောင်းပေးကြတယ်။ တနေ ကုန်တီဗီကနေမုန်တိုင်းသတင်းကို တောက်လျှောက်ပြသကြေညာပေးနေတယ်။ ပင်လယ်ကမ်းခြေကနေ ကုန်းပိုင်းကိုစတင်ဝင်ရောက်လာပြီဆိုတဲ့သတင်းကိုဂြိုလ်တုဓါတ်ပုံတွေ၊ လိုက်ရိုးဗီဒီယိုပုံတွေနဲ့ကြည့်လို့ရနေရတယ်။ ဂျီပီတို့ အပါတ်မင့်ရှေ့ကသစ်ပင်ကြီးကယိုင်လဲလို့သွားပါပြီ။ လေတွေကလည်းအရမ်းတိုက်လွန်းလို့ အခန်းဝတံခါးမကြီးကိုဖွင့်မကြည့်ရဲဘူး။ တယ်လီဖုန်းတွေနဲ့ တစ်ယောက်ကိုတစ်ယောက် သတင်းမေးကြ၊ အားပေးကြပဲလုပ်နေကြရတယ်။ နေ့လည် ၂ နာရီ ကစပြီး ကျောင်းတွေပိတ်လိုက်ပြီဖြစ်တဲ့အကြောင်း တီဗီမှာ ကြေညာသလို၊ တယ်လီဖုန်း၊ အီးမေးတွေနဲ့လည်းအကြောင်းကြားပေးပါတယ်။ ကျောင်းသားဆိုတာက ကျောင်းပိတ်ရင်ပျော်တာပဲပေါ့။ မုန်တိုင်းကချပ်ပယ်ဟေးမြို့ကို အဖျားခတ်သွားရုံမို့လို့ အသေအပျောက်မရှိဘူး။ တစ်ခြားမြို့တွေမှာတော့သေကြေပျက်ဆီးမှုတွေ (နည်းနည်းပါးပါး) ရှိတယ်လို့သိရတယ်၊ ကျောင်းကြီးပိတ်ပြီဆိုတော့ ညဖက်မှာ (အခန်း)နားနီးခြင်းတွေနဲ့အတူအောင်ပွဲခံစားသောက်ပွဲလေး ကျင်းပကြတယ်။ နောက်တစ်နေ့မနက်စောစော့ မှုးလို့မှမပြေသေးဘူး၊ ဟာရီကိန်း အစ်ဇဘယ် ပြီးဆုံးသွားပြီဖြစ်ပါ၍တက္ကသိုလ်စာသင်ခန်းများကို နံနက် ၈နာရီမှစတင်ဖွင့်လှစ်ပြီဖြစ်ပါကြောင်းတဲ့။ သွားပါပြီ အောင်ပွဲခံ ကျောင်းသားတို့ရယ်။ ဒီလိုနဲ့ နောက်တစ်ခါ။ နှင်းတွေအရမ်းကျတဲ့နေ့ပေါ့။ ဇန်နဝါရီလ ၉ ရက်။ နှင်းတွေကမိုးရွာသလိုကျနေတာ ။ စနိုးဆိုတာကိုမကိုင်တွယ်ဘူးလေတော့ အခန်းပြင်ထွက်ပြီး စနိုးတွေနဲ့ဓာတ်ပုံရိုက်တဲ့အခါမှာ ထီးဆောင်းထားရတယ်။ ကြုံတောင်ကြုံခဲ့ဆိုပြီး နှင်းတွေကို ကိုင်ရှုံသာမက မြည်းစမ်းစားကြည့်တော့ ရေခဲခြစ်နူးနူးညံ့ညံ့လေးလိုပါပဲလား။ နယူးရောက်မှာ နှင်းထု ၁ ပေ လောက်ကျတဲ့အချိန်မှာ ချပ်ပယ်ဟေးမှာက နှင်းထု ငါးလက်မလောက်ပဲကျတာ။ အအေး ဓာတ်က သုညအောက် ၈ ဒီဂရီလောက်ဆင်းနေပြီဆိုတော့ တံစက်မြိတ်ကကျတဲ့ရေစီးကြောင်းလေးတွေဟာ ရေခဲတန်းလေးကိုတွေကိုဖြစ်လို့။ ကတ္တရာလမ်းမပေါ်မှာ နှင်းတွေကစီးဆင်းကျ



www.burmeseclassic.com

www.burmeseclassic.com





ယူအင်စီ ဖရန့်ကလင်း လမ်းမကြီးပေါ်မှ သီးနှင်းများနဲ့ ဒေါက်တာဂျီပီ

လာတဲ့ရေတွေကြောင့် ရေခဲပြင်ကြီးဖြစ်နေပြီး မှန်သားပြင်ချပ်ကြီးပေါ်မှာ လမ်းလျှောက် နေရသလို လျှောထွက်မသွားအောင်မနဲထိန်းပြီးလျှောက်နေရတယ်။ လမ်းတွေမှာနှင်းတွေ နဲ့ အန္တရာယ်ဖြစ်မှာစိုးလို့ဆိုပြီး ကျောင်းတစ်ရက်ပိတ်ပေးပြန်တယ်လေ။ (ဒီတစ်ခါတော့ အောင်ရည်အောင်ရက် မသောက်ဖြစ်ကြတော့ပါဘူး)။ (စည်ပင်သာယာက) နှင်းဖြို့ခွင်း (Snow Plough) ကားကြီးတွေစီတန်းမောင်းချလာပြီး လမ်းတွေပေါ်ကနှင်းတွေကိုချက်ချင်းထိုးရှင်းပေးသွားတယ်။ ကားရှေ့နဲ့ဘေးတွေမှာ တပ်ထားတဲ့ ဒလက်ကြီးတွေနဲ့ ထိုးရှင်းသွားသွားလိုက်တာ နှင်းခဲကြီးတွေဟာ၊ လမ်းဘေးမှာ အုတ်ကျိုးအုတ်ပဲ့တွေလို (နှင်းရေခဲတုံးကြီးတွေ) အစုလိုက်အပုံလိုက်ကျန်ရစ်ခဲ့တော့တာပေါ့။ အဲဒီနှင်းရေခဲတုံးပုံကြီးတွေဟာ အရည်ပျော်ဖို့စောင့်နေရင်း နောက်နှစ်ပါတ်လောက်အထိကို လမ်းဘေးမှာကျန်ရစ်ခဲ့လေရဲ့။ လမ်းရှင်းသွားတာနဲ့ နောက်နေ့ ကျောင်းပြန်ဖွင့်တော့တာပါပဲ။ ကိုယ်ကသာကိုယ့်စရိုက်နဲ့မို့ကျောင်းပိတ်စေချင်တာကိုး။ သူတို့နိုင်ငံက ပညာရေးကိုအလစ်ဟင်းမခံနိုင်ကြဘူးလေ။

## အမေရိကားရဲ့ လမ်းမပေါ်မှာ

ဟိုင်းဝေးလမ်းမကြီးတွေမှာ လမ်းသွားလမ်းလာ လူသူဆိုလို့တစ်ယောက်မှမရှိကြဘူး။ ကားမိုင်နှုန်းကိုတစ်နာရီ မိုင် ၆၀ အောက်လျော့မောင်းခွင့်မရှိဘူး။ ကားကိုနောက်ပြန်ဆုတ်လို့လဲမရဘူး။ ကိုယ်သွားမဲ့လမ်း၊ ကျော်သွားခဲ့ရင် ရှေ့အထွက်လမ်း (Exit) ကျမှ ပြန်လှည့်ပေတော့။ ဘယ် သွားသွား ကားကလေးနဲ့ တရွှတ်ရွှတ်ဆိုတဲ့နိုင်ငံမို့လို့ ဟိုင်းဝေးမဟုတ်တဲ့ ကျန်တဲ့လမ်းမတွေမှာ လည်း လူသူတွေ့ရခဲပါတယ်။ ခွေးလေခွေးလွင့်လည်းမတွေ့ခဲ့ရပါဘူး။ (ခွေးချေးလည်း မနင်းမိတော့ဘူးပေါ့)။ လမ်းပေါ်မှာ ပိုင်ရှင်မဲ့ခွေးကိုတွေ့ပြီဆိုရင် ရဲကဖမ်းယူသွားပြီး Animal Pound လို့ခေါ်တဲ့ ခွေးထိန်းသိမ်းရေးစခန်းကိုပို့လိုက်ပြီ။ လည်ပင်းကဆွဲပြား (Tag) မှာပါတဲ့လိပ်စာ အတိုင်းလာရွေးဖို့ အကြောင်းကြားစာရောက်လာလိမ့်မယ်။ ချက်ချင်းလိုက်ရွေးရင် ဒေါ်လာ ၇၀။ တစ်ရက်ကို ၁၀ ဒေါ်လာနှုန်း





www.burmeseclassic.com

www.burmeseclassic.com



တက်နေဦးမယ်။ ၂ ပတ်ကျော်လို့မှမရှေ့ရင်တော့၊ ရှင်းပစ်လိုက်ပြီ၊ ဒါမှမဟုတ် သူများကိုရောင်းချပစ်လိုက်ပြီသာမှတ်ပေတော့။ အဲ့ လမ်းပေါ်မှာလှုရှင်းခွေးရှင်း ဆိုတော့ ရွာနီးချုပ်စပ်က လူဖန်တီးထားတဲ့ သစ်တောငယ်လေးတွေထဲကနေ သမင်တွေ၊ ဒရယ်တွေ၊ ရှဉ့်ငယ်တွေလမ်းပေါ်တက်လာတတ်ပြီး တခါတလေကားတိုက်ခံရလို့ လမ်းပေါ်သေနေတာ တွေကိုတွေ့ရတတ်ပါတယ်။ ဘယ်သူမှဆင်း မကောက်ကြပါဘူး။ (စည်ပင်) ကပဲလိုက်ရှင်းရတာ။ ပြီးတော့ အဲဒီတိုင်းပြည်ကြီးက ဆိုက္ကားမရှိ၊ နွား လှည်းမရှိ၊ ထော်လာဂျီမရှိနဲ့။ လမ်းမသိလို့မေးချင်ရင် (လမ်းဘေးကွမ်းရာဆိုင်၊ ဘူးသီးကျော်ဆိုင် လည်းမရှိလို့) အနီးဆုံးစတိုးဆိုင်ကို ကားမောင်းသွားပြီးဆင်းမေးရတယ်။ လမ်းညွှန်ဆိုင်းဘုတ် ကလေးတွေကတော့ လမ်းဆုံနေရာတိုင်းမှာရှိတယ်။ ကိုယ်သွားမယ့်ခရီးရဲ့လမ်းညွှန်မြေပုံကိုအင်တာနက်က မက်ကွက်စ် (Map Quest) မှာ ကြိုရှာပြီးကိုယ်နဲ့တပါတည်း Print ထုတ်ပြီးယူလာရတယ်၊ ကိုယ်ထွက်ခွာ မယ့်နေရာ (လိပ်စာ အတိအကျ) နဲ့ ကိုယ်သွားရောက်မယ့်နေရာအတိအကျကို မက်ကွက်စ်ထဲမှာ ရိုက်ထည့်လိုက်တာနဲ့၊ မောင်းရမယ့်အချိန်အတိအကျနဲ့ လမ်းခရီးမြေပုံပါတစ်ခါထဲပေါ်လာတော့တာပဲ။ အဲဒါကို ပရင့်ထုတ်ပြီးယူလာရတာ။ တစ်ချို့ကားတွေမှာကျတော့ ဂျီပီအက်စ် စနစ်တတ်ထားလို့ ကားဒိုင်ခွက်ကမြေပုံကိုကြည့်မောင်းရုံပဲ။ မတော်တဆ လမ်းမှားပြီးချိုးကွေ့လိုက်မိရင် မိန်းခ လေးအသံလေးနဲ့ (ကိုကိုရဲ့ လမ်းမှားနေပြီနော) ဆိုပြီးကန့်ကယသတိပေးတတ်ပါသေးတယ်။ ပစ်ကပ်ကားဆိုရင်တော့ နောက်ဝမ်းထဲ (နောက်တွဲထဲ) မှာ(ရန်ကုန်မှာလို) လူစီးခွင့်မရှိပြန်ဘူး။ အဲ့ စက်ဘီးစီးဖို့ သီးသန့်လမ်းလေးတွေတော့ ထွင်ပေးထားသား။ လမ်းမတွေပေါ်မှာဆိုရင် လမ်းညာဘက် စွန်းမှာ မျဉ်းသားပေးထားပြီး စက်ဘီးကိုဦးစားပေးပါလို့ရေးထားတယ်။ စက်ဘီးစီးရင် ဆိုင်ကယ်ဦး ထုပ်ပြားပြားလေးတွေဆောင်းပေးထားရဦးမယ်။ ဂုံးတက်လမ်းတွေကို စက်ဘီးမနင်းနိုင်ခဲ့ရင် စက်ဘီးကို ဘတ်စကားရှေ့မှာချိတ်ပြီး ဘတ်စကားနဲ့ခရီးဆက်၊ လိုရာခရီးရောက်မှ စက်ဘီးဆက်နင်း။ ဟန်းကိုကျလို့။ ဘတ်စကားရှေ့ကို စက်ဘီးချိတ်လို့အပိုငွေပေးစရာမလိုဘူး။ ချုပ်ပယ်ပေးမှာက ဘတ်စကားစီးတာတောင် ဖရီးဆိုတော့ ပိုနိပ်တော့တာပေါ့။ ဂျပီစက်ဘီးနဲ့ ကျောင်းသွားတော့ အဲဒီ အတိုင်းပဲလေ။ မသန်မစွမ်း ဝှီးချဲနဲ့သွားတဲ့လူတွေကိုတောင် ဘတ်စကားပေါ်ဝှီးချဲတင်သွားလို့ရအောင် လုပ်ပေးထားတယ်။ ခလေးကိုကိုယ်ပိုင်ကားထဲမှာ ပေါင်ပေါ်တင်ပြီး ဖြစ်ဖြစ်၊ ချီပြီးဖြစ်ဖြစ် စီးခွင့်မရှိပြန်ဘူး။ ခလေးသီးသန့်ခုံ (Child Seat) ကိုဝယ်ပြီး ကားနောက်ထိုင်ခုံပေါ်မှာ ခါးပတ်ကြိုးနဲ့တွဲတပ်ထားရတယ်။ ခလေးကို အဲဒီ ချိုင်းစီထဲမှာထည့်ပြီး ခါးပတ်စည်းပေးရပြန်တယ်။ ယာဉ်တိုက်မှုဖြစ်ရင် ကလေး ကိုကာကွယ်ပြီးသားဖြစ်နေပြီလေ။ စက်ဘီးမသုံးဘဲ ခြေတစ်ဖက်မှာ ဘီးပါတဲ့စကိတ်တုတ်ကလေးတပ်ပြီး ကျန်တစ်ဖက်နဲ့တွန်းလို့ ပလက်ဖေါင်းပေါ်မှာလိမ့်စီးသွားလာနေတဲ့သူတွေကိုလည်းတွေ့ရပါလိမ့်မယ်။ ဝှီးချဲသမား၊ စကိတ်စီးသမားတို့အတွက် လမ်းဆုံကပလက်ဖေါင်းအစပ်ကလေးတွေကို ပြားပေးထားတယ်။ မီးပွိုင့်မှာ လူကူးမီးနီနေရင် ဘယ်သူမှလမ်းမကူးကြဘူး။ လမ်းကူးဖို့စောင့်နေတဲ့သူ များလာရင်တော့ ဓာတ်တိုင်ကခလုတ်ကို ခပ်များများနှိပ်ပေးရင် လူကူးမီးကစိမ်းသွားပြီး ကားတွေအတွက် မီးကနီသွားပါလိမ့်မယ်။ (ဒါလောက်ဆိုအမေရိကားမှာ လမ်းသလားလို့ရပါပြီနော်)။ ကဲ့ ဒါ ဆိုဂျပီက ပပေါ်ဦးက်တော့မယ်။ သူ့မေးခွန်းက– "ညောင်ညိုပင်ရှေ့က ကုက္ကိုပင်ကြီးပေါ်မှာတဲ့၊ တွန်သံသာနေတဲ့

www.burmeseclassic.com



ဥသြငှက် ငယ်လေးကိုရှာဖွေပြပါတဲ့''. ရှာလို့တွေ့ကြပါရဲ့လား။ ။

+ − ♛ ÷ ? ? ။ (သစ်ပင်ဆိုလို့ခေါင်းမော့ကြည့်ပြီး အောက်ကခွေးချေးလည်း နင်းမိနေပါအုံး မယ်နော်) ။ ဟဲဟဲ. ဂျီပီက နောက်နေတာပါ။ အမေရိကားမှာ ဘယ်မှာကုက္ကိုပင်တို့၊ ညောင်ညို ပင်တို့၊ မကျီးပင်၊ တမာပင်၊ စိန်ပန်း၊ ငုဝါ၊ ပိတောက်တို့၊ ဥသြငှက်တို့၊ (ခွေးချေးတို့) ရှိရမှာလဲ။ ကျွန်းပင်၊ ပျဉ်းကတိုးပင်တွေတောင် မပေါက်လို့ သူတို့ရဲ့ ပရိဘောဂတွေကို၊ ထင်းရှူးသားနဲ့ပဲ အလှဆင်ကြရရှာတယ်။ (သနားတယ်)။ ရှားရှားပါးပါး ဖလော်ရီဒါတုံးက မြန်မာတွေစိုက်ထားတဲ့ ဒန့်သလွန်ပင်တစ်ပင်ကိုတွေ့ခဲ့ရတယ်။ အိမ်ညှော့ခန်းထဲမှာ ငှက်ပျောပင်ကြီးကိုအလှဆင်ပြီးစိုက်ထားတဲ့ မြန်မာဆရာဝန်တစ်ယောက်ရဲ့အိမ်ဟာ အတ္တလန်တာပြည်နယ်၊ မေကွန်းမြို့မှာရှိနေပါတယ်တဲ့။ မကျီးပင်မရှိပေမယ့် ကုန်တိုက်မှာ မကျီးသီးဝယ်လို့ရပါတယ်။ အိမ်ရှေ့မှာ ပန်းအိုးလေးနဲ့ချဉ်ပေါင်ပင်၊ ခရမ်းပင်၊ ငရုတ်ပင်လေးတွေစိုက်ထားတာတွေ့ရင် အဲ့ဒါမြန်မာအိမ်ပဲ။ (အိမ်ထဲဝင်လိုက်ရင်တော့ ကြက်သွန်ဆီသပ်နံ့နဲ့ ငပိကျက်နံ့ကစွဲကျန်နေရစ်တာကို သတိထားမိပါလိမ့်မယ်တဲ့)။ အုံ့ဆိုင်းဆိုင်းနဲ့ပေါက်တဲ့ အပင်မျိုးတွေကိုမတွေ့ရတော့ပဲ အပေါ်ကိုရှူးပြီး ချွန်တက်သွားတဲ့ သစ်ပင်မျိုးတွေပဲတွေ့ရတယ်။ ပိုင်းဝုဒ်–Pinewood တဲ့၊ ဒေါ့ဝုဒ်–Dogwood တဲ့၊ ရက်ဒ်ဝုဒ်တဲ့– Redwood တဲ့၊ အဲ့သလိုသစ်ပင်တွေပေါ့။ ဥသြငှက်နေရာမှာ နိုက်တင်ဂေးတို့၊ ဘလူးဂျေး (Blue Jay) တို့ရောက်လာပြီ။ အရာရာကွဲပြားသွားကုန်ပြီလေ။ လူ တွေရဲ့စရိုက်။ အဝတ်အစား။ အစားအစာ။ ဘာသာစကား။ အို. အကုန်ပါပဲ။ ယူအင်စီရဲ့ ကိုအော်ဒီနေတာ ဆရာမ ဒေါ်အယ်လိဇဘက်ကို ဂျီပီတစ်ခါကပြောပြခဲ့ဖူးသလိုပါပဲ။ မင်းတို့နိုင်ငံနဲ့ ငါတို့နိုင်ငံတူတာဆိုလို့ မိုးကောင်းကင်ပြာပြာကြီးရယ်၊ မြက်ခင်းစိမ်းစိမ်းတွေရယ်ပဲရှိတောတယ့် လို့။ မင်းတို့ခွေးကလည်းမဟောင့် ။ မင်းတို့နွားမှာက ဘို့မရှိ။ ရွှေကျီးဆိုတာ တစ်အာအာနဲ့သာနေရတာ။ အခုတော့ ။ ဘယ်မှာလဲကိုရွှေကျေးရာ့။ ( အဲ. စာကလေးသံ ကတော့ ကျလိကျလိမြည်တုံးပါပဲလို့)။

အဲ့သလို နဲ့ ဒေါက်တာဂျီပီဟာ

## ယာဉ်မောင်းလိုင်စင်ဖြေဆိုခြင်း

ချပ်ပယ်ဟေးမှာ မြန်မာတစ်ယောက်က ပြည်နယ်ပြောင်းအလုပ်ရွှေ့သွားလို့ သူ့ရဲ့ ဒေါ်လာ ၆၀၀ တန် ကားအဟောင်း၊ ၈၉ မော်ဒယ် မာဇဒါထရပ် (ပစ်ကပ်) ကားကိုဂျီပီ့ကိုအလကားပေးထားခဲ့ပါတယ်။ ပစ်ကပ်ကားနောက်မှာ လူထိုင်ခွင့်မရှိဘူး။ ပစ္စည်းပဲ တင်လို့ရတယ်။ ဂီယာတန်းစနစ် (Shift Gear ) နဲ့မို့သူတို့ဆီကလူတွေသိပ်မမောင်းတတ်ကြ ဘူး။ ကားအများစုက အော်တိုဂီယာတွေမဟုတ်လား။ သူတို့ဆီမှာက ကားဝယ်ရင်ဖြစ်ဖြစ် အလကား ယူရင်ဖြစ်ဖြစ် ချက်ချင်းနာမယ်ပြောင်းရပြီး ကားနံပါတ်ပါ တစ်ခါထဲပြောင်းလဲယူရတယ်။ ကိုယ်ကြိုက်တဲ့ နံပါတ်ကို တောင်းယူလို့ရပြီးကိုယ့်နံမယ်နဲ့မှတ်ပုံတင်ရတယ်။ မြန်မာတစ်ချို့ရဲ့ ကားနံပါတ်တွေက MYANMAR တဲ့၊ TAUNGGOO တဲ့၊ THAR-MA-NYA တဲ့။ ကိန်းဂဏန်းတွေမပါကြဘူး။ ကိုယ်ကြိုက်တာလေးတွေကိုယ်ယူထားတာတွေ့ရတော့။ ဂျီပီက လည်း သူ့ကားနံပါတ်ကို GEE PEE



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီးပြောင်းလဲမှတ်ပုံတင်ပေးလိုက်ပါတယ်။ ကားမှတ်ပုံတင်ဖို့ မှတ်ပုံတင်ကြေးအပြင်အာမခံကြေးငွေပါ သွင်းရပြန်ရော။ ယာဉ်မောင်းလိုင်စင်ကို (ရန်ကုန်က အင်တာနေရှင်နယ်လိုင်စင်လုပ်လာပေမယ့်လည်း) ပြောက်ကယ်ရိုလိုင်းနားဥပဒေက ဘာလိုင်စင်ပဲဖြစ်ဖြစ် သူ့ပြည်နယ်လိုင်စင်ကို ပြန်လုပ်ယူရတယ်။ ယာဉ်မောင်းလိုင်စင်မှာလည်း အာမခံငွေ သွင်းရပြန်တယ်။ လိုင်စင်ဖြေတော့ ယာဉ်စည်းကမ်းအမှတ်အသား လမ်းညွှန် (Road Sign) တွေ၊ အရောင်ခွဲခြားနိုင်မှု (Color Test) တွေကိုအရင်ဖြေရပြီး၊ အောင်ရင် ကွန်ပြူတာမှာ မေးခွန်းနဲ့ ရုပ်ပုံ ၂၅ ခုအနက်က၊ အခု ၂၀ မှန် အောင်ဖြေရတယ်။ ဒီအဆင့် အောင်ပြီဆိုရင် သင်မောင်း (Learner's Permit) လိုင်စင်ရပြီ။ သင်မောင်းရပြီး တစ်ပါတ်ကြာရင် ယာဉ်မောင်းလိုင်စင်အတွက် ကားကိုကိုယ်တိုင်တက်မောင်းပြရတဲ့ (Driving Test) ကိုဖြေဆိုလို့ရပြီ။ သူတို့ဆီက ကားတွေက ဘယ်စီယာတိုင်နဲ့ ညာမောင်းစနစ်နဲ့။ ကားနံပါတ်က ရှေ့မှာမတပ်ထားပဲ၊ ကားနောက်မှာပဲနံပတ်ရှိတယ်။ ကားမောင်းမပြခင် စစ်ဆေးမယ့်အရာရှိက ဘေးကထိုင်နေပြီး ဘာတွေလုပ်ပြရမယ်ညွှန်ကြားတော့တာပါပဲ။ ကားပေါ်မတက်ခင်ကိုယ့်ကားကို တစ်ပါတ်ပတ်လှည့်ကြည့်ပြီး စစ်ဆေးရတာကအစ အသေးစိတ်စစ်ဆေးတယ်။ စက်မနှိုးခင် နောက်မှန်၊ ဘေးမှန် အရင်ချိန်ရတယ်။ ဒရိုင်ဘာခုံမှာထိုင်ပြီဆိုတာနဲ့ ခါးပတ်ကို ကလစ်ကနဲ မြည်အောင်တပ်လိုက်ရပြီ။ (ခါးပတ်မတပ်ရင် တော်တော်အပြစ်ကြီးတယ်)။ စစ်ဂနယ်မီးဖွင့်ပြီး အချက်ပြတာတွေကို အ ဓိကထားစစ်တယ်။ သူတို့ဆီမှာက အဲယားကွန်းဖွင့်ပြီး ဘေးမှန်ပြူတင်းကို ပိတ်မောင်းတတ်ကြလေတော့ လက်နဲ့အချက်ပြလို့က မရနိုင်ဘူးလေ။ မိုင် ၂၀ ထက်ပိုမမောင်းရဆိုတဲ့နေရာမျိုးမှာ မပိုမိအောင် မိုင်နှုန်းပြမီတာကိုကြည့်နေရတယ်။ မီးပွိုင့်မှာမီးဝါရင်ဖြတ်လို့ရတယ်။ ညာဘက် ကွေ့မယ့်ကားက ယာဉ်ကြောရှင်းရင်ကွေ့ပဲ။ (မီးပွိုင့်ကသူ့လမ်းကိုသီးသန့်တားမထားရင်) ဂရုစိုက်ရာမလိုဘူး။ မီးနီဖြတ်မိရင်တော့ မီးပွိုင့်မှာတပ်ထားတဲ့ ကင်မရာကနေ ဓာတ်ပုံရိုက်လိုက်ပြီး ဒဏ်ကြေးငွေတောင်းတဲ့ ချလံ (တစ်ကက်)က အိမ်ကိုရောက်လာပြီသာမှတ်။ ဆောင်ရမယ့်ရက်ကျော် သွားရင်ရက်လွန်ကြေးပဲ။ ၃ လ ၄ လကျော်လို့လာမှလာ ဆောင်ရင်တော့ တရားရုံးမှာ ရင်ဆိုင်ရလိမ့်မယ်။ စတော့- STOP ဆိုတဲ့ ရပ်ရမယ့်အမှတ်အသားရှေ့မှာ ယာဉ်ကိုစုံကိုရပ်ပေးရတယ်။ မရပ်ရင် တစ်ကက်ပဲ။ ပုလိပ်မရှိဘူးဆိုပြီးခိုးမမောင်းလေနဲ့။ လျှို့ဝှက်ကင်မရာတွေက ဓာတ်ပုံရိုက်လိုက်ရင် တစ်ကက်ထိသွားနေဦးမယ်။ ကိုယ်သွားနေတဲ့လမ်းရှေ့မှာ ကျောင်းကားကရပ်နေပြီဆိုရင် ကိုယ့်ကားကလည်းရပ်ပေတော့။ သူတို့ဆီမှာ ကျောင်းကားက ဝိုလ်ပဲ၊ ကလေးတွေကို ဦးစားပေးရတဲ့တိုင်းပြည်ဖြစ်လို့ လူအတင်အချလုပ်ပြီးရပ်နေတဲ့ ကျောင်းကားကိုကျော်မောင်းဖို့ မစဉ်းစားလေနဲ့။ ယာဉ်ကြောနှစ်ဘက်စလုံးကကားတွေ အကုန်လုံးရပ်ပေးကြရတယ်။ မရပ်ပဲ ကျော်မောင်းလိုက်ရင်လိုင်စင်တောင်ပိတ်သိမ်းခံရလိမ့်မယ်။ ယာဉ်မောင်းစစ် အောင်ပြီဆိုရင်တော့ ချက်ချင်း ဓါတ်ပုံရိုက်ပေးပြီး တယ်လီဖုန်းကဒ် လောက်ရှိတဲ့ လိုင်စင်ကဒ်ပြားလေး ထုတ်ပေးပါ လိမ့်မယ်။ လိုင်စင်ကြေးကော့ သင်မောင်းဆို ၁၀ ဒေါ်လာ။ ယာဉ်မောင်းက ၁၂ ဒေါ်လာ။ ဒါနဲ့ပဲ ကားကိုအလကားရလိုက်ပေမယ့် ဂျီပီ့ခမျာငွေ ၂၅၀ လောက် ချောသွားပါလေရော။ ယာဉ်မောင်းလိုင်စင်ဟာ မှတ်ပုံတင်လိုပဲ အသုံးဝင်တယ်။ မွေးသက္ကရာဇ်၊ နေရပ်၊ ဓါတ်ပုံ အကုန်ပါလို့ ဖိုတို အိုင်ဒီဆိုပြီး နေရာတကာယူဆောင်သွားရတယ်။ အမေရိကားမှာ အဲဒီ ဖိုတိုအိုင်ဒီရယ်၊ ဘဏ် (ဗီဆာ၊ မာစတာ)ကဒ်



www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ ဆိုရှယ်စစ်ကျူရိတီလို့ခေါ်တဲ့ဖူလုံရေး နံပါတ်ရယ်ရှိထားရင် အမေရိကန်နိုင်ငံသားလိုပဲ ဟန်ဆောင်လို့ရပြီ။ နေရာတကာမှာ ပတ်စပို့ထုတ်ပြနေစရာမလိုတော့ဘူး။ ဂျီပီ့မှာ အဲဒါတွေနဲ့ အကုန်ပြည့်စုံနေပြီဆိုတော့။ ဟဲဟဲ၊ အမေရိကန်နိုင်ငံသားပေါ့။

## အင်တာနက်ပေါ်မှ လေယာဉ်ပုံသန်းမှုအခြေအနေ (Checking Online Flight Status)

ဒေါက်တာဂျီပီဟာသူ့ဇနီးသယ်ခေါ်ယူရေးအတွက် ဗီဇာရရှိရေး ထောက်ခံချက်တွေတောင်းခံရတဲ့ အပြင် ကျန်းမာရေးအာမခံငွေကြေးငွေတွေလည်းသွင်းပေးရပါတယ်။ ရန်ကုန်က အမေရိကန်သံရုံး ဗီဇာဆက်ရှင်မှာစစ်ဆေးတဲ့ ကိုရီးယားမက တော်တော်ရစ်တယ်ဆိုပြီး သတင်းကြီးနေလို့ ဇနီးသည်တွက်လွယ်မှလွယ်ပါ့မလားလို့စိတ်ပူနေလိုက်ရတာ။ တကယ်တန်းကျတော့ ဟမ်းဖရေးပညာသင်ဆုက တော်တော့်ကိုအရှိန်ကြီးတာပဲ။ ကာယကံရှင်ကို ဂျေဝမ်းဗီဇာပေးပြီး ဇနီးမယားနဲ့သမီးသားတွေကို ဂျေတူးဗီဇာထုတ်ပေးတယ်လေ။ လွယ်လွယ်ကူကူနဲ့ပဲ ဗီဇာရရှိလိုက်ပါတယ်။ ဂျီပီ့တုံးက လေယာဉ်လက်မှတ်ကို ဟမ်းဖရေးအစီအစဉ်က ဝယ်ပေးလေတော့၊ ဈေးကြီးတဲ့ ယူနိုက်တက်အဲယားလိုင်းနဲ့ ငြိမ့်လို့။ ဇနီးသည်ကျတော့ ကိုယ့်ပိုက်ဆံနဲ့ကိုယ်ဝယ်ရတာဆိုတော့ ဟို အီဗာ အဲယားလိုင်း (တရုတ်လေကြောင်းလိုင်း)ပဲပေါ့။ ဒါတောင်အသွားအပြန်ကို ဒေါ်လာ ၉၀၀ နီးပါးပေးလိုက်ရပါတယ်။ ဇနီးသည် အမ်အေအိုင်လေယာဉ်ပေါ်တက်ပြီဆိုကတည်းက ချပ်ပယ်ဟေး မှာရှိနေတဲ့ဂျီပီက အင်တာနက်ကနေ Flight Status လို့ခေါ်တဲ့လေယာဉ်ရောက်နေတဲ့ အခြေအနေတွေကိုကြည့်နေပြီလေ။ လေကြောင်းလိုင်း၊ ခရီးစဉ်နံပါတ်တွေသိရင် အဲဒီလေယာဉ် ဘယ်နေရာရောက်နေသလဲဆိုတာတွေကို အကုန်ကြည့်လို့ရတယ်။ အမ်အေအိုင်အဲယားလိုင်းက အင်တာနက်မှာသိပ်ပြည့်စုံအောင်မတင်ထားလေတော့ ဘန်ကောက်ရောက်တဲ့အထိ စိတ်ရှည်ရှည်နဲ့ပဲ စောင့်နေရတယ်။ ဇနီးသည်ကတစ်ခါမှ ပြည်ပကိုထွက်ခွာဖူးတာမဟုတ်ပြန်တော့၊ ဘန်ကောက်လေဆိပ်ရဲ့ပုံစံတွေ၊ တိုင်ပေ ချန်ကေရှိတ်လေဆိပ်မှာလေယာဉ်ပြောင်းစီးရမယ့် အစီအစဉ်တွေ၊ အမေရိကန်ဆီယားတဲ (Seattle) ကိုရောက်ရင် လူဝင်မှု အစစ်ခံရမှာတွေကို အင်တာနက်မှာရှာပြီး ကြိုတင်အီးမေးနဲ့ပို့ပေးထားပြီးပြီ။ ဘန်ကောက်ကခွာပြီဆိုတာနဲ့ တိုင်ပေကိုခန့်မှန်းဘယ်အချိန်ဝင်မလဲ ဂျီပီကသိနေပြီ။ အမြင့်ပေဘယ်လောက်မှာပျံနေတယ်၊ လေတိုက်နှုန်းက ဘယ်လောက်၊ ဘယ်သမုဒ္ဒရာပေါ်မှာ့စတာတွေကိုကြည့်တတ်နေပြီလေ။ လေယာဉ်ပေါ်မှာ ထိုင်ခုံလွတ်တာကအစသိနေတယ်။ တိုင်ပေကထွက်တာ ၁၀ မိနစ်နောက်ကျသွားတာလည်း ဂျီပီက သိတာပေါ့။ လေယာဉ်ပေါ်မှာချည်း နာရီ ၂၀ ကျော်စီးရမှာဆိုတော့၊ ဂျီပီက အင်တာနက်ကို ကျောင်းကနေကြည့်လိုက်အိမ်ကနေကြည့်လိုက်၊ ရင်တမမနဲ့ပေါ့။ လေယာဉ်အခြေအနေကြည့်ရင်း ပါးစပ်ကလည်းဂါထာတွေရွတ်ရွတ်နေလိုက်သေးဆိုတော့ ဟမ်းဖရေးသူငယ်ချင်း ဂျော်ဒန်သူရက်ဒါဗျူးထရို့စ်ကမေးလာပြီ။ ပါးစပ်ကတစ်ပြစ်ပြစ်နဲ့မြည်အောင်ရွတ်တာက လေယာဉ်ပျံကို မြန်မြန်ဆိုက်အောင် ခေါ်တာလားတဲ့။ ဟုတ်တယ်လို့စိတ်ပေါက်ပေါက်နဲ့ ဖြေလိုက်မိပါတယ်၊ သမ္မုဒ္ဒေရဲ့တန်ခိုးကိုသူ့ ကိုမရှင်းပြနိုင်တော့ဘူး။ ညကြီး ၁၂ နာရီကျော်မှာ နယူး ဂျာဆီမြို့ အီးဒဘာလူအာလေဆိပ်ကို လေယာဉ်နောက်ဆုံးဆိုက်ရောက်လာပါပြီ။ မြန်မာသူ ငယ်ချင်းတစ်ယောက်ကို

www.burmeseclassic.com

ဒေါက်တာမြင့်ဦး (ဂျီပီ)

သွားကြို့နိုင်းရတယ်။ ဂျီပီနေတဲ့ ချပ်ပယ်ဟေးနဲ့က မိုင် ၆၀၀ ကျော် အနေအထား ကလေးပေါ့။ အဲဒီတာ အဲယားလိုင်းက ချပ်ပယ်ဟေးကိုတိုက်ရိုက်မှမရောက်တာ။ ကားနဲ့သွားကြို့ရင် ၁၀ နာရီလောက် မောင်းရဦးမှာ။ လမ်းမှာက ဆီးနှင်းတွေကျလွန်းလို့လမ်းတွေပိတ်ဆို့နေပြီ။ နောက်ထပ်ပြည်တွင်း လေယာဉ်ကိုထပ်စီးရဦးမှာပေါ့။ ပြည်တွင်းခရီးကိုတော့ ဂျီပီကိုယ်တိုင် အွန်လိုင်းကနေ လက်မှတ်ဝယ် ထားပြီ။ နယူးဂျာစီကသူငယ်ချင်းဆီကို အီးမေးနဲ့ ကြိုပို့ပြီးထားပြီးပြီ။ အဲဒီပြည်တွင်းခရီးကကိုပဲ ဒေါ်လာ ၅၀၀ နီးပါးပေးလိုက်ရသေးတယ်။ ဖနီးသယ်အတွက် လေယာဉ်ခချည်းပဲ ၁၄၀၀ ကျော်သွားရတော့တာပေါ့။ နောက်ထပ် ကုန်ပေါက်တွေတွေ့ပါလိမ့်ဦးမယ်။ နယူးဂျာစီမှာ ၂ရက် လောက်အလည်ခိုင်းထားပြီးမှ မျှော်နေရတဲ့ ရွှေကိန္နရီမင်းသမီးလေး ချပ်ပယ်ဟေးမြို့ကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လို့လာပါပြီခင်ဗျား။ ကိန္နရာမင်းသားလေး ဂျီပီခမျာ ပျော်နေရှာပြီပေါ့။

## အမေရိကားရဲ့ ကားပေါ်တင်

ဖနီးသယ်ကိုကြိုဆိုဖို့ ထားဝယ်သားရဲ့ ကမ်ကာရီကားကိုကိုယ်တိုင်မောင်းပြီး ချပ်ပယ်ဟေး လေဆိပ်ထဲကို မောင်းလို့ဝင်သွားပါပြီ။ ကားပါကင်ထိုးဖို့ပေးထားတဲ့နေရာက ရှစ်ထပ်တောင် ရှိတယ်။ ၄ ထပ်အထိပြည့်နေတယ်ဆိုတာကိုစာတန်းထိုးပြထားလို့ ငါးထပ်ကို မောင်းတက်ခဲ့ရတယ်။ ပါကင်ရိုယာထဲဝင်တာနဲ့ ကားတားထားတဲ့ ထုတ်တန်းဘေးနားက စက်ခလုတ်ကိုနှိပ် လိုက်တော့ ကိုယ်ဝင်တဲ့အချိန်ပြထားတဲ့ ကဒ်ပြားလေးတစ်ခုထွက်လာတယ်။ ကားပေါ်ကနေအဲ့ဒီကဒ်လေး ကိုလှမ်းယူလိုက်ရင် ထုတ်တန်းမောင်းတံကမြင့်သွားရော။ ပါကင်မိုးကောက်နေတဲ့ လူကိုမတွေ့ခဲ့ရပါဘူး။ ကားရပ်ဖို့အတွက် မစွမ်းမသန်သူတွေကိုပေးထားတဲ့ သီးသန့်နေရာတွေကို ရှောင်ရတယ်။




... ဘက်စ်ကားပေါ်သို့ ဖိုက်ဒရောလစ်နှင့် တင်ယူနေစဉ်



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေရာမှာပါကင်သွားထိုးလို့ကတော့ ဒဏ်ငွေ ဒေါ်လာ ၅၀၀ ပဲ။ ပြီးတော့ သူများလပေးနဲ့ယူထားတဲ့ နေရာတွေကိုလည်းရှောင်ရသေးတယ်။ ပိုင်ရှင်တွေကများဖုံးနဲ့လှမ်းတိုင်လိုက်တာနဲ့ ကိုယ့်ကားကို (စည်ပင်) ကလာပြီးမချည်ဆွဲယူ (Tow) သွားပါလိမ့်မယ်။ အဲဒီ ချည်မခစားရိတ်ရယ်၊ ဒဏ်ကြေးရယ်လိုက်ဆောင်ပြီး ကိုယ့်ကားကိုကိုယ်ပြန်ရွေးယူရတတ်တယ်။ ဖနီးသယ်ကိုကြိုပြီး ပါကင်ဧရိယာကပြန်ထွက်တော့ ကိုယ်ရပ်နားသလောက် အချိန်အတိုင်းအတာအတိုင်း စက်မှာပြန်လည်ပေးဆောင်ရတယ်။ စောစောက ကဒ်ပြားလေးကို အထွက်အတားဂိတ်က စက်မှာ ထိုးသွင်းလိုက်တာနဲ့ ကျသင့်ငွေကိုစက်ကပြပါလိမ့်မယ်။ နဘေးက ငွေပေးချေရမယ့်အပေါက်မှာ ကျသင့်ငွေကိုသွင်းလိုက်ပြီဆိုရင်၊ ဘောက်ချာပြန်ထွက်လာပြီး အထွက်ထုတ်တန်းက သူ့အလိုလိုပွင့်လာလိမ့်မယ်။ လူမရှိပဲ ပါကင်ကောက်ခံနေတာလေ။ လမ်းဘေး ပလက်ဖေါင်းမှာ ကားရပ်မယ်ဆိုရင်တော့ ပလက်ဖေါင်းပေါ်မှာ တိုင်ငုတ်ကလေးတွေထူပြီး ပါကင်မီတာတွေ ထားပေးထားတယ်။ ကိုယ့်ကားရပ်ပြီးတာနဲ့ ပါကင်မီတာမှာငွေသွားထည့်ရတယ်။ တစ်နာရီကို ၁ဒေါ် လာ ၂ ဒေါ်လာပါပဲ၊ တစ်နာရီစာထည့်ပြီး နာရီကျော်နေရင် အဲဒီမီတာက မီးလင်းလာလိမ့်မယ်။ ရဲကမီးလင်းနေတဲ့ ပါကင်မီတာကို တွေ့ပြီဆိုတာနဲ့ ကိုယ့်ကားကိုကိုယ်မရှိတုံး ခုနလို ချည်မဆွဲယူ(တိုးအလုပ်) ခံရပြီသာမှတ်။ လိုက်ရွေးယူပေတော့။ နယူးရောက်လိုမြို့ကြီးတွေမှာ ပါကင်ခက တစ်နာရီကို ၈ ဒေါ်လာ၊ ၁၀ ဒေါ်လာ အထိပေးရတတ်တယ်။ ပါကင်နေရာရှားလွန်းတော့ လမ်းဘေးမှာတင်၊ ကားကိုတစ်စီးပေါ်တစ်စီး ၂ ထပ် ၃ ထပ် ရပ်လို့ရအောင် ယာယီစင်တွေထိုးပေးထားလေရဲ့။ ဂျီပီပုံပြင်ကြာကြာနားထောင်လာရင် အိပ်ငိုက်မှာစိုးလို့ ဓါတ်ပုံလေးတွေကြည့်ပြီး မျက်စေ့ကျယ်အောင်ကြိုးစားထားအုံးနော်။

ကဲ့ နောက်တစ်လကျမှပဲ အမေရိကားရဲ့ရဲတွေအကြောင်း၊ ဓာတ်ဆီဆိုင်တွေအကြောင်း၊ ဂျီပီတို့ကား ယာဉ်တိုက်မှုဖြစ်တော့ဘယ်လိုရှင်းလိုက်ကြသလဲဆိုတာတွေအပြင် ရှိကာဂိုမြို့ရဲ့ တန်ဆောင်တိုင်ပွဲတော်အကြောင်းပါပြောပြရဦးမယ်။ (အိပ်မငိုက်ကြေးနော်)။ စောင့်မျှော်နားဆင်ကြပေဦးတော့ကွယ်_ ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



# အမေရိကားရောက်ဒေါက်တာဂျီပီပုံပြင် – ၆

(The Story of Dr. GeePee in America)

Narrator: ပုံပြောသူ။
ဒေါက်တာမြင့်ဦး (အလုံ)

(စရဏမဂ္ဂဇင်း။ အတွဲ - ၂။ အမှတ် - ၂။ ဩဂုတ်လ - ၂၀၀၅။ တွင်ဖော်ပြပါရှိပြီး)။

၆။ နာရီရွှေ့ခြင်း။
မာတ်ဆီဆိုင်။
နိုင်းချင်ရာနိုင်းလို့ရတဲ့အမေရိကန်ပုလိပ်။
တက္ကစီမောင်းသမားဘိုလူလိမ်။
ဂျီပီနဲ့ယာဉ်တိုက်မှု။
ရှီကာဂိုကတန်ဆောင်တိုင်ပွဲ။
ဘောဘီရှားဝါးပါတီ။



www.burmeseclassic.com

www.burmeseclassic.com

# ဒေါက်တာမြင့်ဦး (ဂျိုပီ)

ဒီလ ဂျိုပီပုံပြင်မပြောခင် ဂျိုပီ့ကိုယ်ငယ်တုံးကအပြောခံခဲ့ရတဲ့ အရှည်ဆုံးပုံပြင်တစ်ခု အကြောင်းကို အရင်ပြောပြမယ်။ ဟိုးရှေးရှေးတုံးက ပုရွက်ဆိတ်ကလေးတစ်ကောင်ဟာ့တဲ့ ဂိုဒေါင်ထဲက ဆန်တွေကိုဟဲ့ တစ်လုံးပြီးတစ်လုံး၊ တစ်လုံးပြီးတစ်လုံး၊ တစ်လုံးပြီးတစ်လုံးနဲ့။ အဲ့ဒီတစ်လုံးပြီးတစ်လုံးကနေ မတက်တော့တာနဲ့ ပုံပြင်ကဘယ်တော့ဆုံးမှာလဲလို့ ပြန်ပြောမိတော့ ပုံပြောသူက အရှည်ဆုံးပုံပြင်ဆိုတာ အဲဒီဂိုဒေါင်ထဲကဆန်တွေ မကုန်မချင်းပြောရင် အရှည်ဆုံး ဖြစ်မှာပေါ့တဲ့။ ကဲ အခုလဲ စရဏပရိတ်သတ်ကြီးရေ့ ဂျိုပီပုံပြင်ဟာဖြင့် အမေရိကားတိုက်ကြီး တစ်ခုလုံးကိုကုန်အောင်စင်အောင်ပြောရမှာဆိုတော့ ကမ္ဘာ့အရှည်ဆုံးပုံပြင်များဖြစ်နေမလားပဲ။ ။ ဒီတစ်လုံးသယ်လာပြီးရင် နောက်တစ်လုံးသယ်လာရဦးမှာဆိုတော့ ။

အဲ့သလိုနဲ့ ဒေါက်တာဂျိုပီဟာ

## နေ့အလင်းရောင်ချိုးယူခြင်း (Daylight Saving Time)

အမေရိကားကျကာမှ နာရီကို ရှေ့တိုးတာတို့၊ နောက်ရွှေ့တာတို့နဲ့ကြုံခဲ့ရပလေတယ်။ အေးတဲ့ ရာသီမှာနေပွင့်လာရင် ကျောင်းတွင်းမြက်ခင်းပြင်မှာ နေပူစာလှုံ (Sunbasking လုပ်) သူတွေ ဒုန့်ဒေး ပါပဲ။ ပိုးလို့ပက်လက်နဲ့ ။ (ကြည့်လို့ကောင်းလိုက်တာ)။ ရှုံ့ညိုလေးတွေ ပေါ်တဲ့နိုင်ငံဆိုတော့ လူယဉ် နေတဲ့ရှဉ့်ကလေးတွေနဲ့၊ မြက်ခင်းပေါ်မှာ လူရောရှဉ့်ရော၊ လူမွေးရှဉ့်မွေး၊ လူ လူးရှဉ့်လူးပြီး၊ ရော့နေအဲ





www.burmeseclassic.com

www.burmeseclassic.com



ဆော့နေကြသလိုပါပဲ။ နေရောင်ကတောက်ပနေပေမယ့်လည်း ခြစ်ခြစ်တောက်မပူပဲ (ကိုယ့်အတွက်က) အေးလို့တောင်နေပါသေးတယ်။ညနေ ၅ နာရီထိုးပြီဆိုတာ နဲ့ နေဝင်ရီသရောအချိန်ရောက်လာပြီး၊ ညီအစ်ကိုမသိတသိဖြစ်ကုန်ပြီ။ နွေဦးရာသီ Spring မှာ နေ့တာကတိုလွန်းနေတယ်။ ဒါနဲ့ ဧပြီလ ၄ ရက်ကစပြီး တစ်နိုင်ငံလုံးမှာရှိတဲ့ နာရီလက်တံတွေရှေ့ကို တစ်နာရီတိုးရွှေ့ကြရတယ်။ ညနေ ၅



ဓာတ်ဆီပန့်ကို ကိုယ်တိုင်ယူပြီးထည့်ရတဲ့ ရောင်းသူမဲ့ဓာတ်ဆီဆိုင်တစ်ဆိုင်

နာရီဟာ ၆ နာရီဖြစ်သွားရတော့တာပေါ့။ နေကို တစ်နာရီ နောက်ကျပြီး ဝင်ခိုင်းလိုက်တဲ့သဘောပါပဲ။ နာရီရွှေ့ပြီး နေအလင်းရောင်ကို တစ်နာရီ ခိုးယူလိုက်ကြတာပါ။ နေ့တာပိုရှည်သွားအောင်လို့တဲ့။ Fall လို့ခေါ်တဲ့အောက်တိုဘာလထဲမှာကျတော့ ညနေ ၇နာရီခွဲ အချိန်ဟာနွားရိုင်းသွင်းချိန်ပဲရှိသေးတယ်။ ည ၉ နာရီမှာမှနေဝင် တယ်။ သူတို့ည ၈ နာရီခွဲက ရန်ကုန်ရဲ့ ညနေ ၅နာရီခွဲ နေဝင်ရီသရော အချိန်ကျနေတာပဲ။ (အချိန်အတွက်မှားလို့ ယူအိုမှာ ညနေစာငတ်ခဲ့ဘူးတယ်လေ)။ နေ့တာရှည်လွန်းနေပြန်ရော။ ဒါကြောင့် ဧပြီလတုံး ကခိုးယူထားတဲ့ တစ်နာရီကို အောက်တိုဘာ ၂၆ ရက်ကစပြီး နာရီတစ် နာရီရှေ့ပြန်တိုးပေးကြရတယ်။ တစ်နိုင်ငံလုံးနာရီတွေပြန်ရွှေ့ကြပေါ့။ ညနေ ၆ နာရီကို ညနေ ၅နာရီ ပြန်လုပ်ပြီး နေ့တာတိုပစ်လိုက်ရပြန်ပြီ။ နေ့တာအတိုအရှည် ကွာခြားမှုက များလွန်းတော့အလုပ်ချိန် မနစ်နာကြရအောင် ဒီလိုပဲ နေ့အလင်းရောင်ကို နာရီရွှေ့ပြီး ခိုးယူကြရတယ်နဲ့ တူပါတယ်လေ။

## ရောင်းသူမဲ့ ဓာတ်ဆီပန့်များ

ကိုပီက အခုကိုယ့်ကားနဲ့ကိုယ်ဖြစ်နေပြီဆိုတော့ ကိုယ့်ဓာတ်ဆီကိုယ်ထည့်နေရပြီ။ ဓာတ်ဆီဆိုင်တွေက စတိုးဆိုင်အငယ်စားလေးတွေနဲ့တွဲဖွင့်ထားတတ်ကြတယ်။ ဓာတ်ဆီဈေးနှုန်းကို မြင်သာအောင် ဆိုင်ရှေ့မှာဆိုင်းဘုတ်ကြီးနဲ့ကြေညာထားတယ်။ ခဲပါတဲ့ဓာတ်ဆီက ဘယ်လောက်၊ စွမ်းအားမြှင့် ဓာတ်ဆီကဘယ်လောက်။ အနည်းဆုံး တစ်ဂါလံကို ၃၈၉ ဒေါ်လာကနေ ၂၁၉ ဒေါ်လာအထိ။ ဆီပန့်ရှေ့မှာကားကိုထိုးရပ်လိုက်ပြီး စက်သပ်ထားရတယ်။ ကိုယ်ကြိုက်တဲ့ ဈေးနှုန်းပါတဲ့



www.burmeseclassic.com

www.burmeseclassic.com



နော်ဇယ်ကိုကောက်ကိုင်ပြီး ကိုယ့်ကားဓာတ်ဆီတိုင်ကီအဝမှာစွပ်။ ကိုယ့်ရဲ့ ဘဏ်ကဒ်ကလေးကို ဆီမီတာဘေးကအပေါက်မှာသွင်း။ စက်က ဘောက်ချာယူမှာလားဆိုပြီး စာတန်းထိုး မေးလိမ့်မယ်။ ဗီဆာကဒ်လား၊ မာစတာကဒ်လားဆိုပြီးမေးလိမ့်မယ်။ YES / NO လိုက်နှိပ်သွားရုံပဲ။ နော်ဇယ်ခလုတ်ကိုတစ်ခါထဲဆွဲထား။ ကားဆီတိုင်ကီပြည့်သွားရင်သူ့အလိုလိုရပ်သွားလိမ့်မယ်။ ဒါမှမဟုတ် ကိုယ်လိုချင်တဲ့ဂါလံဖြစ်ဖြစ်၊ ကျသင့်ငွေဖြစ်ဖြစ်ရောက်ရင် နော်ဇယ် ခလုတ်ကိုရပ်လို့ရတယ်။ (ဆီကိုကိုတာနဲ့ရောင်းတာမဟုတ်သလို၊ ဆီဆိုင်ကလည်း အမှတ်ခိုး လို့မရ။ တန်းစီစရာလည်းမလို။ ပြန်ရောင်းစားလို့လဲမရတဲ့စနစ်လေ)။ စက္ကန့်ပိုင်း အတွင်း ဘောက်ချာထွက်လာလိမ့်မယ်။ ဆီပန့်မှာရှိတဲ့စက်က ကိုယ်ထိုးသွင်းလိုက်တဲ့ ဘဏ်ကဒ်က နေတဆင့် ကိုယ့်ရဲ့ဘဏ်မှာသွင်းထားတဲ့ ငွေကို နုတ်ယူသွားပါပြီ။ အိမ်ပြန်ရောက်လို့ ကွန်ပျူတာနဲ့ ဘဏ်ဝက်ဆိုက်မှာရှာကြည့်လိုက်ရင်ပဲဖြစ်ဖြစ်၊ လမ်းဘေးက အေတီအမ်စက်တစ် ခုခုမှာ ဘဏ်ကဒ်ကို သွားထိုးကြည့်လိုက်ရင်ပဲဖြစ်ဖြစ်၊ ကိုယ့်ကဒ်ထဲမှာ (ဘဏ်မှာ) ကိုယ့်ငွေ ဘယ်လောက်ကျန်နေသေးသလဲဆိုတာကို စစ်ဆေးလို့ရပါတယ်။

## အွန်လိုင်းမြန်မာ့အလင်းသတင်းစာ

ရန်ကုန်မှာတုံးက ဂျပီ့အိမ်ကိုသတင်းစာရောက်တဲ့အချိန်ဟာ နေ့လည် ၁ နာရီထက်မစောဘူး။ အမေရိကားမှာကျတော့ မနက် ၇ နာရီဆို အွန်လိုင်းကနေ ရောင်စုံမြန်မာ့အလင်းသတင်းစာကို ဖတ်လို့ရနေပြီ။ ဘယ်လောက်ဟန်ကျသလဲ။ (ချဲပယ်ဟေးရဲ့ မနက် ၇ နာရီက ရန်ကုန်မှာညနေ ၅ နာရီခွဲနဲ့ညီမျှတာကိုး)။ ပြည်တွင်း သတင်းတွေရော၊ နာရေး၊ မင်္ဂလာဆောင်သတင်းတွေကိုပါ နေ့စဉ်ဖတ်ဖို့ဂျပီ့ရဲ့လက်တော့ ဖေးဗရိတ်စာရင်းမှာ ထည့်ထားရတယ်။ (နာရေးသတင်းထဲမှာ ဒေါ်ဘုမကြီး တစ်ယောက် ကွယ်လွန်သွားရှာပါပကော။ အော်.. သူကငါးသလောက်ပေါင်းဆိုသိပ် ကြိုက်တာ။ ဂျပီအမေရိကားမသွားခင်တုံးက ဆေးခန်းမှာ သွေးတိုးရောဂါနဲ့အမြဲပြနေကြ ဖေါက်သယ်လေ။ သူ့အတွက်တောင် ဆန်ဖရန်စစ္စကိုရောက်တုံးက ဒေးဗစ်ဆေးခန်းမှာ Sample ဆေးတွေ အလကား တောင်းယူထားပြီးပြီ။ အခုတော့သွားရှာပြီ။)။ မြန်မာတိုင်းမ်လည်းဖတ်လို့ရတယ်။ ဒါတင်မက မြန်မာ ရုပ်ရှင်သရုပ်ဆောင်တွေရဲ့ ဝက်ဆိုက်တွေ၊ လစဉ်မဂ္ဂဇင်းပေါင်းစုံရဲ့ ပေါ်ပြူလာ သတင်းတွေအပျင်းပြေ ရှာကြည့်ရတာပေါ့။ အခါကြီးရက်ကြီးမှာ တရားနာချင်ရင်တော့ အီးဓမ္မဒေါ့ကွန်း (Edhamma.com) ဆိုတဲ့ ဝက်ဆိုက်ကနေ ကိုးပါးသီလခံယူပြီး မြန်မာဆရာတော်တွေရဲ့ တရားတော်တွေကို မြန်မာလို နာယူလို့ရပါတယ်။ အမေရိကားရဲ့ ထင်ရှားတဲ့ သတင်းစာကြီးတွေဖြစ်တဲ့ New York Times တို့ Washington Post တို့ကိုလည်း အွန်လိုင်းကနေ အခမဲ့ Free Subscription ယူထားပြီးဖတ်ဖြစ်ပါတယ်။

## နိုင်းချင်တာခိုင်းလို့ရတဲ့ ဂုံများ

ဂျပီကြုံခဲ့ရတာက သူတို့ဆီမှာပုလိပ် (Police) ဆိုရင်တံဆိပ်နှစ်မျိုးနဲ့တွေ့ခဲ့ရတယ်။ တစ်ခုက ကောင်တီပုလိပ်– County Police လို့ခေါ်တဲ့ ခရိုင်ရဲ နဲ့ နောက်တစ်ခုကရှရစ်(Sheriff )တံဆိပ် တပ်ထားတဲ့ အသင်းအဖွဲ့ရဲတွေပဲ။ ရဲနှစ်ရဲစလုံးကို မသိရင်မေး (မစင်ရင်ဆေး) နိုင်းလို့ရတယ် ဂုံ





www.burmeseclassic.com

www.burmeseclassic.com



ဘန်ကောက်ကနေ (ပတ်စပို့မပါ) ခရီးသွားလက်မှတ် (Travel Document )နဲ့ အမေရိကားကို ရောက်ရှိလာတဲ့ မြန်မာလင်မယားနှစ်ယောက်ရဲ့ (မစင်ဆေးခိုင်းတဲ့) အတွေ့အကြုံလေးကို သူတို့ ပြောသလိုပြန်ပြောပြရဦးမယ်။ ဒါရမ် လေဆိပ်ထဲမှာ မယားဖြစ်သူခလေးအမေက သူ့ကလေးငယ် ရှုတ်တရက်အီအီးတွေပါချတော့ ထောင့်တစ်နေရာကိုသွားပြီး ခြေဖနောင့်ထိုးလို့ ကလေးကို အီအီး ဆုံးအောင်တယ်နေမိတယ်တဲ့။ ဒါကို ရှရစ်ရဲကလာဖမ်းပါလေရော။ အမေရိကားမှာ ဘယ်နေရာ ဖြစ်ဖြစ် ခလေးအီအီးတယ်လို့မရဘူးလေ။ ခလေးအမေတွေကို ခလေးသန့်စင်နည်း တွေ သင်ပေးထား ပြီးသားပါ။ ခလေးတိုင်းကိုတစ်ခါသုံးခါးတောင်းကျိုက်ကလေးတွေစည်း ပေးထားကြရတယ်။ အများသုံးရေ အိမ်သာတွေမှာဆိုရင် ခလေးခါးတောင်းကျိုက်လဲပေးဖို့ ကုတင်လေးတွေထားပေးထားတယ်။ ဒါတွေကိုမသိတဲ့ခလေးအမေက လူရှေ့သူရှေ့မှာ ယာယီခြေထိုးအိမ်သာ တည်ဆောက်ပြနေတော့ အဖမ်းခံရပြီပေါ့။ ခလေးအမေကငိုယိုပြီးခြေဟန် လက်ဟန်နဲ့ရှင်း ပြရှာပါတယ်။ ဒါနဲ့ ရဲက သူ့ခရီးသွား လက်မှတ်ကိုတောင်းကြည့်ပြီး အခုမှအမေရိကား ရောက် လာတာလည်းသိသွားပါရော၊ ရှရစ်မ တစ်ယောက်ကိုခေါ်လာပြီး ခလေးမစင်တွေကိုဆေးပေးခိုင်း၊ အမေကိုတစ်ခါထဲ ခလေးသန့်စင်နည်းတွေ သင်ပေးရုံမက၊ သင်တန်းတက်ပြီးကြောင်းလက်မှတ် ဆာတစ်ဖကိတ် (Certificate )ပါ ထုတ်ပေး လိုက်လေရဲ့။ (ဘယ့်နှယ်လဲ မြန်မာခလေးအမေတို့ ရေ့ အမေရိကားကသင်တန်းဆင်းလက်မှတ် ဆာတစ်ဖကိတ်လိုချင်ရင်ပြောနော်)။ ကိုယ်တကယ်မသိလို့ကတော့ အဲဒီကရဲတွေကိုခိုင်းချင်ရာ ခိုင်းလို့ရတယ် ဆိုတဲ့အကြောင်းကို ပြောပြချင်တာပါ။ သူတို့ကတော့ ကူညီပါရစေလို့မပြောဘူး။ (May I Help You) လို့ တသွင်သွင်ပြောနေတဲ့သူတွေကတော့ စာတိုက်တို့၊ ဘဏ်တို့၊ စတိုးဆိုင်ကြီး တွေက ငွေလက်ခံစာရေးတို့ အဲ့သလိုလူတွေပါပဲ။ တန်းစီနေတဲ့လူကို သူ့အလှဲ့ရောက်ပြီဖြစ်ကြောင်း အသိပေးတဲ့အနေနဲ့ မေအိုင်ဟဲ့ယူး ဆိုပြီး လှမ်းခေါ်တတ်ကြတယ်လေ)။ ပုလိပ်တွေကို ဂျီပီကိုယ်တိုင် ခိုင်းခဲ့ပုံလေးတစ်ခုကို ပြောပြရဦးမယ်။ ချပ်ပယ်ဟေးလ်မှာကားမောင်းရင်း အီးလိရော့လမ်းထဲချိုး ဝင်လိုက်တာမှာ ပလက်ဖေါင်းကိုရှပ်တိုက်မိပြီး နောက်ဘီးပေါက်ထွက်သွားခဲ့ပါတယ်၊ ကားဘီးချွတ်နေတာ အဆင်မပြေလို့ ကူညီမယ့်သူ (ခိုင်းရမယ့်သူ) ရှာနေတုံး၊ ကိုရွှေပုလိပ်ကရောက်လို့လာပါပြီ။ သူ့ကိုပဲ ဘီးချွတ်ခိုင်းပြီး စပါယ်ရာ တာယာပါလဲတပ်ခိုင်းလိုက်ရတယ်။ ဂျီပီကတော့ သူ့ကိုခိုင်းကူရတာပေါ့လေ။ သူ့ကို ကျေးဇူးတင်စကားပြောတော့ သူကဘာလုပ်တယ်မှတ်သလဲ။ တာယာဆိုင်ကို သူက ဦးဆောင်ခေါ် သွားပြီး တစ်ခါထဲဘီးအသစ်ဝယ်လဲတပ်ခိုင်းတော့တာနဲ့ ကိုယ့်မှာ ဒေါ်လာ ၆၀ ချောသွားပါလေရော။ ရဲကိုခိုင်းလိုက်မိတာမှားပါပြီ။ ရန်ကုန်မှာဆို ဒီတာယာမျိုးကို ဖာထေးပြီးသုံးလို့ရဦးမှာ။ အဲ့သလိုနဲ့၊ ဒေါက်တာဂျီပီဟာ့ ။

## တက္ကစီမောင်းသမား ဘိုလုလ်

ဂျီပီအလိမ်ခံလိုက်ရလို့ ရဲကကူညီလိုက်ခဲ့ပုံကလေးကိုလဲဖေါက်သယ်ချလိုက်ချင်ပါသေးတယ်။ ဆန်ဖရန်စစ္စကို ရေဒီဆန် ဟိုတယ်မှာတည်းခိုနေတုံးကပေါ့။ နောက်နေ့မနက်အစောကြီးလေဆိပ် ဆင်းဖို့အတွက် ဟိုတယ်ကောင်တာမှာ တက္ကစီငှားရမ်းနိုင်ဖို့စုံစမ်းကြည့်တော့၊ စာရေးမက တက္ကစီ



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီကိုဖုံးဆက်ပြီး တစ်ခါထဲဘွတ်ကင်လုပ်ပေးလိုက်တယ်။ စရံငွေကြိုပေးထားမှ စိတ်ချရမယ်ဆိုလို့ ၁၀ ဒေါ်လာပေးလိုက်ပြီး မနက် ၄ နာရီမှာလာကြိုဖို့ချိန်းလိုက်ပါတယ်။ မနက်ကို ချိန်းတဲ့အတိုင်း ကွက်တိရောက်လာပါတယ်။ ပစ္စည်းတွေဝိုင်းကူတင်ပေးပြီး လေဆိပ်ကိုထွက်လာပါပြီ။ လမ်းမှာ တက္ကစီဒရိုင်ဘာနဲ့ လေယာဉ်ခရီးစဉ်တွေ၊ ထွက်မယ့်အချိန်တွေကိုအာချောင်မိတာပေါ့။ လေဆိပ်ရောက်တော့ ၅ နာရီထိုးပြီ။ လေယာဉ်က ၆ နာရီထွက်မှာ။ ကားခ ၄၅ ဒေါ် လာကျလို့ ၁၀၀ တန် ပေးလိုက်တယ်။ စရံ ၁၀ ပေးပြီးသားဆိုတော့ ၆၅ ဒေါ်လာပြန်အမ်းရမှာပေါ့။ သူ့မှာ မအမ်းနိုင်လို့ အနီးအနားက စတိုးဆိုင်မှာသွားအမ်းပေးပါ့မယ်ဆိုပြီးတက္ကစီ ကုမ္ပဏီလိပ်စာပါတဲ့ကဒ်ပြားလေးပေါ်မှာ ဘောက်ချာသဘောမျိုး ငွေ ၆၅ ဒေါ်လာပြန်အမ်းပေးဖို့ရှိကြောင်း လက်မှတ်ထိုးပြီးပေးသွားခဲ့တယ်။ ၁၀ မိနစ်အတွင်းပြန်လာပြီးငွေရှင်းပေးမယ်လို့လည်း ပြောသွားတယ်။ နာရီဝက်ကြာတာတောင် ပြန်မလာလေတော့ ဂျိုပီလည်းအနားကပုလိပ်ကိုပြောပြရပြီပေါ့။ ချက်ချင်းသူ့အဖွဲ့သားတွေကိုဆင့်ခေါ်လိုက်ပြီး တက္ကစီကုမ္ပဏီကိုဖုံးဆက်တယ်။ သူတို့က တက္ကစီသမားကိုဆက်သွယ်မှုလုပ်တော့ ဒီဘိုင်နဲ့ကရှောင်သွားပြီလေ။ ဒါနဲ့ အဲဒီကုမ္ပဏီကပဲ နောက်ထပ်တက္ကစီတစ်စီး လေဆိပ်ထဲဝင်အလာမှာ ရဲကအဲ့ဒီတက္ကစီကိုတားထားပြီး ငွေအစားတောင်းတော့တာပါပဲ။ နောက်ကားကရတဲ့ငွေကို ဂျိုပီ့ကိုပြန်ပေးပြီး ပထမငနဲကိုအရေးယူဖို့ရဲတွေ ဆက်လှုပ်ရှားကြတယ်။ လေယာဉ်နောက်ကျနေပြီဖြစ်တဲ့ ဂျိုပီကိုလည်းလေယာဉ်မှီအောင် အထူးအခွင့်အရေးအနေနဲ့ လုံခြုံရေးတွေကျော်ဖြတ်ပြီး လေယာဉ်ဂိတ်အထိ လိုက်ပို့ပေးပါတော့တယ်၊ ကျေးဇူးအထူးပဲတင်မိပါတယ် ကိုရွှေရဲတို့ရယ်၊ သိုင်းကြူးဗဲရီးမတ်ချ် ပါပဲလို့။

## ဂျိုပီနဲ့ယာဉ်တိုက်မှုတစ်ခု

သူတို့နိုင်ငံမှာ မော်တော်ပီကယ်ရဲ သီးသန့်မထားဘူး။ ရဲစခန်းမှာတိုင်ချက်ဖွင့်စရာမလိုဘူး။ နိုင်းဝမ်းဝမ်း ကိုဖုံးဆက်လိုက်ရင်ရဲရောက်လာလိမ့်မယ်၊ ကျောင်းဝင်းထဲမှာ ရဲကိုတိုင်ဖို့သီးသန့်ဖုန်းတိုင်လေးတွေ ထောင်ထားပေးထားတယ်။ ပတ္တရောင်လှည့်နေတဲ့ရဲကားတွေက နေရာအနှံ့မှာရှိတတ်တယ်။ ဂျိုပီစီးသွားတဲ့ကားရဲ့ ရှေ့ကကားက ညာကွေ့ဖို့အချက်ပြနေပြီး။ ကွေ့ရုံကွေ့ပြီး ကာမှမကွေ့တော့ပဲ ဘယ်ကိုငယ်ကွေ့၊ ကွေ့ချလိုက်တာ ဂျိုပီတို့ကားက ဘရိတ်နင်းပေမယ့် မမှီတော့ဘူး။ ရှေ့ကကားကိုတိုက်ချလိုက်ပါပြီ၊ သူ့ကားခမျာ လည်ထွက်သွားပြီးဘယ်တစ်ခြမ်း ပိန်လိန်သွားတာတွေ့လိုက်ရတယ်၊ ယာဉ်မောင်းကကားတံခါးဖွင့်ပြီးဆင်းလာတယ်။ ကိုယ့်ကားမောင်းတဲ့ ထားဝယ်သားမှာတော့၊ ရှေ့ကိုဝိုက်ပြီး စီယာတိုင်နဲ့ဗိုက်နဲ့ညပ်နေရှာတယ်။ ကားကတော့ ရှေ့ပိုင်းချိုင့်ဝင်သွားပြီး ဘော့နက်ဖုံးကြီးကြွတက်လာတယ်။ သူ့ကိုမနဲ ဆွဲထုတ်ပြီး သူ့ဟန်းဖုံးနဲ့ နိုင်းဝမ်းဝမ်းကိုဆက်ရတယ်။ ကားခေါင်မိုးပေါ်မှာမီးတန်းတွေပြေးလင်းနေတဲ့ရဲ ကားက တစ်စီစီ နဲ့ ဝိုင်ယာလက်သံပေးပြီး ရောက်လာပါလေရော။ ယာဉ်ကြောပိတ်အောင်ရှင်းပေးမယ့်ရဲရယ်၊ လူနာတင်မယ့်ရဲရယ်၊ စစ်ဆေးမယ့်ရဲရယ် ၃ ယောက်တောင် ပါလာတယ်။ ရဲက ကားအပျက်အစီး နေရာအနေအထားတိုင်းတွာချက်တွေလုပ်ပြီး (ကိုယ်ကတိုက်လိုက်ပေမယ်) ရှေ့က ကားရဲ့အပြစ်ပဲဆိုပြီးမှတ်ချက်ရေးပေးတယ်။ ဘယ်သူ့လိုင်စင်မှမသိမ်းပါဘူး။ တာရှက်တစ်ရွက်မှာ ကားနှစ်စီးလုံးရဲ့မောင်းသူ၊ ဆိုရှယ်ဖူလုံရေးနံပါတ်၊ ယာဉ်တိုက်ပုံအနေအထား၊


www.burmeseclassic.com

www.burmeseclassic.com



ပျက်ဆီးမှုအနေအထား၊ နှစ်ဘက်ကားရဲ့ အာမခံကုမ္ပဏီစတာတွေကိုရေးသွင်းပြီး ၂ ဦးစလုံးကိုမိတ္တူပေးလိုက်တယ်။ ဂျီပီတို့ကားကမောင်းလို့ရနေသေးတော့၊ ဒရိုင်ဘာကလည်းမောင်းနိုင်နေသေးတော့ သူကိုယ်တိုင်ပဲ ပြန်မောင်းလာခဲ့ပါတယ်။ လမ်းမှာသူဗိုက်အရမ်းအောင့်လာတာနဲ့ Durham Hospital ဆေးရုံဝင်ပြတာ အစာအိမ်ရောင်တယ်ဆိုပြီး ၂ ရက်တင်ထားလိုက်ပါရော။ နောက် ၁ ပတ်လောက်ကြာတော့ ထားဝယ်သား ဆီကို ရှေ့နေတစ်ယောက်ကဖုံးကြိုဆက်ပြီးလာတွေ့တယ်။ ယာဉ်တိုက်မှုမှာ ကားအတွက် လျော်ကြေးတွေရရှိမှာဖြစ်တဲ့အပြင် အမှုတစ်ခုလုံးကိုသူလိုက်ပေးမယ့်အကြောင်း။ နစ်နာကြေးငွေသောင်းနဲ့ချီရဖို့ရှိကြောင်းနဲ့၊ အမှုအတွက်ရုံးစားရိတ်ကို သူက စိုက်ထုတ်လိုက်ပေးမှာဖြစ်ပြီး အမှုနိုင်ရင်သူ့ရဲ့ကုန်ကျစားရိတ်ကိုနှုတ်လို့ နစ်နာကြေးရငွေရဲ့ ၃၀ ရာခိုင်နှုန်းကိုသူ့ကို ပေးရမှာဖြစ်ကြောင်းလာဆွေးနွေးပြီးသူ့ကိုအမှုအပ်ဖို့စည်းရုံးလာပါတယ်။ ဒါနဲ့အာမခံကုမ္ပဏီကိုသွားတွေ့ပြီး ရဲမှတ်ချက်နဲ့ လျော်ကြေးငွေတောင်းခံကြရပါတယ်။ ကိုယ့်ကားကိုတစ်စီးလုံးပျက်ဆီးတယ်လို့ မှတ်ချက်ပေးထားလေတော့ ဒီလိုကားအမျိုးအစားမျိုး တစ်စီးစာ ဒေါ်လာ ၆၀၀၀ တောင်းခံထား ခဲ့ပါတယ်။ ဒီကြားထဲမှာ ခေတ္တ ၂ ပတ်စာအသုံးပြုဖို့ ကားစားတစ်စီးကို အာမခံကုမ္ပဏီက ပေးထား ရပါတယ်။ ဒီလိုနဲ့ အဲဒီရှေ့နေကိုပဲကိုယ်စားလှယ်လွှဲပေး ထားပြီး သူ့ဖါသာသူအမှုလုပ်သွားလိုက်တာ၊ ကားစားတစ်စီးစာလျော်ကြေးနဲ့ဆေးရုံတက်ခ စားရိတ်တွေကို ကားအာမခံကုမ္ပဏီကရှင်းပေးရတဲ့အပြင်၊ နောက် ၃ လလောက်ကြာတဲ့အခါမှာတော့ လျော်ကြေးငွေ ၃ သောင်းခွဲရရှိသွားပါလေရော။ ရှေ့နေရဲ့ရုံးစားရိတ်က ၆ထောင်ပြထားတော့ အဲဒါကိုနှုတ်ပေးပြီး။ ကျန်ငွေရဲ့ ၃၀ ရာ နှုန်းကိုရှေ့နေ ကိုပေးလိုက်ရပါတယ်။ ကဲ၊ တွေ့ကြပြီမှတ်လား။ အမေရိကားရဲ့ ဥပဒေတွေက ကိုယ်ကမှန်နေလို့ကတော့ လျော်ကြေးရအောင် သူများကားကို သူ့အမှားချောင်းပြီး တိုက်ပစ်လို့ရတယ်၊ ကားအသစ်တောင်းလို့လည်းရတယ်။ ရှေ့နေနဲ့ပေါင်းပြီး လျော်ကြေးလည်းတောင်းလို့ရတယ်ဆိုသလိုမျိုး လက်တွေ့မှာ ကြုံတွေ့ခဲ့ရပါပြီ မဟုတ်ပါလား။

## ရှီကာဂိုတန်ဆောင်တိုင်ပွဲ

ချီကာဂိုမြို့မှာ မြန်မာ ၂၀၀ ကျော်လောက်နေထိုင်ကြပါတယ်။ မြန်မာတွေစုပေါင်းလှူထားတဲ့ ဘုန်းတော်ကြီးကျောင်းက မြေအောက်ထပ်ခန်းမဆောင်ကြီးနဲ့၊ ဝင်းနဲ့ခြံနဲ့။ အခုကာလပေါက်ဈေး ဒေါ်လာ ၁ သန်းကျော်တန်နေပြီလို့ဆိုပါတယ်။ မြန်မာတွေအလှူလုပ်တော့မယ်ဆိုရင်မိတ်ဆွေတွေကိုလှမ်းဖိတ်တဲ့ လေ့အရ ဂျီပီ့ကိုလည်း အထူးမိတ်ဆွေတစ်ယောက်အနေနဲ့ လေယာဉ်စရိတ်ခံပြီး ဘိတ်ကြပြန်ပါပြီ။ ဟမ်းဖရေး အစီအစဉ်ကိုခွင့်ပန်ကြည့်တော့ ရှီကာဂိုမှာ ဆေးရုံ ကျန်းမာရေးဌာန လေ့လာရေး အစီအစဉ်တွေထည့်သွင်းမှခွင့်ပြုနိုင်မယ်လို့ဆိုလို့ ကွတ်ကောင်တီ ဆေးရုံနဲ့ ကူးစက်ရောဂါဆေးရုံတွေမှာ လေ့လာခွင့်ရဖို့ဆက်သွယ်ပြန်တယ်။ ဒါနဲ့ပဲ ရှီကာဂို ကိုရောက်လို့လာပါပြီ။ အမေရိကားရဲ့အကောင်းဆုံးလေဆိပ်ဆုကိုရရှိထားတဲ့ အိုဟဲ (O'Hare ) လေဆိပ်ကြီးဟာ တကယ့်ကိုပဲခန်းနားလှပါပေတယ်။ လူသွားစင်္ကြံမျက်နှာကျက်က ရောင်စုံမီးတန်းတွေဟာခရီးသည်တွေကို အရောင်မျိုးစုံဖန်ဆင်းပေးထားပါတယ်။ ဒိုင်နိုဆောအရိုးစုကြီးကိုလည်းလေဆိပ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



အလှပြထားလိုက်သေးတယ်။ လေဆိပ်ထဲမှာကိုပြတိုက်တွေရှိနေတယ်။ လာ ကြိုသူက ရှိကာဂိုမြို့ လယ်ခေါင်နဲ့ Lake Michigan လို့ခေါ်တဲ့ ပင်လယ်လောက်ကြီးတဲ့ ရေကန်ကြီးကိုအရင်လိုက်ပြတယ်။ နေ့လည်ပိုင်း ဘုန်းတော်ကြီးကျောင်းမှာ (ကထိန်)တရားနာပြီး ပရိတ်သတ်ကို မုန့်ဟင်းခါးနဲ့ညှော်ခံ တယ်လေ။ ဘဲဥ၊ ငါးဖယ်၊ ဘူးသီးကြော် အကုန်လုံး မြန်မာတွေ ဝိုင်းလုပ်ကြတာ။ (ဝါဆိုတုံးက အော်ရီဂွန် ပေါ့လန်ကျောင်းရဲ့ ဒန်ပေါက်ထမင်းနဲ့၊ သီတင်းကျွတ်မှာ မေရီလင်းပြည်နယ် ဘယ်လ်တီ မောလ်ကျောင်းတော်က ဒေါက်တာချမ်းအောင် လှူဒါန်းတဲ့ကြေးအိုးတို့ကိုသွားသတိရမိတယ်)။ တုတ်ကွေးရာသီမို့ ပရိတ်သတ်ကို ဒေါက်တာသန်းဝင်း တို့အဖွဲ့က ဖလူးရှော့ အခမဲ့ထိုးပေးနေကြတယ်၊ (ဆေးရုံ၊ဆေးခန်းမှာထိုးရင် ၂၅ ဒေါ်လာပေးရမှာနော)။ လက်မောင်းလေးတွေ လှန်ပြီးတန်းစီ အထိုးခံကြရတယ်။ ကြိုက်သလောက်အလှူငွေထည့်ပေါ့။ ဂျီပီလည်းပါဝင်လုပ်အားကုသိုလ်ပေး လိုက်ပါသေးတယ်။ ခေါင်းတစ်လုံးကို ၅ ဒေါ်လာနဲ့ (ပုံမှန်ခေါင်းညှပ်လျှင် ၁၂ ဒေါ်လာပေးရပါတယ်) ရပုံငွေ ခေါင်းညှပ်ပေးနေတာလည်းတွေ့ခဲ့ရပါသေးတယ်။ Rush University ဆေးရုံကသွေးရောဂါ အထူးကု ဆရာဝန်ကြီး ဒေါက်တာဟန်မြင့်က ကီးဘုတ်တီးပြီး ဂျီပီကိုယ်တိုင်နှုန်ပေါက်ပြီး အမှုအယာ တွေနဲ့သီဆိုဖျော် ဖြေသွားတဲ့ ''ခယ်မလေးတွေပါလာရင်အပျင်းလဲပြေတယ်'' ဆိုတဲ့သီချင်းက ပရိ သတ်ကို ကိုင်လှုပ်သွားပြန်လေတော့ ဧည့်သည်တော်တိုအဖြူတွေခမျာ အဓိပ္ပါယ်သိချင်လွန်းလို့ မြန်မာမိတ် ဆွေတွေကိုလိုက်မေးနေကြရတယ်လေ။

## ဘေဘီရှားဝါးပါတီ (Baby Shower Party)

ယူအင်စီဟာ်မ်ဖရေး ၁၀ ယောက်ထဲမှာ ဉာဏ်ရည်ငွေနိုင်ငံသူ မစ္စက်ဒယ်နီရဲလားဟာ သူ့နိုင်ငံကပဲပါခဲ့ တာလား။ အမေရိကားကျမှ ရတာလားတော့မသိပါဘူး။ ကိုယ်ဝန်ရှိနေပါပြီ။ သူ့ခင်ပွန်းကလည်း



အမျိုးသမီးများသာ တက်ရောက်ရသည့် ဘေဘီရှားဝါးပါတီ ဆင်နွှဲနေသော
ဂျေပီကတော် (မျက်မှန်နှင့် ဝဲအစွန်)



www.burmeseclassic.com

www.burmeseclassic.com



သူအမေရိကန်နိုင်ငံကို ရောက်လာပြီး ၂ လအတွင်းလိုက်လာတယ်ဆိုတော့။ ဆိုတော့။ ဘယ်ကပဲရရ အခုတော့အမေရိကားမှာကိုယ်ဝန်ရင့်မာကြီးနဲ့ ခလေးမွေးပါတော့မယ်။ အမေရိကန်တွေရဲ့ထုံးစံအတိုင်း မမွေးခင် ခလေးအတွက်ဆုတောင်းပွဲလေးလုပ်ကြရပါတယ်။ မိခင်လောင်းကို လုံးဝအသိမပေးပဲ မိတ်ဆွေတစ်ယောက်ယောက်ရဲ့အိမ်မှာ ပါတီလုပ်ကြတာပါ။ အဲဒီပါတီကို အမျိုးသမီးတွေပဲသီးသန့်ဘိတ်ကြားထားပြီး မိခင်လောင်းကို လှည့်ပတ်လိမ်ညာလို့ဘာလုပ်မယ် ဆိုတာမသိရအောင်ခေါ်ယူလာကြရတယ်။ မိခင်လောင်းရောက်လာမှ ပရိတ်သတ်အားလုံးဟာ ပုန်းနေရာကနေ ရုတ်တရက်ထွက်ပေါ်လာကြပြီး Surprise လို့အော်ဟစ်ကြတယ်။ ပြီးတော့မှ ခလေးအတွက် ဆုတောင်း ပွဲလုပ်ကြတယ်၊ ကိတ်မုန့်လှီးပြီး ခလေးအတွက်လက်ဆောင်တွေ ပေးကြတာပါ။ ဟမ်းဖရေး ၁၀ ယောက်ကငွေစုပြီး ခလေးတွန်းလှည်းလေးတစ်ခုလက်ဆောင်ပေးလိုက်တာ အံ့အားသင့်နေရှာတဲ့မိခင်လောင်းခမျာ တွန်းလှည်းလေးကိုင်ပြီး မျက်ရည်လေးများ တောင်ဝဲလာရပါသတဲ့။ ကျိုပိကတော့ အမျိုးသားဖြစ်နေလို့အဲဒီပါတီကို တက်ခွင့်မရှိဘူး။ ကျိုပိ ဇနီးသယ်ကတော့ အမေရိကားရောက်ရောက်ချင်း ဘေဘီရှားဝါးပါတီနဲ့ ကြုံကြိုက်လိုက်ရလို့ ကျိုပိပုံပြင်ပြီးရင် ကျိုပိကတော်ပုံပြင်ပြောပါရစေဦး ဆိုပြီး ပူဆာနေလေရဲ့။ ဒီပါတီပြီးလို့ ၂ရက်ပဲ ကြာလိုက်တယ် ဒယ်နီရဲလားမှာ Delphina လို့ အမည်နာမကင်ပွန်းတပ်ခံလိုက်ရတဲ့ မိန်းကလေး ချောချောလှလှ လေးမွေးဖွါးသန့်စင်လိုက်ပါပြီ။ အဲဒီ ဥရုဇွဲခလေးငယ်လေးဟာ အမေရိကန်နိုင်ငံမှာမွေးတဲ့အတွက်အမေရိကန်နိုင်ငံသားလက်မှတ်တန်းရရှိသွားပြီး နောင်ကိုအမေရိကန်သမ္မတအဖြစ်ဝင်ရောက်အရွေးခံခွင့်ရှိတဲ့ အခွင့်အရေးကိုလည်း ရရှိလို့သွားပါပြီ၊ ယူအင်စီ ဟမ်းဖရေး တွေကတော့ ဒီခလေးငယ်ကို ဘေဘီဟမ်းဖရေးလို့အမှတ်သညာပြုထားကြလေရဲ့။ (ဒယ်ဖီးနားနဲ့ ယှဉ်ပြိုင်သမ္မတအရွေးခံရအောင် ကျိုပိမိန်းမကိုလည်း အမေရိကားရောက်တုံးရောက်ခိုက် ခလေးတစ်ယောက်လောက် အမြန်မွေးခိုင်းရရင်ကောင်းလေမလားလို့)။

အဲ့သလိုနဲ့ပဲ ဒေါက်တာကျိုပိဟာ

နောက်လကျမှပဲ ဂျော်ဂျီယာပြည်နယ်၊ အတ္တလန်တာမြို့မှာ သမ္မတ(ဟောင်း)ဂျင်မီကာတာနဲ့တွေ့ဆုံခဲ့ရတဲ့အကြောင်းတွေ၊ အမ္ဘရီတက္ကသိုလ်ကြီးရဲ့ကြီးကျယ်ခမ်းနားပုံတွေ၊ ရောဂါကာကွယ်ရေးဗဟိုဌာန (စီဒီစီ) နဲ့ စီအန်အန်သတင်းဌာနကြီးတွေကိုကျိုပိတို့လင်မယား သွားရောက်ခဲ့ရပုံတွေ ကို (ပုံကြီးချဲ့)ပြောပြရဦးမယ်။

ကိုဒေါင်ထဲကဆန်တွေကိုဝိုင်းကူသယ်ပေးဦးမယ့်ပုရွက်ဆိတ်(မ)လေးပေါ်လာပြီဆိုတော့ သူတစ် လုံးကိုယ်တစ်လုံးနဲ့စုံတွဲသယ်လိုက်ကြရင် အမေရိကားတိုက်ကြီး ကုန်လောက်ပါရဲ့နော်။ ဒီထက်ကောင်းခန်းတွေ လာပါတော့မယ်ဝေ့။

□□□



www.burmeseclassic.com

www.burmeseclassic.com



# အမေရိကားရောက်ဒေါက်တာဂျီပီပုံပြင် – ၇

(The Story of Dr. Gee Pee in America)

Narrator: ပုံပြောသူ။
ဒေါက်တာမြင့်ဦး (အလုံ)

(စရဏာမဂ္ဂဇင်း။ အတွဲ - ၂။ အမှတ် - ၃။ စက်တင်ဘာလ - ၂၀၀၅။ တွင် ဖော်ပြပါရှိပြီး)။

၇။ ဂျော်ဂျီယာပြည်နယ်။
အတ္တလန်တာမြို့။
သမ္မတဂျင်မီကာတာနဲ့ ဒေါက်တာဂျီပီတို့တွေ့ဆုံခြင်း။။
စီဒီစီရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနကြီး။။
စီအန်အန်မှာရုပ်မြင်သံကြားလွှင့်နေတဲ့ဒေါက်တာဂျီပီ။
ဆိုင်ကလိုရားမားလှည့်ပတ်ပန်းချီကား။။



www.burmeseclassic.com

www.burmeseclassic.com



ဟမ်းဖရေးအစီအစဉ် တစ်ဝက်အရောက်မှာ (Enhancement Workshop) လို့ခေါ်တဲ့ အားဖြည့် အလုပ်ရုံ ဆွေးနွေးပွဲ ၃ ခုကို (ဝါရှင်တန်၊ လော့အိန်ဂျယ်လိစ်နဲ့၊ အတ္တလန်တာမြို့တို့) မှာ ၃ နေ ရာခွဲပြီးလုပ်ပေးပါတယ်။ ကိုယ်ကြိုက်တဲ့မြို့၊ ကိုယ်လိုက်တက်ပေါ့။ ၃ ခုစလုံးတက်လည်း ရတာပဲ။ ဂျိုဗီဇနီးသည်က နယူးဂျာဆီ နဲ့ နယူးရောက်လောက်ပဲ လည်ပတ်ဘူးသေးတာဆိုတော့ ဝပ်ရော့အကြို အလည်ခရီးစဉ်တွေပါတဲ့၊ ပြီးတော့၊ ပြည်သူ့ကျန်းမာရေးနဲ့လည်းပတ်သက်တဲ့၊ ဂျော်ဂျီယာပြည်နယ် အတ္တလန်တာမြို့ကဝပ်ရှော့ကိုတက်ဖို့ ရွေးချယ်လိုက်ပါတယ်။ ဇနီးသည်ကို လေ့လာသူအဖြစ်တက်ရောက်ခွင့်ရဖို့တောင်းဆိုကြည့်တော့ ပါမောက္ခ မီးလစ်ဘရက်မန်းက သဘောထားကြီးစွာနဲ့ခွင့်ပြုလိုက်ပါတယ်။ ဒါနဲ့ပဲ ဂျီပီ့ဇနီးသည်က ဟမ်းဖရေးတွေကြားထဲမှာ (ဂျီပီ ကတော်မဟုတ်တော့ပဲ၊ ဟမ်းဖရေးကတော် ) မစ္စက်ဟမ်းဖရေး အဖြစ်နဲ့ ခရီးစဉ်တစ် လျှောက်လုံး ဆူပါဖြစ်လို့လိုက်ပါလာပါပြီ။ အဲ့သလိုနဲ့၊ ဒေါက်တာဂျီပီနဲ့ မစ္စက်ဟမ်းဖရေး တို့ဟာ အတ္တလန်တာ ရွှေမြို့တော်ကြီးကိုရောက်ရှိလို့လာခဲ့ကြပါတော့တယ်။

## အလန်းတာမှ ဆောင်သိုင်းဂျော်ဂျီယာသို့ (From Atlanta to Southern Georgia )

မန္တလေးရွှေမြို့တော်ကြီးကို ရွှေမန်းသူရွှေမန်းသားတွေက မန်းလေးလို့ခေါ်ကြသလိုပါပဲ အတ္တလန်တာမြို့တော်ကြီးကို သူတို့ (ရွှေလန်းသူ၊ ရွှေလန်းသား)တွေက အလန်းတာတဲ့။ ကဲ-ကြည့်ကြပါဦး။ ဘယ်လောက် ချစ်ဖို့ကောင်းတဲ့ မြို့ချစ်စိတ်ဓာတ်ကလေးတွေလဲ့လို့။ တူနေလိုက်ကြတာ။ အဲဒီ (သူတို့ခေါ်သလို) အလန်းတာမြို့တော်ကြီးဟာ၊ မြို့တည်နှစ်က ၁၈၃၇ (မန်းလေး ထက်နှစ် ၂၀ ကျော်စောတာပေါ့)။ မြို့လူဦးရေ ၄၁ သန်း (ရန်ကုန်နီးပါးရှိပါတယ်)။ မြို့ရာဇဝင်ကိုကြည့်ရင်တော့၊ ၁၉၆၀ နှစ်ပိုင်းတုံးက၊ (City too busy to hate) ``မုန်းရမှာကိုလည်း အလုပ် များတယ်'' ဆိုတဲ့ ဆောင်ပုဒ်နဲ့အမုန်းဆန့်ကျင်ရေးတိုက်ပွဲတွေပြင်းထန်ခဲ့ဖူးသလို၊ ၂၁ ရာစု ရောက်တော့ ဆောင်ပုဒ်က ပြောင်းသွားပြီး (City not too busy to care) ``အကြင်နာများပေးဖို့ ဆိုရင်ကွယ် အစဉ်သာယဲအားနေပါတယ်'' တဲ့။ ညှိသည်တွေကိုကြင်နာမှုနဲ့ဂရုတစိုက်ကြိုဆိုနေတဲ့ အကြင်နာမြို့တော် လို့ဆိုကြပါစို့။ (ဒါကျတော့မန္တလေးနဲ့တူသွားပြန်ရော)။ ၁၉၉၆ ခုနှစ်က ကမ္ဘာ့အိုလံပစ် ပွဲတော်ကြီးကျင်းပသွားခဲ့လို့ အိုလံပစ်စတေဒီယမ်အကြီးကြီးနဲ့၊ ကမ္ဘာကျော် စီအန်အန် သတင်းဌာနကြီးနဲ့၊ ရောဂါကာကွယ်ရေးနဲ့ ထိန်းချုပ်ရေးဗဟိုဌာနကြီး ( Center for Disease Control and Prevention: CDC ) နဲ့၊ သမ္မတဟောင်း ဂျင်မီကာတာတို့လင်မယားရဲ့ ကာတာစင်တာ ၊ ပြီးတော့ မာတင်လူသာကင်းဂျူနီယာပြတိုက်၊ လေရူးသုန်သုန် (Gone With The Wind) ဖန်တီးရှင် မာဂရက်မိချဲရဲ့နေအိမ်နဲ့ပြတိုက်၊ ကိုကာကိုလာအချိုရည်



www.burmeseclassic.com

www.burmeseclassic.com





သစ်တော်သီး (**Peach Tree**) ပန်းပွင့်များနှင့် မစွဟမ်းဖရေး

စက်ရုံ။ အိုအ များကြီးမှအများကြီး။ စုံလို့ပါပဲ။ ဝပ်ရှော့အကြို ခရီးစဉ်ကိုအရင်လည်ပတ်ရမှာမို့ အလန်းတာ မြို့ကြီးကနေ ကျိုပီနဲ့မစ္စက်ဟမ်းဖရေးတို့စုံတွဲဟာ၊ ဗင်ကားတစ်စီးထဲမှာပါမောက္ခဖီးလစ်က ကား မောင်းပြီး၊ အင်ဒါဆင်ဗီးမြို့၊ ဂျင်မီကာတာရဲ့မွေးရပ်မြေ ပလိန်းစ်မြို့၊ အမရိကပ်စ်မြို့၊ ပရက်စ်တန်နဲ့ တစ်ပ်တန်ကျေးလက်မြို့လေးတွေကိုသွားလည်ဖို့ ထွက်လာကြပါတယ်။ ကားလမ်းတစ် လျှောက်လမ်းတစ်ဘက်တစ်ချက်မှာ စိုက်ခင်းတွေကိုခေတ်မီနည်းနဲ့ ရေ ဖြန်းနေတာတွေတွေ့ ခဲ့ရတယ်။ ရေပိုက်ကြီးတွေကို လူတစ်ရပ်အမြင့်အပေါ်လောက်ကနေ ဒေါက်တွေနဲ့ ထောက်ထား ပြီး ရေပန်း (Sprinkler) တွေနဲ့ စိုက်ခင်းတွေကို ရေလွှတ်ရေလောင်းပေးနေတာလေ။ တစ်ကွက် ပြီးသွားရင် ဒေါက်တွေရဲ့ဘီးတွေက လှိမ့်သွားပြီး နောက်တစ်ကွက်ကိုရေလောင်းပြန်ရော။ ကွန် ပြူတာနဲ့ ရေကိုက်၊ ချိန်ကိုက်လုပ်ပေးနေတာပါ။ ဒါတွေကိုတွေ့တော့၊ ကျိုပီတို့နိုင်ငံမှာလည်း မြစ်ရေတင်ပြီး နွေစပါး စိုက်ပျိုးတာတွေရှိပါတယ်ဆိုပြီး ဘသားချောကကြွားလုံးထုတ်နေပြန်ပါပြီ။ (စပရင်ကလာ မသုံးနိုင်တာကိုတော့ သူကထည့်မပြောပဲနဲ့၊ ဒီဘက်ကိုလှည့်ပြီးမျက်စေ့ တစ်ဘက် မှိတ်ပြနေလိုက်သေးတယ်။ သိပါတယ်မင်းအကြောင်းကို။) ကွင်းထဲမှာကောက်ရိုးပုံတွေကို ကျိုပီတို့ဆီမှာလို တောင်ပုံယာပုံတွေမဟုတ်ပဲ၊ စက်နဲ့အလိပ်တွေဖြစ်အောင်ခွေထားပြီး၊ ကောက်ရိုးလိပ်တွေအဖြစ်ထားကြတယ်။ (ကောက်ရိုးပုံထဲ သာဂီနဲ့ဂွမ်းပုံတို့လိုချစ်သူရည်းစားပုန်းတွေ့လို့ မရတော့ဘူးပေါ့)။ လမ်းတစ်နေရာမှာ ပန်းဆီရောင်ပန်းပွင့်တွေနဲ့ ဝေဆာနေတဲ့ သစ်ငယ်တောကြီးကိုဆင်းကြည့်ကြတယ်။ အဲဒါ (Peach Tree) လို့ခေါ်တဲ့ သစ်တော်သီးစိုက်ခင်းတဲ့။ တစ်တောလုံးပန်းပွင့်တွေချည်းပဲ။ မစ္စက်ဟမ်းဖရေးက သူ့အကျီ အနီရောင်နဲ့လိုက်တယ်ဆိုပြီး ဓာတ်ပုံတွေရိုက်ပေးခဲ့ရသေးတယ်။ ဒီလိုနဲ့ပဲ ပလိန်းစ်မြို့လေးကိုရောက်လို့လာပါတော့တယ်။

## မြေပဲနဲ့ဂျော်ဂျီယာ

ဂျော်ဂျီယာနဲ့မြေပဲဟာ ခွဲခြားလို့မရပါဘူးတဲ့။ အမေရိကားရဲ့မြေပဲထုတ်ကုန်တစ်ဝက်ဟာ



www.burmeseclassic.com

www.burmeseclassic.com

## ဒေါက်တာမြင့်ဦး (ဂျီပီ)

ဂျော်ဂျီ ယာကလာတာပါ။ မြေပဲစိုက်သူယာသမား ၆၀၀၀ ကျော်ရှိပြီး မြေပဲနဲ့ဆက်နွယ်တဲ့ (မြေပဲလှော် roasted peanut ၊ မြေပဲသကြားလုံး peanut candy ၊ မြေပဲထောပတ် peanut butter စတဲ့) စက်ရုံလုပ်သားပေါင်းက ၃၇၀၀၀ ကျော်ရှိပါတယ်။ (ဂျီပီတို့ ဆီမှာလန်ဒန် မြေပဲယိုဆိုတာရှိပေမယ့် အမေရိကန်မြေပဲယိုဆိုတာကိုတော့ အခုထက်ထိသူမတွေ့ရသေးပါဘူးတဲ့)။ နှစ်စဉ် ပလိန်းစ်မြို့ ရဲ့ မြေပဲပွဲတော် (Plains Peanut Festival ) ကို ပျော်ပွဲရွှင်ပွဲတွေ၊ မြေပဲနဲ့လုပ်တဲ့လက်မှုပစ္စည်းတွေ၊ အရုပ်တွေ၊ မြေပဲမုန့်တွေ၊ လမ်းလျှောက်ပြိုင်ပွဲ၊ ထွန်စက်မောင်းပြိုင်ပွဲ၊ Parade ပြပွဲတွေနဲ့ ခင်းကျင်းကြပါသတဲ့။ အမေရိကန်တွေဟာ နှစ်စဉ်မြေပဲလှော် ပေါင်ချိန် ၃၆ သန်း နဲ့ မြေပဲ ထော ပတ် ပေါင်ချိန် ၂ သန်းကျော်စားသုံးကြတယ်ဆိုတာကို၊ သူတို့ထုတ်ပြန်တဲ့စာရင်းဇယား အရ သိရပေမယ့်၊ တကယ်လက်တွေ့မှာက၊ အမေရိကားမှာရှိတဲ့ လက်တီနိုမက္ကဆီကန်တွေကသာ တကယ့်ကို ပဲစားကြလွန်းလို့ သူတို့ကိုကျုပ်တို့မြန်မာတွေက ''ပဲ'' တွေ လို့ခေါ်ကြပါသတဲ့လေ။ ပီးနတ်ဘတ်တာ (Peanut butter) မှာ ပရိုတိန်း၊ ဖိုင်ဘာ၊ အမိုင်နိုအက်ဆစ်တွေပါပြီး ကို လက်စတောနဲ့ ပြည့်ဝဆီပါဝင်မှုလည်းနဲပါးတယ်လို့ဆိုပါတယ်။ မြေပဲလိုပဲ (နှလုံးအဆီချတဲ့) ဂျော်ဂျီယာရဲ့ နောက်ထပ်သွားရည်စာတစ်ခုကတော့ သစ်ကြားသီးအစေ့လိုမျိုး ပီးကန်(Pecan) လို့ခေါ်တဲ့ ရှည်မျောမျောအစေ့တွေပါပဲ။ သစ်ကြားစေ့ထက်ပိုရှည်တယ်။ အခွံမာသီးမျိုးဖြစ်တဲ့ ပီးကန်ပင် (Pecan Tree) တွေဟာ အပင်ကြီးမျိုးဖြစ်ပြီး ပေ ၇၀ ကနေ ပေ ၁၀၀ ကျော်မြင့် တတ်ပါတယ်။ နှလုံးရောဂါကာကွယ်ဖို့ ပီးကန်စေ့ကို တစ်နေ့ ၁၅ အောင်စ စားရမယ်လို့ဆိုပါတယ်လေ။ ဂျီပီကတော့ ဂျော်ဂျီယာရောက်တုံး တစ်ချိန်လုံးပီးကန်ပဲ ဝါးနေတော့တာပါပဲ၊ အရသာစိမ့်စိမ့်လေးနဲ့ စားလို့ကောင်းလှပါတယ်။ ရန်ကုန်က သစ်ကြားစေ့ကြိုက်တဲ့သမီးငယ်အတွက် ပေါင်ထုပ်တွေနဲ့ဝယ်ထားလိုက်ပါပြီ။

### မြေပဲခင်းထဲက ယာသမားလေးဂျင်မီကာတာ

ပလိန်းစ် (Plains ) မြို့ဟာ ဂျင်မီကာတာရဲ့မွေးရပ်မြေဖြစ်ပါတယ်။ အမေရိကန်နိုင်ငံကြီးရဲ့ ၃၉ ယောက်မြောက်သမ္မတဖြစ်ခဲ့သူပေါ့။ သူ့အဖေကမြေပဲစိုက်ခင်းတွေပိုင်ဆိုင်တဲ့ယာသမားကြီး။ အမေက နာ့စ်မ။ ယာမြေထဲမှာကြီးပြင်းခဲ့ရလေတော့ မြေကြီးရယ်၊ စာသင်ကျောင်းရယ်၊ ဘာသာတရားရယ်ဟာ သူကိုးကွယ်တဲ့အရာတွေပါပဲတဲ့။ ပလိန်းစ် အထက်တန်းကျောင်းကအောင်ပြီး ဂျော်ဂျီယာစက်မှုတက္ကသိုလ်ကဘွဲ့ရ။ ဒီနောက်တော့ ရေတပ်ထဲဝင်သွားပြီး ညျူကလီးယားရေငုပ်သင်္ဘောတွေမှာ အမှုထမ်းခဲ့ပါတယ်၊ အဖေသေတော့ ယာမြေကိုသူပဲဦးစီးခဲ့ရတာပေါ့။ ဒီတော မြို့လေးကို သမိုင်းဝင်ဒေသအဖြစ်သတ်မှတ်ပြီး ပြတိုက်သဖွယ်ထိန်းသိမ်းထားပါတယ်။ ဂျင်မီ ငယ်စဉ်က စာသင်ခဲ့တဲ့ကျောင်း၊ ကျက်စားခဲ့တဲ့လယ်ယာမြေ၊ အိုးအိမ်၊ အိပ်ယာ၊ ရေချိုးခန်း၊ ပန်းဘဲ ဖို၊ ကုန်စုံဆိုင်က အစ၊ နောက်ဖေးအိမ်သာအထိ ရှင်းလင်းပြမယ့်ဝန်ထမ်းတွေက လာရောက် လေ့လာသူညည့်သည်တွေကို စိတ်ဝင်စားအောင်ရှင်းပြကြပါတယ်။ (ဒါလည်းကြင်နာမှုတစ်မျိုးပေါ့နော်)။ ဂျင်မီတို့ခေတ် (၁၉၃၀-၄၀ ဝန်းကျင်) က အိမ်သာထဲမှာ မစင်ကိုပြောင်းဖူးရိုးနဲ့ သန့်စင်တာကအစ၊ အိမ်တွင်းသုံးတံမြက်စည်းကို ပြောင်းဖူးခွံတွေစုချည်နှောင်ပြီး တံမြက်စည်းလုပ်ကြရပုံတွေ၊ အဝီစိတွင်းရေကို လေရဟတ်ကြီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



စုတ်တင်ပြီးသုံးကြရတာတွေကိုတွေ့မြင်ရတော့။ ဂျီပီတို့ ငယ်စဉ်ဘုန်းကြီးကျောင်းသားဘဝတုံးက ရေတွင်းထဲကရေကိုစက်သီးနဲ့ဆွဲပြီးရေခပ်ပေးခဲ့ကြရတာတွေ၊ ကိုရင်မြင့်ဇော်တို့ ဖိုးသူတော်နိုင်စိုးဝင်းတို့နဲ့အတူ ဘုန်းကြီးကျောင်းထဲမှာ အုန်းတံမြက်စည်းတွေနဲ့ တံမြက်လှဲပေးခဲ့ကြရတာတွေ၊ ရွာမှာ အိမ်သာမရှိလို့ ခြံကြားထဲမှာတောထိုင်ရင်း၊ နောက်ဖေးကုန်းတော့ ဒုက်တွေသုံးခဲ့ကြတာတွေကို သွားပြီးသတိရမိပါတယ်။ သယံနီးမနိုင်တဲ့ ကိုရင်မြင့်ဇော်ခမျာ (သယံနီးတစ်ဘက် တုတ်တစ်ဘက်နဲ့မို့) ဘုတ်ရှုခဲ့ဘူးလို့။ ဂျင်မီကာတော့ကိုလည်းကိုယ်ချင်းစာပြီး ပြောင်းဖူးရိုးတွေယူနှုန်းလို့၊ ယားများယားနေမလား ပေါ့။ တွေးပြီးစိတ်ပူနေလိုက်ရတာ။ အခုတော့ တောသားလေးဂျင်မီဟာ အမေရိကန်သမ္မတကြီး ဖြစ်လာခဲ့ပြီး၊ မြန်မာဘုန်းကြီးကျောင်းသားလေး ဂျီပီခမျာမှာတော့၊ အဲဒီသမ္မတကြီးရဲ့ငယ်စဉ် တောင်ကျေးက အိမ်ကလေးထဲမှာ လေ့လာသူအဖြစ်ရောက်ရှိလို့နေရရှာပါတယ်တဲ့။ ဂျင်မီရယ် မင်းကိုအားကျလိုက်တာကွာ။ ဂျင်မီတို့အိမ်ကိုလေ့လာပြီးအပြန်၊ ပလိန်းစ်မြို့လယ်ခေါင်က စတိုးဆိုင်ကြီးမှာ အမှတ်တရပစ္စည်းတွေဆင်းဝယ်ယယ်လုပ်တော့၊ ဟော တွေ့ပါလေပြီ။ ဂျင်မီကာတာရယ်၊ သူ့ဇနီးသယ် ရိုးစလင်းကာတာရယ်။ လူငယ်လေးတွေကျနေတာပဲ၊ စက်ဘီးကိုယ်စီနဲ့ ။ လုံခြုံရေးတချို့က ဂျီပီတို့အဖွဲ့ကိုတားထားတာနဲ့စကားမပြောလိုက်ရဘူး။ စိးယူ။ နောက်မှတွေ့မယ်နော်၊ ဂျင်မီ။ အဲ့သလို နဲ့ ဂျီပီနဲ့ မစွက်ဟမ်းဖရေးတို့ဟာ

## အမ္မရီတက္ကသိုလ်က မြန္မာ–မာဒီဂရားအက
## (Myananda-Mardi Gras dance from Emory University)



www.burmeseclassic.com

## ဒေါက်တာမြင့်ဦး (ဂျိပီ)

အားဖြည့်အလုပ်ရုံဆွေးနွေးပွဲကြီးကို (Global Development and Social Justice) ဆိုတဲ့ခေါင်းစဉ်နဲ့ အမ္ဘရီတက္ကသိုလ်ကြီးမှာ ၄ ရက်ကြာ ကျင်းပခဲ့ပါတယ်။ ဒီတက္ကသိုလ်ရဲ့ ပြည်သူ့ကျန်းမာရေးသင်တန်းကျောင်း (Rollins School of Public Health) ဆိုတာဟာလည်းအမေရိကားမှာ နံမည်ကြီးလှပါတယ်။ လူ့အခွင့်အရေးနဲ့ပြည်သူ့ကျန်းမာရေး နှိုးနှယ်ပုံတွေ၊ အကြမ်းဖက်မှုတား ဆီးရေး၊ လူမျိုးခွဲခြားမှုဆန့်ကျင်ရေး၊ အမေရိကန်လူမျိုးကြီးဝါဒရဲ့တုန့်ပြန်မှု၊ HIV/ AIDS ရဲ့ ဆက်သွယ်မှုလမ်းကြောင်း၊ စတဲ့ ကမ္ဘာ့လွှမ်းခြုံဖြစ်ထွန်းမှုတွေကြောင့် လူမှုရေးမျှတမှုလိုအပ်ပုံတွေကို အဓိကထားဆွေးနွေးသွားကြပါတယ်။ ဒီဝပ်ရှော့ကို ဟမ်းဖရေးသင်တန်းသား ၃၂ ယောက်နဲ့ တစ်ဦးတည်းလေ့လာသူအဖြစ် (ဆူပါမစ္စက်ဟမ်းဖရေး) တို့ တက်ရောက်ခဲ့ကြပါသတဲ့။ ညစာစားပွဲတစ်ရပ်ကို အမ္ဘရီတက္ကသိုလ်ကြီးရဲ့အောက်ဆုံးထပ် ကြောင်လိမ်လှေခါးမှာ ကျင်းပရာမှာ၊ ကျူလိန်း (Tulane) တက္ကသိုလ် ဟမ်းဖရေးများတင်ဆက်တဲ့ နယူးအော်လင်းရဲ့ မာဒီဂရားပွဲတော်အတုဟာ အင်မတန်စိတ်ဝင်းစားစရာကောင်းလှပါတယ်။ စားပွဲကုလားထိုင်တွေ မှာထိုင်နေတဲ့ပရိတ်သတ်ထဲကို ကြောင်လိမ်လှေခါးပေါ်ကနေ ရောင်စုံဒင်္ဂါးပြားတွေ၊ ရောင်စုံဆွဲပုတီးတွေ၊ ရောင်စုံပလပ်စတစ်ခွက်တွေနဲ့ ပစ်ပေါက်လိုက်ကြတာ၊ ပရိတ်သတ်တွေရဲ့ လက်တွေ၊ လည်ပင်းတွေမှာ ပုတီးတွေနဲ့ ပြည့်နှက်လို့နေကြပါပြီ။ မာဒီဂရားဟာ ပျော်ရွှင်ပွဲတစ်ရပ်ဖြစ်လို့ ဂျိပီကလည်း အသင့်ပါလာတဲ့ စီဒီခွေနဲ့ မြန်န္နာသီချင်းကိုကမန်းကတန်း ဖွင့်ရတော့တာပေါ့။ တစ်ဆက်ထည်း မစ္စက်ဟမ်းဖရေးကို မြန်န္နာအကနဲ့ကခိုင်းလိုက်တာမှာ ဟမ်းဖရေးတွေအားလုံး ကပါ "မြန်န္နာ–မာဒီဂရား" အကဆိုပြီး၊ ဝိုင်းပြီးလိုက်ကကြပါတော့တယ်။ ဂျိပီကိုယ်တိုင်လည်း ကားယားကားယားနဲ့ပေါ့။ ဘာပြောကောင်းမလဲ။ သီချင်းကို ၃ ကျော့ပြန်တောင် ရီပိုင်း လုပ်ပေးခဲ့ရပါသတဲ့ကွယ်။ ကြည့်လေ။ ပျော်ချင်နေလိုက်ကြတာ။

## ဂျိပီနှင့် ဂျင်မီကာတာနှင့်စကားလက်ဆုံပွဲ

ဝပ်ရှော့နောက်ဆုံးနေ့မှာ (Conversation with President Jimmy Carter) ဆိုပြီး ဟမ်းဖရေးတွေကို သမ္မတဂျင်မီကာတာနဲ့တွေ့ဆုံပေးပါတယ်။ ဂျင်မီကာတာဟာ ၁၉၂၄ ခုဖွားမို့ အသက် ၈၀ ရှိနေပါပြီ။ သန်တုံးမြန်တုံးပါပဲ။ ၂၀၀၂ ခုနှစ်မှာ ငြိမ်းချမ်းရေး နိုဘယ်ဆုကိုရရှိခဲ့ပါတယ်။ ရွှေလန်းသားတွေကတော့သူ့ကိုခုထက်ထိ သမ္မတလို့ အမြတ်တနိုးခေါ်နေကြတုံးပါပဲ။ လူ့အခွင့်အရေးတွေတိုးတက်စေဖို့နဲ့ လူမှုဒုက္ခအပေါင်းကလွတ်ငြိမ်းစေဖို့ဆိုတဲ့ရည်ရွယ်ချက်နဲ့၊ ကာတာစင်တာဆိုတဲ့အဖွဲ့ကို ဇနီးသယ် ရိုစလင်းကာတာနဲ့အတူ ဖွဲ့စည်းဆောင်ရွက်နေတာ ဖြစ်ပါတယ်။ (လင်မယားတက်ညီလက်ညီဆိုတော့ ဂျိပီတို့လင်မယားလိုပေါ့)။ ကမ္ဘာကြီးငြိမ်းချမ်းရေး၊ ရောဂါန္တရကပ်ဆိုးကြီးတွေကာကွယ်တားဆီးရေး၊ လူသားများ စိတ္တသုခအပေါင်းနဲ့ပြည့်စုံစေရေးတို့ကိုရှေ့ရှုပြီး ကာတာစင်တာအဖွဲ့ကြီးကဆောင်ရွက်နေပါတယ်။ အာဖရိက ၁၅ နိုင်ငံမှာ သီးနှံ ၂ ဆ၊ ၃ ဆ အထွက်တိုးဖို့ဆောင်ရွက်မှုတွေ၊ အာရှ၊ လက်တင်အမေရိကနိုင်ငံတွေမှာ ရောဂါဘယတားဆီးမှုတွေ၊ (Guinea Worm Disease Eradication Program; River Blindness Program) စတာတွေဟာ ကာတာစင်တာရဲ့အောင်မြင်မှုတွေထဲကသာ ကအချို့ပါပဲ။) စိတ်ရောဂါဝေဒနာသယ်တွေ လျော့နည်းသွားအောင်


www.burmeseclassic.com

www.burmeseclassic.com



(Mental Health Program)ဆောင်ရွက်တာတွေ၊ နိုင်ငံအချင်းချင်း၊ ပြည်သူအချင်းချင်း မသင့်မြတ်မှုတွေမှာ စေ့စပ်ရေးဆောင်ရွက်တာတွေကို အားကျိုးမာန်တက် ဆောင်ရွက်နေသူဖြစ်ပါတယ်။ ဂျင်မီကာတာက၊ ဒီတွေ့ဆုံပွဲမှာ သူ့ကာတာစင်တာရဲ့ လုပ်ဆောင်မှုတွေကိုရှင်းပြရင်း ဟမ်းဖရေးတွေနဲ့ ရင်းရင်းနှီးနှီးစကားလက်ဆုံကျပါတယ်။ တိုက်ပုံနဲ့ အင်းလေး လုံချည်ဝတ်ဆင်ထားလို့ ဟမ်းဖရေးတွေအကြားမှာပေါ်လွင်နေတဲ့ ကျိုပီ့အနားကိုလာရပ်ပြီး မြန်မာနိုင်ငံအကြောင်းကိုပြောကြတော့ ကျိုပီကထပြီး၊ ``ရိုးရာဝတ်စုံကိုကြည့်ပြီးတော့ မြန်မာလို့ အသိအမှတ်ပြုနိုင်တဲ့အတွက် သမ္မတကြီးကိုလေးစားမိပါကြောင်း (အားလုံးကတိုင်းပြီးလက် ခုတ်တီးပါတယ်)၊ ကျေးဇူးလည်းအထူးတင်ရှိမိပါကြောင်း`` ပြောကြားပြီး၊ မြန်မာနိုင်ငံကကျိုပီတွေရဲ့ ပြည်သူ့ ကျန်းမာရေး ဆောင်ရွက်ချက်တွေကိုရှင်းပြလိုက်ပါတယ်။ (ကျိုပီအကြောင်းဆို သိပ်ပြောချင်နေတဲ့ ရှူလိပ်ကျိုပီတော့ ရေထဲကျတော့တာပါပဲ)။ စကားလက်ဆုံပွဲပြီးတော့ စုပေါင်း ဓါတ်ပုံ ရိုက်ကြပါတယ်။ အဲ့သလိုနဲ့ ဂျင်မီနဲ့ကျိုပီတို့ရဲ့တွေ့ဆုံပွဲလေးဟာ ဟမ်းဖရေးတွေအကြားမှာ ရေပန်းစားလို့ သွားပါလေတော့သတဲ့ကွယ်။ (မနာလိုမဖြစ်ကြနဲ့နော်။)

## စီဒီစီ (ရောဂါတားဆီးကာကွယ်ရေးဗဟိုဌာန)

စီဒီစီကိုလေ့လာဖို့ မိမိရဲ့ကိုယ်ရေးရာဇဝင်ကိုအရင်ပေးပို့ထားရတယ်၊ Global Health Odyssey လို့ခေါ်တဲ့ လေ့လာရေးခန်းမှာ ညှိသည်တွေကို လုံခြုံရေးလည်းတင်းတင်းကြပ်ကြပ်စစ်ပါတယ်၊ ကျောက်ကြီးရောဂါလို ကမ္ဘာပေါ်မှာပျောက်ကွယ်ပြီးသားရောဂါပိုး နမူနာတွေ၊ ဒေါင့်သန်းရောဂါ (Anthrax ) ပိုးတွေ၊ အဲ့ဒီ စီဒီစီမှာရရှိနိုင်သေးတာကိုး။ အကြမ်းဖက်သမားတွေလက်ထဲ ဒီပိုးတွေရောက်ရှိသွားခဲ့လို့ကတော့ ဇီဝလက်နက်အနေနဲ့ကမ္ဘာကြီးကို ဖျက်ဆီးပစ်မှာစိုးရိမ်ရသေးတာပေါ့။ ဇီဝလက်နက်ဆိုတာကလည်း လူတွေကိုအစုလိုက်အပြုံလိုက်သေကြေ ပျက်ဆီးနိုင်တဲ့ လက်နက် (Weapon of Mass Destruction: WMD) မဟုတ်ပါလား။ အမေရိကန်အစိုးရ ကျန်းမာရေးနဲ့လူသားအကျိုး





အမေရိကတက္ကသိုလ်၏ ပြည်သူ့ကျန်းမာရေးသင်တန်းကျောင်း



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာမြင့်ဦး (ဂျီပီ)


စီအင်န်အင်န် သတင်းဌာနအတွင်းမှာ

ဆောင်ဝန်ကြီးဌာန (Department of Health and Human Services, HHS) လက်အောက်မှာရှိတဲ့ စီဒီစီဟာ ၁၉၄၆ ခုနှစ်က ငှက်ဖျားရောဂါတိုက်ဖျက်ရေးနဲ့ စခဲ့လိုက်တာ အခုဆိုရင် ရုံးတစ်ရက်စာ ဘတ်ဂျက်ငွေက ဒေါ်လာသန်း ၃၀ တဲ့။ (ဂျီပီ့တစ်သက်ရှာနိုင်မှာ မဟုတ်ပါဘူး)။ တစ်နှစ်ကို ၇.၇ ဘီလီယံနဲ့ ဝန်ထမ်းအင်အား ၉၀၀၀ ကျော်နဲ့ (Healthy People in a Healthy World – Through Prevention) ဆိုတဲ့ဆောင်ပုဒ်နဲ့ ရောဂါကာကွယ်ရေး သာမက ထိခိုက်ဒဏ်ရာရမှု၊ ကိုယ်အင်္ဂါချို့တဲ့မှု၊ ကပ်ဘေးအန္တရာယ်ပြင်ဆင်ကာကွယ်ရေးတွေကိုပါ သုတေသနလုပ်ငန်းတွေ၊ စီမံချက်လုပ်ငန်းတွေနဲ့ ဆောင်ရွက်နေတဲ့အဖွဲ့ကြီးဖြစ်ပါတယ်။ ၂၀၀၆ ခု နှစ်မှာနှစ်ခြောက်ဆယ်အထိမ်းအမှတ်လုပ်ဖို့ ပြင်ဆင်နေပါပြီ။ စီဒီစီထဲဝင်တော့ ရှေ့အဆောင်မှာပဲ ကင်မရာကိုအသုံးပြုခွင့်ပေးတယ်။ ဇီဝစွန့်ပစ်ပစ္စည်း (Biohazadous) ခန်းတွေထဲ မဝင်ခင် အာကာသဝတ်စုံလိုအကျီကြီးတွေ ဝတ်ကြရသေးတယ်။ ဌာနတစ်ခုရောက်တိုင်း ငြိမ့်သည်သီးသန့်နေရာကနေပဲ လေ့လာနားထောင်ရတယ်။ နိုင်ငံပေါင်းစုံ (မြန်မာနိုင်ငံအပါအဝင်) ရဲ့ ကျန်းမာရေးကိန်းဂဏန်းတွေ၊ စီမံချက်တွေ၊ ရောဂါကာကွယ်ရေးမှတ်တမ်းတွေကို အကုန်လေ့လာ လို့ရတယ်။ အပတ်စဉ်ထုတ်ဝေတဲ့ Mortality and Morbidity Weekly Report: MMWR ဆိုတဲ့ စာစောင်ဟာလည်း နိုင်ငံပေါင်းစုံကအားထားရတဲ့ ပြည်သူ့ကျန်းမာရေးဂျာနယ်တစ်ခုဖြစ်လို့နေပါတယ်။

## စီအင်န်အင်န် သတင်းဌာနကြီးဆီသို့

ဝပ်ရှော့ ပထမဆုံးနေ့က မြွေယန်းမြို့ရဲ့ ကျက်သရေဆောင် စီအင်န်အင်န်သတင်းဌာနကြီးကို လိုက်ပို့ပေးပါတယ်။ အဝင်ခန်းမ မျက်နှာကျက်ကြီးမှာ နိုင်ငံပေါင်းစုံရဲ့ အလံတွေစွဲချိတ်ပြီး ပြသထားတော့၊ မြန်မာနိုင်ငံအလံကိုလည်း ဝင့်ကြွားထယ်ဝံစွာတွေ့လိုက်မိပါတယ်။ အက်စကာ လေတာ



www.burmeseclassic.com

www.burmeseclassic.com






ဆိုင်ကလိုရားမား ဆုံလည် ပန်းချီပြခန်း

အရှည်ကြီးပေါ်ကနေ အပေါ်ထပ်ခန်းမတွေကိုလိုက်ကြည့်ကြရတယ်။ လာရီကင်း (Larry King) ရဲ့ သတင်းထုတ်လွှင့်မှုတွေကိုလည်း မှန်အိမ်ထဲကနေကြည့်လို့ရနေတယ်။ မိုးလေဝသသတင်းလွှင့်နေပုံကို နမူနာပေးပြပြီး၊ တကယ်ရိုက်ကူးတဲ့အခါကျတော့ မြေပုံအတုတွေနဲ့ အစားထိုးထည့်ရိုက်တာကိုကြည့်ပြီးတော့ ရယ်ချင်လာတယ်။ ကြေညာတဲ့လူက ဘာမှမရှိတဲ့ မြေပုံတွေကို လက်နဲ့ထိုးပြပြီး ရှင်းပြနေတာလေ။ တကယ့်မြေပုံတွေက သူ့ရှေ့မှာ တွေ့နေရတာကိုး။ ၂၄ နာရီ တောက်လျှောက် ထုတ်လွှင့်တဲ့ဌာနဆိုတော့ ဝန်ထမ်းပေါင်း ၄၀၀၀ ကျော် ရှိပါသတဲ့။ ရုပ်သံလွှင့်အစီအစဉ်ကို အမေရိကန်ပြည်သူ ၈၈ သန်းကျော်က အားပေးကြည့်ရှုကြ တယ်လို့ဆိုပါတယ်။ ဌာနခွဲ ၃၇ ခုရှိပြီး နိုင်ငံပေါင်း ၂၀၀ ကျော်ကိုလွှင့်ထုတ်နေ တဲ့ရုပ်သံလွှင့် ဌာနကြီးတစ်ခုဖြစ်ပါတယ်။

## ဆိုင်ကလိုရားမား (Cyclorama) သို့မဟုတ် လှည့်ပတ်ပန်းချီကား

ရှေးလန်းသားတွေရဲ့နောက်ထပ်အကြင်နာဂရုစိုက်မှုပေးတဲ့နေရာတစ်ခုကတော့ Grant Park လို့ ခေါ်တဲ့အရပ်မှာရှိတဲ့ ဆိုင်ကလိုရားမားခေါ် ဆုံလည်ဆလင်ဒါပန်းချီကားပြခန်းပဲဖြစ်ပါတယ်။ ဒါမျိုးပြခန်းကိုအမေရိကန်ပြည်တွင်းစစ်နယ်မြေဖြစ်ခဲ့ဖူးတဲ့ ပင်ဆယ်ဗေးနီးယားပြည်နယ်၊ ဂက် တစ်စ်ဘတ် (Gettysburg) မြို့မှာလည်း ကျိုပိ တစ်ခါကြည့်ခဲ့ဖူးပါတယ်။ (ပင်ဆယ်ဗေးနီးယား အကြောင်းကိုတော့ နောက်မှပြောပြဦးမယ်နော်)။ ၁၈၆၁-၁၈၆၅ ခုနှစ် အမေရိကန်ပြည်တွင်းစစ်ကာလ၊ စစ်ပွဲတွေရဲ့ သမိုင်းဝင်ဖြစ်ရပ်မှန်တွေကို ပန်းချီကားအကြီးကြီးနဲ့ ဆလင်ဒါနံရံမှာချယ်မှုန်းပြီး အဲ့ဒီ ဆလင်ဒါကြီးထဲကိုလူတွေကဝင်၊ သီရေတာ (Theater) ထဲမှာလို ထိုင်ခုံအဆင့်ဆင့်နဲ့ထိုင်ကြည့်ကြရတယ်။ ပရိသတ်ထိုင်ခုံတွေဟာ ဆုံလည်ပေါ်မှာတရွေ့ရွေ့လည်ပတ်သွားရင်း နံရံပေါ်ကပန်းချီကားကို ထိုင်ရက်



www.burmeseclassic.com

www.burmeseclassic.com

## ဒေါက်တာမြင့်ဦး (ဂျီပီ)

လှည့်ပတ်ကြည့်ရှုရတာ။ ပန်းချီကားရဲ့အရှေ့မှာလည်း ရုပ်လုံးကြွဖရောင်းရုပ်တွေနဲ့ သရုပ်ဖော်ထား လိုက်သေးတော့ ပိုပြီးအသက်ဝင်တော့တာပေါ့။ မီးရောင်စပေါ့လိုက်အမျိုးမျိုးထိုး၊ တိုက်ပွဲခေါ်သံတွေ သံစုံအော်ဟစ်ကြွေးလို့၊ အခန်းအနားတင် ဆက်သူကလည်း အမှောင်ထဲကနေ အသံနေအသံထား အမျိုးမျိုးနဲ့၊ ကိုယ့်ရှေ့မှာ တကယ့်ပြည်တွင်းစစ်တိုက်ပွဲတွေဖြစ်နေသလို အသဲတဖိုဖိုရင်တလှုပ်လှုပ် ဖြစ်အောင် (အကြင်နာမှု) တွေပြကြပြန်ပြီလေ။ မျက်နှာမှာဒဏ်ရာရသွားတဲ့ စစ်သားငယ်ကို လှူနာ တင်ယာဉ်နဲ့ဆေးရုံခေါ်သွားတဲ့ အပိုင်းကိုကြည့်ရတော့၊ စစ်ပွဲရဲ့အနိဋ္ဌာရုံမို့ စုပ်တသပ်သပ်နဲ့ဖြစ်နေ လိုက်ကြတာ။ အဲဒီခေတ် ရိုင်ဖယ်သေနတ်တွေဟာတစ်ခါမောင်းတင်၊ တစ်ချက်ပစ်။ "တက်" ဆိုတဲ့တိုက်ပွဲခရာမှုတ်လိုက်ရင် ရင်ဘောင်တန်းပြီးအတန်းလိုက်ကြီးချီတက်ရတဲ့နည်းဗျူဟာဆိုတော့ တစ်တက်ကပစ်ချလိုက်တာနဲ့ အတုံးအရုံးကျဆုံးကုန်တာပဲ။ (သနားလိုက်တာလေ။)။ ၁၈၆၄ ခု ဇူလိုင်လ ၂၂ ရက်နေ့တစ်နေ့ထဲမှာ၊ ၈ နာရီကျော်ကြာအောင်တိုက်လိုက်ကြတဲ့ အဲဒီ (Battle of Atlanta) စစ်ပွဲမှာတင် လူ ၈၀၀၀ ကျော် ကျဆုံးခဲ့ကြရတယ်ဆိုတော့ အမေရိကန်ပြည်တွင်းစစ်တလျှောက်လုံးမှာ တောင်ပိုင်းခွဲထွက်ရေးသူပုန် (Confederate) တပ်တွေနဲ့၊ အစိုးရ (Union) တပ်တွေ ၄ နှစ်ကြာ အောင် တိုက်ခိုက်နေကြတဲ့၊ အဲဒီပြည်တွင်းစစ်ပွဲရဲ့ အသေအပျောက်တွေကိုစဉ်းစားသာ ကြည့်ကြ ပေတော့။ (အမေရိကန်ပြည်တွင်းစစ်ပွဲနေရာတွေကို ဂျီပီရောက်သွားတဲ့အကြောင်း နားထောင်ချင်ကြ သေးလား။ လာမယ်။လာမယ်။) အလန်းတာစိုင်ကလိုရားမားမှာပြသထားတဲ့ (Battle of Atlanta) ပန်းချီကားကြီးဟာ ၄၂ ပေ မြင့်ပြီး ၃၅၈ ပေရှည် ဆလင်ဒါနံရံ (စက်ဝိုင်း ရဲ့အချင်း) အပြည့်ပါပဲ။

အဲ့သလိုနဲ့ ဒေါက်တာဂျီပီဟာ

နောက်လကျရင် အလန်းတာရဲ့ နောက်ထပ်ဟီးရိုးတစ်ယောက်ဖြစ်တဲ့ လူမည်းခေါင်းဆောင် မာတင်လူသာကင်းနဲ့မြန်မာပြည်ကဂျီပီဟီးရိုးတို့ ဘယ်လိုချိတ်ဆက်မိသွားကြသလဲဆိုတာရယ်

ရွှေလန်းမြို့ရဲ့ စိတ်ဝင်စားစရာအကောင်းဆုံးဖြစ်တဲ့ စတုန်းမောင်းတိန်း (ကျောက်သားတောင်) ကြီးမှာထွင်းပြီးရေးချယ်ထားတဲ့ ရောမ ကျောက်ထွင်းပန်းချီကားကြီးအကြောင်းနဲ့ ကိုကာကိုလာ အချိုရည်စက်ရုံ၊ ပြီးတော့ကမ္ဘာကျော်သူနာပြုဆရာမလေး မေရီဟန်းတားရဲ့ ကျေးလက်ဆေးပေး ခန်းလေးကိုသွားလည်ရတဲ့အကြောင်း (သတင်းစာထဲနောက်တစ်ခါထပ်ပါလာရတဲ့၊ ဂျီပီ့ရဲ့ ဟော့ ရှော့သတင်း) တွေကိုပြောပြဦးမယ်နော်။ ကျေနပ်ပါတယ်နော်။

❑❑❑



www.burmeseclassic.com

www.burmeseclassic.com



# အမေရိကားရောက်ဒေါက်တာဂျီပီပုံပြင် – ၈

(The Story of Dr. Gee Pee in America)

Narrator: ပုံပြောသူ။
ဒေါက်တာမြင့်ဦး (အလုံ)

(စရဏမဂ္ဂဇင်း။ အတွဲ - ၂။ အမှတ် - ၄။ အောက်တိုဘာလ - ၂၀၀၅။ တွင် ဖော်ပြပါရှိပြီး)။

၈။ စတုန်းမောင်းတိန်း။
မာတင်လူသာကင်း၊ မဟာတ္တမဂန္ဒီတို့နှင့်တွေ့ဆုံခြင်း။
ကိုကာကိုလာစက်ရုံ။
ကျေးလက်ဆေးခန်းသို့တစ်ခေါက်။
ဂျာမေဆန်အင်းကမုန့်ကြာခွက်။
အမေရိကားမှာနံမယ်ကြီးနေတဲ့
ရန်ကုန်ဂဏန်းဖက်ထုပ်ကျော်။ ဗီးလာညည့်ရိပ်သာ။



www.burmeseclassic.com

www.burmeseclassic.com

## ဒေါက်တာမြင့်ဦး (ဂျိုပီ)



တောင်ထွင်းပန်းချီကားကြီးကို အဝေးမှမြင်ရပုံ

ဂျော်ဂျီယာပြည်နယ်မှာ ဂျိုပီ့ခရီးစဉ်တွေကများလွန်းတော့ ဂျိုပီပုံပြင်ကို ၂ ပိုင်းခွဲပြီးပြောလိုက်ရပါတယ်။ ဒီလကဒုတိယပိုင်းပေါ့။ သူ့ခရီးတာတွေဆက်ပြီးနားထောင်ကြည့်ကြရအောင်။ အဲ့သလိုနဲ့ ဒေါက်တာဂျိုပီဟာ

### စတုန်းမောင်းတိန်း (Stone Mountain)

စတုန်းမောင်းတိန်းဟာ ရှေလန်းမြို့ရဲ့ စိတ်ဝင်စားစရာအကောင်းဆုံးနေရာပဲဖြစ်ပါတယ်။ စတုန်း ဆိုတဲ့နာမယ်နဲ့လိုက်အောင်ကို တောင်တစ်ခွင်လုံး ဂရက်နိုက်ကျောက်သားတွေနဲ့အတိပြီးလို့နေပါတယ်။ ကမ္ဘာ့အကြီးဆုံး ဂရက်နိုက်တောင်ကြီးပေါ့။ ဘူမိဗေဒပညာရှင်တွေက ဒီကျောက်သားတွေဟာ နှစ်ပေါင်းသန်း ၃၀၀ ကျော် သက်တမ်းရှိပြီလို့ခန့်မှန်းကြပါတယ်တဲ့။ လိပ်ခုံးပုံသဏ္ဍာန် ခုံးခုံးကလေးမို့ တောင်ပေါ်တက်ရတာ သိပ်မတ်စောက်မှုမရှိလှပါဘူး။ ခြေလျင်မတက်ချင်တဲ့သူ တွေအတွက် ထိုင်ခုံလေးမှာထိုင်ပြီး ကောင်းကင်ကြိုးတစ်လျှောက် မော်တာစက်သီးနဲ့ဆွဲသွားတဲ့ (Skylift) ဆိုတာနဲ့လည်းတက်လို့ရပါတယ်။ ၈၂၅ ပေ မြင့်ပြီး တောင်ခြေတစ်ဘက်ကတစ်ဘက်ကို ၅ မိုင် ဝေးပါသတဲ့။ တောင်တက်လမ်းအစမှာတော့ ထင်းရှူးပင်တောအုပ်ကလေးတွေရှိ နေလို့ ကျိုက်ထီးရိုးလမ်းလေးတွေနဲ့ တူသလိုလိုပါပဲ၊ အရင်လာရောက်ပြီးသွားတဲ့သူတွေက၊ ကျောက်သားတွေပေါ်မှာ သူတို့အမှတ်တရ စာသားလေးတွေထွင်းသွားကြတာတွေကိုက၊ ကျိုက်ထီးရိုးနဲ့ ပိုလို့တူနေပါတော့တယ်။ (ဘာစေတီ၊ ဘာနတ်ကွန်းမှမတွေ့ရပါဘူးဆိုပြီး ဟိုမှာ ဂျိုပီတစ်ယောက် စိတ်ပျက်လက်ပျက်နဲ့ လက်ခါပြနေလေရဲ့ )။ တောင်ထိပ်ရောက်တော့ ရှုမျှော်ခင်း ကြည့်စရာနေရာလေးနဲ့ ပြတိုက်တစ်ခု၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပဲတွေ့ရတယ်တဲ့။ ပြတိုက်ထဲမှာ (Red Moss) လို့ ခေါ်တဲ့ ကျောက်မှော်နီပွင့်ကလေးတွေရယ် (fairy shrimp)လို့ခေါ်တဲ့ မိုးနတ်ပုဇွန်ဆိတ်က လေးတွေရယ်ကိုစိတ်ဝင်တစားကြည့်မိတယ်။ တောင်နံရံ ကျောက်သားခွက်ထဲတင်ကျန်ခဲ့တဲ့ မိုးရေအိုင်သေးသေးလေးတွေထဲမှာ ပေါက်တတ်တဲ့ ရေမှော်ပင်လေး တွေနဲ့။ အဲဒီရေမှော်နီတွေကိုစားတဲ့ပုဇွန်ဆိတ်ကလေးတွေပဲပေါ့။ တောင်ပေါ်ပုဇွန်မို့ မိုးနတ်ပုဇွန်လို့ တင်စားတယ်ထင်ပါရဲ့။ ကျောက်သားတောင်ကြီးရဲ့တစ်ဘက်နံရံမှာတော့ ၃ ကေကျော်ကျယ်ဝန်း (ဘော်လုံးကွင်း တစ်ကွင်းစာထက်ကြီး) တဲ့ကျောက်သားနံရံကိုထွင်းဖဲပြီးရေးချယ်ထားတဲ့ ကမ္ဘာ့အကြီးဆုံး ကျောက်တောင်ထွင်းပန်းချီကား (Bas-relief) ကြီးကိုထွင်းထုထားလေရဲ့။ ပြည်တွင်းစစ်တုံးက တောင်ပိုင်း သူရဲကောင်း ၃ ယောက်ရဲ့ မြင်းစီးရုပ်ပုံတွေပါပဲ။ အဲဒီပန်းပုပန်းချီကြီးဟာ တောင်နံရံကနေအပြင်ဘက်ကို ၁၂ ပေ စွန်းထွက်နေပြီး၊ တချို့နေရာတွေမှာ တောင်အတွင်းပိုင်းကို ၄၂ ပေချိုင့်ဝင်နေပြန်ရောတဲ့။ မြင်းပါးစပ်နဲ့ နားရွက်ထဲမှာ လူတွေဝင်နားခိုရင်မိုးမစိုဘူးလို့ဆိုပါတယ်။ ၁၉၁၇ ခုနှစ်လောက်က ဒိုင်းနမိုက်တွေခွဲပြီး စထွင်းလိုက်ကြတာ ပထမကမ္ဘာစစ်နဲ့ကြုံတော့ရပ်ဆိုင်းထားရပြန်တယ်။ စစ်သူကြီးရဲ့ ဦးခေါင်းတစ်လုံးကို ၁၉၂၄ ကျမှပြီးတယ်။ ၁၉၅၈ ခုရောက်တော့ ခေတ်မီအပူဓာတ်သုံးလေမှုတ်သေနတ် (Thermo-jet Torches) တွေအသုံးပြုပြီး လက်စသတ်လိုက်ကြတာ ၈ နှစ်တောင်ကြာရပါသတဲ့။ (ဘုရားတည်တာမဟုတ်လေတော့ သိကြားမင်းကသူတို့ကိုမကူညီဘူးနဲ့တူပါတယ်နော်။ ကြက်မတစ်ဝပ် လွှတ်ခဲ့တဲ့ကျိုက်ထီးရိုးစေတီရဲ့ တန်ခိုးတော်ကိုတော့ဘယ်မှာယှဉ်လို့ရလိမ့်မလဲလေ)။

## မာတင်လူသာကင်းဂျူနီယာပြတိုက်

အလန်းတာမြို့ကနေ နောက်ထပ်ကမ္ဘာကျော်သွားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကတော့၊ အသက် ၃၅ နှစ်အရွယ်မှာ၊ အသက်အငယ်ဆုံး ငြိမ်းချမ်းရေးနိုဘယ်ဆုကိုရရှိခဲ့တဲ့ လူမည်းလူ့အခွင့်အရေး ခေါင်းဆောင် မာတင်လူသာကင်းပဲဖြစ်ပါတယ်။ အသက် ၃၉ နှစ်မှာ လုပ်ကြံသတ်ဖြတ်ခြင်းခံ လိုက်ရလို့ သူ့ရဲ့အမှတ်တရပြတိုက်ကြီးကိုပဲသွားလည်ခဲ့ရပါတယ်။ (နို့မို့ ဂျိုပီကလူကိုယ်တိုင် လိုက်တွေ့နေဦးမှာ။ သိတယ်မှတ်လား၊ သူ့အကြောင်း)။ ပြတိုက်ဝင်းခြံထဲမှာ လူ့အခွင့်အရေးသ ရုပ်ဖေါ်၊ ကိုယ်လုံးတီးလူသား (ဘောင်းဘီကြိုးသိုင်းလေးတော့ဝတ်ထားပါသေးတယ်) က လူ သားခလေးငယ်လေးကိုမြှောက်ချီထားတဲ့ ကြေးရုပ်ကြီး (Behold Monument) ကိုဝင့်ကြွားစွာပြသ ထားပါတယ်။ ပြတိုက်အဝင်ဝမှာတော့၊ ဖိနှိပ်မှုများကိုအကြမ်းမဖက်တဲ့ နည်းနဲ့တွန်းလှန်တဲ့ သင်္ကေတအဖြစ် မဟာတ္တမဂန္ဒီရဲ့ ကြေးရုပ်တုကြီး ကိုထားရှိပါတယ်။ ဂန္ဒီကိုတွေ့တော့ဂျိုပီ့ခမျာ မနေနိုင်တော့ပါဘူး။ သွားနှုတ်ဆက်နေပြန်ပါပြီ၊ (ဟိုကတော့ တုတ်တုတ်တောင်မလှုပ်ဖူး။ တော်တော် အူကြောင်ကြောင်နိုင်တဲ့ဂျိုပီ။ သူ့ကို ဂျင်မီကာတာက တခါလေးပွဲထုတ်လိုက်တာနဲ့များ)။ ပြတိုက်ထဲဝင်တော့ စတူဒီယိုထဲမှာ လူမည်းအခွင့်အရေးတောင်းဆိုမှု သမိုင်းကြောင်းတွေကိုရုပ်ရှင်အဖြစ် အရင်ကြည့်ရပါတယ်။ မာတင်လူသာကင်းရဲ့ ဘဝဇာတ်ကြောင်း တစေ့တစောင်းပြကွက်ပေါ့။ သူ့ဖခင်နဲ့သူနဲ့၊ အဲဘင်နီဇာ ဘက်ပ်တစ်ဘုရားကျောင်းမှာ သင်းအုပ်ဆရာ အဖြစ် တာဝန်ယူခဲ့တာတွေကအစ၊ ၁၉၅၅ ခုမှာ လူမဲများနဲ့ လူဖြူများတန်းတူရည်တူ ဘတ်စကားစီး ခွင့်ရရှိရေး ဆန္ဒပြတိုက်ပွဲတွေကို ၃၈၂ ရက်ကြာဆင်နွှဲလို့၊ နောက်ဆုံးမှာ အမေရိကန်တရားရုံး ချုပ်က



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာမြင့်ဦး (ဂျီပီ)


မာတင်လူသာကင်း ပြတိုက်အဝင်အဝမှ ( Behond Mounment) ကြေးရုပ်ထု

"ဘတ်စကားစီးစဉ် အသားအရောင်မခွဲခြားရေး" ဥပဒေကိုပြဌာန်းပေးရတဲ့အထိ အောင်မြင်မှုရှိခဲ့ပုံတွေကို ပြသပါတယ်။ ဒီနောက် ၁၉၅၇ ကနေ ၁၉၆၈ အတွင်း မိုင်ပေါင်း ၆ သန်းကိုခရီးလှည့်လည်ပြီး၊ နိုင်ငံရေးတရားဟောပွဲအကြိမ်ပေါင်း ၂၅၀ ကျော်ဆင်နွှဲခဲ့တာတွေ၊ သူ့အိမ်ဗုံးအခွဲခံလိုက်ရပြီး သူကိုယ်တိုင်အကြိမ် ၂၀ ကျော်အဖမ်းခံခဲ့ရတာတွေကိုပြပါတယ်။ ဒီရုပ်ရှင်ကြည့်ရင်းနဲ့ဂျီပီက အိပ်ငိုက်တော့မယ် အလုပ်မှာ လာပါပြီ။ ကမ္ဘာကျော် (I Have A Dream ) "ကျွန်တော့်ရဲ့မဟာအိပ်မက်" ဆိုတဲ့မိန့်ခွန်းကြီးက-- လာပါပြီ။ အဲ့ဒါကိုမှ ဂျီပီက စောင့်နေတာ။ "I have a dream that one day on the red hills of Georgia the sons of former slaves and the sons of former slave-owners will be able to sit down together at a table of brotherhood..... I have a dream that one day every valley shall be exalted, every hill and mountain shall be made low, the rough places will be made plain, and the crooked places will be made straight, and the glory of the Lord shall be revealed, and all flesh shall see it together."... မိန့်ခွန်း ကနဲနဲရှည်တယ်။ အခု ဂျီပီ ရွတ်ပြလိုက်တဲ့အပိုင်းက အိပ် မက်နဲ့ပါတ်သက်တဲ့နေရာကလေးပဲဆိုကြပါစို့။ ဘိုလိုသိပ်ရှည်သွားမှာစိုးလို့ ဒီလောက်ကိုပဲ ဂျီပီတတ်သလောက်ဘာသာပြန်ပြမယ်တဲ့။ (အဟမ်း)။ ." ကျွန်တော်ရဲ့ မဟာ အိပ်မက်ထဲမယ်။ တစ်နေ့ကျရင်ဟောဒီဂျော်ဂျီယာရဲ့တောင်တန်းနီနီတွေပေါ်မှာ။ တစ်ချိန်တုံးက လူ့ကျေးကျွန်တွေဖြစ်ခဲ့ကြတဲ့သူတွေရဲ့ သားတွေသမီးတွေဟာသူတို့ရဲ့ကျေးပိုင်ရှင်ကျွန်ပိုင်ရှင်တွေရဲ့ သားတွေသမီးတွေနဲ့၊ ညီရင်းအစ်ကိုမောင်နှမ-မခွဲခြားတဲ့ စားပွဲတစ်ခုထည်းမှာ အတူတူ ယှဉ်တွဲလို့ ထိုင်နေကြရတယ်တဲ့။ ကျွန်တော့်ရဲ့အိပ်မက်ထဲမယ်၊ တစ်နေ့သောအခါမှာ လူဖြူလူမည်း- ခွဲခြားဆက်ဆံမှုတွေနဲ့နက်ရှိုင်းမဲမှောင်နေတဲ့ ဟောဒီလျှိုမြောင်တွေအကုန်လုံးဟာ ပျော်ရွှင်မှုအပေါင်း၊ ကောင်းချီးပဏ္ဏာတွေနဲ့ လင်းလက်ခညောင်းကုန်ကြရတယ်တဲ့။ ပြီးတော့ အမြင့်ဂုဏ်မောက်နေတဲ့

www.burmeseclassic.com

## အမေရိကားရောက် ဒေါက်တာကျိပ်



ဒေါက်တာကျိပ်နှင့် မဟတ္တမဂန္ဒီ

တောင်တန်းကြီးတွေဟာလည်း နိမ့်ဆင်းကုန်ကြရပြီ။ ခက်ထန်ကြမ်းတမ်းလှတဲ့ ခရောင်းတောတွေ တောင် ညီညာပြန့်ပျူးတဲ့ လွင်ပြင်တွေဖြစ်ကုန် ကြရုံသာမက၊ ကွေ့ကောက်တဲ့ လမ်းတွေဟာလည်း တည့်မတ်ဖြောင့်ဖြူးကုန်ကြရတော့ယ်တဲ့။ မြတ်ဘုရားရဲ့ဂုဏ်တော်တွေဟာ ရင့်ကျူးကွန့်မြူးလာပြီး လူသားအားလုံးကိုတပြေးထဲညီဖြစ်စေဖို့ စွမ်းဆောင်မှုတွေပေးနိုင်လာတယ်တဲ့'' ။ ဘယ်လောက် ပြောင်မြောက်လိုက်တဲ့ စကားလုံးလေး တွေလဲ့လို့။ ဒါကြောင့် လည်းကမ္ဘာကျော်သွားရတာကိုး။ (ဘာသာပြန်တဲ့ သူတော်လို့ ထင်ပါ ရဲ့)။ ဒီမိန့်ခွန်းကို မာတင်လူသာကင်းဟာ ဝါရှင်တန်မြို့ကြီးရဲ့ လူထုချီတက်ပွဲကြီးမှာ၊ လူပေါင်း ၂ သိန်း ၅ သောင်း ရှေ့မှာပြောခဲ့တာဖြစ်ပါတယ်။ ကျိပ်ကတော့ အာဂုံဆောင်လို့ထားလိုက်ပါပြီ၊ (မှတ်ချက်။ ကျိပ်ကို သီးသန့်တွေ့ဆုံပြီး မာတင်လူသာကင်းပြောသည့် ပုံစံမျိုးနှင့် ပြောခိုင်းလို့ ရသည်ဟုသိရပါသည်။ ပုံ - အယောင်ဆောင်အယ်ဒီတာ။)။ ဒီပြတိုက်ရဲ့ ခန်းမကြီးတစ်ခုထဲမှာ၊ ( Edmund Pettus ) တံတားပေါ်မှာငြိမ်းချမ်းစွာချီတက်လာတဲ့လူ (တစိပ်တဒေသ) တွေကို ပလာပ် စတစ်နဲ့ ရုပ်လုံးဖော်ပြထားလို့၊ ပြတိုက်လာရောက်လေ့လာသူတွေနဲ့ ရောနှော သွားအောင်လုပ်ပြ ထားလိုက်သေးတယ်လေ။ ပြတိုက်ထဲကထွက်လာတော့၊ ဒေါက်တာကင်းကိုအားကျပြီး ကျိပ်မှာ လည်း စိတ်ကူးယဉ်အိပ်မက်ကလေး ( I Have A Dream ) နဲ့ပေါ့။ အဲဒီ ကျိပ်ရဲ့အိပ်မက်ကလေး ကို တစ်ချိန်ကျရင် ကျိပ်ပုံပြင်ထဲမှာထည့် ပြောပြပေးဦးမယ်တဲ့။ (မှတ်ထားနော်)။ အဲ့ သလိုနဲ့ ဒေါက်တာကျိပ်ဟာ ့

## ရှေလန်းက ကိုကာကိုလာ

ကမ္ဘာကျော်ကိုကာကိုလာဟာ ရှေလန်းမြို့ကစခဲ့တာပါတဲ့ ။ anytime there's fun there's



www.burmeseclassic.com

www.burmeseclassic.com

## ဒေါက်တာမြင့်ဦး (ဂျိုဗီ)

always coca-cola... yeah. do do do do dood, do do do ,do do (coca-cola) ... လာပြန်ပြီ။ ဂျိုဗီက ဘိုလိုတွေချည်း မှတ်နေတာပဲလို့ မစွပ်စွဲလိုက်ပါနဲ့ဦး။ ကမ္ဘာကျော်ကိုကာကိုလာ ကြော်ငြာသီချင်းကိုဆိုပြနေတာပါ။ "ဒူ ဒူဒူးဒဒဒူ. ဒူ. ယား ကိုကားကိုလား" ဆိုတာ ဆိုလို့သိပ်ကောင်းလို့ပါတဲ့။ အဆိုတော် ခရစ္စတီးနားရဲ့ကြော်ငြာသီချင်းလေ။ (အယောင်ဆောင်အယ်ဒီတာကပြောနေ ပြန်ပြီ။ ဒီသီချင်းကိုလည်းဂျိုဗီကိုဆိုခိုင်းလို့ရပါတယ်တဲ့။ ဆိုနိုင်းကြဦးမှာလား)။ ကုတ်လို့ခေါ်တဲ့ ကိုကာကိုလာဟာ အချိုရည်အဖြစ်သောက်သုံးရုံမက ကြက်သားကြော် ကိတ်မုန့်၊ ဘာဘီကျူး စတဲ့အမယ်တွေထဲမှာလည်း ရောချက်လို့ရပါတယ်တဲ့။ ကိုကိုးရွက်ကထုတ်နုတ်ထားတဲ့ ကေဖီးန်ဓာတ်ရယ် (အခုဆိုရင်ကေဖီးန်မပါတဲ့ကိုကာကိုလာတွေလည်းရနိုင်ပါတယ်)၊ သကြား၊ ကရယ်မဲ (Caramel )၊ ဖော့စဖိုးရစ်၊ သံပုရာ၊ လိမ္မော်၊ ဗနီလာ စတာတွေအကုန်ပါလို့ သောက်သုံးသူ တွေစွဲလန်းကြရပါတယ်တဲ့။ ဒိုင်းယက်ကုတ် (Diet Coke )ဆိုတာကတော့ ကယ်လိုရီကိုလျော့ထဲ့ ထားပြီး အဝလွန်သူ ဆီးချိုသမားတွေသောက်သုံး နိုင်အောင် ဖေါ်မြူလာကိုနည်းနည်းပြင်ထား တယ်လို့ဆိုပါတယ်။ ကိုလာကမ္ဘာ (World of Coca Cola) ဆိုတဲ့ပြတိုက်ကြီးဟာ ရွှေလန်းမြို့ လယ်မှာရှိပါတယ်။ ကိုကာကိုလာ စာတန်းပါတဲ့နီယွန်မီး အလှတွေက အဝင်ဝကနေ စောင့်ကြိုနေပါတယ်။ ပထမဆုံးပြခန်းက ၆ အောင်စခွဲဝင်ပုလင်းတွေ စီတန်းလှည့်လည်ပြီးကျဆင်းလာတဲ့ ပုလင်းထုတ်လုပ်ပုံပြခန်းပါပဲ။ နောက်ပြခန်းမှာ ၁၈၈၆ ခုနှစ်က (Jacob Pharmacy)ဆိုတဲ့ဆေးဆိုင်မှာ ဆေးဝါးအနေနဲ့စတင်မိတ်ဆက်လိုက်တဲ့ ကိုကာကိုလာရဲ့ သမိုင်းကြောင်းအစကိုပြပါတယ်။ နောက်တစ်ခန်းက ပြပွဲလာသူအပေါင်းကို ကိုလာရေနဲ့လန်းဆန်းမော ပြေသောက်သုံးစေဖို့ ကိုလာရေပန်း (Cola Fountain) ကိုထားပေးပါတယ်။ ကြိုက်သလောက်အရသာ သောက်ပေါ့။ အမေရိကားမှာသာမက ကမ္ဘာ့နိုင်ငံပေါင်း ၂၀၀ ကျော်မှာ Vending Machine လို့ ခေါ်တဲ့ ပိုက်ဆံထည့်လိုက်ရင် အေးပြီးသား ကိုလာဘူးတွေထွက်ကျလာတဲ့စက်တွေရှိနေပါပြီ။ ရွှေလန်းမြို့မှာတော့ ကုတ်ဟာအပေါဆုံးမို့လို့ ၂ လီတာပုလင်းကို ၁ ဒေါ်လာနဲ့ဝယ်လို့ရပါတယ်။ ဂျိုဗီက တော့ တစ်ဝကြီးသောက်နေပြန်ပါပြီ။ ဘယ်နေရာရောက်ရောက်ဘာသောက်မလဲမေးရင် ကုတ်– ကုတ်– ကုတ်– နဲ့ တကုတ်ထဲကုတ်လို့နေပါတော့တယ်။ ကြည့်ပါလား (အရှက်မရှိ) လူမြင်အောင် ကုတ် (Coke) ပြနေပြန်ပြီလေ။

## သူနာပြုလေးဆိုင်တဲ့ကျူးလက်ဆေးပေးခန်း

ဂျိုဗီတို့အဖွဲ့ဟာ ပရက်စ်တန်မြို့ (Preston)က သူနာပြုဆရာမလေး (တကယ်တော့တုတ်တုတ် ခိုင်ခိုင်ကြီးပါ) ထိုင်တဲ့ မိသားစုဆေးခန်းလေးကိုရောက်ရှိသွားပါတယ်။ ဂျိုဗီနဲ့အတူပါလာသူတွေ ကတော့ အမေရိ တက္ကသိုလ်ကြီးရဲ့ အပြည်ပြည်ဆိုင်ရာကျန်းမာရေးပညာဌာနမှူး ပါမောက္ခ ဒေါက်တာဖီးလစ် ဘရက်မင်း၊ ဟမ်းဖရေး ၃ ယောက်ဖြစ်တဲ့ ဒေါက်တာဂျိုဗီ၊ တောင်ကိုရီးယားက မစ္စ တာကျူးချောင်းနှို လိုက်ဘေးရီးယားက မစ္စတာ ဗီလျံမတ်စပ်ကူးနဲ့ ဂျိုဗီကတော်မစ္စက်ဟမ်းဖရေး တို့ပဲဖြစ်ပါတယ်။ သူနာပြုဆရာမလေးနံမယ်ကမာရီဟန်းတား (Marie Hunter, RN )တဲ့။ RN ဆိုတာက Registered Nurse ကိုခေါ်တာပါ။ ဆရာဝန်ဆိုရင်တော့ နံမယ်နောက်က အမ်ဒီ MD = Doctor of Medicine



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ တတ်ရပါတယ်။ ဆရာဝန်ရဲ့လက်ထောက်လုပ်တဲ့ ပီအေ PA = Physician Assistant ဆိုတာရှိပါသေးတယ်။ ပီအေက သူတို့ဆီကဆေးကျောင်းမှာ ၂ နှစ်သင်တန်းတက်ရတဲ့ ဆရာဝန်မကျတကျအဆင့်။ (ကျိုပီတို့ဆီကကျန်းမာရေးမှူးလိုမျိုးပေါ့)။ အမ်ဒီကတော့ မက်ဒ်စကူး (Med School) မှာ ၄ နှစ်တက်ပြီး အလုပ်သင် ၃ နှစ် (ကနေ ၅ နှစ်) ဆင်းရတဲ့ ဆရာဝန်တွေပါပဲ။ သူတို့ဆီမှာ နာမယ်ရှေ့က ဒေါက်တာ Dr. ဆိုတာထည့်ရေးရင် အများစုက ပီအိပ်ချ်ဒီ ဒေါက်တာတွေဖြစ်နေတတ်ကြပါတယ်။ ဘုရင်နိုင်ငံမဟုတ်တော့ နန်းသုံးတော်ဝင်သမားတော်၊ တော်ဝင်တက္ကသိုလ်ဆိုတာတွေမရှိကြဘူး။ Royal College က အက်ဖ်အာရ်စီ–ဘာညာတွေကို သူတို့ကအသိအမှတ်မပြုဘူး။ သူတို့ဆီက အမ်ဒီအောင်မှ ဆရာဝန်အဖြစ်အသိအမှတ်ပြုတယ်။ ဆရာဝန်တွေက သူတို့နာမယ်နောက်ကနေ အမ်ဒီလို့ ထည့်ရေးတာကိုပိုပြီးတန်ဖိုးထားကြတယ်။ ဘာအထူးကုပဲဖြစ်ဖြစ် အမ်ဒီပဲတတ်ရတယ်။ တပြေး ညီပဲ။ ကျိုပီလည်း သူတို့ ဆီရောက်တော့ (ကျိုပီ, အမ်ဒီ) ဖြစ်နေပြီပေါ့။ ခေါ်ရင်တော့ ဒေါက်တာ။ ဒါမှမဟုတ်ရင်းနှီးသွားရင် ဟေ့ဒေါက် (Doc) တဲ့လေ။ ကျိုပီဆရာဝန်ဖြစ်စက ဒေါက်တိုလို့အခေါ်ခံရဘူးသလိုပါပဲ။ သူတို့က ပိုတိုတယ်။ (တော်သေးတာပေါ့ Hey…Dog လို့မခေါ်ကြသေးလို့)။ နာမယ်ရဲ့နောက်ဆုံးအလုံးကိုယူပြီး ချစ်စနိုး ဒေါက်တာတတ်ခေါ်တာ ရှိသေးတယ်။ ကြည့်လေ ကျိုပီ့ကို ဒေါက်တာပီး (Dr. Pee )တဲ့။ သွားပါပြီ။ သူတို့ချစ်လိုက်မှပဲ တချိန်လုံး ရှူးပေါက်နေရမလိုဖြစ်နေပြီ။ (Pee ဆိုတာရှူးရှူးပေါက်တယ်လို့အဓိပ္ပါယ်ရတာကိုး)။ အခု (မာရီဟန်းတား, အာရ်အင်န်) ရဲ့ ကျေးလက်ဆေးခန်းက ပရက်စ်တန်ဆိုတဲ့တောမြို့လေးမှာပါ။ သူနာပြုကလည်း ဆေးခန်းထိုင်ခွင့်ရှိတယ်။ သူတို့ဆီက ကျေးလက် (Rural) ဆိုတာက မော်တော်ကားကိုယ်စီနဲ့၊ အင်တာနက်၊ တယ်လီဖုံးကိုယ်စီနဲ့၊ စတိုးဆိုင်ပေါင်းစုံနဲ့။ လမ်းမကြီးတွေကဖြူးလို့။ ဝင်းအကျယ်ကြီး (Ranch) တွေနဲ့နေကြတာ။ (ကျိုပီတခါပြောဖူးသလို၊ ဆိုက္ကားမရှိ၊ နွားလှည်းမရှိ၊ ထော်လာဂျီမရှိတဲ့တိုင်းပြည်လေ)။ မိုးထောင်တိုက်တာတွေမရှိလို့ သူတို့ပြောလို့သာ ကျေးလက်လိုက်ရတာ၊ ကျေးလက်ဆိုတာ သူဌေးတွေနေကြတာများလားမှ မသိတာ ။ ကျိုပီတို့ဆီက ပြင်ဦးလွင်လိုသူဌေးမြို့လေးနဲ့သွားတူနေသပ။ စဉ်းစားကြည့်တော့ ဂျင်မီကာတာဆိုတာလည်း တောသူဌေးပေပဲမဟုတ်ပါလား။ ကဲ့ကျေးလက်ဆေးခန်းလေးထဲဝင်ကြည့်လိုက်ကြရအောင်။ ဝိတ်ခွဲခန်းကအပျံစား။ ကွန်ပြူတာစနစ်တွေနဲ့ချည်းပဲ။ လူနာစမ်းသပ်ခန်းနဲ့ စမ်းသပ်ပုံတွေကလည်း ဆန်ဖရန်စစ္စကိုတုံးက ဒေါက်တာဒေးဗစ်ရဲ့ဆေးခန်းနဲ့ ပြင်ဆင်ထားပုံတွေက အစအတူတူပဲ။ သုံးတဲ့ပစ္စည်းတွေကလည်းအတူတူပဲ။ အီးစီဂျီ။ ဖီတယ်ဒေါ်ပလာ (Fetal Doppler ) – သန္ဓေသားနှလုံးခုန်တိုင်းစက်။ အိုတိုစကုပ် (Otoscope) – နားတွင်းကြည့်ကိရိယာ။ အော်သယ်မိုစကုပ် (Ophthalmoscope) – မျက်စိတွင်းကြည့်ကိရိယာ။ ဒါတွေမြင်လိုက်ကတည်းက ရန်ကုန်က ကျိုပီ့ ဆေးခန်းထက်တော့သာသွားပြန်ပြီပေါ့။ (ဟိုး တောင်ငူမြို့ကနေဆေးခန်းထိုင်ရင်း ကျိုပီပုံပြင်နားထောင်နေတဲ့ ဆရာဒေါက်တာခင်မောင်ချစ်ကလှမ်းပြောနေပါတယ်။ ပစ္စည်းချင်းမယှဉ်ဘဲ၊ လူချင်းယှဉ်မယ်လေ့ တဲ့။)။ (ဟေ့ဖြောင်းဖြောင်း၊ ဖြောင်းဖြောင်း။ ဒါမှ တောင်ငူကျိုပီကွ။ အဲ့သလိုလဲ ချဲလင့် လဲလုပ်ကြစမ်းပါဗျာ။ နို့မို့ဆို ကျိုပီကသူ့ဟာတွေကိုအမွှန်းတင်စမ်းလွန်းလို့ပါ)။ ဆရာချစ်ပြောတာမှန်တယ်။ လူချင်းဆိုရင်သူတို့က– မသာလို့ပြောရမှာပါပဲ (ဟဲ၊ဟဲ။ သိပါတယ်နော်)။ သူတို့ နိုင်ငံမှာက



www.burmeseclassic.com

www.burmeseclassic.com

## ဒေါက်တာမြင့်ဦး (ဂျီပီ)

တစ်နိုင်ငံလုံးသတ်မှတ်ထားတဲ့စံချိန်စံညွှန်းနဲ့လုပ်ကြရတာကလား။ အမေရိကန်တနိုင်ငံလုံး ဘယ်ကျေးလက် ဆေးခန်းမှာပြပြ အစမ်းသပ်ခံမယ့်လူနာအတွက် ဒီစံချိန်အတိုင်းရှိနေရမယ်လေ။ ဆေးရုံဆိုလည်းထိုနည်းလည်းကောင်းပဲပေါ့။ စံဆိုတာကိုတနိုင်ငံလုံးက မှီအောင်လိုက်နာရပါတယ်။ ဘယ်ဝန်ဆောင်မှုလုပ်ငန်းဖြစ်ဖြစ် စံချိန်စံညွှန်းကိုလျော့လို့မရဘူး။ မာရီက သူ့ဆေးခန်းကနေ အရေးပေါ်ကုသမှုပေးပုံတွေ၊ ပဏာမကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွေ၊ လူနာနေအိမ်လိုက်ကြည့်ပေးရပုံတွေကိုရှင်းလင်းပြပါတယ်။ ပါမောက္ခဖီးလစ်စီစဉ်ထားတဲ့ ဝက်ဘ်စတားဂျာနယ် (Webster Journal) က သတင်းထောက်တွေလည်းရောက်နေကြလို့ မောင်ရင် ဟမ်းဖရေးတွေကိုအငန်းမရ ဝိုင်းဖျူးကြတော့တာပေါ့။ ဂျီပီကတော့ဈေးကိုင်ပြီလေ။ ငါတို့နိုင်ငံက ဂျီပီတွေအကြောင်းလည်းထည့်ရေးမှ ဓာတ်ပုံရိုက်ခွင့်ပြုမယ်တဲ့။ ပြောတဲ့အတိုင်းပါပဲ။ ဂျီပီ့ဆီကို နောက်ပိုင်းပို့ပေးလိုက်တဲ့ဂျာနယ်မှာ ''မြန်မာကျေးလက်မှဂျီပီပရက်စ်တန် ကျေးလက်ဆေးခန်းနှင့်အမြင်ချင်းဖလှယ်'' ဆိုပြီးပါလာပါတော့တယ်။ တောသားချင်းဘဝ တူဖြစ်ခဲ့ဖူးတဲ့ ဂျင်မီကာတာ့ဆီကို စာတိုက်ကနေတဆင့် အဲ့ဒီဂျာနယ် ကော်ပီတစ်စောင်ပေး ပို့လိုက်ပါသကဲ့။ (ဂျင်မီရေ့ မင်းကိုအမှီလိုက်နေပြီနော်)။

## ဂျမေဆန်အင်းက "မှန့်ကြာခွက်"

ပရက်စတန်မြို့ကအပြန် အမရီးကပ်စ်မြို့ (Americus) ကိုဝင်ပြီး ဂျမေဆန်အင်း (Jameson Inn ) ဆိုတဲ့ဟိုတယ်မှာတစ်ညနားကြရပြီပေါ့။ အင်း လို့သူတို့ကဆိုပေမယ့် ဂျီပီတို့ရဲ့ ပုဂံမြို့ကဟော်တယ်တွေနဲ့တောင်တူလိုက်သေး။ တည်းခိုဆောင်တွေရှေ့ကလမ်းတလျှောက်မှာ ပင်လုံးကျွတ်ဆွတ်ဆွတ်ဖြူအောင်ပွင့်နေတဲ့ (Dogwood) အပင်တွေကအလှဆင်နေတယ်။ ၂ ယောက်အိပ်တည်းခိုခန်းတွေကလည်း ပုဂံဟော်တယ်တွေထက်တောင်သာနေပါသေးတယ်။ မနက်စာကို

(Continental Express Buffet; လို့ခေါ်တဲ့ကိုယ်ကြိုက်တာကို ကြိုက်သလောက်ယူစားဖို့ခွင့်ပေး

ဂျမေဆန်အင်း တည်းခိုဆောင်ရှေ့မှ ပင်လုံးကျွတ်ဆွတ်ဆွတ်ဖြူပွင့်နေသော **Dogwood** ပန်းပင်များ





www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ အနောက်တိုင်းအစာပေါ့။ လဘက်ရည်၊ ကော်ဖီ၊ မုန့်မျိုးစုံ၊ သီးနှံ၊ အိုက်စကရင်။ ကိုယ်သိတာလဲပါတယ်။ မသိတာလဲပါတယ်။ စတိုင်နဲ့မလိုင်နဲ့ထိုင်ပြီး ကော်ဖီကိုကိုယ်တိုင်ဖျော်။ (သကြားထုပ်တွေများများထဲ့တာလူမသိအောင်မြန်မြန်လုပ်ရတယ်။ နို့မို့ စတားဘတ်ကော်ဖီသောက်တုံး ကလိုလူဝိုင်းကြည့်ခံနေရဦးမယ်)။ တဖက်စားပွဲကဘိုတွေစားနေတဲ့မုန့်ကိုလှမ်းကြည့်လိုက်တော့ မြန်မာမုန့်ကြာခွက်ကလေးနဲ့တူလို့၊ ဘယ်ကသွားယူရတာလဲလို့စပ်စုလိုက်မိပါတယ်။ ခပ်လှမ်းလှမ်းက စားပွဲကိုထိုးပြပြီးကိုယ့်ဖါသာကိုယ်လုပ်ယူရတာတဲ့။ ဒါနဲ့ထသွားကြည့်တော့ လျှပ်စစ်ဖိစက်မုန့်ဖို အသေးစားလေးဘေးနားမှာ ကြက်ဥလောက်ရှိတဲ့ပေါင်မုန့်လုံးအသေးလေးတွေရယ်၊ အစာပလာတွေမျိုးစုံရယ် ချထားပေးထားတာတွေ့ရတယ်။ ခုနလူကလှမ်းပြီးအဲဒီအစာပလာတွေကိုမုန့်ဖို ခွက်ထဲထဲ့ပြီး ပရက်စ်နဲ့ဖိလုံ့လိုက်ဖို့အမူအရာနဲ့လုပ်ပြပါတယ်။ ဒါနဲ့ အနားမှာတွေ့တဲ့ပေါင်မုန့်လုံးလေးတစ်ခုကို ပရက်စ်ထဲထိုးသွင်းလိုက်ပြီးစက်ဝိုင်းလက်ကိုလှည့်လို့ဖိချလိုက်ပါတယ်။ ပြီးတော့ ၂ မိနစ်ဆိုတာကိုစက်မှာမှတ်ပြီး ကိုယ့်ခုံမှာပြန်ထိုင်စောင့်နေလိုက်တယ်။ သိပ်မကြာပါဘူး အိုးတူးနံ့တွေ တခန်းလုံးလျှံလာတာနဲ့ (ဝိုင်းကြည့်ကုန်ကြလို့) ခုနမုန့်ဖိုဆီထပြေးကြည့်တော့ ဂျိုဗီ ထည့်လိုက်တဲ့ပေါင်မုန့်ကမုန့်ကြာခွက်ထွက်မလာပဲ၊ တူးခဲညှိမဲနေတဲ့မုန့်ကျွပ်တွေကိုသာ တွေ့ရပါတော့တယ်။ ဆိုင်ဝန်ထမ်းတစ်ယောက်ရောက်လာပြီး မုန့်ဖိုထဲကတူးပြီးခဲနေတဲ့ပေါင်မုန့်တွေကို မနဲခြစ်ထုတ်ယူပစ်ရတယ်။ (ဂျိုဗီက မုန့်ရည်ထည့်ရမယ့်အစား၊ အနားတွေ့တဲ့ပေါင်မုန့်ကိုမှ သွားပြီးထည့်လိုက်တာကိုး–တောသားမုန်းလူသိကုန်ပါပြီ)။ ဆိုင်ဝန်ထမ်းသင်ပြတဲ့အတိုင်း ပြီးတော့မှ–နဘေးကမုန့်ရည်ကို (မုန့်လင်မယားလုပ်သလိုမျိုး) ပရက်စ်ထဲကခွက်မှာထည့်ပြီးဒလက်ကိုဖိလှည့်လို့၊ အချိန်ကို ၂ မိနစ်မှာထားပြီး စောင့်လိုက်တာ၊ သူ့အလိုလို ပရက်စ်က ပြန်ပွင့်လာပြီး ကိုရွှေချောစားချင်ရှာတဲ့ "မုန့်ကြာခွက်" ဖောင်းဖောင်းလေးက မွှေးမွှေးကြိုင်ကြိုင်လေးနဲ့ထွက်ပေါ်လို့လာပါပြီ၊ သင်ဆရာရှိပြီဆိုတော့နည်းသိသွားပြီပေါ့။ (အရှက်ပြေ) နောက် တစ်ခုထပ်လုပ်ပြီး။ (ဒီတခါတော့ ညှော်နံ့မလျှိုင်တော့ပါဘူးနော်)။ နောက်ထွက်လာတဲ့ မုန့်ကြာခွက်ကတော့ဂျိုဗီ့အနားအမြဲကပ်ပါလာတဲ့ ကြင်သူသက်ထားအတွက် တဲ့။ ကောင်းမှကောင်း။

BURMESE CLASSIC .com

## ရန်ကုန်ဂဏန်းဖက်ထုပ်ကြော် ( Crab Rangoon )

အမေရိကန်မုန့်ကြာခွက်အကြောင်းပြောရင်း၊ အမေရိကားရဲ့ စားသောက်ဆိုင်ကြီးကြီးတွေမှာလူသိများတဲ့ အရှေ့တိုင်းအစားအစာ Crab Rangoon (ရန်ကုန်ဂဏန်းဖက်ထုပ်ကြော်) ဆိုတာကိုပြောပြရဦးမယ်။ ဂဏန်းအသား ဒါမှမဟုတ် အသားတုကို ဂျုံနဲ့ပတ်ပြီး ပန်းပွင့်ပုံစံဖေါ် ကြော်ထားကြတယ်။ ရွှေရောင်ထနေအောင်ကြော်ထားလို့ အစားအသောက်အပြင်အဆင်ကအစ ဆွဲဆောင်မှုရှိလှပါတယ်။ အတွင်းမှာချိစ်ထဲ့ထားပြီး နံနံပင်၊ ကြက်သွန်နီနုတ်နုတ်စင်း စတာတွေ နဲ့ရောစားရတဲ့ဖက်ထုပ်ကြော်လိုအစာပါပဲ၊ Appetizer လို့သူတို့ပြောတတ်တဲ့ ထမင်းဝိုင်းရဲ့ ရှေ့ပြေးအစားအစာလည်းဖြစ်၊ အရက်နဲ့မြည်းရတဲ့ အမြည်းစာလည်းဖြစ်တဲ့အကြော်တမျိုးပဲပေါ့။ ဂျိုဗီစတွေ့ကာစက ရန်ကုန်မြို့နံမယ်နဲ့မို့တော်တော်ထူးဆန်းနေတယ်။ ပြီးတော့ဂဏ်လည်းဂုဏ်ယူမိတာပေါ့။ အမေရီးကားမှာလာပြီး ရန်ကုန်ဂဏန်းဆို၊ လူကြိုက်များနေလိုက်တာ။ အဲဒီဂဏန်း ဖက်ထုပ်ရာဇဝင်ကိုစပ်စုကြည့်မိတော့ ကယ်လီဖိုးနီး

www.burmeseclassic.com



ယားပြည်နယ်၊ ဆန်တာခရုဇ်မြို့က Trader Vic လို့ခေါ်တဲ့တရုတ်စားသောက်ဆိုင်ကြီးမှာလုပ်တဲ့၊ ချန်အိုင်ဆွဲဆိုတဲ့ စားဖိုမှူးတရုတ်မလေးဟာ၊ ရန်ကုန်မှာနေတဲ့သူ့အဖေ တရုတ်ကြီးဆီကနေ သင်ယူတတ်မြောက်လာပြီး၊ စတွင်လိုက်တာလို့ ပြောကြတာပါပဲ။ နောက်မှ အမေရိကန်တဝှန်း ထင်ရှားတဲ့ စားသောက်ဆိုင်ကြီးတွေမှာ အရောင်းသွက်တဲ့ အစားအစာဖြစ်လို့လာရပါတယ်တဲ့။ အစားကောင်းကြိုက်တဲ့လူတွေကြားမှာ ခရက်ဘ်ရိုင်ငွန်းဆိုရင်လူတိုင်းသိပါတယ်တဲ့ ။ ဈေးနှုန်းချိုပါတယ်။ ၆ ခုပါ တစ်ပွဲကို ၅၉၂ ဒေါ်လာသာပေးရပါတယ်။ ရန်ကုန်မှာ ချန်အိုင်ဆွဲရဲ့အဖေ တကယ်ရှိမရှိဆိုတာတော့မသိရပါဘူး။ အမေရိကန် ခရက်ဘ်ရိုင်ငွန်း ဆိုတဲ့နံမယ်နဲ့ ရန်ကုန်မှာရောင်းစမ်းကြည့်ကြဖို့အတွက်၊ တရုတ်တန်းကစားသောက်ဆိုင်တွေကို၊ ဒါမှမဟုတ် ဒင်းဆန်နဲ့နာမယ်ကြီးနေတဲ့စားသောက်ဆိုင်ကြီးတွေကို ကိုပီက သတင်းပေးလိုက်ပါသတဲ့နော်။ (အရောင်းဖွံ့သွားရင်တော့ ကိုပီ့ကိုအလကားဖိတ် ကျွေးဖို့မမေ့ကြနဲ့အုံး)။

## ဗီးလာ ဧည့်ရိပ်သာ [ Villa International Guest House ]

ဟိုသွားဒီသွားအကြောင်းတွေချည်းပြောနေလို့ နောက်တမျိုးမရှိုးရအောင် ရွှေလန်းမြို့မှာ ကိုပီတို့ ဘယ်လိုနေထိုင်ခဲ့ရတယ်ဆိုတာလေးကိုလည်း တင်ဆက်လိုက်ချင်ပါသေးရဲ့။ အမ္ဗရိတက္ကသိုလ်ကြီးမှာ ခေတ္တသင်တန်းတက်မယ့်သူတွေ၊ စီဒီစီကို ခေတ္တလာရောက်သူတွေတည်းခိုဖို့ အနီးအနားမှာ ခရစ်ယန်ဘာသာရေးအဖွဲ့က ဖွင့်လှစ်ထားတဲ့ ဗီးလာ ဆိုတဲ့ဧည့်ရိပ်သာရှိပါတယ်။ ဝင်းနဲ့ခြံနဲ့ နှစ်ထပ်ဆောက်အဦးပေါ့။ လက်ရှိတည်းခိုနေတဲ့သူတွေကို၊ ဓာတ်ပုံရိုက်ပြီး အဝင်ဝကဘုတ်မှာ ကပ်ပြထားလို့ ဘယ်သူ၊ ဘယ်နိုင်ငံက ဘယ်အခန်းမှာလောလောဆယ်တည်းခိုနေတယ်ဆိုတာကို ကြည့်လို့ရတယ်လေ။ အမ္ဗရိတက္ကသိုလ်မှာ ပီအိတ်ချ်ဒီတက်နေတဲ့မြန်မာဆရာဝန်လေးနဲ့ သူ့ဇနီးသယ်က ကိုပီတို့လင်မယားဓာတ်ပုံကိုတွေ့သွားပြီးလာနှုတ်ဆက်ပါတော့တယ်။ ဒေါက်တာ မင်းမင်းမိုးနဲ့ သူ့ဇနီးသည် အိချိုတို့ဟာ ထိုင်းနိုင်ငံမှာ မာစတာဘွဲ့တွေယူခဲ့ပြီးမှ ရွှေလန်းမြို့ကို ရောက်လာကြတာတဲ့။ မြန်မာချင်းတွေတော့ ခွေမျိုးတွေပဲပေါ့။ စားသောက်ဆိုင်မှာခေါ်ကျွေးလိုက်၊ သူတို့အိမ်မှာခေါ်ကျွေးလိုက်နဲ့။ (ကိုပီကတော့မှိန်းပြီးစားနေပြန်ပြီ)။ ဗီးလာရဲ့ နောက်ဖေးဆောင် (ကစ်ချင်း)က အကျယ်ကြီး။ ဧည့်သည်တွေသုံးရအောင်ဂက်စ်မီးဖို အလုံး ၂၀ ထားပေးတယ်။ ကိုယ်တိုင်ဝယ်ခြမ်းထားတဲ့ အစားအသောက်တွေကို ရေခဲသေတ္တာထဲကခြင်းကလေးမှာ ကိုယ့်နံမယ်တပ်ပြီး စုသိမ်းကြရတယ်။ သူ့ဟာကိုယ့်ဟာမှားစားလို့ လဲစိတ်မဆိုးကြပါဘူး။ ရေခဲ သေတ္တာအကြီးကြီးက ၈ လုံးရှိတယ်။ ချက်ပြုတ်ချင်တဲ့အခါကျမှ ကိုယ့်အစာကိုယ်ယူပြီး ခုတ်ထစ် လှီးဖြတ်ချက်ပြုတ်ပေါ့။ အိုးခွက်၊ ပန်းကန်တွေကလည်းများမှများ။ နိုင်ငံပေါင်းစုံက ကိုယ့်အစာတွေ ကိုယ်ချက်နေကြတာကိုကြည့်ရတာ အချက်အပြုတ်ပြိုင်ပွဲလားအောင့်မေ့ရတယ်။ သူ့အစာ ကိုယ့်ကျွေး ကိုယ့်အစာသူ့ကျွေးနဲ့ ဒိုင်းနင်းဟော (Dining Hall ) ထဲမှာပျော်စရာကြီးပါပဲ။ တည်းခိုခန်းကနှုတ်ဆက်ထွက်ခွါခါနီး သူတို့ပိုလျှံနေတဲ့ အစားအစာတွေကိုနောက်ရောက်လာတဲ့ သူတွေကို မေတ္တာနဲ့လွှဲပေးခဲ့ကြတာကလည်း ဗီးလာရဲ့ မွန်မြတ်တဲ့အလေ့အထလေးဖြစ်လို့နေပါပြီ။ ညနေဖက်တွေမှာ ရွှေလန်းသူရွှေလန်းသားစေတနာရှင်တွေက ဗီးလာကိုရောက်လာပြီး နိုင်ငံတကာက ဧည့်သည်တွေကို သူတို့ရဲ့ကားတွေနဲ့ စတိုးဆိုင်တွေမှာအခမဲ့ရှော့ပင်းလိုက်ပို့ပေးလို့၊ အကြင်နာတုံ့တွေ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## အမေရိကားရောက် ဒေါက်တာ ဂျီပီ

အကြင်နာခဲ (Care = ခဲလို့အသံထွက်တယ်နော်) တွေပေးကြသေးလေရဲ့။ ဒီလောက် ကြင်နာမှုတွေပြနေမှ တော့ ခွဲခွါရမှာဖြင့် ခက်လို့နေရပါပြီ။ အို မြို့တော်ရွှေ ရွှေလန်းရယ်။

အဲ့သလိုနဲ့ ဒေါက်တာဂျီပီဟာ

ရှေ့လကျရင် ဂျီပီတို့လင်မယား အမေရိကားမှာရှော့ပင်းထွက်လိုက်ကြတဲ့ ဆိုင်ကြီးဆိုင်ငယ် အသွယ်သွယ်အကြောင်းနဲ့၊ မြောက်ကယ်ရိုလိုင်းနားပြည်နယ်၊ ရပ်သာဗို့ ခရိုင်ဆေးရုံကြီးမှာ ဂျီပီ တစ်ယောက် ဘာတွေပေါက်မြောက်ခဲ့သလဲဆိုတာတွေကိုတင်ဆက်ဖို့ရှိတယ်နော။ ဂျီပီပုံပြင် လေးကို စိတ်အေးလက်အေးနားသောတဆင်နိုင်ဖို့ရာအတွက် စရဏာမဂ္ဂဇင်းကို စာအုပ်အငှား ဆိုင်တွေမှာ ကြိုတင်ပြီးမှာထား။ ဒါမှမဟုတ် သိမ်ဖြူလမ်းကဆရာဝန်အသင်းတိုက်မှာ ငွေကြိုတင် သွင်းပြီးမှာ ထားပါမှစိတ်ချရလိမ့်မယ်တဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com



# အမေရိကားရောက်ဒေါက်တာဂျီပီပုံပြင် – ၉

**(T h e S t o r y o f D r . G e e P e e i n A m e r i c a)**

Narrator: ပုံပြောသူ။
ဒေါက်တာမြင့်ဦး (အလုံ)

(စရဏာမဂ္ဂဇင်း။ အတွဲ - ၂။ အမှတ် - ၅။ နိုဝင်ဘာလ - ၂၀၀၅။ တွင် ဖော်ပြပါရှိပြီး)။

၉။ ဝေါလ်မတ်စတိုးဆိုင်ကြီး။
ရတနာတွေနဲ့ ဒေါက်တာဂျီပီ။
ဘာပဲဝယ်ဝယ်တစ်ဒေါ်လာ။
စပ်ဆေး မရောင်းရတဲ့ဆေးဆိုင်။
ပေါချောင်ကောင်းဈေး။
အိမ်ဆိုင်ဆိုတာ။
ကိုးဒင်းလင်း မြန်မာ့လက်ရာအရောင်းဆိုင်။



www.burmeseclassic.com

www.burmeseclassic.com

# ဒေါက်တာမြင့်ဦး (ဂျပီ)

ဒေါက်တာဂျီပီပုံပြင်တွေဟာ တကယ်ဖြစ်ရပ်မှန်တွေလားတဲ့။ ဆရာ့စာတွေဖတ်ရတာ ကျွန်မတို့ (မီးတို့)ကိုယ်တိုင်ကအမေရိကားကိုလိုက်ပါသွားရသလိုပါပဲတဲ့။ စရဏမဂ္ဂဇင်းကနေတဆင့် ဂျပီ့ဆီကိုတယ်လီဖုန်းတွေဆက်လိုက်ကြတာ။ အမေရိကားမှာကျန်ရစ်ခဲ့တဲ့ ဂျပီ့ရဲ့မိတ်ဆွေ(ဟောင်း)တွေကတောင် မင်းဒါတွေကိုဘယ်လိုလုပ်သိလာတာလဲတဲ့။ မှတ်စုတွေမှတ်ပြီးယူသွားတာလားတဲ့။ ငါတို့တောင်မင်းပြောတာတွေတချို့ကိုမသိကြသေးဘူးတဲ့လေ။ ဒီမေးခွန်းတွေအားလုံးကို ခြုံပြီးတော့ဖြေလိုက်ပါ့မယ်။ ဂျပီ့ရဲ့ပုံပြင်တွေဟာ (လက်ာချောချောလေးဖြစ်အောင်) မုသားလုံးဝမပါဝင်တဲ့ (တကယ့်) ဖြစ်ရပ်မှန်တွေပါပဲလို့။ (ဒါကိုမှမယုံရင်တော့ပုံပြင်လို့သာမှတ်လိုက်ပါတော့)။ ပြီးတော့ ဂျပီစာရေးတာဟာ ဆရာသော်တာဆွေလက်သစ်လေးကျနေတာပဲတဲ့။ တခြားမဂ္ဂဇင်း တိုက်တွေက ဂျပီ့ကို သူတို့ဆီမှာလည်းရေးပေးဖို့ဘိတ်ခေါ်လာကြပါတယ်။ ဂျပီကစာရေးဆရာ မှမဟုတ်တာ။ ပုံပြောပြနေတာပါလို့။ ပုံပြော (အာရှီး) နိုင်းမယ်ဆိုရင်တော့ဘယ်မဂ္ဂဇင်းတိုက်ကို ပဲဖြစ်ဖြစ်လာရှီးပြပါ့မယ်နော်။ ဆရာကြီး (ဦး)သော်တာဆွေကိုတော့မယှဉ်ဝံ့ကြောင်းခင်ဗျား။ အဲ့သလိုနဲ့။

ဒေါက်တာဂျီပီဟာသူ့ဇနီးသယ်ရောက်မလာခင်တုံးက ယူအင်စီတက္ကသိုလ် ကိုအော်ဒီနေတာ၊ (Coordinator ) အယ်လိဇဘက်ရဲ့လိုက်ပို့ပေးမှုတွေကြောင့် ရှော့ပင်းမောတွေကိုတော်တော်များ များ ရောက်ခဲ့ပြီးပါပြီ။ ရောက်တဲ့အခါတိုင်းမှာ ဘာမှမဝယ်လို့အယ်လိဇဘက်နဲ့တခြားဟမ်းဖရေးတွေကတောင်စူးစမ်းပြီးမေးကြရတယ်။ ငါ့မိန်းမလာမှ။ ဝယ် ့ မှာ ့။ ဆိုပြီးပြန်ပြောပြထားရတယ်။ ဟော အခုတော့ အယ်လိဇဘက်တောင်မသိပဲနဲ့ ဂျပီတို့လင်မယားနှစ်ယောက်ဟာ ရှော့ပင်း(လမ်း)သလားနေကြပါပြီကော။ သူတို့အရင်ဆုံးရှော့ပင်သလားတဲ့ဆိုင်ကြီးက ဆားကစ်စီးတီး (Circuit City) လို့ခေါ်တဲ့ လျှပ်စစ်ပစ္စည်းတွေရောင်းတဲ့စတိုးဆိုင်ကြီးပေါ့။

## ဘမ်ဘော်ဒါလေးနဲ့ဒေါက်တာဂျီပီ

ဆားကစ်စီးတီးဆိုတဲ့နာမယ်နဲ့ အမေရိကန်တစ်နိုင်ငံလုံးမှာ ဆိုင်ခွဲပေါင်း ၆၀၀ ကျော်ရှိပါတယ်။ ၁၉၄၉ ခုနှစ်မှာ ဆယ်မြူရယ်ဝပ်ဇ် ဆိုတဲ့သူက ဗာဂျီးနီးယားပြည်နယ်၊ ရစ်ချ်မွန်ဆိုတဲ့မြို့မှာ တယ်လီ ဗေးရှင်း လက်လီအရောင်းဆိုင်ကလေးဖွင့်ခဲ့ရာက ကြီးပွားတိုးတက်လာလို့ ပေါ်ထွန်းလာတဲ့ လျှပ်စစ် ပစ္စည်းရောင်းတဲ့ကုမ္ပဏီကြီးလို့ဆိုကြပါစို့။ တီဗီ၊ ဂိမ်း၊ ကင်မရာ၊ကွန်ပြူတာ၊ လက်တော့၊ပန်းတော့ (Palmtop) (ပန်းတမော့တော့မပါဘူးနော်)၊ တယ်လီဖုန်း ဆက်ထလိုက် အကုန်ရတယ်။ အခုဂျပီတို့ ရောက်နေတဲ့ဆိုင်ခွဲက ဒါရမ်မြို့ထဲက ဆားကစ်စီးတီးစတိုးဆိုင်ခွဲကြီးမှာပါ။ ဘောလုံးကွင်းတစ်ကွင်းစာ လောက်ကျယ်တဲ့ တစ်ထပ်ကိုထောင်လိုခမ်းမကြီးပါပဲ၊ ဆိုင်ထဲ ဝင်လိုက်တာနဲ့ တီဗီစခရင်(TV Monitor)



www.burmeseclassic.com

www.burmeseclassic.com

## အမေရိကားရောက် ဒေါက်တာ ဂျီပီ

တွေကကြိုဆိုနေတယ်။ ရောင်စုံရုပ်ရှင်၊ ကြော်ငြာ၊ စတာတွေပြနေတာဘယ်ဟာကြည့်ရမယ်မှန်း တောင်မသိပါဘူး။ မင်္ဂလာဈေးကတီဗီတန်း၊ ကက်ဆက်တန်းလိုတော့ အသံဗလံတွေဆူညံအောင် လုပ်မထားဘူး။ တီဗွီစခရင်နားရောက်မှအသံ ကြားရတယ်။ (ရန်ကုန်မှာက ကားပွန်းသံတွေ တိတ်ဆိတ်သွားပေမယ့် ဈေးပိုကျယ်ကြော်ငြာတွေကတော့နှောက်ယှက်နေဆဲမဟုတ်လား)။ ပတ်ဝန်းကျင်အနှောက်အယှက်မဖြစ်အောင်ဂရု စိုက်ကြရပါတယ်၊ ဂျီပီ့ အပါ့မင့်မှာ သူများအလကား ပေးထားတဲ့ ၂၈ လက်မတီဗီ ကြီးကရှိနေ ပြီးပြီဆိုတော့နောက်ဆုံးပေါ်တီဗီတွေကို ငေးမနေတော့ပါဘူး။ အမေရိကားက လူတွေ တော်တော်များများက၊ ဟုမ်းသီရေတာလို့ခေါ်တဲ့ ကိုယ့်အိမ်မှာကိုယ်၊ အိမ်တွင်းရုပ်ရှင်ရုံလေးလို ဖန် တီးပြီးကြည့်တတ်ကြတဲ့သူတွေဆိုတော့ အသံရော၊ ရုပ်ရော၊ ရုပ်ရှင်ရုံနဲ့တူအောင် စခရင်အကြီးကြီး၊ ဆောင်းအဖက် (Sound Effect )တွေခပ်များများပါတာတွေက အရောင်းသွက်ကြတယ်လေ။ ဂျီပီ့အိမ်ကိုလာလည်တဲ့ မိတ်ဆွေတွေက ဂျီပီ့ရဲ့ ၂၈ လက်မတီဗီကိုအားမရကြလို့ အသစ်ဝယ်ပါလားတဲ့။ တော်ပါပြီ။ ပြန်ရင်သယ်သွားနိုင်တာလဲမဟုတ်ဖဲနဲ့။ ဒီအလကားရတဲ့တီဗီတောင်ဘယ်လိုသယ်ရမယ်မှန်းသိသေးဘူး။ ဂျီပီ့မိန်းမကဂျီပီ့လက်ကိုဆွဲပြီး။ လာ၊ အမေရိကားမှာရောက်တုံး ပေါက်တုံး ဗီဒီယိုကင်ကော်ဒါလေးတော့ဝယ်ထားရင်း၊ ဒီမှာလည်းမှတ်တမ်းလေးတွေရိုက်ရတာ ပေါ့တဲ့။ ဒါနဲ့ ကင်မရာတွေထားတဲ့နေရာကိုရောက်လာကြပါတယ်။ ပြထားတဲ့ကင်မရာလေး တွေကို ကိုယ်တိုင်စမ်းရိုက်ကြည့်လို့ရတယ်။ ကင်မရာတွေကိုနန်းကြိုးနဲ့ချိတ်ထားလို့ ဝေးဝေးကို ယူသွားလို့မရဘူး။ မကိုင်တွယ်တတ်ဖူးဆိုရင် ဆိုင်ဝန်ထမ်းတွေက၊ ဝယ်ဝယ်မဝယ်ဝယ် စိတ်ရှည် လက်ရှည်ရှင်းပြကိုင်တွယ် စမ်းသပ်ပြတယ်။ ဒါသူတို့အလုပ်ပဲ။ ဝယ်ပြီးပစ္စည်းကို ၂ ပတ် အတွင်း (ပစ္စည်းပေါ်မှာမူတည်ပြီး တချို့ပစ္စည်းဆိုရင် တစ်လအတွင်း) ပြန်လာလဲလို့လည်းရသေးတယ်။ မကြိုက်တော့ပါဘူးဆိုပြီး ငွေပြန်တောင်းလို့လဲရတယ်။ (ရာခိုင်နှုန်းနဲနဲတော့အနှုတ်ခံရမှာပေါ့လေ)။ ဒါနဲ့။ တိတ်ခွေနဲ့လည်း ရိုက်လို့ရ၊ စီဒီခွေနဲ့လည်းရိုက်လို့ရတဲ့ ဆိုနီကမ်ကော်ဒါလေးကို ကိုင်တွယ်စမ်းကြည့်ကြပါတယ်။ မယ်မိုရီကဒ်လည်းပါလို့ ရုပ်သေတွေလည်းရိုက်နိုင်တယ်။ ညအမှောင်မှာလည်းရိုက်နိုင်တယ်။ ကင်မရာစခရင်ပေါ်မှာလက်နဲ့တို့သွားပြီး လိုချင်တာခိုင်းလို့ရတယ်။ ပစ္စည်းမှာမိတ်အင်ချိုင်းနားလို့ရိုက်ထားတာတွေ့လို့၊ ဒါကိုမေးကြည့်တော့ အမေရိကားရဲ့အဓိက ကုန်သွယ်ဖက်နိုင်ငံက ချိုင်းနားဖြစ်လို့ပါတဲ့။ ဂျီပီတို့နိုင်ငံကိုနယ်စပ်ကနေဝင်တဲ့ တရုတ်ပစ္စည်းတွေနဲ့တော့မတူဘူးပေါ့လေ။ အခုပစ္စည်းတွေက ဥရောပအိတ်စပို့ကွာလတီမှီ ပစ္စည်း တွေပါပဲ၊ အာမခံချက် ဝရမ်တီအပြည့်အဝပါထားလို့ ဘယ်နိုင်ငံကဆားဗစ်စင်တာမှာမဆို အစမ်းသပ်ခံပါတယ်တဲ့။ အမေရိကားမှာရောင်းတဲ့ ပစ္စည်းတွေ တော်တော်များများမှာ အဲ့ဒီမိတ် အင်ချိုင်းနားဆိုတာပါနေလို့၊ ဒီမှာရှိတဲ့မြန်မာတွေက ပြည်တွင်းမှာကျန်ခဲ့တဲ့သူတို့မိတ်ဆွေတွေဆီကို ဒီပစ္စည်းမျိုးတွေလူကြုံပေးပို့တော့မယ်ဆိုရင်၊ မိတ်အင်ချိုင်းနားစာတမ်းကိုဖျက်ဆီးပြီးပေး ပို့ကြပါသတဲ့လေ။ မြန်မာပြည်ကလူတွေက နယ်စပ်ကပစ္စည်းလို့ထင်မှာစိုးလို့ပါတဲ့။ ကောင်းရော။ ဒီကမ်ကော်ဒါလေးနဲ့ ဂျီပီတစ်ယောက်တော့ နွားကျောင်းသားလောက်လေးခွရသလိုဖြစ် နေပါပြီ။ ဟိုရိုက်ဒီရိုက်။ (ပြတိုက်တစ်ခုထဲမှာပြထားတဲ့သေနတ်တွေကိုသွားရိုက်နေလို့ အစောင့် ရဲတွေနဲ့ရှင်းခဲ့ရသေးတယ်)။ ရိုက်ပြီးသားအခွေတွေကို စီဒီကူးပြီးလက်ဆောင်ဝေရတာလည်း



www.burmeseclassic.com

www.burmeseclassic.com



သူ့မှာအမေပါပဲ။ အခု ဂျီပီပုံပြင်မှာပါတဲ့ ဓာတ်ပုံတွေက အဲ့ဒီကမ်ကော်ဒါနဲ့ ရိုက်လာတာပေါ့။ ပုံလေးတွေကလှတယ်မှတ်လား။ ဟဲ၊ဟဲ။ အဲဒါ၊ ဆိုနီမိတ်အင်ချိုင်းနားနော်။ သီးသန့်ဖိတ်ပြီးဂျီပီ လက်ရာဗီဒီယိုတွေကိုများပြလိုက်ရလို့ကတော့ ဒါရိုက်တာဂျီပီဆိုပြီး (မီးတို့ရဲ့)ညည်ခံပွဲတွေမှာ လိုက်ရိုက်နိုင်းနေကြဦးမလားမသိပါဘူး။

## ဝေါလ်မတ် နဲ့ ကော့စ့ကို (Wal-Mart & Costco)

ဝေါလ်မတ်ဒေါ့ကွန်း၊ ကော့စကိုဒေါ့ကွန်း ဆိုတာတွေဟာ နာမည်ကျော်စတိုးဆိုင်ကြီးတွေရဲ့ ရှော့ပင်း ဝက်ဆိုက်တွေပါပဲ။ ကေမတ် (KMart)၊ တားဂက် (Target)၊ ဘက်စ်ဘိုင်း (Best Buy)၊ စတဲ့ဆိုင်ကြီးတွေလဲရှိပါသေးတယ်။ အခု ဝေါလ်မတ်ကို အရင်ပြောပြမယ်။ ဆမ်ဝေါလ်တန်ဆို တဲ့သူဟာ သူပိုင်ဆိုင်တဲ့ငွေ ၉၅ ရာနှုန်းကိုရင်းနှီးပြီး ပထမဦးဆုံးဝေါလ်မတ်စတိုးကို အာကင် ဆောပြည်နယ်မှာ ၁၉၆၂ ခုနှစ်ကစပြီးဖွင့်လှစ်ခဲ့ပါတယ်။ ၁၉၇၀ မှာ အမေရိကန်တဝှမ်း စတိုးဆိုင်ပေါင်း ၂၇၆ ဆိုင် တိုးချဲ့နိုင်ခဲ့ပြီ။ ၁၉၉၀ မှာတော့ ဆိုင်ပေါင်း ၁၄၀၀ ကျော်သွားပါပြီ။ အမေရိကားမှာ အောင်မြင်ကျော်ကြားတဲ့ လက်လီအရောင်းဆိုင်တွေပဲပေါ့။ ဆမ်ရဲ့အဆိုအရဝယ်သူတွေဟာ သူတို့မျှော်လင့်ထားတာထက်ပိုပြီးကျေနပ်လို့သွားကြတယ်ဆိုရင် လက်လီအရောင်းလုပ်ငန်းဟာ လူကြိုက်များလာတတ်တာပါပဲတဲ့။ အခု (မီးတို့ကိုခေါ်လာတဲ့) ချပ်ပယ်ဟေးက ဝေါလ်မတ် ဆိုင်ကြီးရဲ့ရှေ့မျက်နှာစာမှာ၊ ဝယ်သူတွေအတွက် အခမဲ့ကားပါကင်နေရာကို အကျယ်ကြီးထား ပေးတယ်။ ကားတွေကို ဝေါလ်မတ် အဆောက်အဦးအပေါ်ကနေ ဗီဒီယိုကင်မရာမှန်ပြောင်းကြီးတွေနဲ့စောင့်ရှောက်ပေးနေတယ်။ စတိုးဆိုင်ကြီးထဲကနေဝယ်ချမ်းပြီးလို့ ပစ္စည်းတွေထည့်ယူလာတဲ့ ရှော့ပင်းလှည်း (Shopping Cart) တွေကို ကိုယ့်ကားဆီရောက်တဲ့အထိတွန်းယူလာလို့ရတယ်။ ကားထဲကိုပစ္စည်းတွေပြောင်းရွှေ့ထဲ့ပြီးရင် ကားအနားမှာပဲလှည်းသိမ်းတဲ့နေရာတွေကို ထားပေးထားတယ်။ ဆိုင်ထဲဝင်လိုက်တာနဲ့ ခရီးဦးကြိုပြုမယ့်သူနဲ့၊ ဈေးဝယ်လမ်းညွှန်ဌာနနဲ့။ ဆိုင်ထဲက ဝေါလ်မတ်စီဒီလေးတွေကို အလားကားယူလာပြီး အီးမေးအကောင့် နာရီ ၁၅၀၀ စာ၊ ကိုယ့်နံမယ်နဲ့အလကားဖွင့်နိုင်ဖို့ပေးထားပြန်သေးတယ်။ (ရန်ကုန်မှာအင်တာနက်ဖိုးတစ်နာရီ ၅၀၀ နဲ့ပဲ တွက်ရင် ရသိန်းခွဲဖိုးအလကား စ,ပေးထားတာပေါ့)။ ဝယ်ပြီး




ဝေါလ်မတ် စတိုးဆိုင်ကြီး

ပစ္စည်းကိုငွေရှင်းမယ်ဆိုရင် လူမရှိတဲ့ငွေရှင်းကောင်တာတွေကိုဖြတ်ရတယ်။ ကိုယ်ဝယ်ထားတဲ့ပစ္စည်းရဲ့ကုတ်နံပတ်လေးကို စက်မှာတို့လိုက်တာနဲ့ ကျသင့်ငွေပြလာလိမ့်မယ်။ ဘဏ်ကဒ်ထိုးသွင်းပြီးငွေချေလိုက်ပေတော့။ သူ့အလိုလိုဘောက်ချာထွက်လာလိမ့်မယ်လေ။ ပြီးတော့မှ ဆိုင်ပြင်ထွက်လို့ရတယ်။ ဆိုင်တွင်းမှာ အလစ်သုတ်လို့လဲမရတော့ဘူးပေါ့။ ဂျီပီကတော့ ဘာပဲလိုလိုဝေါလ်မတ်ကိုပြေးပြီး လိုတာတွေ



www.burmeseclassic.com

www.burmeseclassic.com



ကိုဝယ်ရပါသတဲ့။ မပြေးခင် ဝေါလ်မတ်ဝက်ဆိုက်မှာ အရင်ကြည့်ပြီး အဲဒီပစ္စည်းဟာ စတိုးဆိုင်ရဲ့ ဘယ်အရောင်းစင်မှာရှိတယ်၊ ငွေဘယ်လောက်ကျမယ်ဆိုတာတွေကို ရှာလို့ရပါတယ်။ ဝေါလ်မတ်လိုပဲ ကြီးကျယ်လှတဲ့ နောက်ထပ်စတိုးဆိုင်ကြီးတစ်ခုကတော့ ကော့စကိုပါပဲ။ (လိုးဝက်စ် Lowe's ဆိုတဲ့ အိမ်ဆောက်ပစ္စည်းဆိုင်ကြီးတွေအကြောင်းတော့မပြောတော့ပါဘူးနော်)။ ကော့စကိုကတော့ လက်လီ မရောင်းပါဘူး။ လက္ကားရောင်းစတိုးဆိုင်ကြီးပေါ့။ မင်ဘာအဖွဲ့ဝင်တွေမှ မင်ဘာကဒ်ပြားနဲ့ဝယ်လို့ရတယ်။ ၂၀၀၅ ခု ဂျူလိုင်လ စရဏမဂ္ဂဇင်းထုတ်တဲ့အချိန်မှာ ကော့စကိုဆိုင်တွေရဲ့ရောင်းရငွေဟာ အဲဒီတစ်လ ထဲမှာပဲ ဒေါ်လာ ၄.၀၂ ဘီလီယန်ရှိ ပါတယ်တဲ့။ စရဏ က တစ်လမှ အုပ်ရေ ၂၀၀၀ ပဲ ထုတ်နေ သေးတာဆိုတော့။ စရဏ မဂ္ဂဇင်း ပေါင်း ၂ ဘီလီယန် ရောင်းအားနဲ့ညီမျှတာပေါ့။ ဒါပေမယ့်မပူပါနဲ့ စရဏရယ်။ ဂျီပီ့ ပုံပြင်ပါလို့ အရောင်းအားတွေတက်လာတာတွေ့နေရပြီမဟုတ်လား။နောင်ကို ဘီလီယန်နာဖြစ်လာမှာ သေချာပါတယ်လို့။ (ဂျီပီ့ပုံပြင်မဆုံးသေးခဲ့ရင်ပေါ့နော်)။ ကော့စကိုနာမယ်နဲ့ အမေရိကားမှာ သာမက ကနေဒါ၊ ယူကေ၊ ကိုရီးယား၊ ထိုင်ဝမ်၊ ဂျပန်၊ မက္ကဆီကိုနိုင်ငံတွေမှာပါ လက္ကားဆိုင်ကြီး တွေရှိပါတယ်။ အမေရိကားမှာကိုပဲ ၄၄၉ ဆိုင်ရှိတယ်။ အမြတ်ငွေတွေကို မင်ဘာဝင်ထားတဲ့သူ တွေကိုအချိုးကျခွဲဝေပေးပါသတဲ့။ ဂျီပီကတော့ မင်ဘာမဝင်ထားလို့ (ဈေး သက်သက်သာသာ လက္ကားဈေးနဲ့ဝယ်ချင်တဲ့အခါကျရင်) မင်ဘာဝင်ထားတဲ့ အယ်လီဇဘက်ရဲ့ ကဒ်ပြားကိုပြပြီးဝယ် ယူရပါသတဲ့လေ။

## ရတနာဆိုင်ထဲက ဒေါက်တာဂျီပီ

ဂျီပီ့ဇနီးသယ်က ဂျီပီ့ကို အမေရိကားရဲ့ လက်ဝတ်ရတနာတွေဆင်ပေးမယ်ဆိုပြီး ချပ်ပယ်ဟေး မှာရှိတဲ့ ဂယ်လားရီးယားရတနာဆိုင်ကြီးထဲကိုခေါ်လာပါပြီ။ ဂျီပီကတော့ တွန့်ဆုတ်တွန့်ဆုတ်နဲ့ပေါ့။ ရတနာဆိုတာဈေးကြီးတယ်မှတ်လား။ သူတို့ရောင်းတဲ့ ရွှေထည်ပစ္စည်းတွေကိုကြည့် လိုက်တော့ ၁၀ ကာရက်ကနေ ၁၈ ကာရက်လောက်ပဲရှိကြတယ်။ သူတို့ကရွှေဆိုရင် ဝါရင်မကြိုက်ကြဘူး။ ဖြူတာ မှကြိုက်ကြတာ။ ဂျီပီဝတ်ထားတဲ့ နဝရတ်လက်စွပ်ကို သူတို့ကကြည့်ပြီးတော့၊ ရတနာကိုးမျိုးဆင်ထား တာ သားသမီးကိုးယောက်ရှိလို့လားတဲ့။ (အဲဒါမှ သေပြီဆရာပဲ)။ (သူတို့တွေက သားသမီးတွေကို အမှတ်တရအဖြစ် မိသားစုရတနာလက်စွပ်နဲ့သတ်မှတ်တတ်ကြ တာကိုး)။ ဒါနဲ့ ပတ္တမြားဘုန်းတောက်၊ မြကျောက်အေးချမ်း၊ စိန်စွမ်းဂုဏ်ရည်၊ကြောင်ကားသိဒ္ဓိ'' အစချီတဲ့ နဝရတ်ရဲ့ဂုဏ်အင်္ဂါတွေကို ဘိုလိုရှင်းပြလိုက်တော့မှ အထင်တွေ Big ကုန်ကြပါလေ ရော။ ခပ်တည်တည်နဲ့ ဆက်ပြီးအဲဒါ ရွိုင်ရယ်ရင်း (Royal Ring ) လို့ခေါ်တယ်မှတ်ထား။ တော်ဝင်နန်းထိုက်တဲ့မင်းဆွေမင်းမျိုးမှဝတ်ရတာကွ။ ငါ့အဘိုးရဲ့အဘိုးက တချိန်တုံးက တို့နိုင်ငံရဲ့ဘုရင်ပဲ။ မင်းမကြားဖူးဘူးမှတ်လား။ (ဘယ်ကြားဖူးမလဲ တကယ်ဟုတ်မှမဟုတ်တာ၊ ဟုတ်လဲ သူတို့သိတာမှတ်လို့)။ အဲဒီဘုရင်ကြီးက နေမဝင်အင်ပါယာကြီး ကိုတောင်အန်တုပြီး ဘုန်းမီးနေလ အုပ်စိုးခဲ့တဲ့ မြန်မာဘုရင်တစ်ပါးပေါ့။ ဒီလိုရှိုးနေတဲ့အချိန်မှာပဲ ဆိုင်ဝန်ထမ်းအမျိုးသမီးနှစ်ယောက်က ဂျီပီ့မိန်းမရဲ့လက်ကိုတရှိုတသေဆွဲလို့ စိန်ထည်ပစ္စည်းတွေ ထားတဲ့အခန်းကိုခေါ်သွား ပါတော့တယ်လေ။ ဂျီပီက နောက်ကနေလိုက်သွားတော့။ လား၊ လား။



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာမြင့်ဦး (ဂျီပီ)

ဂျီပီ့ မိန်းမကိုစိန်ထည်တွေဝတ်ဆင်ပေးနေပြီး ဝယ်ဖို့မြှူဆွယ်နေကြတာကို။ စက်နဲ့သွေးထားတဲ့ ဗွီဗွီအက်စ် အရည်အသွေးမို့ ဘယ်လက်ဂျီယံစိန်ကွက်ကလေးတွေကလည်း လှမှလှ။ မိန်းမတော့ စိန်ခန်းထဲကကို မထွက်ချင်ဖြစ်နေပါပြီ။ ဒါနဲ့ သူ့စိတ်ကြိုက်စိန်ဘယက်တစ်ကုံးကို ဒစ်စကောင့်တောင်း (ဈေးဆစ်) ပြီးဝယ်လိုက်ကြပါတယ်။ ပိုက်ဆံချေတော့ ဘဏ်ကဒ်ထုတ်ပေးလိုက်တာ၊ ဖိုတိုအိုင်ဒီကိုပါထပ် တောင်းနေလို့ထုတ်ပြလိုက်ရသေးတယ်။ (ရတနာတွေကို ငွေသားတို့၊ ချက်လက်မှတ်တို့နဲ့ဝယ်တာကိုလက်မခံပဲ၊ ဘဏ်ကဒ်နဲ့သာလက်ခံလို့ ဘဏ်ကဒ်ပိုင်ရှင်အစစ်ဖြစ်ကြောင်း ဖိုတိုအိုင်ဒီ ဒေါ်ယာဉ်မောင်းလိုင်စင်နဲ့ တိုက်ဆိုင်စစ်ဆေးရပါတယ်)။ အရည်အသွေးစစ်မှန်ကြောင်းအာမခံတဲ့ သက်သေခံလက်မှတ်ကိုပါ တစ်ခါထဲထုတ်ပေးလိုက်လေရဲ့။ လင်တော်မောင်ကိုလက်ဝတ်ရတနာ နာကွေ ဆင်မြန်းပေးချင်လှချည်ရဲ့ဆိုတဲ့ နှမတော်ဂျီပီလေးဟာ (အခုအခါမှာတော့) စိန့်ရတနာ ဘယက်ကုံးကြီးကို၊ (သူ့ကိုယ်တိုင်) ရင်မှာသိကာပြုးလို့ (ဟယ်လားရီးယား) နန်းတော်ဝကနေ လှမ်း–မျှော်–ကြ–ချိ–တော်မူလာပြီ ဆိုတာကို (အိုး ဗျ မောင်မင်းများ) ရှု–စား–ကြ–စေဗျား။ ရှုကြစေဗျား။ ရှုစေဗျား။

အဲ့သလို့ နဲ့ ဒေါက်တာဂျီပီဟာ

**ဒေါ်လာထီး နဲ့ ဝမ်းဒေါ်လာဆိုင် (Dollar Tree & One Dollar Store)**

စတိုးဆိုင်ကြီးတွေအကြောင်းပဲပြောနေပြီး (ဈေးသက်သာတဲ့) စတိုးဆိုင်ငယ်တွေအကြောင်းလည်း ပြောပြချင်ပါသေးတယ်။ ဘာပစ္စည်းဝယ်ဝယ် တစ်ဒေါ်လာပဲပေးရတယ်။ တစ်ဒေါ်လာတန်ဖိုးနဲ့ ပဒေသာပင်သီးထားတဲ့ ဒေါ်လာထီးပေါ့။ ဝမ်းဒေါ်လာစတိုးလို့လဲ လူအများသိကြပါတယ်။ အမေရိကား




တစ်ဒေါ်လာနဲ့ ပဒေသာပင်သီးထားတဲ့ ဒေါ်လာထီး



www.burmeseclassic.com

www.burmeseclassic.com

## အမေရိကားရောက်ဒေါက်တာဂျိုပီ



ဝမ်းဒေါ်လာစတိုးဆိုင်အတွင်းမှာ

အနံ့အပြားမှာရှိတယ်။ ဝေါလ်မတ်တို့လောက်မကြီးပေမယ့် ရန်ကုန်က ဆူပါဝမ်းနီးနီးတော့ရှိပါတယ်။ ခေါက်ဆွဲထုပ်လေးတွေ၊ ငါးသေတ္တာဗူးလေးတွေကအစ၊ သွားပွတ်တံ၊ သွားတိုက်ဆေး၊ ဆပ်ပြာ၊ ရေမွှေး၊ နှုတ်ခမ်းနီ၊ မိတ်ကပ်၊ လက်ပတ်နာရီ၊ တစ်သျှူးပေပါ၊ မျက်မှန်၊ တိုလီမိုလီတွေအကုန်။ တစ်ခုကိုမှ တစ်ဒေါ်လာထဲရယ်ပါ။

ရန်ကုန်မပြန်ခင် ထွေ–ကုအဖွဲ့က ရောင်းရင်းတွေကို လက်ဆောင်ပေးဖို့ ဝမ်းဒေါ်လာစတိုးကို ပြေးဝယ်ခဲ့ရသေးတယ်လေ။ ဆရာ ဒေါက်တာနိုင့်ကိုပေးလိုက်တဲ့လက်ပတ်နာရီလေးဟာ အဲဒီဝမ်းဒေါ်လာစတိုးကဝယ်ပေးလိုက်တာပေါ့။ သူ့ကိုတော့ ဂယ်လားရီးယားရတနာဆိုင်ကြီးက ဝယ်လာတာပါလို့ပြောပြထားတယ်။ သူ့ခမျာ အရင်သူပတ်နေကျ ဆွစ်စ်မိတ် ရိုးလက်စ်နာရီကြီး ကိုချွတ်ထားပြီး ဂျိုပီလက်ဆောင်ပေးတဲ့ (ဂယ်လားရီးယား) လေးကိုမှအမြတ်တနိုးနဲ့ပြောင်းပတ်နေရှာ တာ။ အမေရိကားကလက်ပတ်နာရီ ဆိုပြီး၊ (စကားပြောရင်)လူတကာမြင်အောင် လက်ကို မြှောက်မြှောက်ပြနေလိုက်ရတာလေ။ တွေ့ဖူး ကြတယ်မှတ်လား။ (သူ့ကိုတော့ သွားပြောမပြ လိုက်ကြပါနဲ့အုံးနော်)။

### ဆေးဝယ်ရင် – စီဗွီအက်စ်ဖ်မေစီ (CVS Pharmacy)

အမေရိကားမှာ လူတိုင်းသိတဲ့ဆေးဆိုင်တွေက စီဗီအက်စ်တို့၊ အက်ခတ် (Eckerd )တို့ပေါ့။ ဂျိုပီ ရှော့ပင်းသလားတဲ့အထဲမှာ ဆေးဆိုင်မှာဆေးသွားဝယ်ရတာလဲပါပါတယ်။ သူတို့ရဲ့ဖါမေစီဆေးဆိုင်တွေက ဆရာဝန်ရဲ့လက်မှတ်မပါပဲ ဆေးအတွဲစပ်ရောင်းခွင့်မရှိဘူးလေ။ (အလွတ်ဝယ်နိုင်တဲ့ဗီတာမင်လိုမျိုးဆေးတွေကလွဲလို့) သူတို့နိုင်ငံမှတ်ပုံတင်ဆရာဝန်တွေရဲ့ဆေးလက်မှတ်ပါမှ ဆေးဝယ်လို့ရတယ်။ ရောင်းတဲ့လူတွေကလည်း ဆေးဝါးဆိုင်ရာကျွမ်းကျင်မှုလက်မှတ်ရ၊ ဘွဲ့ရတွေပဲဖြစ်ရတယ်။ ဂျိုပီသွားအရမ်းကိုက်တဲ့အချိန်တုံးက။ ကိုယ့်ဆီမှာဆောင်ယူလာတဲ့(အမောက်စလင်)ဆေးတွေကို၊ သူများကိုစေတနာတွေပိုပြီးပေးထားခဲ့ပြီးဖြစ်လို့၊ ကိုယ်လဲလိုရော၊ မရှိ ဖြစ်နေပါရော ။ ဒါနဲ့ ချပ်ပယ်ဟေးကနေမိုင် ၂၀၀၀ ကျော်ဝေးတဲ့ ဆန်ဖရန်စစ္စကိုကသူငယ်ချင်းဒေးဗစ်ဆီကိုဖုံးလှမ်းဆက်ရတယ်။ သူကမင်းတို့မြို့က စီဗီအက်စ် ဖါမေစီဆေးဆိုင်ကို ငါ ဆေးလက်မှတ် လှမ်းပို့လိုက်မယ်တဲ့။ ဖက်စ် (Fax )နဲ့လှမ်းပို့လိုက်တဲ့ဆေးလက်မှတ် အဲဒီဆေးဆိုင်ကို ရောက်လာမှ ဆေးဝယ်လို့ရပါတော့တယ်။ ဖလော်ရီဒါပြည်နယ်အော်လင်းဒိုးမြို့မှာ အေအေအက်ပီ (အမေရိကန်ဂျိုပီအသင်း) ညီလာခံကိုဂျိုပီတက်နေတုံးကလည်း ဘေးရား (Bayer) ဆေး ကုမ္ပဏီကထုတ်တဲ့ အက်ဆင်းစီးယား (Ascensia ) သွေးချိုတိုင်းကိရိယာလေးကို နီးစပ်ရာ ဖါမေစီတွေမှာ ဆေးလက်မှတ်ပါရင် အလကားရယူနိုင်ပါတယ်လို့ကြေညာသွားတာကို။ ဂျိုပီလဲ ဂလူကိုမီတာအလကားရချင်ဇောနဲ့ ရှေ့

www.burmeseclassic.com






စီဗွီအက်စ် ဖာမေစီ (CVS Pharmacy) ဆေးအရောင်းဆိုင်

တစ်လမ်းကျော်ကအဒါမေစီကိုပြေးတာပေါ့။ ဟိုရောက်တော့ဆေးလက်မှတ်ကမရှိဘူး။ ဒေးဗစ်ဆီဖုန်းဆက်တော့လဲဒေးဗစ်ကခရီးလွန်နေပြီ။ ဆေးဆိုင်ကိုပြောပြတော့ ဘယ်အမေရိကားဆရာဝန်ရဲ့ လက်မှတ်ဖြစ်ဖြစ်ပါရင်အလကားပေးမယ်တဲ့။ ဒါနဲ့ညီလာခံထဲမှာရင်းနှီးခဲ့တဲ့ ဖလော်ရီဒါ ဆရာဝန်ကို လှမ်းဖုန်းဆက်ရပြန်တယ်။ သူကဂျီပီမှာ ဆီးချိုရှိလို့လားတဲ့။ ဂလူကိုမီတာလိုချင်လို့ပါဆိုတော့ အရမ်းအံ့ဩနေပြန်ရော ။ သူတို့ဆီက ဆရာဝန်တွေက ဂလူကိုမီတာဆို လူနာတွေကိုအလကားပေးပစ်တာကိုး။ လူနာကကိုယ့်ဖာသာ တက်စကရစ် (Test script) ဝယ်ပြီးစမ်းရတယ်။ အဲဒီဆရာဝန်က ဆေးဆိုင်ကိုဂျီပီနာမယ်နဲ့(ဖက်စ်ကနေတဆင့်) ငါးမိနစ်အတွင်း ဆေးလက်မှတ်ပို့ပေးလိုက်ပါတယ်။ ဂလူကိုမီတာကတော့အလကားရပါရဲ့၊ တက်စကရစ်နဲ့ လင်းဆက် Lancet (သွေးဖေါက်အပ်) ဖိုးက (အခု ၅၀ စာကို) ဒေါ်လာ ၆၀ ပေးပြီးဝယ်ခဲ့ရပါတယ်လေ။ အော် ဆေးကုမ္ပဏီတွေကဂလူကိုမီတာကိုအလကားပေးပြီး တက်စကရစ်ကိုရောင်းစားကြတာကိုး။ (ဆေးကုမ္ပဏီတွေရဲ့ ပရိုမိုးရှင်းအကြောင်းတွေ ကိုတော့နောက်မှပြောပြရအုံးမယ်)။

## ဖမ်းမားမားကက် နဲ့ ဖလီးမားကက် (Farmer Market & Flea Market )

ကဲ ဒီလောက်ဆို ဂျီပီတစ်ယောက်ဘယ်လောက်ရှော့ပင်းတွေသလားခဲ့သလဲဆိုတာကို မှန်းဆလို့ ရလောက်ပါပြီ။ ဒါတောင်အမေရိကားရဲ့ ရှော့ပင်းတွေအကြောင်းကမကုန်နိုင်သေးဘူး။ စားသောက်ကုန် နဲ့ပါတ်သက်လာရင် ဟဲရစ်စ်တီးတာ (Harris Teeter )တဲ့၊ ဖုလိုင်းရင်း(Food Lion) တဲ့၊ အဲ့ဒါတွေရှိသေးတယ်။ ဒါတွေ အစုံလျှောက်ပြောနေလို့ကတော့ တောသုံးတောင်ကိုရောက်သွားပါလိမ့်မယ်။ ဒီတော့ ၃ ရက်တစ်ပတ် ဈေးလေးတွေဆီကိုသွားလိုက်ကြရအောင်။ ဂျီပီတို့အပါ့မင့်ရှေ့က ဂျူးစ်ဖယ်ရီလမ်းကိုကျော်လိုက်ရင် ဖားမားမားကက်ဆိုတာရှိပါတယ်။ ဗုဒ္ဓဟူးနဲ့စနေနေ့တိုင်းမနက် ၉နာရီကနေ ညနေ ၅နာရီအထိဖွင့်တယ်။ (ရှာနီးချုပ်စပ်)က ကိုယ်တိုင် နိုင်

www.burmeseclassic.com



မျိုးထုတ်လုပ်သူတွေရဲ့အခွန်လွတ်ဈေးပေါ့။ အခွန်ဆိုလို့ ခပ်စောစောကပြောခဲ့တဲ့ စတိုးဆိုင်ကြီးတွေမှာဈေးဝယ်ရင် ဆေးတက်် (Sales Tax )လို့ခေါ်တဲ့ အရောင်းခွန် ၇ ရာခိုင်နှုန်းထပ် ဆောင်းပြီးပေးရပါတယ်။ ရောင်းဈေးက ၁၀၀ လို့ပြထားပေမယ့် ဝယ်သူပေးရမှာက ၁၀၇ ဒေါ်လာဖြစ်ပါတယ်။ စားသောက်ကုန်ပေါ်မှာဆိုရင်တော့ ၂ ရာနှုန်းပဲထပ်ဆောင်းရတယ်။ (အော်ရီဂွန်မှာနေခဲ့တုံးက၊ သူ့ပြည်နယ်ဥပဒေအရ ဆေးတက်ကင်းလွတ်တယ်လေ)။ အခုအခွန်လွတ်ဈေး မှာကျတော့ ဘာဆေးတက်မှပေးစရာမလိုဘူး။ ဝယ်သူရောင်းသူနှစ်ကိုယ်တူကြည်ဖြူရင်ပြီးရော။ ပန်းပင်မျိုးစုံကအစ၊ အိမ်တွင်းလုပ်မုံ့မျိုးစုံ၊ အိမ်တွင်းလက်မှုပစ္စည်းတွေ၊ လတ်လတ်ဆတ်ဆတ်အ သီးအနှံတွေ၊ ခြံထွက်အစုံပလုံတွေကို ဝင်းကြီးထဲမှာအပြိုင်အဆိုင်ရောင်းကြရတာ။ ကိုယ်ပိုင်ကား ကြီးကိုဖင်ထိုးပြီးအရောင်းခင်းကျင်းကြတာမျိုးလဲ တွေ့ခဲ့ရပါတယ်။ ပိုပြီးစိတ်ဝင်စားဖို့ကောင်းတာ က ဖလီးမားကက် (Flea Market) ဆိုတဲ့ တစ်ပတ်တစ်ခါဈေးပါပဲ။ Flea ဆိုလို့ သန်းတွေ၊ အင်း ဆက်ပိုးတွေရောင်းတယ်လို့မအောက်မေ့လိုက်ပါ နဲ့အုံး။ သူက(ပုံကျ)ဈေးသယ်တွေစုပြီးရောင်းတဲ့ လေဟာပြင်ဈေးတစ်မျိုးပေါ့။ ဘဏ်ကဒ်နဲ့ငွေချေလို့မရဘူး။ ရော့ငွေ၊ ရော့ပစ္စည်းပဲ။ ငွေသားနဲ့ ပစ္စည်းနဲ့လဲလှယ်ကြတာပေါ့။ အဟောင်းလဲပါတယ်။ အသစ်လဲဝယ်လို့ရတယ်။ သား၊ ငါး၊ ပုဇွန်တွေရောင်းတာလဲတွေ့ခဲ့ရ တယ်။ တချို့ပြောကြတာကတော့ ကုန်ကားကြီးတွေကကျကျန်ရစ်ခဲ့ တဲ့ပစ္စည်း (Fl.e.a: Fallen off a truck) တွေကိုရောင်းကြတာလို့လဲပြောတယ်။ (Flea ဆိုတာ ပိုးကိုက်ပြီးသားပစ္စည်းတွေကို ရောင်းတာလို့လဲပြောကြပါတယ်)။ ဘာပဲရောင်းရောင်းလေ၊ ဈေးက တော့ချောင်တယ်။ ပိုးကိုက်တာလဲမတွေ့ခဲ့ရပါဘူး။ ပေါ၊ ချောင်၊ ကောင်း။ ပေါ့။ (ဝယ်ပြီးဘယ်သူ့ ကိုများလက်ဆောင်ပေးရအုံးမလဲ မသိပေါင်)။ လူကလည်းစည်ကား လိုက်တာမပြောပါနဲ့တော့။ အော် – သေနတ်တွေ၊ ဒါးတွေလက်နက်မျိုးစုံ ရောင်းနေတာကိုတောင် တွေ့ခဲ့ရပါတယ်။ အဲ့သလိုနဲ့ ဒေါက်တာကျီပီဟာ

## အိမ်ရှေ့မှာဈေးခင်းတဲ့ – ယာ့ဒ်ဆေးနဲ့ ဂရာ့ဂျ်ဆေး (Yard Sale & Garage Sale)

ဂိုဒေါင်ခါဈေးဆိုပြီးရန်ကုန်မှာတစ်ခါတစ်လေတွေ့ရတတ်သလိုပါပဲ၊ အမေရိကားရဲ့ မြို့တိုင်းမှာတော့စနေ၊ တနင်္ဂနွေနေ့တွေလိုမှာ၊ ကိုယ့်အိမ်ကိုယ့်ဝင်းထဲမှာပဲ။ (သူတို့ကဝင်းတွေကိုခြံစည်းရိုး ခပ်လေ့မရှိကြဘူး)၊ ဒါမှမဟုတ်ကားဂိုဒေါင်ထဲမှာ။ အိမ်မှာအသုံးမလိုတော့တဲ့ (ရှုပ်နေတဲ့)ပစ္စည်း ပေါင်းစုံကို ခင်းကျင်းပြီးအိမ်ရှေ့မှာဈေးဆိုင်တည်ရောင်းတတ်ကြပါတယ်။ ဒီဘက်အိမ်ကပစ္စည်းကို ဟိုဘက်အိမ်က ပြန်ဝယ်တာလဲရှိတယ်။ ကိုယ့်ဟာကိုယ်ဈေးသတ်မှတ်၊ လိုတဲ့သူကပြန်ဝယ်။ ပရိဘောဂတွေ၊ တီဗီတွေ၊ ကွန်ပြူတာတွေ၊ အဝတ်အထည်တွေ၊ ကလေးကစားစရာတွေ။ အိမ်သုံးပစ္စည်းဆိုတော့ ပန်းကန်ခွက်ရောက်ကအစအကုန်ပါတာပေါ့။ ရှေးဟောင်းပစ္စည်းတစ်ခုကိုရာ့ဒ်ဆေးကနေဝယ်လာမိလို့ ကြီးပွားသွားတဲ့သူတောင်ရှိတယ်။ အင်္ကျီတစ်ထည်၊ ဂျာကင်တစ်ထည်ကို ငါးမူး (၅၀ ဆင့်) နဲ့ရောင်းနေတာလဲတွေ့ရတယ်။ အလုပ်အားရက်မှာကားမောင်းရင်း လမ်း ဘေးမှာတွေ့တဲ့ရာ့ဒ်ဆေးမှာထိုးရပ်ပြီး ကိုယ်နဲ့အသုံးတဲ့မယ့်ဟာ တွေ့ရင်ဝယ်ကြတော့တာပါပဲ၊ လမ်းထိပ်တွေမှာမှတ်တိုင်လေးတွေထူပြီး ဘယ်အိမ်မှာတော့ ရာ့ဒ်ဆေးလုပ်နေပါတယ်ဆိုပြီးကြော်ငြာထားတတ်တယ်။ ၂၀၀၅ ခုနှစ် ဩဂုတ်လ



www.burmeseclassic.com

www.burmeseclassic.com






အိမ်ရှေ့ဈေးဆိုင်တည်ရတဲ့ ရာ့ဒ်ဆေး (Yard Sale)

၄ရက်ကနေ ၇ ရက်နေ့အထိ အလဘားမားပြည် နယ်၊ ဂဟ်စ်ဒန်းမြို့ကနေ ကင်တပ်ကီပြည်နယ်ကို ဗင်တန်မြို့အထိ မိုင်ပေါင်း ၄၅၀ ရှည်တဲ့ ကမ္ဘာ့အကြီးဆုံးရာ့ဒ်ဆေးကြီးကို ဟိုင်းဝေးအမြန်လမ်းမကြီး အမှတ် ၁၂၇ လမ်းဘေးတစ်လျှောက်မှာပြုလုပ်ဖို့စီစဉ်နေကြပါပြီ။ ဂျပီတောင် ရန်ကုန်မပြန်ခင် မသယ်နိုင်တဲ့ပစ္စည်းတွေကို ရာ့ဒ်ဆေးလုပ်ခဲ့ ရပါသေးတယ်။ အလကားရခဲ့တဲ့ ၂၈ လက်မတီဗီကြီးကို မသယ်နိုင်တော့လို့ ၁၅ ဒေါ်လာနဲ့ ရောင်းစားခဲ့ရတယ်လေ။ စေတနာရှင်တွေဆီက အလှူခံလို့ရတဲ့ ပစ္စည်းတွေကို လူမှုရေးအဖွဲ့အစည်းတွေရံပုံငွေအတွက်ဈေးပေါပေါနဲ့ရောင်းချတဲ့ဂွတ်ဝဲလ် (Goodwill) စတိုးတို့၊ သရစ်ဖ်စတိုး (Thrift Store) တို့ ဆိုတာတွေရှိသေးပေမယ့်တော်ကြာရန်ကုန်မှာ ဂျပီ သုံးဆောင်နေတာတွေ အကုန်လုံးဟာ အဲဒီ ငါးမူးတန်ပေါချောင်ကောင်းတွေဆီက ဝယ်လာတယ်ချည်းပဲ ထင်နေမှာဆိုးလို့။ တော်ပြီနော်။

## ရွှေနိုင်ငံ မြန်မာစတိုးဆိုင်ကြီး (Golden Land Store )

ကဲ အခုမှ အမေရိကားရဲ့ရှောပင်းတွေကိုစိန်ခေါ်နေတဲ့မြန်မာစတိုးဆိုင်(ကြီး) အကြောင်းပြောပြရတော့မယ်။ ချပ်ပယ်ဟေးမြို့လယ်ခေါင်ကအထွက် အီးလီရော့လမ်းထဲချိုးဝင်လိုက်တာနဲ့ ဂယ်လားဒီးယားစိန့်တိုက်ကြီးနဲ့မျက်နှာစာဟစ်တန်းထဲမှာ၊ မြန်မာကိုးလ်ဒင်းလင်းစတိုး ဆိုပြီးရှိပါတယ်။ ဂျပီရောက်စလေးမှာပဲဖွင့်တယ်လို့ဆိုပါတယ်။ ဂျပီရောက်နေတာမသိလိုက်ကြသေးလို့ စတိုးဆိုင်ဖွင့်ပွဲကို ဂျပီ့ကိုမဖိတ်မိလိုက်ရပါဘူးတဲ့။ ကိစ္စမရှိပါဘူး။ ဂျပီကမြန်မာဆိုင်ဆိုမဖိတ်ဖဲလည်း လာမှာပါပဲ။ (နယူးရောက်တို့ ဆန်ဖရန်တို့မှာ မြန်မာဆိုင်တွေရှိကြပေမယ့်ဂျပီမရောက်ခဲ့ရတာကိုတော့ဝန်ခံပါရစေ)။ မြန်မာနိုင်ငံက နိုင်ငံကျော်ရုပ်ရှင်မင်းသားကြီးရဲ့ ခယ်မလေးကဦးစီးပြီးဖွင့် ထားတာပါ။ ပိုင်ရှင်ကမမနီတဲ့။ (မြန်မာမှုကို



www.burmeseclassic.com

www.burmeseclassic.com



သိပ်မရှင်းလင်းတတ်တဲ့)ကိုနီးယားမက သူ့ရဲ့လက်ထောက်။ ဆိုင်ထဲဝင်လိုက်တာနဲ့ (မင်းသားမင်းသမီး) ရုပ်သေးရုပ်လေးတွေက ကြိုဆိုနေတယ်။ ကျောက်စီပန်းချီကား၊ ပန်းပုရုပ်၊ ကျောက်စိမ်းလက်ကောက် (နဝရတ်လက်စွပ်တောင်တွေ့ခဲ့လို့ နဝရတ်စာချိုးလေးကို ဘိုလိုရေးပေးခဲ့ရသေးတယ်)။ စောင်းကောက်၊ ပုလွေ၊ မြန်မာ့ရှမ်းမျှော်ခင်း ပုံအမျိုးမျိုး။ ပုသိမ်ထီး။ ရှမ်းလွယ်အိတ်၊ ကချင်–ကရင်သင်တိုင်း၊ ရွှေချည်ထိုး ကြိုးကြီးချိတ်၊ လွန်း ချိတ်အမျိုးမျိုး။ ယွန်းထည်မျိုးစုံ၊ (ပုဆိုးကတော့ အမေရိကားနေ မြန်မာတွေပဲ အိမ်နေရင်းဝတ် ဖို့ဝယ်ဝတ်ကြတယ်)။ ချိတ်အဆင် တွေကိုဒီမြို့ကဘိုတွေက၊ သူတို့အိမ်ကခန်းစီးတို့၊ လိုက်ကာတို့၊ စားပွဲခင်းတို့လုပ်ဖို့ဝယ်ကြတယ်တဲ့။ ဘိုတွေက ဂိုးလ်ဒင်းလင်းဟာသူတို့အတွက်ဂစ်ရှော့ (Gift Shop) လေးပါပဲတဲ့။ ပါတီတွေခဏခဏ လုပ်တတ်တဲ့ဘိုတွေဟာ အရှေ့တိုင်းလက် ဆောင်လေး တွေဝယ်ပေးချင်တယ်ဆိုရင် ဂိုးလ်ဒင်းလင်းကို လာရ ပါသတဲ့လေ။ မြန်မာ့ပစ္စည်းမျိုးစုံနဲ့ (အမေရိကား ရဲ့စတိုးဆိုင်ကြီးတွေကို) လာယှဉ်ပြိုင်နေ တာသာ ကြည့်ပေတော့။ မမနီက အလုပ်မရှိရှာ သေးတဲ့ ချပ်ပယ်ဟေးက မြန်မာတွေကိုသူ့ဆိုင် တွေမှာ အလုပ်ပေးပြီးကျွေးမွေးထားပါသေးသတဲ့လေ။ သူက နောက်ထပ် ဆူရှီးဆိုင် ၅ ဆိုင်ပိုင်သေးတာကိုး။ မြန်မာအမျိုးသမီးတစ်ယောက်ရဲ့ စီးပွားရေး အောင်မြင်ချက်ပဲပေါ့။ နီနီဆူရှီး ဆိုမြန်မာတွေတော်တော်သိကြပါတယ်။ ဂျီပီလည်း မမနီဆိုင်ရှိမှန်း လဲသိရော၊ ယူအင်စီက ပါမောက္ခတွေ၊ ကျောင်းသားတွေ၊ တခြားဘိုတွေကိုထပ် ထပ်ခေါ်ခေါ်လာပြီး မြန်မာဆိုတက္ကါပါပဲဆိုပြီးကြွားလို့ရသွားပါပြီ၊ ကျောင်းမှာဂျီပီ့ရဲ့ ပရီဇင် တေးရှင်း (Presentation)တွေ ပြီးကိုင်း မမနီရဲ့လိပ်စာကဒ် ကလေးတွေကိုပေပေးနေရပါပြီ၊ ကျောင်းတက်ဖို့မလိုတဲ့ဂျီပီ့မိန်းမကိုတော့ မမနီကဂိုလ်းဒင်းလင်းမှာ အလုပ်ပေးထားလိုက်ပါပြီလေ။ (ဂျီပီကတော်တော့ ဝင်ငွေလေးနဲ့ဖြစ်နေပြီမို့ စိန့်ဘယက်အကြွေးပြန်ဆပ်နိုင်းရချေအုံး တော့မယ်)။



ကဲ။ ဂျီပီနဲ့ အတူရျော်ပင်တွေလိုက်သလားရတာညောင်းနေရောပေါ့။ ရပ်သာဖို့ဒ်ဆေးရုံကြီး အကြောင်းကို နောက်လာကိုပဲရွှေ့လိုက်ကြစို့နော်။ နေဦး။ လာမယ့်လမှာ၊ ကလင်တန်အစိုးရဲ့ ဒုတိယ ဝန်ကြီးတစ်ယောက်၊ (ဂျီပီဟောကြားလိုက်တဲ့) ဗုဒ္ဓရဲ့မင်္ဂလ်ရှစ်ပါးတရားတော်ကို နာကြားလိုက်ရလို့ (အကျွတ်)တရားရသွားတဲ့အကြောင်းနဲ့။ အမေရိကန်သမ္မတရွေးကောက်ပွဲမှာ ဒီမိုကရက်တစ်ပါတီရဲ့ ဒုတိယသမ္မတလောင်းအဖြစ် ဒေါက်တာဂျီပီ့ကို အမည်စာရင်းတင်သွင်းလိုက်ကြတဲ့ (တကယ်ဖြစ်ရပ်မှန်) အကြောင်းတွေကို ဆက်ပြောပြဦးမယ်နော်။ နားထောင်ချင်လွန်းလို့ သိပ်အိပ်ဇိုက်တက် (Excited) ဖြစ်နေပြီမှတ်လား။ နဲနဲတော့စောင့်။

ـ ـ ـ



www.burmeseclassic.com

www.burmeseclassic.com



# အမေရိကားရောက်ဒေါက်တာဂျီပီပုံပြင် – ၁၀

(T h e S t o r y o f D r . G e e P e e i n A m e r i c a)

Narrator: ပုံပြောသူ။
ဒေါက်တာမြင့်ဦး (အလုံ)

(စရဏမဂ္ဂဇင်း။ အတွဲ - ၂။ အမှတ် - ၆။ ဒီဇင်ဘာလ - ၂၀၀၅။ တွင် ဖော်ပြပါရှိပြီး)။

၁၀။ မဂ္ဂင်ရှစ်ပါးတရားတော်။

အမေရိကန်ဒီမိုကရက်တစ်ပါတီအတွက်

ဒုတိယသမ္မတလောင်းအဖြစ် အရွေးခံလိုက်ရတဲ့ ဒေါက်တာဂျီပီ။

အရပ်လက်သည် ဒေါ်ခွေးမ II ရပ်သာဖို့ဆေးရုံကြီးပေါ်မှာ။



www.burmeseclassic.com

www.burmeseclassic.com



ဟမ်းဖရေးပညာသင်တွေကို အမေရိကန်သမ္မတကခန့်အပ်တဲ့ ၁၂ ဦးကော်မိတီက ရွေးချယ်ထားတာဆိုတော့ အမေရိကန်အစိုးရရဲ့ဧည့်သည်တော်တွေအဖြစ်အသိအမှတ်ပြုထားပါတယ်။ (ဒါ့ကြောင့်မို့လားမသိပါဘူး အမေရိကားမှာဘယ်နေရာပဲရောက်ရောက် ကိုယ့်ကိုယ်ကိုဟမ်းဖရေး ပညာသင် (Humphrey Fellow) ဖြစ်ကြောင်းကို လူတွေသိအောင် အမြဲရှင်းပြနေရတယ်)။ သင်တန်းကာလပြီးဆုံးတဲ့အခါ သက်ဆိုင်ရာတက္ကသိုလ်ရဲ့ဘွဲ့လက်မှတ်အပြင် သူတို့နိုင်ငံသမ္မတနဲ့ နိုင်ငံခြားရေးဝန်ကြီးကိုယ်တိုင်က လက်မှတ်ရေးထိုးပေးတဲ့(ဘွဲ့)လက်မှတ်ကိုပါ ပူးတွဲချီးမြှင့်လေ့ရှိပါတယ်။ တက္ကသိုလ်အတတ်ပညာလေ့လာမှုအပြင် ခေါင်းဆောင်မှုအရည်အသွေးမြှင့်တင်ရေး သင်တန်းတွေကိုလည်းတက်ရပါတယ်။ သင်တန်းကာလအတွင်းမှာသူတို့နိုင်ငံဒေသအကျိုးပြုရေး လုပ်ငန်းတွေမှာပါဝင်ဆောင်ရွက်ခွင့်ရှိပါတယ်။ ဟမ်းဖရေးဆယ်မနာတို့၊ ခေါင်းဆောင်မှုအလုပ်ရုံ ဆွေးနွေးပွဲတို့၊ အွန်လိုင်းခေါင်းဆောင်မှုသင်တန်းတို့၊ စတာတွေကိုတက်ရောက်ကြရပါတယ်။ ဟမ်းဖရေးဆယ်မနာမှာ ဘာတွေလုပ်ကြရသလဲဆိုတာကို အရင်ပြောပြမယ်နော်။

## ဟမ်းဖရေးဆယ်မနာနှင့် မဂ္ဂင်ရှစ်ပါး (Humphrey Seminar and the Noble Eightfold Path)

ဟမ်းဖရေးကာလ တစ်နှစ်လုံးမှာ၊ တက္ကသိုလ်အသီးသီးမှာရှိနေတဲ့ ပညာရှာမောင်ပေါက်ကျိုင်းတွေကို ဆိုင်ရာဆိုင်ရာတက္ကသိုလ်တွေမှာရှိတဲ့ ဒီသာပါမောက္ခတွေကတာဝန်ယူပြီး နိုင်ငံတကာခေါင်းဆောင်မှုသင်တန်းတွေကိုပေးကြရပါတယ်။ ဂျီပီရောက်နေတဲ့ မြောက်ကယ်ရိုလိုင်းနားတက္ကသိုလ်ကြီးရဲ့ ဟမ်းဖရေးအစီအစဉ်မှူးကတော့ ပြည်သူ့ရေးရာမူဝါဒဌာန (Department of Public Policy) ရဲ့ဌာနမှူးဖြစ်သူ၊ ပါမောက္ခ ဒေါက်တာမိုင်ကယ်အေ စတက်မန်း (Michael A. Stegman) ပဲဖြစ်ပါတယ်။ သမ္မတကလင်တန်လက်ထက်တုံးက အိုးအိမ်ရေးရာဌာနမှာ လက်ထောက်ဝန်ကြီးအဖြစ်တာဝန်ထမ်းဆောင်ခဲ့သူပေါ့။ သူ့လက်အောက်မှာ ဟမ်းဖရေးသင်တန်းသား ၁၀ ဦးရှိပါတယ်။ မိုက်ကယ်ကိုယ်တိုင်ဦးဆောင်ပြီး တစ်ပတ်တစ်ခါကျင်းပပေးတဲ့ ခေါင်းဆောင်မှုဟမ်းဖရေး ဆယ်မနာမှာ အမေရိကန်ရေးရာနဲ့ နိုင်ငံတကာရေးရာတွေကို ဟမ်းဖရေးသင်တန်းသားတွေရဲ့ အမြင်ဖလှယ်မှုလေးတွေနဲ့ယှဉ်ပြီး ဆွေးနွေးကြရတယ်၊ ဟမ်းဖရေးတွေကို သက်ဆိုင်ရာနိုင်ငံရဲ့လူထု ခေါင်းဆောင်နေရာမှာထားပြီး အမြင်ချင်းဖလှယ်ကြရတာဖြစ်ပါတယ်။ (ဂျီပီက မြန်မာနိုင်ငံကို ကိုယ်စားပြုရတာပေါ့)။ တစ်ပတ်ကိုခေါင်းစဉ်တစ်မျိုးပေးပြီး ကြိုတင်ဖတ်ရမယ့်အကြောင်းအရာ (Reading Assignment) ကိုကြိုတင်ပေးထားတယ်။ ဆွေးနွေးပွဲမှာ ကိုယ့်နိုင်ငံနဲ့လူမျိုးအမြင်ကို ဦးစားပေးတင်ပြရတယ်။ ဆယ်မနာတစ်ခုမှာကလင်တန်ရဲ့လက်ထောက်ဝန်ကြီးဖြစ်ခဲ့ဖူးတဲ့ ပါမောက္ခကြီးကို အံ့အားသင့်သွားစေလောက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့အဖြစ်အပျက်ကလေးတစ်ခုကို ပြောပြရဦးမယ်၊ ဆွေးနွေးပွဲခေါင်းစဉ်က ဘုစထရက်ပါ (Bootstrapper) တဲ့။ သူများ အားမကိုးပဲ ကိုယ့်ဘာသာ ကိုယ်တိုးတက်အောင်ကြိုးစားတဲ့သူတွေအကြောင်းပေါ့။ မိုက်ကယ်ကစပြီးသူတို့ အမေရိကန်တွေရဲ့ (ဘုစထရက်– Bootstrap)ကြိုးစားမှုတွေကိုပြောပြပြီး အရင် ဆွေးနွေးပါတယ်။ နောက်မှ ဟမ်းဖရေး တစ်ယောက်ပြီးတစ်ယောက် သူတို့အမြင်တွေကိုဖလှယ်ရင်း ကိုယ့်နိုင်ငံက (ဘုစထရက်ပါ)တွေအကြောင်းကိုပြောကြရတာပေါ့။ ဂျီပီ့ အလှည့်ရောက်တော့... ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားရဲ့ (ဗုဒ္ဓ)ကျင့်စဉ်တွေကိုအရင်ရှင်းပြပြီး ဂေါတမဗုဒ္ဓရဲ့ (ဘုစထရက်) လမ်းစဉ်တစ်ရပ်ဖြစ်တဲ့ (အစွန်းထွက်တရားတွေကိုရှောင်ရှားပြီး အလယ်အလတ် မဇ္ဈိမပဋိပဒါလမ်းစဉ် ကို ကျင့်ကြံအားထုတ်ရတဲ့) မဂ္ဂင်ရှစ်ပါးဒေသနာကို ဟောကြားပြလိုက်တော့တာပေါ့။ ဆင်းရဲဒုက္ခ အပေါင်းမှငြိမ်းအေးစေတဲ့ အဲဒီလမ်းစဉ်ကို မြတ်ဗုဒ္ဓဟာ ဆရာမကူပဲ မိမိဉာဏ်တော်ဖြင့်ထိုးထွင်း သိမြင်ခဲ့တာဖြစ်တဲ့အကြောင်း၊ လူသားအားလုံးကိုကျင့်ကြံကြဖို့ ဟောပြောလမ်းပြခဲ့တာဖြစ်ကြောင်း ရှင်းပြရပါတယ်။ သမ္မာဒိဋ္ဌိ(Right View)၊ သမ္မာသင်္ကပ္ပ(Right Intention )၊ သမ္မာဝါစာ (Right Speech)၊ သမ္မာကမ္မန္တ (Right Action)၊ သမ္မာအာဇီဝ(Right Livelihood)၊ သမ္မာဝါယာမ (Right Effort )၊ သမ္မာသတိ (Right Mindfulness)၊ သမ္မာသမာဓိ (Right Concentration)၊ စတာတွေ ကိုတစ်ခုပြီးတစ်ခုရှင်းပြရပါတယ်။ ဗုဒ္ဓကိုယ်တိုင် ဆရာမကူ၊ ဉာဏ်တစ်ဆူနဲ့ (ဘုစထရက်ပါအဖြစ်နဲ့) ကျင့်ကြံခဲ့ရတဲ့ သာဓကတွေကို ပြောပြလိုက်တော့ဟမ်းဖရေးတွေ အကုန်လုံး အံ့အားသင့်ကုန်ကြပါလေ ရောတဲ့။ အဲဒီ မဂ္ဂင်ရှစ်ပါးဒေသနာကို သူတို့ရဲ့နုတ်ဘုတ်တွေထဲမှာ လိုက်ကူးယူပြီးမှတ်သားနေကြ ကုန်တော့တာပေါ့လေ။ ပါမောက္ခစတက်မန်းကိုယ်တိုင်လည်း အမေရိကန်ဘုစထရက်ပါတွေထက် သာလွန်မြင့်မြတ်တဲ့တရားတော်ကို မှတ်သားနာယူလိုက်ရလို့ ဗုဒ္ဓကိုအရမ်းကြည်ညိုစိတ်တွေ ဖြစ် ပေါ်လာရပါတော့သတဲ့ကွယ်။ ဒီတော့မှ ဆယ်မနာခန်းထဲမှာနှစ်နဲ့ချီပြီး (မသပ်မရပ်၊ ဒက်ခရေးရှင်း အဖြစ်နဲ့) ချိတ်ဆွဲထားတဲ့ ဗုဒ္ဓရဲ့မျက်နှာတော်ပုံ နံရံကပ်ပန်းအိုးလေးကို ဂျီပီက ကိုယ်တိုင် မ, ယူလို့ ဆယ်မနာခန်းမရဲ့ ထိပ်ဆုံးနေရာ၊ ပါမောက္ခကြီးရဲ့ဦးခေါင်းတဲ့တဲ့ အပေါ်ဆုံးနေရာမှာ၊ (ရှောင်တော်မွှင့် ပေးလိုက်ပြီး) ပြောင်းရွှေ့လို့ချိတ်ထား ပူဇော်သပ္ပါယ်တော်မူလိုက်ရပါသတဲ့။ ကိုင်း။ တွေ့ကြပြီမှတ်လား။ ဗုဒ္ဓရဲ့တန်ခိုးတော်ဟာ ဟမ်းဖရေးနိုင်ငံတကာခေါင်းဆောင်တွေကို လွှမ်းမိုးလို့သွားရခဲ့ရပါပြီကော။ ခေါင်း ဆောင်မှုအရည်အချင်းတွေအကြောင်းပြောကြကြေးဆိုရင်ဖြင့်, မြတ်ဗုဒ္ဓရဲ့ခေါင်းဆောင်မှု ဂုဏ်တော်မြတ်တွေဟာ ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓေါ၊ သစ္စာလေးပါးကို ကိုယ်တိုင်လည်းသိ၊ သူတပါးအားလည်းသိစေသည် ။ သိစရာအားလုံးကို ကိုယ်ပိုင်ဉာဏ်ဖြင့်လည်း ထိုးထွင်းသိသည့် (ဘယ်လိုမှနှိုင်းယှဉ်လို့မရနိုင်သည့်) ခေါင်းဆောင်ဆိုတာကို ဒိဋ္ဌမျက်မြင် တွေ့ကြုံ ကုန်ကြပြီလေ။

## ဒီမိုကရက်တစ်ပါတီ ဒုတိယသမ္မတလောင်း ဒေါက်တာဂျီပီ

ယူအင်စီရဲ့ ဟမ်းဖရေးဆယ်မနာတွေဟာကော်ကော့ကိုစိတ်ဝင်စားစရာကောင်းလှပါတယ်။ တစ် ပတ်တစ်မျိုးမရိုးရပါဘူးတဲ့။ ၂၀၀၄ ခုနှစ်နိုဝင်ဘာလမှာကျင်းပမယ့်အမေရိကန်သမ္မတရွေးကောက်ပွဲ အတွက် ပရိုင်မာရီလို့ခေါ်တဲ့ ပါတီတွင်းရွေးကောက်ပွဲတွေကိုကြိုပြီးကျင်းပကြတဲ့အချိန်။ ၂၀၀၄ ခုနှစ်ရဲ့

www.burmeseclassic.com

## ဒေါက်တာမြင့်ဦး (ဂျီပီ)

နှစ်ဆန်းပိုင်းမှာပေါ့။ ဒီမိုကရက်တစ်ပါတီတွင်းမှာ လက်ရှိသမ္မတဂျော့ဘုရှ်ကို ယှဉ်ပြိုင်ရွေးဖို့ သမ္မတလောင်း အမည်စာရင်းအရင်တင်သွင်းကြရတဲ့အချိန်ဖြစ်ပါတယ်။ အားလုံးအရွေးခံမယ့် သူ ၉ ဦးရှိလာတယ်။ တစ်ဦးချင်းစီက မဲဆွယ်ရေးကော်မီတီတွေဖွဲ့ပြီး ပါတီရန်ပုံငွေ ကိုလည်းရှာရပါတယ်။ မဲဆွယ်မှုလည်း လုပ်ရပါတယ်။ သမ္မတဘုရှ်ကို နိုင်အောင်ယှဉ်နိုင်မယ့် ပုဂ္ဂိုလ်ကို၊ ဒီမိုကရက်တွေက အမည်တင်သွင်းရတော့မယ့်ကာလဖြစ်ပါတယ်။ သမ္မတလောင်းတွေရဲ့ကိုယ်ရေး သတင်းအချက်အလက်တွေကို သက်ဆိုင်ရာဝက်ဆိုက်မှာရှာပြီး ကြိုတင်ဖတ်ထားဖို့ ဟမ်းဖရေးဆယ်ယောက်ကို အစိုင်းမင့်ပေးထားပြီ။ ဆယ်မနာမကျင်းပခင် နှစ်ပတ်ကြိုပြီး ကိုယ်အားသန်တဲ့သူကို ကိုယ့်ဟာကိုယ်သတ်မှတ်ရွေးချယ်ယူထားကြဖို့နဲ့၊ သမ္မတဘုရှ်ကိုလည်းဝေဘန် တိုက်ခိုက်နိုင်ဖို့ လေ့လာခိုင်းထားပါတယ်။ ဟမ်းဖရေးတွေ အကြားမှာ ဒီမိုကရက်တစ်ပါတီသမ္မတလောင်း ရွေးကောက်ပွဲ (အတု) တစ်ခုပြုလုပ်ကြရတော့မှာဖြစ်ပါတယ်။ (ဟမ်းဖရေးတွေထဲက တစ်ဦးကတော့ သမ္မတဘုရှ်လုပ်ရမှာပေါ့လေ)။ ဂျီပီက ကိုယ်အားသန်တဲ့ မြောက်ကယ်ရိုလိုင်းနားရဲ့ ဆီးနိတ်အမတ်ဖြစ်တဲ့ ဂျွန်အက်ဒွပ်နေရာကို ကိုယ်တိုင်လုပ်မယ်ဆိုပြီး ရွေးချယ်လိုက်ပါတယ်။ ဂျီပီကိုယ်တိုင် အက်ဒွပ်အဖြစ်နဲ့ သမ္မတလောင်း အရွေးခံကြည့်ရတော့မှာပါ့။ ဒါနဲ့။ ဆယ်မယ်နာနေ့မှာ။ ဒိုင်လူကြီးတွေကပါမောက္ခစတက်မန်းနဲ့ ယူအင်နီစီက ပီအိပ်ချ်ဒီကျောင်းသား ၄ ယောက်ဖြစ်ပါတယ်။ သမ္မတလောင်းရွေးပွဲ စပါပြီ။ ပါကစ္စတန်–ဟမ်းဖရေးက စပြီး သူကိုယ်တိုင် သမ္မတအလောင်းအလျာ ဟားဝပ်ဒီးန် အဖြစ်နဲ့ သမ္မတဘုရှ်ကိုစတင်တိုက်ခိုက်ပါတော့တယ်။ နောက်တစ်ယောက်က ကြယ်လေးပွင့်ဗိုလ်ချုပ်ကြီးဟောင်း ဝက်စလေကလပ်တဲ့။ သူ့ကိုယ်စား (ဂျော်ဒန်–ဟမ်းဖရေး)က ကိုယ်ရည်သွေးပြီးမဲဆွယ်သွားပြန်ရော။ လာပြီ၊ နောက်တစ်လောင်း။ (သမ္မတလောင်းကို ပြောတာနော်)။ နာမယ်ကကျူးဇက်လီဘားမင့်တဲ့။ (သရုပ်ဆောင်မဲဆွယ်တဲ့သူက အိုမန်–ဟမ်းဖရေး)။ သူက (စာတွေဖတ်မလာလို့နဲ့တူတယ်) စောစောစီးစီး သမ္မတလောင်းအမည်စာရင်းတင်သွင်းထားတာကနေ နုတ်ထွက်သွားပါသတဲ့လေ။ ဒီလိုနဲ့ တစ်လောင်းပြီးတစ်လောင်း မဲဆွယ်သွားလိုက်ကြတာ၊ ဂျွန်အက်ဒွပ်တဖြစ်လဲ (မြန်မာ–ဟမ်းဖရေး) ကိုရွှေဂျီပီ့ အလှည့်ကျရောက်ပါပြီခင်ဗျား။ (ဘာပုံပြင်တွေများ ပြောအုံးမယ်မသိပါဘူး)။ "ကျွန်တော့နာမည် ဂျွန်အက်ဒွပ်ပါ။ ဟဲဟဲ။ (ကြည့်ပါလား၊ သမ္မတလောင်းဆိုပြီး စပ်ဖြဲဖြဲနဲ့)။ သမ္မတဘုရှ်ဟာ အီရတ်နိုင်ငံမှာအစိုးရအပြောင်းအလဲလုပ်ဖို့ဆိုပြီး ကျုပ်တို့ အမေရိကန်နိုင်ငံတော်ကြီးရဲ့ ဘတ်ဂျက်ငွေတွေကိုပုံးပေါလအောသုံးလို့ ဖြုန်းတီးပစ်နေတဲ့သူဖြစ်ပါတယ်၊ အကြမ်းဖက်ဝါဒကို နှိမ်ကွပ်နေပါတယ်လို့လေသံဟစ်ပြီး သူကိုယ်တိုင်ကျတော့ တကယ့်အကြမ်းဖက်သမားကြီးဖြစ်နေတယ်ဆိုတာကို အမေရိကန်လူထုကြီးယနေ့မျက်မြင်ပါပဲ၊ (ဒီလူမိုက်ကြီးကို ကျုပ်တို့နိုင်ငံရဲ့ သမ္မတနေရာမှာ ဆက်လက်ပြီးထားလို့ကတော့ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ပါဘူး)။ တကယ်တန်း အစိုးရအပြောင်းအလဲလုပ်ရမှာက ဟောဒီ အမေရိကန်ပြည်ထောင်စုမှာပဲဖြစ်ပါတယ်ခင်ဗျ။ ဘတ်ဂျက်ငွေတွေ လုံးဝမကုန်ပဲနဲ့ အစိုးရအပြောင်းအလဲဖြစ်သွားဖို့ရယ်၊ ပြီးတော့ ဒီအကြမ်းဖက်သမားလူမိုက်ကြီးကို သုတ်သင်နှိမ်ကွပ်ပြီးသားလည်းဖြစ်သွားအောင်ဖို့ရယ်ဆိုရင်တော့ ကျွန်တော် ဂျွန်အက်ဒွပ်ကို သမ္မတလောင်းအဖြစ်ရွေးချယ်ပေးကြပါလို့တိုက်တွန်းအပ်ပါတယ်ခင်ဗျား။" (ဖျော့ဖျော့ဖြောင်းဖြောင်း)။ (လက်ခုတ်သံက ဖျော့ဖျော့နဲ့ သိပ်မကျယ်လှလို့ သိပ်တော့အားမရလှပါဘူး)။ ဂျီပီ ပြောခဲ့တာတွေကတော့



www.burmeseclassic.com

www.burmeseclassic.com



အများကြီးပေါ့။ ဒိုင်လူကြီးတွေက ဂျွန်ကယ်ရီ (တောင်ကိုရီးယား–ဟမ်းဖရေး) ပြောသွားတာတွေကို ပိုကြိုက်ကြလို့၊ နောက်ဆုံး အဆုံးအဖြတ်ပေးရာမှာ သမ္မတလောင်းအဖြစ် တောင်ကိုရီးယား–ဟမ်းဖရေး (ဂျွန်ကယ်ရီ) ကို ရွေးချယ်လိုက်ပြီး မြန်မာ–ဟမ်းဖရေး ဂျီပီ (ဂျွန်အက်ဒွပ်)ကိုတော့ ဒုတိယသမ္မတလောင်း နေရာ မှာပဲ အမည်စာရင်းတင်သွင်းပေးလိုက်ကြပါတော့သတဲ့ကွယ်။ အဲ့သလိုနဲ့ ဒီမိုကရက်တစ်ပါတီရဲ့ ဒုတိယသမ္မတလောင်း ဖြစ်လာတဲ့ ဒေါက်တာဂျီပီဟာ နိုဝင်ဘာရွေးကောက်ပွဲကြီးမှာ ဘုရှ်ရဲ့ ဒုတိယ သမ္မတလောင်း ဒစ်ချေနီ (Dick Cheney) ကို ယှဉ်ပြိုင်ရဖို့ပြင်ဆင်ရဦးတော့မယ်လေ။ ကဲ ဘုရှ် နဲ့ ချေနီတို့ရှေ့။ (ငါတို့)ဂျွန်ကယ်ရီ နဲ့ ဂျီပီအက်ဒွပ်တို့ရဲ့အဖွဲ့ကို မင်းတို့ ဘယ်လိုများ ရှောင်တိမ်း လို့ပြေးကြဦးမလဲဆိုတာကြိုတင်စဉ်းစားပြင်ဆင်ထားကြပေဦးရော့ ။

အဲ့ သလိုနဲ့ ဒေါက်တာဂျီပီဟာ

## အင်တာနက်ပေါ်မှ ခေါင်းဆောင်မှုဆွေးနွေးပွဲကြီး (Online Leadership Workshop)

ခေါင်းဆောင်မှုသင်တန်းတွေကိုလက်မလည်အောင်တက်ခဲ့ရတဲ့အထဲမှာ။ အမေရိကန်ထိပ်တန်း အစိုးရအရာရှိကြီးတွေနဲ့ စစ်တပ်ကဗိုလ်ချုပ်တွေကို ခေါင်းဆောင်မှုသင်တန်းတွေပေးနေတဲ့ ပါမောက္ခ ဝါရင်ဘလင့် (Dr. Warren Blank) နဲ့ ရော့ခရေမာ (Rob Kramer) တို့ဦးစီးတဲ့သုံးရက်ကြာအလုပ်ရုံ ဆွေးနွေးပွဲတစ်ခုကိုလည်း ယူအင်စီဟမ်းဖရေးတွေတက်ခွင့်ကြုံခဲ့ရပါတယ်။ ဒီထက်ထူးခြားတာကတော့ အင်တာနက်ပေါ်မှာ ကိုယ့်အိမ်ကနေကိုယ်ဆွေးနွေးရတဲ့ ၁၃ ပတ်ကြာ ခေါင်းဆောင်မှု အလုပ်ရုံ ဆွေးနွေးပွဲပါပဲ။ အာဖရိကနိုင်ငံကဟမ်းဖရေးပညာသည်ဟောင်း (Humphrey alumna) ပါမောက္ခ တစ်ဦးကလည်း သူ့ဒေသသူ့နိုင်ငံကနေပံ့ပိုးသူ (Facilitator) အဖြစ်ပါဝင်ဆွေးနွေးသွားခဲ့ပါတယ်။ အမေရိကန်တလွှား တက္ကသိုလ် ၁၄ ခုကဟမ်းဖရေးတွေ အင်တာနက်ပေါ်မှာ အခြေအတင် ဆွေးနွေးကြတဲ့ပွဲပေါ့။ ပထမအပတ်မှာ ကိုယ်လေးစားရတဲ့ ခေါင်းဆောင်တွေ အကြောင်းစရေးပြရတယ်။ မဟာတ္တမဂန္ဒီ၊ နယ်ဆင်မင်ဒဲလား၊ မော်စီတုန်း၊ ဒလိုင်းလားမား၊ မာဂရက် သက်ချာ၊ မာသာထရီဆာစတဲ့ ခေါင်းဆောင်တွေကြားထဲမှာ ဂျီပီ ဦးနိုက်ညွှတ်တွားရတဲ့ ခေါင်းဆောင်ကတော့ အားလုံး သိကြတဲ့အတိုင်းပါပဲ၊ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားပေါ့။ ဒုတိယအပတ် မှာ ခေါင်းဆောင်တွေရဲ့ အရည်အချင်းတွေဆွေးနွေးကြတော့ ဗုဒ္ဓရဲ့ဂုဏ်တော်တွေကို ဂျီပီကပူဇော်ဖော် ညွှန်းခဲ့ပါတယ်။ တစ်ပတ်ကို ခေါင်းစဉ်တစ်မျိုးနဲ့ ဆွေးနွေးကြရတယ်။ (၇) ပတ်မြောက်တော့ Case Study လို့ခေါ်တဲ့ ကိုယ်ကြုံတွေ့ခဲ့ရတဲ့ လက်တွေ့ဖြစ်ရပ်ကလေးတွေကို တင်ပြပြီးဆွေးနွေးကြတဲ့ အပိုင်းကို ရောက်လာပါတယ်။ ကိုယ်ပိုင်အတွေ့အကြုံတွေကိုအခြေခံပြီး ဖြစ်ရပ်တွေအမျိုးမျိုးတင်ပြ လာကြတယ်။ ကြည့်မြင်တိုင်တစ်ဖက်ကမ်းမှာဆေးခန်းဖွင့်တုံးက ဂျီပီကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက် ကလေးကိုအမှန်အတိုင်း တင်ပြလိုက်တာမှာ ဝိုင်းဝန်းလို့အရေးတယူဆွေးနွေးခြင်းခံရပြန်တယ်လေ။ ကိုယ်ဝန်ဆိပ်တက်နေတာကို မသိရှာတဲ့အရပ်လက်သည်ဒေါ်ခွေးမဟာ သူမွေးဖွားဖို့ကြိုးစား (ဖိတွန်း နှိုက်ချွတ်)ရင်း၊ သွေးသွန်ပြီးသတိလစ်နေပြီဖြစ်တဲ့မွေးလူနာကို (သူ့အနေနဲ့ မျက်ပြူးဆန်ပြာဖြစ်တဲ့ အခြေအနေကို ရောက်တော့ကာမှ) ဂျီပီ့ဆီကို (ဆရာဝန်သွား) ပင့်ခိုင်းတဲ့အခန်းက အစချီပြီးထားပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာမြင့်ဦး (ဂျီပီ)

ညကြီးမင်းကြီး။ ဂျီပီတစ်ယောက်။ လူနာကို သမ္မာန်ပေါ်မှာတင်ခေါ်လာခဲ့လို့။ လမ်းဟာလျှောက်၊ လှိုင်းတွေလေတွေကြားထဲမှာ အသက်ကယ်ဆေးတွေထိုးလို့၊ ဒရစ်တွေချိတ်လို့။ (ရန်ကုန်ဘက်ကမ်း) သမ္မာန်ကူးတို့ဆိပ်ရောက်တော့ သုံးဘီးကားကို တဖန်ငှားလို့။ ဂျင်မခါနာ (ဗဟို အမျိုးသမီး ဆေးရုံကြီး)ဆီအရောက်ပို့ပေးပြီး အသက်ကယ်လိုက်ရတဲ့ ဇာတ်လမ်းလေး (နှိပ်ထားပြီးသားဖိုက်ထဲက ကလေးငယ်ခမျာမှာတော့ ကံမကောင်းခဲ့ရှာပါဘူး) ကို (Serving the Underserved ) "လက်လှမ်းမမီသူကို အားကူခြင်း" ဆိုတဲ့ခေါင်းစဉ်လေးနဲ့ စီကာပတ်ကုံးတင်ပြ ပေးလိုက်တာမှာ အားလုံးက မြန်မာ ဂျီပီတစ်ယောက် ရဲ့ကြိုးပမ်းမှုကို ဝိုင်းပြီးအံ့သြကုန်ကြပြန်ပါလေရောတဲ့၊ သူတို့တုန့်ပြန်ရေးသားလိုက်ကြတဲ့ စကားလုံးလေးတွေကိုဖတ်ရှုကြည့်ကြချင်စမ်းပါဘိ။ Electrifying ဓာတ်လိုက်ခံလိုက်ရသလိုပါပဲတဲ့၊ Shocking တုန်လှုပ်ချောက်ချား ရှော့ဖြစ်လို့တောင်သွားရပါသတဲ့။ Amazing အံ့သြကုန်နိုင်ဖွယ်ပါတကားတဲ့။ Out of Breath အသက်ရှူပင်ရပ်သွားရပါသတဲ့၊ အလိုလေးလေး ။ ဒီလောက်တောင်ပင် ဖြစ်ကုန်ကြရပါရောကလားဟရို့။ ဒါနဲ့ပဲ ဂျီပီရေးတဲ့ အဲဒီဖြစ်ရပ်မှန် (ဒေါ်ခွေးမဆောင်းပါး)ကလေး ကိုဟမ်းဖရေး အစီအစဉ်ဌာနကြီးက ကမကထပြုပြီး အင်တာနက်ဝက်ဆိုက်မှာ စံနမူနာအဖြစ် တင်ထားပေးလို့ (ဦးညွှတ် –Salute) ဂုဏ်ပြုခြင်းကိုခံခဲ့ရပြန်သတဲ့လေ၊ အော် မြန်မာဂျီပီတစ်ယောက်ရဲ့ ဘဝအတွေ့အကြုံ အဖြစ်အပျက်ကလေးတစ်ခုဟာဖြင့် ဒီမျှထိပင်ကျော်ကြားသွားရပြီဆိုနေမှတော့။ (ဦးညွှတ်ချင်သလောက် ဦးညွှတ်လိုက်ကြစမ်းပါစေလေ)။

## ရပ်သာဖို့ဆေးရုံနှင့်တွဲဖက်ခြင်း (Professional Affiliation at Rutherford Hospital)

ဟမ်းဖရေးဆယ်မနာတွေ ခေါင်းဆောင်မှုသင်တန်းတွေပြီးတဲ့နောက်၊ ဟမ်းဖရေးအစီအစဉ်ရဲ့ အဓိကကျောရိုးဖြစ်တဲ့ သက်ဆိုင်ရာဘာသာရပ်နယ်ပယ်အလိုက် အဖွဲ့အစည်းတစ်ခုခုမှာ အလုပ်



ခုတင် ၂၀၀ ဆံ့ ရပ်သာဖို့ ခရိုင်ဆေးရုံကြီး



www.burmeseclassic.com

www.burmeseclassic.com




သင်အဖြစ်တာဝန်ထမ်းဆောင်ရခြင်း ဆိုတဲ့အလုပ်ကိုစတင်ရတော့မှာဖြစ်ပါတယ်။ အဲ့ဒီအဖွဲ့အစည်းကိုကိုယ့်ဖါသာကိုယ်ရှာဖွေယူရပါတယ်။ ဂျိုပီကအစပိုင်းမှာတော့ ဒဘလျူအိပ်ချ်အိုနဲ့လုပ်ရင် ကောင်းနိုး၊ ယူနီဆက်နဲ့တွဲရရင်ကောင်းနိုးနဲ့ ဦးနှောက်ခြောက်ခဲ့ရပါသေးတယ်။ ကံကောင်းချင်ပြန်တော့ ပဏာမကျန်းမာရေးလုပ်သားတွေကို သင်တန်းပေးရာမှာ ဝါသနာပါလှတဲ့၊ မြောက်ကယ်ရိုလိုင်းနားပြည်နယ်၊ ရပ်သာဖို့ခရိုင်ဆေးရုံကြီးက ဒေါက်တာ မက်သူးရီးစ် (Matthew Rees, M.D)ဆိုတဲ့ကင်ဆာပါရဂူ ဆရာဝန်ကြီးဟာ၊ အမေဖုံဒေသမှာရယ်၊ နီပေါနိုင်ငံမှာရယ် ကျေးလက် ဆရာဝန်တွေကိုသင်တန်းတွေပေးခဲ့ဘူးလေတော့ အခုလဲ မြန်မာနိုင်ငံကိုစိတ်ဝင်စားနေပါသတဲ့လေ။ ဒါနဲ့သူက၊ အင်တာနက်ထဲက "ဂူးဂဲ" မှာ (မယ်ဒီကယ်ဒေါက်တာ၊ ယူအင်စီ၊ ဘားမား) ဆိုပြီး သတင်းအချက်အလက်သွင်းလို့ရှာဖွေကြည့်လိုက်တာမှာ ကိုရွှေဂျိုပီ့ပုံကို အထင်းသားသွား တွေ့ပါလေရောတဲ့။ ဂျိုပီရဲ့ (ဓာတ်လိုက် ကြီးဒေါ်ခွေးမ) ဆောင်းပါးကိုလည်းသူဖတ်လိုက်ရတာပေါ့။ ဒါနဲ့ယူအင်စီရဲ့ ကိုအော်ဒီနေတာ (ဒေါ်)အယ်လိဇဘက်ဂေါ်ဆာ့ချ်ကနေတစ်ဆင့် ဂျိုပီနဲ့ တွေ့ဆုံခွင့်တောင်းလာပါပြီ။ (ဂျိုပီတစ်ယောက်အဲ့သလိုစန်းက ထနေတာ)။ အဲ့ဒီဆရာဝန်ကြီး နဲ့ ဂျိုပီတို့ ၂ ကြိမ်လဲဆွေးနွေးပြီးရော၊ မြန်မာနိုင်ငံကိုအခုပဲသွားပါရစေဆိုလာလို့ ဝါရှင်တန်မှာရှိတဲ့ မြန်မာသံရုံးကို ဆက်သွယ်ပေးလိုက်ရပါတယ်။ ရန်ကုန်ရောက်ရင် ဂျိုပီအသင်းဥက္ကဋ္ဌနဲ့ ဂျိုပီ့ရောင်းရင်းတွေကို အလွတ်သဘောဆုံတွေ့နိုင်ဖို့ စီစဉ်ပေးရပြန်တယ်။ ဒါနဲ့ပဲသူတို့အဖွဲ့ ရန်ကုန်ကိုသွားရောဆိုပါတော့။ ရန်ကုန်ကပြန်ရောက်လာပြီးတာနဲ့ ဂျိုပီ့ကိုအထူးဧည့်သည်တော်ဆရာဝန် (Visiting Physician) အဖြစ်နဲ့ သူ့ဆေးရုံမှာလာလုပ်ဖို့၊ လေ့လာဖို့၊ နေရာထိုင်ခင်းကအစ တာဝန်ယူတဲ့အကြောင်း ဘိတ်ခေါ်ပါလေတော့တယ်။ ဒီလိုနဲ့ပဲ ဂျိုပီတစ်ယောက်ဟာ၊ ရပ်သာဖို့ ဆေးရုံဝင်းထဲက ဧည့်သည်တော်တွေကိုသီးသန့်ထားတဲ့အဆောင် (ရဲတိုက်ကြီး)မှာ နှစ်လတာ ပြောင်းရွှေ့လို့နေခွင့်ကြုံသွားရပြန်ပါတော့သတဲ့ကွယ်။ အဟမ်း။ အဟမ်း။ (ရင်ကော့၍ချောင်းဟန့်သံ)။

## ဒေါက်တာနောရစ်စ်ရဲ့ရဲတိုက်ကြီး [Dr. Norris Mansion]

ရပ်သာဖို့ဆေးရုံကိုစတင်ထူထောင်ခဲ့သူ ဒေါက်တာနောရစ်စ်ကို ဂုဏ်ပြုပြီး တည်ဆောက်ထားတဲ့(ဆေးရုံဝင်းအတွင်းက) ဧည့်ဂေဟာဖြစ်ပါတယ်။ ၂ထပ်တိုက်ဖြစ်ပြီး ကားဂိုထောင်ရယ်၊ ဘတ်စကက်ဘောကစားကွင်းရယ်။ ဂျိုပီသုံးဖို့ အမေရိကန်ဂျစ်ကားတစ်စီးရယ်ပေးထားတယ်။ (ကိုယ့်ဟာကိုယ်ဆီထည့်မောင်းပေါ့)။ အောက်ထပ်မှာဧည့်ခန်း ၂ ခန်း၊ အစည်းအဝေးခန်း၊ မီးဖိုဆောင်၊ အဝတ်လျှော်စက်၊ အခြောက်ခံစက်တွေရှိပြီး။ အပေါ်ထပ်မှာ အိပ်ခန်း ၆ ခန်းရှိပါတယ်။ ဧည့်သည်ဆိုလို့ဂျိုပီတစ်ယောက်ထဲရှိလို့၊ သူ့ရဲခြောက်မှာတောင်စိုးရတယ်။ (ဂျိုပီမရောက်ခင်က အလုပ်သင်ဆရာဝန်တွေကိုထားတဲ့နေရာလို့သိရပါတယ်)။ အိပ်ခန်းတိုင်းမှာ တီဗွီရယ်၊ ဗီစီဒီရယ်၊ တယ်လီဖုံး၊ ကွန်ပျူတာအင်တာနက်ရယ်၊ ကိုယ်လက်လှုပ်ရှားလုပ်ဖို့ (Treadmill) စက်တွေရယ်၊ ရေချိုးခန်း (ရေစိမ်ဇလား)ရယ်၊ အစစလိုလေသေးမရှိပေါ့။ မီးဖိုထဲမှာပန်းကန်ခွက်ရောက်ကအစ၊ ကော်ဖီဖျော်စက်တွေအပြင် အစည်းအဝေးခန်းမထဲမှာ စာရေးကိရိယာမျိုးစုံ၊ ကော်ပီရာမိတ္တူကူး စက်တွေပါရှိလေရဲ့။ အမေရိကန်

www.burmeseclassic.com

ဒေါက်တာမြင့်ဦး (ဂျီပီ)



ဆေးရုံဝန်းအတွင်းမှ ရွေ့လျားသယ်ယူသွားနိုင်သော အမ်အာရ်အိုင်စက်ကြီး

ရုပ်ရှင်ကားတွေထဲက အော်တိုမိတ်တက်အော့ဖစ် ( Automated Office) တွေကျနေတာပဲ။ ရေခဲသေတ္တာထဲမှာလည်း ယမကာမျိုးစုံနဲ့။ ငြိမ့်နေလိုက်လို့ကတော့။ (ဇရက်မင်းစည်းစိမ်လို့ခေါ်လေမလား)။ ရောက်ရောက်ချင်းညနေမှာ။ နောက်တစ်နေ့ မနက် ၇ နာရီဝပ်ဒ်ရောင်း (Ward Round)လိုက်ရမယ်ဆိုလာလို့ ငြိမ့်မယ့်ကိစ္စခဏထားပြီး နာရီနှိုးစက်ကို ၆နာရီ မှာနှိုးဖို့ချိန်ထားလိုက်ရတယ်။ နှိုးစက်အသံကို ခေါင်းလောင်းသံ၊ သီချင်းသံ၊ ငှက်က လေးအော်သံ၊ မိန်းမပျိုလေးအသံ။ အမျိုးစုံရွေးလို့ရအောင်လုပ်ထားတယ်။ ဒါနဲ့နှိုးစက်ကလေးက "ကိုကိုရေ ထတော့နော်" လို့ကနွဲ့ကယနှိုးလိုက်တာနဲ့ ကမန်းကတန်းထ။ ရေပူဖွင့်၊ ကြွေဇလားထဲမှာ ခဏရေစိမ်။ ဆေးရုံအစည်းအဝေးခန်းမဆီကို သုတ်ခြေတင်ရပါပြီ။ ရဲတိုက်ကြီးကနေ ဆေးရုံပင်မဆောင်ကိုအကူးမှာ အရေးပေါ်ဌာနရှေ့ကိုဖြတ်ရတယ်။ အဲဒီဌာနရဲ့ရှေ့ ခပ်လှမ်းလှမ်းမှာ အရေးပေါ်လူနာတင်ဟယ်လီကော်ပတာယာဉ် ဆင်းသက်ဖို့ကွင်းကျယ်လေးတစ်ခု ထားပေးတယ်။ ဟယ်လီကော်ပတာပေါ်ကနေ အသက်ကယ်သူနာပြုတစ်ယောက်က လူနာတယောက်ကိုပြုစုရင်းနဲ့ အရေးပေါ်ဌာနထဲကိုရွှေ့ခေါ်ဖို့ပြင်ဆင်နေတာတွေ့ရတယ်။ စောင့်ကြည့်မနေအားတော့ပဲ။ ဆေးရုံခန်းမတံခါးတွေကိုသူတို့ပေးထားတဲ့ လုံခြုံရေးနံပါတ် (Code number)ခလုတ်နှိပ်ပြီးဖွင့်ယူရပါတယ်။

## ဆေးရုံညွှန့်ကြိုဆောင်


ကုတင် ၂၀၀ ဆန့်ဆေးရုံဆိုပေမယ့် ရန်ကုန်က (ဂျပန်)ဂျိုကာဆေးရုံကြီးထက်ပိုကြီးတယ်။ ပိုကျယ်တယ်။ အမေရိကားမှာရှိတဲ့ သုခစံအိမ်အဖွဲ့ကြီး ( Wellness Council of America) ကချီးမြှင့်တဲ့ ရွှေသုခလုပ်ငန်းခွင်ဆု (Gold Well Workplace) ကို ၂၀၀၂ ခုနှစ်က ရရှိထားတဲ့ ဆေးရုံကြီး ဖြစ်ပါတယ်။ သံလိုက်ဓာတ်အားသုံးတဲ့ကိုယ်ခန္ဓာပုံရိပ်ဖော်စက်–(အမ်အာအိုင်–MRI ) ကြီးကို



www.burmeseclassic.com

www.burmeseclassic.com





ရောဂါဗေဒဆရာဝန်မှ ခွဲစိတ်ပြီးစ အသားစကို စစ်ဆေးနေစဉ်

(ဆေးရုံဝင်းအတွင်းမှာပဲ တနေရာကနေတနေရာကိုရွေ့ယူသွားလို့ရအောင်) ဘီးတပ်ယာဉ် အကြီးကြီးထဲမှာဆင်ပေးထားတယ်။ လူနာတွေကို ဟိုက်ဒြောလစ်ဝန်ချီစက်ကလေးကနေတဆင့် အဲဒီယာဉ်ထဲကိုသွင်းပြီး (ဓါတ်မှန်ရိုက်တာတွေ)လုပ်ပေးနေတာကို တွေ့ခဲ့ရပါတယ်။ ဆေးရုံအဝင်ဝမှာ ဧည့်ကြို (Receptionist) လုပ်သူတွေက သက်ကြီးအိုတွေဖြစ်နေတာကို ထူးထူးဆန်းဆန်းတွေ့ရလို့ မေးကြည့်လိုက်တော့၊ သက်ကြီးလူမှုရေးအသင်းတစ်ခုက သူတို့အလှည့်ကျလို့ လုပ်အားပေးဆောင်ရွက်ပေးနေတာဖြစ်ပါသတဲ့။ အသက်ကြီးတဲ့ အဖိုးကြီးအဖွါးကြီးတွေက သူတို့တတ်နိုင်တဲ့နေရာကနေ လူမှုအကျိုးပြုလုပ်ငန်းတွေကို ဝင်လုပ်ပေးနေကြတယ်ဆိုတော့ချီးကျူးစရာပဲပေါ့။ ဂျီပီတို့ဆီမှာ ပင်စင်ယူသွားတဲ့လူကြီးတွေ။ ဘုရားလူကြီးတို့၊ ဆွမ်းကြီးလောင်းအဖွဲ့တို့၊ ဝတ်ရွတ်အသင်းလူကြီးတို့။ အဲ့သလိုမျိုး (ကုသိုလ်ရေး)တွေဝင်လုပ်ကြတယ်ထင်ပါရဲ့။ ဧည့်ခန်းမဆောင်ကြီးရဲ့ထောင့်အစွန်းမှာ ကလေးတွေဆော့ဖို့၊ တက်စီးဖို့ အရုပ်မျိုးစုံ၊ လျှော၊ ဒန်း၊ စီးဆောတွေကအစထားပေးထားလေရဲ့။ ဧည့်ခန်းဘေးမှာ၊ လူနာသတင်းလာမေးတဲ့သူတွေဆေးရုံ (အလည်လာရင်း) လူနာတွေအတွက်လက်ဆောင်ဝယ်ပေးချင်တယ်ဆိုရင် အလွယ်တကူဝယ်ယူလို့ရနိုင်တဲ့ ဓာတ်စာအရောင်းခန်း၊ လက်ဆောင်အရောင်းခန်းလည်းရှိပါတယ်။ ပန်းမျိုးစုံ၊ အရုပ်မျိုးစုံ၊ စာအုပ်၊ ပို့စကဒ်၊ အသီးအနှံမျိုးစုံ အကုန်ဝယ်လို့ရတယ်။ ဘယ်နေ့ဘယ်ရက်ဘယ်အချိန်မှာ ဒီလက်ဆောင်ပစ္စည်းလေးကို (ပေးပို့သူရဲ့နာမည်လေးချိတ်လို့) ဘယ်လူနာခန်းထဲကို၊ (ဒါမှမဟုတ် ဘယ်ဆရာဝန်ဆီကို) ပို့ပေးပါလို့ဆိုပြီး အော်ဒါမှာထားခဲ့လို့လည်းရပါတယ်။ (ကိုယ့်ဟာ ကိုယ်ဝယ်ပြီး ဒေါက်တာဂျီပီ့ဆီပို့ပေးပါလို့မှာခဲ့ရင်တောင်ကောင်းမလားမသိပါဘူး။) အပေါ်ဆုံးထပ်ကိုတက်တော့ ဆေးရုံဝန်ထမ်းတွေပဲသုံးလို့ရတဲ့ ဓာတ်လှေခါးမှာ သူတို့ပေးထားတဲ့ ကုတ်နံပါတ်ကိုသုံးပြီးတက်ရပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာမြင့်ဦး (ဂျီပီ)

## ဝဒ်ရောင်းမစမီ နီးနှောခြင်း (Pre Round Meeting)

ဆရာဝန်တွေဝဒ်ရောင်းမလှည့်ခင် အစည်းအဝေးခန်းမမှာအရင်စုံစည်းကြရပြီး လူနာတွေအကြောင်းကိုအရင်ဆွေးနွေးတိုင်ပင်လေ့ရှိကြပါတယ်။ ကိုယ်ကုသနေတဲ့လူနာရဲ့ပြဿနာကို အများရဲ့ထင်မြင်ချက်တောင်းခံပြီးပူးပေါင်းဆုံးဖြတ်တဲ့သဘောပါပဲ။ (ဂျီပီတို့ဆီမှာ ညတာဝန်ကျတဲ့ ဟောက်ဆာဂျင်က မနက်ကျရင် ဆရာကြီးဆီကို ဝဒ်ရောင်းမလှည့်ခင် အစီရင်ခံသလိုမျိုးပေါ့)။ သူတို့ဆီမှာကျတော့ ဆရာဝန်တွေအကုန်လုံး (ပါရဂူတွေအပါအဝင်)က နေ့စဉ်ဝဒ်ရောင်း မလှည့်ခင်တိုင်း အချင်းချင်းတိုင်ပင်ကြရပါတယ်။ အသည်းအသန်ခန်း(အိုင်စီယူ)ထဲ ကလူနာတွေ အကြောင်းက စတယ်။ ပြီးမှ နှလုံး၊ အဆုတ်၊ အစာအိမ်၊ အသည်း၊ ဆိုင်ရာဆိုင်ရာ ပါရဂူတွေတင် ပြလာတဲ့ လူနာတွေအကြောင်းကို ဆွေးနွေးကြတယ်။ အဲဒီအစည်းအဝေးလေးမှာ ကိုယ့်လူနာကိုလာကြည့်ပေးဖို့ သက်ဆိုင်သူပါရဂူ တစ်ယောက်ကိုအဆိုပြုလိုက်ရင် (အဲဒီပါရဂူက သူ့လူနာတွေ မကြည့်ခင်) အဆိုပြုတဲ့လူနာကို အရင်လိုက်ကြည့်ပေးရပါတယ်။ ပါရဂူတွေကြားထဲမှာ (ပါမွှားလေး)ဒေါက်တာဂျီပီ့ကို ဒေါက်တာမက်သူးရီးစ်က အားလုံးနဲ့မိတ်ဆက်ပေးနေပါပြီ။ "မြန်မာနိုင်ငံ ကဒေါက်တာဂျီပီဟာ ဟမ်းဖရေးပညာသင်တစ်ယောက်အနေနှင့်အမေရိကားကိုရောက်ရှိနေတုံး၊ သူ့နိုင်ငံပြန်ရင်အတွေ့အကြုံတွေ ပြန်လည်ဝေငှပေးလို့ရအောင်လို့ ကျွန်တော်တို့ရဲ့ဆေးရုံမှာ ဧည့်ဆရာဝန်အဖြစ်နဲ့ နှစ်လကြာလာရောက် လေ့လာမှာဖြစ်ပါတယ်။ သူ့ကို ဒီဆေးရုံရဲ့ဌာန တိုင်းမှာဝင်ထွက်လေ့လာခွင့်ပေးထားပြီး သူမေးသမျှ၊ သူလုပ်ဆောင်ချင်သမျှကို ကျွန်တော်တို့ဆီ က ဆရာဝန်တယောက်နဲ့တွဲပြီးလုပ်ဆောင်စေမှာဖြစ်ပါတယ်။ သူ့ဆန္ဒတွေပြည့်ဝသွားရအောင်လို့ ဝိုင်းဝန်းကူညီပေးကြစေလိုပါတယ်။ ကျွန်တော်တို့ဆေးရုံအနေနှင့်လည်း နောင်ကိုမြန်မာနိုင်ငံ ဂျီပီအသင်းကြီးနဲ့ပူးပေါင်းဆောင်ရွက်နိုင်တဲ့ အခွင့်အလမ်းတွေရရှိနိုင်လာလိမ့်မယ်လို့ မျှော် လင့်ထားပါတယ်ခင်ဗျာ။" ဂျီပီကတော့ ဒေါက်တာမက်သူးရီးစ်ရဲ့နောက်ကနေ ရှဲဒိုး စ,လိုက်ပါပြီလေ။ ရန်ကုန်မှာကိုယ်ပိုင်ဆေးခန်းဖွင့်နေတဲ့ ဂျီပီဆရာဝန်လေးတယောက်က အမေရိကားဆေးရုံကြီးရဲ့ပါရဂူတွေကြားထဲမှာဆိုတော့ ဘယ်လိုလုပ်ထယ်ဝါဝံ့ကြွားရဲတော့မှာလည်း။ အမြဲတန်း ကော့ကော့ကော့ကော့နဲ့ လေရှည်နေတဲ့အကောင်။ အခုတော့။ ငြိမ်ကျသွားလိုက်တာ။ (ယုန် သူငယ်လေးတကောင်လို၊ ကြွက်ကလေးအမြီးကုပ်နေသလိုမျိုးပေါ့)။ ပါမွှားလေး။ ပါမွှားလေး။ မှန်းဆလို့ကြည့်လိုက်ကြစမ်းပါနော်။ အဲ့သလိုနဲ့ ဒေါက်တာဂျီပီဟာ

## ကျောက်ကပ်ဆေးဆေးတဲ့ သူနာပြုဆရာမ (Renal Dialysis Nurse)


ရန်ကုန်မှာ ကိုယ်ပိုင်ဆေးခန်းကိုတောက်လျှောက်ထိုင်ခဲ့တဲ့ဂျီပီ (ပဂေးကြီး)တစ်ယောက်၊ ဆေးရုံတွေနဲ့ပြတ်နေတာလည်း နှစ် ၂၀ ကျော်ကြာခဲ့ပြီဆိုတော့။ အမေရိကန်ဆေးရုံကြီးရဲ့ ပါရဂူတွေကြားထဲမှာ (ပါမွှားလေးအဖြစ်နဲ့)ကော်တော့်ကို ဂွင်မကျဖြစ်နေပုံရပါတယ်။ သူတို့ဆေးရုံတွေကလဲ တကယ့်ကို စတိတ်အော့သည်အတ်တ် (State-of-the-art) အကောင်းတကာ့အကောင်းဆုံးတွေချည်းဆိုပြန်တော့။ ဘာပဲပြောပြောလေ။ ရန်ကုန်မှာ ဂျီပီတစ်ယောက်အနေနဲ့ ဘယ်လိုမှမရနိုင်တဲ့ အခွင့်အရေးမျိုးတွေကိုရမှာဆိုတော့ကာ့ဘယ်လက်လွှတ်လို့ဖြစ်မှာတုံးတဲ့။ အဲ့ဒီတော့ ကိုဂျီပီရယ် ဌာနပေါင်းစုံအကုန်



www.burmeseclassic.com

www.burmeseclassic.com





ကျောက်ကပ်ကျွမ်းကျင်သူ သူနာပြုဆရာမနှင့် ကျောက်ကပ်ဆေးကြောစက်ကြီး

လေ့လာပစ်ပလိုက်ပါလားလို့။ (ဟိုအိမ်သာတောင်မ ကျန်ရအောင်လေ)။ ပထမဆုံးတာဝန်ချတာက ကျောက်ကပ်ဌာန။ ကျောက်ကပ်ကမစစ်ထုတ်နိုင်တော့လို့သွေးထဲမှာ ကျန်ရှိနေတဲ့အဆိပ်အတောက်တွေကို စက်အကူအညီနဲ့စစ်ထုတ်ပေးတာ (Renal Dialysis) ကိုအရင်လေ့လာရပါတယ်၊ (ကျောက်ကပ်ဆရာဝန်ကြီးရဲ့ညွှန်ကြားချက်နဲ့) သူနာပြုဆရာမလေးကလူနာကို တာဝန်ယူ ဆေးကြောစစ်ထုတ်ပေးရတာပါ။ ဆရာမလေးက သူကိုယ်တိုင်စက်ပစ္စည်းတွေကိုင်တွယ်။ ဆေးဝါးတွေသွင်း။ တစ်ယောက်ထဲနဲ့ ကျွမ်းကျွမ်းကျင်ကျင် အကုန်လုပ်ဆောင်ပြသွားတယ်။ လူနာနဲ့လည်း ရင်းရင်းနှီးနှီးပျော်ပျော်ရွှင်ရွှင်နဲ့။ သူကနောက်တစ်ခေါက်ကျရင် ကျိုပီကိုယ်တိုင်လုပ်နိုင်အောင်လို့တဲ့၊ ကျောက်ကပ်ဆရာဝန်ကြီးကိုပြောပြကြည့်ပေးမယ်လေတဲ့။ မလုပ်လိုက်ပါနဲ့ နာ့စ်ရယ်။ ရန်ကုန်ပြန်ရောက်ရင် ကျိုပီ့ဆေးခန်းမှာ ''အမေရိကန်နည်းနှင့်ကျောက်ကပ်ဆေးပေးသည်'' လို့စာတန်းချိတ်လို့ရနိုင်တာမှမဟုတ်တာ။ နော။

ကဲ့ နောက်တလကျရင် ရပ်သာဖို့ဆေးရုံကြီးရဲ့ တခြားဌာနတွေအကြောင်းနဲ့ သူတို့ဆီက မိသားစုဆရာဝန် (ကျိုပီ)တွေက၊ ဆေးရုံနဲ့ဘယ်လိုပူးပေါင်းဆောင်ရွက်ကြတယ်ဆိုတာရယ်။ ခရိုင်ကျန်းမာရေးဌာနကြီးမှာ ကျိုပီတယောက် ဆရာကြီးတဆူဖြစ်သွားရတဲ့(ပါမွှားလေးကနေ ပဂေးကြီးပြန်ဖြစ်လာရတဲ့) အကြောင်းတွေကို (ကြွားဝါမှုမပါပဲ) အရင်းအတိုင်းဖေါက်သယ်ချပေးပါ့မယ်။ နားစွင့်ထားကြပေဦးတော့ ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



# အမေရိကားရောက်ဒေါက်တာဂျီပီပုံပြင် – ၁၁

(The Story of Dr. GeePee in America)

Narrator: ပုံပြောသူ။
ဒေါက်တာမြင့်ဦး (အလုံ)

(စရဏမဂ္ဂဇင်း။ အတွဲ - ၂။ အမှတ် - ၇။ ဇန်နဝါရီလ - ၂၀၀၆။ တွင် ဖော်ပြပါရှိပြီး)။

၁၁။ အရေးပေါ်ခန်းထဲကလူနာ။

ကိုယ်ပိုင်ဆေးခန်းထဲက ဒေါက်တာဂျီပီ II ဆရာဝန်ပင့်လို့။

တိုက်ပွဲဆရာဝန်ကြီးဒေါက်တာဂျီပီ

မီဒီယိုကွန်ဖရင့်။



www.burmeseclassic.com

www.burmeseclassic.com

# ဒေါက်တာမြင့်ဦး (ဂျီပီ)

ရပ်သာဖို့ဆေးရုံ (Rutherford Hospital) ကြီးဟာ မြောက်ကယ်ရိုလိုင်းနားပြည်နယ် ရပ်သာဖို့ခရိုင်ရဲ့ကုတင် (၂၀၀) ဆန့်ဆေးရုံကြီးဖြစ်ပါတယ်။ အဲ့ဒီခရိုင်တွင်းမှာရှိတဲ့ မြို့သုံးမြို့ကလူနာတွေသာမက အနီးအနားမှာရှိတဲ့ ကိုလံဘီယာ၊ အက်ရှ်ဗီးလ် ၊ ရှားလော့ စတဲ့မြို့မှာနေတဲ့သူတွေကတောင် အားထားပြီး လာရောက်ကုသမှုခံယူကြတာကိုတွေ့ရပါတယ်။ မြောက်ကယ်ရိုလိုင်းနားရဲ့ ခရိုင်အဆင့်ဆေးရုံတွေထဲမှာ နာမယ်အကြီးဆုံးစာရင်းမှာပါတာပေါ့။ အရင်လတုံးကပြောပြသွားသလို အမေရိကားရဲ့ ရွှေသုခစံအိမ်ဆုကြီး (Gold Well Workplace Award ) ကိုတောင် ဆွတ်ခူးရရှိထားတဲ့ဆေးရုံကြီးတစ်ရုံပါပဲ။ အဲဒီဆေးရုံကြီးမှာ ဒေါက်တာဂျီပီတစ်ယောက်လေ့လာရင်းနဲ့ အလုပ်လုပ်ရမယ် ဆို တော့ ကာ့ ။ အင်း ။

ဒေါက်တာဂျီပီဟာ အမေရိကားတခွင်လှည့်လည်သွားလာနေတုံးက အသစ်အဆန်းပေါင်းစုံနဲ့ကြုံတွေ့ခဲ့ရဖူးပါတယ်။ ဒါပေမယ့် တစ်ခါဖူးမျှ အနေကျုံ့ခဲ့ရတဲ့အဖြစ်မျိုးတွေမရှိခဲ့ရဖူးပါဘူးတဲ့။ ဟော့အခုမှ။ ဒီဆေးရုံမှာတာဝန်ချထားခံရပြီဆိုကာကျမှ။ တကယ့်ကို အနေကျုံ့ပြီး သေးငယ်သွားရသလိုမျိုး၊ သူ့ခမျာခံစားနေရပါတယ်တဲ့လေ ။ အကြောင်းကတော့.. ဒီလို။ ။ သူ့မှာက ဆေးရုံအတွေ့အကြုံဆိုလို့ တစ်ပြားသားမျှရှိခဲ့ဖူးတာမှ မဟုတ်တာကလား။ ကြည့်လေ။ ဆေးကျောင်းကအောင်ပြီးပြီဆိုကတည်းက၊ ဟောက်ဆာကျင်တောင်မှမပြီးသေးခင်။ သူ့ကိုယ်သူ ''ရမ်း ကု–ဒေါက်တာ'' လုပ်မယ်ဆိုပြီး (တစ်ခြားဂျီပီတွေကိုမယှဉ်ရဲလို့ထင်ပါရဲ) ကြည့်မြင်တိုင်တစ်ဖက် ကမ်းက ကျောင်းဝိုင်းတို့၊ အလပ်ချောင်းတို့၊ ဆိပ်ကြီးတို့ (ပြီးတော့ ခလေးပိန်ချုံးသူငယ်နာလို့ စာချိုးလို့ရတဲ့ မငေး၊ ထိန်ကုန်း၊ အလယ်ရွာဆိုတဲ့ ရွာတွေတဝိုက်မှာ)ကိုယ်ပိုင်ဆေးခန်းလေးဖွင့်ပြီး။ အဲ့ဒီမှာကြီးဆိုးနေတဲ့ရမ်းကုတွေကိုစစ်ခင်းလို့၊ အောင်စစ်သူဂျီပီ အဖြစ်နဲ့ မင်းမူနေလာခဲ့ရတာကိုး။ (စစ်ရှုံးသူ ရမ်းကုတွေက ဆက်သလာတဲ့ ဘီအီးတို့၊ အိုဘီတို့၊ မီးတောက်ယမကာတို့။ ကြွက်ကောင်လုံးကျော်တို့၊ လယ်ပုဇွန်သုတ်တို့နဲ့ ယစ်မူးနေခဲ့တဲ့ဂျီပီပဂေးကြီးတစ်ယောက်လို့ဆို ပါတော့)။ အဲ့ဒီရွာ အဲဒီဒေသမှာ ၁၆ နှစ်ကျော်ကြာ တစ်ကိုယ်တော်ဂျီပီကင်း (GP King )ဆို ပြီး မင်းတစ်ဆူဖြစ်သွားခဲ့ရပါတယ်။ ဒီလိုဆိုပြန်တော့။ ဆေးရုံဆိုတာတွေနဲ့ပိုလို့တောင် ဝေ လာဝေးလို့သွားရပါသတဲ့လေ။ ဒါ့ကြောင့် အဲ့ ဒီဂျီပီကင်းဟာ ဆေးရုံကုထုံးတွေ၊ လုပ်နည်းလုပ် ဟန်တွေကို သူ ဘယ်မှာလိုက်လို့မှီပါတော့မလဲ။ ဒါပေမယ့် ဂျီပီဒစ်ပလိုမေစီ (GP Diplomacy) ပညာမှာတော့ သူ့ကိုသွားမစမ်းလိုက်လေနဲ့။ ရေမန်းတိုက်တာတို့။ မက်ကာလောင် ဖေါက်တာတို့။ ရွာသားတွေနဲ့ နတ်ကနားပွဲဆက်တာတို့ သူအကုန်စွမ်းတယ်သိလား။ (တကယ့်ကို၊ ကိုကြီးကျော် ပါပဲ)။ (တခါတလေကျတော့လည်းသူ့လူနာတွေက သူ့ကို မင်းသားကြီးကျော်ဟိန်းနဲ့ တင်စားပြီး ကိုကျော် လို့လဲ ချစ်စနိုးခေါ်ဝေါ်တတ်ကြပါတယ်။ ဘယ်လောက်အထိတောင်

www.burmeseclassic.com



ကိုကျော်နဲ့ ဆင်တူရသလဲဆိုရင်၊ သူအမေရိကားသွားလို့သူ့ဆေးခန်းခဏပိတ်ထားရတဲ့အချိန်မှာ၊ ဘယ်သူကနောက်ပြီး ကိုကျော်သေပြီလို့သတင်းလွှင့်လိုက်တယ်မသိပါဘူး။ တစ်ရွာလုံးငိုလိုက်ကြရတာ လေ။ သူပြန်မာပြည်ပြန်ရောက်လာတဲ့အခါမှာတောင် သူ့ဆေးခန်းကိုလာလာပြီးဖက်ဖက်ငိုယိုလိုက်ကြတဲ့သူတွေအထဲမှာ လက်သည်ဒေါ်ခွေးမကြီးရဲ့မြေးလေးတွေတောင် ပါလာကြပါသတဲ့)။ ဆေးရုံနဲ့ဝေးနေတဲ့သူက ဆေးရုံမှာအလုပ်လုပ်ရမှာဆိုတော့ အနေကြပ် နေရှာမှာပေါ့။ အဲသလို၊ အဲ့သလိုပါ။ အဲ့သလို နဲ့ ဒေါက်တာ ဂျီပီဟာ ။

## ဆေးရုံအရေးပေါ်ဌာန ( Emergency Room-ER )

အခုတော့ဂျီပီတစ်ယောက်။ အမေရိကားရဲ့ ထိပ်တန်းဆေးရုံကြီးနဲ့ နှပ်ုးတွေ၊ ဒူးတွေ တွေ့နေရပါပြီလေ။ (ရမ်းကုတွေကိုဆော်ခဲ့၊ ဖိုက်ခဲ့တဲ့ကောင်။ အခုမှ အမေရိကားရဲ့ ဆေးရုံဆရာဝန်တွေက၊ သူ့ကိုပြန်ဆော်ကြတော့မှာပဲလို့၊ စိုးထင့်ပြီးကြောက်ရွံ့နေတာထင်ပါရဲ့နော်)။ ဂျီပီ့ကို သူတို့က၊ ဆေးရုံရဲ့အရေးပေါ်ဌာနမှာ လေးရက်ကြာတာဝန်ချထားပေးပါတယ်။ သူတို့နိုင်ငံက အီး–အာလို့ခေါ်တဲ့အရေးပေါ်ဌာနကိုလာပြကြတဲ့လူနာတွေဟာ၊ လူနာတင်ယာဉ်၊ ဒါမှမဟုတ် ဟယ်လီကော်ပတာ။ မိသားစုကိုယ်ပိုင်ယာဉ်။ စတာတွေနဲ့အသွင်အမျိုးမျိုးနဲ့ရောက်လာတတ်ကြပါတယ်။ (ကျောင်ဝိုင်းက ဂျီပီ့ဆေးခန်းကိုလာတဲ့လူနာတွေကျတော့ ပုခက်ကြီးနဲ့ထမ်းခေါ်လာရတာတို့။ နွားလှည်းကြီးဆေးခန်းရှေ့မှာထိုးရပ်လိုက်တာတို့။ ဒါမှမဟုတ် ဆေးခန်းနောက်ကျောက ဝါးနဲ့လုပ်ထားတဲ့ဆိပ်ခံတံတားကလေးမှာ၊ လှေသမ္ဗာန်လေးကိုဦးထိုးပြီးဆိုက်ရောက်လာတာတို့။ စတဲ့ ပုံစံမျိုးလေးတွေနဲ့လာတတ်ကြပါတယ်)။ အသွင်ကတော့မတူဘူးပေါ့။ သူတို့ရဲ့အရေးပေါ် ဌာနမှာသူနာပြုက လူနာရဲ့အရေးကြီးမှုကို အရင်စစ်ဆေး (Triage လုပ်) ပြီးမှ သက်ဆိုင်ရာဆရာဝန်ကို လွှဲပေးရပါတယ်။ ဆရာဝန်ကိုလွှဲပေးလိုက်တဲ့အခါလူနာကိုချက်ချင်းလိုက်ကြည့်ပေးရပြီး ကုသမှုကိုချက်ချင်းစတင်ရပါတယ်။ ဂျီပီရှိနေတဲ့အချိန်မှာ သစ်ပင်ဖြတ်လှဲ့ရင်းသစ်ပင်ပိမိတဲ့ လူနာတစ်ယောက်ရောက်လာပါပြီ။ ချက်ချင်းဓာတ်မှန်ရိုက်ပြီးခြေထောက်ကို ခွဲစိတ်ဖို့ပြင်ဆင်ကြရပါတယ်။ အရေးပေါ်ခန်းထဲမှာပဲ၊ အရိုးကုဆရာဝန်ကလာရောက်ခွဲစိတ်ပေးရပါတယ်။ အရေးပေါ် ဆရာဝန်ရဲ့ စားပွဲပေါ်မှာ အရေးပေါ်ဆရာဝန်လက်စွဲအညွှန်း (E-R Reference Desk) စာအုပ် ကြီးကိုထားပေးထားပြီး အဲဒီအတိုင်းလိုက်နာဆောင်ရွက်ကြရတာဖြစ်ပါတယ်။ လူနာစမ်းသပ်ချက် မှတ်တမ်းတွေဖြည့်ဖို့ဖေါင် (Form) တွေကို ကွန်ပြူတာထဲကနေခွဲထုတ်ယူလိုက်ရုံပါပဲ။ ကျား–မ။ အသက်။ အ မိကဝေဒနာ။ စတဲ့ သုံးခုလောက်ကိုကွန်ပြူတာမှာရိုက်ထဲ့လိုက်တာနဲ့၊ ဘာတွေမေးရမယ်။ ဘာတွေစမ်းသပ်ရမယ် အကုန်ပေါ်လာတယ်။ သိပ်စဉ်းစားနေစရာမလိုတော့ဘူးပေါ့။ အဲဒီညွှန်ကြားချက်အတိုင်း လိုက်မေး။ လိုက်စမ်းရင်းနဲ့ ရက်စ်–နီး လိုက်ဖြည့်သွားလိုက်ရုံပါပဲ။ အချိန်ကုန်လည်းသက်သာတယ်လေ။ အားလုံးလည်းတပြေးညီဖြစ်သွားတာပေါ့။ လူနာကိုစမ်းသပ်ကုသပြီးတာနဲ့၊ တွေ့ရှိချက်တွေကို ကွန်ပြူတာမှာဖြည့်ထည့်လိုက်ရင် ဆေးမှတ်တမ်းဌာနကသူ့ အလိုလိုသိမ်းဆည်းသွားမယ့် (EHR: Electronic Health Record System) စနစ်ကိုသုံးထားတယ်။ ဆရာဝန်ကတွေ့ရှိချက်တွေ၊ ညွှန်ကြားချက်တွေကို၊ စာနဲ့မရေးတော့ပဲ။ တယ်လီဖုန်းခွက်လို စပီကာလေးမှာ စကားနဲ့ရွတ်ဖတ် (Dictate

www.burmeseclassic.com





ရီးမားခေါ် (RIMA) ခေါ် ဆရာဝန် ပေါင်းစုဆေးခန်းကြီး

လုပ်) ပြီးမှတ်တမ်းသွင်းလို့လဲရတယ်။ (ဂျီပီ့ဆေးခန်းကမှတ်တမ်းတွေလို၊ နာမယ်နဲ့စီရတာတို့၊ နေရပ်နဲ့စီရတာတို့၊ လူနာဟောင်းရောက်လာရင်ပြန် ရှာရတာတို့။ စတဲ့အလုပ်ပိုတွေမရှိတော့ဘူးပေါ့)။ နောက်ထပ်ရောက်လာတဲ့လူနာတစ်ယောက်ကတော့ ပုလင်းရှတဲ့ လူနာပါပဲ။ လက်ဖျံမှာကွဲသွားတဲ့ ဒဏ်ရာကို အရည်ပြားကော် (Derma Bond )သုတ်ပြီးပြန်စေ့ပေးလိုက်ကြတယ်။ (ဒီလူနာမျိုး၊ ဂျောင်ပိုင်းက ဂျီပီ့ဆေးခန်းမှာလာပြ မိလို့ကတော့ ဒေါက်အပ်ကြီးကြီးနဲ့အနည်းဆုံး ၈ ချက်လောက်တော့ အချုပ်ခံရမှာသေချာပါတယ်)။ အရေးပေါ်ဆရာဝန်က ဆင့်ခေါ်လိုက်ရင် နှလုံးဆရာဝန်တို့၊ ဦးနှောက် ဆရာဝန်တို့ ချက်ချင်းရောက်လာရပါတယ်။ ဆရာဝန်ကိုကူညီမယ့် ပီအေလို့ခေါ်တဲ့ (Physician Assistant ) တွေကလည်း လူနာကုသရာမှာတော်တော့်ကိုလက်လွှဲထားလို့ရပါတယ်။ ကြက်ခြေနီလို အရေး ပေါ်ပြုစုရေးအဖွဲ့တွေကသယ်ဆောင်လာပေးတဲ့လူနာတွေကို၊ ဆေးရုံကိုလွှဲပေးတဲ့အခါမှာ၊ အဲဒီ အဖွဲ့မှာပါလာတဲ့ ဆရာဝန်က အရေးပေါ်ဌာနနဲ့တွဲပြီး၊ ကုသရေးမှာဆက်လက်ပါဝင်လို့ရပါသေး တယ်။

## ရပ်သာဖို့ပေါင်းစုဆေးခန်းကြီး (RIMA: Rutherford Internal Medicine Associates )

ရပ်သာဖို့ဆေးရုံမှာလုပ်နေတဲ့ဆရာဝန်တစ်စုကစုပေါင်းပြီးသူတို့ဖါသာဆေးခန်းကြီးတစ်ခုဖွင့်ထားတာ ဖြစ်ပါတယ်၊ ဆေးရုံနဲ့ ၁၀ မိုင်လောက်ဝေးတဲ့ တောင်ကုန်းလေးပေါ်မှာတည်ထားတာပါ။ နှလုံးဆရာဝန်၊ အဆုတ်ဆရာဝန်၊ အစာအိမ်အူလမ်းကြောင်းဆရာဝန်၊ ကင်ဆာကုဆရာဝန်၊ မိသားစုဆရာဝန် အစုံအလင်ပါပါတယ်။ ပြင်ပလူနာတွေကိုသာမက ဆေးရုံကဆင်းလာတဲ့ သူတို့လူနာတွေကို၊ သူတို့ ကိုယ်ပိုင်ဆေးခန်းမှာပြန်ကြည့်တာတွေလုပ်ကြတာပါ။ သူတို့နိုင်ငံမှာက ဂျီပီလို့ခေါ်တဲ့ အထွေထွေရောဂါကု ဆရာဝန်ဆိုတာကမရှိဘူးလေ။ (ဒါကြောင့်ဂျီပီပုံပြင်–၁ တုံးကမေးခဲ့တာပေါ့။ အထွေထွေဆိုတာ၊ ဘာရောဂါကိုခေါ်တာပါလဲလို့)။ ပထာမ လူနာနဲ့ထိတွေ့ရတဲ့သူတွေဟာ မိသားစုဆရာဝန် (Family Physician) အက်ဖ်ပီတွေဖြစ်ပါသတဲ့။ အက်ဖ်ပီတွေကသူတို့ကုသနေတဲ့လူနာ (နှင့်မိသားစုဝင်) တွေကို




www.burmeseclassic.com

www.burmeseclassic.com



လိုအပ်တဲ့အခါအထူးပြု ကျွမ်းကျင်တဲ့ဆရာဝန်တွေဆီ ကိုလွှဲပေးပြီး။ လွှဲပြောင်းကုသမှုပြီးတဲ့ အခါမှာသူတို့ဆီကိုပြန်လည်လွှဲအပ်ပေးလို့၊ သူတို့ကပဲဆုံးခန်းတိုင်အောင် ဆက်လက်ကြပ်မတ် ကုသရတဲ့ဆရာဝန်တွေဖြစ်ပါသတဲ့။ အဲ့ဒါသူတို့ဆီက ဖယ်မလီဖီဇင်းရှင်း ဆိုတာပါပဲ။ မြန်မာနိုင်ငံကဂျီပီ (ရောဂါပေါင်းစု–အထွေထွေကု) ဆိုတာနဲ့အလားသဏ္ဍာန်တူတာပေါ့။ အဲ၊ ရိုးမာပေါင်းစုဆေးခန်းကြီးမှာ က၊ ဆရာဝန်ပေါင်းကစုံလင်တော့ ဂျီပီ ကိုယ်တော်ချောက၊ အက်ဖ်ပီတွေရဲ့ အလုပ်တွေကိုဝင်လုပ်နေရပါ သတဲ့။ မနက်ပိုင်းဆေးရုံမှာ ဝပ် ရောင်း (Ward round)ပြီးတာနဲ့ ဒေါက်တာရီးစ်ပေးထားတဲ့ အမေရိကန်ဂျစ်ကားကြီးကို ကိုယ် တိုင်မောင်းပြီးရိုးမာဆေးခန်းကိုသွားရပါတယ်။ ပြမယ့်လူနာတွေက ကြိုတင်စာရင်းသွင်းထားရပြီး ကိုယ်ကြိုက်တဲ့အက်ဖ်ပီကို လူနာကိုယ်တိုင်ကရွေးချယ်လို့လဲရပါတယ်။ အက်ဖ်ပီတွေက သူတို့လူ နာတွေနဲ့သူတို့ကိုပြည့်လို့ပါပဲ။ ဂျီပီကသာလူသစ်ဖြစ်နေလို့။ အက်ဖ်ပီ တစ်ယောက်နဲ့တွဲချိတ်ပြီး လူနာတွေကို ဝိုင်းကူကြည့်ပေးတဲ့အလုပ်ကိုပဲလုပ်ရပါတယ်တဲ့။ ဒီစမ်းသပ်ခန်း ထဲမှာစိတ်မပါတော့ရင်၊ နောက်စမ်းသပ်ခန်းတစ်ခုကိုပြောင်းလို့၊ နောက်ထပ်အက်ဖ်ပီတစ်ယောက်ကို ကူညီ လိုက်နဲ့ပေါ့။ (ဂျီပီတို့ငယ်စဉ်တုံးက၊ ဝိုင်းဖွဲ့ကစားကြတဲ့အခါမှာ၊ မကစားတတ်သေးတဲ့ခလေး တွေ ဝင်လာကစားရင်၊ ထမင်းမစား၊ဟင်းမစားဆိုပြီး ပေးကစားထားရသလိုမျိုးဖြစ်နေရပါသတဲ့လေ)။ အက်ဖ်ပီတွေသာမက ကင်ဆာတွေ၊ အစာအိမ်တွေ၊ နှလုံးတွေ၊ အဆုတ်တွေပါရှိလို့၊ စမ်းသပ်ခန်းတွေ၊ အုပ်ချုပ်မှုဌာနတွေ၊ လူနာပညာပေးအစီအစဉ်တွေနဲ့မို့။ ဆေးခန်းကြီးက ဆေးရုံ ထက်တောင်ကြီးကျယ်နေ ပါသေးတယ်။ ညနေဆေးခန်းပိတ်လို့ နောရစ်ရဲ့တိုက်ကြီးကိုပြန်တဲ့ အခါ။ လမ်းမှာ ဓာတ်ဆီပြတ်ပြီး၊ ကားကထိုးရပ်လို့သွားပါလေရော။ ဘာလုပ်ရမယ်မှန်းမသိဖြစ်နေချိန်မှာ။ နောက်ကကားတစ်စီးက ထိုးရပ်လာပြီး။ သူကဒေါက်တာရီးစ်ရဲ့လူနာဖြစ်ကြောင်း မိတ်ဆက်လာပါတယ်။ ဘာကူညီရမလဲလို့မေး



ဆိုလို မိသားစုဆေးခန်းအတွင်း အီးစီဂျီ တိုင်းတာနေစဉ်



www.burmeseclassic.com

www.burmeseclassic.com





ဒေါက်တာဂျီပီနှင့် ဒေါက်တာ ထရီဇာရှမ်းဆစ်

ပြီး။ အကြောင်းစုံသိသွားတော့။ အိမ်ကိုခဏပြန်ပြီး၊ ခုတ်ဆီကိုကိုယ်တိုင်ယူလာပေးလို့ ကျေညီသွားပါလေတော့သတဲ့ကွယ်။ ကားကို ဒီဒေသတစ်ဝိုက်က လူတွေက ဒေါက်တာရီးစ်ရဲ့ကားမှန်းသိနေကြတာကိုး။ (အင်း။ ဒီကားနဲ့ကော့ မဟုတ်တာ လုပ်ရင်၊ လူမိတော့မှာ ထင်ပါလေရဲ့)။

## မိသားစုဆေးကုသောင့်ကိုယ်ပိုင်ဆေးခန်းငယ် (Solo Family Practice Office )

ရီးမာဆေးခန်းကြီးနဲ့ ရပ်သာဖို့ဆေးရုံမှာ အလုပ်ကိုခွဲလုပ်ရင်းနဲ့။ တစ်ချိန်ထဲမှာပဲ၊ ဂျီပီကတောင်းဆိုလိုက်လို့၊ ရပ်သာဖို့ခရိုင်ထဲက စပင်းဒေးလ် (Spindale) ဆိုတဲ့မြို့ကလေးမှာ၊ ကိုယ်ပိုင်ဆေးခန်းဖွင့်နေတဲ့ ဒေါက်တာ ထရီဇာရှမ်းဇစ်ရဲ့ တစ်ကိုယ်တော်ဆေးခန်းငယ်လေးနဲ့တွဲလုပ်ဖို့ ဂျီပီ့ကိုစီစဉ်ပေးလာပြန်ပါတယ်။ အမေရိကားမှာ ဆရာဝန်တစ်ဦးထည်းထိုင်တဲ့ကိုယ်ပိုင်ဆေးခန်းမျိုး တွေကတော်တော့်ကိုရှားသွားပါပြီ။ အများစုက အုပ်စုဖွဲ့ပြီးဆေးခန်းတွေထောင်ကြပါတယ်။ (ရီးမာ ဆေးခန်းကြီးလိုပေါ့)။ အရင်းအနှီးလည်းသက်သာတယ်။ ပစ္စည်းပစ္စယတွေလည်းမျှဝေသုံးစွဲလို့ရတယ်။ အချင်းချင်းလည်းတိုင်ပင်ညှိနှိုင်းလို့ရတာပေါ့။ ဆရာဝန်တစ်ယောက်ထဲထိုင်မယ့် ဆေးခန်းဆိုရင် အနည်းဆုံးစတုရန်းပေ (၁၂၀၀) ရှိရမယ်လို့သတ်မှတ်ထားလေတော့၊ ဂျီပီတို့ဆီမှာလို အိမ်ရှေ့ပိုင်းကိုယ်ပိုင်ကားသွင်းတဲ့ (ဂိုထောင်) နေရာလေးမှာ၊ ကုတင်လေးတစ်လုံးချလို့၊ ကန့်လန့်ကာလေး ဖွင့်တပွင့်ကာပြီး ဆေးခန်းဖွင့်လို့က၊ မဖြစ်နိုင်ပါဘူးလေ။ ဒါတင်မကပါဘူး။ ဆေးခန်းတစ်ခန်းမှာ အနည်းဆုံးတယ်လီဖုံးဖြေတဲ့စနစ်၊ လူနာရက်ချိန်းပေးမှုစနစ်၊ ကွန်ပြူတာ ကွန်ယက်ချိတ်ဆက်ထားနိုင်မှု၊ ညှိနှိုင်းခံကြိုဆိုမှု၊ လူနာမှတ်ပုံတင်မှု၊ စမ်းသပ်ခန်းအဖေါ်၊ ဓာတ်ခွဲစမ်းသပ်ခန်း၊ ဓာတ်မှန်ရိုက်ခန်း၊ ရောဂါရှာဖွေရေးပစ္စည်း၊ လက်ထောက်ဝန်ထမ်းထားရှိနိုင်မှု၊ သန့်ရှင်းရေး၊ အန္တရာယ်ရှိပစ္စည်းစွန့်ပစ်မှု၊ ဆေးမှတ်တမ်းထိန်းသိမ်းရေး၊ ဆေးဝါးသိုလှောင်ရေး၊ လူနာပညာပေးအစီအစဉ်၊ ငွေကြေးတောင်းခံမှု



www.burmeseclassic.com


www.burmeseclassic.com



စတာတွေအကုန်လုံးကို သတ်မှတ်စည်းကမ်းနဲ့ကိုက် ညီမှ ဆေးခန်းဖွင့်ခွင့်ရရှိနိုင်ပါတယ်။ သူတို့က သူတို့ရဲ့ဆေးခန်းတွေကို ကလင်းနစ် (Clinic) လို့မခေါ်ပဲ အော့ဖစ် (Office) လို့ခေါ်ကြတယ်။ ကျိုပီရဲ့ ဘော့စ် ဒေါက်တာဇီနစ်က သူ့ရဲ့အော့ဖစ်ကို၊ ဂိုက်ကုတ် (ဂျူဘီကုတ်ကိုခေါ်တာပါ) ဝတ်ပြီး လိုက်ခဲ့ပါလို့မှာသွားတာ၊ အခုမှပဲသဘော ပေါက်ပါတော့တယ်။ အဲ့ဒီအော့ဖစ်မှာစွပ်ကျယ်နဲ့ဆေးကုလို့ကမပြေနိုင်ဘူး။ ဆရာဝန်ဆိုတာက၊ ဆေးကုသတဲ့အလုပ်လုပ်တဲ့အချိန်မှာ၊ ဂိုက်ကုတ်တော့ဝတ်ရမှာပဲတဲ့။ (သူတို့က နှစ်ဆယ့်လေးနာရီ၊ အဲယားကွန်းထဲမှာဆိုတော့ ဟုတ်တာပေါ့။ ကျိုပီ့ဆေးခန်းမှာက ဖရောင်းတိုင်မီးတောင် မရတချက်၊ ရတချက်နဲ့)။ ကျိုပီ့ကိုသူတို့ဆေးရုံတံဆိပ် ပါတဲ့ ဂိုက်ကုတ်လေးလက်ဆောင်ပေးထားလို့၊ ရင်ဘတ်မှာ ကျိုပီ. အမ်ဒီဆိုတဲ့ စာတန်းကလေးနဲ့၊ အမေရိကန်ဆရာဝန်ဖြစ်လို့နေပါပြီလေ။

## လူနာညွှန်းပို့ခြင်း [Referral]

ရန်ကုန်မှာ၊ ကျိုပီ့ဆေးခန်းကနေ ဆေးရုံနဲ့အထူးကုဆရာဝန်ကြီးတွေဆီတွေကို၊ ဒီးယားဆရာကြီး (Dear Sayagyi ) လို့အစချီပြီး၊ ရေးစ်ရက်စပက်ဖူးလီး (Yours Respectfully)နဲ့ အဆုံးသတ်ထားတဲ့စာတွေကိုအလီလီရေးလို့၊ လူနာတွေကို အကြိမ်ကြိမ်ညွှန်းပို့ခဲ့ဖူးပါတယ်။ ဆေးရုံရောက်တဲ့ လူနာတွေက၊ ပြန်ပြောပြကြတာက၊ ဆရာလွှဲပေးလိုက်တဲ့စာကို ဆေးရုံကဆရာဝန်က ဖတ်တောင်မကြည့်ပါဘူးတဲ့။ အထူးကုဆရာဝန်ကြီးတွေဆီကို၊ ကျိုပီညွှန်းပို့လိုက်တဲ့ လူနာတွေဟာလည်း၊ တော်တော်များများက၊ အဲ့ဒီဆရာကြီးတွေရဲ့လူနာတွေဖြစ်သွားကြပြီး၊ ကျိုပီ့ဆီကိုပြန်မလာ ကြတော့ပါဘူးတဲ့။ အခုဒေါက်တာ ထရီဖာရဲ့ဆေးခန်းကနေ ကျိုပီညွှန်းပို့လိုက်တဲ့ လူနာတွေအကြောင်းကိုပြောပြမယ်နော်။



ညွှန်းပို့သည့် လူနာအား (Fluoroscope) ဖြင့် စစ်ဆေးပေးနေစဉ်



www.burmeseclassic.com

www.burmeseclassic.com

## ဒေါက်တာမြင့်ဦး (ဂျီပီ)

ပထမလူနာကအသက် ၆၇ နှစ်ရှိပြီဖြစ်တဲ့ ချောင်းဆိုးရင်ကြပ်ပြီးမောနေတဲ့အမျိုးသမီးကြီး။ အရင်ကတည်းက ထရီဇာရဲ့လူနာဖြစ်နေတာ ၁၀ နှစ်ကျော်ပါပြီ။ အခုအခါမှာတော့ လူနာရဲ့အဆုတ်ကို လှုပ်ရှားဓါတ်မှန် (Fluoroscope ) နဲ့ကြည့်ပြီးစစ်ဆေးဖို့လိုလာပါပြီ။ ဒါနဲ့ ထရီဇာက၊ ရပ်သာဖို့ဆေးရုံ ကရင်းခေါင်းကုသမားတော်ကြီး (Respiratory Physician ) ဆီကို ဖုံးဆက်ပြီးတော့မေးပါတယ်။ သူ က လူနာရဲ့ရာဇဝင်တွေကိုဖက်စ် (Fax) နဲ့ပေးပို့နိုင်းပါတယ်။ ပြီးတော့ ညနေ ၃ နာရီမှာ သူ့ဆေးရုံ ကိုလူနာလွှတ်ပေးလိုက်ဖို့ချိန်းပါတယ်။ ဂျီပီက လူနာနဲ့အတူလိုက်လာပြီးလေ့လာချင်တဲ့အကြောင်း။ ခွင့်တောင်းကြည့်တော့ လိုလိုလားလားပဲခွင့်ပေး လိုက်ပါတယ်။ ညနေဖက်မှာ ဆေးရုံကို လူနာနဲ့အတူ ဂျီပီကိုယ်တိုင်လိုက်သွားတော့။ သူတို့ဝတ်ထားသလိုမျိုး ဓာတ်ရောင်ခြည်ကာအင်္ကျီကြီးတွေ ဝတ်နိုင်းပါတယ်။ ဓာတ်မှန်စမ်းသပ်ခန်းထဲအထိ ဂျီပီ့ကိုဝင်လာနိုင်းပြီး။ စစ်ဆေးမှုတွေကိုလည်း အသေးစိတ်ရှင်းပြပေးပါတယ်။ စမ်းသပ်ပြီးတဲ့ပုံရိပ် ဗီဒီယိုပုံတွေကိုလည်း ထရီဇာ့ဆီကို ကွန်ပြူတာ နက်ဝပ်ကနေပို့ပေးလိုက်ပြီး၊ လူနာညွှန်းပို့ပေး တဲ့အတွက်ကျေးဇူးတင်ကြောင်း၊ တယ်လီဖုံးနဲ့ သူကိုယ်တိုင်အကြောင်းပြန်ကြားပေးနေပါသေးတယ်။ လူနာကို၊ ထရီဇာကိုယ်တိုင်ဆက်လက်ပြီး ကုသနိုင်အောင်လို့ ညွှန်ကြားချက်တွေပါ တစ်ခါတည်းရေးပေးလိုက်လေရဲ့။ ဒီလိုနည်းနဲ့ လူနာညွှန်းပို့တာ တွေကိုအရသာတွေ့သွားတဲ့ဂျီပီခများ။ ထရီဇာ့ဆေးခန်းရယ်၊ ရပ်သာဖို့ဆေးရုံရယ်ကြားမှာ ကူးကာ လူးကာနဲ့ အစာအိမ်ထဲမှန်ပြောင်းကြည့်တာတို့၊ စအိုထဲမှန်ပြောင်းကြည့်တာတို့ (Upper GI Endoscopy and Colonoscopy )။ ခွဲစိတ်ခန်းထဲအထိ လိုက်ကြည့်တာတို့၊ စတာတွေကိုပါ ကိုယ်တိုင် လေ့လာဖြစ်လို့သွားပါ တော့သတဲ့ကွယ်။ (ရန်ကုန်က ပုဂ္ဂလိကဆေးရုံပိုင်ရှင်တွေရဲ့ ကော်မရှင်ပေး ပုံမျိုးနဲ့သာဆိုရင် ဒေါက်တာထရီ ဇာတစ်ယောက်တော့ ကော်မရှင်ခငွေတွေသိန်းနဲ့ချီပြီးရတန် ကောင်းပါလေရဲ့)။ အဲသလိုနဲ့ ဒေါက်တာဂျီပီဟာ။

### လူနာအိမ်လိုက်ကြည့်ခြင်း (Home Visit)

ထရီဇာရဲ့ဆေးခန်းက မနက် ၉ နာရီကနေ ညနေ ၆ နာရီအထိဖွင့်တယ်။ ဝန်ထမ်းက (၆) ယောက်ရှိတယ်။ သူမရဲ့ဆေးခန်းမှာ အရိုးအဆစ်ထဲကိုဆေးထိုးတာ (Joint injection )တို့၊ အမျိုး သမီး သားအိမ်ခေါင်းကင်ဆာစစ်ဆေးတာ (Pap Smear) တို့အများဆုံးလုပ်ရတယ်။ ရန်ကုန် က ဂျီပီ့ရောင်းရင်းတွေကိုပြရအောင် ဗွီဒီယိုတောင်ရိုက်ယူလာခဲ့သေးတယ်။ (တချိန်ချိန်ကျရင် ဂျီပီညီ လာခံတစ်ခုခုမှာပြပေးအုံးမယ်တဲ့)။ ဆေးခန်းကို ခလေးလူနာတွေတော်တော်များများလာပြကြပါတယ်။ မနက်ပိုင်းမှာလူနာ ၁၃ ယောက်လက်ခံထားပြီး ညနေမှာ ၁၇ ယောက်ကြည့်ရတယ်။ လူနာတွေ ကိုရက်ချိန်းနဲ့ပဲလက်ခံကြည့်ပါတယ်။ နေ့လည်ပိုင်းမှာ လူနာအိမ်လိုက်ကြည့်ရမယ်ဆိုလို့ (ဂျီပီ့ကို ခေါ်တော့) ဂျီပီတို့ဆီမှာလို ဆေးအိပ်တွေဘာတွေနဲ့ ပစ္စည်းတွေထည့်မယ် အောင့်မေ့နေတာ။ ဘာမှ မပါဘူး။ လူချည်းသက်သက်ပဲ။ လူနာလာပင့်တာလဲမတွေ့လို့မေးကြည့်တော့ တယ်လီဖုန်းနဲ့ ကြိုတင် အပွိုင့်မင့်လုပ်ထားတာပါတဲ့။ သွားရမယ့်နေရာက ဟင်ဒါဆင်ဟုမ်းမယ်ဒီ ကယ်ခဲ ( Henderson Home Medical Care ) လို့ခေါ်တဲ့ နာတာရှည်လူနာများ စောင့်ရှောက်မှု ပေးနေတဲ့၊ လူမှုရေးအဖွဲ့က



www.burmeseclassic.com

www.burmeseclassic.com



တည်ထောင်ထားတဲ့ လူအိုရုံလိုဂေဟာတစ်ခုပါပဲ။ ကိုယ့်ကားကိုကိုယ်တိုင်မောင်းပြီးသွားကြရတာ။ သက်ကြီးရွယ်အို ၁၀၀ ကျော်ကိုပြုစုပေးနေတဲ့ဌာနကြီးတစ်ခုဖြစ်ပါ တယ်။ လူနာအဖွားကြီးရဲ့ခြေထောက်က အနာတွေ မကျက်သေးလို့ ဆရာဝန်ကိုခေါ်ပြတာပါတဲ့။ ဟိုရောက်မှလက်အိတ်ကလေးစွပ်ပြီး အနာကိုဖွင့်ကြည့်ကြတယ်။ အနာကိုသန့်စင်ပေးပြီး ဆေး ပြန်ထည့်ပေးခဲ့ကြရတယ်။ ခြေကြွခဘယ်လောက်ရလဲမေးကြည့်မိတော့ ဒေါ်လာ ၆၀၀ တဲ့။ လူနာရဲ့အာမခံကုမ္ပဏီက ကျခံပေးဖို့ လူအိုရုံကနေ တောင်းခံပေးရတယ်လို့သိရပါတယ်။ လောလောဆယ်တော့အကြွေးပေါ့။ ခြေကြွခတို့၊ စမ်းသပ်ခတို့ကအားကျရလောက်အောင် ရကြရပေမယ့် (ကျန်းမာရေးအာမခံကုမ္ပဏီနဲ့ငွေရှင်းရတာဖြစ်တော့) ကျိပီ့ဆေးခန်းမှာလို အကြွေးစနစ်ချင်းကတော့ အတူတူပါပဲ။ မတူတာက ကျိပီ့ဆီမှာက အကြွေးဆုံးတာတွေအများကြီးရှိတယ်။ (လိုက်လဲမတောင်းရဲပါဘူး)။ သူတို့ရဲ့အကြွေးကအာမခံချက်ရှိလို့ ဘယ်တော့မှမဆုံးပါဘူးတဲ့လေ။

## ရပ်သာဖို့ခရိုင်ကျန်းမာရေးဌာနမှ ဆုပ်ဒေါက်တာကျိပီ

ကျိပ့်ရဲ့အစီအစဉ်တွေထဲမှာ ခရိုင်ကျန်းမာရေးဌာန (Department of Environment, Health and Natural Resources, Rutherford County) မှာ လက်တွေ့ဆင်းပြီးအလုပ်တွဲလုပ်ရတာလည်း ပါပါတယ်။ ခရိုင်ကျန်းမာရေးဌာနတွေမှာက ဆရာဝန်အမြဲမထားဖူးလေ။ သူ့ရက်ပတ်နဲ့သူပဲလာ ရတယ်။ ကျိပီရောက်တဲ့နေ့မနက်ပိုင်းမှာ။ တာဝန်ကျတဲ့ နာ့စ်မနဲ့ကျိပီနဲ့တွဲပြီး ဝစ် ( WIC: Women, Infants and Children ) လို့ခေါ်တဲ့ အမျိုးသမီးရယ်၊ ကလေးတွေရယ်ကိုကြည့်ပေးရတဲ့နေ့ဖြစ်ပါတယ်။ နောက်တစ်နေ့မှာ၊ သူတို့ဆီကမိသားစုဆရာဝန်တစ်ယောက်နဲ့တွဲပြီး ကာလသားရောဂါလူနာတွေကို ကြည့်ပေးရပြန်တယ်။ ကျိပီ့ဆေးခန်းမှာက၊ ကာလသား (တိုက်ပွဲကျတဲ့သူ)တွေ အများကြီးကိုင်တွယ်ဖူး နေလေတော့ သူတို့လူနာတွေကိုကြည့်ရတာ ကျိပီအဖို့ပျင်း တောင်ပျင်းသေးတယ်လို့ဆိုရမှာလားပဲ။ လာပါပြီ။ လိင်အင်္ဂါထိပ်မှာ အနာပြိုပြိုနဲ့။ အဲဒါ ရှန်ကာပဲဆိုပြီး ကျိပီက၊ ဘာဓာတ်ခွဲစမ်းသပ်မှုမှမပါဘဲ တပ်အပ်ပြောပြနိုင်တော့တာပေါ့။ (ကျိပီတစ်ယောက် နည်းနည်းတော့ခေါင်းထောင်လာပြီ)။ နောက်လူနာတစ်ယောက်က ထိုင်းနိုင်ငံသား။ သူကအမေရိကားကိုရောက်တာမှတစ်လပဲရှိသေးတယ်။ အင်္ဂလိပ်လိုလည်းမပြောတတ်ရှာပါဖူး။ အရင်တစ်ပတ်က ဒီဌာနမှာလာပြဖူးတယ်တဲ့။ အခု ဒီက ဆရာဝန်ကသူ့ကို ရှန်ကရွိုက်ရောဂါ (Chancroid) ဆိုပြီး ရောဂါနံမယ်တတ်တယ်။ ကျိပီကအနာကိုကြည့်လိုက်တော့။ ဘာရမလဲ၊ အဲ့ဒါ ဝဲကွ။ စကေးဘီးကွ ဆိုပြီး အတပ်စွပ်စွဲတော့တာပါပဲ။ သူတို့ဆရာဝန်တွေက ဝဲမှ ကောင်းကောင်း မမြင်ဖူးကြဘာ။ (အရင် နှစ်နှစ်တုံးကအဖြစ်အပျက်ကလေးကိုသွားပြီးမှတ်မိလိုက်ချေသေးတော့တယ်။ ရန်ကုန်မှာဖွင့်ထားတဲ့ကျိပီ့ဆေးခန်းကို စင်္ကာပူနိုင်ငံက ဆရာဝန်တွေလာလေ့လာကြတာပါ။ ဆေးခန်းထဲမှာကျိပီက လူနာတစ်ယောက်ရဲ့မျက်နှာ၊ လက်နဲ့ ကျောပြင်ပေါ်က အမာရွတ်တွေကိုပြပြီး အဲ့ဒါကျောက်ပေါက်မာတွေပါလို့ရှင်းပြလိုက်တော့။ အားလုံးအထူးတဆန်းနဲ့ ဓာတ်ပုံတွေ ရိုက်ယူကြတယ်လေ။ ပြီးမှသူတို့ဆီကဆေးပညာကျာနယ်မှာပြန်ရေးကြတယ်။ သူတို့က ကျောက် ပေါက်မာဆိုတာမြင်မှမမြင်ဖူးကြတာကလား)။ အခုလည်း ဒီဌာနမှာလုပ်တဲ့အမေရိကန် ဆရာဝန်



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာမြင့်ဦး (ဂျီပီ)



ခရိုင်ကျန်းမာရေးဌာနမှာ တာဝန်ကျသည့် ဒေါက်တာဂျီပီ

က ဝဲကိုကောင်းကောင်းမတွေ့ဖူးသေးလေတော့ ဂျီပီပြောတာကို လက်မခံချင်သေးဘူးပေါ့။ အင်တာနက်ထဲမှာဝဲကိုတက်ရှာလိုက်သေးလေရဲ့။ ဒါနဲ့ အနာဒဏ်ရာနေရာလေးကိုခြစ် (Scraping လုပ်) ပြီးမှန်ပြားပေါ်မှာတင်လို့ မိုက်ခရိုစကုပ်နဲ့ကြည့်ကြပါလေပြီ။ အလဲ့။ တယ်တော်တဲ့ ဒေါက်တာ ဂျီပီပါလား။ မှန်ပြားပေါ်မှာ (ဆာကော့တီးစကေဘီရိုင်းလို့ခေါ်တဲ့) ဝဲပိုးမဲမဲလေးတွေ ထင်ထင်ရှားရှားကြီးတွေ့နေရပါပြီကော။ သူကဂျီပီ့ကိုအထင်ကြီးသွားပြီလေ။ ဒါနဲ့ အဲဒီဆရာဝန်ကို၊ ဂျီပီ့ ဆေးခန်းက (တိုက်ပွဲကျ) လူနာပေါင်းစုံရဲ့ ဓါတ်ပုံမှတ်တမ်းလေးကိုထုတ်ပြလိုက်ပါတယ်။ သူတော်တော်အံ့ဩသွားပါပြီ။ ဂေါ်လီပုံတွေ၊ အဂါတွေမှာ ကြိုးဆေး (Sclerosing Agent) တွေ ထိုးလို့အနာဖြစ်နေတဲ့ပုံတွေ။ သူမမြင်ဖူးတဲ့ရောဂါနဲ့ လူနာပေါင်းစုံကိုတွေ့သွားလေတော့။ ဒီဓာတ်ပုံတွေကိုစကင်နာနဲ့ ကူးယူထားချင်လို့ ခွင့်တောင်းပါလေရော။ ဂျီပီ့ကိုလည်း ကွန်ဂရက်ကျူလေးရှင်းလုပ်ရုံမက ဂျီပီ့ရဲ့ဘော့စ် ဒေါက်တာနီးစ်ဆီကိုပါဖုံးဆက်ပြီး ချီးယားစ်တွေလုပ်နေပြန်ပါပြီ။ သူ့ရဲ့နှုတ်ဖျားကထွက်ပေါ်လာတဲ့ ချီးကျူးစကားတွေကတော့ ဒေါက်တာ ဂျီပီဟာမြန်မာပြည်က တိုက်ပွဲကျတဲ့သူတွေရဲ့ကယ်တင်ရှင်ကြီးပါပဲတဲ့။ သူပြောချင်သလိုပြောပါစေလေ။ (သေချာ တာတစ်ခုကတော့၊ ပါမောက္ခတွေကြားထဲမှာတုံးကသူ့ကိုယ်သူပါမွှားလေးပါပဲလို့ သေးငယ်နေရှာတဲ့ဂျီပီတစ်ယောက်။ အခုတော့ ပဂေးကြီးပြန်ဖြစ်လို့သွားရပါတယ်ဆိုတာပါပဲ)။ တွေ့ကြပြီမှတ် လား။ မြန်မာပြည်ကဂျီပီ ဆိုတာ။ တကယ်တန်း ဂျီပီကပြန်ပြီးကျေးဇူးတင်ရမှာက၊ ဟိုရွှေယိုးဒယားက ကိုရွှေဝဲစားကိုပဲဖြစ်ပါသတဲ့လေ။ ထောက်ခံကြရဲ့မဟုတ်လား။

## ဆေးကာမှုဏီများရဲ့ ပရိုမိုးရှင်း

ဆေးရုံဆေးခန်းတွေကိုဆေးကုမ္ပဏီတွေက ရန်ကုန်မှာလိုပဲအရောင်းမြှင့်တင်ရေးပရိုမိုးရှင်းတွေ ဝင်တတ်ကြပါတယ်။ (ဂျီပီ့ဆေးခန်းအဝင်တံခါးဝကြီးမှာ ဆေးကုမ္ပဏီပရိုမိုးရှင်းသမားတွေ ကပ်တပ်

www.burmeseclassic.com



သွားတဲ့ပိုစတာတွေကိုတစ်လတစ်ခါမှန်မှန်ခွါပစ်ရပြီးရှင်းထုတ်ပစ်ရပါတယ်။ သူတို့ပေးသွားတဲ့ လက်ကမ်းစာရွက်တွေကလည်းများလွန်းလို့ ဘာကိုမှမဖတ်ဖြစ်တော့ပါဘူး။ လက်ဆောင်ပေးသွားတတ်တဲ့ စက္ကူလက်ကိုင်အိပ်ကလေးတွေကျတော့လည်း။ ပြီးစလွယ်ချုပ်ထားတာမျိုးတွေဖြစ်နေလို့ ပစ္စည်းတစ်ခုခုထည့်လိုက်တိုင်းစုတ်ပြဲထွက်ကုန်ပါလေရောတဲ့။ စားပွဲတင်ပြက္ခဒိန်လေးတွေကတော့ အသုံးဝင်သား)။ ရန်ကုန်ပရိုမိုးရှင်းနဲ့ကွာတာက၊ သူတို့က မလာခင်မှာဖုန်းကြိုဆက်တယ်။ သူတို့ဆီက ဆေးခန်းတွေမှာ၊ ဆရာဝန်တွေကိုပေးတဲ့ဆေးနမူနာ (Physicians Free Sample ) တွေထားဖို့စင်ထိုးပြီး အခန်းတစ်ခန်းသပ်သပ်ဖွဲ့ထားကြရတယ်။ ပရိုမိုးရှင်းသမား (ယူနီဖေါင်းဝတ်အမျိုးသမီး ငယ်ငယ်ချောချော)လေးတွေလာရင် ဆရာဝန်တွေကို၊ ဟဲ့လို ဆိုပြီး ဆမ်ပယ် (Sample ) ခန်းထဲ တန်းဝင်သွားပါလေရော။ ဘယ်ဆေးတွေ၊ ဘယ်လောက်လျော့နေသလဲ၊ သူ့ဟာသူစစ်ဆေးသွားပြီး လျော့သလောက်ဆေးတွေကိုပြန်ဖြည့်သွားတတ်ပါတယ်။ ဂလူကိုမီတာလိုဟာမျိုးတွေကျတော့၊ လူနာတွေအတွက်အလကားပေးဖို့ (ကာတွန်းလိုက်)ထားသွားတတ်ပါတယ်။ လူနာပညာပေးရာမှာသုံးဖို့အတွက်၊ ဦးဏှောက်၊ နှလုံး၊ အဆုတ်၊ အရိုးအဆစ်စတဲ့ လူ့ကိုယ်အင်္ဂါ အစိတ်အပိုင်းပုံတူအရုပ်သေးသေးလေးတွေ။ ဆရာဝန်သုံးကိရိယာမျိုးစုံ။ စတာတွေကိုဆရာဝန်တွေအတွက်လက်ဆောင်ပေးဖို့။ ပါဆယ်လေးတွေထုပ်လို့ ဆရာဝန်နံမယ်တပ်ပြီး ဆေးခန်းရဲ့ ရီစက်ရှင်ကောင်တာမှာထားပေးသွားတတ်ပါတယ်။ အသစ်ထုတ်တဲ့ဆေးအကြောင်း ရှင်းပြချင်ရင်၊ ဘိတ်စာနဲ့ဖြစ်ဖြစ်၊ တယ်လီဖုန်းနဲ့ဖြစ်ဖြစ် ဆရာဝန်ကို ကိုယ်တိုင်ရက်ချိန်းတောင်းပြီးမှ တစ်ဦးခြင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ၊ ဆေးကုမ္ပဏီတာဝန်ရှိသူ ကိုယ်တိုင်ကလာရောက်ရှင်းပြရပါတယ်။ တစ်ခါတစ်လေတော့လည်း ဆေးရုံကိုပဲချိန်းတတ်ပြီး။ တော်တော်များများက စားသောက်ဆိုင်တစ်ခုခုမှာ အဖျော်ယမကာ၊ ဒင်နာကျွေးပြီးရှင်းပြရင်း လက်ဆောင်တွေပါ တစ်ခါထဲပေးလိုက်တတ်လေရဲ့။ အဲဒီပွဲမျိုးမှာ ဆရာဝန်တွေကလည်း ကပ်သီးကပ်သပ် တွေမေးလေ့ရှိပါတယ်။ တနေ့။ ဂျိုပီနဲ့အတူအမေရိကားဆရာဝန် သုံးယောက်ပါဝင်တဲ့ ဒင်နာ ပရိုမိုးရှင်းလေးမှာ။ ဆေးကုမ္ပဏီကပရိုမိုးရှင်းမယ်လေး သုံးယောက်နဲ့တွေ့ကြပါလေပြီ။ ဂျိုပီ့ကိုမြန်မာပြည်က (တိုက်ပွဲကျလူနာတွေကိုကုသတဲ့) ဂျိုပီပဂေးကြီးဆိုပြီး၊ အကြောင်းသိတဲ့ဘိုဆရာဝန်က မိတ်ဆက်ပေးပါ တယ်။ ဒါနဲ့ဆေးကုမ္ပဏီဘိုမလေးတွေက၊ ဂျိုပီ့ ကိုဘယ်တိုက်ပွဲတွေမှာပါဝင်ခဲ့ရပါသလဲဆိုပြီး မေးပါလေရော။ ဂျိုပီ့ကိုရှေ့တန်းဆေးတပ်ဖွဲ့တွေမှာပါဝင်ရတဲ့ မက်ဒစ် (Medic)ဆရာဝန်အောင့်မေ့နေတာကိုး။ ဒါနဲ့ မြန်မာပြည်က ကာလသား ရောဂါနဲ့ပါတ်သက်တဲ့ဘန်းစကားတွေကိုတစ်ခုပြီး တစ်ခု ရှင်းပြလိုက်တာမှာ။ တစ်ခစ်ခစ်နဲ့ရယ်ကြပါလေရော။ ဒင်နာပြီးတော့ (တိုက်ပွဲဆရာဝန်ကြီးကို) သူတို့ကုမ္ပဏီကထုတ်တဲ့ ဗိုင်ရာဂရာ ဆေးတွေရယ်။ လိင်အင်္ဂါအတုလေးတစ်ခုရယ် လက်ဆောင်ပေးလိုက်ပါသတဲ့လေ။ (ဂျိုပီ ပုံပြင်ဓာတ်ပုံထဲမှာတော့ထည့်မပြရဲလို့။ စိတ်ကူးနဲ့ပဲကြည့် လိုက်ကြပါတော့လို့)။

(Videoconferencing CME)

ရပ်သာဖို့ဆေးရုံကြီးကလည်းကြီးကြီး။ ဆရာဝန်တွေကလည်းများများဆိုတော့၊ သူတို့အတွက် စဉ် ဆက်မပြတ်ဆေးပညာသင်ကြားရေးလို့ခေါ်တဲ့ စီအမ်အီးအစီအစဉ်တွေကို ရပ်သဖို့တောင်တန်း

www.burmeseclassic.com



ဒေသဆေးပညာသင်ကြားရေးကောင်စီက တစ်လကိုနှစ်ကြိမ်စီမံပြုလုပ်ပေးရပါတယ်။ ဆေးကုမ္ပဏီတွေကလည်းပံ့ပိုးကူညီမှုတွေပေးကြပါတယ်။ ဒီဇင်ဘာ ဒုတိယအပတ်မှာ ကျင်းပတဲ့စီအမ်အီး အစီအစဉ်ကို မြောက်ကယ်ရိုလိုင်းနားတက္ကသိုလ် (ယူအင်စီ) ဆေးကျောင်းကြီးရဲ့ ပါမောက္ခ ကင်းမ် အယ်အိုင်ဖက်က နာတာရှည်အူရောင်ခြင်း (Inflammatory Bowel Disease ) ဆိုတဲ့ ခေါင်းစဉ်နဲ့ဆွေးနွေးမှာဖြစ်ပါတယ်။ ဆေးရုံစီအမ်အီးခန်းမဆောင်မှာဆရာဝန်တွေစုပြီး အကျွေးအမွေးနဲ့စတင်ခဲ့ပါပြီ။ ဆွေးနွေးမှုတွေကို စခရင်အကြီးကြီးပေါ်မှာပေါ်လာဖို့အတွက် ဗွီဒီယိုစက်နဲ့ထိုးပြီး ကွန်ပြူတာကနေ ယူအင်စီနဲ့ဆက်သွယ်မှုပြုရပါတယ်။ ယူအင်စီပါမောက္ခက သူ့ဆေးကျောင်းမှာ တစ်ခြားဆရာဝန်တွေကိုပဲ ပြောပို့ချနေတာကို၊ အခု ဂျီပီတို့ဆေးရုံကနေ ဆက်သွယ်ပြီးဝင်ရောက်နားထောင်ဆွေးနွေးပါဝင်ကြရမှာဖြစ်ပါတယ်။ တစ်နေရာနဲ့တစ်နေရာ မိုင် (၂၀၀) ကျော်ဝေးပါတယ်။ တစ်ဖက်နဲ့တစ်ဖက် ဆရာဝန်တွေအချင်းချင်း မိတ်ဆက်နေကြပါပြီ။ ဂျီပီကထပြီးမိတ်ဆက်လိုက်တာကို၊ တစ်ဖက်ဆရာဝန်တစ်ယောက်က ဗမာနဲ့မြန်မာ ခွဲခြားပြီးပြန်မေးနေလို့ အများသိအောင်ရှင်းပြလိုက်ရပါသေးတယ်။ သူတို့ယူအင်စီက ဆရာဝန်တွေငြင်း ခုံနေကြတာတွေကို ဂျီပီတို့ဆီကလည်းဝင်ပါလို့ရတာပေါ့။ အဲ့သလိုမျိုး ဒီဗွီစီလို့ခေါ်တဲ့ (Digital Video Conferencing) တွေကို အမေရိကန်တစ်ဝှန်းမှာတော်တော်ကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေတာတွေတွေ့ခဲ့ရပါတယ်။ တစ်နေရာစီမှာရှိနေတဲ့ဆွေးနွေးပွဲခန်းမ နှစ်ခုကို (ပိတ်ကားပေါ်မှာ) ဆက်သွယ်ပြီး တစ်ပြိုင်ထည်း တစ်ခုထည်း အနေနဲ့ဆွေးနွေးကြတဲ့ပွဲပါပဲ။ ဗွီဒီယိုကွန်ဖရင့်လည်း တက်ပြီးပါရော၊ ဂျီပီတစ်ယောက်မြန်မာပြည်ပြန်ရောက်ရင် ဂျီပီအဖွဲ့ကြီးမှာ ဒါမျိုးတွေပြန်လုပ်မယ်ဆိုပြီးရောဂါထနေပါလေရောတဲ့။ ဒါနဲ့ ဂျီပီ့ရဲ့ဘော့စ် ဒေါက်တာရီးစ်က ဟမ်းဖရေးအစီ အစဉ်ကနေချီးမြှင့်နေတဲ့ အလမ်မနိုင်းအင်ပက်အဝပ် (Alumni Impact Award ) ဆိုတဲ့ဆုကြီးကို လျှောက်ထားကြည့်ဖို့ အကြံပေးပါတော့တယ်လေ။ (ဂျီပီ မြန်မာပြည်ပြန်ရောက်ပြီးအဲဒီဆုကြီးကို ရရှိသွားလို့ အခုမြို့နယ် ၅ မြို့နယ်မှာ တယ်လီကော်မြူနီကေးရှင်း စီအမ်အီး အစီအစဉ်တွေစတင်နေပါပြီတဲ့)။ (ဒါကို အယ်ဒီတာက မပြောပေးလို့ ဂျီပီ့ဟာဂျီပီပဲ တည့်ပြောလိုက်ပါပြီတဲ့)။

## ခရစ္စမတ်ပွဲတော်

တစ်ခြားဟမ်းဖရေးတွေက ခရစ္စမတ်ပွဲတော်မှာ အနားယူခရီးထွက်ကြတဲ့အချိန်မှာ၊ ဂျီပီတစ်ယောက်မှာတော့ ရပ်သာဗို့ဆေးရုံ အရေးပေါ်ခန်းနဲ့ လက်ကိုမလည်ရပါဘူးတဲ့။ အိုမန်နိုင်ငံက ဟမ်းဖရေးဆိုရင် သူ့နိုင်ငံတောင်ခေတ္တ ခဏပြန်သွားပြီးမိသားစုနဲ့ ခရစ္စမတ်ပွဲနွှဲလိုက်ပါသေးသတဲ့လေ။ ခရစ္စမတ်နေ့မှာ ဆေးရုံ ကဖီတေးရီးယား (Cafeteria ) က၊ အစားအစာတွေ၊ တစ်နေကုန် အလကားကျွေးပါတယ်။ ခါတိုင်းဆိုရင်၊ တစ်နပ်သွားစားရင်အနည်းဆုံး ၆ ဒေါ်လာကျော် ကုန်ကျတယ်။ ဆေးရုံတစ်ရုံလုံးလည်း မီးရောင်စုံတွေနဲ့ ခရစ္စမတ်ထရီးတွေနဲ့ပြည့်နှက်လို့နေပါ တော့တယ်၊ ရပ်သာဗို့တန်မြို့ထဲကို လျှောက်ကြည့်တော့၊ ခရစ္စမတ်ထရီးတွေကို လမ်းမအလယ်က ဓာတ်ကြိုးတွေပေါ်မှာ တန်ဆာဆင်ထားတာတွေတွေ့ရတယ်။ ဆေးရုံကဆရာဝန်တွေတော် တော်များများလည်း ခရီးထွက်ကုန်ကြလို့ အီး-အာရ် ထဲမှာ ဂျီပီတစ်ယောက်ရယ်၊ အက်ဖ်ပီတစ် ယောက်ရယ်။ ပီအေ နှစ်ယောက်ရယ်။



www.burmeseclassic.com

www.burmeseclassic.com

## အမေရိကားရောက် ဒေါက်တာဂျီပီ

ဒါပဲကျန်တော့တယ်။ အမေရိကားရဲ့တခြားမြို့တွေမှာ ကျင်းပတဲ့ ခရစ္စမတ်ပွဲဟာ စည်ကားသလောက် ရပ်သာဖို့ဆေးရုံရဲ့ ခရစ္စမတ်ညဟာဖြင့် ခြောက်ခြောက်ကပ်ကပ်နဲ့ ပဲပြီးသွားရပါတော့တယ်။ ဂျီပီတစ်ယောက် ညပိုင်းမှာ တီဗီချယ်နယ်ပေါင်းစုံပေါ်ကနေပဲ အမေရိကားရဲ့ခရစ္စမတ်ပွဲကို ဆင်နွှဲလိုက်ရပါတော့သတဲ့လေ။ ချန်ကုန်က၊ တအိမ် ဝင်တအိမ်ထွက် မျက်မမြင်တွေရဲ့ ကာရိုစင်း ( Carol Sing )တွေကိုသတိရလိုက်တာ။

### နှစ်သစ်ကူးပွဲတော်

ရပ်သာဖို့မှာနေတုံး နောက်ထပ်ဂျီပီကြုံခဲ့တာက နှစ်သစ်ကူးပွဲတော်ပဲဖြစ်ပါတယ်။ (ရင်ခေါင်း) ဆရာဝန်ကြီးဒေါက်တာရှေးဖါးက သူ့ရဲအိမ်ဝင်းထဲကိုဖိတ်မန္တကပြုပြီး ဆေးရုံအသိုင်းအဝိုင်းကသူတွေနဲ့ပျော်ပွဲရွှင်ပွဲတွေလုပ်ကြပါကယ်။ ကလေးတွေနဲ့လူကြီးတွေနဲ့ရောပြီး အသင်းနှစ်သင်းခွဲလို့ အမေရိကန်ဖွတ်ဘောဆိုတာကိုကစားကြရပါတယ်လေ။ သူတို့က။ ဂျီပီတို့မြင်တွေ့နေကျ၊ ကစားနေကျ ကန်ကစားတဲ့ဘောလုံးပွဲကို ဆော်ကာ (Soccer) လို့ခေါ်ပြီး။ ခြေထောက်နဲ့မကန်ပဲ၊ လက်နဲ့ လုကစားရတဲ့ဘောလုံးရှည်ရှည်ကိုကျတော့၊ ဖွတ်ဘော (Football )လို့ခေါ်သတဲ့။ အဲ့ဒီဖွတ် ဘောကိုမှ သူတို့ရဲ့အမေရိကန်ဖွတ်ဘောပါတဲ့လေ။ စင်တာ (Center)စပေးတော့ ပုခုန်းတွေ ညွတ်ပြီးဘောလုံးရှည်ရှည်ကို စ လုကြရတယ်။ ပုခုန်းချင်းလည်းယှဉ်တိုက်ရတာတွေပါတယ်။ ဝမ်းလျားမှောက်လှဲပြီး လူတွေတစ်ထပ်ကြီးလဲကျလို့လုရတာလည်းပါတယ်။ ပေါင်ကြားကနေ နောက်ပြန်ပစ်ပေးတာတွေလည်းပါတယ်။ ဘယ်လိုစည်းကမ်းတွေလည်းမသိပါဘူး။ လူတော့ တော်တော့်ကိုချွေးထွက်ပြီး ပင်ပန်းသွားတာပါပဲ။ ဖွတ်ဘောကစားကြပြီးတော့ ဖရစ်စ်ဘီ ( Frisbee)လို့ ခေါ်တဲ့ ပလတ်စတစ်ပြားဝိုင်းပစ်တာကိုလည်း ခလေးတွေနဲ့ယှဉ်ပြိုင်ကစားကြရပြန်တယ်လေ။ ကစားလို့မောကြတော့ အမေရိကန်တောင်ပိုင်းသားတွေရဲ့ရိုးရာ စားသောက်ပွဲလေးကို တည်ခင်းကြပါတယ်။ နှစ်သစ်ကူးမှာကုသိုလ်ကံတွေကောင်းကြဖို့အတွက် ဘလက်အိုင်းပီး (Black-eyed pea) လို့ခေါ်တဲ့ မျက်ဆံအနက်ပါတဲ့ ပဲလွန်းလေးတွေကို သံလွင်ဆီနဲ့ရောပြီးရှုံးပတီနဲ့ချက်ပြုတ်ထားတဲ့ဟင်းပါပဲ။ အဲဒါကို ပေါင်မုန့်လုံးလေးတွေနဲ့စားကြရတာဖြစ်ပါတယ်။ ဟင်းနာမယ်က ဟော့ပင်းဂျွန် (Hoppin' John ) လို့ခေါ်တယ်။ ဒီဟင်းကို မစားခင် ခလေးတွေက စားပွဲကို တစ်ပတ်ပတ်ပြီးခုန်ကြရတယ်။ သူတို့နောက်ကလူကြီးတွေက လိုက်ခုန်ပြီးမှ ဟင်းကိုစားကြရတာ။ အဲဒီ မျက်ဆံနက်ပဲ ဟာဟိုးတုံးက ကျွဲနွားတွေကိုကျွေးတာမို့လို့ ကောင်းပီး ( Cow pea ) လို့လဲခေါ်ပါသတဲ့ ။ နောက်ပိုင်းမှာကျတော့၊ အမေရိကန်တောင်ပိုင်းသားတွေရဲ့နှစ်သစ်ကူးပွဲမှာ၊ ကောင်းချီးပဏ္ဏာတွေနဲ့ပြည့်စုံစေမယ့် အတိတ်နမိတ်လက္ခဏာအဖြစ်၊ ဟော့ပင်းဂျွန်ဟင်းနဲ့ကျွေးမွေး ညှိခံကြတယ်လို့ဆိုပါတယ်လေ။ အဲ့သလိုနဲ့ ဒေါက်တာဂျီပီဟာ ။



www.burmeseclassic.com

www.burmeseclassic.com



# အမေရိကားရောက်ဒေါက်တာဂျီပီပုံပြင် – ၁၂

(The Story of Dr. Gee Pee in America)

Narrator: ပုံပြောသူ။
ဒေါက်တာမြင့်ဦး (အလုံ)

(စရဏမဂ္ဂဇင်း။ အတွဲ - ၂။ အမှတ် - ၈။ ဖေဖော်ဝါရီလ - ၂၀၀၆။ တွင် ဖော်ပြပါရှိပြီး)။

၁၂။ ဟာလိုဝီးပွဲတော်နွဲပျော်ပျော်။
နယူးရောက်ကဟက်ပီးနယူးရီးယား။



www.burmeseclassic.com

www.burmeseclassic.com



တစ်လကိုပုံတစ်ပုံစီနဲ့ ပုံပြင်တွေပြောလာလိုက်တာ၊ ဟိုတစ်ပုံဒီတစ်ပုံနဲ့ များပုံလို့ထားလိုက်ရင်၊ ၁၂ ပုံတောင်တင်းတင်းပြည့်ခဲ့ပြီပေါ့။ ကျန်တဲ့အပုံတွေကို ဆက်ပုံလိုက်ဦးမယ်ဆိုပြန်ရင်တော့ (မနဲကို ရှောင်နှင်းနေရမယ်ထင်ပါရဲ့)။ ဒီလောက်အပုံတွေရလာပြီဆိုမှတော့ ဂျီပီ့ကို "လုံးချင်း" စာအုပ် ထုတ်ပါလားတဲ့။ ရုပ်ရှင်ကုမ္ပဏီကြီးတစ်ခုကဆိုရင်၊ ဆရာဝန်အသင်းတိုက်ရဲ့ ပါမောက္ခ ကြီးတစ်ဦးဆီကို ကိုယ်တိုင်ရောက်လာပြီး၊ ဂျီပီပုံပြင်ကိုရုပ်ရှင်ရိုက်ပါရစေဆိုလို့တောင် ကမ်းလှမ်းလာတယ်ဆိုပဲ။ အလဲ့။ ဒေါက်တာဂျီပီတစ်ယောက်တော့ ပုံပြောကောင်းလို့ ရုပ်ရှင်မင်းသားဖြစ်ရချည်သေးရဲ့။ (ဒီသတင်းကိုအပြင်မှာသိပ်မပြောကြပါနဲ့အုံး။ တော်ကြာ အိပ်ဖမ်ပယ်မင်းသား ထွန်းထွန်း တစ်ယောက် ကြားသွားလို့ မျက်ခုံးလှုပ်နေပါဦးမယ်)။ တကယ်ဆို ဂျီပီကိုယ်တော်ချောက ဂျွန်ဆော တို့လိုရုပ်မြင်သံကြားဇာတ်လမ်းတွဲမျိုးမှလွှင့်ထုတ်ချင်နေတာဆိုပါလား။ စပွန်ဆာများရလို့ကတော့ "ဂျီပီဆော"– အမေရိကန်ဇာတ်လမ်းတွဲဆိုပြီးပါလာတော့မှာနော။ ဘယ့်နှယ်လဲ။ စပွန်ဆာ လုပ်ပေး ကြဦးမှာလား။ အခုတော့ (ရုပ်ရှင်မင်းသားလောင်း) ဒေါက်တာဂျီပီဟာ။ ဆေးကုမ္ပဏီတွေရဲ့ စပွန်ဆာနဲ့ပဲ။ နယ်မြို့တွေရဲ့ ဆရာဝန်ညီလာခံတွေကိုလိုက်ပါသွားနေရပြီး ညီလာခံ ညဖက်ညည့်ခံပွဲ တွေမှာ (လှုပ်လှုပ် လှုပ်လှုပ်နဲ့) သီချင်းတွေတက်ဆိုရင်း။ အမှုအယာတွေလုပ်ပြရင်းနဲ့ပဲ ကျေနပ်နေရပါ သတဲ့လေ။ သူ့ကို ပန်းကုံးတွေစွပ်ပေးကြ၊ အော်တိုတွေရေး ခိုင်းကြတာတွေလောက်နဲ့ကို အားမရလှချင် တော့ပါဘူးတဲ့။ ဒါ့ကြောင့် ဂျီပီဆော ဖြစ်သွားအောင် မြန်မြန်လေးကူညီပေးလိုက်ကြစမ်းပါနော်။ အဲ့သလို နဲ့။

ဒီလပုံပြင်ကိုမစခင် အရင်လကပြတ်ကျန်ခဲ့တဲ့ ပုံပြင်လက်စလေးကိုအရင် အဆုံးသတ် လိုက်ကြရအောင်။

## ဗွီဒီယိုကွန်ဖရင့်စီအမ်အီး (Videoconferencing CME)

ရုပ်သာဖို့ဆေးရုံကြီးကလည်းကြီးကြီး။ ဆရာဝန်တွေကလည်းများများဆိုတော့။ သူတို့အတွက် ပဲ့ ဆက်မပြတ်ဆေးပညာသင်ကြားရေးလို့ခေါ်တဲ့ စီအမ်အီးအစီအစဉ်တွေကို ရုပ်သဖို့တောင်တန်း ဒေသဆေးပညာသင်ကြားရေးကောင်စီက တစ်လကိုနှစ်ကြိမ်စီမံပြုလုပ်ပေးရပါတယ်။ ဆေးကုမ္ပဏီ တွေကလည်းပံ့ပိုးကူညီမှုတွေပေးကြပါတယ်။ ဒီဇင်ဘာ ဒုတိယအပတ်မှာ ကျင်းပတဲ့စီအမ်အီး အစီ အစဉ်ကို မြောက်ကယ်ရိုလိုင်းနားတက္ကသိုလ် (ယူအင်စီ) ဆေးကျောင်းကြီးရဲ့ ပါမောက္ခ ကင်းမ်အယ်အိုင် ဇက်က နာတာရှည်အူရောင်ခြင်း (Inflammatory Bowel Disease ) ဆိုတဲ့ ခေါင်းစဉ်နဲ့ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဆေးရုံစီအမ်အီးခန်းမဆောင်မှာဆရာဝန်တွေစုပြီး အကျွေးအမွေးနဲ့စတင်ညည့်ခံပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

## အမေရိကားရောက် ဒေါက်တာကျီပီ

ဆွေးနွေးမှုတွေကို စခရင်အကြီးကြီးပေါ်မှာပေါ်လာဖို့အတွက် ဗွီဒီယိုစက်နဲ့ချိတ်ဆက်ပြီး ကွန်ပျူတာကနေ ယူအင်စီနဲ့ဆက်သွယ်မှုပြုရပါတယ်။ ယူအင်စီပါမောက္ခက သူ့ဆေးကျောင်းမှာ တခြားဆရာဝန်တွေကို ဟောပြောပို့ချနေတာကို၊ အခု ကျီပီတို့ဆေးရုံကနေ ဆက်သွယ်ပြီးဝင်ရောက်နားထောင်ဆွေးနွေးပါဝင်ကြရမှာဖြစ်ပါတယ်။ တစ်နေရာနဲ့တစ်နေရာ မိုင် (၂၀၀) ကျော်ဝေးပါတယ်။ တစ်ဖက်နဲ့တစ်ဖက် ဆရာဝန်တွေ အချင်းချင်း မိတ်ဆက်နေကြပါပြီ၊ ကျီပီကထပြီးမိတ်ဆက်လိုက်တာကို၊ တစ်ဖက်ဆရာဝန်တစ်ယောက်က ဗမာနဲ့မြန်မာ ခွဲခြားပြီးပြန်မေးနေလို့ အများသိအောင်ရှင်းပြလိုက်ရပါသေးတယ်။ သူတို့ယူအင်စီက ဆရာဝန်တွေငြင်း ခုံနေကြတာတွေကို ကျီပီတို့ဆီကလည်းဝင်ပါလို့ရတာပေါ့။ အဲ့သလိုမျိုး ဒီဗွီစီလို့ခေါ်တဲ့ (Digital Video Conferencing) တွေကို အမေရိကန်တစ်ဝှန်းမှာတော်တော့်ကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေတာတွေတွေ့ခဲ့ရပါတယ်။ တစ်နေရာစီမှာရှိနေတဲ့ဆွေးနွေးပွဲခန်းမ နှစ်ခုကို (ပိတ်ကားပေါ်မှာ) ဆက်သွယ်ပြီး တစ်ပြိုင်ထည်း တစ်ခုထည်း အနေနဲ့ဆွေးနွေးကြတဲ့ပွဲပါပဲ။ ဗွီဒီယိုကွန်ဖရင့်လည်းတက်ပြီးပါရော၊ ကျီပီတစ်ယောက်မြန်မာပြည်ပြန်ရောက်ရင် ကျီပီအဖွဲ့ကြီးမှာ ဒါမျိုးတွေပြန်လုပ်မယ်ဆိုပြီး ရောဂါထနေပါလေရောတဲ့။ ဒါနဲ့ ကျီပီ့ရဲ့ဘော့စ် ဒေါက်တာရီးစ်က ဟမ်းဖရေးအစီ အစဉ်ကနေချီးမြှင့်နေတဲ့ အလမ်မနီအင်ပက်အဝဝ် (Alumni Impact Award ) ဆိုတဲ့ဆုကြီးကို လျှောက်ထားကြည့်ဖို့အကြံပေးပါတော့တယ်လေ။ (ကျီပီ မြန်မာပြည်ပြန်ရောက်ပြီးအဲဒီဆုကြီးကို ရရှိသွားလို့ အခုမြို့နယ် ၅ မြို့နယ်မှာ တယ်လီကော်မြူနီကေးရှင်း စီအမ်အီး အစီအစဉ် တွေစတင်နေပါပြီတဲ့)။ (ဒီသတင်းကိုတယ်သူမှ မဖြန့်ခင် ကျီပီ့ဟာကျီပီပဲ ပုံပြင်ထဲမှာထည့်ပြောလိုက်ပါပြီတဲ့နော်)။

### ခရစ္စမတ်ပွဲတော်

တစ်ခြားဟမ်းဖရေးတွေက ခရစ္စမတ်ပွဲတော်မှာ အနားယူခရီးထွက်ကြတဲ့အချိန်မှာ။ ကျီပီတစ်ယောက်မှာတော့ ရပ်သာဖို့ဆေးရုံ အရေးပေါ်ခန်းနဲ့ လက်ကိုမလည်ရပါဘူးတဲ့။ အိုမန်နိုင်ငံက ဟမ်းဖရေးဆိုရင် သူ့နိုင်ငံတောင်ခေတ္တ ခဏပြန်သွားပြီးမိသားစုနဲ့ ခရစ္စမတ်ပွဲနွှဲလိုက်ပါသေးသတဲ့လေ။ ခရစ္စမတ်နေ့မှာ ဆေးရုံ ကဖီတေးရီးယား (Cafeteria ) က၊ အစားအစာတွေ၊ တစ်နေကုန် အလကားကျွေးပါတယ်။ ခါတိုင်းဆိုရင်၊ တစ်နပ်သွားစားရင်အနည်းဆုံး ၆ ဒေါ်လာကျော် ကုန်ကျတယ်။ ဆေးရုံတစ်ရုံလုံးလည်း မီးရောင်စုံတွေနဲ့ ခရစ္စမတ်ထရီးတွေနဲ့ပြည့်နှက်လို့နေပါ တော့တယ်။ ရပ်သာဖို့တန်မြို့ထဲကို လျှောက်ကြည့်တော့၊ ခရစ္စမတ်ထရီးတွေကို လမ်းမအလယ်က ဓာတ်ကြိုးတွေပေါ်မှာ တန်ဆာဆင်ထားတာတွေတွေ့ရတယ်။ ဆေးရုံကဆရာဝန်တွေတော် တော်များများလည်း ခရီးထွက်ကုန်ကြလို့ အီး–အာရ် ထဲမှာ ကျီပီတစ်ယောက်ရယ်၊ အက်ဖ်ပီတစ် ယောက်ရယ်။ ပီအေ နှစ်ယောက်ရယ်။ ဒါပဲကျန်တော့တယ်။ အမေရိကားရဲ့တခြားမြို့တွေမှာ ကျင်းပတဲ့ ခရစ္စမတ်ပွဲဟာ စည်ကားသလောက် ရပ်သာဖို့ဆေးရုံရဲ့ ခရစ္စမတ်ညဟာဖြင့် ခြောက်ခြောက်ကပ်ကပ်နဲ့ ပဲပြီးသွားရပါတော့တယ်။ ကျီပီတစ်ယောက် ညပိုင်းမှာ တီဗီချယ်နယ်ပေါင်းစုံပေါ်ကနေပဲ အမေရိကားရဲ့ခရစ္စမတ်ပွဲကို ဆင်နွှဲလိုက်ရပါတော့သတဲ့လေ။ ရန်ကုန်က၊ တအိမ် ဝင်တအိမ်ထွက် မျက်မမြင်တွေရဲ့ ကာရိုစင်း ( Carol Sing )တွေကိုသတိရလိုက်တာ။

www.burmeseclassic.com

## ဒေါက်တာမြင့်ဦး (ဂျီပီ)

## နှစ်သစ်ကူးပွဲတော်

ရပ်သာဖို့မှာနေတုံး နောက်ထပ်ဂျီပီကြုံခဲ့တာက နှစ်သစ်ကူးပွဲတော်ပဲဖြစ်ပါတယ်။ (ရင်ခေါင်း) ဆရာဝန်ကြီးဒေါက်တာရှေးဖါးက သူ့ရဲအိမ်ဝင်းထဲကိုဖိတ်မန္တကပြုပြီး ဆေးရုံအသိုင်းအဝိုင်းကသူတွေနဲ့ပျော်ပွဲရွှင်ပွဲတွေလုပ်ကြပါတယ်။ ကလေးတွေနဲ့လူကြီးတွေနဲ့ရောပြီး အသင်းနှစ်သင်းခွဲလို့ အမေရိကန်ဖွတ်ဘောဆိုတာကိုကစားကြရပါတယ်လေ။ သူတို့က။ ဂျီပီတို့မြင်တွေ့နေကျ၊ ကစားနေ ကျကန်ကစားတဲ့ဘောလုံးပွဲကို ဆော်ကာ (Soccer) လို့ခေါ်ပြီး။ ခြေထောက်နဲ့မကန်ပဲ၊ လက်နဲ့ လုကစားရတဲ့ဘောလုံးရှည်ရှည်ကိုကျတော့၊ ဖွတ်ဘော (Football )လို့ခေါ်သတဲ့။ အဲ့ဒီဖွတ် ဘောကိုမှ သူတို့ရဲ့အမေရိကန်ဖွတ်ဘောပါတဲ့လေ။ စင်တာ (Center)စပေးတော့ ပုခုန်းတွေ ညှတ်ပြီးဘောလုံးရှည်ရှည်ကို စ လုကြရတယ်။ ပုခုန်းချင်းလည်းယှဉ်တိုက်ရတာတွေပါတယ်။ ဝမ်းလျားမှောက်လှဲပြီး လူတွေတစ်ထပ်ကြီးလဲကျလို့လုရတာလည်းပါတယ်။ ပေါင်ကြားကနေ နောက်ပြန်ပစ်ပေးတာတွေလည်းပါတယ်။ ဘယ်လိုစည်းကမ်းတွေလည်းမသိပါဘူး။ လူတော့ တော်တော့ကိုချွေးထွက်ပြီး ပင်ပန်းသွားတာပါပဲ။ ဖွတ်ဘောကစားကြပြီးတော့ ဖရစ်စ်ဘီ ( Frisbee)လို့ ခေါ်တဲ့ ပလတ်စတစ်ပြားဝိုင်းပစ်တာကိုလည်း ခလေးတွေနဲ့ယှဉ်ပြိုင်ကစားကြပြန်တယ်လေ။ ကစားလို့မောကြတော့ အမေရိကန်တောင်ပိုင်းသားတွေရဲ့ရိုးရာ စားသောက်ပွဲလေးကို တည်ခင်းကြပါတယ်။ နှစ်သစ်ကူးမှာကုသိုလ်ကံတွေကောင်းကြဖို့အတွက် ဘလက်အိုင်းပီး (Black-eyed pea) လို့ခေါ်တဲ့ မျက်ဆံအနက်ပါတဲ့ ပဲလွှန်းလေးတွေကို သံလွင်ဆီနဲ့ရောပြီးရိုးပတီနဲ့ချက်ပြုတ်ထား တဲ့ဟင်းပါပဲ။ အဲဒါကို ပေါင်မုန့်လုံးလေးတွေနဲ့စားကြရတာဖြစ်ပါတယ်။ ဟင်းနာမယ်က ဟော့ပင်းဂျွန် (Hoppin' John ) လို့ခေါ်တယ်။ ဒီဟင်းကိုမစားခင် ခလေးတွေက စားပွဲကို တစ်ပတ်ပတ်ပြီးခုန်ကြရတယ်။ သူတို့နောက်ကလူကြီးတွေကလိုက်ခုန်ပြီးမှ ဟင်းကိုစားကြရတာ။ အဲဒီ မျက်ဆံနက်ပဲ ဟာဟိုးတုံးက ကျွဲနွားတွေကိုကျွေးတာမို့လို့ ကောင်းပီး ( Cow pea ) လို့လဲခေါ်ပါသတဲ့ ။ နောက်ပိုင်းမှာကျတော့၊ အမေရိကန်တောင်ပိုင်းသားတွေရဲ့နှစ်သစ်ကူးပွဲမှာ၊ ကောင်းချီးပဏ္ဏာတွေနဲ့ပြည့်စုံစေမယ့် အတိတ်နမိတ်လက္ခဏာအဖြစ်၊ ဟော့ပင်းဂျွန်ဟင်းနဲ့ကျွေးမွေး ဧည့်ခံကြတယ်လို့ဆိုပါတယ်လေ။ အဲ့သလိုနဲ့ ဒေါက်တာဂျီပီဟာ့။

ကဲ။ အခုမှ ဒီလရဲ့ပုံပြင်ကစပါပြီတဲ့ဗျား။

ဒေါက်တာဂျီပီဟာ အမေရိကားကပြန်ရောက်လာပြီးတဲ့နောက်၊ သူအရင်လုပ်နေကျ သူ့ဆေးခန်းကလေးထဲကိုဝင်ပြီး သူကိုယ်တိုင်ပြန်ထိုင်ကြည့်တဲ့အခါ၊ အရင်တုံးကလိပ်ပြာငယ်ကလေးအသွင်နဲ့ သွားချင်ရာသွား၊ နားချင်ရာနားနေတဲ့ဘဝကနေ အခုတော့ပိုးတုံးလုံးလေးအသွင်ပြောင်းလို့ ပိုးအိမ်ကလေးထဲကိုပြန်ဝင်လိုက်ရသလိုပါပဲတဲ့။ သူ့ဆေးခန်းကလည်းကျဉ်းသွားသလိုမျိုးတဲ့။ ကျဉ်းရုံမကမှောင်ကလည်းမှောင်လို့တဲ့။ သူထိုင်တဲ့ကုလားထိုင်ကို ဆုံလည်အမှတ်နဲ့ လက်ကိုင်ကိုကိုင်ပြီးယောင်လို့တောင် ခဏခဏလှည့်လှည့်မိပါသတဲ့။ လူနာတွေကိုလည်း ဘိုလို ပြောလိုပြောနဲ့တဲ့။ (ဘူးရိုတော့မဖြစ်သေးပါဘူးနော်)။ အိမ်ရောက်တော့လည်းရေချိုးခန်းထဲမှာ ရေစိမ်ရမယ့်ကြွေဇလားကမရှိနဲ့။ ရေဖလားနဲ့ရေခပ်ချိုးရတာကိုလက်ညောင်းသတဲ့လေ။ ရေပူဖွင့်ဖို့ဆိုတာဝေလာဝေး။ ရေစက်ကိုမောင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ရေတင်တဲ့ အလုပ်ကိုသူကိုယ်တိုင်လုပ်နေရပြန်ပါရော။ အင်တာနက်လည်း တက်၍လို့မရဆိုပြန်တော့ ဟိုတုံးက အင်တင်နာ (antenna) ဦးမှင်လေး၊ ဦးခေါင်းမှာထောင်နေတဲ့ လိပ်ပြာလေးဘဝကိုပြန်လွမ်းပြီ။ သက်တန့်ပေါ်မှာကစားချင်ရတာနဲ့၊ ဟမ်ဘာဂါစားချင်ရတာနဲ့၊ ပီဇာ (Pizza)အရူးထွက်ရတာနဲ့ သူ့ခမျာ တော်တော့်ကိုအစီ အငေါ်မတည့်ဖြစ်နေရပါသတဲ့လေ။ သူပြန်လွမ်းတာတွေထဲမှာ အမေရိကားရဲ့ပွဲတော်တကာတွေမှာ နွဲ့ပျော်လာခဲ့တဲ့ အကြောင်းတွေပါတာပေါ့။ သူ့ရဲ့အကြိုက်ဆုံးပွဲတော်က ဟာလိုဝီးန် ဆိုလားပဲ။ ကဲ ။ သူဘယ်လို ပျော်မြူးခဲ့သလဲဆိုတာတွေကို ကြည့်ကြည့်လိုက်ကြရအောင်။

## ဟာလိုဝီးန်ပွဲတော် (Halloween)

ရန်ကုန်မှာတုန်းက ဟာလိုဝီးန်ဆိုတာကို သူရဲခြောက်တဲ့ပွဲလို့ပဲ ထင်ခဲ့ပြီးတွေးကြောက်နေခဲ့မိပါတယ်တဲ့။ အခုတော့ ဂျီပီကိုယ်တိုင် (သူရဲ) အဝတ်အစားတွေဝတ်ပြီးပျော်ပါးနေပြန်ပါပြီ။ ယူအင် စီ တက္ကသိုလ်ဝင်းနဲ့ ဖရန်ကလင်လမ်းတစ်လျှောက်မှာသူရဲတွေမှ ပြည့်လို့။ အစွယ်ငေါ်ငေါ် လည်းပါတယ်။ မျောက်ယောင်ဆောင်တဲ့သူရဲ။ လိပ်ပြာတုသူရဲ။ ခေါင်းစွပ်သူရဲ၊ ခေါင်းပြတ်သူရဲ။ လျှာတစ်လစ်သူရဲ။ အူတန်းလမ်းသူရဲ။ ဂျိုထောင်သူရဲ။ အရိုးခေါင်းသူရဲ။ အရှည်ကြီးသူရဲ။ အပုလေးသူရဲ။ (ဗမာသူရဲတွေနဲ့ကွာတာက။ ပုဆိုးခေါင်းမြီးခြုံတာတို့၊ ထမီရင်လျားတာတို့မတွေ့ရဘူး။ ဆေးလိပ်မဖွါဘူး။ ခုံတိနှပ်စီးတာမရှိဘူး၊ ဆံပင်ဖါးလျားမချဘူး)။ သူတို့ကဘိုသူရဲတွေလေ၊ ဒီတော့ ဆံပင်တွေကလိမ်ကျစ်လိမ်ကျစ်နဲ့။ ဆံပင်အပြာဆိုးရတာနဲ့၊ ဆံပင်အဝါဆိုးရတာနဲ့။ တံမြက်စည်းကို မြင်းလုပ်စီးရတာနဲ့။ အဲ့သလိုသူရဲတွေ။ သူရဲတကာ့သူရဲတွေရဲ့ အသံဗလံတွေကလည်း တစ်လမ်းလုံးကိုဆူလို့ညံလို့ပါပဲ။






www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာမြင့်ဦး (ဂျီပီ)



အိမ်ရှေ့ဖိနပ်ချွတ်မှာ ဟာလိုဝီးန် သူရဲများကို ကြိုဆိုနေသော ဖရုံသီးမီးပုံများ

သြော်နှာနှာနဲ့ ခလေးသူရဲအုပ်စုကလည်းပါလိုက်သေးတယ်။ ဂျီပီပါဝင်တဲ့ယူအင်စီ (ပေါက်ကျိုင်းသူရဲ) တွေကတော့ အုပ်စုဖွဲ့ပြီးပါမောက္ခ စတက်မန်း အိမ်ကိုသွားလို့ တံခါးခေါက်နေကြပါလေပြီ။ ဒေါက်ဒေါက်။ ဘယ်သူလဲ။ ထြစ်ကထြိ၊ ထြစ်ကထြိ (Trick or Treat) တဲ့။ (သူရဲကပြန်ပြောရတယ်)။ အစိပ္ပါယ်ကတော့ ဂုက်ချီးခံမလား၊ ဒါမှမဟုတ် ငါ့ကို စားစရာပေးမလား၊ ကြိုက်တာရွေးပေါ့။ အမလေး၊ မခြောက်လိုက်ပါနဲ့ သူရဲရယ်။ လိုချင်တာတွေပေးပါ့မယ်ဆိုပြီး သကြားလုံးတွေ၊ စားစရာတွေကို သူရဲရဲ့အိပ်ထဲကို ထည့်ပေးရတယ်။ ပိုက်ဆံတစ်ချို့ပါထည့်ပေးလိုက်တတ်ကြသေးတယ်။ ဂျီပီတို့ခလေးဘဝတုံးက မစာဉ ကစားသလိုမျိုးပေါ့။ ဒေါက်ဒေါက်၊ ဘယ်သူလဲ၊ မစာဉ ဆိုတာနဲ့ ခပ်ဆင်ဆင်တူတယ်။ သူတို့တွေက ခလေးတွေရော၊ လူကြီးတွေပါ မစာဉ လုပ်ကြတာ။ ထြစ်ကထိ၊ ထြစ်ကထြိ။ "ပူးပဲ၊ ကိုက်စားမယ်" နဲ့လိုက်ခြောက်နေကြတာ။ စားစရာပေးချင်ရှာတဲ့အိမ်တွေက၊ ရွှေဖရုံ သီးကြီးတွေမှာ အပေါက်ဖေါက်လို့ သွားဖြဲဖြဲနဲ့သူရဲမျက်နှာပုံတွေထွင်းပြီး၊ သူတို့အိမ်တွေရဲ့ ဖိနပ် ချွတ်တို့၊ ပြူတင်းပေါက်တို့မှာချထားပြီး ထြစ်ကထြိလုပ်လာမယ့် (မစာဉ) တွေကိုကြိုဆိုအသိပေးထားတတ်ကြပါတယ်၊ အဲဒီဖရုံသီးထဲမှာမီးထွန်းထားပြီး မီးပုံးဖရုံသီးလေးလုပ်ထားကြတာ ပေါ့။ ဖရုံမီးပုံးနဘေးမှာ မစာဉ ဝဲ့အတွက်အစားအစာတွေကိုလည်းချထားပေးတတ်ကြလေရဲ့။ အိမ်တိုင်းလိုလို (ဆိုင်တိုင်းလိုလို) ရဲ့ဖိနပ်ချွတ်တွေမှာရွှေဖရုံသီးတွေချပေးထားပြီး ဟာလိုဝီးန်ကို ကြိုဆိုနေကြပါတယ်။ ဂျီပီ (မစာဉသူရဲမ)ကတော့ ပျော်ချင်တိုင်းပျော်၊ အော်ချင်တိုင်းအော်လို့ နေတော့တာပေါ့လေ။ တစ်အိမ်တက်ဆင်း၊ လိုက်ပြီးထြစ်ကထြိ လိုက်ကြတာ၊ ည ၁၀ နာရီ တောင်မထိုးသေးပါဘူး။ စားစရာ (သကြားလုံး) တွေတစ်အိပ်ကြီးနဲ့ ဒေါ်လာ ၄၀၀ ကျော်ရနေ ပါပြီတဲ့။ ကြည့်ပါအုံး သူရဲလုပ်ရတာ။ ဘယ်လောက်ဟန်ကျလိုက်သလဲလို့။ အမေရိကန်တွေ၊ ဟာလိုဝီးန်ကို ဘယ်လောက်အထိခရေးဖီးဖြင့်



www.burmeseclassic.com

www.burmeseclassic.com

## အမေရိကားရောက် ဒေါက်တာ ဂျီပီ



ကလေးသူရဲများရဲ့ (Trick or Treat)

ကြားလဲဆိုရင် အဲ့ဒီနေ့အတွက် အမေရိကန် တစ်နိုင်ငံလုံးရဲ့ သကြားလုံးရောင်းအားငွေဟာ ၁.၇၇ ဘီလီယံကျော်ပါသတဲ့။ သကြားလုံး၊ သကြားပြား၊ သကြားကောက်၊ သကြားတုတ်ချောင်း၊ သကြား ရုပ်စုံအကုန်ပါတာပေါ့။ ဂျီပီတစ်ယောက်တော့ မစားဦး လုပ်ရတာပျော်လွန်းလို့ နေ့တိုင်း ရယ်သာ ဟာလိုဝီးဖြစ်ပါစေတော့တဲ့လေ။ နှစ်စဉ် အောက်တိုဘာ (၃၁) ရက်နေ့မှာအမေရိကန်၊ ယူကေ၊ ကနေဒါ စတဲ့နိုင်ငံတစ်ဝှန်းမှာ ဟာလိုဝီးပွဲတော်ကိုကျင်းပကြပါတယ်။ သေဆုံးပြီးသူများရဲ့ဝိဉာဏ်များဟာ အဲဒီနေ့မှာ ရှင်သန်ထမြောက်လာကြတယ်လို့ဆိုပါတယ်။ မသေခင်တုံးက မကျေနပ်ချက်တွေနဲ့ သေသွားရတဲ့သူတွေ ဟာ၊ သူတို့နဲ့ အတူနေခဲ့ကြတဲ့ ရှင်လူတွေဆီကို (သူရဲ) ခြောက်ပြီဒုက္ခပေးမှာဆိုးလို့၊ ရှင်လူတွေက သူတို့နဲ့ ရောနှောသွားအောင် သူရဲလိုပြန်ဝတ်ပြီး အစားအသောက်တွေပေး၊ ပိုက်ဆံတွေပေး ကြရတယ်လို့ ဆိုကြပါတယ်။ တကယ့်သူရဲကိုမျက်စေ့လည်သွားအောင်လုည့်စားကြတဲ့ပွဲပေပဲပေါ့။ တချို့ကိုကန်တော့တာမဟုတ်ပဲ၊ တချို့ကြီးချော့တဲ့ပွဲလို့ဆိုကြပါစို့။ တစ်ချို့မြို့တွေမှာဆိုရင် သန်းခေါင်ယံ မတိုင်ခင် သူရဲတွေလာစားကြဖို့နဲ့၊ ကိုယ့်ကိုလည်းအနှောက်အယှက်မပေးပဲ၊ သူရဲများ လိုရာခရီးကို ပြန်ကြသွားနိုင်ကြရအောင် (မြို့ပြင်ဇရပ်) မှာ အစားအစာတွေကို ညနေကတည်းကသွားထားလို့ပေးကြတယ် လို့ဆိုပါတယ်။ ကိုယ်ချပေးတဲ့အစားအသောက်တွေကိုသူရဲက ယူသွားပြီဆိုရင်၊ သူရဲလည်း သူ့လိုရာခရီးကိုဆက်သွားနိုင်ပြီဖြစ်လို့၊ ကိုယ့်ကိုလည်းဒုက္ခမပေးနိုင် တော့ဘူးလို့အယူရှိကြပါတယ်။ တကယ်တန်းအစားအစာတွေယူသွားတဲ့သူတွေကတော့ ဂျီပီတို့လို သူရဲဝတ်စုံပြည့်နဲ့ မစားဦးတွေပဲ ဖြစ်ပါတော့တယ်လေ။ ဒါနဲ့ ဖရုံသီးဓာတ်လမ်းလေးကိုပြန်ဆက် ပြောပြရအုံးမယ်၊ ခုနကအပေါက်တွေထွင်း ဖေါက်ထားတဲ့မီးပုံးဖရုံသီးကိုမှတ်မိကြတယ်မှတ်လား၊ အဲဒါကို ဂျက်အိုလင်တန် (Jack o'lantern ) လို့ခေါ်ပါတယ်။ စတင်းဂျီးဂျက် (Stingy Jack) လို့ အမည်ရတဲ့ ဦးကပ်စီးဆိုတဲ့ ကော်တရာလူကြီးဟာ သူသေသွားတဲ့အခါမှာ၊ လူ့ဘဝတုံးက ကပ်စီးနဲလွန်းအားကြီးလို့၊ သူဟာနတ်ပြည်ကိုမရောက်နိုင်ခဲ့ပါဘူးတဲ့။ မိစ္ဆာတွေအပေါ်မှာလည်း လူလည်ကျနိုင်လွန်းတော့ သူ့ကို ငရဲပြည်ကလည်း လက်မခံနိုင် ပြန်ဘူးတဲ့။ ဒါနဲ့ ဦးကပ်စီးတစ်ယောက်ဟာသူရဲ အဖြစ်နဲ့ လူ့ပြည်မှာပဲ၊ ညမှောင်မှောင်တွေ


နယူးယောက်မြို့ တိုင်းစကွဲ လူစည်ကားရာရပ်ကွက်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ သွားလာနေခဲ့ရပါတယ်တဲ့။ သူ့အတွက်အလင်းရောင်ဆိုလို့ မီးသွေးခဲလေးတစ်ခုပဲပိုင်ဆိုင်တော့ တာမို့ အဲ့ဒီမီးခဲလေးကို မုန်လာဥတစ်ဥထဲမှာထွင်းပြီးသိမ်းထားရပါသတဲ့။ တဖြည်းဖြည်းနဲ့ကာလ ရွေ့လျောလာလိုက်တာ။ မုန်လာဥထဲထည့်ထားရာကနေ ဖရုံသီးထဲ မီးလုံးပြောင်းထွန်းတဲ့အကျင့် ဖြစ်ပေါ်လာရပါ သတဲ့လေ။ အမေရိကန်တခွင်လုံးမှာ ပန့်ကင်း (Pumpkin) ဆိုတဲ့ဖရုံသီးတွေကလည်း ပေါမှပေါ။ ဟာလိုဝီးန်ရာသီမှာ ဦးကပ်စီးမီးပုံးတွေကလည်း ပေါမှပေါပေါ့။ အိမ်တွေရဲ့ပြူတင်း ပေါက်မှန်တွေမှာ၊ ဝတ်ရုံနက်ကြီးဝတ်ထားတဲ့စုန်းမကြီး (ဒေါ်အိုဇာ)ရဲ့ တံပြက်စည်းကိုမြင်းပုံလုပ်စီးနေတဲ့ ရုပ်ပုံတွေ၊ ကြောက်စရာကြောင်နက်ကြီးတွေရဲ့ရုပ်ပုံတွေဟာ၊ ဟာလိုဝီးန်ရဲ့ အမှတ်လက္ခဏာ အ ဖြစ်နေရာအနှံ့မှာ တွေ့မြင်နေရတတ်ပါတယ်။ ကဲ၊ ဂျီပီနဲ့အတူ မစာဥ လိုက်မလုပ်ချင်ကြဘူးလား။ ထြစ်ကထြီ။ ထြစ်ကထြီ။

## နယူးယောက်ရဲ့နှစ်သစ်မင်္ဂလာကြိုဆိုပွဲ

နောက်ထပ်ဂျီပီနဲ့ပျော်လိုက်ရတဲ့ ပွဲတော်လေးကတော့ နယူးရီးယားအိမ်လို့ခေါ်ကြတဲ့၊ နှစ်သစ် မင်္ဂလာကြိုဆိုပွဲပါပဲ။ကမ္ဘာအနှံ့မှာ နှစ်သစ်ကူးရောက်တဲ့အခါတိုင်း နှစ်သစ်မင်္ဂလာကိုကြိုဆိုလိုက် ကြတာဟာ၊ ခြိမ့်ခြိမ့်သဲပါပဲဆိုတာကိုပြောဖို့တောင်လိုမယ်မထင်ပါဘူး။ ဘယ်နေရာမှာကြည့် ကြည့်ကြိုဆိုတယ်လို့ပြောပြီး တကယ်တန်းကျတော့ သောင်းကျန်းကြတာတွေကပါနေတယ်လေ။ ရန်ကုန်မှာတောင် (သောင်းကျန်းကြလွန်းလို့) အင်းလျားကန်ဘောင်ကိုတောင်ပိတ်ထားရပြီ မ ဟုတ်ပါလား။ အော်ကြဟစ်ကြကကြခုန်ကြရုံမက ကားချင်းခေါင်းချင်းဆိုင်တိုက်ကြသတဲ့လေ။ အဲဒီလောက်အပျော်လွန်ကြမှတော့။ (ပိတ်တာပဲကောင်းပါတယ်)။ အခုလည်းနယူးရောက်မှာ ဘယ်လောက်သောင်းကျန်းကြသလဲဆိုတာတွေကို ပြောပြရအုံးမယ်။ တိုင်းမ်စကွဲယား (Times Square) ဆိုတာ နယူးရောက်မြို့ကြီးရဲ့နာမည်ကြီးမြို့လယ်ခေါင်လူစည်ကားလှတဲ့ရပ်ကွက်ပေါ့။ နယူးရီးယား မဟုတ်တဲ့၊ ကျန်တဲ့နေ့တွေမှာတောင် နေ့ညစည်ကားနေတတ်ပြီး ညဖက်ဆိုမီးရောင် စုံအလှနဲ့ ဖမ်းစားနေတတ်တဲ့နေရာပါ။ ဒီဇင်ဘာ (၃၁) ရက်နေ့ရဲ့ထူးခြားပုံကလေးကတော့။ ဒီလိုပါတဲ့။ (၄၃) လမ်းနဲ့ဘရော့ဝေးလမ်းမကြီး (Broadway) ထောင့်မှာ (၇၇) ပေမြင့်တဲ့ ဝမ်းတိုင်း စကွဲ (One Times Square) လို့ခေါ်တဲ့မှော်စင်ကြီးရှိပါတယ်။ ညနေစောစောပိုင်း နှစ်နာရီ သုံးနာရီလောက် ကတည်းက၊ လူတွေဟာ အဲဒီနေရာကိုတဖွဲဖွဲနဲ့စတင်လို့ရောက်ရှိလာကြပါပြီ။ မြေအောက်ရထားစီး တဲ့လူကစီး၊ ဘတ်စကားစီးတဲ့သူကစီး၊ လမ်းလျှောက်လို့လာတဲ့သူကလာနဲ့ပေါ့။ (၄၂) လမ်းကို စောစောလာပြီးနေရာဦးထားကာမှ ကဲနိုင်ပြီနိုင်ဖို့ တော်ရုံကျတာကိုး။ လူတွေစည် ကားတဲ့နေရာက အဲဒီ (၄၂)လမ်းကနေလမ်း (၅၀)ကြား ဘရော့ဝေးလမ်းမကြီးတစ်လျှောက်ရယ်။ ဆဲဗင့်အဲဗနျူး ( Seventh Avenue ) လမ်းတစ်လျှောက်၊ (၅၉) လမ်းအထိရယ်၊ ဒီနေရာတွေကိုကြိုရောက်ထားနိုင်ပါမှ များများကဲနိုင်မှာမဟုတ်ပါလား။ ညနေ (၄) နာရီဆိုတာနဲ့၊ အဲဒီလမ်းတွေမှာ ကားမသွားရအောင် ပိတ်လိုက်ပါပြီ၊ မြေအောက်ဘူတာကိုတော့ည (၇) နာရီမှာမှ ပိတ်ထားပေးလိုက်ကြတယ်။ လူတွေက တော့ဝင်လာမစဲတသဲသဲပဲပေါ့။ ပုလိပ်တွေကလည်းနေရာအနှံ့မှာ အနံ့ခံခွေးတွေသုံးပြီး မူးယစ်



www.burmeseclassic.com

www.burmeseclassic.com



ဆေးဝါးရှာဖွေတာတွေ၊ လက်နက်၊ ပုံးရှာဖွေတာတွေ၊ အကြမ်းဖက်သမား မဝင်နိုင်အောင် ဒေါက်ထောက်ကြည့်နေတာတွေနဲ့ အလုပ်ကိုရှုပ်နေတော့တာပါပဲ။ အဲဒီနေရာကိုလာရင်လုံခြုံရေးအရကျောပိုးအိတ်တို့၊ လွယ်အိတ်တို့ယူလာလို့မရဘူး။ လူတောထဲမှာ အရက်သောက်တာကို နယူးရောက်ဥပဒေနဲ့တားထားလို့ ဘယ်သူမှ လမ်းလယ်မှာအရက် မသောက်ရဲဘူး။ ကိုယ်နဲ့အတူအရက်ယူဆောင်လာလို့ကတော့ ပုလိပ်တွေ့ရင်သိမ်းပြီသာမှတ်။ ကိုယ့်ဟာကိုယ်အိမ်ကနေ နဲနဲပါးပါးသောက်လာရင်တော့ရတယ်။ ဒါပေမယ့် ရမ်းကားမိလို့။ ကိုယ့်ပါးစပ်ကိုရဲကဟ၊ မီတာလေးထုတ်ပြီးအတိုင်းခံရပြီဆိုတာနဲ့။ သတ်မှတ်မီတာထက်အရက်ဒီဂရီက ကျော်နေခဲ့ရင်။ အဲဒီလူကြီးမင်းတော့ ဒီတစ်ညအတွက် (သူတို့ဆီမှာ) ခေတ္တအနားယူရတော့မှာပေါ့လေ။ လမ်းဘေးဈေးဆိုင်တွေမရှိလို့ ဗိုက်ဆာလာခဲ့ရင်တော့ ရက်စတောရင့်ထဲကို ဝင်စားရမှာပဲ။ ပြန်ထွက်လာရင်တော့ကိုယ့်နေရာလေးပျောက်ပြီသာမှတ်။ အဲ- နယူးရောက်ရဲ့ ရာသီကလည်း နှစ်သစ်ကူးရက်တွေမှာဆို ရေခဲမှတ်သုံညအောက်ရောက်နေပြီဆိုပြန်တော့၊ အနွေးထည်တွေအထပ်ထပ်ဝတ်ပြီး၊ ဦးထုပ်ကလေးပါဆောင်းသွားဖို့လိုလိမ့်အုံးမယ်။ (အရင် ဟာလိဝီးန်ပွဲတုံးကဝတ်ထားတဲ့ မစာဥ အဝတ်အစားတွေကို အချမ်းလုံတယ်ဆိုပြီး ဝတ်သွားဖို့တော့ စိတ်မကူးလိုက်လေနဲ့။ လူထုကိုအကြောက်တလန့်ဖြစ်အောင်နှောက်ယှက်တယ်ဆိုပြီး အရေးယူခံနေရပါအုံးမယ်။ ဟာလိဝီးန်နဲ့ နယူးရီးယားကိုသပ်သပ်စီခွဲထားလိုက်)။ အင်း- တစ်ညလုံးပျော်ပါးပြီး နောက်တစ်နေ့လုံး အနားယူတော့မယ်လို့မှန်းထားရင်တော့ မန်ဟတ်တန် ရပ်ကွက်ထဲက ဟိုတယ်တွေကိုကြိုတင်ဘွတ်ကင်လုပ်ထားလိုက်ပေတော့။ ရေနစ်ဆန့် (Renaissance ) ဟိုတယ်တို့၊ ဒပ်ဘယ်ထရီးဂက်စ်ဆွိ (Double Tree Guest Suite )တို့ဆိုတာတွေဟာအဲဒီအနားက နာမယ်ကြီးဟိုတယ်တွေပါပဲ။ ဒီဟိုတယ်တွေကနေ (နှစ်သစ်ကူးအကြိုဘောလုံး) နယူးရီးယားအိဗ် ဘော ( New Year Eve Ball ) ကြီးဆင်းသက်လာတာကိုလည်းရှုစားလို့ရပါသတဲ့။ နောက်တစ်နေ့မှာလည်း စိမ်ပြေနပြေအနားယူလို့ရပါသတဲ့လေ။ အဲ့ဒီနားတစ်ဝိုက်မှာရှိတဲ့ဟိုတယ်တွေရဲ့ အခန်းတွေကို ပေါင်းလိုက်ရင် သောင်းခြောက်ထောင်ကျော်ရှိတယ်ဆိုပဲ။ ဂျီပီကတော့လူအုပ်တွေကြားထဲကိုတိုးဝင်သွားလိုက်တာ (၄၃) လမ်းရှေ့ကိုရောက်လို့လာပါပြီ။ မသန်မစွမ်းသူတွေ နွဲပျော်ရအောင်သီးသန့်ထားပေးတဲ့နေရာတောင်ပြည့်လျှံလို့သွားပါပြီကော။ သူတို့ရဲ့ဘေးမှာ ဝင်နေရာယူလိုက်ရတယ်။ နောက်ထပ်ရောက်လာတဲ့သူတွေ အတွက်ကတော့ရောက်ရားပေပဲပေါ့။ တိုင်းမ်စကွဲမှာပျော်ပါးသူတို့အတွက် ဘာဝင်ကြေးမှပေးစရာမလိုပါဘူး။ ညနေ (၆)နာရီမှာ နယူးရီးယားဘောကြီးကို မျှော်စင်ပေါ်လွှင့်တင်လိုက်ပါပြီ။ တေးသံသာတွေကလည်းသံစုံမြည် ဟစ်ကြွေးသီလို့ပေါ့။ နယူးရောက်ရဲ့ နှစ်သစ်မင်္ဂလာဆိုတာ အဲဒီ ဘောလုံးကြီးမျှော်စင်ပေါ်ကနေ သက်ဆင်းလာတာနဲ့နာမယ်ကြီးရတာပါ။ နှစ်စဉ်လူပေါင်း ခုနစ်သိန်းခွဲကျော်လာကြည့်ကြပြီး တီဗွီပေါ်ကနေ၊ ကမ္ဘာအနှံ့ လူပေါင်းသန်းပေါင်း တစ်ထောင်ကျော်က စောင့်စားကြည့်ရှုကြတယ်လို့ဆိုပါတယ်။ ၁၉၀၇ ခုနှစ်ကစပြီး ဒီဘောကြီးလျှောချတဲ့ အစဉ်အလာကို နှစ်စဉ်လုပ်လာ လိုက်တာ၊ ဒုတိယကမ္ဘာစစ်အတွင်း (၁၉၄၂) နဲ့ (၁၉၄၃) ခုနှစ်တွေမှာ နယူးရောက်မြို့ကြီး မီးမှိန် ချခံထားရလို့၊ ဘောကြီးမသက်ဆင်းနိုင်ပဲ၊ ခေါင်းလောင်းထိုးတဲ့ ဆုတောင်းပွဲလေးနဲ့ပဲ၊ လာကြည့်တဲ့ပရိသတ်တွေခမျာ၊ ကျေနပ်ခဲ့ကြရပါသတဲ့။ အဲဒီဘောလုံးကြီးက ဘယ်လောက်များအံ့မခန်း

www.burmeseclassic.com



ဖြစ်ရသလဲဆိုရင်။ အချင်း (၆)ပေရှိပြီး ပေါင်ချိန် (၁၀၇၀) ပေါင် လေးရပါသတဲ့။ ခရစ်စတယ်ဖလ်လုံးတြိဂံကွက်ပေါင်း (၅၀၄) ကွက်ရှိပြီး အဖြူ၊ အနီ၊ အပြာ၊ အစိမ်း မီးသီးပေါင်း (၆၉၆) လုံးနဲ့ တန်းဆာဆင်ထားတာဖြစ်ပါတယ်။ ဘောလုံးအပြင်မျက်နှာပြင်မှာ ကွန်ပြူတာနဲ့ လည်ပတ်အောင်လုပ်ထားတဲ့ ပိရမစ်ဖလ်သားထုတွေက၊ အလုံးရေ (၉၀)ရှိနေသေးလေတော့ (Kaleidoscope effect ) လို့ခေါ်တဲ့ ရောင်ပြန်ပြေးလေးတွေက ပါတ်ဝန်းကျင်တစ်ခုလုံးကို ရောင်စုံလှုပ်ရှားနေစေတော့တာပေါ့လေ။ ရောင်စုံဘောလုံးကြီးရဲ့ တြိဂံကွက်တွေပေါ်။ သီလပြည့်စုံစေမှု၊ ညီညွတ်မှု၊ ရဲရင့်မှု၊ သင်ပုန်းခြေမှု၊ ပေါကြွယ်ဝမှု၊ ဆိုတဲ့ သင်္ကေတတွေကိုပေါ် ညွှန်းတယ်လို့ဆိုပါတယ်။ နှစ်သစ်မှာ ဒီသင်္ကေတတွေနဲ့ ပြည့်စုံစေဖို့ဆန္ဒပြုကြရတာဖြစ်ပါတယ်။ ဘရော့ဝေးတစ်လျှောက်နဲ့ ဆဲဗင်းအဲ့ဗန်းညူးတစ်လျှောက်မှာ ဗွီဒီယိုစခရင်တွေထားပေးပြီး ဘောလုံးကြီးကျလာတာကိုမြင်နိုင်အောင်ဖန်တီးပေးထားပါသေးတယ်။ တဖြည်းဖြည်းနဲ့ည (၁၂) နာရီ နားကိုနီးကပ်လာပါပြီ။ စက္ကန့် (၆၀)အလို။ (၁၁)နာရီ (၅၉)မိနစ်မှာ ဘောလုံးကြီးစဆင်းပါလေပြီ။ လူတွေက (၅၉)၊ (၅၈)၊ (၅၇)၊ (၅၆)၊ ဆိုပြီးတစ်စက္ကန့် တစ်ခါ လိုက်အော်နေကြပါပြီ။ မီးရှူးမီးပန်းတွေလွှတ်တင်ကုန်ကြပါပြီ။ မိုးပျံပူပေါင်းတွေလဲလွှင့်တက်ကုန်ပါပြီ။ တိုက်အမြင့်ပေါ်တွေကနေ၊ ရွှေမှုန့်ငွေမှုန့်တွေကြဲချနေပါပြီ။ ခေါင်းလောင်းသံ၊ သီချင်းသံ၊ အသံသေး အသံကြောင် အော်ဟစ်သံတွေနဲ့ဆိုတော့ ဂျီပီတောင် တခဏခြင်း ဝူးဝူးဝါးဝါးနဲ့အော်တတ်သွားပြီ။ လမ်းပေါ်မှာ ကကြ ခုန်ကြဖက်နမ်းကြလုပ်ကုန်ကြပါပြီ။ သူတို့ပါးစပ်ကတော့၊ (၅)၊ (၄)၊ (၃)၊ (၂)၊ ဆိုပြီးလိုက်အော် နေကြတုံးပါပဲ။ ဟော။ တစ်။ ဆိုပြီး ဘောလုံးကြီးသက်ဆင်းလို့လာခဲ့ပါပြီ။ ဝေး ဝါး ဟား ဟား။ ဖုန်းဒိုင်း။ ချောက်အိုးသံတွေကလဲ ဆူညံလှပေါ့။ ဂျီပီလည်း အနားကလူကို အတင်းဖက်ပြီးနမ်းလိုက်ပါပြီလေ။ ပြီးတော့မှသူနဲ့ဖက်ပြီးကကြတော့။ လား။ လား။ ကိုရွှေကပွဲလီဖြစ်လို့ နေပါလား။ သူကလည်းကိုယ့်ကိုပြန်ပြန်ဖက်ဖက်ပြီးနမ်းနေလိုက်တာ။ ဂျီပီ့ပါးနှစ်ဖက်တော့ သူ့မုတ်ဆိတ်တွေနဲ့ညိကုန်တော့တာပါပဲ၊ သူကဂျီပီ့ထက်တုတ်ခိုင်နေတော့ ဂျီပီ့ကိုမြှောက်မြှောက်ပြီး ကနေပြန်ပါပြီ။ ဟက်ပီးနယူးရီးယားတွေပွက်လောရိုက်အောင်ညံကုန်တော့တာပါပဲ။ ဂျီပီလည်း ဒေါက်တာနောရစ် အဆောင်မှာတစ်ယောက်ထဲကျန်ရစ်နေခဲ့ရတာဆိုတော့၊ ရပ်သာဖို့ရဲ့ နယူးရီးယားညမှာ စီအန်အန်တီဗွီ ချနယ်ဖွင့်ကြည့်ရင်း နယူးရောက်ရဲ့ တိုင်းစကွဲ နှစ်သစ်ကူးအကြိုညကို လိုက်ရှူ့နဲ့ကြိုဆိုလိုက်ရပါတယ်တဲ့။ အဲ့ဒါ နယူးရောက်နှစ်သစ်ကူးပွဲတော်ကို တီဗွီချယ်နယ်ပေါ်ကနေကြည့်ရင်း ဂျီပီကိုယ်တိုင် တိုင်းစကွဲကို ကိုယ်တိုင်ရောက်သွားရသလိုစိတ်ကူး ယဉ်သွားမိတာပါတဲ့။ (ဇာတ်ပေါင်းမိသွားပါပြီမဟုတ်လား)။ အဲ့သလိုနဲ့ ဒေါက်တာဂျီပီဟာ့။

ကဲ နောက်ထပ်ပုံတစ်ပုံတော့ပုံလို့ထားလိုက်ပြန်ပြီ။ ကြည့်ပြီးရှောင်လို့သာနင်းကြပေဦးတော့။ မရှောင်နိုင်လို့နင်းမိရင်လည်း ဟိုပွတ်ဒီပွတ်နဲ့ပွတ်မနေကြနဲ့အုံး။ သွားလေရာ ရနံ့လေးတွေ သင်းနေပါအုံးမယ်။ နောက်တစ်လအထိမွှေးကြိုင်နေပါလိမ့်မယ်တဲ့။ ရှေ့လာကနေကြိုဆိုစောင့် မျှော်နေမယ်နော်။ စရဏာချစ်တဲ့ ဒေါက်တာဂျီပီ။

❏ ❏ ❏

www.burmeseclassic.com



# အမေရိကားရောက်ဒေါက်တာဂျီပီပုံပြင် – ၁၃

(T h e S t o r y o f D r . G e e P e e i n A m e r i c a)

Narrator: ပုံပြောသူ။
ဒေါက်တာမြင့်ဦး (အလုံ)

(စရဏာမဂ္ဂဇင်း။ အတွဲ - ၂။ အမှတ် - ၉။ မတ်လ - ၂၀၀၆။ တွင် ဖော်ပြပါရှိပြီး)။

၁၃။ ကျေးဇူးတော်နေ့။
- အမေနေ့။
- အဖေနေ့။
- ဗယ်လန်တိုင်းဒေး။
- ယောက္ခမနေ့။
- ယောက္ခထီးနေ့။
- ရှမ်းဘုန်းကြီးရဲ့မေတ္တာစာ။



www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်တွေဟာ ပွဲတော်တွေကိုတော်တော့်ကို စုံမက်တတ်တဲ့သူတွေဆိုတော့။ လူမျိုးတွေကလည်းစုံ၊ ပြည်နယ်တွေကလည်းများနဲ့။ ရှိသမျှပွဲတော်တွေကိုပေါင်းစုလို့ရေတွက်လိုက်ရင် သောင်းခြောက်ထောင်များတောင်ကျော်သွားမယ်များမသိပါဘူး။ ပြည်နယ်ပေါင်း (၅၀) နဲ့ဖွဲ့စည်းတည်ထောင်ထားတဲ့နိုင်ငံကြီးဆိုတော့ ပြည်နယ်အလိုက်သတ်မှတ်တဲ့ပွဲတော်တွေရယ်၊ ပြည်ထောင်စုကြီးရဲ့ပွဲတော်တွေကပါစုံလင်လှလွန်းလို့၊ တစ်နေ့ကိုပွဲတော်တစ်ခုလောက်ကတော့ နေရာတစ်ခုခုမှာတော့ရှိနေမှာအမှန်ပါပဲတဲ့။ ဟာလိုဝီန်းတို့၊ ခရစ္စမတ်တို့၊ နယူးရီးယားတို့လို ပွဲတော်တွေအပြင်၊ နေ့ထူးနေ့မြတ်သတ်မှတ်ပြီးလုပ်လေ့ရှိတဲ့ပွဲတော်လေးတွေအကြောင်းကိုပြောပြရပါအုံးမယ်။ ရုံးပိတ်ရက်အဖြစ်သတ်မှတ်ထားပေမယ့် (နိုင်ငံတော်အဆင့်မှာမကျင်းပပဲ) သူ့နေရာဒေသအလိုက် တစ်နိုင်တစ်ပိုင်ကျင်းပကြတဲ့ကျေးဇူးတော်နေ့ဆိုတာရှိပါတယ်။ ကျေးဇူးတင်ရမယ့်သူတွေကို ကျေးဇူးတရားအောက်မေ့တဲ့အနေနဲ့ကျင်းပတဲ့ပွဲကလေးပါပဲ။ နေ့ထူးနေ့မြတ် သတ်မှတ်ပုံက နည်းနည်းလေး ထူးခြားနေလို့ရာဇဝင်ချီပြီးပြောပြပေးလိုက်ပါ့မယ်။

## ကျေးဇူးတော်နေ့ (Thanksgiving Day)

နိုဝင်ဘာလရဲ့ စတုတ္ထမြောက် ကြာသပတေးနေ့ကို ကျေးဇူးတော်နေ့ဆိုပြီးပြည်ထောင်စုတစ်ဝှန်းရုံးပိတ်ရက်အဖြစ်သတ်မှတ်ပေးထားပါတယ်။ အဲဒီနေ့မှာ မိသားစုအလိုက်တစ်နိုင်တစ်ပိုင်ကျေးဇူးအောက်မေ့ပွဲကလေးတွေကျင်းပကြတာကိုတွေ့ရပါတယ်။ သမ္မတဘွတ်ရှ် ကိုယ်တိုင်လည်း၊ သူ့မိသားစုနဲ့အတူ၊ သူကျေးဇူးတင်ရမယ့် သူ့ဆွေတော်မျိုးတော်တွေ၊ မိတ်ဆွေတွေကို ကျေးဇူးတင်တဲ့အခမ်းအနားလေး၊ သူ့အိမ်မှာသူ့ဖါသူကျင်းပတာကို မီဒီယာတွေကသတင်းလုပ်ပြီး ထုတ်ပြန်ပေးတာကိုတွေ့ခဲ့ရပါတယ်။ ၁၇ ရာစုနှစ်ဦးပိုင်းမှာ ပြောင်းရွှေ့အခြေချနေထိုင်တဲ့သူတွေ အမေရိကတိုက်ကြီးကို စတင်ရောက်ရှိလာကြတဲ့အခါမှာ၊ သူတို့တစ်တွေစိုက်တတ်ပျိုးတတ်အောင် ဒေသမှာရှိနေတဲ့လူနီတွေကသင်ကြားပေးကြရတယ်လို့ဆိုပါတယ်။ ကောက်သစ်တွေပေါ်ထွန်းတဲ့ရာသီ ရောက်တဲ့အခါတိုင်း၊ နောက်ရောက်လာသူတွေက လက်ဦးသူတွေကို ကျေးဇူးတင်တဲ့အထိမ်းအမှတ်ပွဲလေးလုပ်လေ့လုပ်ထရှိလာကြပါသတဲ့။ ကိုယ့်အိမ်ဝင်းအတွင်းကို၊ ကျေးဇူးရှင်တွေကို ဖိတ်ခေါ်ပြီး သူတို့ကြိုက်ရာကိုကြိုက်သလောက်နိုက်ယူသုံးဆောင်ခွင့်ပေးထားကြပါတယ်။ ရိုးရာ ကောက်သစ်စားပွဲတစ်မျိုးလို့ပေါ့။ ၁၇၈၉ ခုနှစ်မှာ အမေရိကန်ရဲ့ပထမဆုံးသမ္မတ ဂျော့ဝါရှင်တန်က နိုဝင်ဘာ ၂၆ ရက်နေ့ကိုကျေးဇူးတော်နေ့အဖြစ်သတ်မှတ်ပေးလိုက်ပေမယ့်၊ အများစုက မလိုက်နာကြပဲ ကိုယ်ကြိုက်သလိုကိုယ်ကျင်းပနေကြဆဲလို့ဆိုပါတယ်။ ၁၈၆၃ခုနှစ်မှာတစ်ခါ၊ သမ္မတ အေဗရာဟင်လင်ကွန်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်နိုင်ငံလုံးတပြေးညီ တစိတ်တဝမ်းဆိုပြီး နိုဝင်ဘာလ နောက်ဆုံး ကြာသပတေးနေ့ကို သတ်မှတ်ပေးပြန်ပါရော ။ ဘုရားရှိခိုးကျောင်းများနဲ့ ကိုယ့်အိမ်ကိုယ့်ယာမှာ၊ ကျေးဇူးကြီးမားလှတဲ့သီးနှံစိုက်ခင်းများနဲ့ မိုးကောင်းကင်ကြီးကို ကောင်းချီးထောပနာ ပြုကြဖို့တိုက်တွန်းပြန်သတဲ့။ ၁၉၃၉ မှာ သမ္မတ ဖရန်ကလင်ရူစဘဲ့ ကိုယ်တိုင်က ကျေးဇူးတော်နေ့ကို ရှေ့ကိုတစ်တပတ်ရွှေ့ပြီးကျင်းပပြန်လို့ တစ်ရွာ တစ်မျိုးပြန်ဖြစ်ကုန်ကြပြန်ပါလေရော။ နောက် နှစ်နှစ်လောက်ကြာတော့ အရင် လင်ကွန်းသတ်မှတ်ပေး ခဲ့တဲ့နေ့ (ဒုံးရင်း)ကိုပဲပြန် ရောက်သွားကြပြန်ပါတယ်တဲ့။ ရှေးရိုးသမ္မတတွေက တစ်ယောက်တစ်မျိုး ရက်တွေရွှေ့ခဲ့ကြပေမယ့် ၊ အခုခေတ်မှာတော့ နိုဝင်ဘာရဲ့နောက်ဆုံး ကြာသတေးနေ့ ဆိုတာကိုပဲ အတည်ယူလိုက်နာ နေကြပါပြီ။ ကြာသပတေးဆိုတော့၊ ရုံးသူရုံးသားတွေအဖို့၊ သောကြာနေ့ ကိုပါခွင့်ယူပြီး လေးရက်ဆက်တိုက်အလုပ်နားကြလွန်းလို့ အလိုလိုနေရင်းရုံးပိတ်ရက်က လေးရက်ဖြစ်လို့ နေပါသတဲ့လေ။ (သူတို့ဆီမှာက လုပ်ခတွေကိုတစ်လတစ်ခါမရှင်းပဲ၊ တစ်ပတ်စာတစ်ခါရှင်းကြရတာဆို တော့ အလုပ်ရက်ပျက်ရတဲ့သူတွေအတွက်ဝင်ငွေကသိပ်မနစ်နာကြဘူးထင်ပါရဲ့)။ အိမ်တွင်း ကျင်းပတဲ့ ဒီကျေးဇူးပြုပွဲမှာ၊ တည်ခင်းထားတဲ့အစားအစာတွေကိုမသုံးဆောင်ကြခင်၊ အိမ်ရှင်ကဦးဆောင်ပြီး ကျေးဇူးတင်ရမယ့်ပုဂ္ဂိုလ်တွေရယ်၊ အခမ်းအနားကိုပေါင်းစုလို့ရောက်ရှိလာတဲ့ သူတွေ အတွက်ရယ်ကိုပါ၊ အကုန်လုံးကိုပေါင်းလို့ အာရုံပြုဆုတောင်းမေတ္တာပို့သကြရပါတယ်။ ကျေးဇူးတရားတွေကို ဖော်ကြူးကြခြင်းဖြင့်နောင်ကိုကြီးပွါးတိုးတက်မှုတွေဖြစ်ထွန်းစေတယ်လို့ ယုံကြည်ကြလို့ပါပဲတဲ့။ ကျေးဇူးတော်နေ့ရဲ့ (စားပွဲလယ်)စားဖွယ်ရာကတော့ကြက်ဆင်သားပဲဖြစ်ပါ သတဲ့လေ။ ကြက်ဆင်ဟာ အပြေးမြန်တယ်၊ သတိရှိတယ်၊ အဝေးကိုမြင်တယ်၊ ကျက်သရေရှိတယ်လို့မှတ်ယူကြပါတယ်။ ကြက်ဆင်သားစားပြီးမှ အချိုပွဲတွေကိုဆက်ပြီးတဲ့ကြရတာဖြစ်ပါတယ်။ ကျက်သရေရှိတာကိုမှ (စားရမျိုးရမှာ) ကြိုက်လှတဲ့သူတွေ။ ကျက်သရေအပေါင်းခဲသြောင်း လွန်းလှတဲ့၊ ဂျိုပီတို့ဆီက အမြီး ကြွားကြွားနဲ့စွင့်ကားအောင်ကပြနေတဲ့၊ က–ဒေါင်းကြီးကိုများတွေ့ သွားမိလို့ကတော့ သူတို့ ရဲ့စားပွဲလယ်အစာဖြစ်သွားမှာကိုတောင် တွေးပြီးစိုးရိမ်မိပါရဲ့။

## သူတို့ရဲ့အမေနေ့အကြောင်း (American Mother's Day)

ကျေးဇူးတရားအကြောင်းဖေါ်ညွှန်းတဲ့နေ့ကိုသီးသန့်ကျင်းပကြတယ်ဆိုတော့၊ မွန်မြတ်တဲ့အစဉ် အလာလေးတစ်ခုပေပဲပေါ့။ ကျေးဇူးမေတ္တာနဲ့ပါတ်သက်လို့ ဂျိုပီတို့မြန်မာလူမျိုးတွေအနေနဲ့ မြင့်မိုရ်တောင်ဦးမက၊ ဖေါ်ကြူးကြရတဲ့၊ မွေးမိမာတာရဲ့၊ ကျေးဇူးတော်အနန္တဆိုတာကို။ သူတို့ဆီမှာ ဘယ်လိုနေ့ထူးနေ့မြတ်အဖြစ်သတ်မှတ်ပြီး။ ဘယ်လိုမေတ္တာတရားတွေနဲ့များဖေါ်ကြူးကြသလဲဆိုတာကိုလည်း ဂျိုပီမြင်ခဲ့မိသလောက်ပြောပြရပါဦးမယ်။ အမေရိကန်တွေဟာ မိခင်ပီသမှုဆိုတာ ကိုဖေါ်ညွှန်းဖို့ရယ်၊ အမေ့မေတ္တာကိုကျေးဇူးတရားအဖြစ်အသိရှိတတ်ဖို့ရယ်၊ နှစ်စဉ် မေလ ဒုတိယပတ် တနင်္ဂနွေနေ့ကို အမေနေ့ဆိုပြီးကျင်းပကြပါတယ်၊ (တနင်္ဂနွေဆိုတော့ရုံးပိတ်ရက်အနေ နဲ့သတ်မှတ်စရာမလိုတော့ဘူးပေါ့)။ အဲဒီနေ့မှာ အမေတွေဟာ သူတို့သားသမီးတွေနဲ့မိတ်ဆွေတွေဆီက လက်ဆောင်ပစ္စည်းတွေ၊ ပန်း အလှတွေ၊ ပို့စကဒ်တွေကိုလက်ခံရရှိကြပါသတဲ့။ (၁၉၇၂ ခုနှစ်တုံးကဆိုရင်၊ ပို့စကဒ်တွေပို့ကြလွန်းလို့



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာမြင့်ဦး (ဂျီပီ)




အမေနေ့ ကျင်းပနေသော အမေရိကန်မိသားစုတစ်စု

အမေရိကန်စာတိုက်ဌာနကြီးမှာအလုပ်တွေပိပြားခဲ့ရပြီး။ တစ်ခြားစာတွေကိုဝေရာမှာ ရှစ်ရက်တောင် နှောင့်နှေးကြန့်ကြာမှုတွေဖြစ်ပေါ်စေခဲ့ရ တယ်လို့မှတ်တမ်းများကဆိုပါတယ်)။ သားသမီးတွေဟာ အဲ့ဒီနေ့မှာ ကာနေးရှင်း (Carnation) လို့ခေါ်တဲ့ ထပ်တစ်ရာပန်းပွင့်လေးတွေကိုပန်ဆင် (ဒါမှမဟုတ် အင်္ကျီမှာဆင်ယင်) ထားကြရပါတယ်။ မိခင်က အသက်ထင်ရှားရှိနေသေးရင် အနီရောင်ပန်းပွင့်။ မရှိတော့ရင် အဖြူရောင် ပန်းပွင့်ကိုရွေးချယ်ကြရပါသတဲ့။ သက်ရှိထင်ရှားရှိသေးသလား၊ မရှိတော့ ဘူးလားဆိုတာမသေချာဘူးဆိုရင်တော့ ပန်းနုရောင်ပန်းပွင့်ကိုရွေးရပါသတဲ့လေ။ (ကဲကြည့်ပါဦး ကိုယ့်အမေကိုဂုဏ် ပြုရာမှာတောင် သေပြီလား၊ ရှင်ပြီလားမသိသေးတဲ့သူတွေကရှိနေကြသေးတာကိုး)။ ၁၈၇၀ ခုနှစ်မှာ မစ္စက်ဂျူလီယာဝပ်ဟိုးဆိုတဲ့အမျိုးသမီးက ဘိုစတွန်မြို့မှာ၊ အမေနေ့ကို စတင်ကြေညာ ခဲ့တာပါ။ ငြိမ်းချမ်းရေးကိုရှေ့ရှုပြီး စစ်တပ်နဲ့စစ်သုံးလက်နက်အင်အားတွေလျှော့ချဖို့၊ အမျိုးသမီးထုရဲ့ အသံကိုဖေါ်ကြူးရအောင်ရည်ရွယ်ချက်နဲ့စခဲ့လိုက်တာလို့ဆိုပါတယ်၊ ဘာ့ကြောင့်လဲဆိုတော့၊ သူတို့နိုင်ငံ ပြည်တွင်းစစ်အတွင်းမှာ အမေများရဲ့သားကောင်းရတနာတွေအသက်ပေးဆက်ခဲ့ကြရတာကိုး။ နောက်ပိုင်း မှ၊ အမေတွေအကုန်လုံးကို ကိုယ်စားပြုဖို့ မိခင်မေတ္တာဖက်ကိုဦးစားပေးပြီး ဦးတည်ချက်ပြောင်းလို့ ကျင်းပကြတာဖြစ်ပါတယ်။ ၁၉၀၇ ခုနှစ်မှာတော့၊ အနောက်ဗာဂျီးနီးယားပြည်နယ်၊ ဂရက်ဖတန်မြို့မှာ အန်နာဂျားဗစ်ဆိုတဲ့အမျိုးသမီးက သူ့မိခင်အတွက်ရည်စူးပြီး အင်ဒရူးမက်သဒစ်ဘုရားကျောင်းမှာ ကလေး (၄၀၀) ကျော်နဲ့ဝတ်ပြုပွဲကလေးကျင်းပပြန်လို့အများ သိ အောင်လှုံ့ဆော်ပေးခဲ့ပြန်ပါတယ်။ ဒါကြောင့်ဂရက်ဖတန်မြို့ဟာ အမေနေ့ရဲ့ဘူမိနက်သန်မြေ ဖြစ်လို့လာခဲ့ရပါသတဲ့။ ဝန်ကြီးတွေ၊ စီးပွါးရေး သမားတွေ၊ နိုင်ငံရေးသမားတွေကို မိခင်တွေက၊ စာတွေရေးပြီးလှုံ့ဆော် တောင်းဆိုကြလွန်းတော့၊ သမ္မတဝီလ်ဆန်က ၁၉၁၄ ခုနှစ်မှာ အမေနေ့ ကို နိုင်ငံနဲ့အဝှန်းကျင်းပဖို့ လက်မှတ်ရေးထိုးပြီး ကြေညာချက်ထုတ်ပြန်ပေးလိုက်ရတယ်လို့ဆိုပါတယ်။ အဲ့ဒါကတော့ အမေရိကန်တွေရဲ့အမေနေ့ အကြောင်းပါ။ တကယ်တန်းကျတော့မိခင်ပူ ဇော်တဲ့ပွဲဟာရှေးဟောင်း ဂရိလူမျိုးတွေရဲ့ (မိခင်ကိုးကွယ်မှု) စရိုက်ကစခဲ့တာလို့ဆိုပါတယ်။ နိုင်ငံအများစုရဲ့ အမေနေ့တွေဟာ အနောက်တိုင်းယဉ်ကျေးမှု



www.burmeseclassic.com

www.burmeseclassic.com

## အမေရိကားရောက် ဒေါက်တာဂျိုပီ



မိခင်မေတ္တာကိုဖော်ညွှန်းနေသော
အမေနေ့ပို့စကဒ်တစ်ခု

မွားလာတာလို့ဆိုထားပြီး၊ အာဖရိကနိုင်ငံတွေရဲ့ အမေနေ့ဆိုရင် ဖြတ်သူကိုနောက်ယောင် လိုက်ထားတယ်လို့ဆိုပြန်ပါတယ်။ အရှေ့အာရှနိုင်ငံတွေရဲ့ အမေနေ့ကျပြန်တော့ အမေရိကန်ကိုလိုက်တုထားကြ တာပါလို့ စာပေတွေကဆိုပါတယ်လေ။ သူတို့ရဲ့ အမေ့ကတ်ပုဒ်ကလေးကို ဘာသာပြန်ဖော်ပြပေးလိုက်ပါတယ်။ (M) ဆိုတာက (M is for the million things she gave me)၊ များမြောင်လှတဲ့အရာရာ ပေါင်းစုံကိုသားတွေသမီးတွေအတွက် ပေးဆက်ခဲ့ရပါသတဲ့။ (O)ဆိုတာက (O means only that she is growing old )၊ အခုတော့အိုမင်းမစွမ်း ဖြစ်နေရရှာပါပြီတဲ့။ (T) ဆိုတာက (T is for the tears she shed to save me)၊ မေ့ရင်သွေးကိုကာကွယ်ရမယ် ဆိုရင်ကျမျက်ရည်ယိုစီးလို့ ချောင်းအသွင်ဖြစ်ပါ စေတော့တဲ့။ (H) ဆိုတာက (H is for her heart of purest gold ) အမေ့နှလုံးသားက ရွှေစင် အတိပြီးလို့နေပါ သတဲ့။ (E) ဆိုတာက (E is for her eyes, with love-light shining )၊ မေတ္တာ ရွှန်းဝေစွာအရိပ် တကြည့်ကြည့်နဲ့ စိုက်ကြည့်နေတတ်သူဟာ အမေပါတဲ့။ (R) ဆိုတာက (R means right, and right she will always be)၊ ဘာပဲဖြစ်နေနေ၊ အမေဟာအမြဲမှန်ကန်နေတတ်ပါသတဲ့။ အဲဒါကတော့ သူတို့ရဲ့ အမေ – အမ်အိုတီအိပ်ချ်အီးအာ (M-O-T-H-E-R ) မားသား ဆိုတာကို အဓိပ္ပါယ်ဖွင့်ဆိုချက်ပါပဲ။ ဂျိုပီအမေရိကားရောက်နေတဲ့အချိန်မှာ ချပယ်ဟေးမြို့မှာရှိတဲ့ မြန်မာတွေ စုပြီးကျင်းပတဲ့ အမေနေ့ကိုတက်ရောက်လို့မျက်ရည်ကျမိခဲ့ရပါတယ်။ ရေခြားမြေခြားမှာ ရောက်နေ တာကြာတော့ (အမိမြေနဲ့)အမေ့ကိုလွမ်းကြပြီပေါ့လေ။ အမေ ့လို့ သီချင်းတွေ ဟစ်အော်သီဆိုရင်း၊ သူတို့အမေတွေကိုတစ်ဝကြီးလှစ်ခေါ် တမ်းတနေကြတာ။ မြင်ရသူဘယ်မှာ စိတ်ထိန်းနိုင်ပါတော့မလဲ။ အမေရိကားရောက်မြန်မာတွေဟာ (ဟိုကဘိုတွေလို) ပို့စကဒ်တွေ၊ ကာနေးရှင်းတွေမဆင်ယင်ကြပါဘူး။ သူတို့တမ်းတနေတဲ့အမေဆိုတာ၊ သူတို့ရဲ့ မိခင်တွေကိုသာမက၊ သူတို့ကိုကျွေးမွေးစောင့်ရှောက်လိုက်တဲ့ အမိနိုင်ငံတော်ကြီးကိုပါဆိုတာ ပေါ်လွင်နေလှပါတယ်လေ။ ဘယ်နေရာပဲရောက်ရောက်၊ (အမေကို အမြဲတမ်းတရင်)။ လိုအင်တွေအမြဲတန်းပြည့်မယ်အစဉ်၊ ကဲ–သိပြီလား (အမေကို။) ဆိုတဲ့ (မီကို) ကြော်ညာသီချင်းလိုပါပဲတဲ့။ ကိုယ့်အမေနဲ့ ကိုယ့်နိုင်ငံဟာ သူတို့အဖို့ အမေပါပဲတဲ့လေ။ (မြန်မာတွေရဲ့ အဲ့သလို အမေနေ့ကျင်းပပုံကို ကြည့်ပြီး။ ဆရာကြီးဦးသုခကိုလည်းသတိရမိပါရဲ့။ ကွယ်လွန်သွားရှာပြီဖြစ်တဲ့ ဂျိုပီ့ရဲ့အမေကို လည်းသတိရမိပါရဲ့)။ ဂျိုပီတို့လူမျိုးတွေရဲ့ မာတာမိခင်တွေမှာ ထားရှိကြတဲ့မေတ္တာတရားတွေဟာ ဖြင့်။ သူတို့ရဲ့အမေနေ့မှာပေးပို့ကြတဲ့ ပို့စကဒ်တွေ၊ ကာနေးရှင်းတွေထက်ကို မရေမတွက်နိုင် အောင်သာလွန်ပိုကဲနေပါတယ်ဆိုတာရယ်။ ပြီးတော့ (သူတို့မသိသေးတဲ့) မြင့်မိုရ်



www.burmeseclassic.com

www.burmeseclassic.com



တောင်ကြီးနဲ့ နှိုင်းလိုက်ရင်တောင် အမေ့မေတ္တာဟာကြီးမားလွန်းလို့ ။ ရောမမြင့်မိုရ်တောင်ကြီးပင်လျှင် နွားခြေရာခွက်ကလေးအသွင်သေးငယ်သွားမယ့်ဆိုတာတွေရယ်ကိုပါ သူတို့လူမျိုးတွေ သိချင်စမ်းပါဘိတော့တယ်လေ။

## အဖေနေ့ (Father's Day)

အဖေနေ့ကတော့အမေနေ့နောက်မှာမှပေါ်ပေါက်လာတာပါတဲ့။ မိတဆိုးအဖြစ်ဖခင်လက်ပေါ်မှာကြီးပြင်းလာရတဲ့ ဆိုနိုရာဒေါ့ဆိုတဲ့အမျိုးသမီးဟာ၊ အမေနေ့ကျင်းပနေတဲ့ဝတ်ရွတ်ပွဲ တစ်ခုမှာသူ့ဖခင်ဝီလီယံစမတ်ကိုသတိရပြီး အဖေနေ့ကိုစတင်ကြဖို့လှုံ့ဆော်လာသူဖြစ်ပါသတဲ့။ ဆိုနိုရာရဲ့မိခင်ဟာခြောက်ယောက်မြောက်ကလေးငယ်ကို မွေးဖွားရင်းကွယ်လွန်ခဲ့ရှာပါတယ်။ စစ်ပြန်ဖခင်ကြီးဝီလီယံဟာ ဇနီးသည်ကွယ်လွန်ချိန်ကထည်းက တောင်ယာစိုက်ပျိုးပြီး ခလေး ၆ယောက်ကိုလူလားမြောက်အောင်ပြုစုခဲ့ရရှာပါတယ်။ ဆိုနိုရာလေးဟာသူ့ဖခင်ကို သတ္တိရှိသူ၊ ကိုယ်ကျိုးစွန့်အနစ်နာခံသူ၊ ခလေးတွေကိုချစ်ခင်စုံမက်တတ်သူအဖြစ် ခံစားသိရှိလာရပါတယ်။ အဖေကိုဂုဏ်ပြုချင်လွန်းတော့သူ့ဖခင်မွေးတဲ့ ဇွန်လထဲမှာ ပထမဆုံးအဖေနေ့ကို ဝါရှင်တန်ပြည်နယ်က စပို့ခိန်း (Spokane) ဆိုတဲ့မြို့မှာ ၁၉၁ဝ ခုနှစ်မှာစပြီးကျင်းပနိုင်ခဲ့ပါတယ်။ ၁၉၆၆ ခုနှစ်မှာ သမ္မတ လင်ဒန်ဘီဂျွန်ဆင်က နိုင်ငံအဝှန်းကျင်းပနိုင်စေဖို့ ဇွန်လ တတိယတနင်္ဂနွေနေ့ကို သတ်မှတ်ပေးလိုက်ပြန်ပါတယ်။ (ကျေးဇူးတော်နေ့လို အလုပ်တွေလေးရက်ပိတ်ကုန်ကြမှာစိုးလို့ သမ္မတတွေက တနင်္ဂနွေနေ့တွေကို တမင်တကာရွေးပြီးသတ်မှတ်ပေးကြတယ်ထင်ပါရဲ့)။ ၁၉၇၂ ခုနှစ် ရောက်တော့မှ၊ သမ္မတရစ်ချတ်နစ်ဆင်က ဥပဒေအဖြစ်အတည်ပြုပေးလိုက်လို့၊ နှစ်စဉ် ဇွန်လ တတိယတနင်္ဂနွေဖြင့်ဟာ သူတို့ရဲ့အဖေနေ့ဖြစ်ရပြန်ပါသတဲ့ဗျား။ (အမေနောက်မှ အဖေက လိုက်ရတာနော)။ အဖေတွေအတွက်ဆိုရိုး စကားတချို့ကိုကိုးကားပေးပါအုံးမယ်။ အဖေလို့ အလွယ်တကူအခေါ်ခံရနိုင်ပေမယ့်၊ ဖခင်ပြီသဖို့ကတော့ ထူးခြားချက်ရှိဖို့လိုအပ်ပါတယ် တဲ့။ ဖခင်ကောင်းတစ်ယောက်ဟာ ကျောင်းဆရာတစ်ရာထက်သာလွန်ပါလိမ့်မယ်တဲ့။ လူဟာ အသက်ကြီးလာတာနဲ့အမျှပိုမိုသိတတ်လာတာဟာ၊ သူ့ဖခင်နဲ့ပိုပိုတူလာလို့ဖြစ်ပါသတဲ့ ။ ကမ္ဘာကျော်အဆိုအမိန့်တွေကတော့ အများကြီးပါ။ ဒါကြောင့် ဒီမှာပဲအဖေအကြောင်းကို နိဂုံးချုပ်ထားလိုက်ကြပါဦးစို့ရဲ့နော်။

အမေနေ့အဖေနေ့တွေပြီးတော့၊ **မိသားစုနေ့** (Family Day) ဆိုပြီး ၂၀၀၃ ခုနှစ်ကျကာမှ သမ္မတ ဂျော့ဘုရှ်ကိုယ်တိုင် လက်မှတ်ရေးထိုးပြီး နှစ်စဉ်စက်တင်ဘာ ၂၂ ရက်မှာကျင်းပကြဖို့ထုတ်ပြန်ကြေညာပေးပြန်တယ်လေ။ မိတနဲ့သားသမီးတွေပိုမိုရင်းနှီးလာစေဖို့၊ မူးယစ်ဆေးဝါး ဆန့်ကျင်ကြဖို့နဲ့ အန္တရာယ်ရှိတဲ့အပြုအမူများကင်းဝေးကြစေဖို့အတွက် (အခုခေတ်အမြင်နဲ့) မိသားစုနေ့ကို သတ်မှတ်ပေးရပါသတဲ့လေ။

## ဗယ်လင်တိုင်းဒေး – ချစ်သူများနေ့ (Valentine Day)

နောက်ထပ်ထူးထူးခြားခြားရက်သတ်မှတ်ပြီးကျင်းပကြတာကတော့ (မြန်မာပြည်ကိုတော်တော်

www.burmeseclassic.com



များများကူးဆက်လာပြီဖြစ်တဲ့) **ဗယ်လင်တိုင်းဒေး–** ချစ်သူများနေ့ပါပဲတဲ့လေ။ ဖေဖော်ဝါရီလ ၁၄ ရက်နေ့ပါပဲ။ ဂျီပီတို့နိုင်ငံကလူငယ်တွေ အမြတ်တနိုးကျင်းပနေကြလို့ သူတို့ဆီမှာ ဘယ်လိုကျင်းပကြသလဲဆိုတာကိုပြောပြရပါအုံးမယ်။ ဟိုးရှေးပဝေသနီ ရောမ အင်ပါယာခေတ်ကထဲက ရောမမျိုးဆက်နတ်ဘုရား (Roman God of Fertility ) ကို ပူဇော်ပသချီးမြှောက်တဲ့အလေ့အထ အနေနဲ့ ကျင်းပခဲ့ကြတာပါ။ အဲဒီပွဲတော်ကို (Feast of Lupercalia ) လို့ခေါ်ပါတယ်။ အဲဒီကထဲက ဖေဖော်ဝါရီ ဆယ့်လေးပါပဲတဲ့။ ဘယ်သမ္မတကမှ ပြောင်းပေးလို့မရပါဘူးတဲ့။ အမေရိကားမှာတော့ ချစ်သူအချင်းချင်း ပို့စကဒ်ကလေးတွေလဲတာကအစ၊ လက်ဆောင်မျိုးစုံလဲကြ၊ ဖလှယ်ကြ။ အဲဒီနေ့မှာ ကိုယ့်ချစ်သူကို ချော့ကလက်ခွံ့ကျွေးတာမျိုးတွေခေတ်စားလာရာကနေ၊ ညစာစားပွဲကိုဖိတ်ခေါ်ပြီး လူအများရှေ့မှာ စိန်ရွှေရတနာ ဆင်ယင်ပေးတာတွေအထိ ငွေကြေးတွေ ဖြုန်းတီးပြုကြပြီလေ။ ဒီနေ့ကိုမှရွေးပြီး စေ့စပ်ပွဲတွေ၊ လက်ထပ်ပွဲတွေလုပ်ကုန်ကြပြန်ပါရော။ ဗယ်လင်တိုင်းဒေးနဲ့ တိုက်ဆိုင်ထူးခြားမှု တစ်ခုကတော့ အဲ့ဒီနေ့ကစပြီး ငှက်ကလေးတွေဟာ မိတ်လိုက်ရာသီစတင်ကြရပါသတဲ့လေ။ (ငှက်တော်သလင်းပေါ)။

ရက်အမျိုးမျိုးသတ်မှတ်ပြီး ကျင်းပကြတဲ့ပွဲတွေထဲမှာ ကလေးတွေအတွက် **ကလေးများနေ့** ဟာ နိုဝင်ဘာလ ၂၀ ရက်နေ့ ပါတဲ့။ ယုယမှုပိုမိုပေးဖို့လိုအပ်နေတဲ့ မိဘမဲ့ ကလေးတွေ၊ ဆေးရုံတက်နေရတဲ့ကလေးတွေကို ချော့ကလက်သကြားလုံးတွေလိုက်ဝေရတဲ့ **အချိုလွင်ဆုံးနေ့ (Sweetest Day)** ဆိုတာရှိပါသေးတယ်။ အောက်တိုဘာလ တတိယ စနေနေ့ပါတဲ့။ ဒီလောက်တောင် ရက်တွေစုံပြီး ခွေတွေမျိုးတွေကုန်အောင် ရက်အမျိုးမျိုးသတ်မှတ်လို့ အထိမ်းအမှတ်ပွဲ တွေကျင်းပနေကြတဲ့တိုင်းပြည်ဆိုတော့။ ဂျီပီလည်းအမေရိကားရောက်တုံး စပ်စပ်စုစု လေ့လာမိပါတော့တယ်လေ။ ဘာတဲ့။ ယောက္ခမနေ့ ဆိုတာရှိပါသလားလို့။ အင်း။ ရှိတယ်။ ရှိတယ်။

## ယောက္ခမနေ့ ( Mother-in-law Day )

ဂျီပီတို့နိုင်ငံမှာ ယောက္ခမကြီးလို့အခေါ်ခံလိုက်ရရင် သမီးရှင်တွေခမျာတွန့်တွန့်သွားရပါတယ်။ (ဂျီပီ့မှာက သမီးချည်းနှစ်ယောက်မွေးထားတာကိုး)။ သူတို့ဆီမှာကျတော့ ယောက္ခမနေ့ကို သီးသန့်ရက်သတ်မှတ်ပြီးကျင်းပကြပြန်ပါလေရော။ မေလတုံးက အမေနေ့ကိုမကျင်းပဖြစ်လိုက်ရလို့ လွတ်သွားတဲ့သူတွေအတွက် ယောက္ခမနေ့ကို အမေနေ့ကိုယ်စား ကျင်းပနိုင်ဖို့အခွင့်အရေး ပေးထားတာပါတဲ့။ အောက်တိုဘာ စတုတ္ထ တနင်္ဂနွေပဲဖြစ်ပါသတဲ့လေ။ ခုနပြောတဲ့ အီးကဒ် (E.Card) ကုမ္ပဏီတွေက သူတို့ရဲ့ ပို့စကဒ်တွေအရောင်းရသွက်အောင် တီထွင်ထားတာလို့ပြောပါတယ်။ သမ္မတက လက်မှတ်ထိုးထားတာတွေမရှိပါဘူးတဲ့။ ဂျီပီ့ယောက္ခမကြီးကို၊ အမေရိကားကိုခေါ်လာပြီး၊ အမေနေ့ တီထွင်လိုက်တဲ့ မစ္စက်ဂျူလီယာဝပ်ဟိုးဘိုလို၊ သမ္မတကိုယ်တိုင် လက်မှတ်ရေးထိုးပြီးထုတ်ပြန်ပေးအောင် စည်းရုံးလှုံ့ဆော်နိုင်းလိုက်ရင်ကောင်းမလားလို့။ ဂျီပီ ယောက္ခမနဲ့ အတူလိုက်ပြီးလှုံ့ဆော်ရေးတွေလုပ်ကြမှာလား။ မြန်မာယောက္ခမတွေအကုန်ပါလာမယ်ဆိုရင်တဲ့၊ ဂျီပီ့ယောက္ခမကြီးက သူရှေ့က ဦးဆောင်ပါ့မယ်တဲ့။ ကဲ။ လိုက်ကြမှာလား ယောက္ခမအပေါင်းတို့။ ကြိုတင်စာရင်းပေးထားပါမှ စိတ်ချရမယ်တဲ့နော်။



www.burmeseclassic.com

www.burmeseclassic.com





ယောက္ခထီးနေ့အတွက် နံရံကပ်ပိုစတာ

## ယောက္ခထီးနေ့ (Father-in-law Day)

ဒီတခါတော့ (ဂျီပီ့ကိုမကြားတကြား) ယောက္ခမလို့ (ဟာကယ်တော့ယောက္ခထီးကိုဆိုလိုတာပါ) ခေါ်နေကြတဲ့လူငယ်လေးတွေကိုယ်စား။ ယောက္ခထီးနေ့ပေါ်ပေါက်လာအောင်ဂျီပီကိုယ်တိုင်ကြိုးစားရတော့မယ်ထင်ပါရဲ့။ ဂျူလိုင်လ (၃၀) ရက်တဲ့။ မှတ်ထားလိုက်ကြပါဦး။ မျက်နှာကို ခပ်တည်တည်ကြီးလုပ်လို့ သုံ့သုံ့မှုံ့မှုံ့နဲ့နေတတ်ကြပြီး။ အလွယ်တကူစိတ်တိုတတ်ကြတဲ့ ယောက္ခထီးများရဲ့ ဓလေ့စရိုက်ကိုပြောင်းသွားစေချင်လို့ပါတဲ့။ ပြီးတော့ ပျော်ပျော်ရွှင်ရွှင်လေးနဲ့ချစ်စရာ ကောင်းတဲ့ ယောက္ခထီးများဖြစ်လာကြစေချင်လို့ပါတဲ့။ အဲ့သလို ရည်ရွယ်ပြီးယောက္ခထီးနေ့ကိုသတ်မှတ်ရဟာပါတဲ့လေ၊ (ဟို–အီးကဒ်ကုမ္ပဏီတွေရဲ့လက်ချက်ပဲပေါ့)။ စနေတွေ တနင်္ဂနွေ တွေရွေးမနေတော့ပါဘူးတဲ့။ ကျချင်တဲ့နေ့ကျပါစေတဲ့။ အဲ့ဒီနေ့ကျရင်တော့ သားမက်၊ ဒါမှမဟုတ် ချွေးမလေးတွေအတွက် ပြုံးပြုံးလေးနေပေးစေချင်လို့ပါတဲ့၊ ကဲ– ယောက္ခထီးအပေါင်းတို့ရေ၊ တွေ့တယ်မှတ်လား။ သုံ့သုံ့မှုံ့မှုံ့ကြီး မနေကြပါနဲ့။ ပြုံးပြုံးလေးနေ၊ စိတ်ရှည်ရှည်ထားနော်၊ အီး–ကဒ်လေးတွေပို့ပေးလိုက်ပါ့မယ်။

ဂျီပီကလည်းအခုအချိန်အထိတော့ယောက္ခထီးမဖြစ်သေးပါဘူး။ မျက်နှာကလည်းသုံ့သုံ့မှုံ့မှုံ့ မထားတတ်ပါဘူး။ ဒါပေမယ့် ဂျွန်လိုင်လ(၃၀) ရက်ယောက္ခထီးများနေ့ရောက်ရင်တော့ အတူဝင်နွှဲပျော်ပေးပါ့မယ်လို့။ အခုတော့ ဂျီပီ့ရဲ့ယောက်ဖတွေနဲ့ ခယ်မတွေအကြောင်းကို၊ ဆရာဝန်တွေ တွေ့ဆုံပွဲတွေရောက်တိုင်း သီချင်းတက်တက်ဆိုပြနေရပါသတဲ့လေ။ ပြည်လှဖေဆိုတဲ့ မိုးနတ်မယ် သူ့ဇာရယ်မှုယာလှကကြွယ့်ဆိုတဲ့သီချင်းကို စာသားဖျက်ထားတဲ့ သီချင်းလေးပါပဲ။ ဘာတဲ့။ ယောက်ဖတွေ ပါလာရင်၊ အိမ်မှာရှုပ်ပါတယ်၊ ခယ်မလေးတွေပါလာခဲ့ရင်အပျင်းလည်းပြေတယ်– ဆိုတဲ့သီချင်းစာသားလေးပါပဲ၊ ထပ်ပြီးဆိုပြရဦးမှာလား။

## မွေးနေ့ဆုတောင်းအီးကဒ်များ

အဲ့သလိုနေ့ထူးနေ့မြတ်တွေကို သတ်မှတ်တာ ဝါသနာပါလှတဲ့အမေရိကန်တွေဟာ မွေးနေ့



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်လာရင်လည်း သူများမွေးနေ့တွေကို အတင်းလိုက်မေးပြီး သူတို့ရဲ့ ကွန်ပြူတာဆော့ဖ်ဝဲလ် ထဲမှာမှတ်ပြီးသိမ်းထားတတ်ကြပါတယ်။ မွေးနေ့ပေးတဲ့သူတွေကလည်း သူတို့အသက်ကို တွက် ကြည့် ကြမှာစိုးလို့ မွေးတဲ့နှစ်ကိုဖျောက်ထားပြီး မွေးလနဲ့ မွေးရက်ကိုပဲအသိပေးကြတာများ ပါတယ်။ အီးမေးလိပ်စာတွေမှာ ကိုယ်နဲ့သိတဲ့သူတွေရဲ့မွေးနေ့တွေကိုသွင်းမှတ်ထားပြီး သက်ဆိုင်သူရဲ့မွေးနေ့ရောက်ပြီဆိုရင်၊ ကိုယ်တောင်သတိမထားလိုက်မိပဲ မွေးနေ့ကဒ်ကလေးတစ်ခုကို အီးမေးက သူ့အလိုလိုပို့ပေးလိုက်အောင်ကြိုတင်လုပ်ထားတတ်ကြပါတယ်။ ဒီလိုနဲ့ဂျီပီ့ဆီကို အီးမေးကနေတဆင့်မွေးနေ့ အီးကဒ် (E-Card) တို့၊ နေ့ထူးရက်မြတ်တွေရဲ့အီးကဒ်တို့၊ ရောက် ရောက်လာတာအများကြီးပါပဲ။ ပထမတော့ သူတို့အမေရိကန်တွေဟာ တယ်မှတ်ဉာဏ်ကောင်းပြီး သူများရဲ့ မွေးနေ့ကိုတော်တော်သတိထားဂရုစိုက်တာပဲလို့ အထင်တွေကြီးနေမိတာပေါ့။ နောက်တော့ မြန်မာတွေရဲ့မြန်မာသင်္ကြန်နှစ်ကူးဆုမွန်ကဒ်တွေတောင်ရောက်လာပြီဆိုတော့။ မုန့်လုံးရေပေါ် ရွှေရင်အေးနဲ့။ ပိတောက်ငုဝါစိန်ပန်းပြာနဲ့။ ပါဝါပွိုင့်နဲ့ပေးပို့တာတောင်ပါလိုက်သေးတယ် ဆိုတော့။ ဘယ်လိုလုပ်ပေးပို့ကြတာလဲဆိုတာကို စိတ်ဝင်စားလာပြီး လိုက်လေ့လာမိပါတယ်။ အခုတော့ ဂျီပီ ကိုယ်တိုင်လည်း သူတို့လို ရင်ဂို (Ringo)တို့၊ ဝမ်းတူးသရီးဒေါ့ကွန်း(123.com) တို့၊ ဖရီးအီးကဒ်ဒေါ့ကွန်း (FreeEcard.com)တို့ သုံးတတ်သွားပြီဆိုတော့ကြိုတင်ပြီးရိုက်ထဲ့ထားတဲ့ ဆန္ဒမွန်တွေကိုပြန်လည်ပေးပို့တတ်နေပါပြီလေ။ အဲ့ဒီကနေတဆင့်တက်ပြီး။ ဒီ အီးမေးလ် ကို နောက်ထပ် လူ ၁၂ ယောက်စီ ၁၂ နာရီအတွင်းဝေပေးပါ။ မဝေနိုင်ရင် ကံဆိုးမိုးမှောင်ကျပြီး ဘာတွေဖြစ်မယ် ညာတွေဖြစ်မယ်။ ဝေလိုက်ရင်ဘယ်လို ကြီးပွားချမ်းသာပြီး ဘယ်လိုကောင်းကျိုးတွေထူးမယ်။ ဘယ်သူတော့ မဝေလိုက်လို့ ဘယ်လိုဒုက္ခတွေ့သွားလိုက်တာ။ ဘယ်သူကတော့ ဝေလိုက်လို့ ဘယ်လိုကြီးပွားသွားတာ။ မဟုတ်ကဟုတ်ကအီးမေးတွေလည်းပို့တတ်နေပါပြီ။ (အီးမေး လိပ်စာပေးထားမိသူတွေသတိထားကြပေတော့)။

ဒီလက ဆရာဝန်ညီလာခံကြီးနဲ့ဆုံနေတော့ ဆရာဝန်အသင်းမှာ ဆရာဝန်တွေ အလုပ်များကြတဲ့လပါပဲ။ ညီလာခံကာလကြီးမှာပဲ ဆရာဝန်စာရေးဆရာတွေနဲ့တွေ့စုံပွဲဆိုပြီး စရဏမဂ္ဂဇင်းတိုက်မှာလည်းလုပ်လိုက်ပါသေးတယ်။ ဘာမပြောညာမပြောနဲ့ ဂျီပီတစ်ယောက်လည်း အဲဒီ အခမ်းအနားကိုအဖိတ်ခံရတာပေါ့။ တစ်ခြားဆရာဝန်ပငေး စာရေးဆရာကြီးတွေကြားထဲမှာလေ။ ကိုယ့်ကိုယ်ကိုစာရေးဆရာနဲ့တူအောင်မနဲခပ်တည်တည်ကြီးလုပ်နေရတယ်။ " ကျယ် " ထား ကြည့်ရတာပေါ့။ သိတယ်မှုတ်လား ကျယ် တယ်ဆိုတာ၊ ထိုင်ခုံသုံးလုံးကိုတစ်ယောက်ထည်း ခွထိုင်ထားတာလေ။ အဲ့ဒါမှစာရေးဆရာလို့ထင်ကြတော့မှာလို့ထင်လို့ပါတဲ့။ ဒါတောင် နာမယ်ကြီး ဆရာဝန်စာရေးဆရာမလေးတစ်ယောက်က ဂျီပီ ခွထားပြီးသားကုလားထိုင်ပေါ်မှာ သူ့လက်ကိုင်အိပ်အကြီးကြီး လာတင်ထားလို့ ထိုင်ခုံတစ်လုံးဖဲ့ပေးလိုက်ရသေးတယ်။ စရဏပရိသတ်ကြီးကိုတော့ တောင်းပန်ပါတယ်။ ဒီလ ပုံပြင်နဲနဲတိုသွားပါတယ်။ အစဉ်သင့်မဖြစ်သေးဘဲ ဖြစ်ညှစ်ပြီး ပုံပြင်ဖြစ်အောင်ပြောလိုက်ရတာပါ။ ဓာတ်ပုံတွေလည်း နည်းသွားလို့ နောက်တစ်လကျမှပဲ တစ်ဝကြီးအားပေးကြည့်ရှုကြပါတော့လို့ တောင်းပန်ရင်း။ ထာဝစဉ်လေးစားလျက်–။ ဒေါက်တာဂျီပီ။ ။

❑❑❑



www.burmeseclassic.com

www.burmeseclassic.com



# အမေရိကားရောက်ဒေါက်တာဂျီပီပုံပြင် – ၁၄

(The Story of Dr. GeePee in America)

Narrator: ပုံပြောသူ။
ဒေါက်တာမြင့်ဦး (အလုံ)

(စရဏမဂ္ဂဇင်း။ အတွဲ - ၂။ အမှတ် - ၁၀။ ဧပြီလ - ၂၀၀၆။ တွင် ဖော်ပြပါရှိပြီး)။

၁၄။ အမှိုက်ပစ်မယ်၊ အမှိုက်ပုံမယ်။
အဟောင်းပလောင်းတွေပစ်မယ်။
ရှုရှုးပေါက်နည်း၊ အီအီးပါနည်း။။
ကားသချိုင်းဆိုတာ။



www.burmeseclassic.com

www.burmeseclassic.com

## ဒေါက်တာမြင့်ဦး (ဂျီပီ)

ဒေါက်တာဂျီပီပုံပြင်ကို ဘယ်တော့ဆုံးမှာလဲတဲ့။ မေးကြပြန်ပြီတခါ။ ပြောပြီးသားပဲဥစ္စာ။ ပုရွက် ဆိတ်ကလေးတစ်ကောင်၊ ဂိုဒေါင်ထဲကဆန်တွေကိုသယ်ယူလာသလိုမျိုး၊ တစ်လုံးပြီးရင်တစ်လုံး သယ်ယူလာဦးမှာပါတဲ့လေ။ ဂိုဒေါင်ကြီးတစ်ခုလုံးကိုဘယ်လိုလုပ်ကုန်အောင်သယ်ယူလို့ရမှာတဲ့လဲ။ တကယ်တော့ ပုံပြောတယ်ဆိုတာမျိုးဟာ၊ နားထောင်သူကို ယုံအောင်သက်သေထူပြီး ပြောပြရတာ မျိုးမဟုတ်လား။ မယုံလို့များပုံပြင်လို့မှတ်ယူသွားလိုက်ရင်ဘယ့်နှယ်လုပ်မလဲ။ အဲ့သလိုနဲ့ပဲ ယုံ လိုက်ရတဲ့ပုံပြင်တွေ ဆယ့်လေးပုံတောင်ရောက်နေပြီပဲ။ (မယုံမရှိနဲ့နော်)။ ဂျီပီကတော့ယုံယုံမယုံယုံ ပြောနေဦးမှာပါပဲတဲ့။ ဂျီပီတို့ခေတ် လေးတန်းကျောင်းသုံးစာအုပ်ထဲက "ယုံတမ်းစကား" ပုံပြင်လေး ကိုသွားပြီးသတိရမိပါသေးတယ်။ လူလေးယောက်ဝိုင်းဖွဲ့လို့ မယုံရင်ကျွန်ခံကြေးဆိုပြီး ယုံတမ်းစကားတွေ စပြောလိုက်ကြတာ။ တစ်ယောက်တစ်ပုံစီထပြောကြတော့ ပုံပြင်တွေဟာ ယုတ္တိမရှိမှန်းသိကြပေမယ့် ကျွန်ခံရမှာစိုးလို့ အားလုံးက လိုက်ယုံကြရတယ်လေ။ ဒါနဲ့ နောက်ဆုံးလူက (အကြံပိုင်ပိုင်နဲ့)၊ သူ့အိမ်ကထွက်ပြေးသွားတဲ့၊ သူ့ရဲ့ကျေးကျွန်တွေဟာအခု စကားဝိုင်းမှာနားထောင်နေကြတဲ့ မင်းတို့ပါပဲလို့ သူ့ယုံတမ်းစကားထဲမှာထည့်ပြောလိုက်တော့။ ယုံရင်လည်းသူ့ကျွန်တွေပြန်ဖြစ်ရဦးမယ်။ မယုံပြန်ရင်လည်းသူ့ဆီမှာ ကျွန်ခံနေရဦးမယ်။ ဒီလိုနဲ့ အားလုံးဟာ (နောက်ဆုံးလူရဲ့) ကျေးကျွန်တွေ ဖြစ်သွားကြရပါလေရောတဲ့။ ဟော့အခုလည်းဂျီပီ့ရဲ့ ပုံပြင်တွေကိုယုံတယ်လို့ဆိုမိရင်၊ အဲ့သဟာ ဒေါက်တာဂျီပီရဲ့ စတိုရီပုံပြင်အမှန်လေးပါပဲလို့ အသိအမှတ်ပြုကြရပေဦးမယ်။ အဲ မယုံဘူးလို့ ဆိုချင်ရင်တော့ သဟာကိုပဲပုံပြင်လို့ပဲမှတ်ယူခံရဦးမယ့် ဆိုပြန်တော့ကော့။ ဟဲဟဲ ဘယ့်နှယ်လဲ။ ပြောပြီးသမျှပုံတွေအားလုံးဟာ၊ ကိုဂျီပီရဲ့ ထရူးစတိုရီပါပဲလို့ယုံကြပြီပေါ့နော်။ ဘီလိဗ်အော်နော့ (Believe it or not ) တဲ့။ (ပိုင်တယ် ကွာ)။ ဒီလမှာ စရဏပရိသတ်ကြီးကို ဘီလိ (Believe) ခိုင်း မယ့်ပုံပြင်ကတော့ အမေရိကန်လူမျိုးတွေရဲ့ စွန့်ခြင်းကြီးတွေအကြောင်းပါပဲ။ နားသောတဆင်ပြီး ဘီလိပေးတော်မူကြပါဦးလို့။

အဲ့သလိုနဲ့ ဒေါက်တာဂျီပီ ဟာ့။

### အမေရိကားမှာအမှိုက်စွန့်မယ်ဆိုရင်

ကားစီးရင်းအမှိုက်မပစ်ရ။ လမ်းလျှောက်ရင်းအမှိုက်ပစ်လို့မရ။ ပါးစပ်ထဲကတံတွေးကို အပြင်မှာ ထွေးလို့မရ။ (ကွမ်းမစားတတ်တဲ့ အနောက်တိုင်းသားတွေဆိုတော့ လမ်းဘေးကွမ်းယာဆိုင်မရှိသ လို၊ ကွမ်းတံတွေးလည်းရှာလို့မရတဲ့တိုင်းပြည်ပါပဲ)။လမ်းပေါ်မှာ ခုတ်တိုင်တစ်တိုင်ခြားတိုင်းအ မှိုက်ပုံးတစ်ပုံးကတော့တွေ့ရမှာအမှန်ပါပဲတဲ့။ နေ့စဉ်တံမြက်စည်းမပါပဲအမှိုက်လိုက်လှဲနေတဲ့ (စည်ပင်)



www.burmeseclassic.com

www.burmeseclassic.com

## အမေရိကားရောက် ဒေါက်တာကျီပီ



စည်ပင်ဝန်ထမ်းများ အမှိုက်လိုက်သိမ်းနေပုံ

ဝန်ထမ်းတွေကို နေရာအနှံ့မှာတွေ့နေရပါမယ်။ သူတို့က မော်တာလေးကိုကျောမှာပိုးပြီး လေမှုတ်စက်နဲ့ အမှိုက်လှည်းတာမျိုးတွေ၊ လေစုတ်စက်ကလေးကိုလှည်းပေါ်တင်ပြီးတွန်းသွားလို့ဟမျိုး၊ တက်စီးလို့ တဖုံနဲ့တံမြက်စည်းလှဲနေကြတာကို။ အမှိုက်ဆိုတာက အမျိုးမျိုးရှိပါတယ်။ မီးဖိုချောင်သုံးသားငါး၊ အသီးအရွက်လက်ကျန်အမှိုက်က စလို့ သုံးစွဲပြီးသား တစ်သျှူးပေပါ၊ သတင်းစာဟောင်း (လိုက်ဝယ်သူမရှိပါ)၊ စက္ကူစုပ်၊ စက္ကူခွက်၊ ဂွတ်ဂွတ်အိပ် (သူတို့ဆီကရှော့ပင်းအိပ်ကလေးတွေက လွှင့်ပစ်ရမှာတောင်နှမြောစရာပါ)၊ ပက်ကင်း Packing အထုပ်မျိုးစုံ၊ ကိုလာ ဗူးခွံ၊ ပုလင်းခွံ၊ ပလတ်စတစ်ဗူးခွက်၊ အကျႌ အဝတ်အစားအစုပ်ပလုပ် (တောင်း စုပ်ပလုံးစုပ်တော့ မတွေ့မိပါဘူး)။ အဲဒါတွေအကုန်လုံးကို၊ စတိုးဆိုင်ကကြိုတင်ဝယ်ယူထားရတဲ့ ပလပ်စတစ်အိပ် အမဲကြီးထဲမှာထည့်ပြီး၊ ကိုယ်နေတဲ့အပါ့မင့် Apartment ဝင်းထဲမှာ ထားပေးထားတဲ့ (ကားဂို ထောင်အသေးစားလောက်ရှိတဲ့) သံအမှိုက်ပုံး အကြီးကြီးထဲမှာသွားပစ်ရတာပါ။ အမှိုက်ပုံးကြီး/သေးတွေကို အမှိုက်ကားကြီးတွေက သူ့နေ့ပတ်နဲ့သူ လိုက်သိမ်းပေးကြရပါတယ်။ အပတ်မင့် ခန်း များရင်များသလောက် သံအမှိုက်ပုံးအရေအတွက်က လေးငါးခုအထိထားပေးထားတတ်ပါတယ်၊ ပြန်လည်ပြုပြင်ရန်အမှိုက်(စက္ကူတို့ပုလင်းတို့)ကို (ရီဆိုင်ကယ် Recycle ဆိုတဲ့ အမှိုက်ပုံး တွေထဲမှာ) သပ်သပ်ထည့်ပေးရပြန်ပါတယ်။ စက္ကူအမှိုက်တွေကို သပ်သပ်ထုပ်၊ ပုလင်းတွေကို သပ်သပ်ထုပ်၊ အသီးအနှံသားငါးကိုသပ်သပ်ထုပ်လို့ စွန့်ပစ်ရတာပါ (အမှိုက်ထုပ်မယ့်အိပ်ကို နှမြောနေလို့မရဘူးလေ)။ လုံးခြင်းအိမ်တွေကျတော့ ကိုယ့်အိမ်ရှေ့မှာထားပေးထားတဲ့ လူတစ်ရပ် လောက်ရှိတဲ့ အဖုံးပါတဲ့ ပလပ်စတစ်ပုံးကြီးထဲကိုစွန့်ပစ်ရပါတယ်၊ အမှိုက်တိုင်းကထုပ်ပိုးပြီးသား ဖြစ်နေလို့ ယင်ကောင်လည်းမနား၊ ခွေးလည်းစားလို့မရတော့ဘူးပေါ့။ အမှိုက်ပစ်ကြဒုံးမလား ဆိုပြီး လှည်းကလေးနဲ့လာတဲ့သူကို (ငွေငါးဆယ်ပေးလိုက်ရတာမျိုးလည်း)မရှိ၊ မရှိ။ (မာတ်ဆီခွေ့တာနေရလို့ တစ်မေ့လောက်မှ တစ်ခါပေါ်လာတတ်တဲ့) ခေါင်းလောင်းထိုးအမှိုက်သိမ်းကားလာသံကို နားစွင့်နေဖို့

www.burmeseclassic.com



လည်းမလိုု၊ လာပြန်တော့ ကားကျော်ရပ်သွားလို့ အမောတကောပြေးပြီး အမှိုက်လိုက်ပေးရတာမျိုးလည်း ကင်းသွားတော့တာပေါ့တဲ့။ မနက်ပိုင်းမှာ အမှိုက်ပစ်ဖို့မမှီလိုက်တဲ့ သူတွေက ညပိုင်းကျမှ (အမှိုက်ပုံကိုရှာပြီး) ခိုးကြောင်ခိုးဝှက်ပစ်ရတဲ့ဒုက္ခလည်းငြိမ်းသွားရတာပေါ့နော်။ ရန်ကုန်မှာတုံးက၊ ဂျီပီတို့ ရပ်ကွက်ထဲမှာ၊ လမ်းထိပ်လက်ဖက်ရည်ဆိုင်နဘေးနားမှာရှိနေတဲ့၊ အမှိုက်ပုံအကြီးကြီးလို (ရွှေတိုရွှေစ) နှိုက်နေတဲ့လူစလူနလည်းမတွေ့မိပေါင်ဗျာ။ သူတို့ဆီမှာက အမှိုက်မှပုံလို့မှမရတာ။ အော်–ဒါထက်။ အခု အမေရိကားမှာဂျီပီနေနေတဲ့ Ridgewood Apartment ရပ်ကွက်ထဲက ခုနက သံအမှိုက်ပုံးကြီး နဘေးမှာ၊ တစ်ခါတုံးက ဘယ်သူလာပစ်သွားမှန်းမသိတဲ့ ဗိုင်ဘာစားပွဲဟောင်းတစ်ခုကတော့ဖြင့် လောလောဆယ် ဂျီပီ့အပါ့မင့်အခန်းထဲမှာ (ဘယ်သူက သွားနှိုက်ယူလာပေးထားတယ်ဆိုတာတော့ မမှတ်မိတော့ပါဘူးလေ) ဂျီပီ့ရဲ့ လက်တော့ကွန်ပြူတာတင်တဲ့ စားပွဲဖြစ်လို့နေလေရဲ့။ ဒါကိုတော့ယုံလိုက်ပါ (ဘီလိဗ်–Believe it)။ အမေရိကန်နိုင်ငံရဲ့ ၂၀၀၃ ခုနှစ် စစ်တမ်းကောက်ယူချက်အရ တစ်နိုင်ငံလုံးစွန့်ပစ်တဲ့အမှိုက် (Municipal Solid Waste) ပေါင်းဟာ တန်ချိန် ၂၃၆ သန်းရှိပါသတဲ့။ လူတစ်ယောက်တစ်နေ့ကို ဖျမ်းမျှ (၄၅) ပေါင် စွန့်ပစ်နေတယ်လို့ဆိုပါတယ်။ အမေရိကန်ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးအဖွဲ့ကြီးက၊ အမှိုက်စွန့်ပစ်ရာမှာ အာရ်သုံးလုံး 3-R နည်းကိုသုံးကြဖို့ တိုက်တွန်းထားပါတယ်။ ရီဒြူ့စ်၊ ရီယုစ်၊ ရီဆိုင်ကယ် Reduce, Reuse and Recycle လို့အမည်ရပါတယ်။ ပစ်လိုက်တဲ့ အမှိုက်တွေကိုပမာဏနည်းသွားအောင်လုပ်တဲ့နည်းဖြစ်တဲ့ ရီဒြူ့စ် Reduce ဆိုတာမှာ၊ အမှိုက်အထွက်နည်းစေတဲ့ ပစ္စည်းတွေကိုသုံးစွဲစေခြင်းလည်း တစ်ခုပါဝင်ပါတယ်၊ ဥပမာ။ မတ်ခွက်တစ်ခွက်အနေနဲ့သုံးမယ်ဆိုရင် ကြွေခွက်၊ပလတ်စတစ်ခွက်တွေအစား ပိုပြီးတာရှည်ခံတဲ့ မယ်လမီးမ်ခွက်တွေကိုသုံးစွဲတာမျိုး။ နောက် ရီယုစ် Reuse ဆိုတာက၊ စက္ကူလက်သုတ်ပုဝါအစား အဝတ်လက်သုတ် ပုဝါသုံးတာမျိုးလို။ ပြန်လည်ပြုပြင်ယူလို့ရတဲ့ (ဥပမာ၊ ရေခရားလိုဟာမျိုးကိုသုံးစွဲပြီး ရင်စားကြွင်းစားကျန်ထည့်တဲ့ခွက်လုပ်ပစ်လိုက်တာမျိုးတွေ၊ မှင်ဖြည့်သုံးလို့ရတဲ့ဘောပင်တွေ)၊ ကိုယ်အသုံးမလိုတော့ရင်လွှင့်ပစ်မယ့်အစား ချို့ငဲ့နေသူတွေကိုပေးလှူလိုက်တာမျိုးတွေ။ နောက်တစ်မျိုးရီဆိုင်ကယ် Recycle ဆိုတာက၊ သတင်းစာစက္ကူ။ ကဒ်ထူထူ၊ စတီးခွက်၊ သစ်ရွက်ခြောက်၊ အလူမီနီယံဘီယာဗူးခွံ၊မက္ဂဇင်းအဟောင်း၊ ပလတ်စတစ်ဗူး၊ပုလင်းစတာတွေကို စက်မှုကုန်ကြမ်းအဖြစ်ပြန်သုံးပြီး လူသုံးကုန်ပစ္စည်းပြန်လုပ်တာမျိုးတွေဖြစ်ကြပါတယ်။ သူတို့ရဲ့ရီဆိုင်ကယ်ဆိုတာက အမှိုက်ပုံး

လမ်းဘေးမှ အမှိုက်ပုံးကို အမှိုက်ကားပေါ်သို့ စက်ဖြင့် မချီသိမ်းယူနေစဉ်





www.burmeseclassic.com

www.burmeseclassic.com




တံမြက်စည်းလှည်းသည့်
လက်တွန်းလှည်း

ထဲကို စည်းကမ်းအတိုင်းပေးလှူရတာမျိုးပါ။ အမှိုက်ပစ်သူတွေအဖို့မှာတော့ ပဲလှော်နဲ့လည်း လဲစားလို့ကမရ၊ ပီသာချိန်နဲ့ပြန်ရောင်းစားလို့ကလည်း မဖြစ်ဆိုပြန်တော့၊ ဘစ်ဖနစ် အင်တာပရိုက်တွေ၊ ကုမ္ပဏီတွေက ရီဆိုင်ကယ်အမှိုက်တွေကို ကန်ထရိုက်ယူပြီး ရီဆိုင်ကယ်လုပ်ငန်းမှာ အပြိုင်ကြနေကြတော့တာပေါ့။ (ရီဆိုင်ကယ်အမှိုက်ဆိုတာတွေထဲမှာ ၉၃ရာနှုန်းက ဘက်ထရီ ဓာတ်ခဲတွေဖြစ်ပြီး၊ စတီးခွက်တွေက ၆၀ ရာနှုန်း။၊ ခြံထွက်သစ်ကိုင်း၊ သစ်ရွက်ခြောက်တွေက ၅၆ ရာနှုန်း၊ စက္ကူကဒ်ထူ ၄၀၊ ကိုလာ၊ဘီယာဗူးခွံ ၄၃၊ မော်တော်ကားတာယာ ၃၀၊ ပလတ်စတစ်ခွက် ၃၀၊ မှန်ကွဲ ၂၀ လို့မှတ်သားမိလိုက်ပါတယ်)။ ပစ္စည်းအသစ်အဖြစ်ပြောင်းလဲလို့ မရတော့တဲ့ အမှိုက်တွေကျတော့ လောင်ကျွမ်းပစ်(Combustion / Incineration လုပ်) တာတို့ မြေမြှုပ်ထဲမှာသိုလှောင် (လင်းဖေး Landfill)ပြီးမြေဩဇာအဖြစ် ပြောင်းပစ်တာတို့။ အဲဒီအလုပ်တွေကို သူတို့ရဲ့ (စည်ပင်) တွေက လုပ်ဆောင်ပေးနေပါသတဲ့လေ။ ကိုယ့်အိမ်ကိုယ့်ဝင်းထဲမှာ အမှိုက်ကိုမီးရှို့ခွင့်မရှိပါဘူး။ (လေထုညစ်ညမ်းမှာစိုးလို့ပါတဲ့)။ သက်ဆိုင်ရာ ဒေသအုပ်ချုပ်ရေး အဖွဲ့ တွေကပဲ (စည်ပင်ရဲ့) စည်းကမ်းနဲ့အညီ လုပ်ဆောင်ပိုင်ခွင့်ရှိပါသတဲ့။ လင်းဖေးမြေဖို့တဲ့နည်းမှာ၊ မြေအောက်ရေထုမညစ်ညမ်း ရအောင်၊ အမှိုက်အောက်ကနေ အလွှာပါး တစ်ထပ်ခံပြီး တားဆီးပေးထားရပြန်ပါသေးတယ်။ အမှိုက်ပုံတာ (Composting )ကိုတော့ ကိုယ့်အိမ် ခြံဝင်းအတွင်းမှာ (စည်ပင်)ရဲ့ခွင့်ပြုချက်နဲ့၊ ခြံစည်းရိုး

ကျောပိုး လေမှုတ်စက်ဖြင့် လမ်းပေါ်
တံမြက်စည်းလှည်းနေပုံ



တစ်ထပ်ကာပြီးမှလုပ်ပိုင်ခွင့်ရှိပါတယ်။ ကြွက်တွေ၊ အင်းဆက်တွေ၊ ပိုးဟပ်တွေမဝင်နိုင်အောင် စီမံရပါဦးမယ်တဲ့။ သစ်ရွက်အစိုအခြောက်၊ရိတ်ပြီးသားမြက်၊ စားကြွင်းစားကျန်စတာတွေကို ခြံနောက်ဖေးမှာစုပုံထားပြီး၊ ဇီဝဓါတုပြောင်းလဲမှုနဲ့မြေဩဇာပြုလုပ်ကြရတာပါ။ အမှိုက်အဖြစ်ပုံခွင့်ရတဲ့ပစ္စည်းတွေကတော့၊ အသီးအရွက်၊ ကြက်ဥအခွံ၊ ကော်ဖီဖျော်ပြီး စစ်ကျန်ခဲ့တဲ့အဖတ်၊ လဘက်ရည်ထုပ်အခွံ၊ ပြာအမျိုးမျိုး၊ သစ်ရွက်ခြောက်၊ မြက်၊ အဝတ်စုတ်၊ လွှစာမှုန့်၊ ပြန်မသုံးနိုင်တော့တဲ့စက္ကူတွေပဲဖြစ်ပါသတဲ့။ အဲဒီကိုယ်ပိုင်အမှိုက်ပုံမှာ စွန့်ပစ်ခွင့်မရှိတာတွေက ရှိပါသေးတယ်၊ အသား၊ငါး၊အရိုး၊ နို့ထွက်အမှိုက်၊ အဆီအမျိုးမျိုး (ထောပတ်၊ မေရွန်နိုးစ် အပါအဝင်)၊ခွေးချေး၊ ကြောင်ချေး



www.burmeseclassic.com

www.burmeseclassic.com

## ဒေါက်တာမြင့်ဦး (ဂျီပီ)

ရောဂါရနေတဲ့သစ်ပင်နဲ့ သုတ်ဆေးဆိုးဆေးတွေပဲဖြစ်ပါတယ်လေ။ အမှိုက်ပုံက အနံ့ဆိုးတွေမထွက်စေဖို့ ကာဗွန် (သစ်ရွက်နှင့်သစ်တိုသစ်စအမှိုက်) အဆ ၃၀ နဲ့ နိုက်ထြိုဂျင် (မြက်နှင့်စားကြွင်း) တစ်ဆကို အချိုးအတိုင်းပုံရမှာဖြစ်ပါတယ်။ အမှိုက်ပုံရဲ့ ဗဟိုအပူချိန်ကို ၉၀ နဲ့ ၁၄၀ ဖါရင်ဟိုက်ကြား ထားပေးရဦးမယ်လို့ဆိုထားပြန်ပါသေးတယ်။ ဒီကြားထဲ Red wriggler လို့ခေါ်တဲ့ တီကောင်လေးတွေထည့်ပေးရဦးမယ်တဲ့လေ။ (အမလေးလေး။ အမှိုက်ပုံတာကိုများ လိုက်နာလိုက်ရမယ့် စည်းကမ်းတွေကမနည်းပါ့လား)။ အဲဒါတောင်အရေးကြီးတာ တစ်ခုက ကျန်သွားသေးတယ်။ အဲဒါက ဖန်လုံအိမ်အာနိသင်ဖြစ်စေတဲ့ ဓာတ်ငွေ့တွေမထုတ်လွှတ်မိအောင် တာဝန်ယူနိုင်ရမယ်တဲ့။ အဲ့ဒီလို(စည်းကမ်းနဲ့အညီ) ပုံခွင့်ရရှိလာတဲ့အမှိုက်တွေဟာ မြေဆီလွှာအဖြစ်အသုံးဝင် ရုံသာမက၊ ဟိုင်းဝေးလမ်းမကြီးတွေကို အလှဆင်တဲ့စီမံကိန်းတွေနဲ့၊ အိမ်ယာစီမံကိန်းတွေရဲ့မြေသား အလှဖေါ်မှု (Landscaping ) တွေအတွက်ပါအသုံးဝင်တယ်လို့ဆိုကြပါတယ်။ အမှိုက်ပုံရဲ့စည်းကမ်းချက် တွေက များလွန်းတော့ အိမ်ဝင်းအတွင်းအမှိုက်ပုံခြင်းဆိုတာကို အမေရိကန်ချမ်းသာသောသူများကသာ လုပ်ဆောင်နိုင်ကြတယ်လို့ဆိုပါတယ်။ အခုဆိုရင် ကိုယ့်ဝင်းခြံထဲမှာ အမှိုက်ပုံခွင့်ရရှိနေတဲ့ အမေရိကန် ပြည်သူတွေဟာ သိန်းနဲ့ချီရှိနေပါပြီ။ (ရန်ကုန်မှာရှိတဲ့ဂျီပီတို့ရပ်ကွက်ထဲကအမှိုက်ပုံကြီးကို အမေရိကားကို များ ရွှေ့ယူလို့ရနိုင်ခဲ့ရင်၊ ဂျီပီတို့ ရပ်ကွက်တစ်ခုလုံးတော့ချမ်းသာတော့မယ့်ကိန်းပဲထင်ပါရဲ့နော်)။ ကဲ့အဲဒါကတော့ အမေရိကန်တွေရဲ့ (အမှိုက်)စွန့်ခြင်းကြီးတစ်ပါးပါပဲတဲ့။ နောက်ထပ်စွန့်ခြင်းကြီးတပါး ကိုပြောပြရအုံးမယ်။

### ပရိဘောဂစွန့်ခြင်း

ကိုယ့်အိမ်မှာ အသုံးမလိုတော့တဲ့ ကွန်ပြူတာ၊ တီဗီ၊ ကက်ဆက်၊ ရေခဲသေတ္တာ၊တယ်လီဖုန်း၊ ပရိ ဘောဂ၊ စာအုပ်၊ အဝတ်အစား၊ စတာတွေကို ကိုယ့်အိမ်ဝင်းအတွင်းမှာပဲ ယာ့ဒ်ဆေး(Yard Sale) တို့၊ ဂရာ့ဂ်ျဆေး (Garage Sale) တို့လုပ်ပြီးရောင်းလို့ရတယ်ဆိုတာကို ဂျီပီပုံပြင် (၉) တုံးက ပြော ခဲ့ပြီးပါပြီ။ ဂျီပီကိုယ်တိုင်တောင် ၂၈ လက်မတီဗီကြီးကို ၁၅ ဒေါ်လာနဲ့ရောင်းခဲ့ရသေးတယ် မဟုတ်လား။ အဲ့သလိုမှ ရောင်းမထွက်တော့(မစွံတော့)ရင်တော့ ခုနပြောတဲ့ ရီဆိုင်ကယ် အမှိုက်ပုံးဘေးနားမှာ သာ သွားချထားလိုက်ပါတော့တဲ့။ (ရွှေတိုရွှေစရှာတဲ့) သူတွေကအမှိုက်ပုံးဘေးမှာ ကားထိုးရပ်ပြီး ကောက်ယူသွားပါလိမ့်မယ်တဲ့။ (သိတယ်နော်၊ ရှူး၊ တိုးတိုး။ ဟိုမှာတွေ့လား ဂျီပီ့ရဲ့ လက်တော့ကွန်ပြူတာ တင်ထားတဲ့စားပွဲကြီး၊ ရှိသေးတယ်။ ညေ့ခန်းထဲက ဆိုဖါခုံ တန်းရှည်ကြီးကလည်း ရီဆိုင်ကယ်လုပ်ပြီး ရလိုက်တာပါပဲတဲ့)။ အဲ့သလိုမှ အမှိုက်ပုံးဘေးမချထားချင်ရင်လည်း။ စေတနာထက်သန်စွာနဲ့ လျှော့ ဈေးနဲ့ရောင်းပေးနေတဲ့ သရစ်စတိုး (Thrift Store) တို့၊ ဂွတ်ဝေးစတိုး (Goodwill) တို့မှာ သွားလှူ လို့လည်းရပါတယ်တဲ့။ သူတို့ကပြန်လည် ရှိုင်နင်ဂွမ်နင် လုပ်ပြီးဈေးပေါပေါနဲ့ပြန်ရောင်းပေးပါလိမ့်မယ်တဲ့။ မရှိရှာတဲ့သူတွေဝယ်ကြလိမ့်မပေါ့။ ကုသိုလ်ရပါတယ်လေ။ (ဂျီပီတို့ကတော့ အဟောင်းဆိုလုံးဝမသုံး ဘူးပဲ)။

အဲ့ သလိုနဲ့ဒေါက်တာဂျီပီဟာ


www.burmeseclassic.com

www.burmeseclassic.com



## အပေါ့အလေးစွန့်ခြင်း

နောက်ထပ်စွန့်ခြင်းကြီးတပါးကတော့ မလွှယ်ထားနိုင်တာကိုမှ စွန့်ပစ်ရတဲ့စွန့်ခြင်းကြီးပါပဲ။ (ရှီ ဆိုင်ကယ်ပြန်လုပ်ချင်ကြသေးလို့လား။ ဖန်လုံအိမ်အာနိသင် ဓါတ်ငွေ့တွေကင်းပါတယ်နော်)။ ကျိုပီ ပုံပြင် (၆) တုံးက လေဆိပ်ထဲမှာ ကလေးအီအီးတယ်မိလို့(အဖမ်းခံလိုက်ရတဲ့) မြန်မာလင်မယား စုံတွဲကို မှတ်မိကြသေးတယ်နော်။ ကလေးအီအီးတယ်ဖို့နေရာတွေကို ရေအိမ်ထဲမှာ သီးသန့်လုပ်ပေးထားတယ်ဆိုတာပါတယ်လေ။ အခု လူကြီးသီးသန့်အကြောင်းကိုပြောပြတော့မယ်။ အမေရိကားတခွင်မှာ အပေါ့အလေးစွန့်တဲ့ရေအိမ်တွေကတော့ တော်တော့်ကိုအဆင့်မြင့်တယ်လို့ ဆိုရမှာပဲ။ ယောကျာ်း အပေါ့ခွက်တွေမှာရေကိုအရမ်းကာရောသုံးကြလွန်းလို့ "သင်ယနေ့ရေကို လျှော့သုံးခြင်းဖြင့်အာဖရိကရေရှားပါးသောနိုင်ငံများမှရေငါလံပေါင်းမည်မျှအတွက် ရေကိုချွေတာပေးရာရောက်ပါသည်" ဆိုတဲ့စာတန်းတွေကို ရေအိမ်တွေမှာချိတ်ပြီးသတိပေးထားရတဲ့ အထိပါပဲ။ တစ်ချို့ ခေတ်မှီအဆောက်အဦးကြီးတွေရဲ့ရေအိမ်တွေမှာဆိုရင် ရေကိုလုံးဝမသုံးတော့ပဲ ဓာတုဆေးရည်တစ်မျိုးနဲ့တောင်သန့်စင်မှုတွေလုပ်နေကြပါပြီ။ (ရေသုံးတုံးကရေအိမ်လို့သမုတ်ခဲ့ကြတော့ အခုဓာတုဓာတ်ဆေးရည်လည်းပြောင်းသုံးရော ဓာတုအိမ်လို့ပြောင်းလဲခေါ်ရမလိုတောင်ဖြစ်နေပါပြီ)။ အပေါ့ခွက်ကလည်းအရွယ်အစားအမျိုးမျိုး၊ အမြင့်အနိမ့်အမျိုးနဲ့ဆိုတော့ လှမ်းခုန်ရတာတို့၊ ဘေးစင်ထွက်ကုန်မှာတို့ကိုမစိုးရိမ်ရတော့ဘူးလေ။ လူရပ်လိုက်ပြီဆိုရင် သူ့ဟာသူ တစ်ခါဆေးကြောသန့်စင်လိုက်ပြီး လူခွာသွားရင်နောက်တစ်ခါ သန့်စင်ပြီးဖြစ်သွားအောင် စင်ဆာ (Sensor) မီးလေးကအချက်ပေးထားတယ်။ ကိစ္စပြီးရင်လက်ဆေးစရာမလိုတော့ပဲ၊ နော်ဇယ်လေးရှေ့ကို လက်ထိုးပေးလိုက်တာနဲ့ ပိုးသတ်ဆေးမွှေးမွှေးလေးတွေကကျလာတယ်။ ပြီးမှ စက္ကူလိပ်ကို၊ ရိုလာထဲကစွဲထုတ်လို့လက်သုတ်လိုက်ပေါ့။ စက္ကူတစ်သျှူးတွေကိုအမှိုက်ပုံးထဲကို ထည့်ခဲ့ဖို့လည်းမမေ့နဲ့ဦး။ (ရှီဆိုင်ကယ်ကနောက်ကလိုက်လာပါလိမ့်မယ်)။ အဲ့ဒါက ကျားဘသားတွေရဲ့ အပေါ့ခွက်ဆန်းကျယ်ပုံပါပဲ။ (မ) ပေါ့ခွက်တွေကိုတော့ဘယ်လိုလုပ်ထားမှန်း ကျိုပီကိုယ်တိုင်ဝင်မကြည့်ခဲ့ရလို့ (သိချင်လွန်းကြတယ်ဆိုရင်ဖြင့်) ကျိုပီကတော့်ကိုပဲမေးကြည့်ကြပါတော့လို့။ ကဲ ဒီတခါ အလေးခွက်အကြောင်းကိုဌာကာထပ်ချဲ့ကြည့်ကြဦးစို့ရဲ့။ အခန်းထဲမှာ ကုတ်အင်္ကျီချိတ်ဖို့ ချိတ်တစ်ခုထားပေးထားတယ်။ အထဲမှာလူရှိနေတယ်ဆိုတာကို အခန်းအောက်ဖက်ကလွတ်နေတဲ့နေရာကနေ ရှူးဘိနပ်ကိုတွေ့တာနဲ့သိသာနိုင်တယ်။ ခါးပတ်ကိုဖြုတ်၊ ဘောင်းဘီကိုလျှော့လို့ ရှေ့မှာရပ်လိုက်တာနဲ့ ကမုတ်ပတ်ပတ်လည်ကိုပလပ်စတစ်ပါးပါးလေးက တပတ်ပတ်ထွက်လာပြီးခင်းပေးလိမ့်မယ်။ ကိုယ်တက်မထိုင်ခင်မှာ ကမုတ်နှုတ်ခမ်းသားပေါ်မှာ ပလပ်စတစ်ခင်းပြီးသားဖြစ်သွားပြီလေ။ ရှေ့ကလူထိုင်သွားလို့သူ့ဆီကရောဂါကူးမှာလည်းမပူရတော့ဘူးပေါ့။ ကိစ္စပြီးပြီဆိုရင် နံဘေးလက်တကမ်းမှာရှိနေတဲ့ တစ်သျှူးရိုလာထဲကနေ ကိုယ်လိုသလောက်တစ်သျှူးကိုစုတ်ဖြဲယူပြီး သုတ်သင်သန့်စင်လိုက်ပေတော့။ စိမ်ပြေနပြေထိုင်ပြီးလို့၊ ထလိုက်ပြီဆိုတာနဲ့ အောက်ခံခွက်ထဲကရေက သူ့အလိုလိုအရှိန်နဲ့ကျလာပြီး သန့်စင်သွားလိမ့်မယ်။ ခုန ကိုယ်ထိုင်ပြီးသွားတဲ့ ကမုတ်ပေါ်ကပလတ်စတစ်ခင်းကလည်း တစ်ဖက်

www.burmeseclassic.com

## ဒေါက်တာမြင့်ဦး (ဂျီပီ)

ကအပေါက်ထဲကိုပြန်ဝင်သွားပြီးဖြစ်လို့၊ (နောက်ထပ်ကမုတ်ရှေ့မှာလာရပ်မယ့်လူအတွက်) နောက်ထပ်အခင်းသစ်က မူလအပေါက်ကနေထွက်ပေါ်လာဖို့အဆင်သင့်ဖြစ်နေပြီလေ။ လူရပ်တာ၊ ထိုင်တာ၊ ထတာတွေနဲ့ ချိန်ကိုက်ပြီး အီလက်ထရွန်းနစ်စင်ဆာက တိုင်ပင်ကိုက်အလုပ်လုပ်ပေးနေတာပါ။ ဂျီပီဘဝင်မကျ တာတစ်ခုပဲရှိတယ်။ သူတို့တွေက ဘောင်းဘီတွေစကပ်တွေနဲ့ လူကြားသူကြား ထဲသွားလာနေကြတဲ့သူတွေဆိုတော့ သူတို့ဖင်နောက်မှာ ရေကွက်နေတာတွေ ဖြစ်ကုန်မှာစိုးလို့ထင်ပါရဲ့။ တင်ပါးကိုရေမထိအောင် တစ်သျှူးပါးပါးလေးတွေနဲ့ပဲသန့်စင်လေ့ရှိကြတယ်။ ဂျီပီကိုယ်တိုင် အတ္တလန်တာမြို့မှာတုံးက၊ သမ္မတဟောင်း ဂျင်မီကာတာရဲ့ ငယ်စဉ်တောင်ကျေးအိမ်ကလေးကို သွားလေ့လာတဲ့အချိန်မှာ ဂျင်မီကာတာငယ်စဉ်ဘဝက ပြောင်းဖူးရိုးကို ချောအောင်ပွတ်ပြီး နောက်ဖေး သန့်စင်ခဲ့ရတယ်ဆိုတာကို ပရိသတ်ကြီးကိုပြောခဲ့ဖူးပါတယ်။ (ရည်ညွှန်း။ ဂျီပီ ပုံပြင် ၇ )။ အဲဒါက နိုင်တီးဝွမ်တီးကပဲဟာ။ အခုအရမ်းတိုးတက်ပြောင်းလဲလာတဲ့ခေတ်ကြီးမှာ ဘာလို့ ရေကိုသုံးပြီး ခြောက်အောင်မလုပ်ပေးနိုင်ရမှာလဲ။ သူတို့ရေအိမ်ထဲမှာ လက်အခြောက်ခံတဲ့စက်တော့ ထားပေးထားပြီး ဘာလို့ဖင်အခြောက်ခံတဲ့စက်ကိုထားမပေးနိုင်ရမှာလဲပေါ့လေ။ ဂျီပီတို့လူမျိုးတွေမှာ (ငယ်စဉ်ကထဲက၊ သိတတ်တဲ့မိဘတိုင်းက) ခလေးတွေကို ရေနဲ့သန့်စင်တတ်အောင် သင်ပေးထားကြတာမဟုတ်လား။ (ချွင်းချက်ကတော့။ တောမှာကျန်ရစ်ခဲ့ပြီး အခုထက်ထိ တောထိုင်တုတ်ခနောင်းသုံးနေတဲ့ ကိုရင်မြင့်ဇော်တို့၊ ဖိုးသူတော်ခိုင်စိုးတို့ပဲပေါ့)။ အခုတော့ဂျီပီမှာ သူတို့လိုပဲ တစ်သျှူးတွေနဲ့သုတ်သင်နေရတာ ကြာလာပြီဆိုတော့ (ဖင်တွေလည်း) စပ်ကုန်ပါပြီ၊ တော်ကြာ အမေရိကားရောက်ခါမှ ဗရင်ဂျီနာရပြီး ဆေးကုရရင်တော့ဒုက္ခပါပဲလို့ပူပန်နေရပါပြီ။ အကြံပေးစာများထည့်ခဲ့လို့ရရင်၊ ရေပန်းကလေးများထားပေးကြပြီး ဖင်အခြောက်ခံစက်ကလေးများလည်းတီထွင်ကြစမ်းပါအုံးလို့စာရေးပြီးထားခဲ့ချင်ပါရဲ့။ ရေအိမ်ကို အမေရိကန်တွေခေါ်ဝေါ်တာများကြည့်ပါဦး။ ရက်စ်ရူးမ် (Restroom) တဲ့။ အမှတ်တမဲ့အဓိပ္ပါယ်ပြန်လိုက်ရင်၊ တည်းခိုခန်းလို့တောင်ထင်ယောင်ထင်မှားဖြစ်သွားမိမှာပဲ။ ကြီးကြီးကျယ်ကျယ် လေယာဉ်ပေါ်မှာရေးထားတဲ့ စာတန်းကျတော့ (Lavatory)တဲ့။ ခေတ်ခွဲခန်းလိုလို ဘာလိုလို မှားတတ်လောက်ပါပေတယ်။ ဟိုင်းဝေးလမ်းမကြီးတွေကိုသုံးပြီးခရီးသွားတဲ့ခရီးသည်တွေအတွက် မြို့နဲ့ဝေး



ရေအိမ် သန့်ရှင်းရေး ကျွမ်းကျင် အလုပ်သမနှစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကြားစခန်းတွေမှာ ကားကပ္ပတိန် (ဒရိုင်ဘာလို့မခေါ်ပါဘူး) တွေက ခေတ္တနားနေစခန်း ရက်စ်ရှုမ်တွေကိုပို့ပေးတတ်ပါတယ်။ ကျီဝီတို့ဆီက ပေါက်တောလို့ခေါ်တဲ့ ခြံကြားကျွန်းမာရေးစခန်းတွေလိုမျိုးပေါ့။ သူတို့ဆီမှာကတော့ သပ်သပ်ရပ်ရပ်အဆောက်အဦးလေးထဲကိုဝင်သွားပြီး ဘိုထိုင်ထိုင်ရတာပါ။ အဲဒီအဆောက်အဦးလေးရဲ့အပြင်ဘက်မှာ စားသောက်ဆိုင်ကလေးတွေလည်းတွဲဖွင့်ထားတတ်ကြလေရဲ့။ စွန့်ခြင်းကြီးပြီးရင် ပြန်ဖြည့် (ဖြည့်ခြင်းကြီး) လို့လည်းရသေးတယ်လေ။ ဘယ်နေရာမှာပဲဘိုထိုင်ထိုင် ရက်စ်ရှုမ်တွေအကုန်လုံးကတော့ ဖက်အိုစီ–ဖရီးအော့ချာ၊ အလကားပါပဲတဲ့ဗျာ။ အလှူငွေလည်းထည့်စရာမလိုပါဘူးတဲ့။ အဲ ကျွမ်းကျင်သန့်ရှင်းရေးဝန်ထမ်း တွေကိုလည်း အချိန်ပြည့် ထားပေးထားလို့ အမြဲပင်သန့်ရှင်းပြီးတောက်ပြောင် (ဝင်းလက်) လို့နေပါသတဲ့လေ။ (ရက်စ်ရှုမ်ရဲ့အပြင်မှာ သွားပြီး ပေါက်တောလုပ်လိုက်ရင်တော့ လာပါလိမ့်မယ်ကြီးလေးတဲ့ ဒဏ်ငွေ)။ ကဲ အလေးအပေါ့ အမှိုက်အကုန်စွန့်တတ်ကြပြီနော်။ နောက်ထပ်စွန့်ခြင်းကြီးတပါး လာပြန်ပါပြီ။

## ကိုယ်ပိုင်ကားစွန့်ပစ်ခြင်း

ကိုယ်စီးတဲ့ကားကိုတယ်သူကစွန့်ပစ်ချင်ပါ့မလဲ။ ဒါပေမယ့် အခြေအနေကစွန့်ပစ်ဖို့ပေး လာပြန်ပြီလေ။ ကိုယ့်ကားက သူများကားကိုတိုက်ပစ်လိုက်လို့ ဒါမဟုတ် အတိုက်ခံလိုက်ရလို့ စုတ်ပြတ်သွားပြီဆိုပါတော့။ ဘယ်လိုမှ ပြုပြင်လို့မရတော့တဲ့အခြေအနေ၊ ဒါမှမဟုတ် ပြင်နေရင်လည်း ကားအသစ်တစ်စီးဝယ်သလောက် ကုန်ကျစရိတ်ကများနေတော့မှာဆိုရင်။ ဒီလိုအခြေအနေမှာ အာမခံကုမ္ပဏီက ကိုယ့်ကို ကားအသစ်တစ်စီးအလျော်ပေးတော့မယ်ဆိုရင်။ ကားထုတ်တဲ့ ကုမ္ပဏီ (ဖို့ဒ်တို့၊ ခရိုင်စလာတို့၊ ဂျင်နရယ်မိုတာတို့ )တွေက အဲဒီကားရဲ့သက်တမ်းဟာကုန်သွားပါပြီလို့ သတ်မှတ်ထားပြီးဖြစ်ရင်။ အဲဒီအခါမျိုး တစ်ခုခုကြုံလာရင်တော့လွှင့်ပစ်ရပေမပေါ့။ သူတို့ဆီမှာက (ဝစ်သောက်) ကားဆိုတာကလည်းမရှိ၊ ဝစ်သောက်ဆိုပြီးဘုန်းကြီးကိုသွားလှူတာမျိုးလည်းလုပ်လို့ကမရလေ။ ဒီတော့ ဂျမ့်ရက် (Junk Yard) လို့ခေါ်တဲ့ ကားသင်းချိုင်းကိုပဲပို့ရတော့တာပေါ့။ ပုဂ္ဂလိကပိုင်တဲ့ ဂျမ့်ရက်တွေမှ အများကြီးပါ။ သူတို့ကိုဖုန်းဆက်လိုက်ရင် စရိတ်ငြိမ်းလာသယ်သွားပါလိမ့်မယ်။ အဲဒီဂျမ့်ရက်မှာက လည်း ရီဆိုင်ကယ်ပြန်လုပ်ပါသေးတယ်။ ကယ်နီဘယ်လိုင်ဇေးရှင်း (Cannibalization ) လို့ခေါ်တဲ့ ဒီကားရဲ့ ဟိုအပိုင်းကိုဖြုတ် နောက်ထပ်ကားအဟောင်းတစ်စီးမှာပြန်တပ်နဲ့ ရန်ကုန်က ကားဝယ်ရောင်းတွေလုပ်နေတဲ့ အတတ်ပညာမျိုးတွေကို သူတို့လည်းကောင်းကောင်းကြီးကျွမ်းကျင်နေကြပါတယ်။ တကယ်တော့ အဲဒီ ကယ်နီဘယ်လိုင်ဇေးရှင်းဆိုတာ ဓာတ်တူသားစားတယ်လို့ အဓိပ္ပါယ်ရပါသတဲ့။ ကားကားချင်းဓာတ်တူသားစားခိုင်းတာမျိုးပါ။ တကယ်အကျိုးအမြတ်ရရှိသွားသူ (ဓာတ်တူသားစား လိုက်ရတဲ့သူ)တွေကတော့ ဂျမ့်ရက်ပိုင်ရှင် (ကားဝယ်ရောင်း)တွေပဲဖြစ်ပါသတဲ့။ ကျီဝီ ရန်ကုန်မပြန်ခင် ကလေးတင်၊ ဒါရမ်မြို့မှာ ရှိတဲ့ တစ်ဧကကျော်ကျယ်ပြီး ကားပျက်အစီးတစ်ရာကျော်ရှိတဲ့ ဂျမ့်ရက်တစ်ခုကို ဒေါ်လာ ၂သိန်းတစ်သောင်းနဲ့အရောင်းအဝယ်ဖြစ်သွားတာ ကြားသိလိုက်ရပါတယ်။ အခုကျီဝီပြောပြနေတာတွေက အမေရိကားမှာဖြစ်ပျက်နေတဲ့ စွန့်ခြင်းကြီးတွေအကြောင်းပါ။ နောက်ဆုံးစွန့်



www.burmeseclassic.com

www.burmeseclassic.com





မော်တော်ကားသင်္ချိုင်းခေါ် ကားအပိုက်ပုံ (Junk Yard) တစ်ပုံ။

ခြင်းကြီးအနေနဲ့ ခန္ဓာဝန်ချတဲ့သင်္ဂြိုဟ်ခြင်းဆိုတဲ့အကြောင်းတွေကို အခုတစ်ခါတည်းပြောလိုက်ချင်ပေမယ့် အသုဘပို့စရာကရှိနေသေးလို့ နောက်လမှပဲ ဆက်ပြီးပြောပြပါရစေတော့နော်။ အမေရိကန်လူမျိုးတွေရဲ့ ထိန်ပင်တို့၊ ရေဝေးတို့ဆိုတာတွေဟာ ဘယ်လိုဟာတွေများလည်း။ သူတို့ရဲ့ (ကျော်သူအသင်း)နာရေးကူညီမှုအသင်းတွေက ဘယ်လိုထိရောက်မှုတွေရှိသလဲ။ လူတစ်ယောက်သေပြီဆိုရင် ဘယ်လိုအဆင့်ဆင့်လုပ်ဆောင်မှုတွေလိုအပ်သလဲဆိုတာတွေ ကိုထပ်ပြီး ဂျီပီမှတ်မိသလောက် ရှင်းရင်းနဲ့ ဘီလိ နိုင်းဦးမှာပို့လို့ နောက်တစ်လကိုစောင့်မျှော်နေပါတော့လို့။

စရဏပရိသတ်ကြီးကိုအစဉ်လေးစားနေတဲ့ ဒေါက်တာဂျီပီ။

❑❑❑



www.burmeseclassic.com

www.burmeseclassic.com



# အမေရိကားရောက်ဒေါက်တာဂျီပီပုံပြင် – ၁၅

(T h e S t o r y o f D r . G e e P e e  i n A m e r i c a)

Narrator: ပုံပြောသူ။
ဒေါက်တာမြင့်ဦး (အလုံ)

(စရဏာမဂ္ဂဇင်း။ အတွဲ - ၂။ အမှတ် - ၁၁။ မေလ - ၂၀၀၆။ တွင် ဖော်ပြပါရှိပြီး)။

## ၁၅။ အမေရိကားက အသုဘ။

သမ္မတရေဂင်ရဲ့ နိုင်ငံတော်ရှုပနကို ကိုယ်တိုင်တက်ရောက်နေတဲ့ ဒေါက်တာဂျီပီ။



www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်နိုင်ငံကြီးဟာ ပြည်ထောင်စု(Federal)အစိုးရ၊ ပြည်နယ်(State)အစိုးရ၊ ကောင်တီ (County)(ခရိုင်)အုပ်ချုပ်ရေး၊ မြို့နယ်(City)အုပ်ချုပ်ရေးဆိုပြီး ဒေသအလိုက် စီမံခန့်ခွဲနေတဲ့ နိုင်ငံဆိုတော့၊ အနိမ့်ဆုံးစီမံခန့်ခွဲမှုဟာမြို့နယ်အဆင့်မှာရှိနေပါသတဲ့။ မြို့နယ် (စီးတီး)အဆင့်ရဲ့ အကြီးအကဲဟာ (ရွေးကောက်တင်မြှောက်ထားတဲ့) မြို့တော်ဝန်ပဲဖြစ်ပါတယ်။ ဗဟိုအဆင့်အနေနဲ့ သူတို့နိုင်ငံရဲ့ နိုင်ငံခြားရေးဝန်ကြီးကိုယ်တိုင်က ဟမ်းဖရေးတွေအားလုံးကို တနေရာထဲမှာ စုပြီး ဝါရှင်တန်လွှတ်တော်အဆောက်အဦး (ကက်ပီတော်) ကြီးထဲမှာ သံတမန်တွေဧည့်ခံသလိုမျိုး တွေ့ဆုံခဲ့တဲ့အကြောင်း ဂျီပီပုံပြင်တစ်ခုမှာတစ်ခါက ပြောပြခဲ့ဖူးပါတယ်။ အခုလည်း ဒေသဆိုင်ရာ အုပ်ချုပ်ရေးအကြီးအကဲတွေဖြစ်တဲ့ သက်ဆိုင်ရာမြို့တော်ဝန်တွေကသူ့ဒေသမှာ ရောက်နေတဲ့ မောင်ရင်ဟမ်းဖရေးတွေကို တွေ့ဆုံ (ဂါဝရပြု) ကြိုဆိုကြပြန်ပါတယ်လေ။ ယူအင်စီတက္ကသိုလ်မှာရောက်ရှိနေတဲ့ ဂျီပီတို့ ဟမ်းဖရေး ဆယ်ယောက်ကို ချပ်ပယ်ဟေးမြို့ရဲ့မြို့တော်ဝန်က၊ မြို့နယ်ရဲ့ ဂုဏ်ထူးဆောင်အထူးဧည့်သည်တော်တွေအဖြစ်နဲ့၊ သူ့မြို့တော်ခန်းမမှာလက်ခံတွေ့ဆုံပြီး သူ့မြို့နယ်အကြောင်းကို ရှင်းပြပေးပါတယ်။ သူ့ရှင်းလင်းချက်တွေပြီးတော့ မရှင်းတာတွေ၊ သိချင်တာတွေရှိသေးရင်မေးမြန်းကြဖို့ (သူတို့ ထုံးစံအတိုင်း)စကားကမ်းလှမ်းလာလေတော့ ဂျီပီဆို တဲ့ကိုယ်တော်ချောကလည်း၊ သူသိချင်တာလေးတွေကို (ကပ်သီးကပ်သပ်)မေးမြန်းခဲ့ပါသတဲ့။ သူမေးလိုက်တာများကြည့်ကြပါဦး။ ချပ်ပယ်ဟေးမှာ သေဆုံးတဲ့သူတွေကို ဘယ်လိုဘယ်ပုံများ သဂြိုဟ်လိုကြရပါသလဲတဲ့။ ကြုံကြံဖန်ဖန် (မသာချတာကိုများ) သူကသိချင်ပြန်သတဲ့လေ။ ဟုတ်တော့လဲဟုတ်ပေသားပဲ။ အမေရိကားရောက်ပြီးကာမှ (ဘို)အသုဘ ဘယ်လိုချသလဲဆိုတာကို သူမသိသွားခဲ့ရင် စရဏမဂ္ဂဇင်းမှာဘယ်လိုလုပ်ပြီး သူပြန်ရှင်းလို့ရပါ့မလဲတဲ့။ (သူ့အကြောင်းပြချက်က စရဏပရိသတ်ကြီးကိုသိစေချင်လွန်းတဲ့စေတနာနဲ့ပါတဲ့)။ ထားလိုက်ပါတော့။ သူ့မှာက လည်း၊ အမေရိကားမှာသွားရင်းလာရင်း၊ သင်းချိုင်းဥယျာဉ်တွေကို သူခဏခဏတွေ့မြင်နေခဲ့ရကယ် မဟုတ်ပါလား။ အရင်တုံးက (ဂျီပီသိထားတာက) သုသာန်ဆိုတာ တစပြင်ပဲ။ ခြောက်ခြောက်ကပ်ကပ်နဲ့၊ အရိုးပြိုင်းပြိုင်းသစ်ပင်ပေါ်မှာ ငှက်တွေကနားနေလိုက်သေး။ ခွေးအူသံကိုလည်းကြားနေရဦးမယ်ဆိုလား။ ဟော။ အခုအမေရိကားကသင်းချိုင်းတွေကျတော့ ဥယျာဉ်ကြီးတွေဖြစ်လို့နေပါပြီကော။ သင်းချိုင်းမြေတွေကလည်း ကျယ်လွန်းလှလို့ တစ်နိုင်ငံလုံးမှာ နောက်ထပ်အနှစ် (၅၀) အတွင်းမှာ သေလာအုံးမယ့်သူတွေအတွက် တိုးချဲ့လောက်အောင်မလိုသေးပါဘူးတဲ့။ လုံလုံလောက်လောက်ရှိပါသေးသတဲ့လေ။ မြို့တွင်းမှာရှိတဲ့သင်းချိုင်းဥယျာဉ်မျိုးဆိုရင် မြို့ရဲ့ကျက်သရေကိုတောင် ဆောင်နေလိုက်ပါသေးသတဲ့လေ။ (ဘယ်ကိုမှရွှေ့ပြောင်းစရာလည်းမလိုပါဘူးတဲ့)။ အော်စီဖွင်နီမှာ နေခဲ့တုံးကဆိုရင်၊ ယူအိုတက္ကသိုလ်ဝင်းကြီးထဲမှာတောင် သင်းချိုင်းဥယျာဉ်ကြီးကို (တအံ့တသြ) ခမ်းမ်း



www.burmeseclassic.com

www.burmeseclassic.com



နားနားမြင်တွေ့သိရှိခဲ့ရတယ်ဆိုတော့။ အခုလည်းချပ်ပယ်ဟေးမြို့ထဲမှာ။ ကားမောင်းသွားရင်းက၊ သင်္ချိုင်းဆိုတာမျိုးကို သုံးလေးခုမက တွေ့ခဲ့ရပြန်ပါသေးသတဲ့။ မြင်မြင်သမျှ သင်္ချိုင်းတွေကလည်း လှမှလှ။ အုတ်ဂူသေးသေး။ ညီညီညာညာလေးတွေနဲ့။ ပန်းပေါင်းစုံ ဝေဝေဆာဆာနဲ့။ သစ်ပင်ကြီးငယ် စီကာရီကာနဲ့။ အတွင်းပတ်ပြီး မောင်းသွားလို့ရတဲ့ ကားလမ်းကလေးတွေနဲ့။ လူသွားလမ်း (Trail) သပ်သပ်ရပ်ရပ်ကလေးတွေမှာ လမ်းလျှောက်ကြည့်ရင်း ကိုယ်သေသွားခဲ့ရင် ခံစားလာရမယ့်အရသာကို ကြည့်နူးပီတိစမ်းသပ်ကြည့်လို့ရနိုင်ပါသေးရဲ့။ ကျေးငှက်သာရကာ တေးသံသာလေးတွေကို နားဆင်လို့ လည်းရပါသေးသတဲ့။ (ထောက်ကြန့်နားက စစ်သင်္ချိုင်းလိုမျိုးလေးတွေထက်တောင် သာလွန်နေလိုက်ပါ သေးတော့တယ်လေ)။ သင်းချိုင်းရဲ့အလှအပက၊ ရှားရသူကိုနေချင့်စဖွယ်ဖြစ်အောင်ဖန်တည်းထားလေ တော့၊ သင်းချိုင်းဆိုတာကိုမြင်လိုက်ရတာနဲ့ သေချင့်စဖွယ်ဖြစ်လာရပါစေ့မယ် (သေချင်စိတ်ပေါက် လာရပါစေ့မယ်)တဲ့လေ။ ကဲ။ အမေရိကားရဲ့ (ဒီလိုထိန်ပင်မျိုး)မှာ သေမကြည့်ချင်ကြဖူးလား။

(အဲ့သလိုနဲ့ဒေါက်တာကျိုပီဟာ)။

## အသုဘဆောင် (Funeral Home) သို့အလည်တစ်ခေါက်

ဒေါက်တာကျိုပီမေးလိုက်တဲ့ (အသုဘ)မေးခွန်းကြောင့် ချပ်ပယ်ဟေးမြို့တော်ဝန်ကြီးလည်း ဖျူနရယ်ဟုမ်း (Funeral Home) လို့ခေါ်တဲ့ သေသူတွေကိုအသုဘမချခင် ခေတ္တနားခိုဖို့ပေးထား တဲ့နေရာလေးကို၊ ဟမ်းဖရေးတွေအားလုံးကိုခေါ်ပြီးလိုက်ပြပါလေတော့တယ်လေ။ မသာဂေဟာနာ မည်က ဝေါလ်ကပ်စတန့် (Wal-custance)လို့အမည်ရပါတယ်။ ပိုင်ရှင်က ဒီလုပ်ငန်းကို မိဘာယက် ငုတ်အနေနဲ့လုပ်လာခဲ့တာ နှစ်ပေါင်း (၆၀) ကျော်ခဲ့ပါပြီတဲ့။ အမျိုးသမီးကြီးပါ။ နိုင်ငံတော် သုဘရာဇာ

သာယာလှပသည့် သင်္ချိုင်းမြေတစ်ခု





www.burmeseclassic.com

www.burmeseclassic.com



ပညာ့သိပ္ပံကျောင်းတော်ကြီး (National Academy of Mortuary Science: NAMS) ကနေ ဘွဲ့လက်မှတ်ရယူထားတဲ့အပြင်၊ မသာဒါရိုက်တာလုပ်ငန်းလိုင်စင်ရရှိထားသူလည်းဖြစ်ပြီး၊ (National Funeral Directors Association: NFDA) လို့ခေါ်တဲ့ နိုင်ငံလုံးဆိုင်ရာ သုဘရာဇာအသင်းကြီးရဲ့ အဖွဲ့ဝင်တစ်ဦးလည်းဖြစ်ပါသတဲ့လေ။ အဆောက်အဦးကို အပြင်ဘက်ကနေကြည့်လိုက်တော့ စတိုးဆိုင်လေးလိုလို၊ ပြတိုက်ကလေးတစ်ခုလိုလို၊ အောက်မေ့ရပါတယ်။ လူစည်ကားတဲ့ဖရန်ကလင်လမ်းမကြီးပေါ်မှာပါ။ ဒါမျိုးအပြိုင်အဆိုင်၊ (ဆိုင်ခန်းမျိုး) တွေ ချပ်ပယ်ဟောမှာတင် လေး-ငါးခု ရှိပါသတဲ့။ အထဲမှာ ညှိခံခန်းမနဲ့၊ စန္ဒယားနဲ့၊ ပရိသတ်ထိုင်ခုံတွေရယ်၊ ဆုတောင်းဝတ်ပြုမယ့် စင်မြင့်ရယ်၊ ခန်းမရယ်၊ ပန်းအလှပင်တွေရယ်။ (ရန်ကုန်မြို့လယ်ခေါင်၊ ဟိုတယ်မြင့်မြင့်ကြီးတစ်ခုထဲက ညှိခံခန်းမဆောင်တစ်ခုနဲ့တောင် အပြင်အဆင်က တူလိုက်ချိသေးတော့တယ်)။ အနောက်ဖက်က အခန်းနှစ်ခန်းကိုတော့ပေးမဝင်ဘူးလေ။ အခန်းတစ်ခန်းက အအေးတိုက်လို့သိရပြီး ကျန်ခန်းမကြီးကတော့ မီးသင်းဂြိုလ်စက်လို့သိရပါတယ်။ အမေရိကားမှာ သုဘရာဇာလုပ်ငန်းဟာပုဂ္ဂလိက ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ဖြစ်ပါသတဲ့။ လူသေပြီဆိုရင် သင်္ဂြိုလ်စည်းကမ်း (Funeral Rule) အတိုင်း လိုက်နာဆောင်ရွက်ကြရပါတယ်။ အရင်ဆုံး ကိုယ်နေတဲ့အိမ်နဲ့နီးစပ်ရာ (ဒါမှမဟုတ် ကိုယ့်မိသားစု အစဉ်အဆက်ကကျွမ်းဝင်လာခဲ့တဲ့) ဖျူနရယ်ဟုမ်းကို အကြောင်းကြားရပါတယ်။ နာရေးကူညီမှုအသင်း (Funeral Service Consumer Assistance Program: FSCAP) ဆိုတာတွေရှိပေမယ့် သူတို့က အကြံပေးတာပဲလုပ်ကြတာပါ။ တကယ်တမ်းက၊ ဖျူနရယ်ဟုမ်းရဲ့ ညွှန်ကြားရေးမှူးဆိုသူကသာ အခရာပါပဲတဲ့။ ရာထူးက ညွှန်ကြားရေးမှူးလို့ဆိုထားပေတော့ သူ့ကို မသာ(သုဘရာဇာ) ဒါရိုက်တာလို့ ခေါ်လိုက်ကြပါစို့ရဲ့။ အဲဒီ မသာဒါရိုက်တာဆိုတာမျိုးက၊ ဒေသထဲမှာနေပြီး ကျန်ရစ်သူမိသားစုကို ၂၄ နာရီ အထောက်အကူပေးနေကြရသူများဖြစ်ကြပါတယ်။ တစ်နှစ်တစ်နှစ်မှာ အမေရိကန်တစ်ခွင်လုံးရဲ့ အသုဘပေါင်း နှစ်သန်းကျော်လောက်ကို၊ မသာဒါရိုက်တာတွေက အခကြေးငွေယူပြီး ဝန်ဆောင်မှုတွေ ပေးနေကြရပါသတဲ့လေ။ အလောင်းသယ်ယူတာ၊ သေစာရင်းထုတ်တာ၊ အခန်းအနားပြင်ဆင်ကျင်းပတာ၊ (သတင်းစာမှာ) ကြော်ငြာထည့်ပေးတာ၊ သင်းချိုင်းရွေးတာ၊ မြေချတာ၊ ကုန်ကျစားရိတ်တွေ တွက်ချက်ပြရတာ၊ စတာတွေအကုန်လုံးကို ကျန်ရစ်သူမိသားစုက ကျေနပ်စွဲမက်နှစ်ချိုက်လောက်အောင် လုပ်ဆောင်ပေးနေကြရတဲ့သူများဖြစ်ကြပါတယ်။ သေသွားတဲ့သူတွေကိုလည်း ဂုဏ်ရှိအောင်လုပ်ဆောင်ပေးရပါသေးသတဲ့လေ။ (ဒါမှ ကျန်ရစ်သူတွေထဲကနောက်ထပ်သေလာမယ့်မသာတွေပေါ်ပေါက်လာခဲ့ရင် ဒီလိုမသာဒါရိုက်တာမျိုးကိုပဲ ဆက်သွယ်ကြတော့မှာမဟုတ်ပါလား)။ သူဟို့အလုပ်က စိတ်ရှည်ရတယ်။ သီးခံရပါတယ်။ ကောင်ဆယ်လင်လို့ခေါ်တဲ့ နှစ်သိမ့်ပညာပေးစည်းရုံးတာတွေကိုလည်း ကျွမ်းကျင်ပိုင်နိုင်ရပါတယ်။ (ကုသိုလ်လည်းရ ဝမ်းလည်းဝတဲ့ ဆရာဝန်တို့လို၊ ရှေ့နေတို့လိုအလုပ်မျိုးဖြစ်ပါသတဲ့လေ)။ အမေရိကားမှာ သင်းချိုင်းတွေကပေါပြီး မြေနေရာတွေကလည်း (ဥယျာဉ်တစ်ခုလို) ကျယ်လည်းကျယ်ကြပေတော့ကာ၊ အလောင်းကိုတိုက်ရိုက်မြေမြှုပ် (Burial) ကြတဲ့သူကများပြီး၊ အရိုးပြာ (Cremation Urns) ကိုမြေမြှုပ်တဲ့သူကနည်းပါးပါတယ်။ မြောက်အမေရိက မီးသင်းဂြိုလ်ရေးအသင်းကြီး (Cremation Association of North America: CANA ) ရဲ့အဆို အရ (၂၁) ရာနှုန်းသော အသုဘများကသာ

www.burmeseclassic.com



မီးသင်းဂြိုလ်ကြတယ်လို့ဆိုပါတယ်။ မြေပဲမြှုပ်မြှုပ်၊ မီးပဲရှို့ရှို့၊ ဖြူနရယ်ဟုမ်း မှာတော့အရင်နားခိုရပါလိမ့်မယ်။ အိမ်မှာလူသေပြီဆိုကြပါစို့။ (ရပ်ကွက်ထောက်ခံစာတို့၊ ဆရာဝန်ထောက်ခံစာတို့ကို မျက်နှာငယ်နဲ့လိုက်တောင်းနေစရာ မလိုတော့ပါဘူး)။ ခုနပြောတဲ့ ကိုယ်နဲ့ရင်းနှီးပြီးသား၊ (ဒါမှမဟုတ်လူပြောများတဲ့) မသာဒါရိုက်တာဆီကိုဖုန်းဆက်လိုက်ရုံပါပဲ။ သူက ကျန်ရစ်သူဖြစ်စေချင်တာတွေအပေါ်မှာမူတည်ပြီး ကုန်ကျစရိတ်တွေတွက်ချက်ပေးပါလိမ့်မယ်။ သူ့ကိုအစစအရာရာ မျက်နှာလွှဲလို့ရပါတယ်။ တချို့ဆိုရင် လူကိုယ်တိုင်ချက်ချင်း ရောက်ရှိလာပြီး နှစ်သိမ့်မှုတွေနဲ့သူ့လုပ်ငန်းကိုစတင်တတ်ပါတယ်။ ဆေးရုံမှာသေရင်လည်း ထိုနည်းအတိုင်းပါပဲ။ ကျန်ရစ်သူက (မသာဒါရိုက်တာကြီးဆီကို) ကိုယ်တိုင်အရင်ဆက်သွယ်ရပါတယ်။ (ဆေးရုံကဆက်သွယ်ပေးမှာမဟုတ်ပါဘူးတဲ့)။

## မသာအဆင့်အတန်းအမျိုးမျိုး

ရှေးရိုးအစဉ်အလာရိုးရာအသုဘ (Traditional Funeral Service) ကတော့ လူသုံးအများဆုံးနဲ့ ကုန်ကျစရိတ်အများဆုံးပါပဲ။ အလောင်းကိုသာမန်အားဖြင့် လေးရက်ထားလေ့ရှိပါတယ်။ မသာဂေဟာမှာ (တစ်နာရီကြာလောက်ခွင့်ပြုထားတဲ့)အသုဘရှု (Viewing or Visitation) အစီအစဉ်ကို သုံးရက်မြောက်နေ့မှာလုပ်လေ့ရှိကြပြီး မသာရထားနဲ့ကားတန်းကြီးချီလို့ သင်းချိုင်းမှာမြေချတာကို (နောက်တစ်ရက်) လေးရက်မြောက်မှာမှလုပ်ရတဲ့မသာမျိုးပါ။ မသာကားတန်းတွေပြီဆိုတာနဲ့ ရဲကချက်ချင်းရောက်ရှိလာပြီး မော်တော်ဆိုင်ကယ်သုံးစီး၊ ရဲကားတစ်စီးခြံရံလို့ အသုဘယာဉ်တန်းကိုစောင့်ရှောက်ပေးပါလိမ့်မယ် (ပိုက်ဆံပေးစရာမလိုပါဘူးတဲ့)။ တချို့ကျတော့လည်း တစ်နေ့ထဲအပြီး အသုဘရှုရော၊ သင်းချိုင်းမြေချရော၊ လေးရက်မြောက်နေ့မှာ ပေါင်းပြီး လုပ်တတ်ကြပါတယ်။ အလောင်းကိုဆေးစီရင် (Embalming)ခတွေ၊ အခေါင်းဝယ်ယူရတာတွေ၊ မြေမြှုပ်အရံအတား (Burial Vault or Grave Liner) ဝယ်ယူရတာတွေ၊ မသာဒါရိုက်တာခ ပေးရတာတွေနဲ့ အသုဘတစ်ခုကို ဒေါ်လာတစ်သောင်းကျော်ကုန်ကျရပါတယ်။ မြန်မာငွေနဲ့တွက်ရင်တော့ သိန်းတစ်ရာအထက်မှာပဲပေါ့။ (ကဲ၊ ဒီလိုဆိုတော့လည်း သေချင်ကြသေးရဲ့လားအမေရိကားမှာ။ စောစောကပြောတော့ သေချင်စရာလေးပဲဆို)။ သာမန်အခေါင်းတစ်ခေါင်းကိုကပဲ ဒေါ်လာ ၂၀၀၀ (သိန်းနှစ်ဆယ်)ကျနေပြီ။ (အတွင်းမှာကတ္တီပါလိုင်နင်ခံထားတဲ့)ကြေးခေါင်း၊ မဟော်ဂနီ ခေါင်းတွေများ သုံးမယ်ဆိုရင်တစ်ခေါင်းကို တစ်သောင်းကျော်ပေးရပါလိမ့်အုံးမယ်တဲ့လေ။ ရက်လည်တာတို့၊ သက်ပျောက်ဆွမ်းကပ်တာတို့ကိုလုပ်တတ်ကြတဲ့သူမျိုးတွေမဟုတ်ကြလေတော့၊ (ဝတ်သားပြောင်ကျွေးတာတွေလည်း မရှိတော့ဖူးပေါ)။ အမှတ်တရ အခန်းအနားလေးတွေကိုပဲ ခြောက်လမြောက်နေ့မှာမှ မှတ်မှတ်ရရလုပ်တတ်ကြလေရဲ့။

နောက်ထပ်မသာချခြင်းတစ်မျိုးကတော့ (ရိုးရာမသာထက်ပိုပြီးငွေကုန်ကြေးကျသက်သာတဲ့) နေ့ချင်းပြီးမြေချလိုက်ကြတဲ့ (Direct Burial)အသုဘမျိုးပါပဲ။ ဒါတောင်ဆေးစီရင်ခ၊ အသုဘရှုစရိတ်နဲ့ကားတန်းစရိတ်လောက်ပဲသက်သာသွားမှာပါတဲ့။ အခေါင်းဝယ်ခ၊ (အသက်သာဆုံးအခေါင်းကတော့ ရီဆိုင်ကယ်-စက္ကူကတ္တူဖူးတွေကိုသုံးတာပါပဲ)၊ သင်းချိုင်းမြေဝယ်ယူခ၊ ဒါရိုက်



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ကမ်းစပ်တစ်နေရာမှ လွမ်းဆွတ်ငေးမောဖွယ်ရာ သင်္ချိုင်းအလှအပ



တာဖိုးပေးခငွေ၊ ဖါသာဘုန်းတော်ကြီးပင့်ဖိတ်ခ စတာတွေကိုတော့ မဖြစ်မနေကုန်ကျရအုံးမှာပါပဲ တဲ့လေ။ စရိတ်အသက်သာဆုံးအသုဘကတော့ (Direct Cremation) လို့ခေါ်တဲ့နေ့ချင်းပြီး မီးသင်းဂြိုလ်ကြတာပါပဲ။ ဒါတောင်မီးကြွင်းပြာကောက်တဲ့စရိတ်ကိုပေးဆောင်ရပေအုံးမယ်။ ပြာကြဲချဖို့ နေရာကိုခွင့်ပြုချက်တောင်းခံရပါအုံးမယ်။ တချို့ကျတော့လည်း ဆေးပညာဌာနတွေကိုကိုယ်ခန္ဓာပေးလှူပစ်ကြတာမျိုးနဲ့ကိစ္စရှင်းပစ်ကြတာလည်းရှိတတ်ပါတယ်။ သူတို့ဆီမှာက မသာကို ဆေးစီရင်တယ်ဆိုတာမှာ (ဂျီပီတို့ဆီကဘုန်းကြီးပျံမှာလိုမျိုး၊ ရင်ခွဲရုံက ကုလားကိုခေါ်ပြီး အလောင်းကို ပေါင်ခွဲလို့ဆေးသွင်းတာမျိုးမဟုတ်ပါဘူး)။ မသာကိုလှလှပပ ကြွကြွရွရွလေးဖြစ်အောင် (အရုပ်ကလေးတစ်ရုပ်လိုကိုင်ကြည့်ချင်စိတ်ပေါက်လာအောင်) ကျွမ်းကျင်တဲ့ (အိပ်စပတ်) တွေက ဆေးထိုးပေးထားကြတာမျိုးပါတဲ့။ အဲဒီ အမ်ဘမ်း (Embalm) ဆိုတာ လုပ်ပြီးရင်တော့ လှလှပပမသာလေးကိုကြည့်ပြီးကိုယ့်မသာကိုယ်ချရမှာတောင်နှမျောနေပါလိမ့်မယ်တဲ့လေ။ (အမွေးတိုင်သုံးတတ်တဲ့လူမျိုး မဟုတ်လို့လည်း မသာနဲ့အမွေးတိုင်ကိုတွဲပြီးမြင်လို့လည်းရမှာမဟုတ်ပါဘူး)။ (ကြေးစည်ဆိုတာကိုလည်းသူတို့ဘာမှန်းမသိရှာကြပါဘူး–စိတ်ရှည်ရှည်နဲ့ရှင်းပြပြန်တော့လည်း သုံးမြှောင့်မောင်း–Triangular Gong ပါဆိုပြီးစွတ်ငြင်းချင်ကြသေးလေရဲ့)။ (ယပ်တောင်ဝေတဲ့အလေ့အထလည်း မရှိကြပါဘူးတဲ့လေ)။ (ကွာစေ့နဲ့ရေနွေးကြမ်းအိုးဆိုတာကိုတော့ ဝေလာဝေးပေါ့ဗျာ)။ အဲ့။ ပန်းခြင်း၊ ပန်းခွေ၊ ပန်းခက်၊ ပန်းတန်းလန်းပေါင်းစုံအပြင်၊ ရောင်စုံပို့စကာဒ်တွေကိုတော့ ခန်းလုံးပြည့်တွေ့ရပါလိမ့်မယ်။ နောက်တစ်ခုထူးခြားတာက မသာမှတ်တမ်းစာအုပ်ထားပေးထားပြီး မှတ်ချက်ကလေးတွေရေးသွင်းလို့ အသုဘရှုလာသူက ကိုယ်တိုင်လက်မှတ်ရေးထိုးပေးရတာပါပဲ။ ဖျူနရယ်ဟုမ်းတွေက သေသူရဲ့မိတ်ဆွေတွေဆီကို အင်တာနက်အီးမေးကနေတစ်ဆင့် မသာမှတ်တမ်းကိုပေးပို့ပေးပြီးရေးနိုင်းတတ်ကြတာမျိုးလည်းရှိကတ်ပါသေးတယ်။ ဂျီပီ ယူအင်စီတက္ကသိုလ်ကြီးမှာရှိတုံးက ဂျီပီ့ကိုခေတ္တမွေးစားခဲ့တဲ့ မွေးစားမိခင်ကြီး ဂျိုယာနာဒါးလ်ဒေါ့ဆိုတာကို မှတ်မိကြသေးလား။ သူ့ရဲ့ ဒါးလ်ဒေါခြံကြီးထဲမှာ ဂျီပီမြင်းစီးသင်ခဲ့ရဖူးသေးတယ်လေ။ သူ့အိမ်မှာခွေးမကြီး (ဂျီပီ့ရဲ့မွေးစားညီမလေး) ရီးနီဒါးလ် ဒေါ့ဆိုတာရှိ



www.burmeseclassic.com

www.burmeseclassic.com





သင်္ချိုင်းဥယျာဉ်အတွင်းမှ ကိုယ်ပိုင်အုတ်ဂူပတ်ဝန်းကျင်တွင် အလှအပဖန်တီးနေကြသူများ

သေးတယ်လေ။ အဲ့ ဂျီပီ ရန်ကုန်ကိုပြန်ရောက်ပြီး ၂၀၀၅ ခုနှစ်အောက်တိုဘာလထဲမှာ အသက် (၇၂) နှစ်နဲ့ ဂျိုယာနာ့ခမျာ ကွယ်လွန်သွားခဲ့ရရှာပါပြီ။ ချပ်ပယ်ဟေးမှာ သူ့အသုဘမချခင်။ ရန်ကုန်က ဂျီပီ့ဆီကို မသာမှတ်တမ်းမှာဂုဏ်ပြုရေးပေးဖို့ ဖျူနရယ်ဟုမ်းကနေ အီးမေးနဲ့ပို့လာပါတယ်။ ဂျီပီ အီးမေးနဲ့ပြန်ရေးပို့ပေးလိုက်တဲ့ မှတ်တမ်းကို ဒါးလ်ဒေါ့အသုဘမှာ အများသူငါကြည့်လို့ရအောင် ပြသထားပေးပါတယ်။ အဲဒီမှတ်တမ်းမှာရေးသွင်းသွားသူတွေရဲ့ မှတ်ချက်တွေကိုလည်း ဂျီပီကိုယ်တိုင်၊ ရန်ကုန်ကနေ ဖျူနရယ်ဟုမ်းရဲ့ အင်တာနက်ဝင်ဆိုက်ကို ဝင်ပြီးဖတ်ရှု ကြည့်လို့ရပါတယ်။ မသာ ဒါရိုက်တာတွေဟာ သူတို့လုပ်ငန်းတွေကို အဲ့သလောက်တောင် ထောင့်စေ့အောင် ကျွမ်းကျင်ကြရပါ သတဲ့လေ။ သူတို့နိုင်ငံမှာ မသာစရိတ်တွေကိုသာ၊ တစ်နှစ်ထက်တစ်နှစ်ကြီးမြင့်လာကြတယ် လို့ဝေဘန်ခံနေကြရတာ။ တကယ်တန်းက (နာရေးစရိတ်ဟာ) သာရေးအခမ်းအနားတစ်ခုဖြစ်တဲ့ မင်္ဂလာဆောင်တဲ့စရိတ်ထက်စာလိုက်ရင် သုံးပုံတစ်ပုံကြီးများတောင်သက်သာလှပါသတဲ့လေ။ တကယ့် ကို မသာစရိတ်မတတ်နိုင်တဲ့သူတွေကျတော့၊ စစ်ပြန်အဖွဲ့တို့၊ အလုပ်သမားသမဂ္ဂတို့၊ လူမှုဖူလုံရေး အဖွဲ့အစည်းတို့က မသာချ စရိတ်ကိုကျခံပေးကြရပါသတဲ့။ ဖျူနရယ်ဟုမ်းပိုင်ရှင်တွေရဲ့အမြတ်အစွန်းဟာ အစိုးရကိုပေးရတဲ့ အမြတ်ခွန်တွေကို ပေါင်းပါမှ (၁၁) ရာနှုန်းလောက်သာကျန်ကြရတာပါတဲ့။ စီးပွား ဖြစ်ကြတယ်လို့ အပြင်ပိုင်းအားဖြင့်အထင်ခံကြရမှာယ်ရှိပေမယ့် သူတို့ရဲ့လုပ်ငန်းဟာ စီးပွားရေးလုပ်ငန်း စစ်စစ်တစ်ခုထက် လူမှုရေးနဲ့ဒွန်တွဲနေတဲ့လုပ်ငန်းမို့လို့ ပိုလို့တောင်ဂုဏ်ယူဖို့ကောင်းပါသေးသတဲ့ လေ။ (ဒီလိုဆိုတော့လည်း၊ အမေရိကားမှာ သုဘရာဇာလုပ်ချင်လာကြပြီမဟုတ်လား)။ အင်း။ ဒီအလုပ်ကိုစိတ်ဝင်စားရင်ဖြင့်၊ အဦးဆုံးတော့ရင်၊ နိုင်ငံတော်သုဘရာဇာကျောင်းတော်ကြီး (NAMS) ကနေ ဘွဲ့လက်မှတ်ရအောင် ကွာလီဖိုင်းဖြစ်ဖို့တော့ကြိုးစားရဖို့လိုလိမ့်မနော့။

ကဲ။ အဲဒါတွေကတော့ အမေရိကားရဲ့ အခြေခံမသာတွေအကြောင်းပါပဲ။ အခု



www.burmeseclassic.com

www.burmeseclassic.com

## ဒေါက်တာမြင့်ဦး (ဂျီပီ)

ဂျီပီ ကိုယ်တိုင်ကြုံတွေ့လိုက်ရတဲ့ (အမေရိကားရဲ့အကြီးအကျယ်ဆုံးသော အသုဘတွေထဲမှာတစ်ခု အပါအဝင်ဖြစ်တဲ့) သမ္မတရော်နယ်ရေဂင်ရဲ့ ဈာပနအခန်းအနားအကြောင်းကိုဖေါက်သယ်ချပြပါတော့မယ်။ ဒေါက်တာဂျီပီဟာ ကံထူးသူတစ်ယောက်လို့ဆိုရင်မှားမယ်မထင်ပါဘူး။ ငယ်စဉ်တောင်ကျေးတောမှာနေခဲ့ရတုံးက ရွာမှာပွဲလမ်းသဘင် ပြတ်လပ်နေတဲ့အခါမျိုးကျရင်၊ ပွဲကြည့်ချင်ကြရှာလွန်းလို့။ (ကိုရင်မြင့်ဇော်က ဦးဆောင်ပြီး။ ဖိုးသူတော်ခိုင်စိုးနဲ့ ဂျီပီတို့ဘုန်းကြီးကျောင်းသားတစ်သိုက်ပေါင်းစုလို့) ရွာမှာပွဲဝင်အောင်ဆိုပြီး (လူကြီးတွေမသိတုံး) ကျောင်းအောက်မှာ ကြိတ်ပြီးဆုတောင်းပွဲလေးတွေ လုပ်ခဲ့ကြဖူးပါတယ်။ ဆုတောင်းတိုင်းလည်းပြည့်ခဲ့ဖူးပါတယ်တဲ့။ အဲ့သလိုနဲ့ပဲ ဦးတိက္ခတို့၊ ဦးဝါယမတို့ရဲ့ဘုန်းကြီးပျံတွေပေါ်လာပြီး (ဗလာဇာတ်) တောပွဲလေးတွေသွင်းပြီးစည်ကားခဲ့လို့ အပျော်ကြီးပျော်ခဲ့ကြရဖူးပါတယ်တဲ့လေ။ အခုလည်း အမေရိကားမှာ။ ချပ်ပယ်ဟေးမြို့က ဖျူနရယ်ဟုမ်းကိုလေ့လာနေရင်းက နိုင်ငံတော်ဈာပန တစ်ခုတစ်လေနဲ့များကြုံတွေ့ရရင်ကောင်းမှာပဲလို့တမ်းတမိလိုက်တာမှာဟော့ သမ္မတ ရေဂင်ရဲ့ အသုဘနဲ့မှ လာပြီးကြုံတတ်ပလေတော့တယ်။ ကြည့်ပါဦး။ ဒီဈာပနဟာ (နိုင်းအလဲဗင်း) အကြမ်းဖက်တိုက်ခိုက်ခံရမှုကြီးအပြီးမှာ ပထမဆုံးအနေနဲ့ကျင်းပဖြစ်တဲ့ နိုင်ငံတော်အဆင့်ဈာပနတစ်ခုပဲ ဖြစ်ပါသတဲ့လေ ။ ၁၉၇၃ ခုနှစ် က လင်ဒန်ဘီဂျွန်ဆင်ရဲ့ ဈာပနအပြီးမှာ နိုင်ငံတော်ဈာပနတွေ ပြတ်လပ်နေခဲ့ရာက အခုမှပြန်လည်ကျင်းပဖြစ်တဲ့ သမ္မတဈာပနလည်းဖြစ်ပါသတဲ့။ (ဝါးတားဂိတ်အရေးကြောင့်သမ္မတရာထူးကနှုတ်ထွက်သွားခဲ့ရတဲ့ )ရစ်ချတ်နစ်ဆင် သေဆုံးစဉ်တုံးက၊ နိုင်ငံတော်ဈာပနကျင်းပဖို့ရာမှာ သူ့မိသားစုကိုယ်တိုင်ကငြင်းဆန်ခဲ့ကြလို့။ နောက်ထပ်ဘယ်သမ္မတများသေလိမ့်မလဲလို့စောင့်နေရတဲ့အချိန်မှာ။ အခုမှ (ဂျီပီ့ရဲ့ဆုတောင်းကြောင့်လားမသိပါဘူး) ရေဂင်ရဲ့ဈာပနက ပေါ်လာခဲ့ရပါသတဲ့ဗျား။ (သမ္မတတွေဟာ အိမ်ဖြူတော်မှာတာဝန်ယူပြီးတာနဲ့ မတော်တဆများ တာဝန်ထမ်းဆောင်ရင်းသေဆုံးသွားဖြစ်ခဲ့လို့ရှိရင် ကိုယ်ဖြစ်စေချင်တဲ့ဈာပနမျိုးကိုကြိုတင်စီစဉ် အသိပေးထားကြရပါသတဲ့။ သမ္မတရေဂင်က သူသမ္မတစဖြစ်တဲ့ ၁၉၈၁ ခုနှစ်ကထဲက ဈာပန အစီအစဉ်ကိုကိုယ်တိုင်ရေးဆွဲထားပြီး မကြာခဏ အပ်ဒိတ်–Update လုပ်လေ့ရှိပါသတဲ့လေ)။ ဂျီပီ ဝါရှင်တန်မှာရောက်ရှိနေတုံးမို့လို့၊ အသုဘ အခန်းအနားကိုတက်ရောက်ဖို့ (ဂျီပီတို့လင်မယားကို) အဖိတ်ခံခဲ့ရပါပြီ။

## ရော်နယ်ရေဂင်၏အသုဘ

အမေရိကန်ပြည်ထောင်စုကြီးရဲ့ (၄၀) ယောက်မြောက်သမ္မတ (၁၉၈၁–၁၉၈၉)ဖြစ်တဲ့ ရုပ်ရှင်မင်းသားဟောင်းကြီး ရော်နယ်ရေဂင်ဟာ ၂၀၀၄ ခုနှစ်ဇွန်လ ၅ ရက်နေ့မှာ လော့စ်အိန်ဂျယ်လိစ်မြို့၊ ဘဲလ်အဲယားရပ်ကွက်ထဲက သူ့ရဲ့နေအိမ်မှာ ကွယ်လွန်သွားခဲ့ရှာပါပြီ။ ကွယ်လွန်ချိန်မှာ ၉၃ နှစ်ရှိနေပါပြီ။ နမိုးနီးယားရောဂါနဲ့သေတာပါ။ (ဂျီပီဆုတောင်းလို့တော့မဟုတ်ပါဘူး)။ ဆယ်နှစ်ကျော်ကြာအယ်လ်ဇိုင်းမားရောဂါခံစားနေရရှာသူဖြစ်ပါတယ်။ သေသေချင်းမှာ အများထုံးစံ လိုက်နာရမယ့် ဖျူနရယ်စည်းကမ်းအတိုင်း သူ့ဒေသကဖျူနရယ်ဟုမ်းမှာသုံးရက်တာ နားခိုခဲ့ရပါသေးတယ်။ သုံးရက်မြောက်နေ့မှာမှ ရုပ်ကလပ်ကို သူ့စာကြည့်တိုက်အဆောက်အဦးကိုပြောင်းရွှေ့လို့ အောက်မေ့ဖွယ်အထိမ်း

www.burmeseclassic.com



အမှတ် အသုဘရှုအခမ်းအနားလေးကျင်းပခဲ့ကြပါတယ်။ အဲဒီညကစပြီး တစ်နာရီကိုလူ (၂၀၀၀) နှုန်းနဲ့ အသုဘရှုခွင့်ပေးလိုက်တာ လူပေါင်း (၁) သိန်းနဲ့ (၅) ထောင်၊ အသုဘရှုဖြစ်သွားပါသတဲ့လေ။ နိုင်ငံတော်ရှာပနအဖြစ်ကျင်းပပေးဖို့ မိုင် (၃၀၀၀) ကျော်ဝေးလံတဲ့ ဝါရှင်တန်မြို့ကို ဖွန်လ ၉ ရက်နေ့မှာ လေယာဉ်နဲ့ပြောင်းရွှေ့လို့သယ်ယူလာပြီး ကပ်ပီတော်အဆောက်အဦးကြီးထဲမှာသုံးရက်တိုင်တိုင် ပြည်သူပြည်သားများရဲ့ အသုဘရှုခြင်းကို ခံယူရပြန်ပါတယ်။ ပြည်သူပေါင်း (၁) သိန်း (၆) ထောင်နဲ့အတူ ကမ္ဘာ့ခေါင်းဆောင်တွေဖြစ်တဲ့ မီခိုင်းဂေါ်ဘာချော့၊ မာဂရက်သက်ချာ၊ ချားလ်စ်မင်းသား၊ တိုနီဘလဲတို့လင်မယား၊ (ဂျီပီတို့လင်မယားကတော့လူကြားထဲမှာမြုပ်နေတာကိုတွေ့ရပါလိမ့်မယ်) ပိုလန်သမ္မတဝက်လေဆာစတဲ့ နိုင်ငံပေါင်း (၁၆၅) နိုင်ငံက ခေါင်းဆောင်တွေလည်းတက်ရောက်ခဲ့ကြပါတယ်။ သမ္မတဟောင်း ကလင်တန်တို့၊ (ဂျီပီရဲ့မိတ်ဆွေကြီး) ဂျင်မီကာတာတို့လည်းပါတာပေါ့။ လက်ရှိသမ္မတ ဂျော့ဘွတ်ရှ်က ဖွန်လ ၁၁ ရက်နေ့ကို တနိုင်ငံလုံးဝမ်းနည်းမှုဆွေးရက်အဖြစ် ကြေညာပေးပြီး ရက်ပေါင်း (၃၀) အလံတိုင်ဝက်လွှင့်ထူဖို့ခွင့်ပြုပေးခဲ့ပါတယ်။ ရှာပနကိုလေယာဉ်နဲ့ သယ်ယူရာမှာ အက်ဖ်-၅၊ တိုက်လေယာဉ်လေးစီးကခြံရံလို့သယ်ဆောင်ပေးခဲ့ကြပါတယ်။ ကယ်လီဖိုးနီးယားရေတပ်စခန်းကနေ လေယာဉ်နဲ့သယ်ယူလာတဲ့ရုပ်ကလပ်ဟာ ဝါရှင်တန် အင်ဒရူးလေတပ်စခန်းကို ရောက်ရှိလာပါပြီ။ မော်တော်ယာဉ်တန်းကြီးရဲ့ရှေ့မှာ မသာရထား (Hearse) ကဦးဆောင်လို့ မောင်းနှင်လာခဲ့ကြပါတယ်။ လမ်းတလျှောက် ပြည်သူတွေသောင်းနဲ့ချီပြီးထွက်ကြည့်ကြပါတယ်၊ မေရီလင်းတို့၊ ဗာဂျီးနီးယားတို့စတဲ့ပြည်နယ်တွေကိုဖြတ်သန်းလာပြီး ဝါရှင်တန်အိမ်ဖြူတော်နားကို ရောက်တော့။ ရုပ်ကလပ်ကို မသာရထားထဲကနေ ကိုင်ဆွန် (Caisson) လို့ခေါ်တဲ့မြင်းမည်း ခုနစ်ကောင် ကတဲ့လှည်းရထားပေါ်ကိုပြောင်းရွှေ့လို့တင်ဆောင်လိုက်ပါပြီ။ ဝန်းရံထားတဲ့ စစ်ဘင်ခရာတပ်ဖွဲ့က လွမ်းဆွတ်ဖွယ်ရာတေးဂီတသံကိုတီးခတ်ပြီး ရုပ်ကလပ်ကို ကပ်ပီတော်အဆောက်အဦးကြီးဆီကိုရှေ့ရှုလို့သယ်ဆောင်လာပါပြီ။ ရှာပနလှည်းယာဉ်နဲ့ကပ်လျက် နောက်ကနေ ဆာဂျင်ယောက် (Sgt. York) လို့ခေါ်တဲ့ လူမစီးတဲ့မြင်းတစ်ကောင်က ကပ်လိုက်လာရ ပါတယ်။ (အဲဒီမြင်းကတော့ မွန်ဂိုစစ်သူကြီး ဂျန်ဂျစ်ခန်လက်ထက်တုံးက၊ တိုက်ပွဲမှာကျဆုံးသွားတဲ့စစ်သည်တော်ကိုသယ်ဆောင်ပေးခဲ့ဖူးတဲ့ သစ္စာရှိမြင်းစစ်သည်ကို ဂုဏ်ပြုထားတာလို့ သိရပါတယ်)။ စစ်ဖိုလ်ချုပ်ကြီးတွေရဲ့အသုဘနဲ့ နိုင်ငံတော်သမ္မတတွေရဲ့အသုဘတွေမှာသာ ဆာဂျင်ယောက်ကိုပွဲထုတ်ရပါသတဲ့။ အဲဒီမြင်းပေါ်မှာ သမ္မတရောင်စီးနေကျ ဘွတ်ဖိနပ်ကို မြင်းကကြိုးမှာ နောက်ပြန်လှန်ချည်နှောင်ပြီးတပ်ဆင်ထားပေးရပါတယ်။ (ဂျီပီတို့ဆီက မသာတွေမှာ အင်္ကျီနောက်ပြန်ဝတ်ပေးထားသလိုမျိုးနဲ့တူပါရဲ့)။ ကွန်စတီကျူးရှင်းလမ်းနဲ့ (၄) လမ်းထိပ်ကိုရောက်တော့ ခေတ္တရပ်နားပြီ။ ကောင်းကင်ယံကနေ တိုက်လေယာဉ်လေးစီးက (ပျောက်ဆုံးစစ်သည်ပျံသန်းမှု-Missing man formation) နဲ့အလေးပြုပြန်ပါတယ်။ လေယာဉ်တွေ တစ်စင်းနဲ့တစ်စင်း ကပ်ပြီးပျံလိုက်၊ ခွာပြီးပျံလိုက်၊ နိမ့်နိုင်သမျှနိမ့်အောင်ဆင်းပြီး ပျံပြလိုက်နဲ့ တော်တော့်ကိုကြည့်လို့ကောင်းလှပါတယ်။ သူတို့ပျံတာကိုကြည့်ပြီး သာမန်လူတစ်ယောက်အမြင်မှာတောင်၊ ကျဆုံးပြီးကျန်ရစ်ခဲ့တဲ့ ဘက်တော်သားလေယာဉ်ကိုလိုက်ဖွေရှာနေတာပဲဆိုတာကို အတွေးပေါက်လာမိပါတော့တယ်။ လေယာဉ်တွေ သရုပ်ဆောင်ပျံသန်းပြတာကိုကြည့်ရင်းနဲ့ (ပျောက်သောသူ



www.burmeseclassic.com

www.burmeseclassic.com





သမ္မတရေဂင်၏ အသုဘမော်တော်ယာဉ်တန်း

ရာရင်တွေ့လိမ့်နိုးဆိုတဲ့မျှော်လင့်ချက်ကလေးနဲ့) အပေါ်ပျောက်နေတဲ့ လေယာဉ်တပ်ဖွဲ့ရဲ့ အဖြစ်သနစ်ကိုကြည့်ရင်းက၊ သနားစာနာတဲ့စိတ်ကွေတဖွားဖွားဖြစ်ပေါ်မိလာပါတော့သတဲ့လေ။ အဲ့သလို ပရိသတ်ရဲ့စိတ်ထဲမှာ သနားစိတ်တွေပေါ်ပေါက်လာစေတဲ့ လေယာဉ်ပျံသန်းမှုနဲ့အလေးပြုပြီးကာမှ သမ္မတရဲ့ ရုပ်အလောင်းကို စစ်သည်တော်တပ်ဖွဲ့နှစ်ဖွဲ့က ပုခုံးထက်မှာထမ်းရွက်လို့ ကပ်ပီတော်ကြီးထဲကိုသွင်းလို့လာပါဟော့တယ်လေ။ ဘင်ခရာတပ်ဖွဲ့ကလည်းသာယာငြိမ့်ညောင်းတဲ့ တေးသံသာတွေနဲ့ တွန်းပို့နေလိုက်သေးလေပြန်ဟော့ တကယ့်ကို လွမ်းဆွတ်ဖွယ်ရာ၊ ကြေကွဲဖွယ်ရာ (ရသ)မျိုးပါပဲ။ ကပ်ပီတော်ခန်းမကြီးထဲက ဒဟိုကွက်လပ် (Rotunda)နေရာမှာ ရုပ်အလောင်းကိုနေရာချထားပြီးတာနဲ့ ခရစ်ယာန်ဘုန်းတော်ကြီး ဒယ်နီယယ်ကောင်လင်း (Rev. Daniel Coughlin) ရဲ့ ပဏာမ တောင်းဆုချွေခြင်းနှင့် နိုင်ငံတော် ရှာပနအခန်းအနားကိုအစချီပါလေတော့တယ်။ ဆက်လက်ပြီးတော့ အထင်ကရပုဂ္ဂိုလ်များရဲ့ သေသူအပေါ်မှာချီးမြှောက်ဖွဲ့ဆိုထားတဲ့ ယူလော်ဂျီ (တမ်းချင်းရတုပိုဒ်စုံ) ကောင်းချီးထောပကာစကားများနဲ့ဖတ်ကြားဂုဏ်ပြုကြပါတယ်။ သူတို့အထဲမှာ ဂျီပီ အထင်ကရမှတ်မိလိုက်ရတဲ့သူကတော့ ဒုတိယသမ္မတ ဒစ်ချေနီပါပဲတဲ့။ (ဂျီပီတို့ယူအင်စီဆယ်မနာမှာတုံးက၊ ဒီမိုကရက်တစ်ပါတီ ရွေးကောက်ပွဲဝင်ကန်းကစားကြတဲ့အခါမှာ ဂျီပီ့ကို ဒုတိယသမ္မတလောင်းအဖြစ်မွေးလိုက်တော့ ဒစ်ချေနီက ဂျီပီနဲ့ယှဉ်ပြိုင်ရမယ့် ဂျီပီ့ရဲ့ပြိုင်ဘက်ကြီးဖြစ်လာရတယ်လေ။ မှတ်မိကြသေးတယ်မှတ်လား)။ တကယ်တန်းက အဲဒီယူလော်ဂျီ (Eulogy) တွေကိုဖတ်ရမယ့်သူက လက်ရှိသမ္မတဖြစ်ပါသတဲ့။ အခုရှာပနကျင်းပချိန်မှာ (ကိုကို)ဘွတ်ရှ်က ဂျီ–၈ ဆမ်းမစ် အစည်းအဝေးကြီးမှာ မိန့်ခွန်းပြောနေရလို့အချိန်မီပတက်ရောက်ဖြစ်နိုင်ဖူးလို့သိရပါတယ်။ နောက်ပိုင်းမှာတော့လည်း (ကိုကို) ဘွတ်ရှ်ရော သူ့ဇနီးသယ် (လောရာ)ဘွတ်ရှ်ရော၊ သူ့ အဖေ (ပါပါ)ဘွတ်ရှ်နဲ့မေမေ (ဘာဘရာ) ဘွတ်ရှ်တို့ကိုယ်တိုင်ပါ၊ ဂုဏ်သရေရှိ လူကြီး (၄၀၀၀) ကျော် (ဂျီပီတို့လင်မယားအပါအဝင်) တက်



www.burmeseclassic.com

www.burmeseclassic.com



ရောက်ကြတဲ့ နိုင်ငံတော်ဈာပနအခန်းအနားကြီးမှာပါဝင်လာခဲ့ကြပါတယ်တဲ့လေ။ ဒီလူကြီးတွေပြီးကာမှ လူထုပရိသတ် (၁) သိန်း (၆) ထောင်ရဲ့ အသုဘရှုလုပ်ငန်းကစရပါတယ်။ လူထုပရိသတ်ကြီးက ကပ်ပီတော်အပြင်ဖက်မှာ အထပ်ထပ်တန်းစီပြီးစောင့်စားလို့ အလှည့်ကျ ဝင်ရောက်ကြရတာဖြစ်ပါတယ်။ ဇွန်လ (၁၁) ရက်နေ့မှာတော့ ဝါရှင်တန်နေရှင်နယ်ခရစ်ယာန်ဘုရားကျောင်း (Washington National Cathedral) ဘုရားကျောင်းမှာဝတ်ပြုပြီး ရုပ်အလောင်းကို မူလသယ်ဆောင်လာခဲ့တဲ့ ကယ်လီဖိုးနီးယားပြည်နယ်ကိုပြန်ပို့ပေးလိုက်ကြပါတယ်။ လာရာလမ်းအတိုင်းဖြစ်တဲ့ အင်ဒယူးအဲယားဘေ့စ် လေယာဉ်ကွင်းကနေ ကာလီဖိုးနီးယားပြည်နယ်ကို ငါးနာရီကျော်ကြာ လေယာဉ်ပြန်လည်ပျံသန်းရပါတယ်။ လေယာဉ်ပေါ်အတက်မှာ နန်စီရေဂင်က လူထုကိုလက်ဝှေ့ယမ်းပြီးနှုတ်ဆက်လိုက်ပါသေးတယ်။ (ကျီပီတို့လင်မယားကလည်းပြန်ပြီး လက်ပြ လိုက်ကြပါတယ်)။ အဲသလိုနဲ့ပဲ ကာလီဖိုးနီးယားက ရေတပ်လေယာဉ်ကွင်းကို ပြန်လည်ဆိုက်ရောက်လို့သွားရပါသတဲ့လေ။ ယူအက်စ်အက်စ် ဖော့နယ်ရေဂင်ဆိုတဲ့ လေယာဉ်တင် သင်္ဘောကြီးပေါ်က ကပ္ပတိန်နဲ့သင်္ဘောသားတွေက၊ လေဆိပ်မှာလာကြိုဆိုကြပါတယ်။ ပြီးတော့မှ (၂၅) မိုင်ဝေးတဲ့ ဆင်မီပယ်လီရပ်ကွက်ထဲက ရေဂင်စာကြည့်တိုက်အဆောက်အဦးဝင်းဆီကို ကားတန်းကြီးနဲ့လို့ ရောက်ရှိလို့သွားကြပြန်ပါတယ်။ အဲဒီမြေမြှုပ်မယ့်နေရာမှာ လူ (၇၀၀) ကျော်လောက်က စုစည်းပြီး ကြိုတင်ရောက်ရှိနေကြပါတယ်။ ရေဂင်ရဲ့ ဟောလီဝုဒ်တုံးကရောင်းရင်း မင်းသားမင်းသမီးတွေပဲပေါ့။ ဝိန်းန်ျူတန်တို့၊ တွမ်ဆဲလက်တို့လည်းပါတယ်။ ကာလီဖိုးနီးယား ပြည်နယ် အုပ်ချုပ်ရေးမှူး ရှာဝပ်ဇင်နက်ဂါ (မင်းသားကြီးအာနီး) လည်းစောင့်နေရှာတယ်။ မာဂရက်သက်ချာဆိုရင် ဝါရှင်တန်တုံးက နိုင်ငံတော်ဈာပနကိုကိုယ်တိုင်တက်ရောက်ခဲ့ပြီး အခုလည်း၊ ကာလီဖိုးနီးယားအထိကို လေယာဉ်စင်းလုံးငှားနဲ့ လိုက်လာပြီး မြေမြှုပ်မယ့်အခန်းအနားနေရာမှာ ကိုယ်တိုင်ကိုယ်ကျတက်ရောက်လိုက်ပါသေးတယ်။ (ကျီပီတို့လင်မယားကတော့စရိတ် မတတ်နိုင်

ကပ်ပီတော် အဆောက်အဦးအတွင်းသို့ သမ္မတဈာပန အသုဘရှုရန် စောင့်ဆိုင်းနေကြသော အမေရိကန်ပြည်သူများ





www.burmeseclassic.com

www.burmeseclassic.com

## ဒေါက်တာမြင့်ဦး (ဂျီပီ)

တော့လို့၊ ဆက်မလိုက်နိုင်တော့ပဲ၊ တီဗွီကနေပဲ ဆက်လက်အသုတရှုပေးလိုက်ကြရပါတယ်)။ နောက်ဆုံး မြေမြှုပ်တဲ့ အခန်းအနားမှာတော့ ရောင်ရဲ့သားသမီးသုံးရောက်ကိုယ်တိုင်က (ယူလော်ကို) ဖတ်ကြပါတယ်။ လေတပ်စစ်တီးဝိုင်းက ဂုဏ်ပြုသီချင်းတွေတီးခတ်နေပါပြီ။ ယူအက်စ်အာမီက နိုင်ငံတော် သီချင်းကိုဂုဏ်ပြုသီဆိုပေးကြပါတယ်။ ဂီတပညာရှင်အဲရစ် ရစ်ဂလာက အံ့ဖွယ်ဂုဏ်ရောင် (Amazing Grace) ဆိုတဲ့သီချင်းကိုလေမှုတ်ကိရိယာကြီးနဲ့ စွဲစွဲငင်ငင်မှုတ်နေတဲ့အချိန်မှာ အလောင်းကို မြေမြှုပ် မယ့်နေရာကို သယ်ယူလို့သွားနေကြပါပြီ။ သေနတ်နှစ်ဆယ့်တစ်ချက်ပစ်ဖေါက်လို့ အလေးပြုနေကြပြန်ပါတယ်။ ဓမ္မတေးသံသာတွေပေါ်ထွက်လို့ လာပြန်ပါပြီကော။ ဟော့။ အမြောက်ဆံတွေလေထဲကို သုံးကြိမ်တိတိပစ်ဖေါက်ကုန်ကြပြန်ပါပြီ တစ်ခါ။ အမြောက်သံတွေငြိမ်ကျသွားလိုက်တာနဲ့။ ငိုချင်းတေးသံတွေထွက်ပေါ်နေဆဲမှာပဲ့ နေဗီ ဂျက်လေယာဉ် လေးစင်းက (ပျောက်ဆုံးစစ်သားပုံသန်းမှုနဲ့)သရုပ်ဖေါ်ပြန်ပါလေပြီ။ ယူအက်စ် အက်စ် ရော်နယ်ရောင် လေယာဉ်တင်သင်္ဘောကြီးရဲ့ ကပ္ပတိန်က သမ္မတရောင်အခေါင်းမှာ လွှမ်းခြုံထားတဲ့ နိုင်ငံတော်အလံကို ခေါက်လိပ်လိုက်ပြီး နန်စီရောင်ရဲ့လက်ထဲကိုအပ်လိုက်ပါပြီ၊ အို့ ရောင်ရယ်၊ အခုတော့ နေဝင်ချိန်ရောက်ပြီပေါ့။ နောက်ဆုံးအနမ်းလေးကိုဖြင့် ဖွဖွရွရွလေးနမ်းကာပေးရင်းနဲ့ ဂုဏ်ပြုလိုက်ပါတယ်။ ချစ်ဒါလင်ရယ်။ အိုင်လပ်ဗ်ယူတဲ့။ သားသမီးတွေက နန်စီ့ကိုဝိုင်းရံလိုက်ကြတဲ့အချိန်မှာပဲ နေမင်းကြီးလည်း ပျောက်ကွယ်လို့သွားပါလေတော့သတဲ့ကွယ်။

အဲ့ဒါကတော့ ဂျီပီကိုယ်တိုင်တက်ရောက်လိုက်ရတဲ့ သူတို့ဆီက နိုင်ငံတော်ဈာပနပါပဲ။ (ဘယ်လောက်ကုန်ကျမလဲဆိုတာကိုတော့ ဂျီပီတွက်ချက်မကြည့်တတ်တော့မသိရပါဘူး)။ အဲ့၊ ဂျီပီကိုယ်တိုင်ရေးပေးခဲ့လိုက်တဲ့ ဈာပနမှတ်တမ်းလေးကိုတော့နန်စီရောင်တို့ မိသားစုကျေနပ် ကြလိမ့်မယ်ထင်ပါရဲ့။ အဲဒါကတော့။ ဘဝသံသရာသီချင်းထဲကစာပိုဒ်ကလေးကို ဘိုလိုပြန်ပြီး ရေးပေးလိုက်တာပါပဲတဲ့။ "ပျော်လိုက်၊ ရွှင်လိုက်၊ ငိုကာ၊ ရယ်ကာ" တဲ့။ "ဘယ်ဟာမတည်မြဲ၊ ဖေါက်လွှဲဖေါက်ပြန်၊ အကြောင်းကံ ကမ္ဘာသကာ" လို့ဖြစ်ပါသတဲ့လေ။

ကဲ။ ဒီလတော့ မသာအကြောင်းရေးလိုက်တာနဲ့ ဒေါက်တာဂျီပီ ဇာတ်သိမ်းပိုင်းတော့ ရောက်ပြီလို့ မမှတ်ယူလိုက်ကြပါနဲ့ဦး။ ဇာတ်မသိမ်းခင်ပျော်စရာရွှင်စရာလေးတွေ လာပါလိမ့် အုံးမယ်တဲ့။ နဲနဲတော့ စိတ်ရှည်ရှည်ထားပေးတော်မူကြပါအုံးလို့။

စရဏကိုအစဉ်လေးစားရတဲ့။ ဒေါက်တာဂျီပီပါခင်ဗျ။

❑❑❑



www.burmeseclassic.com

www.burmeseclassic.com



# အမေရိကားရောက်ဒေါက်တာဂျီပီပုံပြင် – ၁၆

(The Story of Dr. Gee Pee in America)

Narrator: ပုံပြောသူ။
ဒေါက်တာမြင့်ဦး (အလုံ)

## စွမ်းရည်ဖြည့်ဆည်းတစ်နစ်တာခရီး

ပုံပြင်များတွင်ဆိုခဲ့ပြီးသလို။ အမေရိကားရောက် ဒေါက်တာဂျီပီပုံပြင်ဟာဖြင့် ဘယ်သောအခါမှဆုံးမည် မဟုတ်ပါပေ။ ပုံပြင်က မဆုံးပေမယ့်၊ စာအုပ်ကိုတော့အဆုံးသတ်ပေးဖို့လို နေပါသည်။ သို့ပါ၍ လင်းရောင်ခြည်မဂ္ဂဇင်း ၂၀၀၄ – III/No.166 တွင်ပါရှိသော စွမ်းရည်ဖြည့်ဆည်းတစ်နှစ်တာခရီးဆောင်းပါးဖြင့် ဤစာအုပ်ကို နိဂုံးကမ်းမ အဆုံးသတ်ပေးလိုက်ရပါတယ်ခင်ဗျား။



www.burmeseclassic.com

www.burmeseclassic.com

## ဒေါက်တာမြင့်ဦး (ဂျီပီ)

အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့(မြန်မာနိုင်ငံ ဆရာဝန် အသင်း) မှ ဒေါက်တာမြင့်ဦးသည် ပြည်သူ့ကျန်းမာရေးမူဝါဒနှင့် စီမံခန့်ခွဲရေးပညာရပ်အကြောင်းကို ဟမ်းဖရေးအစီစဉ်ဖြင့် အမေရိကန်ပြည်ထောင်စုသို့ ၂၀၀၃ ခုနှစ် ဇွန်လ ၁၁ ရက်မှ ၂၀၀၄ ခုနှစ်ဇွန်လ ၁၁ ရက်ထိ တစ်နှစ်တာပညာသင်ခရီး သွားရောက်ခဲ့ပါသည်။ အဆိုပါ ခရီးစဉ် အကြောင်းသူ၏ ကိုယ်တွေ့ရေးသားချက်ကို အောက်ပါအတိုင်း တည်းဖြတ် ဖော်ပြအပ်ပါသည်။

❑ ❑ ❑

ဆန်ဖရန်စစ္စကို လေဆိပ်မှာ မိမိ၏ ပြည်ဝင်လေဆိပ်ဖြစ်သဖြင့် လူဝင်မှုနှင့် လုံခြုံရေးစစ်ဆေးမှုများ အစစ်ဆေးခံရမည် ဖြစ်ပါသည်။ နွေရာသီ သင်တန်းကျောင်းတက်ရောက်ရန် ရောက်လာကြသည့် ဂျပန်လူငယ် နှစ်ဆယ်ကျော်ကို မိမိရှေ့တွင် အလှည့်ပေးလိုက်ရသဖြင့် လိုအပ်သည်ထက် ပိုမိုကြာမြင့်သွားခဲ့ရပါသည်။ ဂျပန် နာရိတာ လေဆိပ်တုန်းက အကျွမ်းတဝင်ဖြစ်ခဲ့ရသော မိမိနှင့်အတူ အကြိုသင်တန်း တက္ကသိုလ် ကစ်ခုတည်း တက်ရောက်ရမည့် ကမ္ဘောဒီးယားဆရာဝန်နှစ်ဦးမှာ ကံကောင်းထောက်မစွာဖြင့် စစ်ဆေးမှုများ စစ်ဆေးမှုများ ဦးစွာပြီး စီးသွားခဲ့ပါသည်။ သူတို့ကတော့ ယူဂျီးနန်းမြို့သို့ ထွက်ခွင့် လေယာဉ်ဂိတ် ဆီသို့ပင် သွားနေကြပါပြီ။

မိမိမှာ တောသားမြို့ရောက်ဆိုသကဲ့သို့ အူကြောင်ကြောင် ဖြစ်နေသည်။ လုံခြုံရေး ပေါင်းမိုးအောက်သို့ ဖြတ်စဉ် အချက်ပေးတား ဆီးသံမြည်လာသဖြင့် သီးသန့်နေရာသို့ ခေါ်ဆောင်သွားခြင်းခံရပြီး အသေးစိတ်စစ်ဆေးမှုများနှင့် ရင်ဆိုင်ရပြန်ပါသည်။ ဖိနပ်ကိုချွတ်၍လည်း စစ်ဆေးကြသည်။ လက်ကိုလည်း ဆန့်တန်းပေးထားရသည်။ တစ်ကိုယ်လုံးလည်း ပတ်ချာလှည့်၍ နှိုက်ချွတ်ခံရသည်။ 9/11 အကြမ်းဖက်မှုကြီးနောက်ပိုင်း လုံခြုံရေးကို ပိုမိုတင်းကျပ်ထားသည်ဟု ဆိုပါသည်။ သို့သော် လူထုမငြိုငြင်ရအောင်တော့ ဂရုစိုက်ကြရှာပါသည်။ ကျေနပ်လောက်ပြီဆိုမှ အိပ်စရေး ကွန်ပျူတာ အောက်မှ စစ်ဆေးအောင်မြင်၍ ကြွားဝင့်စွာ လိမ့်ထွက်လာသောမိမိ၏ လက်ဆွဲအထုပ်အပိုးများကို ကိုယ်တိုင်ကောက်ယူရသည်။

လေယာဉ်ထွက်ရန် ၁၀ မိနစ်သာ လိုတော့သဖြင့် သက်ဆိုင်ရာ ဂိတ်ဆီသို့ တက်သုတ်ရိုက်၍ ပြေးရပါသည်။ လေကြောင်းကုမ္ပဏီ ကောင်တာရောက်တော့ အမှုထမ်းမှ ဝမ်းနည်းတောင်းပန်စကား ဆိုလာပါသည်။ နောက်ထပ်ထွက်မည့် လေယာဉ်ကို စီစဉ်ပေးရှာသည်။ ယူဂျီးန်သို့ တိုက်ရိုက်သွားရမည့်အစား ပေါ့လန်မြို့သို့ဝင်ပြီး လေယာဉ်ပြောင်းစီးရမည်ဖြစ်သဖြင့် မူလ ရောက်ရမည့်အချိန်ထက် သုံးနာရီနောက်ကျမည် ဖြစ်ပါသည်။ ယူဂျီးန်မှ ကြိုဆိုနေရှာမည့် သင်တန်းညှိနှိုင်းရေးမှူး ပဂ္ဂိဒိန်း ထံဖုန်းဆက်ရပေဦးတော့မည်။

www.burmeseclassic.com

## အမေရိကားရောက် ဒေါက်တာဂျီပီ



အဲဒါမှဒုက္ခ၊ အကြွေကလည်းမရှိ၊ မည်သို့လဲရမည်လဲမသိ၊ အများသုံးဖုန်းကို ကောက်ကိုင်ပြီး ဟိုကြည့်သည်ကြည့် မျက်စိသူငယ်နှင့်မည်သူများ ငါ့ကို လာကူပါမည်လဲ၊ ကံကောင်းချင်တော့ သားငယ်ကို ချီလျက် အမေရိကန်မိခင်တစ်ဦး ရောက်ရှိလာပြီး သူ့ကိုသူ မိတ်ဆက်ကာ ဘာကူညီရမလဲ မေးမြန်းလာသည်။ မိမိအကြောင်း ပြောပြလိုက်ရာ မိမိအား တယ်လီဖုန်း အသုံးပြုပုံပြုနည်း၊ အကြွေလဲပုံလဲနည်း စသည်များကိုသူ့ ပိုက်ဆံများ စိုက်ထုတ်၍ သင်ပြပေးပါသည်။ မိမိအားလည်း အကြွေများလည်း အလကားပေးလိုက်ပါသေးသည်။ ပထမဦးဆုံး တယ်လီဖုန်းဆက်နည်း စွမ်းရည်ကို လေဆိပ်၌ အခမဲ့သာမက အကြွေများရယူ၍ပင် သင်ယူလိုက်ရပါပြီကော။

ဟူးဘတ်ဟမ်းဖရေး စွမ်းရည်မြှင့်တင် ပညာသင်ခရီးဆိုသည်မှာ အာဖရိက၊ အာရှ၊ လက်တင်အမေရိက၊ ကာရစ်ဘီယံဒေသ၊ အရှေ့အလယ်ပိုင်းနှင့် ယူရေးရှားတို့မှ အလယ်အလတ်ရောက်နေသော အတတ်ပညာရှင်များအား အမေရိကန်ပြည်ထောင်စုသို့ တစ်နှစ်တာဖိတ်ခေါ်ကာ နာမည်ကြီး တက္ကသိုလ်ကြီးများတွင် ဘွဲ့လွန်အဆင့်ပညာများ သင်ယူစေခြင်း ဖြစ်ပါသည်။ သက်ဆိုင်ရာ ပညာရပ်နယ်ပယ်မှ ပညာရှင် အချင်းချင်း အသိပညာဖလှယ်ခြင်း၊ အဆက်အသွယ်ရယူခြင်းများ အမေရိကန်ပြည်သူများနှင့် နှစ်ဦးနှစ်ဖက် ရေရှည်အကျိုးဖြစ်ထွန်းစေမည့် မိတ် ဖက်များ တည်ဆောက်နိုင်စေရန် ရည်ရွယ်လျက် အမေရိကန် ကွန်ကရက်မှ ငွေကြေးထောက်ပံ့ပေးကာ နိုင်ငံခြားရေးရာဌာန၊ ပညာရေးနှင့် ယဉ်ကျေးမှုရေးရာဗျူရိုနှင့် အပြည်ပြည်ဆိုင်ရာ ပညာရေးဌာန (အိုင်အိုင်အီး) တို့ ပူးပေါင်း အကောင်အထည်ဖော်နေသော အစီအစဉ် တစ်ရပ်ဖြစ်သည်။ အမေရိကန်ဒုတိယသမ္မတနှင့် ဆီးနိတ် အမတ်ဖြစ်ခဲ့ သူဟူးဘတ် အိပ်ချ်ဟမ်းဖရေး (Hubert H. Humphrey) အား ဂုဏ်ပြုသော ဆုဖြစ်ပြီး ၁၉၇၈ ခုနှစ်တွင် စတင်ခဲ့ကာ ယနေ့ဆိုလျှင် ကမ္ဘာ့ တစ်ဝန်း နိုင်ငံပေါင်း ၁၄၁ မှ ပညာသည်ပေါင်း ၃၀၀၀ ကျော်ကို ချီးမြှင့်ခဲ့ပြီး ဖြစ်ပါသည်။

ယခုနှစ်တွင် နိုင်ငံပေါင်း ၇၀ မှ ပညာရှင်ပေါင်း ၁၃၉ ဦးအား ချီးမြှင့်ရန် ဖိတ်ခေါ်ထားပါသည်။ အလားအလာရှိသော ပညာရှင်များအား နိုင်ငံတကာအဆင့်မီ ခေါင်းဆောင်များ ဖြစ်လာစေရန် မြေတောင်မြှောက်ပေးသော အစီအစဉ်တစ်ရပ် ဖြစ်ပါသည်။ အမေရိက တက္ကသိုလ်ကြီး ၁၄ ခုတွင်

www.burmeseclassic.com

## ဒေါက်တာမြင့်ဦး (ဂျီပီ)

တစ်ခုစီ၌ ပညာရှင်ငါးဦးမှ ၁၂ ဦး နေရာချထားပေးပြီး ပညာရေးဘာသာရပ်များကို စိတ်ကြိုက် ရွေးချယ်ခွင့် ရှိပါသည်။ စာသင်ကာလ (semester) နှစ်ခုတွင်းမှ ရရှိသော ခရက်ဒစ်များကို ဘွဲ့လွန်ဒီဂရီ ဆက်လိုသူများအတွက် လွှဲပြောင်းယူခွင့်လည်း ပေးပါသည်။ ယဉ်ကျေးမှုချင်း ဆက်နွယ်မှု၊ စီမံခန့်ခွဲရေးနှင့် ပဋိပက္ခ ဖြေရှင်းရေး ခေါင်းဆောင်မှု အလုပ်ရုံဆွေးနွေးပွဲများအပြင် တစ်ဦးချင်းကိုယ်ပိုင်စီမံချက် ရေးဆွဲပြီး မိမိစိတ်ကြိုက် အဖွဲ့အစည်းသို့ ဆက်သွယ်၍ ကိုယ်တိုင်ပါဝင် အကောင်အထည်ဖော်ရသော တစ်လခွဲကြာ စီမံချက်အစီအစဉ်လည်း ပါဝင်ပါသည်။ အမေရိကန်တို့၏ စရိုက်၊ ဓလေ့၊ အားလပ် ရက်များနှင့် နီးနွယ်စေရန် အမေရိကန်မိသားစု တစ်စုနှင့်လည်း ယာယီဆွေမျိုး တော်စပ်ပေးထားပါ သေးသည်။ ဤမျှ ထောင်စေ့အောင်ဖန်တီးထားသော အစီအစဉ်တွင် မိမိအဖို့ (သူတို့အဖို့ အသေးအဖွဲ့ ကိစ္စလေးမှအစ) ဖြည့်ဆည်းစရာစွမ်းရည်များမှာ တကယ်ပင် များမှများပါ။

## ယုနိဗာစိတီအော်ရီဂွန် (ယူအို)

ယူဂျီးန်မြို့၏ ကျက်သရေဆောင် အော်ရီဂွန် တက္ကသိုလ်တွင် တစ်လခွဲကြာ အကြိုသင်တန် စတက်ခဲ့ရသည်။

အမေရိကန်ယဉ်ကျေးမှုနှင့် အင်္ဂလိပ်စာမှအစ ဘဏ်စာရင်းဖွင့်မှု၊ သင်တန်းတင်သွင်းခြင်း၊ ဖတ်ကြားခြင်း၊ အစီရင်ခံစာရေးနည်း၊ စီမံကိန်း ရေးဆွဲနည်း၊ ကွန်ပျူတာအင်တာနက်အသုံးပြုနည်း၊ ဥပဒေအထွေထွေ၊ တယ်လီဖုန်း မက်ဆေ့ချ်သွင်းခြင်း၊ ကျန်းမာရေးအာမခံထားခြင်းနှင့် ဆေး ရုံဆေးခန်းပြနည်းများစုံလင်အောင် စာတွေ့လက်တွေ့ လေ့လာမှုများ စတင်ကြရသည်။

ကျောင်းတွင် ကတ်ဖတီးရီးယား၌ တစ်နေ့ဘူဖေးသုံးကြိမ်ကျွေး၍ စခန်းသွင်းထားသဖြင့် စားကောင်းသောက်ဖွယ်ရာတို့ဖြင့် အဆီရစ်သည့် ကာလလည်းဖြစ်ပါသည်။ သူ့လူမျိုးအစားအစာနှင့် ရင်းနှီးအောင်ပြုရသည်။ သူ့ နွေရာသီက ည ၈ နာရီခွဲမှာမှ နေဝင်ပါသည်။ ကတ်ဖတီးရီးယား ညစာက ည ၇ နာရီပိတ်သည်ဖြစ်ရာ ညနေနေဝင်ချိန် ၅ နာရီအထင်ဖြင့် ဒင်နာစားဖို့သွားတိုင်း တံခါးပိတ်သိမ်းဆည်းပြီးသည်နှင့်ချည်း ကြုံကြုံနေရ သည်။ သို့ဖြင့် ဆာသည်ဖြစ်စေ၊ မဆာသည်ဖြစ်စေ နာရီကြည့်၍ ဖြည့်သိပ်နေရသည်။

စနေအားရက်များတွင် စာကြည့်တိုက်မှ လက်တော့ပ် ကွန်ပျူတာ ငှားပြီး အားချိန်ရတိုင်း အင်တာနက်ဝင်ကြည့်သည်။ ဆေး(၁) ၅၉ ခုနှစ် ဘွဲ့ရ ကလာ့မိတ်များ၏ ဝက်ဘ်ဆိုက်ကို စနေနေ့တိုင်း Check လုပ်ဖြစ်လာသည်။ ငယ်သူငယ်ချင်း ဒေါက်တာအေးဗစ်က အင်တာနက်မှ ဝယ်ယူသော လေယာဉ်လက်မှတ် (အီး- တစ်ကက်) ပို့လာ၍ ဆန်ဖရန်စစ္စကိုမြို့သို့ လည်ပတ်ခွင့် ကြုံရသည်။ ကေဘယ်ကားလည်း စီးရသည်။ ဘာ့တ် (Bart) ရထားလည်းစီးတတ်ပြီ။ အကောက်အကွေ့ ဆုံးလမ်းမှသည် ဂိုးလ် ဒင်းဂိတ် တံတားကြီးဆီအထိ ရောက်အောင် သွားတတ်ပြီ။

ရေခြား မြေခြားဟူသည် အသွင်အပြင်ပါ ခြားသွားရပါသည်။ မြက်ကို ဓားဖြင့် ရိတ်နေတာ မတွေ့ရတာ။ လေမှုတ်စက်ဖြင့် တံမြက်စည်း လှဲနေကြသည်။ သစ်ပင်များပေါက်ပုံက အပေါ်ကို ချွန်ကုန်ကြပြီ။ နွားများ မှာ ဘို့မရှိ။ ရွှေကျေးက မသာပြီ။ နွေတမာနှင့် ရွှေညာကို သတိရပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကာလ်ချာရှော့ အကြောင်းဆွေးနွေးကြတော့ ငါဘယ်တော့များ ရှော့ခံစားရ ဦးမည်လဲ။

## နယူးယောက်မြို့မှ မြန်မာဆရာဝန်များ ညီလာခံ

ဘီအမ်အေ- အင်န်အေဟုခေါ်သည့် မြောက်အမေရိကတိုက် မြန်မာဆရာဝန်များအသင်း၏ ၁၃ ကြိမ်မြောက် ညီလာခံကို နယူးယောက်မြို့ ဟေးလ်တန်တိုင်းမ်စကွဲ ဟိုတယ်ကြီးတွင် ဩဂုတ်လ ၁ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့ပါသည်။ မိမိအား စရိတ်ခံ၍ ဖိတ်ကြားလာသဖြင့် အော်ရီဂွန်၏ နှုတ်ဆက်ပွဲကိုပင် မတက်ရောက်နိုင်တော့ဘဲ နယူယောက် သို့ ထွက်ခွာရပါပြီ။

ရန်ကုန်မှ ဆရာဝန်ညီလာခံကို နှစ်စဉ်တက်ရောက် အားပေးနေသော အမေရိကန်ရောက် မြန်မာဆရာဝန်များနှင့် ပြန်လည် ဆုံရပါသည်။ အော်ရီဂွန်မှ ပြင်ဆင် (ရုံမက၊ အစမ်းပင် လေ့ကျင့်) လာသော စာတမ်းကို ဖတ်ကြားပြရာ ရန်ကုန်ဆရာဝန်အသင်းနှင့် ဆက်ဆံရေးပိုမို ခိုင်မြဲမှု ရရှိလိုက်ပါသည်။ ညဘက်တွင် ဒေါက်တာ ဂျိမ်းဆုနှင့် ဂျူလီရာနာဆုတို့က ညီလာခံတက်ရောက်သည့် ဆရာဝန် ၅၀၀ကျော်အား ဂျင်းဖောင်းစားရိပ်မြုံ၌ ညှိခံခဲ့ပါသည်။ ဒေါက်တာ ဖံမရ၏ တီးဝိုင်းနှင့် တွဲဖက်ပြီး မြန်မာပြည် အလွမ်းပြေ အပျိုကြီးမမ သီချင်းဖြင့် ညှိခံသီဆို ဖျော်ဖြေပေးလိုက်ရာ အပျိုကြီးဆရာဝန်မမများ၏ တစ်ခဲနက် အားပေးမှု ခံလိုက်ရပါတော့သည်။ ဆုငွေများနှင့်အတူ နောက်ထပ် သီဆိုပေးဖို့ တောင်းဆိုကြပြန်သည်။ သည်တစ်ခါတော့ မိမိကိုယ်တိုင် သီကုံးထားသည့် ဒန်ဒီဒီးဟားဒီအလိုက် ကွန်ဒုံးဟာသသီချင်းဖြင့် အရွှန်းဖောက် သီဆိုပေးလိုက် ပါတော့သည်။ အပျိုကြီးမမများ ခေါင်းပုကြတော့မည်ထင့်။

## မြောက်ကယ်ရိုလိုင်းနား တက္ကသိုလ် (ယူအင်န်စီ)

မိမိ၏ ပင်မတက္ကသိုလ်ရှိရာ ချပ်ပယ်ဟေးလ်မြို့သို့ ရောက်ခဲ့ပါပြီ။ဦးစွာ ဂရင်းဗီးတာဝါ၌ နေရာချပေးသည်။ အခန်းခမှာ တစ်နေ့ ၄၅ ဒေါ်လာပေးရသည်။ အစီစဉ်မှူး (ကိုအော်ဒီနေတာ) မစ္စအယ်လိဇဘတ် ဂေါ်ဆာ့ချ်က လခပေးအခန်းငှားရနိုင်ဖို့ အစွမ်းကုန် ကြိုးစားပေးရှာသည်။ ကျောင်းပရိဂုဏ်တွင်းရှိ ဘော်ဒါဆောင်များမှာ နေရာမရှိတော့လေပြီ။ နေ့စဉ်အခန်းငှား အရှာ ထွက်ကြသည်။ အားလုံး ၁၀ ယောက်တိတိ။

ပထမဦးစွာ အာမေးနီးယားမှ ဗာဇ်ကန်နှင့် ပါလက်စတိုင်းမှ ဖားရာ့ချ် တို့ ပူးတွဲနေဖို့ အပ့်မြင့်ရရှိသွားသည်။ နှစ်ယောက်စာအခန်းကို တစ်လ ဒေါ်လာ ၁၀၅၀ ပေးရသည်။ သီရိလင်္ကာမှ ရွှေနေမ ချန်ဒြာနီလည်း အခန်းရပြီ။ အိုမန်မှ ကျန်းမာရေးဦးစီးဌာန ညွှန်ချုပ် အလီဟာတ်စီ၊ ပါကစ္စတန် လူသားအရင်းအမြစ် ဒုတိယအတွင်းဝင် နာဆီယာ၊ ဥရုဂွေး ဆေးရုံအုပ်ကြီး ဒယ်နီယာလာ၊ သူတို့အသီးသီး တစ်ခန်းစီ ရရှိသွားသွား ကြပေမယ့် မိမိမှာ ထွက်ငွေများသွားမည်စိုး၍ အရွှေ့လွှန်နေရာမှ ငါးရက်မြောက်သို့ တိုင်ခဲ့ပါပြီ။ ကံအားလျော်စွာ အလုပ်လုပ်ရင်း ကျောင်းတက်နေသော မြန်မာလူငယ်တစ်ဦးနှင့် အခန်းပေါင်းနေဖို့ ကြုံလာရသည်။

အပတ်စဉ် ဆွေးနွေးမှုများ စတင်တော့ နိုင်ငံအလိုက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာမြင့်ဦး (ကိုယ်ပိုင်)



ကိစ္စရပ်များကို ကင်ပြရာ မိမိအား စိတ်အဝင်စားဆုံး ဖြစ်လာကြသည်။ သူတို့သိထားသည်နှင့် မိမိတင်ပြထားသည်များက ကွာဟမှုများ ရှိကြသည်ကို။

ဘဲ့တက္ကသိုလ်၏ ပြည်သူ့ကျန်းမာရေး သင်တန်းကျောင်းက အမေရိကတစ်ခွင်တွင် နံပါတ်နှစ်ချိတ်ထားသည်။ သည်ကျောင်းတော် ကြီး၌ စာသင်ကာလ နှစ်နှစ်ခုနေရမည်ဖြစ်၍ အပြည်ပြည်ဆိုင်ရာ ကျန်းမာရေး စနစ် နှိုင်းယှဉ်မှု ကျန်းမာရေးမူဝါဒ စစ်တမ်း၊ ကပ်ရောဂါဗေဒ၊ ဆရာဝန်လုပ်ငန်း ထိန်းကွပ်ခြင်း ဘာသာရပ်၊ ဆေးရုံအုပ်ချုပ်ရေးနှင့် ကျန်းမာရေး ဘောဂဗေဒတို့ကို မိမိနှင့် အကိုက်ဆုံးဖြစ်မည့် အထင်ဖြင့် သင်ယူဖို့ရွေးချယ်လိုက်ပါသည်။

မိမိနေသည့် နေရာနှင့် စာသင်ခန်းမှာ လမ်းလျှောက်လျှင် မိနစ် ၄၀ ကြာသည်၊ ဘတ်စ်ကားဆိုလျှင် ၁၄ မိနစ်စီးရသည်။ ချပ်ပယ်ဟေးလ် တစ်မြို့လုံး ဘတ်စ်ကားမှာ အခမဲ့စီးစနစ်ဖြစ်သည်။ မိမိအခန်းဖော်က စက်ဘီးတစ်စီးပေးထားသဖြင့် ကျောင်းသွားကျောင်းပြန် စက်ဘီးနှင့် ခရီးနှင်ရသည်။ မနင်းသည်မှာကြာ၍ မကြာခဏလဲချော်ကျရသည်။ နောက်တော့ စက်ဘီးသီးသန့်လမ်းကို အသုံးပြုတတ်သွားသည်။ မလဲကျတော့။ မိမိ၏အခန်းဖော်က ပြည်နယ်ပြောင်းရွှေ့သွားသောအခါ သူ့မာဇဒါပစ်ကပ် (ထရပ်) ကားကို ထားခဲ့သဖြင့် ယာဉ်မောင်းလိုင်စင် ဖြေဆိုရပါသည်။ ယခုတော့ ယာဉ်မောင်းဖိုတိုအိုင်ဒီကတ်ဖြင့် မြို့ပတ်မောင်းတတ်နေပါပြီ၊ လမ်းညွှန်မြေပုံကို အင်တာနက်မှ မက်ပ်ကွက်စ် (Mapquest) တွင် ရှာရသည်။ ကျောင်းပရိဝုဏ်အတွင်း ကားပါကင်မှားထိုး၍ ဒဏ်ငွေဆောင်ရသည်လည်း ကြုံခဲ့ရပါပြီ။ သည်လိုနဲ့ပဲ စွပ်ရည်ဟော့ တည်ဆောက်ရသည်ပေါ့။

## ဝ်ရှင်တန်စုစည်းပွဲ

အောက်တိုဘာလ ၁၉ မှ ၂၃ ရက်အထိ ဟမ်းဖရေးဖဲလိုးအားလုံး၏ စုစည်းအလုပ်ရုံဆွေးနွေးပွဲကို ဝါရှင်တန်ဒီစီ ဝင်ဒမ်ဟိုတယ်ကြီး၌ ကျင်းပ ဖြစ်ပါသည်။ ကမ္ဘာ့ဒေသအသီးသီး၏ အနာဂတ်ကာလ ခေါင်းဆောင် အရည်အသွေးနှင့် စိန်ခေါ်မှုများကို ဆွေးနွေးကြသည်။ ကမ္ဘာ့ဘဏ်၊ အိုင်အမ်အက်ဖ်



www.burmeseclassic.com

www.burmeseclassic.com



ယူအက်စ်အေအိုင်ဒီကဲ့သို့သော အဖွဲ့အစည်းကြီးများနှင့် အိုးအိမ်မြို့ပြဝန်ကြီးဌာန၊ ကျန်းမာရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ ပြည်ထဲရေးဝန်ကြီးဌာန အသီးသီးသို့ သက်ဆိုင်ရာနယ်ပယ်အလိုက် သွားရောက်လေ့လာသည့် အစီအစဉ်လည်း ပါဝင်ပါသည်။ ၂၂ ရက်နေ့နံနက်ပိုင်းတွင် အိမ်ဖြူတော်နှင့် ကက်ပီတော်အဆောက်အအုံကြီးသို့ လိုက်ပို့ရင်း အားလုံး စုစည်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ဓာတ်ပုံရိုက်ပြီးလျှင်ပြီးချင်း ရုတ်တရက် ဟက်ပီးဘတ်ဒေးသီချင်းကို ဘယ်သူက စပေးလိုက်သည်မသိ စုပေါင်းသံပြိုင် သီဆိုနေကြပါသည်။ ယောင်တောင်ပေါင်တောင်လိုက်ဆိုရင်း နောက်ပိုင်းကျမှ မိမိဘတ်ဒေးဖြစ်နေကြောင်း သိရှိလိုက်ရသည်။ ''ဟက်ပီးဘတ်ဒေးမြင့်'' ဆိုပြီး မိမိယူနီဖားစီတီကို အော်ဒီနေတာမှ ကိတ်မုန့် လင်ဗန်းယူဆောင်လာခဲ့ရာ အလွန့်အလွန် ကျေးဇူးတင်စွာဖြင့် လက်ခံရယူလိုက်ပြီး ဖယောင်းတိုင်မီးကို ကိုယ်တိုင်မှုတ်ငြိမ်းပေးခဲ့ရပါသည်။ အားလုံးက မိမိအား ကက်ပီတော် အဆောက်အအုံကြီးရှေ့တွင် ဝိုင်းဝန်း ချီမကြပါတော့သည်။ အော်. အနှစ် ၅၀ ရွှေရတုမွေးနေ့၏ ထူးခြားချက်ကား ဤသို့ပါတကား။ (ကိုယ့်သမီးများ မြင်သွားမှာကို စိုးရုက်မိရပါသည်)

## ပြည်သူ့ကျန်းမာရေးအသင်း ညီလာခံ

ယူအင်န်စီသို့ ပြန်ရောက်တော့ စွမ်းရည်ဖွံ့ဖြိုးရေး လုပ်ငန်းသုံးရန် ဒေါ်လာ နှစ်ထောင်စီ ထုတ်ပေးလာသဖြင့် ဆန်ဖရန်စစ္စကိုမြို့သို့ သွားရောက်ရန် ပြင်ဆင်ရပြန်သည်။ အိုမန် ညွှန်ချုပ်ကြီးနှင့် ဥရုဓွေးဆေးရုံအုပ်ကြီးတို့ပါ တစ်ပါတည်း လိုက်ကြမည်ဖြစ်၍ အွန်လိုင်းမှပင် လေယာဉ်ရော ဟိုတယ်ပါ ဘွတ်ကင်လုပ်လိုက်ကြသည်။ ပြည်သူ့ကျန်းမာရေးအသင်းကြီး ညီလာခံကို နိုဝင်ဘာလလယ်၌ မော်စကိုနီ စင်တာတွင် ကျင်းပခဲ့ပါသည်။ လေဆိပ်၌ လာကြိုနေသော သူငယ်ချင်းဒေါက်တာမြင့်အောင်နှင့် ဒေါက်တာခင်သူဇာရွှေတို့ လင်မယားက မိမိတို့သုံးဦး အား ရေခွင်ဟိုတယ်သို့ မပို့မီ စားသောက်ဆိုင်သို့ ခေါ်သွားပြီး ဦးစွာ ဧည့်ခံပါသည်။ မြန်မာတို့၏ ဧည့်ဝတ်ကျေပွန်မှုကို အိုမန်နှင့် ဥရုဓွေးတို့ အလွန်အမင်း အားကျသွားကြပါသည်။ ညီလာခံကြီးသို့ နိုင်ငံတကာမှ ကိုယ်စားလှယ်များ တစ်သောင်းကျော် တက်ရောက်ခဲ့ပါသည်။

## ရပ်သာဗို့ဒ်ဆေးရုံနှင့် တွေ့ဖက်ခြင်း

မြောက်ကယ်ရိုလိုင်းနား တောင်တန်းဒေသ ရပ်သာဖို့ဒ်မြို့မှ ခုတင် ၂၀၀ ဆံ့ပြည်သူဆေးရုံကို ခရိုင်တစ်ခုလုံး အားကိုးကြရသည်။ ယူအင်န်စီ နှင့် အက်ရှဗီးတက္ကသိုလ်မိသားစု ဆေးပညာဌာနမှ အလုပ်သင်ဆရာဝန်များကို ဆေးလက်တွေ့သင်တန်းလည်း ပေးလျက်ရှိသည်။ သွေးရောဂါနှင့် ကင်ဆာရောဂါ အထူးကုဆရာဝန်ကြီး ဒေါက်တာ မက်သယူရီးစ်မှာ နီပေါ နိုင်ငံနှင့် အမေဇုန်ဒေသတွင် အခြေခံကျန်းမာရေး ဆရာဝန်များအား သင်းတန်းပေးခဲ့ဖူးသည်။ ယခုမြန်မာနိုင်ငံကို စိတ်ဝင်စားသဖြင့် အင်တာအလက်သွင်း၍ ရှာဖွေရာ မိမိအမည်ကို သွားတွေ့သဖြင့် မိမိအား ဆက်သွယ်လာပါသည်။ သူနှင့် နှစ်ပတ်အကြာ ဆွေးနွေးပြီး မြန်မာပြည်သို့ သွားလိုသည်ဆိုသဖြင့် သူ့အား ဝါရှင်တန်ရှိ မြန်မာသံရုံးသို့ ဆက်သွယ်ပေးလိုက်သည်။ ရန်ကုန်ရှိ မိမိလုပ်ဖော်ကိုင်ဖက်များဖြင့် အလွတ်သဘော



www.burmeseclassic.com


www.burmeseclassic.com



တွေ့ခဲ့ရသည်ဟု ဆိုပါသည်။

သူပြန်ရောက်လာသောအခါ သူ့ဆေးရုံ၌ စိတ်ကြိုက်လေ့လာ သင်ယူရန် ဖိတ်ခေါ် ပါတော့သည်။ သူတို့အဖွဲ့မှ နောင်ကို နှစ်စဉ်နှစ်တိုင်းမြန်မာပြည်သို့ သွားရောက်၍ ဂျီပီများအား သင်တန်းပေးရန် အဆိုပြုလာသည်။ ဤသို့ဖြင့် မိမိ၏ ပညာရပ်ပေါင်းကူ လက်တွေ့ အစီအစဉ်ကို ဤဆေးရုံ၌ပင် လုပ်ဆောင်ရန် ဆုံးဖြတ်လိုက်ပါတော့သည်။ ဒီဇင်ဘာတစ်လလုံး အားလပ်ရက်မယူဘဲ ဆေးရုံ၌ သွားနေလိုက်ပါသည်။ ဆေးရုံက မိမိအား ညွှန်ဆရာဝန်အဆင့်အတန်း သတ်မှတ်ပေးပြီး ဌာနတိုင်းသို့ ဝင်ထွက်မေးမြန်း ပါဝင်လုပ်ဆောင်ခွင့် ပြုထားပါသည်။ ဝန်ထမ်းအစည်းအဝေးနှင့် စဉ်ဆက်မပြတ် သင်ယူရေးအစီအစဉ်များကိုလည်း တက်ရောက်ရပါသည်။ ဆေးရုံညွှန်ကြားရေးမှူးရုံးသို့တွင် အခမဲ့ စားသောက်ခွင့် လက်မှတ်ပါ ပေးထားပါသည်။ ဆေးရုံတွင်သာမက ခရိုင်ကျန်းမာရေးနှင့် မိသားစု ဆရာဝန်များ၏ ဆေးခန်းများပါ တွဲဖက်လေ့လာနိုင်ခဲ့ပါသည်။

မိမိ၏ လက်တွေ့အစီအစဉ်မှာ အနည်းဆုံးခြောက်ပတ်လုပ်ဆောင်ရမည် ဖြစ်သဖြင့် နောက်ထပ် မေတစ်လလုံး ဤဆေးရုံ၌ပင် ဆက်လုပ်ဖြစ်ပါသည်။ သည်တစ်ခါမှာတော့ ဆေးရုံနှင့် မိမိ၏ဂျီပီအဖွဲ့အစည်း တယ်လီကွန်ဖရင့် ပြုလုပ်ရန် ပါဝင်လာပါသည်။ စမ်းသပ်သည့်အနေဖြင့် ရန်ကုန်ကလူနာဖြင့် ဆွေးနွေးခြင်းအစီအစဉ်ကို အီးမေးလ်ဖြင့် စတင်ရန် ဆက်သွယ်ရပါသည်။ တစ်ချိန်တည်းမှာ ရပ်သာဖွံ့ဖြိုး မြို့မိမြို့ဖများက လက်ပ်တော့ပ် ကွန်ပျူတာ ၂၅ လုံးကို မြန်မာဂျီပီ ဆရာဝန်များ အဖွဲ့သို့ လှူဒါန်းရန် စီစဉ်ကြပါသည်။ မက်ဒီဆင် အင်န်ဘင်ယွန်းဟု ခေါ်သည့် ထူးခြားစွမ်းအားသမားတော်များအဖွဲ့ကို ဒေါက်တာ မက်ရီးစ်ဦးဆောင်၍ အမေရိကန်ဆရာဝန်များ၊ ပါမောက္ခများနှင့် မိမိအပါအဝင်ဖွဲ့စည်းပြီး မြန်မာနိုင်ငံသို့ နှစ်စဉ်လာရောက်ရန် ရည်ရွယ်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com



မြန်မာဂျိုပီ ဆရာဝန်များကို သင်တန်းများ ပို့ချမည်ဖြစ်ပြီး ဒေသလူထုအား ဆေးဝါးကုသမှု ပေးခြင်း၊ လူမှုအထောက်အကူပေးခြင်းများနှင့် ပုတာအိုမြို့နှင့် မြစ်ကြီးနားစုဝိုင်၌ တောင်တက်ခြင်း၊ ရေအောက်ရှုစမ်း အပန်ဖြေခြင်းများ ပါဝင်မည်ဖြစ်ပါသည်။ သို့အတွက် မိမိမှာ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးတို့ ဆက်သွယ်ခွင့်တောင်းမှုများ ပြုလုပ်ရပါ တော့သည်။

## အင်တာနက်ပေါ်မှ ခေါင်းဆောင်မှု အလုပ်ရုံဆွေးနွေးပွဲ

ဟမ်းဖရေးအစီအစဉ်ကို ကမကထပြုနေသော အပြည်ပြည်ဆိုင်ရာ ပညာရေးအဖွဲ့ကြီး (အိုင်အိုင်အီး)မှ ဦးစီး၍ ခေါင်းဆောင်မှုအလုပ်ရုံ ဆွေးနွေးပွဲတစ်ရပ်ကို အင်တာနက်မှတစ်ဆင့် ကျင်းပပေးခဲ့ပါသည်။ ဟမ်းဖရေးသင်တန်းသား ၃၈ ဦးတက်ရောက်ခဲ့ကြသည်။ ဆယ်ပတ်ကြာသည့် အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံအသီးသီးမှ ကိုယ်ကျိုးမဖက် ခေါင်းဆောင်များ၊ သူတို့၏ စွမ်းရည်သတ္တိများ၊ လူထုအကျိုးပြု လုပ်ငန်းများကို ဆွေးနွေးကြပြီး မိမိကိုယ်တိုင်ခေါင်းဆောင်ဖြစ်ခဲ့ပါက မည်သို့ဦးဆောင်မည်၊ မိမိဒေသတွင်း မိမိ၏ဦးဆောင်မှုကဏ္ဍ စသည်တို့ကို အဖြစ်အပျက်နမူနာများ ဖန်တီး၍ ဆွေးနွေးကြရပါသည်။ မိမိတင်ပြလိုက်သော ''လက်လှမ်းမီသူကို အားကူခြင်း'' (Serving the Underserved) အဖြစ်အပျက်နမူနာမှာ မိမိနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ထင်ဟပ်ပေါ်လွင်စေသဖြင့် အများအား ဦးစားပေး ဆွေးနွေးမှုကို တစ်ခဲနက် ရရှိလိုက်ပါသည်။ ဤသည်ကိုပင် မိမိ၏ကိုအော်ဒီနေတာမှ နှစ်ထောင်းအားရဖြစ်ကာ ယူအင်နိုစီ ဝက်ဘ်ဆိုက်၌ တင်လိုက်ပါလေတော့သည်။

## အတ္တလန်တာ အားပြည့်အလုပ်ရုံဆွေးနွေးပွဲ

ဝါရှင်တန်၊ ကယ်လီဖိုးနီးယားနှင့် အတ္တလန်တာတို့၌ အားပြည့်ဝပ်ရှော့များကို မတ်လအတွင်းတွင် ကျင်းပပြုလုပ်ပါသည်။ မိမိနှင့် ကိုက်ညီမညီထင်သည့် ''ကမ္ဘာ့အဝန်း လွှမ်းခြုံဖြစ်ထွန်းတိုးတက်မှုနှင့် လူမှုရေးမျှတချက်များ'' (Global Development and Social Justice) ခေါင်းစဉ်ဖြင့် ပြုလုပ်မည့် ဂျော်ဂျီယာပြည်နယ်အတ္တလန်တာသို့ ဝပ်ရှော့တက်ရန် ရောက်ရှိလာရပြန်သည်။ ဟမ်းဖရေးစုစုပေါင်း အယောက် ၄၀ တက်ရောက်ပါသည်။ အကြိုနေ့များတွင် ပါမောက္ခဒေါက်တာ ဗီးလစ်ဘရက်မင်းက မိမိတို့စုံတွဲအပြင် လိုက်ဘေးရီးယားနှင့် ကိုရီးယားမှ ဟမ်းဖရေးနှစ်ဦးအား အင်ဒါဆင်ဗီးမြို့ သမ္မတဂျင်မီကာတာ မွေးရပ်မြေ၊ ပရက်စ်တန်မြို့မှ သူနာပြု မေရီဟန်တာ၏ ကျန်းမာရေးဌာနများသို့ လေ့လာရေးခရီးအဖြစ် ပို့ပေးခဲ့ပါသည်။ မိမိ၏ဇနီးကိုပါ ဝပ်ရှော့ တက်ရောက်ခွင့် တောင်းကြည့်ရာ လေ့လာသူအဆင့်ဖြင့် တက်ရောက်ခွင့် ရရှိခဲ့ပါသည်။ (သတ်မှတ်စည်းမျဉ်းစည်းကမ်းချက်များနှင့်ညီလျှင် ဟမ်းဖရေးအစီအစဉ်တွင် မိမိ၏ဇနီး၊ ခင်ပွန်းတို့ကိုပါ ခေါ်ယူနိုင်ပါသည်။)

ဝပ်ရှော့ကာလအတွင်း၊ စီအင်န်အင်န်သတင်းဌာနကြီးသို့ လေ့လာခြင်း၊ မာတင်လူသာကင်း ဂျူနီယာပြတိုက်၊ ကာတာစင်တာပြတိုက်၊ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနကြီး (စီဒီစီ) တို့သို့ အဖွဲ့လိုက် ဝင်ရောက်လေ့လာခွင့်ရခဲ့ပါသည်။ နောက်ဆုံးနေ့တွင် အမ်မိုရီတက္ကသိုလ်ကြီးအောက်ထပ်၌ နှုတ်ဆက်ပွဲ ကျင်းပပြုလုပ်ခဲ့ကြပါသည်။ ကျူလိန်းတက္ကသိုလ်အဖွဲ့သားများ၏ ဗီဇာပါတီမှာ



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာမြင့်ဦး (ဂျီပီ)

တစ်မူထူးသွားရသည်။ နယူအောလင်းစ်၏ မာဒီဂရာပွဲတော်အတိုင်း ရောင်စုံပုလဲပုတီးများ၊ ရောင်စုံဒေါ်ါးများ၊ ရောင်စုံခွက်များပရိသတ်ထဲ ပစ်ပေါက်ပေးကြပါသည်။ လူတိုင်းရင်မှာ လည်ဆွဲပုတီးများဖြင့် ပြည့်သိပ်နေကြတော့သည်။ ဒါကို အခွင့်ကောင်းယူ၍ ဖနီးသည်ကို ပွဲထုတ်ကာ ဗီစီဒီအခွေထိုး၍ မြန်နှာပေါင်းစုံတွဲအက ဖြစ်သွားရပါသည်။

## နှစ်ကုန်တွေ့ဆုံပွဲ

ဟမ်းဖရေးပညာသည်အားလုံး နှစ်အကုန်တွေ့ဆုံပွဲကို အနောက်ဗားဂျီးနီးယား ပြည်နယ်ကာနန်တောင်ကြား၌ ပြုလုပ်ခဲ့ပါသည်။ စွမ်းရည်ပြည့်ဆည်း သင်တန်းများ ပြီးဆုံးတော့မည်ဖြစ်၍ နှုတ်ဆက်ပွဲဟုလည်း ခေါ်ဆိုနိုင်ပါသည်။ အစီအစဉ်ညွှန်ကြားရေးမှူး အသစ် မစ္စဒယ်ရီယာနှင့်လည်း မိတ်ဆက်ပေးပါသည်။ ပြည်တော်မပြန်ခင် မှာကြားစရာ ရှိသည်များ၊ တစ်နှစ်အတွင်း စွမ်းဆောင်မှုရခဲ့သည်များ၊ ကိုယ့်မြို့ကိုယ်ဒေသ ပြန်ရောက်လျှင် လုပ်ရမည့်အစီအစဉ်များကို အမြင်ချင်းဖလှယ်ကြရပြန်သည်။ ဒေသအလိုက်ပေါင်း စည်းလုပ်ဆောင်မည့် အစီအစဉ်များကိုလည်း တစ်ခါတည်းစီမံသွားကြရပါသည်။ အစီအစဉ် ဒါရိုက်တာ ဒေါက်တာဘီလ်ဒန်မှ ဟမ်းဖရေးမောင်ပေါက်ကျိုင်းတို့အား စကားကြီးသုံးခွန်း (Three R's) လက်ဆောင်ပါးပါသည်။

ပထမ (R) မှာ (Redirect) ဟုခေါ်သည့် မိမိနိုင်ငံပြန်ရောက်လျှင် ပြန်လည် တည့်မတ်ရမည့် အစီအစဉ်ဖြစ်ပါသည်။ နိုင်ငံတွင်းမှ အရင်းအမြစ်ဖြင့် ယခုစွမ်းရည်များကို အသုံးပြု၍ မှန်ကန်သည့် လမ်းပေါ်ရောက်နိုင်ရန် တည့်မတ်ကြရပါသည်။ ဒုတိယ (R) ဖြစ်သည့် (Renegotiate) ဆိုသည်မှာ ပြန်လည်ညှိနှိုင်းတိုင်ပင်ခြင်းကို ဆိုလိုပါသည်။ မိမိအမြင်နှင့် မိမိလူမျိုးအမြင်များကို အပေးအယူလုပ်နိုင်ရပါမည်။ တတိယ (R) ကား (Readjiust) ဖြစ်ပြီး နေရာတကာ အမေရိကန်အမြင်ဖြင့် ပြုလုပ်၍ မရနိုင်ဘဲ မိမိနိုင်ငံ ၏ အမြင်ကိုပါ ညှိနှိုင်းဆုံးဖြတ် လုပ်ဆောင်သင့်ကြောင်း မှာကြားသွားခြင်းဖြစ်ပါသည်။

မိမိတို့အဖွဲ့မှ မြန်မာနိုင်ငံအပါအဝင် အရှေ့အာရှဒေသ ၁၁ နိုင်ငံ၏ ဒေသတွင်း တွေ့ဆုံပွဲကို အင်ဒိုနီးရှားနိုင်ငံ၌ ပြုလုပ်ရန်အဆိုပြုခဲ့ကြပါသည်။

## ယူအင်န်စီ ဘွဲ့နှင်းသဘင်

ယူအင်န်စီ ဟမ်းဖရေး ၁၀ ယောက်အား ဘွဲ့လက်မှတ်ပေးအပ်ခြင်း အခမ်းအနား ကို ချပ်ပယ်ပေးလ်မြို့ ဖရိုင်းဒေးစင်တာ၌ ဧပြီ ၂၂ ရက်တွင် ပြုလုပ်ခဲ့ပါသည်။ အားလုံးကိုယ်စား မိန့်ခွန်းပြောရန် စွမ်းရည်အပြည့်ဆည်းနိုင်ဆုံး ပုဂ္ဂိုလ်ကို ရွေးချယ်ရာ မြန်မာနိုင်ငံမှ မိမိအားတညီတညွတ်တည်း ရွေးချယ်ခဲ့ကြပါသည်။ ပထမဦးစွာ တက္ကသိုလ် အဓိပတိမှ မိန့်မှာစကားပြောပါသည်။ ထို့နောက်ဌာနမှူး ပါမောက္ခဒေါက်တာ မိုက်ကယ် ဆတက်မန်းမှ မိန့်ခွန်းခြွေပါသည်။ မိမိအလှည့်သို့ ရောက်ပါပြီ။

''ကြွရောက်လာသောဧည့်သည်တော်များ ခင်ဗျား–

ကျွန်တော်ဟာ အမေရိကန်နိုင်ငံကြီးကို စရောက်ခါစက ဘဏ်ချက်လက်မှတ်ရေး တာကအစ အကြွေစေ့လဲတာအထိ အစစအရာရာမရှက်တမ်း သင်ယူခဲ့ရပါတယ်။ ကျွန်တော်အော်ရှိန်



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်မှာရှိစဉ်တုန်းက အိပ်မက်တစ်ခု မက်ခဲ့ပါတယ်။ (မာတင်လူသာကင်း၏ ကမ္ဘာကျော် I have a dream မိန့်ခွန်းလေသံကို တု၍ ပြောလိုက် ပါသည်)။ အဲဒီအိပ်မက်ထဲမှာ ကျွန်တော်တို့ ဆယ်ယောက်ဟာ အမေရိကတိုက်က အမြင့်ဆုံး တောင်ထိပ်မှာ ဟမ်းဖရေးဆိုတဲ့ အလံကြီးကို စိုက်ထူခဲ့ကြပါတယ်။ ကျွန်တော်တို့ဟာ ပင်ပင်ပန်းပန်း ဒီတောင်ကြီးကို တက်ခဲ့ရပါတယ်။ ဒီကနေ့ဆိုရင် ကျွန်တော် မက်ခဲ့တဲ့ အိပ်မက်အတိုင်း တောင်ထိပ်မှာ အလံစိုက်ထူနိုင်ခဲ့ပါပြီ'' စသည်ဖြင့် အစချီ၍ ပြောလိုက်ရာ ပရိသတ်မှ တစ်ခဲနက် သြဘာပေးကြပါသည်။ နောက်ဆုံးနိဂုံးပိုင်းတွင် ဟူးဘတ်ဟမ်းဖရင်း၏ စကားများကို ကိုးကား၍ —

''ကျွန်တော်တို့ဟာ အရာရာတိုင်းကို ငါလုပ်နိုင်မှာမဟုတ်ဘူးလို့ တွေးထင်နေမယ့် အစား ကျွန်တော်တို့လုပ်နိုင်မည့်စွမ်းရည်ရဲ့ ကြီးကျယ်မှုကို တိုင်းထွာကြည့်ကြရမယ်။ လေထဲကို စိုးရိမ်မှုတွေနဲ့ ဖြည့်သိပ်လွှတ်နေမယ့်အစား လူတွေရဲ့နှလုံးသားကို မျှော်လင့်ချက်တွေနဲ့ ဖြည့်သိပ်ပေးရပါမယ်။ ကမ္ဘာ့အန္တရာယ်တွေကို ကြောက်ရွံ့တုန်လှုပ်နေမယ့်အစား ဒီအန္တရာယ်တွေကို ကျော်လွှားဖို့ စိန်ခေါ်မယ့် စိတ်ဓာတ်တွေ မွေးမြူကြ ရပါမယ်'' စသည်ဖြင့်ပြောဆိုလိုက်ရာ ပရိသတ်အားလုံး လှုပ်ရှားတက်ကြွလာပြီး မိန့်ခွန်းဆုံးသည်နှင့် တစ်ယောက်ပြီးတစ်ယောက် ထိုင်ရာမှထကာ မိမိအားလာရောက် ပွေ့ဖက်ကြပါသည်။

ဟူးဘတ်ဟမ်းဖရေး ပညာသင်ဘဝစွမ်းရည်ဖြည့်ဆည်း တစ်နှစ်တာခရီးကား ပြီးဆုံးခဲ့လေပြီ။ မိမိတို့အတွက် စွမ်းရည်ပေါင်းစုံကို အမေရိကန်ပြည်ထောင်စုတွင် ဖြည့်ဆည်းခဲ့ပြီးပါပြီ။ မြန်မာအမျိုးသမီးဖြစ်သူ ဟမ်းဖရေးအစီအစဉ်၏ အကြီးတမ်းပရိုဂရမ် ညှိနှိုင်းရေးမှူး ဒေါ်သန်းသန်းနွယ်က မိမိ၏ ဟမ်းဖရေးကာလစွမ်းဆောင်အောင်မြင်မှုများကို မြန်မာလူမျိုးတစ်ဦးအနေဖြင့် ဝမ်းသာဂုဏ်ယူမိကြောင်း အားပေးချီးကျူးသွားပါသည်။

နောင်နှစ်များတွင် နောက်ထပ်ပညာရှင်များသွားကြပေဦးမည်။ ယခင်ပညာသည်များက သူတို့အခေါ်အလမ်နိုင် (ပညာသည်ဟောင်း) များဖြစ်သွားကြပေပြီ။ ပညာသည်ဟောင်းဖြစ်ပေမယ့် အလမ်နိုင်အသင်းကြီးက ဆက်သွယ်ကာ ဉာဏ်သစ်လောင်းပေးမှု များကား ရှိနေဆဲပါ။

အဆက်အသွယ်ကောင်းများပေးနေဆဲပါ။

အမေရိကန်ဒုတိယသမ္မတ ဟူးဘတ်အိပ်ချ်ဟမ်းဖရေး၏ အမည်ဖြင့် ဟမ်းဖရေး ဖဲလိုး၊ ဟမ်းဖရေးအလမ်နိုင်များအား ကမ္ဘာအနှံ့ ရှင်သန်နေဆဲ၊ တက်ကြွနေဆဲပင်။

**ယူအင်န်စီ ဟမ်းဖရေးများအကြောင်းကို *http://hhh.unc.edu/archives* တွင် ဝိုမို ပြည့်စုံစွာ ဖော်ပြထားပါသည်။**

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာမြင့်ဦး (ဂျီပီ)

# ယူအင်နစ်-ဟမ်းဖရေးဘွဲ့နှင်းသဘင်အခမ်းအနား၌

ဒေါက်တာ ဂျီပီပြောကြားခဲ့သောမိန့်ခွန်း

(ဘာသာပြန်မှုရင်း)



**ယူအင်စီတက္ကသိုလ်ကြီး၏အင်တာနက်စာမျက်နှာ http://hhh.unc.edu/archives/oo တွင် အင်္ဂလိပ်လိုမှုရင်းကိုဖတ်ရှုနိုင်ပါသည်။**

ကြွရောက်လာကြတဲ့ ဂုဏ်သရေရှိလူကြီးမင်းများအားလုံးကို မင်္ဂလာနေ့လည်ခင်းပါလို့နှုတ်ခွန်းဆက်သ လိုက်ရပါတယ်ခင်ဗျာ။

ကယ်ရိုလိုင်းနားဟမ်းဖရေးတွေအားလုံးကိုယ်စား ဒီဘွဲ့နှင်းသဘင်အခမ်းအနားကြီးမှာ ကျေးဇူးတင်စကားပြောကြားခွင့်ရလိုက်တဲ့အတွက် ကျွန်တော်အင်မတန်မှ ဂုဏ်ယူမိပါတယ်။ ပထမဦးစွာ တက္ကသိုလ်ကြီးရဲ့ အဓိပတိ ပါမောက္ခဒေါက်တာဂျိမ်းမိုဆားနဲ့ ဟမ်းဖရေးအစီအစဉ်ရဲ့ညွှန်ကြားရေးမှူးဖြစ်တဲ့ ပါမောက္ခ ဒေါက်တာမိုက်ကယ်-အေ-စတက်မန်း တို့ကို သူတို့ရဲ့ဩဇာတက်ကျေးဇူးနှင့်မှု အိမ်ရှင်ပီသစွာလက်ခံမှုတွေအတွက်များစွာကျေးဇူးတင်ရှိပါကြောင်းထုတ်ဖော်ပြောကြားပါရစေခင်ဗျား။

ကျွန်တော်တို့အားလုံးကို သက်ဆိုင်ရာနိုင်ငံတွေရဲ့ပညာရပ်နယ်ပယ်အသီးသီးမှာ နိုင်ငံ့ခေါင်းဆောင်တွေအဖြစ်နဲ့ရော၊ မူဝါဒချမှတ်ရေးအဆင့်မြင့်ပညာရှင်များအနေနဲ့ရော အမေရိကန်ပြည်ထောင်စုကြီးကအသိအမှတ်ပြုလိုက်တဲ့အတွက်ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ အလွန်ပင်ဂုဏ်ယူဝမ်းမြောက်ပီတိ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြရပါတယ်။ ကျွန်တော်တို့တွေဟာ၊ နိုင်ငံတွေ၊ ယဉ်ကျေးမှုတွေကွဲပြားခြားနားနေကြပေမယ့်လည်း ဟောဒီမြောက်ကယ်ရိုလိုင်းနားတက္ကသိုလ်ကြီးမှာတော့ ညီညီညွတ်ညွတ်နဲ့စုစည်းမိနေကြပါပြီ။ ကျွန်တော်တို့ရဲ့မိခင်နိုင်ငံတွေမှာ ပြောင်းလဲမှုအသစ်တွေစတင်နိုင်ကြဖို့အတွက် ပညာရပ်တွေ၊ စွမ်းပကားတွေနဲ့ဖြည့်ဆည်းပြီးခဲ့ကြပြီး၊ ပြန်လည်စွမ်းဆောင်ကြဖို့ကိုလည်းအဆင်သင့်ဖြစ်နေကြပါပြီ။ တစ်ဦးခြင်းအနေနဲ့ပဲဖြစ်ဖြစ်၊ အုပ်စုလိုက်အနေနဲ့ပဲဖြစ်ဖြစ် ပြောင်းလည်းမှုတွေကိုလုပ်ပိုင်နိုင်ခွင့်နဲ့ လုပ်ဆောင်နိုင်ချေတွေလည်းရရှိထားကြသူများဖြစ်ကြပါတယ်။ ဒီယူအင်နစီတက္ကသိုလ်ကြီးမှာ ဟမ်းဖရေးသွေးစည်းညီညွတ်ရေးသွေးသောက်အဖွဲ့ကြီးကိုဖွဲ့စည်းနိုင်ခဲ့ကြပြီးဖြစ်ပါတယ်။

ကျွန်တော် ဒီတက္ကသိုလ်ကိုမရောက်ခင်မှာ၊ အော်ရီဂွန်တက္ကသိုလ်ကြီးရဲ့ အမေရိကန်အင်္ဂလိပ်စာဌာနမှာ အကြိုသင်တန်းတက်ရောက်ခဲ့ရပါတယ်။ အဲဒီမှာ အမေရိကန်ယဉ်ကျေးမှုနဲ့ ကျွန်တော် ဆောင်ရွက်ရမယ့်စီမံကိန်းတွေအတွက် ပြင်ဆင်ရေးသင်တန်းတွေတက်ရောက်ခဲ့ရပါတယ်။ ကျွန်တော်တို့ထဲကတချို့ကတော့ ဆန်တာခရုဇ် ကိုအကြိုသင်တန်းသွားတက်ခဲ့ကြရသူတွေရှိပါတယ်။

ကျွန်တော်အော်ရီဂွန်မှာရှိနေတုံးက အိမ်မက်တစ်ခုမြင်မက်ခဲ့ပါတယ် . .။

ကျွန်တော်တို့ဆယ်ယောက် ယူအင်နစီမှာတွေ့ဆုံခဲ့ကြပြီး၊ မြောက်ကယ်ရိုလိုင်းနားတက္ကသိုလ်ကြီးရဲ့သမိုင်းမှတ်တိုင်မှာ မော်ကွန်းတစ်ရပ်စိုက်ထူနိုင်ခဲ့ကြတယ်လို့အိပ်မက်မက်ခဲ့တာဖြစ်ပါတယ်။ အိပ်မက်ထဲမယ် ကျွန်တော်တို့ဆယ်ယောက်ဟာ ဟမ်းဖရေးမော်ကွန်းအောင်လံကြီးကို အမေရိကန်ပြည်ထောင်စုကြီးရဲ့မြင့်မားမတ်စောက်တဲ့တောင်ကြီးတစ်ခုအပေါ်မှာ အောင်မြင်စွာစိုက်ထူလိုက်ကြပါတယ်။ ဒီလိုစိုက်ထူနိုင်ဖို့အတွက် တောင်ပေါ်မတက်ခင်မှာ ယူအင်နစီရဲ့ပြုရုပ်သင်္ကေတ–မှော်ရေတွင်းထဲက ရေတွေကိုသောက်သုံးပြီးစွမ်းအင်တွေဖြည့်ဆည်းခဲ့ကြရပါတယ်တဲ့။ (အားလုံးဝိုင်းရယ်ကြပါတယ်)။

ဒီကနေ့ ကျွန်တော့်ရဲ့အိမ်မက်ဟာတကယ့်ကိုဖြစ်ရပ်မှန်ဖြစ်နေပါပြီ။ ကျွန်တော်တို့အားလုံးမှော်ရေတွင်းထဲကရေတွေကိုသောက်သုံးပြီးကြပါပြီ၊ တောင်ထိပ်ကိုရောက်ရှိပြီးကြပါပြီ။ တောင်ထွဋ်မှာအောင်လံကိုစိုက်ထူပြီးခဲ့ကြပါပြီ။ လမ်းတွေကိုကိုယ်တိုင်ထွင်ခဲ့ကြရတာမို့လို့ ဒုက္ခတွေမျိုးစုံကိုကျော်ဖြတ်ခဲ့ရပါတယ်။ အိုမန်နိုင်ငံသားအလီဆိုရင် တောထဲသွားလာရင်းကမျက်စေ့လည်လမ်းမှားရမလောက်အောင်ကိုဖြစ်သွားခဲ့ပါတယ်။ ပါလက်စတိုင်းသားဖါးရပ်ဂျ်တစ်ယောက်ကတော့ ကျောက်တောင်တွေကိုတွယ်ဖက်ထားလိုက်ရတာပြုတ်ကျသွားပြီလားလို့တောင်ထင်မှတ်ခဲ့ရပါတယ်။ ဥရုဂွေးသူ ဒယ်နီယယ်လားခမျာမှာတော့ တောင်ထွဋ်မရောက်ခင် လမ်းခရီးမှာပဲကလေးမီးဖွားခဲ့ရပါတယ်ဗျာ။ ဒါနဲ့ ဂျော်ဒန်သူရက်ဒါကမှော်ရေတွင်းထဲကရေတွေသယ်ယူပေးနိုင်ဖို့ပိုင်ပေါင်းထောင်နဲ့ချီပြီးလမ်းလျှောက်ခဲ့ရပါသတဲ့၊ ကျွန်တော်ဗမာဆရာဝန်လေး (ဒေါက်တာကျိုပီ)ကတော့ မီးနေသယ်ကိုပြုစုပေးနေရှာတာပေါ့။ ပါကစ္စတန်နိုင်ငံသားနာစီယာနဲ့ အာမေးနီးယန်းနိုင်ငံသားဗာ့ဖ်ကန်တို့ကတော့ ခြုံနွယ်တွေကိုခုတ်ထွင်ရှင်းလင်းပေးကြလေရဲ့။ မက္ကစီကန်နိုင်ငံသူ အန်ဒရီယားနားက သူရဲ့ရိုဗာကားကြီးနဲ့ လှိုဏ်မြောင်တွေထဲကိုဖြတ်မောင်းသယ်ဆောင်ပေးရပြန်ပါတယ်။ သီရိလင်္ကာနိုင်ငံသူချန်ဒရာနီက အသားလုံးကပ်တလိပ်တွေချက်ပြုတ်ကျွေးမွေးရှာပါတယ်။ တောင်ကိုရီးယားသူဆွန်ဂီက မြေပုံရှာဖွေရေးတာဝန်ယူရတာပေါ့။

ဒါတင်ဘယ်ကမလဲ။ ယူအင်နစီကိုအောဒီနေတာ အယ်လီဇဘက်က အကောင်းဆုံး ရှေ့ပြီး

www.burmeseclassic.com

## ဒေါက်တာမြင့်ဦး (ကိုပီ)

လမ်းပြလုပ် ဆောင်သူပါပဲ။ ကျွန်တော်တို့တစ်ဦးခြင်းရဲ့လိုအပ်ချက်တွေကိုဖြည့်ဆည်းပေးပြီး တောင်ထိပ်ကို အားလုံးရောက်ရှိအောင်တွန်းပို့ပေးခဲ့ပါတယ်။ သူ့ရဲ့လမ်းပြရေှ့ဆောင်မှုကတော့ အံ့မခန်းလောက်ပါပဲခင်ဗျာ။

ဒီကနေ့ ကျွန်တော်တို့အားလုံးတောင်ထိပ်ပေါ်ကိုရောက်ရှိခဲ့ပြီး အောင်လံစိုက်ထူနိုင်ခဲ့ပါပြီ။ ဒါကိုက မြောက်ကယ်ရိုလိုင်းနားတက္ကသိုလ်ရဲ့သမိုင်းမှာမှတ်တိုင်တစ်ရပ်စိုက်ထူလိုက်တာပါပဲ။ နောက်ထပ်ရောက်ရှိလာအုံးမယ့်ဟာမ်းဖရေးမျိုးဆက်သစ်တွေကို ဟူးဘတ်ဟာမ်းဖရေးရဲ့လမ်းညွှန်ချက်တွေလိုက်နာကြစေဖို့အတွက် ကျွန်တော်တို့စိုက်ထူလိုက်တဲ့အောင်လံကြီးကိုဂုဏ်ယူဝင့်ကြွားစွာပြသနေရမှာဖြစ်ပါတယ်။

ဒီနေရာမှာ ဟူးဘတ်ဟာမ်းဖရေးရဲ့စကားတချို့ကို ကျွန်တော်ကိုးကားဖော်ပြပေးပါ့မယ်။ ကျွန်တော်တို့ဟာ – "အရာရာတိုင်းကိုငါလုပ်နိုင်မှာမဟုတ်ပါဘူးလို့တွေးထင်နေမယ့်အစား ငါတို့လုပ်ပြီးခဲ့တာတွေဟာ ဘယ်လောက်ကြီးကျယ်ခဲ့ပြီလည်းဆိုတာကိုတိုင်းထွာကြည့်ဖို့လိုအပ်ပါတယ်"

"လေထဲကိုနိုးရိမ်မှုတွေနဲ့ဖြည့်သိပ်လွှတ်ပေးနေမယ့်အစား လူတွေရဲ့နှလုံးသားကို မျှော်လင့်ချက်တွေနဲ့ ဖြည့်ဆည်းပေးကြရပါ့မယ်"

"အန္တရာယ်တွေကိုကြောက်လန့်တုန်လှုပ်နေမယ့်အစား ဒီအန္တရာယ်တွေကိုကျော်လွှားဖို့စိန်ခေါ်နိုင်မယ့် စိတ်ဓါတ်တွေမွေးမြူကြရပါ့မယ်။"

"အနာဂတ်ကိုပူပန်နေမယ့်အစား အလုပ်လုပ်နိုင်ဖို့ဖန်တီးနေကြရပါ့မယ်"

ကျွန်တော်တို့မြောက်ကယ်ရိုလိုင်းနားတက္ကသိုလ်ရဲ့ ဟာမ်းဖရေးဆယ်ယောက်ဟာဖြင့် ဟူး ဘတ်ဟာမ်းဖရေးချမှတ်ခဲ့တဲ့စကားရပ်တွေကိုလိုက်နာခဲ့ကြပြီးပါပြီ။ နောင်ရောက်ရှိလာမယ့် ဟာမ်းဖရေးဖဲလိုးတွေဟာလည်း တွဲမက်ဒါရိုက်တာကြီး ဒေါ်အယ်လိဇဘက်ဂေါ်ဆာ့ချ်ရဲ့ လမ်းပြရေှ့ဆောင်ပေးတဲ့အတိုင်း လျှောက်လှမ်းကြလိမ့်မယ်လို့မျှော်လင့်မိပါတယ်ခင်ဗျား။ ကျေးဇူးအထူးတင်ရှိပါတယ်။

❑❑❑




www.burmeseclassic.com

www.burmeseclassic.com







မြန်မာပြည်တော်ပြန်တစ်ယောက်ရဲ့
အတွေ့အကြုံတွေကို ဖွင့်ချထားတယ်
ပညာတော်သင်ခရီးသွားဖို့ပြင်ဆင်နေသူများ
ကိုယ့်စရိတ်နဲ့ကိုယ်ကျောင်းသွားတက်ဖို့ကြိုးစားနေသူများ
ညီလာခံ၊ ဝပ်ရှော့အဓိတ်ခံလိုက်ရလို့ခေတ္တခဏသွားရောက်ဖို့စီစဉ်နေသူများ
မလွတ်တမ်းဖတ်ရှုရမယ့် စာအုပ်
ကိုယ်နဲ့တစ်ပါတည်း အမေရိကားကို ယူဆောင်သွားရမယ့်စာအုပ်။

BURMESE CLASSIC .com



စီစဉ်သူ- မြို့တော်ထွန်းရည်

www.burmeseclassic.com